

www.burmeseclassic.com
BURMESE CLASSIC .com
(သန်လျင်)
ညိုကြီးစည်တီးဝင်တဲ့
မိုးကြိုး
အသစ်စက်စက်လုံးချင်းဝတ္ထု
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၁၀၁၂၀၇
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၅၇၀၁၀၈

**စီစဉ်သူ** ။ ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ။ ၂၀၀၈၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

**ပုံနှိပ်သူ**

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး– ၃၀၀၀ ကျပ်

# ပြည်ကြီးစည်တီးဝင်တဲ့မိုးကြီး

မောင်ညိုမှိုင်း(သန်လျင်)


| ဆုံ | မာတိကာ | စာမျက်နှာ |
|---|---|---|
| | သစ္စာနှင့်ထုဆစ်လိုက်သောရင်တွင်းကအမှာစာ | |
| ၁။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြီး | ၁ |
| ၂။ | တစ်ကျွန်းပြန်ကျောက်ဘီလူးရဲ့ရင်ငွေ့လှုံဘဝအစ | ၂၄ |
| ၃။ | ကျွန်ခေတ်တုန်းကကျတဲ့မျက်ရည် | ၃၆ |
| ၄။ | နယ်ချဲ့ကျွန်သွေးနှင့်ခြေဆေးသည့်ည | ၄၆ |
| ၅။ | မိကျောင်းနှင့်နပန်းလုံးသည့်တစ္ဆေကြီး | ၅၄ |
| ၆။ | အချစ်ဆိုတာဝဋ်တစ်မျိုးပါလားခင်မြနှစ်ရယ် | ၇၃ |
| ၇။ | သရဲကိုရေလုံ့ပြုတ်စားသူကြီး | ၉၀ |
| ၈။ | လေးလောင်းတစ်လောင်းလဲခဲ့သည့်ည | ၁၁၆ |
| ၉။ | အချစ်ကြောင့်ဂုဏ်ပြုခံရသည့် ထောင်ဆုလာဘ် | ၁၂၅ |
| ၁၀။ | ချိုရာရှိသောတိုက်ကျွဲမိုက်များ | ၁၃၅ |
| ၁၁။ | ဆေးရုံမှာခုနစ်ချက်ချုပ်ရသည့်ဖော်စကွ | ၁၄၅ |
| ၁၂။ | လူသေကောင်အလောင်းကိုထလာအောင်လုပ်သူကြီး | ၁၅၇ |
| ၁၃။ | အချစ်မီးတောင်ပေါက်ကွဲသည့်နေ့များ | ၁၆၆ |
| ၁၄။ | အတိတ်ပန်းချီကားထဲကသက်ဝင်လှုပ်ရှားပုံရိပ်များ | ၁၇၃ |
| ၁၅။ | မျက်ရည်သိမ်း. . . မိုး | ၁၇၈ |
| ၁၆။ | ပဲခူးမြို့သချိုင်းဟိုတယ်မှာထမင်းကျွေးသူ | ၁၈၃ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| ၁၇။ | မြို့တော်ကိုအရှင်သခင်စောင့်တယ် | ၁၉၅ |
| ၁၈။ | သုသာန်သည်ရုပ်နာမ်ရှုရာအရပ်တည်း | ၂၁၄ |
| ၁၉။ | မဟာမြိုင်ဂူမှထူးဆန်းအံ့ဖွယ်ဖြစ်ရပ်များ | ၂၁၈ |
| ၂၀။ | အိုးစည်တီးပြီးဖျော်ဖြေရတဲ့အသုဘ | ၂၂၈ |
| ၂၁။ | လမ်းခွဲမှာဖြစ်ပေါ်ခဲ့သောမျက်ရည်မြစ်တစ်စင်း | ၂၄၃ |
| ၂၂။ | သစ္စာရှင်မိုးကြိုး | ၂၅၀ |
| ၂၃။ | မိုးကြိုးလွှဲ | ၂၅၄ |
| ၂၄။ | ဝဋ်၏ကြောက်မက်ဖွယ်ဖြစ်ရပ်ဆန်းများလေလား | ၂၆၂ |
| ၂၅။ | ဓာရဏာပရိတ်နှင့်လူမိုက်ရဲ့နောက်ဆုံးလားရာအရပ် | ၂၇၂ |
| ၂၆။ | စက်လှေကိုခြေနဲ့မောင်းပြမယ်ဟေ့ | ၂၇၈ |
| ၂၇။ | သေသောသူပြန်ရှင်၏ | ၂၈၆ |
| ၂၈။ | ပင်လယ်ထဲကနတ်ပြည်ရွှေနန်းတော် | ၂၉၃ |
| ၂၉။ | ထူးဆန်းသောစိတ်အလျင်ဖြစ်ရပ်များ | ၂၉၇ |
| ၃၀။ | သုံးထောင်စံအရေခွံလဲသည့်နေ့ | ၃၀၃ |
| ၃၁။ | သီလသမာဓိကိုနတ်တို့ ပူဇော်ကြသောအခါ | ၃၀၈ |
| ၃၂။ | မြေကြီးကျွံသည့်လူမိုက်မင်းကြည်လှိုင် | ၃၁၅ |
| ၃၃။ | ဇော်ဂျီဖိုဝင်သားတဲ့လားဟေ့ | ၃၂၀ |
| ၃၄။ | မောင်သန်လျင်နဲ့ ဗျတ်ဝိတို့ ဝင်စားပြန်ရော့သလား | ၃၃၄ |
| ၃၅။ | လွမ်းပုံနှယ်လမ်းဆုံမှာဟစ်ချင်ရဲ့ | ၃၃၉ |
| ၃၆။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး | ၃၅၀ |


## သစ္စာနှင့်ထုဆစ်လိုက်သောရင်တွင်းကအမှာစာ

စစ်မှန်သည့် မေတ္တာသည် ရောင်ပြန်ဟပ်စမြဲပါ။

မှန်ကန်သော စေတနာသည် ပဲ့တင်တုံ့ပြန် အကျိုးပေးစမြဲပါ။

မယိမ်းယိုင်ဟူသော သစ္စာသည်လည်း လောကဓံ အနိုက်နှင့်ကြုံ သည့်တိုင် သမာဓိဖြောင့်စင်းစွာ ကျန်ရစ်စမြဲပါပဲ။

အနယ်နယ်အရပ်ရပ်ရှိ ကျွန်တော့်ရဲ့ လေးစားအပ်သော စာဖတ် သူများအပေါ်

ကျွန်တော်ထာဝစဉ်မေတ္တာထားပါ၏။

နံနက်မိုးသောက်အလင်းရောက်သည်နှင့် သုံးဆယ့်တစ်ဘုံသား အားလုံးနှင့်အတူ စာဖတ်သူများလည်း ကျန်းမာချမ်းသာကြပါစေဟု နေ့စဉ် ဆုတောင်းမေတ္တာပို့သပါ၏။

ဂမ္ဘီရဝတ္ထုများ မိုးကောင်းနေချိန် သာမန်လူပြိန်းစကားပြော ပြောကြ လျှင် သရဲတစ္ဆေ ပရဝိညာဉ်နောက်ခံဝတ္ထုများအရှိန်ကောင်းနေချိန်မှာ ဂမ္ဘီရ ဆန်းကြယ်ဝတ္ထုများကို ကျွန်တော်ချင့်ချင့်ချိန်ချိန် ရေးသားလျက်ရှိပါသည်။

ကျွန်တော့်စေတနာနှင့်မေတ္တာများ၊ ဆင်ခြင်တုံတရားများ၊ ကျွန်တော့်စာထဲမှာပါသည်ကို ကျွန်တော့်ရဲ့လေးစားအပ်သော စာဖတ် ပရိသတ်များခံစားနားလည်တွေ့ရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မှုခုလထုတ်စာအုပ် လွန်စွာထူသွားပါသည်။ မျက်မှောက်ကာလ မှာ စာအုပ်ထူထူ တန်ဖိုးကြီးကြီးကို ထုတ်ဝေသူအချို့လက်တွန့်ကြပါသည်။ ဒါနှင့်အတူ စာဖတ်သူများကိုလည်း လွန်စွာအားနာရပါသည်။

အမှန်က ပထမတွဲ၊ ဒုတိယတွဲနှစ်တွဲထုတ်ဝေရန်ဖြစ်သော်လည်း စာဖတ်သူများ ဆတ်တင့်ငံ့မျှော်ဖတ်နေရမည်စိုး၍ ထူထူထဲထဲဆိုက်ကြီး တစ်အုပ်ထဲ ထုတ်ဝေရပါသည်ဟု ထုတ်ဝေသူမှဆိုလာခဲ့သည်။ ဝယ်ယူ အားပေးဖတ်ရှုကြသည့် စာဖတ်သူများကို လှည့်စားခြင်းမဟုတ်ကြောင်း ကိုမူ ဤဝတ္ထုရှည်ကြီးအား ဖတ်ရှုခြင်းဖြင့် ခံစားသိရှိနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ

ဝတ္ထုဇာတ်ကြောင်းထဲသို့ စာရေးသူပါ စီးမျောလိုက်ပါသွားရသော အခါ ဇာတ်ဆောင်များနှင့်ကိုယ်သည် တစ်လှေတည်းစီး တစ်ခရီးတည်း သွားများဖြစ်ပြီး ပန်းတိုင်ရောက်သည်အထိ ဒုက္ခသုက္ခနဲ့သုခချမ်းသာကို မျှဝေလက်တွဲခံစားသွားကြရ၏။

ထိုသို့သော သံယောဇဉ်နှင့် မမျှော်လင့်ဘဲစာအုပ်ထူသွားရ၏။

ကျွန်တော့်မှာအစွဲအလမ်းရှိခဲ့ဖူး၏။ အထူးသဖြင့် ကျွန်တော်နှစ်ခြိုက်စွဲလမ်းခဲ့ဖူးသော ဆရာနတ်နွယ်ရဲ့ ''မြန်မာပြည်မြောက်ပိုင်း''လို၊ ဆရာမင်းကျော်ရဲ့ ''တခွေ''လို၊ ''လှိုင်''လို၊ ဆရာလင်းယုန်သစ်လွင်ရဲ့ ''ဓမ္မဝိသာလ''လို၊ ပြီး ''ငါတို့ခေတ်နှင့်အပြိုင်''လို၊ ''တို့ခေတ်ကိုရောက်မည်မလွဲပါ''လို၊ ဂန္ထဝင်ဝတ္ထုရှည်ကြီးများကို လွန်စွာအားကျမိပါ၏။

ကျေးဇူးရှင်ဆရာ ဆရာများလို၊ အဆင့်မြင့်မဟာဂန္ထဝင်ဝတ္ထုရှည်ကြီးများကို မရေးဖွဲ့နိုင်သေးမီ လက်ရှိရေးခွင့်လုပ်ခွင့်လေး အခြေအနေပေးနေသည့်အခါသမယမှာ ဂမ္ဘီရလှလှ၊ သန့်သန့်၊ ခန့်ခန့်၊ ထူထူ ထဲထဲ၊ အားရှိပါးရှိလေး၊ တစ်အုပ်တစ်လေကျန်ရစ်အောင် ကြိုးစားနေခြင်းမျှသာ ဖြစ်ကြောင်းလည်း ရိုးသားစွာဝန်ခံလိုပါသည်။

ကျွန်တော်သည် ဂမ္ဘီရဆန်းကြယ်လုံးချင်းများသာမက ဟာသလုံးချင်းများကိုလည်း ကလောင်ခွဲမထားဘဲ၊ ရေးနေပါသည်။

များမကြာခင် ဘဝလောကဓံအိပ်မက်ကြမ်းထဲက အရောင်အသွေးစုံအနှစ်သား စုတ်ချက်များနှင့် ထုဆစ်သေးစုံခြယ်သထားသည့် ဘဝသရုပ်ဖော်ဝတ္ထုတိုလုံးချင်းနှင့် မှုခင်းဖြစ်ရပ်ဆန်းကြယ်လုံးချင်းများလည်း ထွက်လာပါဦးမည်။

အားလုံးထုတ်ဝေဖြန့်ချိရန် အသင့်ဖြစ်နေပါသည်။

စာဖတ်သူများရဲ့ အားပေးမှုမေတ္တာစေတနာ အရှိန်အဟုန်ကြောင့် ''သေရွာငါးကြိမ်ပြန် ခင်ဒေါင်းဖံ''ဝတ္ထုရှည်ကို စိန်ငွေ့ဗီဒီယိုထုတ်လုပ်ရေးက (ပဥ္စာနန္တိယကံ)အမည်ဖြင့် ဦးကျော်ဟိန်းနှင့် ဗီဒီယိုရိုက်ကူးဖြန့်ချိခဲ့ပါသည်။

''မြေဝင်စားမခင်မြွေ'' လုံးချင်းကိုလည်း ဒါရိုက်တာမျိုးဇော်အောင်က နာမည်ကြီးသရုပ်ဆောင်များဖြင့် ဗီဒီယို (သို့မဟုတ်) ဒီဗီဒီရိုက်ကူးရန် ဝယ်ယူသွားပြီး ဖြစ်ပါကြောင်း ချစ်ခင်လေးစားအပ်သော စာဖတ်သူများရဲ့

အကြံပြုချက်များ အကောင်အထည်ပေါ်သွားခဲ့ပြီကို ထပ်ဆင့်သတင်းကောင်းပါးလိုက်ရပါသည်။

ကျွန်တော်အာသီသရှိသည်များကိုလည်း ရေးပါသည်။ ရေးသင့်ရေးထိုက်တာကိုလည်း ရေးဖွဲ့ပါသည်။ မိမိဘဝအတွက် အကျိုးရှိရှိကျန်ခဲ့မည့်စာများကိုလည်း ဦးတည်ချက်မပျောက်စေဘဲ ကြိုးစားအားထုတ်နေပါသည်။

ထောက်ကြန့်တောရ ချောင်းဦးဆရာတော်ဘုရားက ဤသို့မိန့်ခဲ့ဖူး၏ ''**နေရမဲ့ရက်တွေများနေလို့၊ သေရမဲ့ရက်ကိုမေ့နေကြတယ်**''တဲ့၊ ဟုတ်ပါရဲ့ သေရမည့်ရက်ကို ဖြုန်းခနဲ သတိရလိုက်တိုင်း ရှင်ခဲ့စဉ်ကာလတစ်လျောက် ငါရဲ့လုပ်ရပ်များသည် သမာသမတ်ရှိရဲ့လား၊ ရိုးသားသန့်စင်ရဲ့လား၊ မှန်မြတ်ရဲ့လား၊ စေတနာမှန်ရဲ့လား၊ မေတ္တာမှန်ရဲ့လား၊ သစ္စာသမာဓိရော ရှိရဲ့လား၊ အတ္တမလွန်ကဲတဲ့ သမ္မာအာဇီဝရောဟုတ်ရဲ့လားဟု ပြန်လှန်သုံးသပ်ရင်း မိမိကိုယ်မိမိ မကြာခဏဝေဖန်ရေးလုပ်လျက်ရှိပါသည်။ အများတော့မကောင်းစင်သေး၊ ပုထုဇဉ်ပေကိုး။

သည့်အတွက်ဘဝမှာကျန်ရစ်ခဲ့မည့် စာများကိုလည်း ကြိုးစားအားထုတ်နေမိပါသည်။ ချစ်ခင်လေးစားအပ်သော ကျေးဇူးရှင်စာဖတ်ပရိသတ်များ ဆက်လက်အားပေးကြလိမ့်ဦးမည်ဟု ယုံကြည်မျှော်လင့်မိပါ၏။

ကျွန်တော်နေ့စဉ် မေတ္တာများပို့သပါ၏။ အမြို့မြို့အနယ်နယ်မှ စာဖတ်သူများ၊ ထုတ်ဝေသူများ၊ မဂ္ဂဇင်းအယ်ဒီတာများ၊ ဖြန့်ချိသူများ၊ အရောင်းဆိုင် အငှားဆိုင်များ၊ ဆိုင်ရာဆိုင်ရာစာပေလုပ်ငန်းနှင့် နီးနွယ်ကြသူများ၊ စာပေလောကမှ သင်ဆရာ မြင်ဆရာ၊ ကြားဆရာ၊ စာရေးဆရာများအားလုံး

**ကျန်းမာချမ်းသာကြပါစေ. . . ။**

**အသက်ရှည်အနာကင်းကြပါစေ. . . ။**

**နှလုံးစိတ်ထဲမျှော်ရှင်ချမ်းမြေ့ကြပါစေတော့**

**ဆုမွန်ကောင်းတောင်းရင်း။**

**လေးစားစွာ ဂါရဝပြုပါသည်ခင်ဗျား. . . ။**

**မောင်ညိုမှိုင်း(သန်လျင်)**

www.burmeseclassic.com

www.burmeseclassic.com

# ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး

"အား ...အမေ ...အ...မေ"

"အမ်မယ်လေး ... သေပါပြီ ...အမေရဲ့ ... အမေလေး အား"

နာကျင်သည်းထန်စွာ အော်ဟစ်ငိုကြွေးနေသည့် အသံကြောင့် ကျွန်တော်တို့အားလုံးရော အိမ်နီးနားချင်းများပါ ...စိတ်မကောင်းကြ အော်ဟစ်နေသည့် မိန်းကလေး၏ ဖခင် ...ဦးပေါက်ချွန်းကား မျက်နှာမှ ဆေးသီးများကို သုတ်လိုက်၊ မီးနေခန်းမှ ဝင်လိုက် ထွက်လိုက် လုပ်နေသည့် ရွာသူများမျက်နှာကို အားကိုးတကြီးကြည့်လိုက်နှင့် ဗျာများနေသည်။

ခမျာ...ထိုင်လိုက် ထလိုက် အပြင်ထရံမှ နားကပ်၍ ထောင် ထိုက်၊ ထွက်လာသည့် ရွာသူများရဲ့ မျက်နှာကလည်း မကောင်း...

"အေး ...စိန် ...သမီး ...ဘယ်လို ...နေ...နေလဲ ဘင် ...ဟင်"

"ဟို ...ဟို"

"မြန်မြန်ပြောစမ်းပါ အေးစိန်ရာ၊ နှင့်ကလည်း...ချီးမှ ပဲ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''လက်သည် ဒေါ်ညောင်ရွက် လုပ်...လုပ်ပေးနေပါတယ်။ တော်...''

''အား ... အား...အ ...အမေရေ ...အမေရဲ့... ဘုရား...ဘုရား၊ အဖေ ... အ...အဖေ''

''သမီး ...အဖေရှိတယ်။ အားမငယ်ပါနဲ့''

''အ...ဖေ ... အမေ...အမ်မယ်...လေး ...အား''

မီးနေခန်းမှ သမီးလုပ်သူ မချိမဆံ့ ဝေဒနာများ ခံစားနေရသည့် အသံကိုကြားရတော့...ကိုပေါက်ချွန်း...စိတ်မထိန်းနိုင်တော့...

မီးနေခန်းရှိရာသို့ ဖွတ်ပြေးဝင်ရန် လုပ်လိုက်စဉ် ...

ရွာသူများ မီးနေကူများက ဝိုင်းတားကြသည်။

ကျွန်တော်တို့ သူငယ်ချင်းများဖြစ်ကြသည့် လေးလက်ဖယ်၊ ရွှေဘကြီးနှင့် ကုလားပုသိန်းတို့ကလည်း ဝိုင်းဆွဲထားရသည်။

''ကိုပေါက်ချွန်း ...ဒါ ...မိန်းမ ကိစ္စလေ...တော်ဝင်ကြည့်လို့ ဘယ်ဖြစ်မှာလဲ...''

''ဝါ့...ဝါ့ ...သမီး သိပ်...သိပ်...ခံစားနေ''

''မီးဖွားတာပဲတော် ...ချေးပါသလိုတော့ ...မလွယ်ဘူးပေါ့ ရှင်''

''ဟုတ်ပါတယ် ...ပေါက်ချွန်းရာ လက်သည် ဒေါ်ညောင်ရွက်လည်း တို့တစ်ရပ်လုံး သာမကဘူး၊ ရွာနီးချုပ်စပ်ပါ မီးဖွားပေးနေကျပါ။ သူလည်း နားလည်ပါတယ် ထိုင်ပါကွာ''

''ဝါ...ဝါ ...ဝါ့သမီး အခြေအနေကို ...''

''စိတ်ကိုထိန်းပါကွာ ...မင်း အရက်နည်းနည်း သောက်လိုက်ပါလား''

''ဟင့် ...အင်း မသောက်ဘူး ...ဟူး''

သူ့သမီး 'လှပိုက်'ရဲ့ ဗိုက်က အပျိုဗိုက် သားဦးဖြစ်သည်။ ပေါက်ချွန်းမှာ ပြောရလျှင်...ဒီသမီးတစ်ယောက်ပဲရှိတယ်။ ဒါလေးက အချစ်ဆုံးသမီးဦး ...လှပန်းညို့စွာမွေးလာခဲ့သမို့ ပေါက်ချွန်းက ... သူ့သမီး ကို 'မလှပိုက်' ဟု အမည်ပေးခဲ့သည်။

လှပိုက် က အမေ မရှိတော့။ သူမ ငါးနှစ်သမီးမှာ သူမရဲ့ မိခင်





'မလှအုံးမယ်' ဘယ်ထွက်သွားမှန်းမသိ။

ကြားရချက်အရ ပေါက်ချွန်းနဲ့ ဆိုးဖော်တေဖက် ကျွန်တော်တို့နှင့် မိုက်ဖော်မိုက်ဖက် ပေါက်ချွန်း သူငယ်ချင်း...မိုးကြိုးနှင့် ဘသိန်းဆောင် နှစ်ယောက် တစ်ယောက်ယောက်နှင့် ပါသွားသလိုလို လိုက်ပြေးသလိုလို ကြားရသည်။

လှပိုက်လေးခမျာ ...

အချိန်တန် အရွယ်ရောက်၍ လင်တစ်ယောက်ရသော်လည်း လင်သားလုပ်သူ မဟူရာတစ်ယောက် ချောင်းထဲ ငါးဖမ်း ထွက်ရင်း မိုးကြိုး ပစ်ချခံရပြီး ရေလယ် လှေပေါ်မှာတင် အသက်ဆုံးခဲ့ရရှာတယ်။

မဟူရာနှင့် ရခဲ့သည့် ဗိုက်ကိုယ်ဝန်ကို ခုတော့ ခက်ခက်ခဲခဲ မွေးဖွားနေရ၏။ အချိန်က အတော်ကြာသွားခဲ့ပြီ။

တော်ရုံ အပျိုဗိုက်ကို လက်သည် ဒေါ်ညောင်ရွက် မီးဖွားပေးပါက ကြာလှ နာရီဝက် ဖြစ်၏။

အခု ...နှစ်နာရီ ကျော် ...သုံးနာရီ ရှိပြီ။

ပြီး ...ဒီနေ့ စနေနေ့ အချိန်က ဆွမ်းခံပြန်ချိန်။

နေတက် ...ရေတက်...

နေတက် ...ရေတက် ...ဒုက္ခပေးနေရော့လား။

ဒီအချိန်မှာပဲ မီးနေခန်းထဲမှ လက်သည် ဒေါ်ညောင်ရွက် ချွေးသံရွှဲရွှဲနှင့် မျက်စေ့ မျက်နှာပျက်ပျက်နှင့် ထွက်လာတော့သည်။

''အမေရွက်...''

''အမေရွက် ...ကျွန်တော် သမီး ...အခြေအနေ ... ဘယ်လိုရှိလဲ ...အမေရွက်ရယ် ...ဟင်...ဟင်...အမေရွက်''

ပေါက်ချွန်းက အမေရွက်ခေါ် ဒေါ်ညောင်ရွက် လက်ကို အားကိုးတကြီး ဆုပ်၍ လှုပ်၍ မေးလိုက်သည်။ မီးနေသည့်များကလည်း အမေရွက်ရဲ့ ဆုံးဖြတ်ချက်စကားကို ငံ့လင့်နေကြသည်။

''ပေါက်ချွန်း...''

''ဗျာ ...ဗျာ...အမေရွက် ...ဘာ...ဘာလဲ...ဟင်''

''အခြေအနေ သိပ်မကောင်းဘူး''

''ဗျာ ...ဘယ်လို ...ဖြစ်...ဖြစ်နေလို့များလဲ ...ဗျာ ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ခက်နေတယ်၊ မကြားဝံ့ မရှိသေ့ စကားပြော ရရင် ကလေးက ခြေတစ်ချောင်းထွက်ပြီး ကန့်လန့် ဖြစ်နေပြီ"

"ဘုရား . . . ဘုရား"

"အလိုလေး . . . လေး"

"အို. . . ကျွတ် . . . ကျွတ် . . . ကျွတ်"

"အဲ . . . အဲဒါ ဘယ်လို လုပ်ကြမလဲဟင် . . . အမေရွက် ပြောစမ်းပါ . . . အမေရွက်ရာ. . . ဘုရား. . . ဘုရား"

"လောလောဆယ် . . . တောင်ကျောင်းဘုန်းကြီးသွားပင့်. . . ပရိတ်ရွတ်ခိုင်း. . . ကျန်သူတွေက လှည်းယာဉ် အမြန်ပြင် . . . မြို့ ဆေးရုံကို အမြန်ဆုံး သွားမယ်။ မြန်မြန်လုပ်ကြတော့"

အမေရွက် စကားဆုံးသည်နှင့် ကိုပေါက်ချွန်း အိမ်ပေါ်မှ ဝုန်းခနဲ ခုန်ချ၍ . . . တောင်ကျောင်းဘုန်းကြီး ဦးတေဇနိယရှိရာ ကျောင်းသို့ သုတ်ခြေတင်၍ ပြေးတော့သည်။

ကျွန်တော်တို့ ကျန်လူများကလည်း လှည်းယာဉ် တစ်စီး အမြန် ရှာလို့ အပြေးကောင်းလှသော နွားသိုးနှစ်ကောင်နှင့် လှည်းယာဉ်ပေါ် ကောက်ရိုးများများခင်း၍ အဆင်သင့်ပြင်ထားလိုက်ကြသည်။

မြို့နှင့် ကျွန်တော်တို့ရွာ 'ဒီပါအေးမြ' သည် မိုင်(၃၀)ခန့် ဝေးလွန်း လှ၏။ မိုးရာသီဆို ရွာလယ်ချောင်းမှ လှေသမ္ဗာန် များနှင့် သွားရပြီ လှေဆိပ် ရေဆိပ်ရောက်မှ မြို့သွားသည့် ကားကို စီးရ၏။

အခုအချိန်က နွေရာသီ . . .

ဒီလို ပူပြင်းလှသည့် နွေလယ်ချိန်မှာ ခြေတစ်ချောင်း ထွက်ပြီးသား ကန့်လန့်ဖြစ်နေသည့် မီးနေသည်ကို လှည်းယာဉ်နှင့် အပြေးမောင်းပြီး ကားဂိတ်အရောက် သွားရသည့် ခရီးနှင့် အချိန်ကာလမှာ မရှိဘူးဆို ငါးနာရီခန့်ကြာနိုင်၏။

ကျွန်တော်တို့ အားလုံးရော . . . မီးဖွားခြင်းကိစ္စ အတွေ့အကြုံ ကြွယ်ဝကြသည့် ရွာသူ သားသည်အမေများပါ မျက်စေ့ မျက်နှာပျက် ကုန်ကြ၏။

ကြမ်းတမ်း ပူပြင်းလှသည့် လမ်းနှင့်နေရောင်အောက်မှာ လှပိုကဲ အချိန်မတန်မီ ပိုးဆိုးပက်စက်ဖြစ်သွားနိုင်သည်။





ဒီလိုမှ မလုပ်ရင်လည်း . . . အခြေအနေက မကောင်း. . .

ဒီအချိန်မှာ ပေါက်ချွန်း ချွေးသံရွှဲရွှဲနှင့် အိမ်ဘက်သို့ ပြန်ပြေး ချလာသည်။

"ဆရာတော် မပါဘူးလားကွ . . . ပေါက်ချွန်း"

"ဟူး . . ."

"ဆရာတော်ရောကွ . . . ပေါက်ချွန်းရ"

"ဆရာ. . . တော် . . . မရှိဘူး"

"ဟင်. . ."

"ဘယ်ကို ကြွသွားလို့လဲ"

"သုံးလွန်းတင်ရွာ အလှူကို ကြွသွားတယ်တဲ့"

အားလုံး ပို၍ စိတ်ဓာတ်ကျသွား ကြသည်။ ဆရာတော် ဘုရားကြီး ဦးတေဇနိယ ကလည်း ရေမန်းစွမ်းသည့် ဘုန်းကြီး ဖြစ်သည်။

ပယောဂ အတိုက်အခိုက် အနှောင့်အယှက် မှန်သမျှကို သူ့ပရိတ် ရေနှင့် တောက်ရုံနှင့် ပွဲပြတ်သွား၏။

အရိုးစူး အရိုးနင် မှန်သမျှ ဆရာတော့် ရေမန်းနှင့် ချက်ချင်း အရိုးများကျရ၏။

ခွေးကိုက် မြွေကိုက် ကင်းကိုက် ပိုးမွှားတိရစ္ဆာန် အဆိပ် မှန်သမျှ ဆရာတော်ရေမန်းနှင့် တွေ့လျှင် ချက်ချင်း အဆိပ်အန်ကျ ရ၏။

အရိုးကျိုး အရိုးအက်တာတောင် ရေမန်းနှင့် ကုနိုင်သူ ပါရမီ ရှင် ထူးဖြစ်၍ အရေးကြီးရှိလျှင် တစ်ရွာလုံး တစ်ရပ်လုံး အားကိုး နေကြရ၏။

အခု . . . ကျေးဇူးရှင် ပါရမီရှင် ဆရာတော် ဘုရားကြီး မရှိဘူး ဆိုတော့. . .

သေကံ ရှင်ကံ မြို့ဆေးရုံ အရောက်ပို့ဖို့ပဲ ရှိတော့တာပေါ့။ လိုအပ် သော ပစ္စည်းပစ္စယများ ထုပ်ပိုး၍ လှပိုကဲကို မီးနေခန်းမှ ထုတ်ရန် ပြင်ဆင် ကြသည်။ လှပိုကဲမျက်နှာမှာ ချွေးမရှိသလို ဖြစ်နေပြီ။

အသံလည်း မထွက်နိုင်တော့ မိန်းမောနေ၍ လက်သည်ကြီး အမေ ဒေါ်သြောင်ရွက်က စမုန်နက်ထုပ်ကို နှာဝမှာ တေ့ပေးရင်း လှပိုကဲရဲ့ အမည်ကို မကြာခဏခေါ်၍ သတိပေးနေရ၏။

ထိုအချိန်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ခြံဝမှာ ခွေးနှစ်ကောင် သည်းကြီးမည်းကြီး ထိုးဟောင် သံကြား၍ အိမ်ရှေ့မှ မိန်းမများ၊ ယောကျ်ားသားများကလှမ်းကြည့်လိုက် သောအခါ . . .

ခြံဝမှာ လူတစ်ယောက် . . .

ရှည်လျား နက်မှောင်မှောင် ဆံပင်များက ကျောလယ်ခေါင် အရောက် ဖားလျားကျနေ၏။

နှုတ်ခမ်းမွေး ဖွားဖွားများက ကုပ်ကုပ်ဝင်ဝင်။

ယောဂီရောင် အကျႌလက်ရှည် ခပ်နွမ်းနွမ်းနှင့် ပုဆိုးအဖြူကို ဝတ်ထားသည်။ ပခုံးပေါ်မှာလည်း . . . ယောဂီရောင် လွယ်အိတ်ကြီးကို လွယ်လျက် လက်ထဲမှာ ဇော်ဂျီပုံပါသည့် အနက်ရောင် တောင်ဝှေး တစ် ချောင်းကို ထောက်၍ ခြံဝမှာ မမိုတ်မသုန်ရပ်နေ၏။

အသက်က(၃၅) နှစ်ခန့်ရှိပြီး အသားဖြူဖြူ အရပ်မြင့်မြင့် . . .

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဟဲ့ခွေး . . . ဟဲ့ . . . ဟဲ့ခွေး"

"ဟဲ့ . . . မြစိန် ခွေးကို မောင်းကြပါဟဲ့"

ယောဂီရောင်ဝတ်စုံနှင့် ဦးဆံရှည်ကို ခွေးနှစ်ကောင်က ကိုက်မလို ဆွဲမလိုလုပ်နေသည့်တိုင် ယင်းလူပုဂ္ဂိုလ်က ခွေးများကို မမောင်းဘဲ . . . မေတ္တာမပျက်သော မျက်လုံး အစုံနှင့် စိုက်ကြည့်နေ၏။

သည်မှာ . . . မြစိန်နှင့် အောင်မောင်းတို့က ခွေးနှစ်ကောင် ကို တုတ်နှင့် ခြောက်မောင်းလိုက်မှ ခွေးနှစ်ကောင် အဝေးသို့ ပြေးထွက် သွားတော့၏။

"ဟို . . . ဟို . . . ဘာကိစ္စရှိလို့လဲ"

လူရွယ်လေး မြစိန်က လူကြီးကို ကြည့်၍ မေးလိုက်၏။

"ဒါ . . . ပေါက်ချွန်း အိမ်မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ . . . ဒါ . . . ဦးပေါက်ချွန်း အိမ်ပါ ခင်ဗျ ဘာကိစ္စ ရှိလို့ပါလဲ . . . သူတို့ အထဲမှာ . . . ဟို . . . ဟို"

"သူ့ . . . သမီး . . . လှပိုကဲ ဆိုလူ မီးဖွားရ ခက်နေ မဟုတ်လား"

"ဗျာ . . . ဦးလေး . . . သိ . . . တယ်"





"အေး . . . ပေါက်ချွန်းကို . . . သွားခေါ်လိုက်ပါ ညီငယ်" တည်ငြိမ် သောလေသံနှင့် အမိန့်ပေးသလို ပြောလိုက်သည့် အတွက် မြစိန်က အိမ်ပေါ် သို့ ပြေးတက်ပြီး ဗျာများနေသည့် ကိုပေါက်ချွန်းကို လှမ်းခေါ်လိုက်သည်။

"ဦးလေးပေါက်ချွန်း . . . ဦးလေး . . . ပေါက်ချွန်း"

"ဗျို့ ဦးလေးပေါက်ချွန်း"

"ဘာလဲကွာ . . . အရေးထဲမှာ . . . မင်းတို့ကလည်း . . . ချီးမှပဲ"

"အိမ်ရှေ့မှာ လူစိမ်းညှေ့သည် တစ်ယောက် ရောက်နေတယ်ဗျ"

"ဘယ်ကလည်း . . . ဘယ်သူလဲ . . . အရေးကြီးနေတဲ့ကြားထဲ"

"မသိဘူး . . . ဦးလေးပေါက်ချွန်းကို ခဏခေါ်ပေးပါဆိုလို့ အဲဒါ"

"ပေါက်ချွန်း သွားတွေ့လိုက် . . . ကျန်တဲ့ကိစ္စ ငါတို့လုပ်မယ်"

"သွား . . . သွား"

သို့နှင့် . . . မျက်ရည်အရွဲသားနှင့် အားငယ် အားကိုးတကြီး သူ့လက်ကို ဆုပ်ကိုင်ထားသည့် သမီး လက်ကိုဖြည်၍ အိမ်ရှေ့မှသည် ခြံဝမှာ ရပ်နေသော လူစိမ်းရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်၍တွေ့လိုက်သည်။

ပေါက်ချွန်း တွေ့လိုက်ရသည်ကား . . .

ယောဂီရောင် ဝတ်စုံနှင့် ဆံပင်ရှည် လူတစ်ယောက် ထိုလူက ဇော်ဂျီ ရုပ်တုပုံပါသည့် တောင်ဝှေးကို စိုက်ကြည့်နေ၏။

"ကျုပ်နဲ့ တွေ့ချင်တာ ခင်ဗျားလား ခင်ဗျား ဘယ်သူလဲ"

ကိုပေါက်ချွန်းက ခုချိန်မှာ ဘယ်သူနှင့်မှ မတွေ့ချင် စကားလည်း မပြောချင်။ ဆေးရုံကို အမြန်ရောက်ဖို့ပဲ စိတ်ကစောနေသည်မို့ ခပ်တိုတို ခပ်ပြတ်ပြတ်ပဲ မေးလိုက်သည်။

ဒီလို မေးလိုက်တော့မှ ယောဂီရောင် ဆံပင်ရှည် ပုဂ္ဂိုလ်က မျက်နှာကို ပြည်းပြည်းချင်းမော့၍ သူ့ကို စိုက်ကြည့်လေသည်။

"ဟာင်"

ပေါက်ချွန်း . . . သူ့ရှေ့မှ လူရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း . . .

"ခင် . . . ခင်ဗျား . . . အဲ . . . မင်း . . . မင်း . . . မိုး . . . ကြိုး မိုးကြိုး"

"ဟုတ်ပါတယ် . . . သူငယ်ချင်း . . . ပေါက်ချွန်း . . . ငါ မိုးကြိုး"

"မိုး . . . ကြိုး . . ."



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ချက် ပါးစပ်က ကျယ်လောင်စွာအော်လိုက်ပြီး နောက်ပြန်းခနဲ ခြစည်းရိုးဝါးတိုင်ကို ချိုးယူလိုက်ကာ ယောဂီရောင် ဆံပင်ရှည်နှင့် မိုးကြိုးဆိုသူ၏ ဦးခေါင်းကို အားကုန် ရိုက်ချလိုက်သည်။

''ဖြောင်း''

''ဟာ''

''ဟော့ . . . ဟော့ . . . ပေါက်ချွန်း''

လျှပ်စီးလက်သလို ဖြစ်ရပ်များကြောင့် အိမ်ပေါ်မှ လူအချို့ပြေးဆင်းလာပြီး ပေါက်ချွန်းကို လှမ်းအော် သတိပေးကြသည်။ နောက် ကျသွားပြီ . . .

ပထမရိုက်ချက်သည် . . .

ယောဂီရောင် ဆံပင်ရှည်နှင့် လူကြီး၏ ဦးဆက်တည့်တည့်ပေါ်သို့ တိုက်ရိုက်ကျသွားပြီး နောက် . . . ဖြောင်းခနဲ အသံမြည်ကာ ဝါးလုံး ထက်ပိုင်းကျိုးကျသွားသည်။ ဆံပင်ရှည်နှင့် လူကြီး မတုန်မလှုပ် ကျောက်ရုပ် အတိုင်း ရပ်မြဲ . . .

''ကိုင်းကွာ . . . ကိုင်းကွာ''

''ဖြောင်း . . . ဖြောင်း''

ပေါက်ချွန်း လက်ထဲမှ ခြစည်းရိုး ဝါးနက် ဝါးတိုင်သည် အစိပ်စိပ်အမွှာမွှာကွဲကြေသွား၏။ ဆံပင်ရှည် ကိုမိုးကြိုး ဆိုသူကား ဘာမှ မဖြစ်။ အိမ်ရှေ့မှ တဖြောင်းဖြောင်း ရိုက်သံနှင့် . . . လူအချို့ အော်ဟစ် သံကြား၍ ကျွန်တော် အရေးတကြီး ပြေးထွက်ကြည့်လိုက်သော အခါ . . .

ပေါက်ချွန်းသည် . . . ဆွဲနေသည့် ယောက်ျား မိန်းမများကို ဒေါသတကြီး ကန်ကျောက်တွန်းပစ်ပြီးနောက် . . . ချိုးရေအိုးနံဘေးမှ ဓားသွေး အင်ကြင်းကျောက်တုံးကို လက်အစုံနှင့် ကောက်ကိုင်မြှောက်ပြီး . . . ယောဂီရောင် ဆံပင်ရှည် မျက်ခွက်တည့်တည့်ရှိရာသို့ အားကုန် ပစ်ပေါက်လိုက်လေသော် . . .

''ဖောင်း''

''ဘုတ်''

''အား . . . မလေး . . . ဗျ . . . အား . . . အား''

တစ်တောင်ခန့် ရှည်သော ဓားသွေး အင်ကြင်းကျောက်တုံးသည် ဆံပင်ရှည် လူကြီး၏ မျက်နှာကို မှန်ပြီး ပြန်ခုန်ထွက်လာကာ ပစ်သူ





ပေါက်ချွန်းရဲ့ ခြေဖမိုးပေါ်သို့ ကျသည်ရှိသော် ပေါက်ချွန်းသည် ငယ်သံပါအောင်အော်ပြီး ခြေထောက်ကိုဖိ၍ မျက်ရည် ပေါက်ပေါက်ကျ စုတ်သပ်နေရတော့သည်။

ကျွန်တော်တို့ အားလုံး မျက်စိရှေ့မှောက်မှာ ရုတ်ချည်း မြင်လိုက်ရသည့် အဖြစ်အပျက်ကြောင့် လွန်စွာ အံ့အားသင့်၍ အသံများ တိတ်ကုန်ကြရ၏။

ဒေါသတကြီး ပစ်ပေါက်ရိုက်နှက်သူ ပေါက်ချွန်းခမျာမှာတော့ မြေပြင်မှာ ထွန့်ထွန့်လူး အော်ဟစ်၍ မျက်ရည်ပေါက်ပေါက်ကျနေ၏။

ဒီမှာ . . . ကျွန်တော်က ခြံဝမှာ ဣန္ဒြေမပျက် ဇော်ဂျီရုပ်တုတောင်ဝှေးကို ကိုင်ပြီး မျက်လွှာချရပ်နေသူ အနီးသို့ တိုးကပ်၍ သွားကြည့်လိုက်သောအခါ . . .

''ဟာ . . . မိုး . . . ကြိုး . . . မိုး . . . ကြိုး . . . မင်း . . . မင်း မိုး . . . ကြိုး . . . နော်''

''ဟုတ်တယ် . . . ဆိုင်း . . . ငါ . . . မိုးကြိုးအစစ်ပဲ''

''သူငယ်ချင်း . . . မိုးကြိုး . . . မိုးကြိုး''

ကျွန်တော် ဝမ်းသာအားရဖြင့် ယောဂီအင်္ကျီဝတ် ဆံရှည် မိုးကြိုးကို အားရပါးရ ပြေးဖက်ထားလိုက်သောအခါ . . . ဝိုင်းကြည့်နေသူများ အံ့သြကုန်ကြ၏။

ဒီမှာ ကျွန်တော်တို့လို အသက် (၄၀)တန်း လူကြီးများသည် မိုးကြိုးဆိုသည့် ကျွန်တော်ရဲ့ ဝမ်းသာအားရအသံ ကိုကြားရသောအခါ . . .

ချက်ချင်း ဝိုင်းအုံကြပြီး . . .

''မိုးကြိုး . . . မိုးကြိုး . . . အစစ်နော်''

''ဟုတ်ပါတယ် . . . ဗျာ''

''ဟာ . . . မိုးကြိုး . . . ကြီးကွ''

''မိုးကြိုး . . . ပြန်လာပြီကွ''

''မိုးကြိုး ဟုတ်လား . . . ဟာ . . . မိုးကြိုး . . . မင်း . . . မင်း မသေဘူး . . . နော်''

အားလုံးသော လူများဟာ မိုးကြိုးရဲ့ အသွင်ပြောင်းမျက်နှာနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်း နှစ်ခုကိုတွေ့လိုက်ရပြီး လွန်စွာ အံ့သြ ဝမ်းသာကြသလို



www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း ကြောက်ရွံ့ထိတ်လန့်သွားကြ၏။

ပေါက်ချွန်းကား...

မိုးကြိုး မျက်နှာကို ကြည့်ပြီး အံ့လည်းအံ့သြ ဒေါသလည်း ထွက်ဖြစ်လာပြီး အံ့ကြိတ်၍ လူတွဲနှင့် ထလိုက်၏။

သူ မိုးကြိုးကို အခု ချက်ချင်းသတ်ပစ်ချင်နေသည်။

မိုးကြိုးသည် သူတို့မိသားစု အသိုက်အအုံကို ဖျက်ဆီးသွားသည့် သစ္စာဖေါက် လူယုတ်မာ ...

သူ့ကို သတ်ဖို့ လွှန်ခဲ့သည့် (၁၅) နှစ်ခန့်က ပေါက်ချွန်း မြေလှန်ရှာခဲ့သည်။ (၁၅) နှစ်လုံးလုံး သစ္စာဖောက် လူယုတ်မာ မိုးကြိုးကို ဘယ်အရပ်ဘယ်ဒေသများမှာမှ ရှာလို့မတွေ့ခဲ့...

သူ့သမီး လုပိုကဲက ဟို အမျိုးအိမ်ကပ်နေ ဒီအမျိုး အိမ်ကပ်နေနှင့် နောက်ဆုံး မှုဆိုးမဘဝရောက်ကာ ခုတော့ မီးမဖွားနိုင်ဘဲ သေကောင်ပေါင်းလဲ ဖြစ်နေပြီ။

ဒါ...ဒီကောင်ကြောင့်

ဒါကြောင့်...ကံကောင်းထောက်မစွာ အိမ်ရှေ့ အိမ်ဝမှာ ရင်ဆိုင်တွေ့လိုက်ရတော့ မိသားစုအပြီးနှင့် သူ့ကို အသေရိုက်ထု ပစ်လိုက်တာ

သို့သော်...

ထူးဆန်းလှပေစွ။ ရိုက်ချက်ထုချက် ပြင်းအားကြမ်းကြမ်းကြားမှာ မိုးကြိုး ဘာမှမဖြစ်ဘဲ သူသာ ဓားသွေး အင်ကြင်းကျောက် ပြန်စင်မှန်ပြီး ခုတော့ ထ,တောင် မထ,နိုင်တော့...

အလျှင်က... မိုးကြိုး ဒီလိုမဟုတ်။

ခုတော့...ဓား တုတ်များ ငြိနေရော့လား ပေါက်ချွန်းကို မြစ်နှင့်လှစိန်တို့ ညီအစ်ကိုကတွဲမ၍ အိမ်ရှေ့ သရက်ပင်အောက် ချပေးပြီး ဒဏ်ရာကို ရေဆေး၍ ဘိစပ်အရည်များ ညှစ်ထည့်ပေးနေသည်။

ဒီအချိန်မှာ ...

သူ့ရန်သူ ယောဂီရောင်ဝတ်စုံနှင့် မိုးကြိုးက ကျွန်တော်နှင့် အတူ ဘုရားစင်အောက်မှာ ရောက်နေပြီ ...

"မင်း ...မင်း ဘယ်ကိုရောက်ပြီး ဘာဖြစ်နေလဲ မိုးကြိုး"

"အဲဒါတွေ နောင်မှ ပြောကြတာပေါ့ကွာ ...အခု ပေါက်ချွန်း





သမီး မီးဖွားရခက်ပြီး ...မြို့ဆေးရုံ သွားဖို့ လုပ်နေတယ် မဟုတ်လား"

"ဟုတ်တယ် ...အဲဒါ မင်းဘယ်လို လုပ်သိတာလဲ"

"အဲဒါလည်း...နောင်မှ ပြောကြတာပေါ့ကွာ။ အခု ...အဲဒီ မိန်းကလေး မီးဖွားလို့ လွယ်အောင် ...ငါ ...လုပ်ပေးပါရစေ"

"ဟင် ...လုပိုကဲ ကို မီးဖွားလို့ လွယ်အောင် မင်းက လုပ်ပေးမယ်"

"လျှာမရှည်နဲ့တော့ မောင်ဆိုင်း ...မင်းသိချင်တာကို နောင်မှ ပြောကြတာပေါ့ သူငယ်ချင်းရယ် ...မြန်မြန်လုပ်ကြကွာ"

သူ့အပြောကြောင့် အနီးရှိ ယောကျ်ား မိန်းမများက ယုံရခက်မယုံရခက် ဖြစ်နေ၏။

အချို့က မိုးကြိုး ဘာလဲဆိုတာကို သိကြသည်၊ အချို့ လူငယ်များက မိုးကြိုးဘာလဲဆိုတာ မသိကြ။

ခုမှ မြင်ဖူးကြတာ ပဲရှိ၏။

ဓာတ်သိသူများက မိုးကြိုးဆို အသံကြားသည်နှင့် ကြောက်ကြကုန်၏။

ကျွန်တော်ကတော့ မိုးကြိုးကို လုံးဝမကြောက်၊ မိုးကြိုးနှင့် ကျွန်တော် ခန့်သူမဟုတ်။

တစ်ချိန်က သူ၊ ကျွန်တော်နှင့် ပေါက်ချွန်းတို့သည် ဆိုးတူကောင်းဖက် သွေးသောက် သူငယ်ချင်းများ...

"သူ့အဖေ ပေါက်ချွန်းကို သွားပြော ...သူ့သမီး ခံစားနေရတဲ့ ဝေဒနာကို ဒုက္ခကို ...ငါကယ်မယ် ငါကုပေးမယ်။ လက်ခံပါလို့ သွားပြောနှင့်တောင်း"

မိုးကြိုးက စူးရှတောက်ပသော မျက်လုံးအစုံနှင့် ကျွန်တော်ကိုစိုက်ကြည့်သလို အမိန့်ပေးသလို ပြောလိုက်၍ အိမ်ရှေ့ သရက်ပင်အောက်သို့ ဆင်းလိုက်၏။

"ဝေဆိုင်း ..."

ကျွန်တော့်ကို မြင်သည်နှင့် ပေါက်ချွန်းက အော်၍ ဆဲလိုက်၏။

"ဘာလဲ ...ပေါက်ချွန်း"

"မင်း ...ဒီလို လူယုတ်မာ ...သစ္စာမဲ့ လူစားမျိုးကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်အောက်မှာ နေရာပေးပြီး လက်ခံစကားပြော ညှဲ့ဝတ်ပြုစရာ လုံးဝမလိုဘူးကွာ ခုချက်ချင်း ...ဒီကောင့်ကို မောင်းထုတ်လိုက်''

ပေါက်ချွန်း အတော်ကို ဒေါသထွက်နေသည်...

''ပေါက်ချွန်း ...ခဏလေး ...သည်းခံလိုက်ပါဦး သူငယ် ချင်း၊ ဒီမှာ ...မိုးကြိုးက မင်းသမီးရဲ့ မီးဖွားရခက်နေတဲ့ ဝေဒနာကို ကူညီမလို့တဲ့ အဲဒါ...မင်း ခွင့်ပြုပါတဲ့''

''ထွီ ...သင်းက ဘာကောင်မို့လဲကွ။ သူက ဘိုးတော်လား ဝိဇ္ဇာလား လက်သည်လား ...လူလိမ် လူကောက် ...။ ဒီမှာ... ဆေိုင်း ငါလုံးဝခွင့်မပြုဘူး။ အခုချက်ချင်း အိမ်ပေါ်က ဆင်းသွားခိုင်းလိုက် တယ်ကွာ ...ငါ...အား ကျွတ် ကျွတ်''

သူဒေါသဖြစ်လွန်း၍ ကုန်းထလိုက်သော်လည်း ခြေထောက်က ထ,လို့မရ။ ဒီမှာပဲ အနီးဝန်းကျင်ရှိ သက်ကြီး ဝါကြီးများအနက် ဘကြီး ဘိုးတင်က...

''ပေါက်ချွန်း ...မိုးကြိုး ...ဘာပညာအစွမ်း ထက်တယ်ဆို တာ ...မင်းသိလို့လား''

''လူဆိုး ...လူယုတ်မာ...ဗျ ...ဘကြီးတင်ရ''

''တစ်ချိန်က ဟုတ်ချင် ဟုတ်မယ်။ ခုတော့ သူအသွင်ပြောင်း နေပြီ၊ မင်းမျက်မြင် ကိုယ်တွေ့ပဲ...။ မင်းရိုက်ချက် ထုချက် ...သူ ဘာဖြစ်လို့လဲ...။ ပွန်းသလား ...ပဲ့သလား။ သွေးထွက်သလား နောက်ဆုံး မင်းပဲ လမ်းမလျှောက်နိုင်တော့ဘူး မဟုတ်လား''

ဒီမှာ ...အဘိုး ဦးမှတ်ကြီးကလည်း ဝင်ပြောလိုက်ပြန်၏။

''ပေါက်ချွန်း ...လိုရ မယ်ရ လုပ်လိုက်ပါ။ ဆရာတော် မရှိချိန် မှာ မင်းလည်း အားကိုးရာမဲ့နေပြီ။ မိုးကြိုး ဘာလဲဆိုတာ သိရတာပေါ့''

''ဆေးရုံမရောက်ခင် ...လမ်းမှာရော တစ်ခုခု ဖြစ်မသွားနိုင်ဘူး ပြောနိုင်မလား၊ ပေါက်ချွန်း ...။ အနည်းဆုံး အခုအခံ အကာအကွယ် ရရင်နည်းလား''

''ဟုတ်ပါတယ် သူငယ်ချင်းရာ ...မိုးကြိုးမှာ ကိုယ်ခံရော အခြား ပညာအစွမ်းရော တတ်မြောက်ပုံရတယ်။ အချိန်နည်းနည်း ပေးပြီး စမ်းကြည့် လိုက်ပါ''





ဒီမှာပဲ ...ပေါက်ချွန်းက ...ချုံးပွဲချ၍ ငိုတော့သည်။

''ဟီး ...ဟီး ...ငါ့သမီး ...ငါ့ ...သမီး ဒုက္ခ ဆိုးလှ ချည်ရဲ့ ...ဟီး ...ဟီး''

သည့်နောက် ကျွန်တော် မိုးကြိုးထံပြန်လာပြီး ရပြီ ဟု ပြောလိုက်၏။ သည်မှာ မိုးကြိုးက လွယ်အိတ်ကို ဖွင့်၍ ဖန်ဘူးထဲမှ ပစ္စည်းတောင့်တစ်ခုကို ထုတ်လိုက်သည်။

''မောင်ဆိုင်း...''

''ဘာလဲ မိုးကြိုး''

''ဘုရား ...သောက်တော်ရေ တစ်ခွက်ပေး''

''ရော့ ... သူငယ်ချင်း''

သူက ...သောက်တော်ရေကို ဘုရားမှာကပ်၏။ ပြီးနောက် ယောင်းတိုင် ငါးတိုင်ကို ထွန်းလိုက်၏။

ရေတစ်ဖန်ခွက် သီးသန့်လည်း သူ့ရှေ့မှာ ချထား၏။ အား လုံးသော လူများက ယောဂီဝတ်နှင့် မိုးကြိုး လုပ်ကိုင်နေသည်ကို အာရုံ စိုက်၍ ကြည့်နေ၏။

ဘယ်သူမှ စကားမပြောကြ ...မီးနေခန်းမှ လှိုက်ကဲရဲ့ ညည်းညူ သံကိုသာ တိုးညှင်းစွာ ကြားနေရသည်။

မိုးကြိုးသည် ဦးစွာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ရှိခိုး၍ ရေချမ်း ဆိမ်းကပ်၏။

သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ အစချီ နတ်ပင့် ဂါထာကို ရွတ်၏။ ပြီးနောက် အိမ်တွင်း ဖခင်နှင့်တကွ အပိုင်အဆိုင်များ နတ်ဒေဝတာများကို မေတ္တာပို့၍အကူအညီတောင်း၏။ ပြီးနောက် ဘုရားရှေ့ မှာ သစ္စာပြုတော့၏။

''ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမား အနန္တော အနန္တငါးပါးတို့ ဘုရား ...ဘုရားတပည့်တော် မှန်သော သစ္စာကို ပြုပါသည် ဘုရား ...ဘုရား တပည့်တော်သည် ...ဆိုးမိုက်ပေတေ၍ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျအောင် ဆိုးမိုက်ခဲ့ဖူးပါသည်ဘုရား''

''ဤမှန်သော သစ္စာစကားကြောင့်လည်းကောင်း...ဘုရား ရှင်၏ အင်္ဂုလိမာလသုတ် ပရိတ်တော်၏ တန်ခိုးရှိန်တော် အာနုဘော်ကြောင့်

www.burmeseclassic.com



လည်းကောင်း ဤမီးဖွားရန် အခက်အခဲရှိနေသူ . . . ကြာသပတေးသမီး လုပိုကဲ၏ အာဝေဏိက၊ ကာယိက ဒုက္ခတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ပြေစင်လျောကျ၍ မိခင်ရော သားသမီးပါ အသက်ရှည် ကျန်းမာ ချမ်းသာ ပါစေသတည်း''

''ပရိတ္တံ ယံ ဘဏာန္တဿ ၊ နိသိန္နဋ္ဌာန ၊ ဓောဝနံ၊
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။
သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿ ဂုံလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိ မဟာတေဇံ ပရိတ္တံ တံ ဘဏာမ ဟေ။
ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

မိုးကြိုးသည် အင်္ဂုလိမာလသုတ်ကို ကိုးခေါက်ရွတ်နေ၏။ ပီတိ သူ့အသွင်သဏ္ဌာန်သည် သူတော်စင်ကြီးအလား ဝါတော်ရ ရဟန်း အလား ရှိနေ၏။

သူ့နှုတ်ဖျားမှ ဘုရားစကား တရားသံကြားရ၍ ကျွန်တော် တို့ အတော်ကို အံ့သြနေမိ၏။

သို့ကလို သူရွတ်ဆိုနေချိန်၌ တစ်ဖက်ထရံ တစ်ချပ်သာခြားသည့် မီးနေခန်းအတွင်းမှလည်း မီးနေသည့် လုပိုကဲကလေးသည် စုပ်သပ်၍ ညည်းညူနေရှာ၏။ အားလုံး၏ ရင်သည် တထိတ်ထိတ်

''အာဝေဏိက ဒုက္ခခံစား . . . တစ်မီးဖွားသို့ သနားစဖွယ် အိုနှမယ် . . . သမီးယေ် . . . အကြင်အခါမှစ၍ ငါသည် ဗြဟ္မာလူနတ်၊ မယုဉ်အပ်သည့် မြင့်မြတ်ဖြူစင် ရဟန်းဇာတ် အသွင်အားဖြင့် စင်စစ်မသေ့ ဖြစ်ခဲ့ပေ၏။ သာကီယဇာတ် ရဟန်းမြတ်ဖြစ်သော ထိုအခါမှစ၍ သေစေလိုမှု လုံ့လပြု၍ သတ္တဝါ တစ်ခုခုကို ရုပ်နာမ်နှစ်ထွေ၊ ဇီဝိတိန္ဒြေမှ သေစေ လိုငြား. . . စေတနာ အားဖြင့် သတ်လိုက်မိလေသလား ဟူ၍ ငါမသိ။

ယင်းအဓိဋ္ဌာန် မြွက်ကြား . . . ငါ့စကားသည် စင်စစ်ဟုတ်မှန်သည်





ဖြစ်အံ့. . .

ထိုသို့ မြွက်ကြား မှန်ကန်သော သစ္စာစကားကြောင့် သနားစဖွယ်သားသည်ဖြစ်ရ၊ ချစ်နှမ ချစ်သမီးအား ဘေးရန် ဟူသ၍ မြူမငွေ့ဘဲ ပြကတေ့ ကျန်းမာချမ်းသာပါစေသတည်း။

သင်၏ ဝမ်း၌ရှိလမ်းသန္ဓေ ကိန်းတည်နေသော. . .

သူငယ်အားလည်း ဘေးရန် ဟူသမျှ မြူမငွေ့ဘဲ ပြကတေ့ ကျန်းမာ ငြိမ်းချမ်းသာပါစေသတည်း. . .

ဤကဲ့သို့ သုတ်ကို ကိုးကြိမ် ကိုးခေါက်ရွတ်ဆို သစ္စာပြုပြီး နောက် ပရိတ်ရေထဲသို့ ဆေးတောင့်လေးကို စိမ်၍ ပါးစပ်မှ မန္တန်အချို့ကို ခပ်အုပ်အုပ် ရွတ်လိုက်ပြန်၏။

ပြီးနောက် . . . ဆေးတောင့်လေးကို ထုတ်ပြီး

''လက်သည်ရှိလား . . . မောင်ဆိုင်း''

''ရှိတယ် . . . မိုးကြိုး . . . ဒေါ်ညောင်ရွက် . . . အမေရွက် ရေ''

''ဘာတုန်း ဟဲ့ . . . ဆိုင်း''

''ခဏလေး . . . ဒီမှာ . . . ဟို. . . ဟို. . . ဆရာခေါ်နေလို့''

လက်သည်ကြီး ဒေါ်ညောင်ရွက် ချွေးသံရွှဲရွဲနှင့် ထွက်လာပြီး အနားမှာ ထိုင်၏။

''အမေရွက် . . . ဒီ ပရိတ်ရေနဲ့ . . . သူငယ်မရဲ့ ဆံပင်ကိုသပ်ချပါ။ ပြီး . . . ရင်ဘတ်ကနေ ဝမ်းဗိုက် . . . ပြီးခြေဖျားထိသပ်ချပေးပါ၊ ပါးစပ်ထဲကို ဝင်အောင်တိုက်ပါ . . . ကိုင်း မြန်မြန်လုပ်. . .''

ဒေါ်ညောင်ရွက်က ရေမန်း ပရိတ်ရေကို ယူ၍ မီးနေခန်းသို့ ဝင်၏။ မိုးကြိုး ညွှန်ကြားသည့် အတိုင်း ဆံပင်၊ ရင်ဘတ် ဝမ်းဗိုက်၊ လက်ခြေများကို ဖြန်းတောက်၍ သပ်ချ၏။ ပါးစပ်မှလည်း . . . လွယ်ကူစွာ မွေးဖွားနိုင်ပါစေဟု ဆုတောင်းပြီး . . . ပါးစပ်ထဲသို့ အနည်းငယ် တိုက်လိုက်သည်။

ဒီအချိန်မှာ မိုးကြိုးသည် . . . မီးနေခန်းထရံကို စိုက်ကြည့်ပြီး တည်ငြိမ်သော အာရုံနှင့် မေတ္တာပို့နေ၏။

''အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်''

''အား . . . အ . . . မေ . . . ကျွတ် . . . ကျွတ် . . . နာ လိုက်တာ''

www.burmeseclassic.com



"အမယ်လေး . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

သမီးလုပ်သူရဲ့ နာကျင်စူးရှအော်သံကို ကြားရလေ . . . ပေါက်ချွန်း အသွားမြပြီး ဦးချွန်နေသည့် ငုက်ကြီးတောင် ဓါးရှည်ကို တင်းတင်းဆုပ်ပြီး အိမ်ပေါ်သို့ အံကြိတ်၍ ကြည့်နေလိုက်၏။ သူ့ ရင်ခုန်သံမြန်နေပြီ . . .

"ဘုရား . . . ဘုရား . . . ဘုရား ကယ်တော်မူပါ . . . ဘုရား"

"ဟယ် . . . ပြန်ဝင်သွားပြီဟဲ့ . . .။ ခါးကို မလိမ်နဲ့ . . . ဟုတ်ပြီ အသာလေး အသက်ကို ဝအောင်ရှူပြီး တစ်ချက်ထဲ ညှစ်ချ . . . သမီး"

"အီး . . . အား . . . အင်း . . . အင်း . . . အင်း"

"ဟုတ်ပြီ . . . ညှစ် . . . ညှစ် မွေးပြီဟ . . မွေးပြီဟ . . ."

မီးနေခန်းအတွင်းမှ ဝမ်းသာအားရ စကားပြောနေသံကို အပြင်ဘက်မှ နားထောင်နေသူများ ကြားရသောအခါ ဝမ်းသာသွားကြသည်။

"မွေးပြီလားဗျို့ . . . အမေရွက်"

"မွေးပြီဟေ့ . . . ဟား ဟား ဟား . . . ယောက်ျားလေး ဟဲ့ ယောက်ျားလေး"

ရွာသူ မိန်းမများ မီးနေခန်းအတွင်းသို့ ဝမ်းသာအားရ ပြေးဝင်သွားကြ၏။

"ဟေ့ . . . ပေါက်ချွန်း"

"ဘာ . . . ဘာ . . . လဲ"

"မင်းသမီး မွေးပြီတဲ့ဟ . . ."

"ဟေ . . . မွေးပြီ"

"အေး . . . ယောက်ျားလေးတဲ့ကွ . . . ပေါက်ချွန်းရ"

"ငါ့ . . . ငါ့သမီး မွေးပြီ . . . ယောက်ျား . . . လေး"

"ချွမ် . . ."

ပေါက်ချွန်း အတိုင်းမသိ ဝမ်းသာသွားသည်။ ထ,၍ ခုန်၏။ ပြီးနောက် မိုးကြိုးကို အိမ်ပေါက အဆင်းမှာ ခုတ်သတ်ရန် အဆင်သင့် ကိုင်ထားသည့် လက်ထဲမှ ငုက်ကြီးတောင် ဓါးကို သံပုံးရှိရာသို့ လွှင့်ပစ်ပြီး အိမ်ပေါ်သို့ ခုန်တက်လိုက်၏။

"အုငဲ . . . အုငဲ . . . ငဲ . . . ငဲ . . . ငဲ"

"အုငဲ ငဲ ငဲ အုငဲ . . . အုငဲ . . . ဝါး . . . ငဲ . . . ငဲ"





မြေးရဲ့ ငိုသံစူးစူးကို ကြားရသောအခါ . . . ရင်ထဲမှာ သောကဒေါသများ ဘယ်ရောက်သွားမှန်းမသိ၊ ဖြစ်ချင်ရာဖြစ် မီးနေခန်း အတွင်းသို့ ဝင်ရန်လှမ်းလိုက်စဉ် . . .

"ရော့ . . . ဒီမှာနင့်မြေး"

"ဟင် . . ."

လက်သည်ကြီး ဒေါ်ညောင်ရွက်က . . . အနီးဖြင့် ထုပ်ထားသည့် ကလေးပေါက်စ ငိုသံကြီး နီတာရဲလေးကို ပေါက်ချွန်း လက်ထဲသို့ ထိုးအပ်လိုက်သောအခါ . . . ပေါက်ချွန်း မြေးပေါက်စရဲ့ အနီးထုပ် ကြားမှ မျက်နှာလေးကို ကြည့်ပြီး ရင်ထဲမှာ တုန်ခါနေ၏။

"အမေရွက် . . . သမီး . . သမီး ကျုပ်သမီး အခြေအနေရော ဟင်"

"ကောင်းတယ်။ အားလုံးကောင်းတယ်၊ လုပ်စရာရှိတာလုပ်နေကြတယ်" ဘုရား သိကြားနဲ့ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ မ,တာပဲ ဟေ့ . . . ပေါက်ချွန်းရဲ့ . . . ပြောရရင် . . . ဟူး သေကောင် ပေါင်းလဲ ဖြစ်နေတာ . . . ဆေးရုံခေါ်သွားရင်လည်း လမ်းမှာ ခရီးကြမ်းနဲ့ ပန်းပြီး ဆုံးရှုံးရမှာ . . . တော်ပါသေးရဲ့ တော်။ ဟို ဘယ်သူ မောင် မိုးကြိုးရဲ့ . . . ပရိတ်ရေအစွမ်း . . . ဂါထာ အစွမ်းကြောင့်လို့ ပြောရမှာပဲ"

ထွက်နေတဲ့ ခြေထောက်ပြန်ဝင်သွားပြီး . . . တစ်ခါထဲ ရှောရှောရှူရှူ။ မီးဖွားတာပဲဟဲ့။ တော်လိုက်တဲ့ . . . သူငယ်ကွယ် . . . ကျေးဇူးကြီးလှပါပေရဲ့။

"တော်လိုက်တဲ့ . . . သူငယ်ကွယ်"

"ကျေးဇူးကြီးပါပေရဲ့ . . . ကျေးဇူးကြီးပါပေရဲ့"

အမေရွက် ဝမ်းသာအားရ ချီးကျူးလေသံက ပေါက်ချွန်းရဲ့ နားထဲမှာရော ကလေးပေါက်စလေးကို စိုက်ကြည့်နေသည့် ကျွန်တော်တို့ အားလုံးရဲ့ နားထဲမှာပါ ပဲ့တင်လျှံနေသည်။

ပေါက်ချွန်းတွေ၍သွား၏။

ငိုင်၍သွား၏။

ပြီးနောက် . . . ကလေးပေါက်စအနီးထုပ်လေးကို အမေရွက် လက်ထဲသို့ အလျှင်အမြန်ထည့်လိုက်ပြီး အိမ်ရှေ့ဘုရားစင်ဘက်သို့ ရှင်းညည်း



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်၏။

''ဟင် . . .''

ဟိုကောင် . . . မရှိတော့ပါလား။ သူ တောင်မြောက်ဝဲယာ သို့ လိုက်ရှာကြည့်၏။

''ဟေ့ လူတွေ . . . ဟို . . . ဟို . . . မိုး . . . မိုး . . . မိုးကြိုး ရော''

''အေးဟ . . . မိုးကြိုး ဘယ်ရောက်သွားလဲဟ''

ခုမှ . . . ကျွန်တော်တို့ မိုးကြိုးကို သတိပြုမိလိုက်သည်။ အာရုံက ကလေးနဲ့ မိခင်အပေါ် ရောက်နေကြ၍ မိုးကြိုးကို သတိမပြုမိကြ။ သတိပြုမိ၍ ကြည့်လိုက်တော့ ဘုရားစင်အောက်မှာ မိုးကြိုး မရှိတော့။ အောက်များ ဆင်း၍ လမ်းလျှောက်နေသည်မှတ်လို့ အောက်ဆင်းကြည့်သည်။ မရှိတော့။ အိမ်သာဘက်များ အပေါ့အပါး သွားသည် မှတ်၍ နောက်ဘက် သွားကြည့်တော့ မတွေ့ . . . ဘယ်များ ရောက်သွား ပါလိမ့်''

''မြစိန် . . . လှစိန်တို့ . . . မိုးကြိုး ဘယ်ထွက်သွားလဲဟေ့''

''မသိဘူး . . . ဦးပေါက်ချွန်း''

သို့နှင့် . . . ခြံစည်းရိုး အပြင်ထွက်၍ ရှာနေကြပြန်၏။ ဟို လူ ဒီလူ မေးကြ၏။ မိုးကြိုး ကျေးဇူးကြီးလှသည်ကို ပေါက်ချွန်း သာမက ကျွန်တော်တို့အားလုံး လက်တွေ့သိခဲ့ပြီ။ မိုးကြိုးကို ကျွန်တော်တို့ ကျေးဇူး စကားဆိုကြရမည်။

''ကျေးဇူး စကားဆိုရန် ကြည့်လိုက်တော့ မိုးကြိုးမရှိတော့''

''မိုးကြိုးရေ . . . မိုးကြိုး''

''ဟေ့ . . . မိုးကြိုး . . . မင်း ဘယ်မှာလဲကွ . . . ဟေး''

''ဟေး . . . ကလေးတွေ ယောဂီဝတ်နဲ့ လူတစ်ယောက် မမြင် လိုက်ကြဘူးလား''

ကျွန်တော်တို့က ရွာလယ်လမ်းမှာ ဆော့ကစားနေကြသည့် ကလေး တစ်အုပ်ကိုလှမ်းမေးလိုက်သည်။

''နှုတ်ခမ်းမွေး ကားကားနဲ့ မဟုတ်လားဗျ''

''ဟုတ်တယ်ကွ . . . အောင်ဘုရ . . . ဘယ်မှာလဲ''

''အသက် . . . ၄၀ လောက်ရှိတယ်''





''ဟုတ်တယ် . . . ဘယ်မှာတွေ့လဲ အောင်ဘု''

''ပုဆိုး အဖြူနဲ့နော်''

''ဟုတ်ပါတယ် . . . မိကျောင်းသားရာ ဘယ်ကို ထွက်သွားလည်း ပြောပါဟ''

''လက် . . . လက်ထဲမှာ တောင် . . . တောင်ဝှေးပါသေးတယ် မဟုတ်လားဗျ''

''အောင်ဘု . . . ကျေးဇူးရှင် မင်းပြောတာ အားလုံးမှန်တယ် သူသူ''

''တောင်ဝှေး ထိပ်မှာ . . . ဇော်ဂျီအရုပ်''

''အောင်ဘု . . . တော်တော့ . . . ဟူး။ မောလိုက်တာ . . . မသာလေးရာ၊ လျှာကိုရှည်တယ် . . . သူ့အဖေ ပုသိမ် မောင်သောင်း ယဉ် အတိုင်းပဲ ဟေ့ အာကျယ်မ နှင်းအဲဒီလူကို တွေ့လိုက်လား တူမ''

''တွေ့တယ် . . . ဦးလေး ဆိုင်း''

''ဘယ်ဘက်ကို ထွက်သွားလဲ . . . အာကျယ်မရဲ့''

''အသားဖြူဖြူနဲ့ မဟုတ်လား . . .''

''လာပြန်ပြီ . . . တစ်ယောက် . . . အေးဟုတ်တယ်ဟ''

''လွယ်အိတ်ကြီးကလည်း . . . အညိုရောင်တော့ . . .''

''အေး အေး . . . ဘယ်ဘက်ကို ထွက်သွားလဲ . . . အာကျယ် မရယ်''

''ခန့်ခန့်ကြီးတော့ . . .''

''သေပါတော့ . . . ငါတို့ပဲ မြန်မြန် သေပါတော့ . . .''

တကယ့်ကို လျှာရှည်သည့်ကလေးများနဲ့မှ တွေ့နေရသဖြင့် အချိန် တွေ ပုပ်ကုန်၏။ ဒီမှာ ရှေ့ကလာနေသည့် ပဲပြုတ်သည် ဒေါ်ဘုမကို တိုရှင်း သိုရှင်း မေးရတော့၏။

''ယောဂီအကျီနဲ့ လူမဟုတ်လား မောင်ဆိုင်းနဲ့ ပေါက်ချွန်း''

''ဟုတ်တာပေါ့ အဒေါ်ရာ ဘယ်မှာ တွေ့လိုက်လဲဗျ''

''အကျီ လက်ရှည်လေးနဲ့ . . .''

''ဆိုင်း . . . လုပ်ပြန်ပြီ နောက်တစ်ယောက်''

''ဆိုင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . ပေါက်ချွန်း"

"သင်းတို့ကို မေးမနေနဲ့ ကြာရင် ငါတို့ အမောဆို့ပြီး သေနိုင်တယ်၊ မသေရင် နေဝင်သွားလိမ့်မယ်"

"ပုဆိုးက . . . အဖြူကွက်နဲ့ မဟုတ်လား ငါ့တူမောင်ဆိုင်းရဲ့"

"တော် . . . တော် . . . အမေဘု . . . ကျေးဖူး အရမ်းတင်ပါတယ် ကျုပ်တို့"

"မျက်လုံး မျက်ဖန်ကလည်း ကောင်းမှကောင်းပါတော်"

ကျွန်တော်တို့ ပဲပြုတ်သည် ဒေါ်ဘုမရဲ့ ဟိမဝန္တာ ချီးမွမ်းခန်း ကို ဆက်၍ နားမထောင်တော့. . . မျက်စောင်း တစ်ချက်ထိုးပြီး လှည့်ထွက်လိုက်သည်။ သည့်နောက် ပေါက်ချွန်းက ဘကြီးဖိုးတေအိမ်မှ မြင်းနှစ်ကောင် ခထာငှား၍ ဆွဲလာလိုက်သည်။

ကျွန်တော်တို့ မြင်းနှစ်ကောင်းပေါ်သို့ လွှားခနဲ ခုန်တက် လိုက်ကြသည်နှင့် . . .

"ပေါက်ချွန်း . . ."

"ဘာတုန်း . . . အဒေါ်ကြီး"

"အဲဒီလူ . . . အသားအရည်ကလေ . . . ပုလဲလို . . . ဖြူ ဖြူ"

"တော်ပါတော့ ဒေါ်မိကျောင်းရေ ဖြူချင်ဖြူ မည်းချင်မည်း"

"ပုချင်ပု . . . ရှည်ချင်ရှည် မပြောနဲ့တော့ ခင်ဗျားလည်း ပဲပြုတ်ဆက်ရောင်း၊ ကျုပ်တို့လည်း . . . ဟဲ့ . . . မြင်း . . . ဟဲ့ . . . ဟဲ့"

မြင်းနှစ်ကောင်သည် ခြေနှင့်တို့လိုက်သည်နှင့် ရွာပြင်သို့ လွှားခနဲ ပြေးတော့၏။

"ဘယ်လောက်မှ အချိန်ရှိသေးတာ မဟုတ်ဘူးပေါက်ချွန်းရာ သွားစရာ ဒီတစ်လမ်းပဲ ရှိတာ ခပ်သော့သော့ နှင်ဖော့"

"ဟုတ်တယ် . . . ဟဲ့သားတို့ . . . ဟဲ့"

ကျွန်တော်တို့ နှစ်ဦး မြင်းနှစ်ကောင်ကို ဒုန်းချ၍ ဘေးဘီ ဝဲယာကြည့်ပြီး မိုးကြိုး သွားရာသို့ မှန်း၍ လိုက်ခဲ့ကြသည်။

ပေါက်ချွန်း . . . နောင်တရခဲ့ပြီ။

အမှန်က သူ မိုးကြိုးကို သူ့မယား 'လုအုံးမယ်' ကိစ္စနှင့် အသေသတ်ချင်နေသည်။ သတ်ချင်လွန်းလို့လည်း ဆရာယောင်ယောင်





ဘိုးတော်ယောင်ယောင်နှင့် သူ့သမီး မီးမဖွားနိုင်သည့်ကိစ္စကို အဆုံးခံ အရင်းဘည်ပြီး သမီး သူ့ကြောင့် ထပ်မံ အသက်ဆုံးသည်နှင့် ဓားနှင့် ခုတ်သတ်ရန် ကြံစည်နေစဉ်. . .

မိုးကြိုးရဲ့ ထူးခြားလှသော အစွမ်းကြောင့် ကလေးရော မိခင် ပါ သေဖို့ ရာနှုန်းများနေသည့် အခြေအနေမှသည်. . .

သမီးရော မြေးရော အန္တရာယ် ကင်းရှင်းစွာ အသက်ရှင် ကျန်းမာ မီးဖွားနိုင်သည်ကို လက်တွေ့ မြင်လိုက်ရသောအခါ. . .

သမီးဖော မြေးဖောနှင့် ဓါးကိုလည်း ပစ်ချလိုက်တော့၏။

အခု . . . သူ့နောက်ကို လိုက်နေသည်မှာ . . . မိုးကြိုးကို အသေသတ်ရန် မဟုတ်။ မိုးကြိုးကို ကျေးဇူးတင်လွန်း၍ မိမိအပြုအမူကို အများများ မှိုင်းစိုင်းမှုများကို ဦးချတောင်းပန်ရန် ဖြစ်သည်။

"ဟော . . . ဟိုရှေ့က . . . မိုးကြိုး မဟုတ်လား. . . ပေါက်ချွန်း"

"ဘယ်မှာလဲ. . ."

"ကုက္ကိုပင်တန်းမှာ သွားနေတာ တောင်ဝှေးကြီးနဲ့"

"ဟာ ဟုတ်တယ်. . . လိုက်ကြဖော့. . . ဟဲ့"

"ဟဲ့ . . . ဟဲ့ . . . ဟာ"

"ခွပ် . . . ခွပ် . . . ခွပ်"

"ဖြောင်း . . . ခွပ် . . . ဖြောင်း. . . ခွပ်"

"မိုးကြိုး ရေ . . . မိုးကြိုး"

"မိုးကြိုး . . . သူငယ်ချင်း . . . မိုးကြိုးရေ"

ပေါက်ချွန်းနဲ့ ကျွန်တော် ဝမ်းသာအားရဖြင့် အော်ဟစ်ပြီး မြင်းနှကောင်ကို မိုးကြိုးရှိရာသို့ အပြေးဒုန်းစိုင်းလိုက်၏။

"မိုးကြိုး . . . သူငယ်ချင်း . . . ရပ်ပါဦးဟ"

ခေါ်သံများကြောင့် မိုးကြိုးလှည့်ကြည့်လိုက်သည်။ ၎င်းနောက် ခရပ်ဘဲ ခြေလှမ်းမှန်မှန်ဖြင့် ရှေ့သို့သွားမြဲသွားနေ၏။

"ခွပ် . . . ခွပ် . . . ခွပ်"

"မိုးကြိုး. . . ခဏနေပါဦး . . . ငါတို့ မင်းကို ဝန်ချတောင်းပန်ချင်လို့ပါ"

"မိုးကြိုးရေ . . . ရပ်ပါဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးကား ခြေလှမ်းကိုသွက်သွက်လှမ်းလိုက်၏။ သူတို့ မြင်းနှစ်ကောင်ကို အသားကုန်ကြိုးဆောင့် ခြေတို့၍ မိုးကြိုးနောက်သို့ လိုက်၏။

ထူးဆန်းလှ၏။

ခြေကုန် လေးဘက်ချ၍ အပြင်းလိုက်လာသော သူတို့ မြင်းနှစ်ကောင်ကလည်း ခြေနှစ်ချောင်းအားကိုးနှင့် သွားနေသည့် မိုးကြိုးကို လိုက်၍ မမီ. . .။

မိုးကြိုးသည် . . . ကွင်းထဲသို့ ဖြတ်ဝင်သွား၏။

"မိုးကြိုး . . . မိုးကြိုး . . . ရပ်ပါဦး သူငယ်ချင်းရဲ. ."

ဘယ်လို အော်ခေါ်ခေါ် မိုးကြိုးကတော့ လှည့်မကြည့်ဘဲ ပိတ်ထူနေသည့် ဝါးတောရှိရာသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

သူတို့ မြင်းနှစ်ကောင် ဝါးတောထဲသို့ ရောက်ခဲ့ပြီး မိုးကြိုး အမည်ကို တကြော်ကြော်အော်ခေါ်၍ မြင်းပေါ်မှ ဆင်း၍ လိုက်ရှာကြသည်။ ဝါးတောထဲမှာ တောရိပ်နှင့် သူတို့ခေါ်သံများ ပဲ့တင်ထပ်နေ၏။

ထူပိန်းလှသော ဝါးတောကား. . . လမ်းမရှိ။

ဘယ်လို ခေါ်ခေါ် ရှာရှာ . . . မိုးကြိုးကို မတွေ့တော့။

အံ့ဖွယ် မိုးကြိုးပါလား. . .။

မြေလျှိုးမိုးပျံလေရှေ့ပလား . . .။

နောက်ဆုံး နှစ်ယောက်သား သက်ပြင်းအမောများကို ချ၍ ညောက်တုံး တစ်တုံးပေါ်မှာ ပစ်ထိုင်ချလိုက်သည်။

"မင်း . . . ဆက်ဆံပုံ . . . ရိုင်းလို့ ဒီလိုဖြစ်ရတာ ပေါက်ချွန်း"

"သူ. . . သူ အဲဒီကောင် . . . အံ့သြစရာ အခြေအနေ ဖြစ်နေမှန်း မသိလို့ ငါ ဒေါသနဲ့ လုပ်လိုက်မိတာပါ မောင်ဆိုင်းရာ၊ ငါမှားသွားပါတယ် ကွာ"

"တစ်ချိန်က . . . သူဟာ . . . ရာဇဝင်လူဆိုးကြီး ဖြစ်ခဲ့ ပေမင့် သူအခု လူဆိုးမဟုတ်တော့ဘူး . . . သူတော်ကောင်း ကယ်တင်ရှင် ဖြစ်နေတာကို အလုပ်နဲ့ သက်သေပြတာပဲ . . . နောင် သူနဲ့ ငါတို့ ပြန်ဆုံမှ ဆုံကြပါမလား မသိဘူး . . . ဟူး"

သည့်နောက် နှစ်ယောက်သား အိမ်ရှိရာသို့ မြင်းကိုစီး၍ ပြန်လာခဲ့ကြသည်။

စိတ်ကူးသစ်စာပေ



အိမ်ပေါ်သို့ ရောက်သောအခါ မြစိန်က စာတစ်စောင် လှမ်းပေး၏။

"ဘယ်ကစာလဲ မြစိန်"

"ဘုရားစင်အောက်က ရတာ ဦးလေး ပေါက်ချွန်း"

ပေါက်ချွန်း . . . စာရွက်ခေါက်ကလေးကို ကပျာကယာ လှန်၍ ဖတ်လိုက်သည်။

*"ပေါက်ချွန်း နဲ့ . . . ဆိုင်း"*

*မမိုက်ကြနဲ့တော့*

*မိုက်လက်စကို နိဂုံးချုပ်လိုက်ကြ . . . မင်းတို့ကို ငါခွင့်လွှတ်တယ်. . .။*

*လူတစ်ယောက်ချင်းရဲ့ အားကိုးရာဟာ . . . ဓါးလုံ့ လက်နက် မဟုတ်ဘူး။*

*မေတ္တာပဲ . . .*

*ပြီး . . . ရတနာမြတ် သုံးပါး အနန္တော အနန္တ ငါးပါးပဲ. . .*

*ပေါက်ချွန်း. . .*

*မင်း မိန်းမ. . . 'လှအုံးမယ်' ဒီနေ့ကစလို့ (၇) ရက်ပြည့်ရင် မင်းအိမ် ပြန်ရောက်လာလိမ့်မယ်"*

*နွေး. . . နွေး ထွေးထွေး ကြိုဆို စောင့်မျှော်ပါ သူငယ်ချင်း။*

*တစ်ချိန်က . . . မိုးကြိုး*

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## တစ်ကျွန်းပြန်ကျောက်ဘီလူးရဲ့ ရင်ငွေ့လှုံဘဝအစ

အိမ်ပြန်ရောက်တော့ . . . မိုးကြိုးအကြောင်းကို ပြန်စဉ်းစားရင်း ကျွန်တော် အရမ်းကို အံ့ဩခဲ့ရ၏။

မိုးကြိုး . . .

တစ်ချိန်က နာမည်နှင့် လိုက်အောင် သောင်းကျန်း ကျသည့်မိုးကြိုး. . .

မိုးကြိုးဆိုသည့် နာမည်ကို ကြားသည်နှင့် ကျွန်တော်တို့ရွာ 'ဒီပါအေးမြ' သာမက အဇန်းကော၊ ဝါးခံလောက် ဝါးပိုးကြီး၊ ကျွန်းလေးပင်၊ အရှေ့ပင်လယ် အနောက်ရန်ကုန်အထိ ဖိန့်ဖိန့်တုန်ကြသည်။

ထောင်ထဲမှာလည်း 'မိုးကြိုး' ဟောဆို ထောင်တန်းစီးများ ဝါဒါများကအစ ကြက်သီးထကြ၏။

မိုးကြိုးသာမဟုတ် . . .

သူနှင့် တွဲဘက် လုပ်ဖော် ကိုင်ဖက် ဆိုးသွမ်း သေဖက် ကျွန်တော် (မောင်ဆိုင်း)၊ ပေါက်ချွန်း၊ ဘသိန်းဆောင် တို့ကိုပါလန့်ကြရ၏။

အချုပ်နှင့် ထောင်သည် ကျွန်တော်တို့ လေးဦးအဖို့ အိမ်ဦးနှင့် ကြမ်းပြင်လို ဖြစ်နေ၏။ ဝင်လိုက် ထွက်လိုက် . . .

ကျွန်တော်တို့ ဒေသ အားလုံးရှိ ရွာသူ ရွာသားများ တစ်ချိန်





တုန်းက ကျွန်တော်တို့ လေးဦးကို မြန်မြန်သေကြပါစေဟု နေ့စဉ် မေတ္တာပို့ကြ၏။

ကျွန်တော်တို့ ဟံသာဝတီခရိုင်အရှေ့ခြမ်းကို အဲဒီအချိန် (လွတ်လပ်ရေးပြီးစ)က ကြီးစိုးနေသည့် ရဲဘော်ဖြူခေါင်းဆောင် ဗိုလ်ဘဂျမ်းကလည်း အသေရရ . . . အရှင်ရရ. . . လိုက်ရှာနေ၏။

သို့သော် ကျွန်တော်တို့ လေးဦးသည် စည်းလုံး ညီညွတ်၍ လက်ရဲဇက်ရဲရှိ၏။

သို့ဖြင့် တော်ရုံလူ အနီးနားမကပ်ကြ. . .

အတိတ်ကို ပြန်စဉ်းစားလျှင် . . .

အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေချိန်က ကျွန်တော်တို့လေးယောက် 'ဒီပါအေးမြ' ကျောင်းတိုက်ဆရာတော်ကြီး ဦးကျောက်ဖိုးကျောင်းမှာ ဘုန်းကြီးကျောင်းသားကြီးများ . . .

အားလုံး . . . စစ်ဘေးဒဏ်ကြောင့် အနယ်နယ်မှ အကြောင်းအမျိုးမျိုးနှင့် ထွက်လာခဲ့ကြခြင်း ဖြစ်၍. . .။

ကျွန်တော်က ပန်းတနော်သား. . .။

မိုးကြိုးက . . . သာယာဝတီသား။

ပေါက်ချွန်းက . . . မင်းလှသား။

ဘသိန်းဆောင်က . . . မြောင်းမြသား။

ဘုန်းတော်ကြီး ဦးကျောက်ဖိုးက . . . စစ်ပြေးများ ဒုက္ခသည်များမို့ နေလှုံရပ်နားခွင့်ပေး၍ ပြုစုစောင့်ရှောက်၊ ကျွေးမွေးသွန်သင်ထားပါသော်လည်း

မွေးဗီဇ မကောင်းလှသည့် ကျွန်တော်တို့ လေးယောက်ကမကြာခင် ကျောင်းမှာ ပြဿနာရှာ၏။

အခြား ဘုန်းကြီးကျောင်းသားများကို နှိပ်စက်၏။

ကျောင်းကရှိသမျှ ပစ္စည်းကောင်းများကို ခိုး၍ ရောင်းစား၏။

ဒီအကြောင်းကို ဘုန်းကြီးကို သွားတိုင်၍ တိုင်မှာ ကြိုးတုပ်ပြီး အရိုက်ခံရသည့် အကြိမ်မနည်းတော့ . . .

သွားတိုင်သည့် ဘုန်းကြီးကျောင်းသားလည်း များမကြာမီ ထိပ်ကွဲသော်ကျိုး။

ပြီးလျှင် . . . ရွာထဲ အချိန်မတော်လျှောက်သွား ကြက်ခိုး ဘဲခိုး။



www.burmeseclassic.com

www.burmeseclassic.com



ဇရပ်အိုနှင့် ဘုရားပျက်များမှာ ချက်စား။

ထန်းရည် ခိုးသောက် . . . ရွာထဲက စွာကျယ်ကျယ်ကောင်များကို စိန်ခေါ်၍ တစ်ယောက်ချင်း ရွာပြင် လယ်ကွင်းမှာ ချရင်ချရ မချရသော် လူအုပ်(လေးယောက်အုပ်)နှင့် ဝိုင်းရိုက်၏။ ကျွန်တော်တို့လေးဦး ဆိုးချက်ကြောင့် . . . ဒီပါအေးမြရွာ ဘုရားပွဲ ရုပ်သေးသွင်းရာ ပွဲပျက်လုနီးနီး ဖြစ်ခဲ့၏။

ရွာသူ . . . ချောချောများတွေ့လျှင် လိုက်စကားပြောရကား . . .

သူကြီးအိမ်မှာ . . . ထိတ်တုံး အခတ်ခံရသည့် အကြိမ်လည်း မနည်း။ ကြိမ်ဒဏ် အပေးခံရသည့် အကြိမ်လည်းမနည်း၊ ရွာသားများ ဝိုင်းသတ်မည် တကဲကဲလုပ်၍ နောက်ဆုံး ဒီပါအေးမြ ကျောင်းထိုင် ကျေးရှူးရှင် ဘုန်းကြီးဦးကျောက်ဒိုးက ကျွန်တော်တို့ လေးယောက်အား ရွာမ,နိုင်သားများဖြစ်သဖြင့် ကျောင်းမှ ထုတ်လိုက်၏။

သို့နှင့် . . . ပင်လယ်ဘက်သို့ ရောက်သွား၏။

ပင်လယ်အရပ်သို့ ရောက်သော် ဇကျေးဇူးရှင်ဆရာသမားကောင်း တစ်ဦးနှင့် ထပ်၍တွေ့ကြ၏။

ဆရာကြီး နာမည်ကား . . .

ကျောက်ဘီလူး ဘိုးကျွန်း . . . ဟူသတည်း။

သူသည် ကျွန်းပြန်ဖြစ်၏။ လူသတ်မှုနှင့် ထောင်ကျခဲ့ပြီး လွတ်ရက်စေ့၍ ပြန်လွတ်လာသူဖြစ်၏။ ကျောက်ဘီလူးဆိုသည့် အတိုင်း သူ့မျက်ခွက်သည် ဘီလူးနှင့်အလွန်တူ၏။ မျက်နှာ တစ်ပြင်လုံး အသီးများနှင့် ဦးခေါင်းခန္ဓာကိုယ်မှာလည်း အဖုအသီးအပိန့်များနှင့် . . .

အသားအရည်ကလည်း ကျောက်တုံး ကျောက်သားလို မာကျော၏ သူ့ကို တုတ်နှင့်ရိုက်လျှင် တုတ်ကျိုး၏။ ဓါးနှင့် ခုတ်လျှင် ဓါးပြန်ခုန်ထွက်၏။ လှံနှင့် ထိုးလျှင် လှံခွေ၏။ အချို့က 'ပီး' သည် ဟု ဆိုကြသည်။

ကျွန်တော်တို့နှင့် ဆရာကြီး ကျောက်ဘီလူး တစ်ကျွန်းပြန် ဘိုးကျွန်း ပေါင်းမိပြီး နောက်ပိုင်း . . . ဆရာကြီး ပီးသလားဟု မေးတော့

''ငါ မပီးပါဘူးကွ . . . ငါ့အသားရေက ကျောက်တုံး ကျောက်သားလို မာနေလို့ ဓါးနဲ့ခုတ်ခုတ် တုတ်နဲ့ရိုက်ရိုက် လှံနဲ့ထိုးထိုး ဘာမှ မဖြစ်တာကွ . . .''

ဟုတ်လည်း ဟုတ်သည်။ ဆရာကြီးရဲ့ အသားကို ကျွန်တော်





ဘို့အားလုံး ကိုင်ကြည့်ဖူးသည်။

အကြောတင်းနေသည့် မိကျောင်းကျောကုန်းကို ကိုင်ကြည့် ရသလို အဖုအထစ် အပိန့်များနှင့်၊ ကျောက်ထုအပြင်သားကို ကိုင်ရသလို ကြမ်း၍ မာနေ၏။ မိန်းမလည်း မရှိ . . .

မိန်းမ မရှိရခြင်းကား . . .

သူ့အသားရေများ ကြမ်းတမ်းလွန်းလှ၍ သူ့အနီးသို့ ဘယ်မိန်းမမှ မကပ်ကြ၊ မသိလို့ ကပ်မိလျှင် ချက်ချင်းကို ထပြေးကြရ၏။

သူသည် ဖျာပေါ်မှာ မအိပ်၊ အိပ်လို့မရ၊ ကြမ်းပြင်ပေါ်မှာလည်း အိပ်လို့မရ။ အမြဲတန်း ကောက်ရိုးပုံပေါ်မှာ အိပ်ရ၏။

စားသည့် နေရာမှာလည်း ကြောက်စရာကောင်းအောင် စားသည်။

ထမင်းစားလျှင် ရိုးရိုးပန်းကန်ပြားနှင့် ဘယ်တော့မှမစား၊ ပန်းကန်ဆေး ကြွေဇလုံကြီး (သို့မဟုတ်) သံဇလုံကြီးနှင့် ထည့်၍ ဇလုံတစ်လုံး အမောက်စား၏။ ရေကို မောင်းထောင်ချိုင့်နှင့်သောက်၏။

အရက်ကို တစ်ထိုင်တည်း တစ်ယောက်တည်း ငါးပုလင်းသောက်၏ အေးအေးဆေးဆေး ဖိမ်ယူ၍ သောက်လျှင်(၁၀)ပုလင်း ကုန်၏။ (၁၀) ပုလင်း ကုန်လို့ မူးလျှင် ထ,၍ က၏။

က, သည့်နေရာမှာလည်း မင်းသားလားမှတ်ရ၏။ ရုပ်သေး မင်းသားကြီး ဦးဖိုးညို၊ သီချင်းများလည်း ရ၏။

သံချို ဦးကျော်လှ သီချင်းများလည်း ရ၏။ အောင်ဗလ၊ ဖိုးစိန် သီချင်းများလည်း ရ၏။

ဟုတ်မဟုတ်တော့မသိ . . . သူပြောတာရယ်_

ရတနာပုံ နောက်ဆုံး မင်းတရားကြီး အကျဉ်းစံရာ ရတနာဂီရိ အိမ်တက် မင်္ဂလာပွဲသို့ သွားရောက် တီးမှုတ် ဖျော်ဖြေရင်း 'နေမျိုးဗလကျော်သူဘွဲ့ရ' မန္တလေးသား ဆိုင်းဆရာ ရွှာစားစိန်ဗေဒါ နှင့် ရင်းနှီးသလေး ဘာလေးပြောပြီး (ကြွားတာလား မသိပါဘူးဗျာ) ရွှာစားကြီး စိန်ဗေဒါရဲ့ သီချင်းများကို အသံနက်ကြီးဟစ်၍ ပုဆိုးကျွတ်အောင်က၏။

ပြောရလျှင် . . .

သူသည် . . . အတွေ့အကြုံ ကြွယ်ဝပြီး ဗဟုသုတများလှ ပါသော်လည်း ကျွန်းပြန် လူမိုက် လူဆိုးကြီးတည်း။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထွက် တံငါလှေများကို ခါးပြတိုက်၏၊ နယ်လေးရပ်မှ ပိုက်ဆံချမ်းသာသူ ငါးရွှဲဗိုင် သူဌေးများ စပါးပွဲစား ကုန်သည်များ၊ အင်္ဂလိပ် လက်အောက်ခံ အရာရှိဘုရှာများ၊ ဗျူရိုကရက်များ အိမ်သို့ စီးနင်း၍ တိုက်၏၊ နှိုး၏. . .

အချို့ကို နေ့စား ကြေးစား နောက်လိုက်များနှင့် တိုက်၏။ ဆိုလို့သည်ကား . . . ကျွန်တော်တို့နှင့် မတွေ့ခင်က ဒီသူဌေးအိမ် အနှုကြမ်းစီးမည်၊ လက်စလက်နရှိသူ ဘယ်ကောင် ဘယ်ကောင် လိုက်ခဲ့။ လိုက်ကြေး ညကြေး ဘယ်လောက်ပေးမည်ဟု ပုတ်ပြတ်ပေးခေါ်၍ တိုက်သည် ဟူသတည်း။

လက်ရင်း တပည့် လုံးဝမမွေး . . .

အင်္ဂလိပ်အစိုးရ ပုလိပ်များက သူ့ကို ဘယ်လိုမှ ဖမ်းလို့မမိ၊ သူနှင့် တွဲသူများသာ အကြောင်းကြောင်းကြောင့် မိချင်မိမည်။

ပုလိပ်မိသွား၍ ဖော်ချင်ဖော် မဖော်ချင်နေ သူက လုံးဝ ဂရုမစိုက်။ ဆင်းရဲသား အိမ်မတိုက်ဘူး။ ပိုက်ဆံရှိတဲ့ သူဌေးအိမ်နဲ့ အရာရှိ မင်းမှုထမ်းများအိမ်ကိုပဲ တိုက်မည်ဟုဆိုပြီး တကယ်လည်း တိုက်၏။ တော်ရုံ ပုလိပ်သား နှစ်ယောက် သုံးယောက်နှင့် သူ့ကို ဝိုင်းဖမ်းလို့မရ. . . ပစ်နေသည့် ကျည်ဆံကြားမှ လက်ခမောင်းခတ်ပြီး နောက်ကွမ်းပစ်၍ ခုန်လိုက်လျှင် ကြောင်လိုကျားလို လွှားခနဲ မြင်လိုက်ရပြီး ဘယ်ရောက်လို့ ရောက်သွားမှန်းမသိရ. . .

ယောင်၍များ လိုက်မရှာနှင့် . . .

တစ်ခါမှာ အင်္ဂလိပ် ပုလိပ်သား ငါးယောက် ဝိုင်းပစ်ကြ၏။ လက်ခမောင်းခတ်၍ စိန်ခေါ်ပြီး ကျည်ဆန်များကြားမှ နောက်ကွမ်း ငါးကြိမ်ထိုး၍ ပျောက်သွား၏။ ပုလိပ်သားများ ရိုင်ဖယ် သေနတ်ကိုယ်စီ ချိန်၍ လိုက်ရှာစဉ် နောက်ကျောမှ ရယ်သံကြား၍ လှည့်ကြည့်လိုက်တော့ ကျွန်းပြန် လူဆိုးလူမိုက် ကျောက်ဘီလူး ဘိုးကျွန်း ဖြစ်နေမှန်း သိလိုက်ကြပြီး ပစ်ရန် သေနတ်များ ချိန်လိုက်သည်။

ဘိုးကျွန်း ပြောင်းဝမှ ကျည်ဆန်များ သူတို့ နားရွက်ဘေးမှ ဆံပင်ကြားမှ ဖြတ်သွားသောအခါ ကြောက်လန့်ပြီး ပြေးကြတော့၏။

''ဆရာကြီး ဘာလို့ သူတို့ကို တစ်ခါထဲ ပစ်မသတ်တာလဲဗျ''





မိုးကြိုးက . . . ကျောက်ဘီလူး ကျွန်းပြန်ကြီးကို မေး၏. . .

''မြန်မာလူမျိုးချင်းမို့ မသတ်ရက်လို့ပေါ့ကွ''

''ပထမ ကျွန်းကျတဲ့ လူသတ်မှုကရော ဆရာကြီးရ. . .''

''ချစ်တီး သူဌေးကို သတ်တဲ့ အမှုကွ ဘယ့်နှယ့်ကွာ ငါ့လယ်ကို အကြွေးနဲ့ သိမ်းသတဲ့၊ အတိုးမှန်မှန် ဆပ်နေတာပါကွာ၊ တစ်နှစ် မိုးခေါင်လို့ လယ်က မအောင်လို့ အကြွေးမဆပ်နိုင်တာကို . . . ဂေါ်ရင်ဂျီ ကုလား နောက်လိုက်တွေနဲ့ ငါ့ကို ကန်ကျောက် ရိုက်နှက်ပြီး အိမ်က နေနှင်လွှတ်လို့ ဓားကြီးတောင် ဓါးနဲ့ တီးပစ်လိုက်တာ . . . ချစ်တီးခေါင်း . . . မြောင်းထဲ ကျသွားရော . . . ဟား ဟား ဟား''

''အဲဒါနဲ့ ကြိုးကျတာ အင်္ဂလိပ် ဘုရင်မကြီးရဲ့ ကောင်းမှု ဆိုလား ဘာလားမသိဘူး အနှစ်နှစ်ဆယ်နဲ့ လဲပြီး ကပ္ပလီကျွန်း ရောက်သွားခဲ့တာပဲ မောင်. . .''

သူနှင့် ပေါင်းမိ၍ ကျွန်တော်တို့ လေးယောက် သူ့တပည့် ဖြစ်ကိုသည်မှာ ကံလည်းကောင်း၏။ ကံလည်းဆိုး၏။

ကံကောင်းခြင်းကား . . .

ငွေသောက်သောက်လဲရပြီး စိတ်ကြိုက်သုံးဖြုန်း နိုင်သကဲ့သို့

ကံဆိုးခြင်းကား

သူ့လို မလျှင်၊ မပါး မနပ်၍ အချုပ်နှင့် ထောင်သို့ စံမြန်းရခြင်းဖြစ်၏။

သူနှင့် ကျွန်တော်တို့ လေးယောက် စတွေ့ပုံကလည်း နည်းနည်းတော့ ဆန်း၏။

တစ်နေ့ ဘုန်းကြီးနှင့် ရွာက နှင်လိုက်သဖြင့် ခြေဦးတည့်ရာသို့ သော်ငတ်မွတ်မွတ်နဲ့ ထွက်လာကြ၏။

ရှာ ကြုံရာ သစ္စာခင်းများ ဝင်ခိုး၍ သစ္စာသီးစားပြီး ရေအိုးစင်မှ ရေသောက်လို့ လျှောက်သွားနေခြင်း ဖြစ်သည်။

ဘယ်အရပ်သို့ သွားရမှန်းမသိ ကိုယ်နေရင်း ဒေသသို့လည်း မပြန်ချင်ကြ။ နေရင်းဒေသမှာ ပို၍ ကြပ်တည်းလှ၏။ အင်္ဂလိပ် အစိုးရနှင့် ပုလိပ်အဖွဲ့က မြင်ရာလူ မသင်္ကာရာလူကို ပုဒ်မ အမျိုးမျိုး တပ်၍ ဖမ်းနေချိန်ဖြစ်သည်။ ညဘက်ဆို ဓါးပြနှင့် သောင်းကျန်းသူ ထောင်တွေ...များ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုးလွန်းလှ၏။

မွေးရပ်မြေမှာ နေဖို့မသင့်၍ ဒီကိုထွက်လာကာမှ 'အမြဲတေ' ရှိရာ 'အမြဲတေ'စုရင်း ကျွန်တော်တို့ လေးယောက်ပေါင်းမိသောအခါ ဂိုဏ်းဖွဲ့သလို ဖြစ်ခဲ့ရ၏။

ဒီလိုနှင့်. . . ရွာထိပ် ဇရပ်တစ်ခုသို့ ရောက်ခဲ့ကြ၏။ မောမော နှင့် နားကြပြီး ပက်လက်လှန်သူလှန် ထိုင်ပြီးငိုက်သူငိုက်. . .

ထိုစဉ် ဇရပ်တစ်ဖက်ခြမ်း၌ မျက်နှာတွင် ဘုသီးများထ, နေသည့် လူကြီးတစ်ဦးသည် ငွေစက္ကူများကို ရေတွက်၍ လွယ်အိတ်ထဲထည့် ခေါင်းအုံးပြီး အိပ်မလို့ ပြင်နေသည်ကို ကျွန်တော်တို့ တွေ့လိုက်ကြ၏။

"မိုးကြိုး မြင်လား"

"မြင်တယ် . . . အသာနေ"

ကျွန်တော်တို့ အုပ်စုထဲမှာ မိုးကြိုးသည် ခေါင်းဆောင်လို ဖြစ်၏။ ...က်ရဲ ဖက်ရဲ ရှိ၏။ ဘာလုပ်ရ လုပ်ရ ကြောက်စိတ်မရှိ ခံလည်း ခံရဲ၏။

"ပေါက်ချွန်း . . ."

"ဘာလဲ . . . မိုးကြိုး"

"လက်နက်ရှာကြ"

"ဘာလုပ်မလို့လဲ"

"ဟိုလူကြီးကို ထုပြီး . . . ငွေအိတ်ကို ယူမယ်လေကွာ"

"ဖြစ်ပါ့မလား. . ."

"ငါ့ဘဝမှာ မဖြစ်ဘူးဆိုတာ မရှိဘူး . . . မဖြစ်သေးတာဘဲ ရှိတယ် ဘာသိန်းဆောင် ဘာကြောင်နေတာလဲ . . . လက်နက်ရှာလေ"

သို့နှင့် ကျွန်ုပ်တို့လေးဦး ဇရပ်ဝန်းကျင်မှာ လက်နက်လိုက် ရှာကြသောအခါ လှည်းတံပိုးကျည်းဟောင်း နှစ်ချောင်း အုတ်ခဲ တစ်ခဲနှင့် ဇရပ်မှ ကျိုးပြုတ်ထွက်နေသော နှစ်ပတ်လည် ကျွန်းသားတစ်ချောင်းကို ကံကောင်းထောက်မစွာ တွေ့လိုက်ရ၏။

၄င်းပစ္စည်းများကို ကိုယ်စီကိုင်ပြီး . . . တခေါခေါနှင့် အိပ်မောကျ နေသည့် လူ့ဘုသီးကြီးကို ဝိုင်းထားလိုက်ကြ၏။

ဒီမှာ လူ့ဘုသီးကြီးက ခြေသံကြား၍ ခေါင်းအထောင် မိုးကြိုးက အော်၍ အမိန့်ပေးလိုက်သည်။





"ချ"

"ဖောင်း"

"အား"

"အား . . . အား . . . ဟေ့ . . . ဟေ့"

"ဖြောင်း"

"အား. . . ဟေ့ကောင်လေးတွေ . . . မ . . . မလုပ်ကြပါနဲ့ ကွာ"

"ခွပ်"

"အား . . . အမလေး. . ."

ကျခတ်သား လှည်းတံပိုးကျည်းရိုက်သံ အုတ်ခဲနှင့်ထုသံ နှစ်ပတ်လည် ကျွန်းသားတုတ်နှင့် ရိုက်နှက်သံများ ဇရပ်ပေါ်မှာ ညံနေသည်။ ဒါနှင့်အတူ ခြေနှင့်လည်း ကန်ကြသည်။ ထူးဆန်းသည်ကား လူကြီး ကိုယ်ပေါ်၊ ခေါင်းပေါ် ရင်ဘတ်ပေါ် ကျသမျှ တုတ်များ ကျိုးကုန်ကြ၏။ အုတ်ခဲများ ကြေမွကုန်၏။ လူကြီးကား ဘာမှမဖြစ်။ သူ ကျွန်တော်တို့ လေးဦးကို အံ့သြသလို ကြည့်ရင်း ပါးစပ်မှ အော်ဟစ်ကာ လူးကာလိမ့်ကာ အံ့ကြိတ်ခံ နေ၏။

အချက်ပေါင်းများစွာ ရိုက်၍ ရှိသမျှလက်နက်လည်း တံမြက်စည်း လိုမွှာကုန်၏။ သူ့ကို ကန်ကျောက်၊ ရင်ဝကို ဖနောင့်နှင့် ပေါက်ရလွန်း၍ ကျွန်တော်တို့ ချွေးဒီးဒီးကျပြီး ခြေလက်များ နာကျင်ကာ ခြေကုန် လက်ပန်း ကျနေသည့် ကျွန်တော်တို့လေးဦးသည် ထူးဆန်းလှသော ထိုလူ့ဘီလူးလို လူကြီးကို ထိုင်၍ ကန်တော့ကြရတော့၏။

သည်တော့မှ. . . လူ့ဘီလူး ဦးဘုသီးကြီးက ငုတ်တုတ်ထ၍ ထိုင်ပြီး သူ့ကိုယ်ပေါ်မှ တုတ်ကျိုးတုတ်စ သစ်ကျိုး သစ်စ အုတ်ကျိုးအုတ်စများကို ခါပစ်လိုက်ရင်း . . .

"ကျေနပ်မှု ရှိကြရဲ့လားကွ . . . ဟေ"

ကျွန်တော်တို့ ဘာမှ ပြန်မပြောနိုင်ကြ အားလုံးမောပြီး နုံးနေကြ၏။

"အားရကြရဲ့လားဟ . . . မရသေးရင်. . . ရော့. . . ဒါနဲ့ချ"

"ဟင် . . ."

"ဟာ . . ."

"အမလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျားသား မိုးကြိုး . . . မြတ်စွာဘုရား"

ရှေ့ဒါန့်ချဆိုပြီး လူ့ဘီလူးလို လူကြီးကမ်းပေးလိုက်သည့်ကား လွယ်အိတ်ထဲမှ ပစ္စတိုသေနတ်မည်းမည်းကြီးတည်း . . .။

"ရှေ့လေကွာ . . . ယူပါ"

သူက သူ့နှင့် အနီးဆုံးလူ . . . မိုးကြိုးထံသို့ ပစ္စတိုသေနတ်ကို ထိုးပေးလိုက်သည်ရှိသော် . . . မိုးကြိုး လန့်၍တွန့်သွား၏။

"ဟား . . . ဟား . . . ဟား ရှေ့ ဟိုကောင် . . . ငါ့ကို ပစ်စမ်း"

သည်နောက် . . . ပေါက်ချွန်း ထံသို့ ပေးပြန်၏။ ပေါက်ချွန်းက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဦးခေါင်းကိုရမ်း၏။

"ဒါဆို . . . ဟိုကောင် . . . ပစ် . . . ရှေ့"

ဘသိန်းဆောင်ကား သေနတ်ပြောင်းဝ သူ့ဘက်ရောက်သည်နှင့် ယယ်သံပါအောင် အော်လိုက်၏။

"ဟား . . . ဟား . . . ဟား . . . ဟား အာဂ လူမိုက်တွေ ကိုးကွ ဘာလဲ သေနတ် ဘယ်လိုပစ်ရမှန်း မသိလို့လား ဒီလို လုပ်ရ တယ်ကွ"

ဒီမှာ လူကြီးက . . . ပစ္စတိုတွင်းမှ ကျည်ကပ်ကို ထုတ်ပြ သွင်းပြ၏။ ၎င်းနောက် မောင်းကိုဆွဲတင်ပြ၏။ သော့ကို ဖွင့်ပြပိတ်ပြ၏။

"ဟောဒီ ခလုတ်ကို ဆွဲလိုက်ရင် . . . ဒိုင်းခနဲ မြည်ပြီးကျည် ဆံမှန်လို့ သေရော . . . ရှေ့ ဒီကောင် ပစ်လှည့်စမ်း . . ."

လူကြီးသည် ကျွန်တော့်လက်ထဲသို့ ပစ္စတိုသေနတ်ကို အတင်း ထိုးထည့်ပြီး အကျီရင်ဘတ်ကြယ်သီးများဖွင့်၍ ရင်ကို ကော့ပေးနေ၏။ ဒီမှာ သူ့ရင်ဝတ် အမွေးများကြားမှ . . . မိကျောင်း ကျောကုန်းလို ဖြူတ်သီးထ, နေ့သည့် အဖုအပိန့်များကို မြင်လိုက်ပြီး လူစင်စစ်မှ ဟုတ်ရဲ့လား လူယောင် ဆောင်သည့် မိကျောင်းလား ထင်မိလိုက်၏။

"ညှစ်လေ . . . ခလုတ်ကို ညှစ်ချလိုက် . . ညှစ်ပါ ရဲရဲညှစ် ချလိုက်ပါ"

ကျွန်တော့်လက်ထဲမှ မည်းပြောင်နေသည့် သေနတ်ပြောင်းဝသည် သူ့ရင်ဘတ်နှင့် တစ်တောင်ခန့်သာ ဝေးလှ၏။ မိုးကြိုးတို့ သုံးယောက်က လည်း မျက်လုံးအဝိုင်းသားနှင့် ကျွန်တော်တို့ နှစ်ဦးကို စိုက် ကြည့်နေကြ၏





ကျွန်တော်ရဲ့ ပစ္စတို သေနတ်ကိုင် ညာလက်သည် တုန်ခါနေ၏။

"ပစ်ပါ . . . ချာတိတ်ရ . . . ရဲရဲသာ ပစ်စမ်းပါ"

"ဟင့်အင်း . . . ဟင့်အင်း . . . မ . . . ပစ် . . . ရဲဘူး"

"ဝါး . . . ဟား . . . ဟား . . . ဟား . . . မိုက်တယ်ကွာ ဟား ဟား . . . ဟား သေနတ်တောင် မပစ်ရဲဘူးတဲ့၊ နေစမ်းပါအုံး လူမိုက်ကြီး လေးယောက်ရ ဘယ်လို အစီပွါယ်နဲ့ . . . မင်းတို့ လေးယောက်က အိပ်နေတဲ့ ငါ့ကို ဝိုင်းနက်ကြတာတုန်းကွဟင် ဟိုကောင် မင်းနာမည် ဘယ်သူလဲ"

"မိုး . . . မိုး . . . ကြိုး . . ပါ . . . ခ . . . ခင်ဗျာ"

"မိုးကြိုး ဟုတ်လား ကြောက်စရာ အမည်ပါလားကွ၊ ပြောပါဦး ဘာကြောင့် ငါ့ကို အသားလွတ် ဝိုင်းဖြင်းကြတာလဲ"

"ဟို . . . ဟို . . . အဲ . . . အဲ . . . ဟိုဒင်း . . . ဘာတဲ့"

"ဟား . . . ဟား . . . ဟား . . . ဟား ရယ်ရတယ်ကွာ၊ ပြော ပါ မင်းတို့ကို ငါဘာမှ မလုပ်သေးပါဘူး အမှန်အတိုင်း ပြောနော်၊ လိမ်ရင် ညာရင် . . . ဒီမှာ တွေ့လား . . . လေးယောက်စလုံး . . . တန်း စီပြီး ကျည်တစ်တောင့်နဲ့ အသေသတ်မယ် . . . ပြော"

"ဟို . . . ဟို . . . ပိုက်ဆံလည်း မရှိ . . . ထမင်းလည်း မ စားရတာကြာ ကြာနေလို့ . . . ဆ . . . ဆရာ . . . ကြီး ပိုက်ဆံကို လု လု . . . လု တာပါ . . . ခင်ဗျာ"

"မင်းတို့ ဘယ်ရွာသားတွေလည်း"

ဒီမှာ မိုးကြိုးက ဒီကို ရောက်လာရသည့် ဖြစ်ကြောင်းကုန်စင် ကို နတ်သံနှော ငိုသံပါနှင့် ပြောကြ၏။ ကျွန်တော်တို့လည်း သက်သာရာ သက်သာကြောင်း ရပါစေတော့ဟု . . . ဝိုင်း၍ တောင်းပန် ပြောဆိုကြ၏။

ကျွန်တော်တို့ . . . ဆရာကြီး ဒီလို စွမ်းမှန်း ပီးမှန်း မ . . . မသိလို့ လုပ်မိတာပါ ဆရာကြီးရယ်၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ ခင်ဗျာ"

"ဟုတ်ပါတယ် ဆရာကြီးရယ် . . . နောင်ကို ဒီလို မလုပ်တော့ပါဘူး ခင်ဗျာ"

"နေပါဦး . . . မင်းတို့က . . . ငွေ ဘယ်လောက်တောင်များ လိုချင်လို့လဲ . . ."

"ဟို . . . ဟို . . . ထမင်းဖိုးလေးလောက်ရရင် တော်ပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ. . .''

''ဟား . . .ဟား . . .ဟား တယ်ဟုတ်တဲ့ ကောင်တွေပဲကိုး ထမင်းဖိုးများကွာ . . .ရှာထဲလည်တောင်းရင် ရတာဥစ္စာ''

''ဒီ . . .ဒီလို ရှိပါတယ် ခင်ဗျာ''

''အင်း . . .ရှင်းပါအုန်း ကို . . .မိုးကြိုးရဲ့''

''ကျွန်တော်တို့ အားလုံး ခြေကောင်း လက်ကောင်းတွေချည်း ပဲ ဆိုတော့ ရှာထဲ လည်တောင်းစားရင်လည်း ဆဲလွှတ်မှာမို့ပါခင်ဗျာ''

''ရော့ . . .ဒါတွေ အားလုံး မင်းတို့လေးယောက် ယူလိုက်ကြ''

''ဗျာ''

''ဟင်''

''အလို''

လူကြီးက ပြောရင်းမှ လွယ်အိတ်ထဲမှ ငွေစက္ကူများကို နှိုက်၍ ကျွန်တော်တို့ လေးဦးရှေ့သို့ ချပေးလိုက်၏။ အင်္ဂလိပ် ငွေစက္ကူများ သည် အများကြီး လေတိုက်၍ ငွေစက္ကူများ လေ၌လွင့်ပါကုန်၏။

''ယူလေကွာ ဘာကြည့်နေတာလဲ''

''မ . . .မ . . .ယူ . . .ရဲ ပါဘူး . . .ဆရာကြီး ခင်ဗျာ''

''ဟား. . .ဟား . . .ဟား . . .ဟား ယူပါ ရဲရဲသာ ယူကြပါ အကုန်ယူကြစမ်းပါ၊ ငါက ငွေမမက်ဘူး လူကိုမက်တာ . . .ငါ မင်းတို့ လေးယောက်ရဲ့ သတ္တိနဲ့ ပင်ကိုယ်စိတ်ရင်းကို . . .အရမ်းသဘောကျသွားပြီ မိုးကြိုးတို့ရဲ့ . . .။ ဒီမှာ မင်းတို့ ငါနဲ့ လိုက်နေမလား''

''ဟင်. . .''

ကျွန်တော်တို့ လေးဦး လူ့ဘီလူးကြီးရဲ့ မေးခွန်းကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

''တ . . .တ . . .ကယ် . . .လား . . .ဟင်. . .ဆ ဆရာကြီး''

''ဘုရားစူး မိုးကြိုးပစ်ရစေရဲ့ကွာ လိုက်မလားပြော''

''လိုက်မယ်ဗျာ''

မိုးကြိုးက စ၍ ပြောလိုက်သည်

''ဟိုကောင် . . .ဘယ်သူလဲ''

''ပေါက်ချွန်းပါ ခင်ဗျာ''

---

စိတ်ကူးသစ်စာပေ



''မင်းရော''

''လိုက်ပါ့မယ် ခင်ဗျာ''

''ကျန်တဲ့ ကောင်တွေရောကွာ''

''လိုက်မယ် ဆရာကြီး''

''ကြိုက်ပြီ . . .ငါလည်း ဒီလို ရှင်းမှ ပြတ်မှ ကြိုက်တာ ကိုင်း သွားကြစို့''

''ဘယ် . . .ဘယ်ကို . . .သွား. . .သွား . . .မှာလဲ ဟင် ဆရာကြီး. . .''

''မင်းတို့ ဆာနေပြီဥစ္စာ ထမင်းဆိုင်ကိုပေါ့ကွာ''

''ဟီး . . .ဟီး . . .ဟီး . . .တကယ်နော် . . .ဆ . . . ဆရာကြီး''

''အေးပါကွ. . .လာဟေ့ . . .သိပ်ရှိသေမနေပါနဲ့ကွာ ငါမနေ တတ်လို့ပါ''

''ဒါ . . .ဒါနဲ့ . . .ဆရာကြီး ခင်ဗျာ၊ ဆရာကြီး အမည် ဘယ် လိုများ ခေါ်ခေါ်ပါသလဲ ခင်ဗျာ''

''မှတ်ထားကွ . . .ငါ့နာမည် ဘိုးကျွန်းတဲ့ . . .ကျွန်းပြန်ဘိုးကျွန်း ဆို သူခိုးရော ဓားပြရော အကုန်သိပါရဲ့ဗျာ''

''ကျွန်းပြန် . . .ဘိုးကျွန်း''

''ရက်စ်. . .ဟား . . .ဟား . . .ဟား''

''ဟား. . .ဟား. . .ဟား. . .''

''ဟီး . . .ဟီး. . .ဟီး''

''အဟစ်. . .ဟစ် . . .ဟစ်''

ကျွန်တော်တို့ ကျွန်းပြန် ဘိုးကျွန်းနှင့် ရောယောင်၍ ရယ်လိုက်ကြပြီး ငွေစက္ကူများကို ဝိုင်းကောက်သိမ်းကာ ဆရာကြီး ကိုယ်စား မိုးကြိုးက လွယ်အိတ်ကို လွယ်ပြီး ဇရပ်ပေါ်မှ တန်းစီ ထွက်လာခဲ့ကြလေသည်။

''မင်းတို့ထွက် ရက်ရာဇာဟု ကြားဖူး၏။''

ကျွန်တော်တို့ ဒီနေ့ ထွက်လာသည်ကား. . .ပြဿဒါးရော ရက်ရာဇာရော ဝါရမိတ္တူရော . . .ရောပြွန်းနေပါကောလား။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ခေတ်တုန်းကကျတဲ့မျက်ရည်

ဆိုရလျှင် ကျွန်တော်တို့ ကျေးရွာရှင် ဆရာကြီး ကျောက်ဘီလူး ကျွန်းပြန် ဘိုးကျွန်းကား တကယ့်ရာဇဝင် လူဆိုးကြီးတည်း။

ပင်လယ်မှာ ဓါးပြတိုက်၏။

ရွာပေါင်းစုံက သူဌေးဆိုသူများ အိမ်ကိုစီး၏။

အင်္ဂလိပ် လက်အောက်ခံ မြန်မာ အရာရှိဆိုးများ ချစ်တီး ကုလား သူဌေးများ . . . အိမ်ကို တိုက်၏။

ရသမျှ အကုန်သုံး၏ ဖြုန်း၏။

ဆင်းရဲ နွမ်းပါးသူများ၊ အလွန်ဒုက္ခ ရောက်နေသူများကို တွေ့လျှင် စွန့်ကြဲ ပေးကမ်း၏။ ပြိုင်ဘက်ပေါ်လာလျှင် အပြတ်ရှင်း၏။

သူနှင့် ပေါင်း၍ သူ့တပည့်များ ဖြစ်လာသောအခါ ကျွန်တော်တို့ လေးယောက်သည် လူမိုက်ဖြစ်လာ၏။ မကြာခင် ဓါးပြအဆင့်သို့ ရောက်လာ၏။ သတ်ရဲ ဖြတ်ရဲ ဖော်ရဲ လက်ရဲ ရှိလာ၏။

ဆိုမည်ဆိုလျှင် . . .

တစ်ချိန်က . . . ကျောက်ဘီလူးကျွန်းပြန် ဘိုးကျွန်းသည် တစ်ကိုယ်





တော် မိုက်ဆိုးခဲ့သော်လည်း . . . ယခုအခါ တပည့် လက်သား လူရင်းများနှင့် ဆိုးနိုင်ပြီမို့ ရွာအတော်များများ၊ သူကြီးများ၊ မြို့ပိုင် နယ်ပိုင်များသည် ကျွန်းပြန် ဘိုးကျွန်းကို အသေရရ အရှင်ရရ အလိုရှိနေကြ၏။

ဆရာကြီးကလည်း တိုက်နည်း ခိုက်နည်း ပရိယာယ် အသွယ်သွယ်ကို နှံ့စပ်သင်၏။ ကြာတော့ မိုးကြိုးသည် ဆရာကြီး၏ ညာလက်ရုံး ဖြစ်လာခဲ့၏။ လူကလည်း အသားဖြူဖြူ အရပ်ကောင်းကောင်း ဗလ ကောင်းကောင်းမို့ အမျိုးသမီးများကလည်း သဘောကျကြ၏။

တစ်ချိုကောင်းပြီးလျှင် ကျွန်တော်တို့ ဆရာကြီးက ကိုယ်ယောင် ဖျောက်၍ ငြိမ်နေလိုက်၏။ အဲဒီအချိန်မှာ ကျွန်တော်တို့ကို ဝေစု ခွဲပေးပြီး ကြိုက်ရာမှာနေ ကြိုက်ရာသုံး ပျော်သလိုဖြုန်းကြ၏။

အရေးကြီးတာက ဘယ်အရပ်ကို ရောက်နေနေ လကွယ်နေ့ ကျရောက်တိုင်း (၁၃)ရက်တစ်ကြိမ် ပြန်ဆုံလေ့ရှိ၏။

အဲဒီအချိန်မှာ ကျွန်တော်တို့က ဘယ်ရွာက သူကြီး ဆိုးကြောင်း ဘယ်ရွာ ဘယ်မြို့မှာ ကုလားချစ်တီးများ လယ်သမား ယာသမားများကို ဒုက္ခပေးနေကြောင်း . . .

ဘယ်ပုလိပ်အရာရှိက မြန်မာလူမျိုး အချင်းချင်းကို နှိပ်စက် ပြုမူနေကြောင်း စသည်များကို စုံစမ်း၍ အစီရင်ခံရသည်။

ဘယ်သူဌေးက ဘယ်အိမ်ဖော်မလေးကို မဟားဒယားပြု၍ ကိုယ်ခံနှင့် ထွက်သွားရကြောင်းအထိ စုံစမ်း၍ အစီရင်ခံရ၏။

အဲဒီအမှုများမှာ ဘယ်လို လူမျိုးကို စတင်စီရင်ရမည်အား စိစစ်ကြသည်။ ပြီးနောက် ရက်သတ်မှတ်ပြီး လုပ်ငန်းများကို အကောင်အထည် ဆောင်ကြရသည်။ လုပ်ငန်းပြီးသည်နှင့် လူစုခွဲရ၏။

ဆရာကြီး ကျောက်ဘီလူး ကျွန်းပြန်ဘိုးကျွန်းဘယ်အရပ် ဘယ် အိမ်မှာ နေသည်ကို ကျွန်တော်တို့ လုံးဝ မသိရ။

တစ်ခုပဲ ဆရာကြီးက သတိပေးသည်။

''အတင့်မရဲနဲ့ တစ်ကိုယ်တော် မစွန့်စားနဲ့ မိရင် ကိုယ့်ဖာသာခံ၊ အကောင်လုပ်ရင် ကိုယ့်ဘာဝ ကိုယ်တွေး . . . ဒါပဲ''

တစ်ခါမှာ ကျွန်တော်တို့ လေးယောက်နှင့် ဆရာကြီးဘိုးကျွန်း ဆီရောက်လျှင် ပင်လယ်ဝ စက်လှေ တစ်စီးပေါ်မှာ အရက်အတူ သောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ဆိုခဲ့သလို ဆရာကြီး ဘိုးကျွန်းသည် အရက်အလွန်သောက်နိုင်၏။

အနီးမှာ အရက်ပုလင်းများ တန်းစီထားရ၏။ မသောက်ဘူးဆို နေသာ ထိုင်သာရှိအောင် (၅) ပုလင်းသောက်၏။

ဒီနေ့ တစ်နေ့လုံး စိတ်လွတ် ကိုယ်လွတ်ပဲဟေ့ ဆိုလျှင် တစ်ယောက်တည်း (၁၀) ပုလင်းနှင့် (၁၅) ပုလင်း အထိသောက်သည်။ ရှေးသီချင်းများ အော်ဟစ်၍ဆိုပြီး ကကြိုး အမျိုးမျိုးနှင့် က,လေ့ရှိရကား ပျော်စရာ အလွန်ကောင်း၏။

ပြောရဦးမည် . . .

ဆရာကြီးသည် ရက်စက်သည့် နေရာမှာလည်း ကမ်းကုန်၏။

တစ်ခါက . . . အင်္ဂလိပ် အစိုးရ၏ လက်ကိုင်တုတ် ပုလိပ်အရာရှိ တစ်ဦး (––––) ရွာသို့ ရောက်လာပြီး . . . အင်္ဂလိပ်အစိုးရကို ပုန်ကန်ရန် ကြံစည်နေသည်ဟု ဆိုပြီး လယ်သမား လူရွယ်နှစ်ဦးကို ဖမ်း၍ သူကြီးအိမ်မှာ စစ်ဆေးသည်။

စစ်ဆေးသမှ ပါးနားရိုက်၍ ကန်ကျောက်၍ စစ်ဆေးရာ လယ်သမားသည် နောက်ဆုံး. . . ထိပ်တုံးခတ်၍ထားရင်းမေ့မျော သတိလစ်သွားခဲ့သည်။

လယ်သမား လူရွယ်နှစ်ဦးရဲ့ နာကျင်စွာ အော်ဟစ်သံများ ငြင်းဆိုသံများကို ရွာကကြားသော်လည်း မည်သူမျှ အနားကို မကပ်ရဲ. . .

အချိန်က . . . တောင်သူလယ်သမား သူပုန်ခေတ် ချုပ်ငြိမ်းပြီး အနယ်နယ် အရပ်ရပ်မှ နယ်ချဲ့ ဆန့်ကျင်ရေး အသိနိုးကြားနေချိန်. . .

ဒီမှာ. . .

မတရား အနှိပ်စက်ခံ လယ်သမား နှစ်ဦး ဖြစ်သော အောင်မောင်နှင့် မောင်ကောင်းတို့ ညီအစ်ကို နှစ်ဦးရဲ့ ဇနီးမယား နှစ်ယောက်က မျက်ရည် စို့ရွဲ ရင်ဘတ်စည်တီးရင်း ပုလိပ်အရာရှိ လက်ဝါးကြီး အောင်ငြိမ်းခြေသလုံးဖက်၍ တောင်းပန်ကြ၏။

သူတို့ လယ်သမားများသည် ရှကောင်းရောင်း ကောင်းဝယ် ထကိုင်စားသောက်ကြပါကြောင်း၊ ရာဇဝင်မှု ကင်းရှင်းပါကြောင်း စသည်ဖြင့်

ဒီမှာ ရာဇဝတ်အုပ် လက်ဝါးကြီး အောင်ငြိမ်းက တောသူ ဆွေကြီးပြီး ညို့ညို့ညက်ညက် နှစ်ဦးကို အရက်နိုးပြုန်နေသော မျက်လုံးအစုံ





သိမ်းကြုံးကြည့်ပြီး ရာဂစိတ်ရိုင်းများ လျှံနေ၏။

''နင်တို့ ယောက်ျားများက . . . သူပုန်နဲ့ ဆက်သွယ်တယ်ဆို''

''မဟုတ်ပါဘူး . . . ဘုရား''

(ထိုအချိန်က မျက်နှာဖြူ အရာရှိများကိုသာမက ရာဇဝတ်အုပ်အဆင့် စာသင်(ဘဖေ) အဆင့်ကိုပင် ကြောက်လွန်း၍. . . ဘုရားဟုရိုသေလေးစားစွာ ခေါ်ရသည့်အချိန် ဖြစ်၏။)

''ဘာမဟုတ်ရမှာလည်း . . . တို့ဗမာအစည်းအရုံးလိုလို သခင်လိုလိုကောင် ဝရမ်းပြေးချစ်ခင်နဲ့ စကားပြောတယ် ဆိုတာ ငါတို့ ကြားပြီးပြီဟ. . .''

''မ . . . မဟုတ်ရပါဘုရား . . . သူ့ဖာသာ သူလာတာပါဘုရား တစ်နယ်ထဲသားမို့ . . . ရိုးရိုး စကားလက်ခံပြောမိတာပါဘုရား''

''မလိုချင်ဘူး . . . သူပုန်နဲ့ စကားပြောရင် . . . သူပုန်ပဲ''

''မလုပ်ပါနဲ့ ဘုရား . . . ဘုရား ကျွန်မတို့မှာ သားသမီးများနဲ့ အကွဲရောက်လွန်းလို့ ရာဇဝတ်အုပ်မင်း ဘုရား . . . သနားတော်မူပါဘုရား''

''အဟင်း . . . ဟင်း . . . ဟင်း . . . အေးလေ . . . သနားချင်အောင်လုပ်ရင်တော့ . . . အေ့ . . . အေ့ . . . ဟေ့ . . . သနားရတာပေါ့ဟင်း . . . ဟင်း . . . ဟင်း ကိုင်းပြန်ကြ. . . ငါကောင်းအောင် စီစဉ်ပေးမယ်ကြားလား . . . ညည်း နာမည်ဘယ်သူ''

''မိချင်းပါ ဘုရား''

''ဟင်း . . . ဟင်း . . . ဟင်း မိချင်းက လှလည်းလှ စကားလည်းအပြောကောင်းပဲ ဟို တစ်ယောက် နာမည်ရော ဗျ''

''မဆွဲမိပါ ဘုရား''

''မ . . . ဆွဲ . . . မိ မဆွဲမိလို့ပေါ့ကွာ . . . ဆွဲများ ဆွဲမိရင်ငြိသွားမဲ့ အလှလေးတွေပဲဗျ . . . သူကြီးမင်းရ''

''အဟတ် . . . အဟတ် . . . ဟား . . . ဟား . . . ဟား ရာဇဝတ်မင်းက ပိုအပြောကောင်းပါ့ဗျာ . . . ဟား ဟား ဟား. . .''

တိုတိုပြောရလျှင် . . .

ထိုနေ့ညက သူကြီး ဦးစိန်တစ်လုံး . . . မိချင်းနှင့် ဆွဲမိတို့ အိမ်သို့ရောက်လာ၏။ အောင်ကောင်းနှင့် အောင်မောင်းတို့ အခြေအနေ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ နက်ဖြန် မြို့ဂါတ်သို့ ဖမ်းခေါ်သွားမည် ဖြစ်ကြောင်း ပြောပြလိုက်သောအခါ လင်ညီမနှစ်ယောက် သူကြီး ခြေသလုံးကို ဖက်၍ ငိုကြွေ တောင်းပန်ကြ၏။

နင်တို့ နှစ်ယောက် ...ရာဇဝတ်မင်းရဲ့ အလိုကို လိုက်နိုင်ရင် နင်တို့ လင်များ လွတ်မှာပဲ ... အဲဒါ သဘောမပေါက် နားမလည် ရင်တော့ နေကြတော့''

သို့ကလို ပြောပြီး ...သူကြီး ဦးစိန်တစ်လုံးက ငေါက်ခနဲ ထ လိုက်၏။

''သူကြီး ...သ ...သ...ကြီး''

''သ ...သ ...ကြီး ...''

သူကြီး ဦးစိန်တစ်လုံးက လုံးဝလှည့်မကြည့် ခြေဆောင့်၍ ထွက်လာလိုက်၏။ ဝါးတဲ အိမ်ထဲမှာတော့ မိချင်းနှင့် ဆွဲမိတို့ လင်ညီအစ်မ တစ်ယောက်ကို တစ်ယောက် ဖက်၍ သည်းထန်းစွာ ငိုနေကြဆဲ...

မျက်စေ့သူငယ် နားသူငယ် ကလေးနှစ်ယောက်က မိခင်လုပ်သူများ ကိုကြည့်၍ မျက်ရည် တဝဲဝဲ...။

♛ ♛ ♛

ည ၉ နာရီခန့် ...

သူကြီး အိမ်ပေါ်မှာ ရာဇဝတ်အုပ်မင်းဦးအောင်ငြိမ်းနှင့် သူကြီးတို့ အရက်သောက်နေကြစဉ် ... အိမ်ပေါ်သို့ ပုလိပ်သား တစ်ယောက် တက်လာ၏။

''ဘာကိစ္စလဲ ...မောင်ပိုင်း''

''အိမ်ရှေ့မှာ မိန်းမနှစ်ယောက် ရောက်နေလို့ပါ ...ရာဇဝတ်အုပ်မင်း''

''ဘယ်သူတွေလဲ''

''သူကြီးနဲ့ တွေ့ချင်လို့တဲ့ ...''

သို့နှင့် သူကြီး ဒယီးဒယိုင်နှင့် အိမ်အောက်သို့ ဆင်းပြီး အိမ်ရှေ့ ...ောင်ဆိုပ်အောက်ခြေမှာ ရပ်နေသည့် သူတို့ နှစ်ဦး ရှိရာသို့ သွားလိုက်၏။ ...နှစ်ယောက် မျက်နှာကို ပုဆိုးနှင့် အုပ်လျှက် ...

''ဘယ်...သူ...တွေ...လဲဟေ့''

''ကျွန် ...ကျွန် ...မ တို့ပါ သူ...ကြီး''

''ဪ ...မိချင်းနှင့် ဆွဲမိတို့ပါလား ...တူမကြီးတို့ အဟဲ ...ဲ ... ဟဲ ...ပြော ...ဘာကိစ္စလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို . . . ကျွန်မတို့ . . . ယောကျ်ားများ လွှတ် . . . လွှတ်ပေး . . . နို့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . အေး . . . အေး ကောင်းပြီဗျာ . . .။ လာကြကွဲ့ . . . အောက်လှေကား ကြည့်ကြနော် . . . မြွေပါးကင်းပါး . . . ရယ်"

ထိုညက . . .

သူကြီးကြောင့် . . . ရာဇသီလူးစီးနေသော ရာဇဝတ်အုပ်အောင်ငြိမ်းသည် . . . ရိုးစင်းလွန်းလှသော ပညာမဲ့သော လင်သားအတွက် စိုးရိမ်ပူပန် သောကကြီးလှသော တောသူ မိန်းနှစ်ဦးရဲ့ အသွေးအသားကို ဝါးမြိုခဲ့လိုက်လေသည်။

မိုးလင်းတော့ . . . သူကြီးက အချုပ်ခန်းထိတ်တုံးမှ တရားခံနှစ်ဦးကို ထုတ်၍ ရာဇဝတ်မင်းရှေ့သို့ ခေါ်လာခဲ့၏။

အောင်မောင်းနှင့် မောင်ကောင်း ညီအစ်ကို နှစ်ဦး သွေးစီး မချောက်တချောက် အားအင်ချိနဲ့ နာကျင်စွာဖြင့် ဒူးထောက် ခံစားနေရ၏။

"အောင်မောင်းနဲ့ မောင်ကောင်း"

"ဘုရား . . . "

"မင်းတို့ နှစ်ယောက်ကို ငါသနားလို့ ပြန်လွှတ်လိုက်တာကြားလား"

"မှန် . . . မှန်ပါ . . . ဘုရား"

"အခု . . . မင်းတို့ . . . နှစ်ဦး ခံဝန်လုပ်ရမယ်။ နောင်ကို သူပုန်တွေနဲ့ လုံးဝ အဆက်အသွယ် မလုပ်ရ ဆန်မပေးရ ရေမတိုက်ရ စကားမပြောရ အိမ်ထဲအဝင်မခံရ . . . အဲဒီ ခံဝန်ကို ဖောက်ဖျက်ခဲ့ရင် ထောင်ဒဏ်နားလည်လား"

"နားလည်ပါတယ် ဘုရား"

"သူကြီး . . . ခံဝန်မှာ လက်မှတ်ထိုးပြီး . . . ပြန်လွှတ်လိုက်"

သည့်နောက် ခံဝန်စာအုပ်မှာ မောင်ကောင်းနှင့် အောင်မောင်း ညီအစ်ကို နှစ်ယောက် လက်မှတ် ရေးထိုးကြ၏။

"ငါ့မှာ . . . မင်းတို့ နှစ်ယောက်လွှတ်ဖို့ . . . ရာဇဝတ်အုပ်မင်းကို တိုက်ရကျွေးရ လက်ဆောင်ပေးလိုက်ရတာ မနည်းဘူးကွ"

"ကျေး . . . ကျေးဇူးတင်ပါတယ် ဘ . . . သူကြီးရာ"





"အဲဒါ ငါ့လည်း . . . ဆန်နဲ့ ကြက်ကလေး ပြန်ပေးဦးနော်"

"စိတ်ချပါ . . . သူကြီးခင်ဗျာ . . . ဘသူကြီးကို ကျွန်တော်တို့ ကန်တော့ပါတယ်"

"အိမ်း . . . သာဓု . . . သာဓု . . . သာဓု ဘုန်းကြီးလို့ အသက်ရှည်ပါစေ . . . အနာမျိုး ဘေးမျိုး (၉၆)ဖြာ ကင်းဝေးပါစေ၊ လင်နဲ့မယား သားနဲ့အမိများ ပျော်ရွှင်ချမ်းမြေ့စွာ နေကြရပါစေဗျာ . . . ဘုရား ဘုရား အနိစ္စ . . . ဒုက္ခ . . . အနတ္တ ဝဋ်ကြွေးရှိလို့ အကြွေးဆပ်ရတယ်လို့သာ သဘောထားကြကွဲ့ . . . ကိုင်း . . . ကိုင်း . . . သွားကြ . . . သွားကြ အကြောင်းရှိ ငါ့ကိုပြော ကြားလား"

အောင်မောင်းနှင့် မောင်ကောင်းတို့ ညီအစ်ကို သူတော်ကောင်း သူကြီး ဦးစိန်တစ်လုံးကို ကျေးဇူးများတင်လွန်း၍ ဦးဆယ်ကြိမ်ခန့် ဦးချပြီးနောက် ဝမ်းသာအားရ အိမ်ရှိရာသို့ ပြေးလာကြလေသည်။

"သူကြီး"

"ခင်ဗျာ ရာဇဝတ်အုပ်မင်း"

"ခင်ဗျား . . . သိပ်တော်တာပဲဗျာ"

"အဟဲဟဲ . . . ဟဲ ဟဲ . . . ဒါကတော့"

"ခင်ဗျားကို ငါးရွာအုပ်သူကြီးကနေ ဆယ်ရွာအုပ်သူကြီးဖြစ် အောင်မြို့ပိုင်ကိုရော နယ်ပိုင်ကြီးကိုပါ ကျုပ်အစီရင်ခံပေးမယ် သိလား"

"ကျေးဇူးကြီးပါပေ့ . . . ရာဇဝတ်အုပ်မင်းရယ် . . . ဟဲ့ . . . ယယ်လျှင်"

"ရှင်အဘ . . . "

"ရာဇဝတ်အုပ်မင်းအတွက် အမဲသားကြော်ထပ်ထည့်စမ်း"

"ဟုတ် . . . ဟုတ်ကဲ့ . . . အဘ"

ဒီအချိန်မှာ . . . အိမ်ပေါ်သို့ ရာအိမ်မှူး . . . မောင်ကြွေ ပြေးတက်လာ၏။

"သူကြီး . . . သူကြီး"

"ဘာတုန်း . . . မောင်ကြွေရ . . . အလန့်တကြား . . . မင်းနှမ လင်နောက် လိုက်လို့လား . . . ချီးမှပဲ . . . လန့်သွားတာပဲ"

"ကျုပ် . . . ကျုပ်နှမ လင်နောက် လိုက်လို့ မဟုတ်ဘူး . . . ဟို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် သေလို့ဗျ''

''နှစ်ယောက်သေလို့ . . . ဘယ်သူလည်း . . . မင်း ပတွေးနဲ့ မိတွေးလား . . . ဖွတ်ကျားကောင်ရ . . . ဟင်း . . . အရင်းမရှိ အဖျားမရှိ''

''ဟို . . . ဟို . . . မိချင်းနဲ့ ဆွဲမိ ချောင်းထဲမှာ သေနေလို့''

''ဟေ. . .''

''ဘယ်သူလဲ . . . သူကြီး''

''ဟို . . . ဟို . . . အောင်မောင်းနဲ့ မောင်ကောင်း မိန်းမ မိချင်း နဲ့ ဆွဲမိ ချောင်းထဲမှာ သေနေလို့တဲ့''

''ဟေ. . .''

ရာဇဝတ်အုပ်မင်း မျက်လုံးပြူးသွား သကဲ့သို့ သူကြီးလည်း နား များကားသွား၏။ သို့နှင့် ထုံးစံအတိုင်း နှစ်လုံးပြူး သေနတ်ကို ကောက် ယူလိုက်၏။

''ရာဇဝတ်အုပ်မင်း . . . လိုက် . . . လိုက်ဦးမလား''

''ဟင့်အင်း . . . ဟင့်အင်း သူကြီး. . . သူကြီး ကြည့်လုပ်လိုက် ပါဗျာ ကျုပ်ကျုပ် မူးနေလို့ပါဗျာ''

သို့နှင့် . . . ရာအိမ်မှူးများ ဆယ်အိမ်ခေါင်းများ ခြံရံ၍ ရွာအရှေ့ ဘက်မှ . . . ကုလား နတ်ချောင်းရှိရာသို့ လာခဲ့လိုက်သောအခါ . . . ချောင်း ကမ်းစပ်မှာ ရေစိုရွှဲနှင့် မိန်းမအလောင်း နှစ်လောင်းကို ဝိုင်းကြည့်နေသော လူအုပ်များနှင့်အတူ တွေ့လိုက်ရ၏။

ကြည့်လိုက်တော့. . .

ဆွဲမိနှင့် မိချင်း . . . ညဦးပိုင်းမှာ အသက်ရှင်လျက်နှင့် တွေ့လိုက် ရသေးသည်။ မိုးလင်းတော့ ရေနစ်၍ သေခဲ့ပြီ။

''မောင်ကောင်းနှင့် အောင်မောင်းတို့ ညီအစ်ကိုကား ဇနီးမယား များကိုဖက်၍ ငိုနေကြ၏။ အနီးမှာ ကလေးနှစ်ယောက်ကလည်း ထိန်းမရ အောင် ငိုလျက် တစ်ရွာလုံးကား တောက်တခေါက်ခေါက်. . .

အောင်မောင်းနှင့် မောင်ကောင်း အနိုင်စက်ခံ မတရား အဖမ်း ခံဘဝမှ လွတ်မြောက်လာ၍ ဝမ်းသာကြရပါသော်လည်း ဝမ်းသာအားရ ပြေးကြိုကြသည့် ဇနီးမယားနှစ်ယောက် ချောင်းထဲမှာ ရေနစ်သေသည့် ဘဝကို ကြားလိုက်မြင်လိုက်ရသောအခါ. . .

စိတ်ကူးသစ်စာပေ



''ဘယ်လို ဖြစ်ကြတာလဲကွ ဟေ''

''မသိဘူး . . . သူကြီးခင်ဗျာ . . . ရွာလှေတွေ မိုးလင်းလို့ ချောင်း ထဲ အထွက်မှာ ထဘီစတွေ ရေပေါ်ပေါ်နေတာ မြင်လို့ . . . လှေနဲ့ လိုက်ကြည့် လိုက်မှ ဆွဲမိနဲ့ မိချင်း အလောင်းမှန်းသိရတာဗျာ. . .''

''ဒါ တစ်ယောက်ယောက်လုပ်ကြံ သတ်ဖြတ်တာများလား''

သူကြီး . . . ချက်ချင်း ဝေဖန်ချက်ပေးလိုက်သည်

''မပြောတတ်ဘူး''

နောက်ဆုံး ရိုးရိုး ရေနစ်သေမှု တစ်နည်း၊ မတော်တဆ ရေနစ် သေမှု လုပ်ပစ်နည်း ကြေကွဲစရာ ဘဝများကို နိဂုံးချုပ်ပစ်လိုက်ကြတော့ သည်. . .

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# နယ်ချဲ့ကျွန်ဘေးနှင့်ခြေဆေးသည့်ည

"မိုးကြိုး"

"ဗျာ . . . ဆရာကြီး"

"အားလုံး လက်နက်တွေ အသင့်လုပ်ထား . . . ခရီးသွားစရာ ရှိတယ်"

"ဟုတ်ကဲ့ ဆရာကြီး . . . ဒါနဲ့ ဆရာကြီး . . . ဘယ်ကိုသွားကြမလဲ ဟင်"

"အဲဒါ . . . မမေးနဲ့ . . . ငါ ခိုင်းတာသာလုပ် . . ."

သို့နှင့် . . . မိုးကြိုးက ကျွန်တော်တို့ကို ထပ်ဆင့် အမိန့်ပေးပြန်သဖြင့် ကျွန်တော်တို့ တူးမီးသေနတ်၊ ဓါးရှည်နှင့် လှံများကို အဆင်သင့် ပြင်ဆင်၍ ထားလိုက်ကြ၏။

ဆရာကြီး ကျွန်းပြန်ဘိုးကျွန်း မျက်နှာပေါ်မှာ ဒေါသနှင့် နာကြည်းရိပ်များ ယှက်သန်းနေ၏။ ဆရာကြီးသည် ဘယ်သူ့ကိုမှ စကားမပြော . . .





ဆရာကြီး ကျွန်းပြန်ဘိုးကျွန်း စကားမပြောတော့ဘူး ဆိုလျှင် သွန်စွာ ဖြတ်လန့်ဖို့ ကောင်း၏။

ဒါ . . . သူ တစ်စုံတစ်ဦးအပေါ် မကျေနပ်၍ ဒေါသထွက်၍ ဖြစ်သည် ဟု အရိပ်အကဲကို ကြည့်၍ ကျွန်တော်တို့လည်း မမေးရဲတော့။

ဆရာကြီးသည် အရက်ကိုငုံ၍ ဖိသောက်နေ၏။ သူ့ဝန်းကျင်မှာ အရက်ပုလင်းများ တစ်လုံးပြီး တစ်လုံးလဲနေ၏။ အားလုံး အရက်ပုလင်း (၃)လုံး။ ခါတိုင်းဆို ခုလောက်ရှိ သီချင်းများဆို၍ ကနေပြီ . . .

ဒီလိုနှင့် မကြာခင် နေဝင်သွားတော့၏။

နေဝင်သည်နှင့် ကျွန်တော်တို့ မြင်းငါးကောင်ပေါ်တက်၍ လက်နက် ကိုယ်စီစွဲကာ ဆရာကြီး ကျွန်းပြန်ဘိုးကျွန်း ဦးဆောင်ရာ နောက်မှ လိုက်ခဲ့ကြ၏။ တစ်ရွာပြီး တစ်ရွာ လယ်ကွင်းများကို ဖြတ်ခဲ့ကြ၏။

တောအုပ်များကို ကျော်ခဲ့ကြ၏။ မှောင်ရိပ်များကို ခိုခဲ့ကြ၏။ တစ်ခါ တစ်ရံ ရွာအချို့မဝင်ဘဲ ရွာနံဘေးမှ ပန်း၍ လာခဲ့ကြ၏။

သချိုင်းပျက် သချိုင်းဟောင်း (သုသာန်) ကုန်းတစ်ခုသို့ ရောက်သောအခါ မြင်းများကို နီးရာသစ်ပင်တွင် ချည်နှောင်ခဲ့ပြီး ရွာတစ်ရွာသို့ ညသန်းခေါင်မှာ ဝင်ခဲ့ကြသည်။

မကြာခင် . . . အိမ်ကြီး ရခိုင် တစ်လုံး ရှေ့သို့ရောက်လာ၏။

"အားလုံးရှေ့နောက် ဝဲယာ အသင့်ပြင်ထား . . ."

"ဝိုင်းလာ . . . ဝင်လာရင် . . . ခွေးကအစ အကုန်သတ်မယ် ကြားလား"

"ဟုတ်ကဲ့ . . ."

သည့်နောက် စည်းရိုးဝမှ နေ၍ အော်လိုက်၏။

"သူကြီး . . . သူကြီး"

"ဗျို့ . . . သူကြီး"

ကျောက်ဘီလူး ကျွန်းပြန်ဘကျွန်းက သူကြီးဟု ခေါ်လိုက်မှ ဒါ သူကြီး အိမ်မှန်း သဘောပေါက်ပြီး ကျွန်တော်တို့ သေနတ်များ လက်နက်များကို ပိုပြီး အဆင်သင့်ပြင်ထားလိုက်ကြ၏။

"ဘယ်သူလဲကွ . . . အချိန်မတော်"

"ရွာဖျားမှာ ဓါးပြတိုက်နေလို့ ထ,ပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . ရွာဖျားမှာ ခါးပြတိုက်နေလို့"

"ဟုတ်တယ် . . . မြန်မြန်လုပ်ပါဗျ . . ."

သူကြီး အိမ်တံခါး ပွင့်သွား၍ . . . မီးရောင်ကို မြင်လိုက်ရ၏။ မကြာမီ သူကြီးအိမ်ပေါ်မှ နှစ်လုံးပြူးကြီး ကိုင်၍ ဆင်းလာပြီးခြံတံခါးဝမှာ ရပ်လိုက်၏။

"သူကြီး . . . ဦးစိန်တစ်လုံး မဟုတ်လား"

"ဟေ . . . မင်းတို့ ဘယ်သူလဲ"

"ကျုပ်ပါဗျာ . . . ရော့"

"ဒွပ် . . ."

"အား . . . အား . . . အား"

ကျွန်းပြန် ဘိုးကျွန်းသည် တံခါးဖွင့်နေသည့် သူကြီး ဦးစိန်တစ်လုံး၏ သေနတ်ကိုင်လက်ကို လှံနှင့် ထိုးချပြီး သူ့လက်ထဲမှ နှစ်လုံးပြူး သေနတ်ကို လှမ်းဆွဲလိုက်၏။ ဒီမှာ သူကြီး ရန်သူမှန်း ရိပ်မိသွားပြီး ဒဏ်ရာကို လက်နှင့် အုပ်ရင်းမှ အော်ရန် ပြင်လိုက်စဉ် . . .

"ဖုန်း"

"အွတ် . . . အား . . . အား"

သူကြီး ရင်ဝကိုဖိ၍ ရှေ့သို့ညွတ်အကျမှာ ကျွန်းပြန်၏ ညာဒူးက သူကြီး မျက်ခွက်ကို ဖောင်းခနဲ ဝင်သွားကာ နောက်ပြန်လွင့်၍ လန်ကျသွားသည်။ ဒီမှာပဲ အိမ်သူအိမ်သားများ နိုးလာကြပြီး အော်ဟစ်ရန် ပြင်ဆင်လိုက်စဉ် ကျွန်တော်တို့၏ သေနတ်ပြောင်းများ ဓါးဦး လှံများက သူတို့၏ ရင်ဝများကို တေ့ပြီးသား ဖြစ်သွား၏။

သူကြီး ဦးစိန်တစ်လုံး မြေပေါ်မှာ မျက်နှာသွေးသံရဲရဲနှင့် လူးလွန့်နေ၏။ ဒီမှာ ဆရာကြီး ကျွန်းပြန်က ကုပ်မှဆွဲ၍ ထိုင်ခိုင်းလိုက်၏။

"သူကြီး"

သူကြီး ရင်ဝကိုဖိ၍

"ဗျာ . . . ဗျာ . . . ဗျာ"

"ကျုပ်ကို သိလား"

"မ . . . မသိပါဘူး . . . ခံ . . . ခမျာ"

"ကျောက်ဘီလူး ကျွန်းပြန် ဘိုးကျွန်းလေ"





"အမလေးဗျ . . . ကျောက် . . . ကျောက် . . . ဘီလူး ကျောက်ဘီလူး ခင် ခင်ဗျား ဘာ ဘာ အလိုရှိလို့ပါလဲဗျာ ဟင်း ဟင်း"

"ကျုပ် ဒီည အလိုရှိတာ ခင်ဗျား အသက်ပဲ သူကြီး"

"ဗျာ . . ."

"အမလေးတော့ . . ."

"မ . . . မ . . . လုပ်ပါနဲ့ အစ် . . . ကို . . . ကြီး . . . ရယ် ကျွန်မယောက်ျားမှာ ဘာ . . . ဘာ အပြစ်များ ရှိလို့ပါလဲရှင် . . . ကျွန်မတောင်းခံပါတယ်နော် အစ်ကိုကြီး"

"ဟား . . . ဟား . . . ဟား . . . လွန်ခဲ့တဲ့ အပတ်က . . . မိချင်းနဲ့ ခွေးဆိုတဲ့ တောသူအရိုင်း အရိုးခံမလေး နှစ်ဦးလည်း . . . ညည်းလိုပဲ ဟောဒီ ညည်းလင်သူကြီး . . . မိန်းမတိန်းရဲ့ ခြေသလုံးကို ဖက်ပြီး တောင်းပန်ခဲ့သေးတာပေါ့ . . . ဒါပေမယ့် မင်းက ရာဇဝတ်အုပ် အောင်ငြိမ်းနဲ့ ပေါင်းပြီး ကိုယ့်ရာထူး တိုးဖို့အတွက် ကိုယ့်ရွာသူကို ရာဇဝတ်အုပ်တဏှာရူးအတွက် ညှိခံခဲ့တယ်လေ သူကြီး . . ."

"ခင် . . . ခင် . . . ဗျာ အား . . . ကျွတ် ကျွတ် ကျွတ်"

သူကြီး၏ လက်လုံချက်ဒဏ်ရာက သွေးတပေါက်ပေါက် ကျနေသည်။ သူကြီးရဲ့ နဖူးမှာသာမက သူကြီးရဲ့ဖနီး မသည်းခေါင် သူတို့ သမီး မွှေးဖ' ဆိုသူလေးရဲ့ မျက်နှာများမှာပါ ဇောချွေးများ ညွတ်နေ အောင်သီးနေသည်။

ဝေနေအောင် ပွင့်နေ၏။

နှုတ်ခမ်းများ အသားများသည် စောင်းကြိုးလို တုန်ခါနေ၏။

"မင်းရဲ့ကောင်းမှုကြောင့် အမှုဆင် အဖမ်းခံရတဲ့ မောင်ကောင်းနဲ့ အောင်မောင်း မိုးလင်းလို့လွှတ်ခဲ့ပေမယ့် သူတို့ရဲ့ မယားနှစ်ယောက်ကလင်းတော့(ကုလားနတ်) ချောင်းမှာ သေနေခဲ့တယ် . . . အဲဒါ ဘယ်သူ့လက်တာလဲ သိလား . . . သိလား"

ကျောက်ဘီလူး ကျွန်းပြန်ဘိုးကျွန်းက ဟိန်းထွားအောင် အော်လိုက်၏။

"မ . . . မ . . . သိပါဘူး . . . ခံ . . . ခံ ဗျာ . . . အား . . . အား"

"အဲဒါ မင်းနဲ့ ရာဇဝတ်မင်း အင်္ဂလိပ်ကျွန်ကြောင့် အပြစ်မဲ့



www.burmeseclassic.com

www.burmeseclassic.com



လင်သားများအတွက် အချစ်နဲ့ သူတို့ဘဝ လဲလှယ်ပြီး(ကုလားနတ်) ချောင်းမှာ ကိုယ့်အရှက် အသက်နဲ့ စတေးခဲ့လိုက်တယ်။ အဲဒီလူသတ်တရားခံ မင်းတို့ . . . မင်းတို့လို အမျိုးသား သစ္စာဖောက် . . . တစ်ပါး ကျွန်လောက်ကောင်မျိုး . . . လူ့ပြည်မှာ ရှိရင် ရှာနာတယ်၊ ဒါကြောင့် . . .”

“ဆ . . . ဆ. . . ရာကြီး”

“အစ် . . . ကို . . . ကြီး”

“ဦး . . . ဦး . . . လေး”

မိသားစုရဲ့ ကြောက်လန့်တကြား အော်သံများ အိမ်ကြီး ရခိုင်ထဲမှာ ငြေမွှက်သလို ဆူညံသွားကြသည်။

“စွပ်”

“အား . . . အ . . . အ”

“အမ်. . . မယ်. . . လေး”

“အ . . . ဖေ . . . အဖေ”

တောင်းပန် အော်ဟစ် ငိုကြွေးသံများ ဒူးထောက် ခစားဟန်များ ရှိစရာကောင်းသည့် အချိန်မှာပင် ကျောက်ဘီလူး ကျွန်းပြန် ဘကျွန်းရဲ့ လက်ထဲမှ လှံသွားသည် အမျိုးယုတ် လူယုတ်မာ သူကြီးရဲ့ လည်ပင်းကို ဖောက်၍ ထွက်သွားသည်။

လှံကို ပြန်နှုတ်လိုက်သောအခါ သွေးငေါက်တောက် ပန်းထွက်ပြီး သူကြီးမှာ ရှေ့သို့မှောက်လျက်လဲကျ သွားခဲ့လေသည်။ ကျွန်တော်တို့အားလုံး သွေးအေးလှသည့် ဆရာကြီး ကျွန်းပြန် ဘိုးကျွန်းရဲ့ လက်ကျ လက်နှင့် သူ့ရင်ထဲမှ လူပီသလှလွန်းလှသော ခံစားချက်ကို လက်တွေ့ကြားမြင်လိုက်သောအခါ . . .

“အားလုံး မှတ်ထား လုံးဝမအော်နဲ့ . . . အော်ရင် တစ်အိမ်သားလုံးကို သတ်ပစ်မယ် . . . ကြားလား . . . လာ သွားကြစို့”

ပြီးနောက် ကျွန်တော်တို့ အားလုံး သုသာန်ထဲသို့ ပြန်လာပြီး မြင်းကိုယ်စီ စီးကာ အခြားရွာ တစ်ရွာသို့ ခရီးနှင်ခဲ့ကြ၏။

ငှင်းရွာကား . . .

အင်းမကြီးဆိုသော ရွာကြီးဖြစ်၏။ ရေလုပ်ငန်းနှင့် ကြီးပွားသည့် ရွာကြီး ဖြစ်ရကား လူချမ်းသာရော လူမိုက်ရော ပေါသည့်ရွာ ဖြစ်၏။





ဒီမှာ ဆရာကြီးက ဖားအော်သလို ငွပ် ငွပ်နှင့် အသံပြုလိုက်သောအခါ ခမောက်နှင့် လူက မှောင်ထဲမှာ ဖားလို အသံပြန်ပြုလိုက်၏။

ဆရာကြီးက ကျွန်တော်တို့ကို ခဏနေခဲ့ အသံမထွက်ကြနဲ့ဟု ပြောပြီး ထိုလူစိမ်းနှင့် စကားအတန်ကြာ ပြောနေ၏။

ပြီးနောက် . . .

“မင်းတို့ နေခဲ့ ငါကိစ္စ ရှိလို့သွားလိုက်ဦးမယ်”

“ကျွန်တော် လိုက်ခဲ့မယ် ဆရာကြီး. . .”

“မိုးကြိုးက စိတ်မချဟန်နှင့် လှမ်းပြောလိုက်သည်ကို ဆရာကြီးက သက်ဝါးကာ၍ ပြုံး”

“သေနတ်သံကြားရင် မင်းတို့ပြေးနှင့်ကြ . . .”

သည့်နောက် ဆရာကြီးက လူစိမ်းကို မြင်းပေါ်တင်၍ အရှေ့စူးစူး မှောင်ထဲသို့ နှင်လိုက်၏။

အချိန်သည် အတန်ကြာသွားခဲ့၍ . . .

ကျွန်တော်တို့ အားလုံးရဲ့ ရင်သည် တထိတ်ထိတ် ဆရာကြီးအတွက် အားလုံး စိုးရိမ်နေကြသည်။ ဆရာကြီးသည် ကျွန်တော်တို့အတွက် ခင်လည်း ဖြစ်၏။ ဆရာလည်း ဖြစ်၏။

ဆရာကြီး ဘာရည်ရွယ်ချက်နှင့် ဘာတွေလုပ်နေသည်ကို ကျွန်တော်တို့ မသိ ဆရာကြီးသည် လျှို့ဝှက်လွန်းလှ၏။

သို့နှင့် . . . နှစ်လုံးပူးသေနတ်ကို ကျည်အသင့်ထိုး၍ ရင်တထိတ်ထိတ်နှင့် စောင့်နေကြ၏။

ဒီမှာ မိုးကြိုးက ဆရာကြီးကို စိတ်မချ၍ လိုက်သွားမည် လုပ်၏။

“ငါလိုက်သွားမယ် . . . ကြာလှပြီ”

“လိုက်သွားရအောင် . . . မင်းက ဝင်လမ်းထွက်လမ်းသိလို့လား”

ပေါက်ချွန်းက မေးလိုက်၏။

“မိုးကြိုး. . . ဆရာကြီးကို သူတို့ တော်ရုံနှင့် သတ်လို့ရမှာ မဟုတ်ဘူး”

“လူအုပ်နှင့် မိသွားရင် ဘယ်လို လုပ်မလဲ . . . ငဆိုင်း”

“ဒါဆို. . . နောက်နေ့ကျရင် . . . တစ်ရွာလုံး အမှုန့်ချေပစ်ကြရမှာပေါ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကို သူတို့ နောက်ဆုံး လက်ခံလိုက်ပြီး စောင့်မျှော်နေကြစဉ် မြင်းခွာသံ သဲ့သဲ့ကို ကျွန်တော်တို့ ကြားလိုက်ရပြီး ခေါင်းထောင်မျှော်၍ ကြည့်နေစဉ် . . .

မှိုင်းပျပျ လရောင်အောက်မှာ မြင်းတစ်ကောင်နှင့် လူတစ်ယောက် မြင်းကို ဒုန်းစိုင်းလာနေ၏။

ကြည့်နေစဉ်မှာပင် သူသည် ကျွန်တော်တို့ရှိရာသို့ တန်းဝင်လာ၏။

"ဆရာကြီး. . . လား"

"အေး . . ."

"အခြေအနေ ဘယ်လိုရှိလဲ ဆရာကြီး"

ဘာမှန်း မသိဘဲနဲ့ ကျွန်တော်တို့ လှမ်းမေးလိုက်ခြင်းပဲ ဖြစ်၏။

"အားလုံး ပြီးသွားပြီ . . . သွားစို့"

ဒီမှာ ဆရာကြီး လျှာရှည်ရှည်နှင့် ဝင်မေးလိုက်၏။

"ဆရာကြီး"

"ဘာလဲ . . . မိုးကြိုး"

"တစ်ယောက်တည်း အရဲစွန့်လိုက်တာဗျာ . . . ဘာသွား လုပ်တာလဲဟင်"

"မိုးလင်းရင် နားထောင်ပေါ့ကွာ . . . သွားစို့ ဟဲ့"

ကျွန်တော်တို့ မြင်းများကို တောင်တန်းနှင့် တောအုပ်ရှိရာသို့ လှည့်လိုက်ကြသည်။

စကားလုံးဝ မပြောကြ၊ လမ်းခရီးမှာလဲ ဘာအနှောင့်အယှက်မှ မတွေ့ကြ။ နောက်တစ်ရက်ရောက်တော့ သတင်းဆိုးတစ်ခု ကြားလိုက်ရသည်။

ရာဇဝတ်အုပ်မင်း ဦးအောင်ငြိမ်း တစ်ယောက် . . . တနင်္ဂနွေနေ့ ညသန်းခေါင်ကျော်မှာ အသတ်ခံလိုက်ရသည်တဲ့ . . . ။

သေပုံကလည်း ဆန်း၏။

(အင်းမကြီး) ရွာသူကြီး အိမ်ပေါ်မှာ မိန်းမတစ်ယောက်နှင့် ပျော်ပါးပြီး အိပ်မောကျနေစဉ် သူ့လည်ပင်းမှာ ဓားမြှောင် တစ်ချောင်း အဆုံးဝင်၍ သေနေသည့် သတင်း . . . ။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အိမ်ရှင်သူကြီးနှင့် အရပ်ပျက်မလေး





ကို ခေါ်ယူ စစ်ဆေးနေသည်ဟု ကြားရ၏။

နောက်ဆုံး (အင်းမကြီး) သူကြီး ဦးစိန်တစ်လုံး အပါအဝင် အစ်ညတည်း ရှေ့ဆင့် နောက်ဆင့် အသတ်ခံရသည်ကို အကြောင်းပြု၍ ဒီလူသတ်တရားခံသည် ကျွန်းပြန်ကြီး ကျောက်ဘီလူး ဘိုးကျွန်း၏ လက်ချက်ဟု ကောက်ချက်ချပြီး ဘိုးကျွန်းနောက်သို့ အပူတပြင်း လိုက်လံ ဖမ်းဆီး ထောက်လှမ်းနေသည်ဟု ရွာခံလူများမှ တစ်ဆင့်ကြားရသောအခါ. . .

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

## မိကျောင်းနှင့်နပန်းလုံးသည့်တစ္ဆေကြီး

ကျွန်တော်တို့ ဆရာကြီး ကျွန်းပြန်ဘိုးကျွန်းသည် ဘဝစုံသည်နှင့် အမျှ ရက်စက်ရာမှာလည်း ကမ်းကုန်သူဖြစ်၏။

ဒါနှင့်အတူ ပျော်ပျော်နေရာမှာလည်း ပြိုင်စံရှားသူဖြစ်၏။

တစ်နေ့ကလည်း ကြည့် . . .

''ဘသိန်းဆောင် . . .''

''ဗျာ . . . ဆရာကြီး''

''ငါ . . . ညောင်းလွန်းလို့ . . . နှင်းစမ်းကွာ''

ဘသိန်းဆောင်ကား ကျွန်တော်တို့ လေးယောက်ထဲမှာ ဗလ ကောင်းပြီး ထွားကျိုင်းလှသူ ဖြစ်၏။

''လှဲလိုက်လေ ဆရာကြီး''

သို့နှင့် ဆရာကြီးက ဆေးပြင်းလိပ်ကို ခဲ၍ ဖျာပေါ်မှာ လှဲချ လိုက်၏။ ဒီမှာ ဘသိန်းဆောင် သူ့ကိုယ်လုံးထွားကြီးနှင့် တက်နင်း၏။ ငါး မိနစ်ခန့် ကြာသော် . . .

''ပေါက်ချွန်း . . .''

''ဗျာ . . . ဆရာကြီး''





''မင်းပါတက် နင်းစမ်းကွာ . . . လူလွန်မသား ကိုယ်က ပေါ့လိုက် တာ ချိုးမှပဲ . . . ပုရွက်ဆိတ် တက်တာကျနေတာပဲ''

မြတ်စွာဘုရား . . . ဘသိန်းဆောင် ကိုယ်လုံးနှင့် ကျွန်တော်တို့ များ နင်းလိုက်ရင် အသားများ ကြေသွားနိုင်၏။ ခုတော့ သူ့ကိုယ်ပေါ်မှာ ပုရွက်ဆိတ် လျှောက်သလိုပဲတဲ့ . . .

သို့နှင့် . . . ပေါက်ချွန်းက ခါးတောင်းကျိုက်ပြီး ဘသိန်းဆောင် နှင့်အတူ ဆရာကြီး ပေါင်ကို တက်နင်း၏။ ဒီလိုနှင့် ငါးမိနစ်ခန့် ကြာသော အခါ . . .

''မိုးကြိုး . . .''

''ခင်ဗျာ . . . ဆရာကြီး''

''ဒီအမဲသားနှစ်ကောင် ငါ့ကိုယ်ပေါ် နင်းနေတာ စာကလေးလမ်း လျှောက်သလို ဖြစ်နေတယ်။ မင်းပါ တက်နင်းစမ်းပါ . . .''

''ဗျာ . . . ဖြစ်ပါ့မလား . . . ဆရာကြီး''

''ဖြစ်ပါတယ် . . . နင်းစမ်းပါ။ အကြောတက်နေလို့ . . . မြန်မြန် လုပ်ကွာ''

သို့နှင့် . . . ဆရာကြီး ခြေသလုံးပေါ်မှာ ယောကျ်ားကြီး သုံး ယောက် နွားစပါးနယ်သည့်နှယ် နင်းကြတော့၏။

''အင်း . . . အင်း''

''ဒူးခေါက်ကြောကိုနင်းပါကွ''

''နင်းပါတယ် ဆရာကြီးရ''

''ဘုန်း''

''အား . . . အမလေး . . . သေပါပြီဗျ . . . အား . . . လားလား''

''ဟာ . . . ဟာ''

''ဆရာကြီး . . . ဆရာကြီး''

''ဂစ် . . . ဂစ် . . . အစ် . . . အစ်''

''ဆရာကြီး . . . ဆ . . . ရာ . . . ကြီး''

''အင်း . . . အင်း . . . အား . . . အား''

သုံးယောက်နင်းရင်း တန်းလန်းမှ တင်ပဆုံကို နင်းနေသည့် လူ ထွားကြီး ဘသိန်းဆောင်၏ ခြေဖဝါးသည် တင်ပါးမှ ချော်ပြီး ဆရာကြီး၏



www.burmeseclassic.com

www.burmeseclassic.com



သယ်ပါသစ်ပုံကို ချော်၍ နှင်းမိသည်ရှိလေသော် ဆရာကြီးသည် မနည်းကို ချုပ်ထိန်းရလေ၏။

"အ ...အခြေ ...အ ...နေ ...ကောင်းကောင်းရဲ့ လား...ဆ ...ဆရာကြီး"

"ဘုရား ...ဘုရား ...ကောင်း ...ကောင်းသွားပြီ ...သိန်း သိန်းဆောင်"

"ခံ...ခင်ဗျား ...ဆ ...ဆရာကြီး"

"တိရစ္ဆာန်ကောင် ...ဟင် ...မင်းငါ့ကို အသေလုပ်တာလား ဟင်"

"ဟုတ် ...ဟုတ်ကဲ့ အဲ...အဲ ...အဲ ...မ ...မဟုတ် ပါဘူး"

"ဆ...ဆရာကြီး ခင်ဗျား မ...မတော်တဆ ချော်ကျပြီး နှင်း နှင်းမိတာပါ..."

"တောက် ...တော်တော် ရက်စက်တဲ့ ကောင်ကွာ ...မျက်လုံး ထဲမှာ ပြာပြီး မှောင်သွားတာပဲ၊ သေသေချာချာ နှင်းကြပါကွာ ရှိုး ...မှပဲ"

"ကန်...ကန်...တော့ဆရာကြီး ခင်ဗျား ကန်တော့ပါ ခင်ဗျာ"

ဘသိန်းဆောင် လက်အုပ်ချီ၍ တောင်းပန်ရင်း သုံးယောက်သား အိမ်ထရံကို လက်နှင့် ထိန်းကာ မှန်မှန်လေး နှင်းကြလေ၏။

"ခေါ်င်း..."

ဒီမှာပဲ ငိုက်နေသည့် ကျွန်တော့် နာမည်ကို ဆရာကြီး ခေါ်လိုက် ပြန်၍ ခေါင်းထောင်ကြည့်လိုက်၏။ ...

"ဆရာကြီး ခေါ်သလား"

"မင်းပါတက် ...နှင်းစမ်းကွာ ...သုံးယောက် နှင်းနေပုံက ဖွက်ထဲ ...ရေကြက် လမ်းလျှောက် နေတာကျနေတာပဲ ...။ အကြော မပြေဘဲ ပိုတောင် ညောင်းလာတယ် မင်းပါဝင်နင်း"

"ဖြစ်ပါ့မလား ဆရာကြီး လေးယောက် နင်းရမှာ"

"မဖြစ်ဘဲနဲ့ ငါက အသေခံခိုင်းရမလားကွ မြန်မြန်နင်း"

ကိုင်း ...မထူးတော့ပြီ နောက်ဆုံး သူပေါင်ပေါ်က သုံးယောက် ကလည်း ကျွန်တော့်ကို ခေါင်းညိတ်ခေါ်နေပြီ။ ဖြစ်ချင်ရာဖြစ် လေးယောက်





သား လက်ချင်းချိတ်ပြီး တက်နင်း လိုက်ကြသည့်မှာ နွားများ တလင်းထဲ ပေါ်နယ်သည့် အတိုင်းရှိနေ၏။

ကြည့်စမ်း ဆရာကြီး ပေါင်ကြော ခြေသလုံးကြောများမှာ သံချောင်း လို မာတင်းနေ၏။ ပြီး ပေါင်နှစ်ဖက်စလုံး အဖုအထစ်များနှင့်

"အင်း ...အင်း ကောင်းလိုက်တာကွာ ခြေဖျားကို နင်းပါ ဆိုင်းရ"

"ဟုတ်ကဲ့ ဆရာကြီး"

"အလဲ့လဲ့ အင်း အင်း သာဓုဗျာ သာဓု ငါ့သားတပည့်များ အကယ့်ကို အားကိုးရတယ် ကွယ် ...အား ...လား ...လား ဖနောင့်နဲ့ ကြိတ်တယ်ကွ"

"ဟော့ကောင် လေးကောင်"

"ဗျာ ...ဆရာကြီး"

"မင်းတို့ ...ဘာသီချင်းရလဲကွာ"

"ဗျာ..."

"ဘာသီချင်းရလဲလို့ မေးနေတာကွ"

ဒီမှာ ဘသိန်းဆောင်က ကြောက်ကြောက်ရွံ့ရွံ့နှင့်...

"လျှပ်ပန်းခွေနဲ့ သီချင်း နည်းနည်းရပါတယ်၊ ဆ...ဆ ...ဆ ဆရာကြီး"

"ဟိုကောင် ...ပေါက်ချွန်းရော"

"ကျွန်တော်လား ..."

"အေး ဟုတ်တယ် ...မင်းကို မေးနေတာ ချီးမှပဲ"

"ကျွန်...ကျွန်တော်...ဟို...ဟို ...သီချင်း..ခင်ဗျာ"

"ဘာ သီချင်းလည်းကွ"

"ဟိုဒင်း ဆရာကြီးရယ်...ဟိုဟာဗျာ ...ဟိုဒင်းလေ"

"ငါ သီချင်း စပ်ရအုံးမှာလား ပေါက်ချွန်း"

"အဲ ...အဲ ဟုတ်ကဲ့ ...အဲလေ ...အာအဲ နေပါအုံး ဆရာကြီးရယ်"

"အဲ ...သိပြီ ခင်ဗျာ ...မြ ...မြ ...မန်း...ဂီရိ ခင်ဗျာ"

"အမ်မာ ...လူလွန်မသား ကြီးကျယ်လို့ ...မြမန်းဂီရိဘဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာသီချင်းလဲရော မင်း သိလို့လား''

''သိပါတယ် ...ခင်ဗျာ ...ဟိုဟို ...ကာလပေါ်ပါခင်ဗျာ''

''ဝါး ...ဟား...ဟား ...ဟား''

''အဟီး ...ဟီး ...ဟီး ...ဟီး''

''အဟီး ...ဟီး ...ဟီး ...ဟီး၊ သောက်ရမ်း ကြိတ်တာပဲ အဲဒါ ကာလပေါ်မဟုတ်ပါဘူး...ယိုးဒယားသီချင်း ကွ''

''ဟုတ်လား ...သိပါဘူး ဆရာကြီးရယ် ...အဟဲ ...ဟဲ အဟီး''

ပေါက်ချွန်းတို့ လုပ်လိုက်လျှင် တလွဲချည်း ဖြစ်သည်။

''မိုးကြိုးကရောကွ လုပ်ပါဦး မင်းရတဲ့ သီချင်းဇလေး''

''ရွှေမန်ကျီးခုနစ်ပင် သီချင်းပါ ဆရာကြီး''

''အဲ ...တယ်ဟုတ်ပါလားကွ၊ အဲဒီသီချင်း ဘယ်သူဆိုတာပါ လိမ့်''

''ရှာစားကြီး နေမျိုးဗလကျော်သူ စိန်ဗေဒါ ဆိုင်းထွက်ရင်း အဆိုတော် ဦးစိန်ခင်နဲ့တွဲပြီး ဆိုတဲ့ သီချင်းတဲ့ဗျ''

''အိမ်း ဟုတ်တယ် ...မင်းတော်တယ် ...ရှာစားကြီး စိန်ဗေဒါက အသားညိုတော့ ကြိုက်တဲ့လူ မရှိဘူးတဲ့ ...အဲဒါနဲ့ မိန်းမတွေက သူ့ကို မြင်ရင် ခိုးရာလိုက်ပါရစေလို့ ပြောင်းပြန်ပြောပြီး သူ့ကို အမွှန်းတင်တဲ့ သီချင်းကွ ...ဒီသီချင်းက ရှာစားကြီး စိန်ဗေဒါ ဆိုင်းထွက်ရာတိုင်းမှာ မဖြစ်မနေ ဆိုတဲ့ သီချင်းကွ... ဟိုကောင် မောင်ဆိုင်း ...။

''ခင်ဗျာ ...ဆရာကြီး''

ကျွန်တော့်ဘက်သို့ နောက်ဆုံး မြားဦးလှည့်လာ၏။ ကျွန်သုံးယောက်က ခပ်တိုးတိုး ကပ်၍ ပြော၏။ ''ရမ်းကြိတ် လိုက်တဲ့''

''မင်းရော ...ဘာသီချင်းရလဲ တပည့်ရ ...''

''ရွှေပြည်စိုး ...သီချင်း ဆရာကြီး''

ကျွန်တော်က ကြားဖူး နားဝ သီချင်းတစ်ပုဒ် ခေါင်းစီးကို ရမ်းသမ်း၍ ပြောလိုက်သည်။

''ရွှေပြည်စိုး ...ဟုတ်လား ...အောင်ဗလ ဆိုတဲ့ သီချင်းလားဟေ့''





''ဟုတ်တယ်ခင်ဗျာ ...အဟဲ...ဟဲ...ဟဲ''

ဒီမှာတင် ဆရာကြီးက အနှင်းခံရင်း တန်းလန်းမှ ကျွန်တော့်ကို ကလော်တုတ်တော့၏ ...

...သားတွေ။ ဟင် ငါ့ကို 'အချဉ်' ထူ အလကားကောင်ကြီးတွေများ မှတ်နေသလား မသိဘူး ...အောင်ဗလ လားလို့မေးတော့ ဟုတ်တယ် ခင်ဗျာတဲ့ ...ဟေ့ကောင် ...မှ အဲဒီသီချင်း ဘယ်သူဆိုတာလဲ...ပြန် ပြောစမ်း''

''အဲ ...အဲ ...ကျွန်တော့် အမေ ဆိုဆို...''

''ဪ ...မင်း အမေက ...အဆိုတော်လား''

''အဟုတ် အဟုတ် ခစ်''

''မဟုတ်ပါဘူး ခင်ဗျာ...ညီလေးကို ချော့ရင်းဆိုတာ ကြားဖူးလို့...''

''ဖွီ ...ငါ့ကိုများ လာပတ်ချင်လို့ရမလား ဆိုင်းရယ်။ မျောက်ကမင်းသားရဲ့ မှတ်ထား။ အဲဒီသီချင်းက လေဘာတီ မမြရင်ဆိုတဲ့ သီချင်း သီချင်းရေးဆရာ နာမည်ရောသိလား...''

''အဲ ...အဲ ...ဟိုဒင်း ...ခင်ဗျာ''

''မင်း အဖေလား''

''ဟုတ်ကဲ့ ...အဲ အဲ ဟုတ်ပါဘူး''

''ဟီး ...ဟီး ...ဟီး ...ရယ်ရတယ်ကွာ''

''ဆရာကြီး ဇာတ်ထောင် တီးဝိုင်း ထောင်မလို့လား ဟင်''

''မဟုတ်ပါဘူး မင်းတို့ လူငယ်တွေ ဗဟုသုတ ဘယ်လောက်ရှိလဲ သိချင်လို့ပါ။ ငါတို့က သူ့ခိုး ဓါးပြ လူဆိုး အကြောင်းကြောင်းကြောင့် ဖြစ်နေကြပေမင့် ကိုယ့်လူမျိုး ကိုယ့်ဇာတိ ယဉ်ကျေးမှုကို သိထားရမယ် သီချင်းရဲ့ အစက

စိမ်းလဲ့လဲ့ ညိုပြာ xxx နေခြည်ကလည်း မညှိုးပါကလား xxx xxx နေခြည်ကလည်း xxx မထိုးပါလား xxx တို့ရွာ xxx ဂါမာ မြမြတို့ နေတဲ့ရွာ xxx မမြရင် ဟိုယခင်က xxx နေခဲ့တဲ့ရွာ ...စိမ်းလဲ့လဲ့ ညိုပြာ ညိမ်းနွဲ့နွဲ့စိုကာ xxx ရေနုဒီကလည်း တိုးပါလား (ရွှေပြည်စိုး) (ရွှေပြည်စိုး) (ရွှေပြည်စိုး) xxx လွှမ်းမိုးဖွယ်ရာ xxx ဟုတ်ရဲ့လားဟေ့''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ် ဆရာကြီး''

''အသံကောင်း လှချည်လား ... ဆရာကြီးရာ''

''ဒါတော့် ... အကြောတက်နေလို့ ... နို့မို့ ... ဒီထက်ကောင်းကွ''

''ဟား ... ဟား ... ဟား ဆရာကြီးကတော့ဗျာ''

ကျွန်တော်တို့ ဆရာကြီး ကျောက်ဘီလူး ကျွန်းပြန် ဘိုးကျွန်းသည် ရာဇဝင် လူဆိုးကြီး ဖြစ်၏။ နယ်ချဲ့နှင့် ဗျူရိုကရက်များကို ရွံ့မုန်း၏ မြေရှင် အရင်းရှင် ချစ်တီး ကုလားများ၏ ကုပ်သွေးစုပ်မှုကို ဆန့်ကျင်၏ အမျိုးသား သစ္စာဖောက် လောက်ကောင်မျိုးဖျက်များကို ဖော်ထုတ် သုတ်သင်၏ သို့သော် ... သူသည် နယ်ချဲ့ တော်လှန်ရေးသမားကြီး စင်စစ်တော့ မဟုတ်။ သူက လူထူးလူဆန်း အစားကြီး အရက်သောက်ကြမ်း စိတ်ကြမ်း ကိုယ်ကြမ်း လူကြီး။ မတရားလုပ်နေတာကို လက်ပိုက်မကြည့် မဟုတ်ရင်မခံ

သို့သော် ... သူ့ရင်ထဲမှာ စစ်မှန်သော မျိုးချစ်စိတ်ရှိနေ၏။

သူသည် သီချင်းများစွာကို ရ၏။ က၏။ ခုန်၏။ မြန်မာမှု ကလေးတွေကို မြတ်နိုး၏။ ခုလည်းကြည့် ခေတ်သီချင်းများကို ရွတ်ဆိုပြနေ၏။

''ဒီသီချင်းက နန်းတော်ရှေ့ ဆရာတင်ရေးတဲ့ သီချင်း ... ရှိသေးတယ် ... ကျွန်မတို့ဆီကို xxx လိုက်လို့ပို့ပါ xxx လိုက်လို့ပို့ပါမယ် ပြောလို့သူညာ xxxx တဲ့ ... ထားကွာ ... မင်းတို့လေးယောက် မြမန်း ဂီရိတော့ ရကြမှာပေါ့ ....''

''ရပါတယ် ခင်ဗျာ''

ပေါက်ချွန်းက ဝင်ပြောလိုက်သည်

''ကျန်လူတွေရောကွ''

''ရပါတယ်ခင်ဗျာ''

''အေး ... ကောင်းတယ် သိပ်ကောင်းတယ်၊ ဆိုင်းနဲ့ ဝေးတဲ့နေရာ အငြိမ့်၊ ဇာတ်၊ ရုပ်သေးနဲ့ ဝေးတဲ့နေရာမှာ ကြားချင်လှပေါ့ကွ ကိုင်း မင်းတို့ လေးယောက် မြမန်းဂီရိကို သံပြိုင်ဆိုပြီး နင်းကြစမ်းကွာ''

''ဗျာ''

''မဗျာ နဲ့ .... နင်း''

''ဖြစ်နိုင်ရင် ငါ့ကိုယ်ပေါ်မှာ က,ပြီး နင်းကြကွာ လုပ်လုပ်''





မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါဘုရား ...

ကျွန်တော်တို့ ဘယ်လို လူထူးလူဆန်းနှင့် လာတွေ့နေလည်း မသိကိုင်း ... နောက်ဆုံး ဖြစ်ချင်ရာဖြစ် သူလည်း သေချင်သေ ကျွန်တော်တို့လည်း ကြေချင်ကြေ မှောက်လျက်သား သူ့ကျောနှင့် ပေါင်ပေါ်မှာ လေးယောက်တန်းစီ လက်ချင်းချိတ်ပြီး မြမန်းဂီရိ သီချင်းကို ဟစ်၍ သံပြိုင်သီဆိုရင်းနင်းလိုက်ကြတော့၏။

''မြမန်းဂီရိ xxx သေလာတောင် xxx နန်းတည်တောင် xxx ကောင်းရာနေသို့လင်း''

သီချင်းကိုဆိုရင်း အမြင်ကပ်ကပ်နှင့် လေးယောက်သား သူ့ကျောပေါ်မှာ ခုန်လိုက်ကြ၏။

''ကောင်းလိုက်တာကွာ ... အကြောကို ပြေသွားတာပဲ''

''နောင်xxx ညီ xxx အစ်ကို xxx ရွှေဘိုနွယ်တော်ဝင်''

ရာဆူဆူ xxx ပြည်သူ့ခဝပ်စင်း xxx ရွှေဘုန်းတော် xxx နှင့်ပျော်စံပျော်ခင်း xxx တေဇ xxx တိုးလို့ xxx ဖြိုးဝေ xxx မန်းဌာနေဟောင်ဇေယျာပြည်မင်း xxx''

ဖြစ်ချင်ရာဖြစ် လေးယောက်သား ၄င်းသီချင်းကို သံပြိုင်ဟစ်ပြီး ချာဝပ်လိုက်ကြကာ ခုန်၍ ခုန်၍ ဖနောင့်နှင့် ပေါက်သကဲ့သို့ နင်းပြီး သလိုက် ဆိုလိုက်ကြသည်မှာ သီချင်း သုံးလေးကျော့သို့ ရောက်သွားသည်။

ပေါင်တွေလည်း ညောင်းနေပြီ။ လူတစ်ကိုယ်လုံးလည်း ချွေးကိုယ်ချွဲနှစ်နေပြီ။ ဒူးများလည်း မသယ်ချင်တော့။ အာခေါင်များ ခြောက်၍ အသံများလည်း ဝင်လာခဲ့ပြီ။ အောက်က ဆရာသမားလည်း ညည်းသံမျှပင် ကြားရ အသက်မှရှိသေးရဲ့လားမသိ။ အသက်ရှူသံလည်းမကြား၊ စကားလည်းမပြော၊ လှုပ်ရှားမှုလည်း လုံးဝမရှိ။

သို့နှင့် ... လေးယောက်သား ချွေးသီးများကို ပုဆိုးနှင့် သုတ်ပြီး သူ့ကျောနှင့် ပေါင်ပေါ်မှာ ပြိုင်တူရပ်လိုက်ကြ၏။

''ဆရာကြီး...''

''ဆရာကြီး ... ဆရာကြီး''

''ခေါ်လို့ မရတော့ဘူး ... မိုးကြိုး''

''သေပြီလား ... မသိဘူး ... ဒုက္ခပဲ ... ငါတို့တော့ ... လူ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှဖြစ်ပြီနဲ့ တူပါရဲ့ မောင်ဆိုင်းရာ"

မိုးပြုးကား . . . လူကောင်ကြီးပြီး သတ္တိကောင်းသည်ဟု မှတ်တမ်းတင်ရသော်လည်း ယခုကိစ္စမှာ သူတုန်လှုပ်သွားခဲ့၏။

သူနည်းတူ ကျွန်တော်တို့လည်း တုန်လှုပ်သွားသည်။

သို့နှင့် . . . ဆရာကြီး ကိုယ်ပေါ်မှ ပြိုင်တူ ဆင်းလိုက်ကြပြီး ဆရာကြီးကို လှုပ်ခါ၍ နှိုးကြည့်၏။

"ဆရာကြီး . . ."

"ဆ. . . ရာ. . . ကြီး"

"အသက်ရော ရှူသေးရဲ့လား. . . မောင် . . . ဆိုင်းရာ . . . အကူပါပဲကွာ"

သို့နှင့် ကျွန်တော်က ရင်ဘတ်ကို နားနှင့် ကပ်၍ နားလည်သလိုလိုနှင့် နားထောင်လိုက်သော် . . . အသက်ရှူသံကို လုံးဝ မကြားရ။

"မိုး . . . ကြိုး . . . ပေါက်ချွန်း"

"ဘယ်လို . . . လဲ . . . မောင်ဆိုင်း"

"ဆ . . . ရာ . . . ကြီး အသက်မရှိတော့ဘူး"

"ဟာ . . . ကိုယ်ကျိုးတော့ နည်းပါပြီကွာ"

ဆရာကြီးသည် မျက်လုံးနှစ်လုံး မှိတ်၍ ပါးစပ်ကြီး ဟနေပြီး လုံးဝကိုမလှုပ်တော့။

"မင်း . . . မင်းတို့က . . . သောက်ရမ်းခုန်ကြတာကိုးကွ"

ဘသိန်းဆောင် က ကြောက်ကြောက်နှင့် အပြစ်ဖို့၏။

"အဲဒါဆို . . . ငါတို့ သတ်သလို ဖြစ်နေပြီ ဘယ်လို လုပ်မလဲ"

ပေါက်ချွန်းက တုန်တုန်ရီရီနှင့် မေး၏။ မိုးကြိုးလည်း ဘာလုပ်ရမှန်းမသိ မျက်စေ့ မျက်နှာပျက်နေသည်။

"ဘယ်အချိန် ရှိပြီလဲ . . . မိုးကြိုး"

"သန်းခေါင်လောက်တော့ နီးနေပြီနဲ့ တူတာပဲကွ"

"ဒီလို လုပ်မှ ဖြစ်မယ်"

"မိုးလင်းလို့ သူ့ကို သေပြီဆိုတာ လူများသိသွားရင် ပုလိပ်နဲ့ ရွာသူကြီးတွေက ငါတို့ကို ခြေရာခံမိသွားမယ်. . . ဒီတော့ ဆရာကြီး အကြောင်းကို ညတွင်းချင်း . . . ဘေးလူ မသိအောင် သင်္ဂြိုဟ်မှ ဖြစ်မယ်





ဘိုယ့်လူတို့ . . ."

"မင်းက ဘယ်လို စီစဉ်ချင်လို့လဲ မောင်ဆိုင်းရာ. . . ဟင်"

"ဆရာကြီးအလောင်းကို ခုချက်ချင်း သယ်ယူပြီး ပင်လယ်ထဲ သွားချ သင်္ဂြိုဟ်လိုက်မယ်၊ ဒါဆို . . . ရန်သူသတ်လို့ သေသလိုလို လှေမှောက်ပြီး ရေနစ်လို့ သေသလိုလို ထင်ချင်လည်း ထင်ကြ။ ဒါမှ မဟုတ် ရေထဲမှာပဲ ငါးကြီးတွေစားလို့ ကိစ္စပြတ်သွားလည်း ဘာသဲလွန်စမှ မကျန်တော့ဘူး ပေါ့. . ."

ကျွန်တော့်ရဲ့ အကြံပြုချက်ကို အားလုံးက ဝိုင်း၍ စဉ်းစားသည်။ ဒီအချိန်မှာ မြေကြီးတူး၍ သွားမြှုပ်လျှင် ဝန်းကျင်က သင်္ကာမကင်းဖြစ်ကြမည်။ တောထဲသွား၍ စွန့်ပစ်ပါကလည်း ပုပ်၍ နံလျှင် ခြေရာကောက်၍ ကျွန်တော်တို့နောက်လိုက်ကြလိမ့်မည်။

နောက်ဆုံး ကျွန်တော့် အကြံပြုချက်ကို လက်ခံကြကာ ဗလ ကောင်းသည့် မိုးကြိုးက ဆရာကြီး ကျောက်ဘီလူး ကျွန်းပြန် ဘကျွန်းရဲ့ အသက်မဲ့ အလောင်းကို ကောက်ထမ်းလိုက်ပြီး မှောင်ရိပ်ခို၍ ပင်လယ် နံရံသို့ တိတ်တဆိတ်လာခဲ့ကြသည်။

နာရီဝက် မရှိတရှိခန့် လမ်းလျှောက်လိုက်တော့ ဒီလှိုင်းများ တဝုန်းဝုန်း ရိုက်ခတ်နေသည့် ပင်လယ်ကမ်းစပ်သို့ ရောက်လာကြသည်။

ဝင်းထိန်သော လရောင်သည် ခနီပင်တန်းပေါ် ဖြာကျနေ၏။ လေကလည်း တဟူးဟူး တိုက်နေရကား ခနီပင်များရဲ့ ယိမ်းထိုး လှုပ်ခါနေသံများသည် ဆရာကြီး ကျွန်းပြန်ဘိုးကျွန်းရဲ့ ဝိညာဉ်ကို အားရပါးရ ကြိုဆိုနေကြရင်း တစ္ဆေဝိညာဉ်များရဲ့ ခေါ်သံကဲ့သို့ ရှိနေ၏။

ကမ်းပါးကို ပင်လယ်လှိုင်းရိုက်၍ ကမ်းပြိုသံများက တဝုန်းဝုန်း

"မိုးကြိုး . . . အချိန်မရှိတော့ဘူး . . . ငါဖမ်း စက်လှေတွေက မြင်သွားမယ် . . . ပစ်သာချလိုက်"

"ကိုင်း . . . ဆရာကြီးရေ . . . ကျွန်တော်တို့နဲ့ ဆရာကြီးရဲ့ တွေ့ဆုံခြင်းနိုးမှုဟာ . . . ဒီည နိဂုံးချုပ်ခဲ့ပါပြီ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ . . . ဆရာကြီး။ ဆရာကြီး ကောင်းရာမွန်ရာ ဘုံဘဝမှာ စံမြန်း နိုင်ပါစေတော့ ကိုင်း"

"ဝိုး"



www.burmeseclassic.com

www.burmeseclassic.com



''ဝုန်း''

''ဆရာကြီးရဲ့ အဖုအထစ်များနှင့် ကိုယ်လုံးကြီးသည် တဝုန်းဝုန်း ရိုက်ခတ်နေသည့် ပင်လယ်ရေထဲသို့ ပစ်ကျသွား၏။

အားလုံး ရှိသေစွာ လက်အုပ်ချီ၍ ကန်တော့လိုက်ကြသည်။ ကျွန်တော်တို့ အားလုံးရဲ့ မျက်နှာပေါ်မှာ မျက်ရည်များစီးရွဲလျက်။

ဆရာကြီးသည် ကျွန်တော်တို့ အားလုံးအပေါ်မှာ မိဘလို စောင့်ရှောက်ခဲ့၏။ ရှာဖွေကျွေးမွေးခဲ့၏။ အတတ်ပညာ အသိပညာကို သင်ကြားပေးခဲ့၏။ သူသာ လူသတ်ချင် သတ်မည်။ ကျွန်တော်တို့ကို လူမသတ်နိုင်ခဲ့. . .။

''သွားပေဦးတော့ ဆရာကြီးရေ''

ကြည့်နေဆဲမှာပင် ဆရာကြီး အလောင်းသည် ရေပေါ်မှာ မြုပ်လိုက်ပေါ်လိုက်နှင့် မျော၍ သွားနေ၏။

တစ်ချက်မှာ ဆရာကြီး အလောင်းသည် ရေအောက်သို့ စိုက်ဆောင်း၍ နစ်ဝင်သွား၏။ သွားရှာပြီပေါ့ . . .

''ဗွမ်း . . . ဗွမ်း''

''ဝုန်း. . .''

''ဗွမ်း . . . ဗွမ်း''

''ဟာ . . . ဟာ . . . ဟော . . . ဟိုမှာ မိကျောင်း မိကျောင်း''

''ဟာ . . . ဆရာကြီး . . . အလောင်းကို မိကျောင်းဆွဲသွားပြီဟ''

''မိကျောင်းကြီး . . . မိကျောင်းကြီး''

လရောင်အောက် ပင်လယ်ရေပြင်ထဲမှာ မိကျောင်းကြီး တစ်ကောင်ရဲ့ အမြီးရိုက်သံကို ကျွန်တော်တို့ မြင်လိုက်ရပြီး . . . အသည်း ယားစွာဖြင့် မကြည့်ရက် မကြည့်ရဲ ကြည့်နေဆဲမှာပင် မိကျောင်းခေါင်းကြီး ရေထဲ၌ 'ဘွား' ခနဲ ပေါ်လာတော့၏။

''ဟာ . . . အမလေး''

''ဟ . . . ဟ. . . ဆရာကြီး''

'ဟ . . . ဟုတ်ရဲ့လား . . . မိုးကြိုးရ''

''ဟုတ်တယ် . . . ဆရာကြီးနဲ့ မိကျောင်း သတ်နေတာ''

''ဘုရားရေ . . .''





''ဟုတ်တယ်ဟေ့ . . . ဆရာကြီးနဲ့ မိကျောင်း သတ်နေတာကွ ဟောဗျာဘုရား ကယ်တော်မူပါဘုရား. . .'' ရေထဲသို့ ပစ်ချလိုက်သည့် ဆရာကြီးရဲ့ အလောင်းကို မိကျောင်းက လာဆွဲ၏။ ဒီမှာ သေနေသည့် ဆရာကြီးသည် အလောင်းကောင် ဘဝက ပြန်လည် ရှင်သန်ထမြောက်ပြီး မိကျောင်း [illegible]ကို လက်နှစ်ဖက်နှင့် ဖက်ညှစ်ထားရကား. . .

မိကျောင်းသည် ရေထဲမှာ ဒေါသတကြီး ရုန်းကန်ပြီး ရေပြင်ကို အမြီးနှင့် တဝုန်းဝုန်း ရိုက်နေရကား . . . လရောင် ရေပြင်သည် ရေမြှုပ်များနှင့် ဝုန်းဒိုင်းကြနေ၏။

''အပဝင်နေပြီ တူတာပဲ. . .''

''မဟုတ်မှ လွဲရော ဆရာကြီး တစ္ဆေနဲ့ မိကျောင်း သတ်နေတာကွ. . .''

''ဟော . . . ပျောက်သွားပြီဟ . . . ရေအောက်ကို ဆွဲချသွားပြီ ကြည့်နေဆဲမှာပင် ဆရာကြီးနှင့် မိကျောင်းသည် ရေအောက်သို့ ရောက်သွားပြီ. . .''

ဒါမှ မဟုတ် . . .

ဆရာကြီး တစ္ဆေနှင့် မိကျောင်းတို့ ပင်လယ်ရေအောက်မှာ သူသေကိုယ်သေ သတ်နေကြပြီ . . .

''ဘုရား . . . ဘုရား . . . ကြောက်စရာ . . . အံ့စရာပါကလား''

''ဝုန်း''

''ဟ . . . ဟ . . . ကောင်တွေ . . . ပေါ်လာပြန်ပြီကွ''

''အေး ဟေ့ ဟာ''

''ဆရာကြီး . . . ဆ . . . ရာ . . . ကြီး''

အလိုလေး. ဒီတစ်ခါ ရေအောက်မှ ပေါ်လာပုံက အသည်းယားစရာ၊ အံ့မခန်းစရာ ကြောက်စရာကြီး ကြည့်စမ်း ဆရာကြီး၏ တစ္ဆေသည် အလွန်ကြီးလှသည့် မိကျောင်းရဲ့ ပါးစပ်ကို လက်နှစ်ဖက်နှင့် ဖြဲ၍ကားထားရကား မိကျောင်း ပါးစပ်မှ သွေးများပန်းထွက်နေ၏။ ●

ဆရာကြီးသည် မိကျောင်း ပါးစပ်ကို လက်နှစ်ဖက်နှင့် အစွမ်းကုန်ဖြဲထားရကား မိကျောင်းပါးစပ်ထဲမှ အစွယ်ဖွေးဖွေးများကို လရောင်နှင့် အတိုင်းသား မြင်နေရသည်မှာ မကြုံစဖူး မြင်ကွင်းပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ဆ ...ရာ ...ကြီး"

မိုးကြိုးက ပင်လယ်ကမ်းပါးသို့ ပြေးလွှား၍ အော်လိုက်၏။

"မိုးကြိုး ...မသွားနဲ့ ...မကပ်နဲ့"

"ဘာလို့ မကပ်ရမှာလဲ ...ဆရာကြီး...မသေဘူး"

"ဟောကောင် ...အဲဒါ ...လူမဟုတ် တော့ဘူး...တစ္ဆေ တစ္ဆေ"

ကျွန်တော်တို့က လေတဟူးဟူး အသံများကြားမှ ကြုံးကုန်း အော်ရင်း မိုးကြိုးကို ပြေးဆွဲကြသည် မိုးကြိုးက အတင်းရုန်းကန်၍ အော်ဟစ်နေသည်။

"ဘာ ...တစ္ဆေလည်း မဖြစ်နိုင်ဘူး ...ဒါ...ဒါ ...ငါတို့ ဆရာကြီး ...ဆရာကြီး ...ဆ ...ရာ ...ကြီး"

မိုးကြိုးက သံကုန်အော်၊ ကျွန်တော်တို့က တရကြမ်းဆွဲ ဒီမှာပဲ ရေပြင်ကို အမြီးနှင့် တဝုန်းဝုန်း ရိုက်နေသော မိကျောင်းသည် ငြိမ်ကျသွား ပြီး ဆရာကြီး တစ္ဆေကား မိကျောင်း ပါးစပ်ကို အသားကုန် ဖြဲထားဆဲ။

ပင်လယ်ရေပြင်သည် နီရဲသော သွေးများဖြင့် လှိုင်းထနေ၏။

ဒီအချိန်မှာပဲ ...ပင်လယ်ရေပြင် ခပ်လှမ်းလှမ်းမှ မည်းမည်း ကောင်များကို ခပ်လှမ်းလှမ်း တွေ့လိုက်ရတော့၏။

"ဟာ ...ငမန်း ... တွေ အများကြီးပဲဟ ..."

"ဒုက္ခပဲ ...ဆရာကြီး ...ဆရာကြီး ...ငါမန်းတွေ ...လာ နေပြီ"

ငါးမန်းဆူးတောင်ကြီးများသည် လရောင်နှင့် အတိုင်းသား မြင်နေ ရ၏၊ သူတို့ သွေးညှီနံ့ရပြီး ဆရာကြီးနှင့် မိကျောင်းရှိရာသို့ လာနေကြပြီ။

ဒီအချိန်မှာ ဆရာကြီးသည် လှုပ်ရှားမှု မရှိတော့သည့် မိကျောင်း ရဲ့ ပါးစပ်ကို ကိုင်၍ ပင်လယ် ကမ်းစပ်ရှိရာသို့ ကူး၍ လာနေ၏။

"မိုးကြိုး ...ပြေး ...ပြေး"

"ဆရာကြီး ...တစ္ဆေ ...အဲဒါ ...ဆရာကြီး ...တစ္ဆေ"

"အေးကွ ကမ်းပေါ်ကို တက်လာနေပြီ။ ပြေးဟေ့ ...ပြေးဟေ့ ပြေး...ပြေး"

ကျွန်တော်တို့ အားလုံး နောက်ဆုတ် နောက်ဆုတ်နှင့် ကြောက်





ဘကြား ပြေးကြတော့သည်။

"ဟောကောင် ...မိုးကြိုး ...မိုးကြိုး"

"ငါ့ကို ဆရာကြီး ...ခေါ်နေပြီကွ"

"မသွားနဲ့ ...မသွားနဲ့ ...အဲဒါ လူခေါ်နေတာ မဟုတ်ဘူး တစ္ဆေ ခေါ်နေတာ"

"ပေါက်ချွန်း ...ဆိုင်း ...ဘသိန်းဆောင်"

ဆရာကြီးက မောဟိုက်သည့် အသံနှင့် ပင်လယ်လေသံကို အန် တု၍ အော်ခေါ်နေပြန်သည်။ ဒီမှာ ပေါက်ချွန်း ပြန်ထူးရန် ပြင်လိုက်စဉ် ကျွန်တော်က ပေါက်ချွန်း ပါးစပ်ကို ခမြန်လက်ဝါးနှင့် ပိတ်လိုက်ရကား ပေါက်ချွန်း တဝူးဝူး ဖြစ်နေသည်။

"မထူးနဲ့...အသံမပြုနဲ့ ...မင်းသေလိမ့်မယ် ...ပေါက်ချွန်း"

"ငါ ငါ ...တို့ ဆရာကြီး ...ဆရာကြီး"

"ပေါက်ချွန်း ဒါ တစ္ဆေ တစ္ဆေ ခေါ်နေတာ ပြေးကြစို့"

ကျွန်တော်တို့ ပြေးမှန်းသိသောအခါ ဆရာကြီးသည် မိကျောင်းကို ကျောပိုး လိုက်ပြီး မိကျောင်း လက်နှစ်ဖက်ကို ကိုင်၍ ကျွန်တော်တို့ နောက်သို့ အပြေးလိုက်တော့၏။

ပင်လယ်ထဲမှာတော့ ငါးမန်းများရဲ့ အချင်းချင်း ကိုက်သံ တိုက် ခိုက်သံများကို တဝုန်းဝုန်း ကြားနေရ၏။

"မိုးကြိုး ... ငါပါ ...ဘကျွန်းပါကွ ...နေပါဦးကွ"

"မ ...မဟုတ်ပါဘူး ...တ ...တ...စ္ဆေ"

"ဟောကောင်တွေ ... ငါ ...တစ္ဆေ ...မဟုတ်ပါဘူး ... ရအစစ်ပါ"

"အမလေး ...လာကြပါအုံး ..တစ္ဆေကြီး...မိကျောင်းကြီး ပြီး လိုက်လို့ဗျ"

ကျွန်တော်တို့ ပြေးရင်းလဲကျကုန်၏။ ဘသိန်းဆောင်ရဲ့ အမေ ယ်ပါ အဖေကယ်ပါ အော်သံ ပင်လယ်ကမ်းဝန်းကျင်မှာ ဆူညံနေသည်။ ကြည့်လိုက်တော့ ဆရာကြီး တစ္ဆေသည် မိကျောင်းကြီး ကျောပိုး၍ ရှတ်ဆွဲလိုက် လာနေဆဲ ...

"ဟောကောင်တွေ ငါတစ္ဆေမဟုတ်ဘူး ...လူ..လူ စောင့်ကြဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



''ဒုက္ခဲ့ကွ ...ဆောင်းရ ...နေကြပါဦး''

''ဟုတ်ပဲ့မလား ...မိုးကြိုးရာ ...သေပြီးပြီ ဥစ္စာရယ်''

''နေပါဦးကွာ ...ငါတို့က သုံးယောက် ဥစ္စာ ...တစ္ဆေ ဖြစ်လည်း ကြောက်စရာ မလိုပါဘူး ...ဒီတစ္ဆေက ငါတို့ဆရာကြီး အရင်းခေါက် ခေါက်ပါ ...ခဏစောင့်ကြည့်ကြပါ''

သို့နှင့် ...ကျွန်တော်တို့ လေးယောက် ကျောက်ခဲများ၊ သစ်ကိုင်း များ၊ တုတ်ပိုင်းများကို ကောက်ကိုင်၍ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့် နေစဉ်...

ဆရာကြီးသည် မိကျောင်းကြီးကို မနိုင်ရင်ကယ်ဖြင့် ကျောပိုးဒရွတ် ဆွဲ ထမ်းသာရာမှ ကျွန်တော်တို့နှင့် နှစ်လံ သုံးလံ အကွာသို့ ရောက်လာ၏။

ဆရာကြီး ကိုယ်ကား မိကျောင်း သွေးများဖြင့် ပေလူးနေ၏။ ခေါ့ ဆံပင်ရှည်ကြီးသည် မျက်နှာ လည်ပင်းမှ တွဲရရွဲ ဖြန့်ကြဲ ကျနေရကား သွားခါးပေါ် မေးတင်နေသည့် မိကျောင်းခေါင်းနှင့် တွဲ၍ ကြည့် လိုက်လျှင် သူနှင့်မတူ။

တကယ့် ဘီလူး သရဲကြီးနှင့် တူလွန်းလှ၏။

ကျွန်တော်တို့ လေးယောက်ကလည်း အုတ်ခဲ၊ ကျောက်ခဲများ၊ သစ်ကိုင်းကျိုးများကို ကိုင်မြှောက်၍ အသင့်ပြင်ထားလိုက်စဉ်။

''ဝုန်း''

''ဖုန်း''

'အမလေးဗျ ... တ ...တ ...စ္ဆေ''

ဆရာကြီးက ကျောကုန်းပေါ်မှ မိကျောင်းကြီးကို မြေပြင်သို့ ပစ်ချ လိုက်ပြီး ရေစိုဆံပင်ရှည်များကို ဘယ်ညာရမ်းခါလိုက်သောခါ ...ပေါက် ခွန်းက လန့်ပြီး အော်တော့၏။

''မင်းအမေ ကလွှား တစ္ဆေလားကွ ...ငါပါ''

''ဆ ...ဆရာ ...ကြီး ...နော် ...နော်''

''ဟုတ်ပါတယ် ...ငါ ...ကျောက်ဘီလူး အစစ်ပါ ...ဘာ ဖြစ်နေတာလဲ...''

''ဆရာ ...ကြီး ...သေ ...သေ ...ပြီ ...မ ...





...တ်လား ခင်ဗျ''

''မှို ...မင်း အမေလွှား မို့ ...ငါက သေရမှာလား ...မင်း ...အနင်းခံပြီး အိပ်ပျော်သွားတာ ...သတိရပြီးနိုးလို့ မျက်လုံးဖွင့်ကြည့် ...ကဲ့တော့ ပင်လယ်ထဲရောက်လို့ ...သောက်ကျိုးနည်း ကံကောင်းလို့ ...သေတာရယ် ... နိုးလည်းနိုး ...မိကျောင်းလည်း ရောက်လာပြီး ...ငါ့ ဝင်ဆွဲလိုက်တာ ...အတော့်ကို နပန်းလုံးပြီး ...သတ်ယူရတယ် ...။ လူလွှန်မသားတွေ ...မဟုတ်မှလွှဲရော ...မင်းတို့ လေးယောက် ...င်းပြီး ငါ့ကို လုပ်ကြကြတာ ဖြစ်မယ် ...အခု ...ငါ ... မင်းတို့ ...းယောက်ကို ...သတ်မယ်ဟေ့''

ဒီလိုလည်း ဆရာကြီးက အော်ဟစ်ကြုံဝါးရော ကျွန်တော် ...လေးယောက် လက်နက်များ ပစ်ချပြီး ဆရာကြီးရှေ့မှောက်မှာ လက်အုပ် ...၍ ဒူးတုန်ရင်တုန်နှင့် ထိုင်ကန်တော့ကာ ပိုယိုတောင်းပန်ကြရတော့၏။

''မ ...မ...မဟုတ်ပါဘူး ...ဆ...ဆ ...ဆရာကြီး ...ဗျာ ...ဆရာကြီးကိုနှိုးနှိုး ပေမင့် ဆ...ဆရာကြီး လုံးဝနှိုးလို့ မရ ...ဘူး ခင် ...ခင်ဗျာ ...အဲ ...အဲ ...ဒါနဲ့ ... မိုး ...မိုး ...ကြိုး...မင်း ...မင်း ...ဆက်ပြော''

ကျန်အပိုင်းကို ပြောရမှာ ထွစ်နေလို့ အနီးရှိ လက်တုန်နေတဲ့ ...ကြီးကို အမြန်သေဘော် ညှိလိုက်ရတယ်။

''မိုး...မိုး ...ကြိုး ...ပြောစမ်း ...ဟေ့ကောင်''

''အင် ...အင်း ...အယ်...''

''ပြော ...မဟုတ်ရင် ...အားလုံး ကို ...ငါးမန်းစာ ကျွေး ...မယ်''

''အမ်မလေး ...မ ...မ ...လုပ် ...ပါနဲ့ ...ဆ ...ရာကြီးရဲ့ ဟီး ...ဟီး ...ဟီး ...ဒီလိုပါ ...ခံ ...ခင်ဗျာ... ...ကျွန်တော်တို့ လေးယောက် နင်းခုန်ကတဲ့ ဒဏ်ကို ဆရာကြီး မ... ...နိုင်လို့ ...ပွဲချင်းပြီး သေပြီ မှတ်လိုက်ပါတယ်...ခင်ဗျ၊ ငဆိုင်းပြော ...သလို အသက်ရှူသံ မ...မကြားရတာနဲ့ ပဲ...နောက်ဆုံး လူသိမှာ ...ပ်သိမှာ စိုးပြီး ...ပင်လယ်ထဲပစ်ချ ...သင်္ဂြိုဟ်လိုက်ရ အ ...အ''

''ဟေ ...ဟား ...ဟား ...ဟား ရယ်ရတယ်ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



သေပြီမှတ်လို့တဲ့ . . . အဟတ် . . . အဟတ် . . . ဟား . . . ဟား . . . ဟား
နေပါဦး ကိုယ့်လူတို့ရဲ့ . . . သေပြီမှတ်ရင် ဘာလို့ ဘုန်းကြီး ငါးပါးပင်
သရဏဂုံ မတင်ရတာလည်းကွ . . . ဟေ"

"ဘုန်းကြီး . . . ပင့် . . . ပင့်နေရင် သူ . . . သကြီးနဲ့ . . . ပုလိပ်
ခြေရာခံမိပြီး . . . အ . . အ . . . ကုန်လုံး . . . အဖမ်း . . . ခံ . . . ခံ
ရမှာ စိုးလို့ . . . ခံ . . . ခံဗျ"

"နေပါဦး . . . ငါ့ကို ဘယ်လိုကြောင့် သေပြီလို့ ပြောရတာ တုန်း"

"ပေါက်ချွန်း . . . မင်း . . . မင်း . . . ပြော . . . ပြောလိုက်"

မိုးကြိုးလည်း . . . ဆရာကြီးကို ကြောက်လွန်း၍ တုန်နေရကား . . . နောက်ဆုံး အကြောက်ကြီးသည့် ပေါက်ချွန်းဘက်သို့ . . . လှဲလိုက်ပြန်သော် . . . ပေါက်ချွန်း လန့်၍ သေးပါထွက်တော့၏။

"ပေါက်ချွန်း . . . "

"ဗျို့ . . . အဲ . . . အဲ . . . ဗျ . . . ဗျ . . . ခံ . . . ခံ . . . ဗျ"

"လုပ်စမ်းပါဦး . . . ပညာရှိကြီးရဲ့ . . . ငါသေတဲ့ကိစ္စ"

"အ . . . အသက်လည်း . . . မ . . . မရှူ . . . လှုပ်လို့လည်း မ . . . မနိုး . . . တောင့် . . . တောင့်ကြီး . . . ခေါ်လို့လည်း . . . မ . . မထူး တော့ . . . တကယ်သေပြီ . . . မှတ်ပြီး . . . ဟိုကောင် . . . ဟို . . . ဟို"

"ဘယ်သူလည်းကွ"

"ဆိုင်းနဲ့ . . . ဘသိန်းဆောင် . . . အစီအမံအတိုင်း"

"ဘာလုပ်ကြသလဲ"

"ပင် . . . ပင် . . . လယ်ထဲ ပစ်ချပြီး . . . ငါးစာ . . . ကျွေး ကျွေး ဟီး . . . ဟီး . . . ဟီး"

သူ . . . သူတို့ နှစ်ယောက် လုပ် . . . တာပါ . . . ဆ . . . ဆရာကြီးရဲ့ . . . ကျွန် . . . ကျွန်တော်က . . . သုံး . . . သုံးရက်လောက် ထားပါ . . . ခေါင်းနဲ့ . . . ဘုန်းကြီးနဲ့ . . . သင်္ဂြိုဟ်ပါ . . . မှန့် . . . မှန့် ဟင်းခါး . . . ကျွေးပါလို့ . . . ပြော . . . ပြောတဲ့ ကြားက . . . ဟီး . . . ဟီး ခုတော့ . . . ဟီး"

ကြည့်စမ်း . . . ပေါက်ချွန်း . . . ပေါက်ချွန်း . . . လုပ်ရက်လိုက် လေဗျာ . . . ဒီကောင်းသူ လုံးဝ အကြံမပြုခဲ့ပဲနဲ့ ခုတော့ သူကိုယ်သူ ဆရာကြီး





ကို ချစ်မြတ်နိုးသူကြီးအဖြစ် ပြောပြီး ကျွန်တော်တို့ အားလုံးကို သေဒဏ် ခံရအောင် ချောက်တွန်းလေရဲ့ . . . ဘုရား . . . ဘုရား"

ရက်စက်ပါပေ့ . . . ပေါက်ချွန်း . . .

"ဟား . . . ဟား . . . ဟား . . . ဖွတ်ကျား ကောင်တွေ တော့ ငါသေတာ မဟုတ်ဘူးကွ အိပ်မောကျသွားတာ အနင်းခံရတာ ဖိမ်ရှိ လို့ မှိန်းရင်းက အိပ်မောကျသွားတာ . . ."

"ဗျာ . . . အိပ်မောကျတာ"

"သေတာ . . . မ မဟုတ်ဘူး"

"ဒို့ . . . ဘယ်ကလာ သေရမှာလည်း နွားကောင်တွေရာ ငါက အိပ်ပြီဆိုရင် အဲဒီလိုပဲ အသက်မရှူ တောင့်တောင့်ကြီး အိပ်တာ။ ဒါကြောင့် ကျောင်းကြောင်း ငါသိလို့ ဘယ်တော့မှ ရွာထဲ ရပ်ထဲမှာ မအိပ်ဘူး လူမနီးသူမနီး တောင်သချိုင်း . . . ဘုရားပျက်နဲ့ ဂူတို့ လို နေရာမျိုးမှာ သွားအိပ်လေ့ရှိတာ တစ်ခါ တစ်ခါ အိပ်ပျော်သွားရင် နှစ်ရက်နေမှ နိုးချင်နိုးတာ ဓာတ်သိ များကတော့ ငါမနိုးရင် ခြေထောက်ကို ရေနွေးပူနဲ့ လောင်းကြရော အဲဒီကျမှ နိုးတာကွ"

"ဟင်"

"ဘုရားရေ"

"လူထူး လူဆန်းပါလား . . . ဆ . . . ရာကြီး . . . ရာ"

"နို့ . . . သိမှ မသိဘဲ ဆရာကြီးရား ကျွန်တော်တို့လည်း တတ် သလောက် မှတ်သလောက် အသိနဲ့ စူးစမ်းပြီး တကယ်သေပြီ မှတ်ပြီး"

"မိကျောင်းစာ . . . ငါးမန်းစာကျွေးတာပေါ့လေ"

"အဲ . . . အဲ . . . အဟဲ ဟဲ . . . အီး"

"တော်သေးတာပေါ့ကွာ . . . မိကျောင်းကလည်း . . . မနည်း ကို ဘတ်ယူရတယ် . . ."

အရေးထဲ သွေးနံ့ရလို့ ငါးမန်းက ဝိုင်း . . . ဟူး . . . ကိုင်း မိကျောင်းကို သယ်ခဲ့ကြ . . .။

"အဲဒီကောင်ကြီး အရေခွံချွတ်ပြီး ရောင်းရမယ်"

"ဆရာကြီး . . ."

"ဘာတုန်း . . . မောင်မိုးကြိုး"



www.burmeseclassic.com

www.burmeseclassic.com



ဂျာကြီး . . . အရမ်းကိုသန်တာပဲ နော်''

''ဘာဖြစ်လို့လဲ. . .''

''ရေထဲမှာ မိကျောင်းကြီးနဲ့ နပန်းသတ်ပြီး မိကျောင်းပါးစပ်ကို ဖြဲပြီး. . . သေအောင်လုပ်တာ၊ ဆရာကြီးတစ်ယောက်တည်း မြင်ဖူးလို့''

''ဒါများ အဆန်းလုပ်လို့ကွာ. . .''

''ကျားနဲ့တောင် နပန်းသတ်လာတဲ့ လူပါကွ. . .''

''ဗျာ ကျားနဲ့တောင် သတ်လာတာ''

''အေး. . . နောင်ကျမှ ဒီအကြောင်းပြောပြမယ်. . . ချမ်းလွန်းလို့ အရက်သောက်ချင်ပြီ သယ်ခဲ့ကြ''

သို့နှင့် ကျွန်ုပ်တို့လေးဦးသည် (၇) တောင်ခန့်ရှည်သော မိကျောင်းကြီးကို ကြောက်ကြောက်ရွံ့ရွံ့နှင့် သယ်ခဲ့ရ၏။

''အမလေး လေးလိုက်တာ. . .''

အဲဒီယောက် အလေးချိန်ရှိသော ရေမှဆိုး မိကျောင်းကို သတ်ရဲသော ဆရာကြီးကား အာဂလူပေတည်း. . .

လူတစ်ကိုယ်လုံးလည်း အဖု အသီးများဖြင့် ဖြုတ်ထနေ၏။

သူသည် အရက်ကို (၁၀) ပုလင်း တထိုင်တည်း သောက်၏။

ထမင်းကို ပန်းကန်ဆေးဇလုံကြီးနှင့် စား၏။

ရေကို အိုးလိုက်မော့၏။

မူးလျှင် သီချင်းဆို၍ တစ်နေကုန်က၏။

အိပ်လျှင် သစ်တုံးလို အသေကောင်လို စန့်စန့်ကြီး . . .

ပြီး. . . တစ်ခါအိပ်ကောင်းလျှင် နှစ်ရက်ကြာမှ ခြေမ မီးပူတိုက်မှ နိုးသတဲ့။

ပြောလျှင် ယုံနိုင်ဖွယ်မရှိ စားပြီး၏၊ လုံပြီး၏၊ ကျည်ဆန်ပြီး၏ အဲဒါ ကျွန်တော်တို့ ကိုယ်တွေ့ . . .။

♛ ♛ ♛

# အချစ်ဆိုတာဝင့်တစ်မျိုးပါလားခင်မြနှစ်ရယ်

တစ်နေ့သောအခါ ကျွန်တော်နှင့် မိုးကြိုးတို့ တစ္ဆေအကြီးအကျယ် ခြောက်ခံရတော့၏။

တစ်ည . . .

ကျွန်တော်နှင့် မိုးကြိုး မိန်းမအိမ် သွားလည်ရင်း ပြန်လာခဲ့ကြ၏။

မိုးကြိုးသည် ကန်စွန်းတောရွာသူ ကွမ်းတောင်ကိုင် မိန်းမချောလေး ခင်မြနှစ်ဆိုသူလေးကို သွားသွားပိုးလေ့ရှိ၏။

ကန်စွန်းတောရွာကြီးသည် ယခု ကျွန်တော်တို့ နေသည့် ပင်လယ် ရွာနှင့် ခရီးနှစ်မိုင်ခန့်ဝေး၏။ ကြားမှာ. . . ထန်းပင်ကုန်းရွာ၊ ကျောက်လိပ် ကြီးရွာ၊ ကျားမြီးဆွဲရွာနှင့် ခုနစ်အိမ်တန်းရွာတို့ ရှိကြ၏။

ငှင်းရွာလေးကို ဖြတ်ပြီးမှ ကန်စွန်းတောရွာကို ရောက်၏။ ကန်းစွန်းတောရွာသူ ခင်မြနှစ်ကား ကန်စွန်းတောသူကြီး ဦးတသံလျှင်းကျိတ် (၄)၏ သမီးတည်း . . .

ရက်ရက်စက်စက်ကို ချော၏။

မြို့ကြီးသူများပင် သူမရဲ့ အလှကို မမီ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြူ၏၊ ဖွေး၏၊ တောင့်၏၊ ဖြောင့်၏၊ ဝန်း၏၊ ကား၏၊ အစ်
ရှုန်းစိုအိနေ၏။

အလှူတစ်ခုမှာ ဆုံပြီး ရင်းနှီးရာမှ ရွာခံကိုကြွက်တောကြီးနှ
ကိုလိပ်ပြာတို့ကို အကြောင်းပြု ကပ်ပေါင်းပြီး ပိုးနေရခြင်း ဖြစ်၏။

ရွာခံကာလသားများကတော့. . . သိပ်မကြည်ကြ။

မခင်မြနှစ် အဖေ လယ်ကေ တစ်ရာပိုင် သူဌေးကလည်း အ
ဘကြည့်ကြည့် . . .

ရွာခံကိုကြွက်တောကြီးနှင့် ကိုလိပ်ပြာတို့ကလည်း ကန့်ကွန်းတော
ဩဇာကိုဝ်လေး ရှိနေ၍သာ ခံသာ၏။ နို့မို့ လက်သံပြောင်လှသည့် ကန့်
တောရွာသား ကာလသားအုပ်ရဲ့ လက်ချက်နှင့် ကျွန်တော်တို့ ဘုန်းကြီးပါး
ရေစက်ချဖြစ်သွားနိုင်၏။

ဒီနေရာမှာ ကျွန်တော့်ကောင် စိန်မိုးကြိုးအကြောင်း အနည်းငယ်
ပြောပြချင်၏။ မိုးကြိုးသည် အသားဖြူ၍ ယောကျ်ား ပီသသော ခန့်ချော
ဖြစ်၏။

လူပုံ လူပန်းလည်းလှ၏။ ပင်ကိုယ်ကလည်း မဟုတ်မခံ စိတ်ရှိ
ပြောတိုင်း မယုံ လက်တွေ့ကျမှ ယုံ၏။ သို့သော် . . . အစိုးရိမ်ကြီးတတ်
အရေးဆို သွေးလန့်တတ်ပြီး နောင်မှ ဖြစ်ချင်ရာဖြစ် ကြိမ်းရဲသူ ဖြစ်
လူက ခန့်ချောမို့ တော်ရုံ အပျိုများက မိုးကြိုးကို ခင်မင်ကြ
မိုးကြိုးနှင့် ရွာများသို့သွားလည်လျှင် ထမင်းမငတ် ကွမ်းဆေးလိပ်မ
သူက ပလွေမှုတ်လည်း ကောင်း၏။

ဝါးပလွေမှုတ်၍ သီချင်းဆိုလျှင် နားထောင်၍ မငြီးကြ။

ကြေးပလွေများ မှုတ်ရလျှင် အသံကို စည်နေ၏။ သူပ
အမှုတ်ကောင်း၍ ရောက်လေရာ ရွာမှကာလသားများနှင့် အလွမ်းသင့်
၏။ သီချင်းကြီး သီချင်းခန့်နှင့် ကာလပေါ် (၁၀)ပုဒ် ခန့်ရ၏။ ဒိုးသီ
အိုးစည်သီချင်းကား မပြောနှင့် . . .

သို့ဖြစ်၍ . . .

ရောက်လေရာရွာမှ အိုးစည်ဝိုင်းအဖွဲ့များ ဒိုးဝိုင်းအဖွဲ့ကာလ
အဖွဲ့များနှင့် ပဏာရ နေရကား တော်ရုံရွာမှာ ရန်သူ မရှိခဲ့။ တွေ့ရာဝိုင်
ဝင်ရောနိုင်၍ မျက်နှာပွင့်၏။





လူကလည်းချောပြီး အသံကလည်း ကောင်း၍ ရွာသူတို့ သဘော
ကျကြ၏။

ဖြစ်ပုံများပြောရဦးမည်. . .

ခင်မြနှစ်နှင့် မိုးကြိုးတို့ ဆုံပုံကလည်း အလှူတစ်ခုမှာပဲ ဖြစ်၏။
ဒုယ်ချင်း အဖေရဲ့ အလှူဖြစ်၍ ကျွန်တော်တို့ နှစ်ယောက် အရောက်
သွားခဲ့ကြ၏။

ပေါက်ချွန်းနှင့် ဘသိန်းဆောင်ကား မလိုက်ခဲ့။

အကြောင်းကား ပေါက်ချွန်းကလည်း ကင်ပွန်းချဲ့ရွာမှ အချော
အလှလေး တစ်ဦးနှင့် ဘာလိုလို ညာလိုလို ဖြစ်နေ၍ အဲဒီကိုသွားရောက်
နေကြ၏။

အလှူကိုရောက်သည်နှင့် ဓါတ်သီများက ပွဲတောင်းတော့၏. . .

ကိုကြွက်တောကြီးတို့ အိုးစည်ဝိုင်းရယ် . . .

"မိုးကြိုး လုပ်ကွာ တစ်ပုဒ်လောက် . . ."

"မလုပ်ပါရစေနဲ့ဗျာ . . . ခင်ဗျားတို့ ဟာသာလုပ်ကြပါ"

မိုးကြိုးက ငြင်း၏။

"မလုပ်လို့မရဘူးကွာ အပြိုင်ပေါ်နေလို့ပါ"

"ဘယ်လို အပြိုင်လည်းကွ"

"လက်ပံကုန်း အိုးစည်ဝိုင်းက ပလွေသမား ကောင်းနေသကွ"

"အဲဒါ ငါတို့ ဝိုင်းက မလိုက်နိုင်တော့ မျက်နှာငယ်နေရတယ်
မိုးကြိုးရေ"

"ဟုတ်တယ်ဗျာ ကိုကြီး မိုးကြိုး နှစ်ပုဒ်လောက် ဝင်ကူပါဗျာ"

"အိုးစည်တီးသည့် ကိုငှက်ကြီးကလည်း ဝင်၍ မေတ္တာ ရပ်ခံသည်
. . ."

"ကောင်းပါပြီဗျာ လုပ်ကြတာပေါ့"

"ဒေး. . . ဒါမှ . . . တို့ မိုးကြိုးကွ"

သို့နှင့် . . . မဏ္ဍပ်အတွင်း မျက်နှာပေး ကောင်းကောင်းနှင့် ဟဲ
နေသော တီးမှုတ်နေသော လက်ပံကုန်း အိုးစည်ဝိုင်းရဲ့ ဖျော်ဖြေမှုကို ဒသာ
. . . ၍ စောင့်ရင်း အကဲခတ်နေလိုက်၏။

သူဟို့ အိုးစည်ဝိုင်းကလည်း လက်ကျလက်န ကောင်းလှ၏ အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပလွေသမားက အခေါ်အဆောင် ကောင်းနေရကား . . . အံ့ကလည်း ဝေးဝါး အလိုက်ကောင်း၍ ပွဲကျနေ၏။

သူတို့ဝိုင်းပြီးသည်နှင့် ကိုကြွက်တောကြီးတို့ အိုးစည်ဝိုင်း အလှည့် ရောက်လာတော့၏။ ဒီမှာ ကာလသားခေါင်း ကိုကြွက်တောကြီးက ထရပ် လိုက်ပြီး . . .

"အလှူရှင် . . . အယှူအမများနဲ့ . . . ညှော်ပရိသတ်အပေါင်း တို့ခင်ဗျား၊ အခုချိန်မှစပြီး . . . ကျွန်တော်တို့ . . . ကန်စွန်းတောရွာ အိုးစည်ဝိုင်းနှင့်အတူ ညွှသည်တော် ပလွေဆရာလေး . . . ကိုမိုးကြိုးတို့ တွဲဖက်ညှော်ခံမှာမို့ ရှုစားနားဆင်ကြပါခင်ဗျာ"

ဒီမှာ ကိုငှက်ကြီးက အိုးစည်ကို ပလို့တပ်ပြီး ခေါ်လိုက်သည်။ မထူးတော့ပြီမို့ မိုးကြိုး သွားလေရာပါသည့် ကြေးပလွေကို ခါးကြားမှ ထုတ်၍ အိုးစည်ဝိုင်းကြားမှာ ဝင်လိုက်၏။

အသားဖြူဖြူ အရပ်မြင့်မြင့် လူချောတစ်ဦး ပလွေကိုင်၍ ဝိုင်း ထဲရောက်လိုက်တော့ အလှူပွဲက အပျိုများ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် များ၏ မျက်လုံးများက မိုးကြိုးရှိရာသို့ ဝေ့ခနဲ ရောက်ကုန်၏။ ပြိုင်ဖက် အိုးစည်ဝိုင်းက ရယ်ကျဲကျဲနှင့် ကြည့်ပြီး ရေနွေးကြမ်း သောက်နေကြ၏။

ဒီမှာမိုးကြိုးက အိုးစည်သားများအားလုံးကို လက်ပြ ရပ်ခိုင်း ထားပြီး ကြေးပလွေကို ကြူလိုက်ရာ အိုးစည်သံလုံးဝ ပေါ်မလာဘဲ စည်ဝေ နှဲ့နှောင်းလှသည့် ပလွေသံကို ကြားလိုက်ရသောအခါ တစ်ပွဲလုံး ငြိမ်ကျ သွားပြီး မိုးကြိုးရှိရာသို့ အာရုံစိုက်ကုန်ကြ၏။

မိုးကြိုးကလည်း ပလွေကို နှဲ၍၊ လှည့်၍၊ မော့၍ တေးသီချင်းများကို နှဲ့လိုက်၏။ ပလွေသံသည် စည်နေ၏။ တနေ၏။ လှိုင်းလုံးများလို လိမ့်လိုက် ခြန့်လိုက်။

ပြိုင်ဘက် ဝိုင်းသားများ ရေနွေးကြမ်း သောက်ခြင်းကို ရပ်၍ အချင်းချင်း လက်ကုတ်ကုန်၏။ ဒီမှာပဲ မိုးကြိုးက သီချင်းတစ်ပုဒ်ကို ကောက်၍ ဆိုလိုက်သည် . . .

"အတူလေးရယ်တဲ့ ××× ယှဉ်ကာပြိုင် ××× ယှဉ်ကာပြိုင် ××× ဖဲမွေ့ရာ ××× ရွှေကော်ဇော ××× ရောနှောလို့ထိုင်×××

ပြီး . . . သူက ဝိုင်းကို မျက်စပြစ်၍ ပလွေကို မှုတ်လိုက်သည်။





ကောင်းလိုက်သည့် ပင်ကိုအသံနှင့် ပလွေသံနှယ် . . .

"မျိုတိုင်းကြိုက်ပါတဲ့ ××× နှင်းဆီခိုင် ××× နှင်းဆီခိုင် ××× နှင်လုံးပိုင်ပါတဲ့ ဝိုင်းတော်သား ××× ဝေးရာကရှား ××× ချစ်လို့ရယ် ခင်မင်××× ယှဉ်ရှာရော့သလား . . . ဟား . . . ဟား"

အလို မိုးကြိုးတို့ တယ်ဟာစ်နေပါကလား။ အလှူမဏ္ဍပ်သည် အပြုံးများ၊ ပီတိများနှင့် ရွှန်းစိုနေသည်။ မိုးကြိုးကလည်း ဆိုရင်းကနေ ဘစ်နေရာသို့ မျက်လုံး ရောက်နေ၏။

ကြည့်လိုက်တော့ . . . လား လား . . . ကွမ်းတောင်ကိုင် မိန်းမ ချော တစ်ဦးထံသို့ မျက်စေ့လည်နေပါလား ဟရို့။

ကွမ်းတောင်ကိုင် မိန်းမချောကလေးကလည်း လှမှလှ၊ နုနုရွရွ လေး။ သူတို့အဖွဲ့ကလည်း လူချော အသံကောင်းကြီး မိုးကြိုးကိုလည်း ကြည့်၍ တွတ်ထိုးလို့၊ ရယ်လို့ . . .

ချစ်လို့ ရယ်တဲ့ ××× ခင်မင် ××× ယှဉ်ရှာရော့ ××× သလား
ကြိုက်လို့ရယ် ××× ခင်မင် ××× ယှဉ်ရှာရော့ သလား . . .
ကိုကြီးကျော်ရေ ×××
"ဗျို့ . . . ဗျို့ . . . ဗျို့ . . ."

ဟုတ်ပေဗျာ ကိုယ့်လူက ကောင်မလေးမျက်နှာကို ပြုံးစစနဲ့ကြည့် ပြီး စောင်းချိတ်ဆိုနေတာကိုး အင်း . . . ခဲစာမိမလား တုတ်စာ မိမလား ဒုဓာမိမလား ဒီမှာပဲ ကိုကြီးကျော်ရေလို့ ကိုယ့်လူက ဟစ်လိုက်ရော အိုးစည်ဝိုင်းက အဖွဲ့သားများကလည်း (ဗျို့ . . . ဗျို့ . . . ဗျို့) ဟစ်လိုက်တာ မဏ္ဍပ်ကို ဟိန်းသွားတာပဲ . . .

ကိုကြီးကျော်ရေ×××
"ဗျာ . . . ဗျာ . . . ဗျာ"

မထူးပါဘူးဗျာ ကျွန်တော်တို့ပါဝင်ပြီး . . . 'ဗျာ . . . ဗျာ . . . ဗျာ' ထဲက်တာ သိမ့် သိမ့်ကိုတုန် သွားပါရော

"ဒီဇမ္ဗူမှာ××× ပြိုင်စံရှား ××× မိုးကျနတ်သား"

"ပြီးလည်း ပြီးရော . . . ကြေးပလွေနဲ့ နှဲ့လိုက်တာ အိုဗျာ . . . ပြိုင် ဘက်တွေ ငြိမ်ပြီး ကုဝ်သွားတာပဲ ကန်းစွန်းတောရွာ အိုးစည် အဖွဲ့ ခေါင်းဆောင် ကိုကြွက်တောကြီးဆိုတာ ခေါင်းမော့ပြီးပြုံးလို့ ကိုယ့်လူအစွမ်းတော



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရယ်ကိုး ခင်ဗျ''

ဒီမှာပဲ . . . ကျွန်တော်တို့လူက ပညာအစွမ်း တစ်ခုခန်း ထပြန်ပါ ရော ခင်ဗျ. . .

''လေးစားအပ်သော အလှူရှင်များနဲ့ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် နှမ အပျိုချောများ . . . အပျိုယဉ် . . . အပျိုနုများ . . .''

''ဝေး . . . ဝေး . . . ဝေးဟေး''

''ဟေး . . . ဟေး . . . ဟေး''

''သုပ်ချ လိုက်ပြန်ပြီဟေ့. . .''

''မြှောက်နေတာလားကွ . . . စားကောင်းအောင် ပင့်နေတာဟ''

မိုးကြိုးရဲ့ အပြောကြောင့် ရွာစုံမှ လာကြသည့် ကာလသားများ ငြိမ်းအောက်ကြ၏။ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အပျိုများကား သူတို့ကို အပျိုချောများ အပျိုယဉ် အပျိုနုများ ပြောလိုက်၍ သဘောများကျသူကကျ ရှက်သို့ ကာင်ယောက်ကိုတစ်ယောက်ကွယ်သူကကွယ် . . .

သင်ဦးကိုတစ်ဦး ရယ်ရင်း လက်မောင်းဆွဲဆိတ် ပေါင်တွင်း ကြော ဆွဲဆိတ် သော်သူ လုပ်ချင်း ဖြစ်ကုန်၏။ အပျို ခေါင်းဆောင် များကလည်း မျက်စောင်းထိုးသူထိုး ကိုယ့်လူကကွမ်းတောင်ကိုင် အချောအလှများကို မြန်ခဲ့ကြည့်ပြီး အံကြိတ်သူက ကြိတ်ပြ . . .

''အခု . . . ကျွန်တော်တို့ ကန်တွန်းတော ရွာအိုးစည်ဝိုင်းက တီးမှုတ် ဖြေဖျော်သွားတာကတော့ ကျေးလက်ရိုးရာ အိုးစည် အဆိုအကခါးပါခင်ဗျာ. . . နောက်ကစပြီး ကျွန်တော်ကိုယ်တိုင် . . . ရှေးနန်းသုံး အိုးစည် အတီးနဲ့ ဖြေဖျော်ပါမယ် ခင်ဗျာ. . .

''ရှိ . . . ရှိ . . . ရှိ''

''ဖျောင်း . . . ဖျောင်း . . . ဖျောင်း''

''ကောင်းတယ်ဟေ့ . . . လုပ်လိုက်ပါကွ''

''ကြိတ်လိုက်ပါ . . . ရွာစားကြီးရေ''

ဘုရားရေ . . . ကိုယ့်လူ မိုးကြိုးက လုပ်လှချည်လား၊ ကျေးလက် အိုးစည်မှသည် နန်းတွင်း အိုးစည်(နန်းအိုးစည်)တဲ့၊ ကိုယ့်လူ ဒါတွေတတ် သည်တဲ့လား။ သူနှင့် ကျွန်တော်တို့ ပေါင်းလာတာ အတန်ကြာပြီ တစ်ခါမှ မပြောခဲ့ . . . မပြခဲ့ . . . ဟုတ်ပါ့မလားဟု စိုးရိမ်ရ၏။





''ကျေးလက် အိုးစည်ကတော့ မြင်တဲ့အတိုင်းပါပဲ ခပ်သွက်သွက် နဲ့ ပျော်ပျော်မြူးမြူး ဆို၊ တီးကြရပါတယ်။ နန်းအိုးစည် ဆိုတာက ရှေးခေတ် ဘုရင်မင်း . . . သီပေါမင်းတရားလက်ထက်တုန်းက ရွှေနန်းတော် မင်္ဂလာပွဲ တော်ကြီး တီးတဲ့ အိုးစည်ပါ ခုလို ဖြစ်ကတတ်ဆန်း ဝတ်စားလို့လည်း မရပါဘူး။ အိုးစည် တီးသူကလည်း မင်းသားလို ဖော့လုံးပေါင်း ဒါမှမဟုတ် မင်းသားဆင် ခေါင်းပေါင်း စလွယ်ရောင်ပြေးနဲ့ ထိုင်မသိမ်းအကျီ လက်စည်း ကြိုး ရွှေယက်ပြား၊ ကြယ်ပေါက်၊ ဒူးဆစ်ဖုံး အတွင်းခံဘောင်းဘီ၊ ပန်းကပ် ချည်ထိုး ပုဆိုးခါးတောင်းကျိုက်နဲ့ မင်းသားလက်တို အဆင်အယင်ကို ဆင်ယင်ပြီး ခန့်ခန့်ညားညား တီးရပါတယ်''

အိုးစည်ဆိုရင်လည်း ကြာယပ်ဆင် မှန်စီရွှေချ အိုးစည် (စိန် ဦးစည်) ခေါ်တာပေါ့ . . . အဲဒီလို ရှိရတယ် လင်ကွင်းတီး သမားကလည်း ဦးခေါင်းပန်းဖွားသွယ် ဖဲပိုးကြိုးရှည် အမြိတ်နှင့် နန်းအိုးစည်နှင့် ငါသမ ဘော်လေးမှာ ဝင်ရောက်ခစားပြီး တီးမှုတ်ဖြေဖျော်ရပါတယ်။

ရှင်ဘုရင် မိဖုရား အပါအဝင် ရွှေနန်းတော်သူ ရွှေနန်းတော်သား များကို ဖြေဖျော်ရသမို့. . . တီးကွက်ကအစ ကျေးလက် အိုးစည်နှင့် ကွဲပြားနားပါတယ်။

အဲဒါလေး သင်ကြားလေ့လာသိရှိသမျှထဲက ကုန်းဘောင်ခေတ်မင်း ဆက်၊ အရိုးအယဉ် သီချင်းရယ် နန်းသိမ်းယိုးဒယား သီချင်းအပိုဒ်နဲ့ တွဲကာသို့ကြော နှစ်ပုဒ်ကို ကျွန်တော် သရုပ်ပြ တင်ပြပါ့မယ် ရှုစားကြပါ ခင်ဗျာ . . .''

ပြီးနောက် သူက ပလွေသမားနှင့် စကားပြော၍ ညှိနှိုင်းလိုက်၏။

''ဝေး . . . ဝေး. . .''

''ဟေ့ . . . ဟေ့''

''ဟုတ်မှလုပ်ပါ . . . ကိုယ့်ဆရာကြီးရဲ့''

''နန်းအိုးစည် . . . တဲ့ . . . နန်းအိုးစည်ဆိုတာ ဘာလဲကွ''

''နန်းအိုးစည်ဆိုတာ. . . 'နီအိုးစန်း' ဆိုတဲ့ တရုတ်မကြီး နေမှာ ပေါ့''

''ဝါး . . . ဟား . . . ဟား . . . ဟား''

တစ်ဖက်ဝိုင်းမှ ကာလသား ခပ်စွာစွာ အချို့က လှောင်ကြ၏။

www.burmeseclassic.com



မိုးကြိုးက ဘာမှပြန်မပြောပါ၊ ကိုကြွက်တော်ကြီး ပခုံးပေါ်မှ အိုးစည်ကို ဖြုတ်ယူ၍ စလွယ်သိုင်းလိုက်၏။

"ပရိသတ်များ ခင်ဗျာ ... ကျေးလက် အိုးစည်မှာ ... စမ္ဘွင့်ရှင် ခုလို အယိုင်ခေါ်ရပါတယ်။ ကိုင်း ... ညီဘွားတို့ရေ ကျေးလက်ဒိုးဆိုတာ ရှေးမပျက်တဲ့ အမျိုးပါပဲ ခင်ဗျာ"

"ဂျိ"

"ကျေးလက် ဒိုးဆိုတာ ... ရှေးမပျက်တဲ့ ... အမျိုးပါပဲ ... ချွေးထွက်လို့ မရှိးတဲ့ ဘဝအလှကို ... အိုးစည်နဲ့ စမှာမို့ ... ဝိုင်းတော်သားတို့ရေ ..."

"ဗျာ ... ဗျ"

"ဆိုင်းတော် အသွားနဲ့ ဖွင့်ကြစို့ရဲ့ ... ကိုင်း"

"ပတ် ... ပတ် ... ပတ် ... ပလို့"

"ဝေး ... ဝါး"

အဲဒီလို ... ပတ်သုံးချက်ဆင့်ပြီး ခေါ်လိုက်နေရော တထုံထုံနှင့် သံပြိုင် ဟစ်လိုက် တီးလိုက်ပြီး ယဝ္ဂင်း(လင်ကွင်း)ကလည်း အားရပါးရ တီးရင်း ဝင်က, အားလုံးမြူးသွားတော့၏။ ကိုယ့်လူ မိုးကြိုးကား ... စာချိုးနှင့်ပြလိုက်ရကား ကာလသားများ ကာလသမီးများရော ကလေးများပါမကျန် မွဲကျသွား၏။

ငှင်းနောက် စည်းသုံးချက် ဝါးသုံးချက်ဝင်၏၊ ပြီးဝါးလတ်ဝင်၏ ငှင်းနောက် ပေးလား မောင်ရှို့ဝါးနှင့် ... ဝင်လိုက်၏။

"အဲဒါ ပျော်စရာကောင်းတဲ့ ကျေးလက်ရိုးရာ အိုးစည် အတီးပါ ပော ... လာပါပြီခင်ဗျာ နန်းသုံး အိုးစည် ... ရှုစားကြပါလော့ .."

ဒီမှာ မိုးကြိုးက ... အိုးစည် လွယ်ပြီးနောက် ဒူးထောက် ခစား ဟန်ပြု၏။ မျက်နှာကို အိုးစည်မျက်နှာဝသို့ ချထား၏။

ပြီးနောက် အိုးစည် သားရေပေါ်လက်တင်၍ မှုင်းမှုင်းပျပျ အသံ ထွက်သည် ဆိုရုံမျှကစ၍ တီးလိုက်၏။ အသံသည် တိုးလွန်းလှ၍ ပရိသတ်က နားစွင့်ပြီး သူ့ကို အာရုံစိုက်ကြည့်နေကြ၏။ တိုးရာမှ အသံသည် တဖြည်းဖြည်း တိုးမြှင့်လာပြီး လူကလည်း ဒူးကြွ၍ ခါးကုန်း ထိုမှ ခါးမတ်၍ မျက်နှာဖော်တီးလိုက်၏။





အိုးစည်သံမျှသာ ကြားရ၏။ လင်ကွင်း ပလွေသံမပါသေး ... သည့်နောက် ... သူက ကျွန်တော်တို့ လုံးဝမကြားဘူးသည့် "ကုန်းဘောင် မင်း" အစချီ ဘုန်းတော်ဖွဲ့ကို အိုးစည်နှင့် တီး၍ ဆိုလိုက်၏။

ပြီးနောက် ...

ပလွေသမားရသည့် ... နန်းသိမ်းယိုးဒယား သီချင်းကို အုံနှင့် ဆိုလိုက်သည် ...

"ရေ မီးထိန်လျှက် xxx"

စိန်စကြာဟုန် xxx

သုံးဘုံတိုက်လုံးxxxပိုက်ကျုံး xxx ရိုက်ချုန်းသံစုံ xxx

အိုလေ xxx အောင်စည်တီးပါလို့ xxx ပြည်ကြီး ရတနာပုံx

ဝေနေလန်းအောင် xxx ရွှေနန်းထက်ကဂုဏ်xxxx

ကောင်းလိုက်တဲ့ အသံနှင့် အတီးခင်ဗျာ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"မိုးကြိုးကွ ..."

"ရှာစားကြီးကွ ..."

ဓာတ်သီများရော အထင်တကြီး နားဆင်နေသူများပါ သဘောကျ၍ တ်ခုပ်များတီးကြ အော်ဟစ် အားပေးကြ၏။

"အဲဒီ သီချင်းက နန်းသိမ်း ယိုးဒယား သီချင်းလို့ ခေါ်ပါတယ် ... ဒီသီချင်းကို စာဆိုတော် အချုပ်တန်းဆရာဖေက ... သီပေါမင်း ဘုရားလတ်တို့ နန်းသိမ်းပွဲ နန်းတက်ပွဲမှာ ဘုန်းတော်ဘွဲ့အဖြစ် နေမျိုး ဘိုခေါင်ဘွဲ့ရ (ဆီဆုံဆယ်ရှာစား) စိန်လက်ျာ ဆိုင်းတော်တီး ဆရာဖေ ဘလကျော်သူ ရှာစားကြီး စိန်ပေဒါ) ရဲ့ ဖခင်နဲ့ ဂီတလက်သံဖြင့် သွင်းတဲ့ သီချင်းပါပဲခင်ဗျား ..."

"တော်လိုက်တဲ့ လူငယ်ကွယ်"

"ပညာရှင်နဲ့ တူရဲ့တော်"

"ငါတို့တောင် မကြားဖူးဘူး ... အခုမှ သိရတာကွဲ့"

လူကြီးဝိုင်းကလည်း ချီးကျူးကြ ဂီတသမားဟောင်းသက်ကြီးများ သည်း အံ့သြကြ။ ဒီမှာပဲ မိုးကြိုးတို့အဖွဲ့က နန်းကြာညိုကြော့ ... သီချင်း အဆိုအတီး မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ညှော်ခံလိုက်ကာ ... နန်းအိုးစည်



www.burmeseclassic.com

www.burmeseclassic.com



ပညာဝိုင်းကို နိဂုံးချုပ်လိုက်သည့် ရှိသော် လက်ခုပ်သံများ ဝက်ဝက်ကွဲ သွားတော့၏။

အပျိုဝိုင်းရဲ့ လက်ခုပ်သံကား အစည်ဆုံး အကျယ်ဆုံးဖြစ်နေ၏။ အခြားရွာမှ ကာလသား ခေါင်းဆောင်များ၊ အပျိုခေါင်းများ၊ အပျိုများ ဝိုင်းလာ မိတ်ဖွဲ့ရကား ကိုယ့်လူ မိုးကြိုး ပြုံးနေရသဖြင့် သွားအဖြေးပေါ်ပြီး လေဖြတ်မှာကိုပင် ကျွန်တော် စိုးရိမ်နေရလေတော့တည်း။

ဆိုရလျှင် . . .

ထိုနေ့ ထိုရက် ထိုအလှူပွဲမှ စတင်ပြီး ကန်စွန်းတော ရွာသူ ကွမ်းတောင်ကိုင် အလှပဂေး မခင်မြနှစ်နှင့် မျက်လုံးချင်းဆုံရာမှသည် ရင်းနှီးသွားခဲ့ကြ၏။

သည့်နောက် . . . တစ်ပတ်လျှင် တစ်ရက်ကျ ကန်စွန်းတောရွာသို့ အာစေးဝင်ရောက်ခဲ့၏။ ရွာသူဌေးသမီးမို့ အနီးသို့ သိပ်မကပ်ရဲ''

သို့နှင့် သူမတို့ အိမ်ဝန်းကျင်ရှိရာ ကုက္ကိုပင်အောက်မှ ညအခါ ပလွေနှင့် ကြူရ၏။ ပလွေသံကြားရလျှင် မခင်မြနှစ်ကလည်း သိသည့် ဒါဘစ်ရွာသား ပလွေရှင် အိုးစည်တီး (အချို့ကသူ့ကို နန်းအိုးစည်ဟု ခေါ်ကြ၏) သမားကြီး ကိုမိုးကြိုးမှန်းသိ၍ အိမ်ကြီးအပေါ်ထပ်မှ တံခါး ဖွင့်ပြီး ကြည့်လေ့ရှိ၏။

သို့သော် . . .

ခင်မြနှစ်တို့ အမေကား ဒါကို ရိပ်မိ၏။ ရိပ်မိ၍ ကပျာကယာ ပြဘင်းပေါက် တံခါးကို မသိမသာ ပိတ်လေ့ရှိရကား ရွာလေးငါးရွာကျော်ပြီး မှုက်နှာလေး လျှပ်တစ်ပြက်ခဏ တွေ့ခွင့်ရသည်နဲ့ပင် ကျေနပ်ရသည့် အကြိမ်ပေါင်း မနည်း. . .။

''မိုးကြိုး. . .''

''ဘာလဲ . . . ဆိုင်း''

''မမိုတဲ့ ပန်းကို တုံးခုပြီး မလှမ်းပါနဲ့တော့ သူငယ်ချင်းရာ''

''လှမ်းရမှာပဲ မောင်ဆိုင်း၊ ငါ ခင်မြနှစ်ကို ချစ်နေပြီ''

''မင်းကို ငါနှိမ်တာတော့ မဟုတ်ပါဘူး . . . မိုးကြိုးရာ၊ ညီလို အစ်ကိုလို ချစ်လို့ သတိပေးရတာပါ . . . မင်းတို့ ငါတို့ဘဝက မရေမရာ မသေမချာပါ သူငယ်ချင်းရာ . . . မင်းတို့ ငါတို့မှာ အိမ်ပိုင် ခြံပိုင် မရှိဘူး





ပိုင်မှာတဲ့ စီးပွားရေး မရှိဘူး''

''ပြီး . . . မင်းတို့ ငါတို့ရဲ့ အစစ်အမှန်ဘဝ လူဆိုးဘဝဆိုတာကို သိသွားရင် မင်းတို့ အချစ်ရေး အဆင်ပြေမှာလား မိုးကြိုးရာ ဟင်. . .''

''ငါတို့ဘဝကို တစ်နေ့ ပြောင်းရမှာပေါ့ မောင်ဆိုင်းရာ''

''ဘယ်လို ပြောင်းမှာလဲ ပြောပါဦး ကိုယ့်လူ . . .''

''ငါတို့ ဒီလို အခြေအနေမှဲ့ လူဆိုး ဓါးပြဘဝနဲ့ အရိုးထုတ်သွား ရင် ဘယ်ဖြစ်မလဲ . . . ခုဟာကလည်း . . . ဆိုးချင်လို့ဆိုး ရမ်းချင်လို့ရမ်း တာ မဟုတ်ဘူး၊ မင်းတို့ ငါတို့ဘဝ အမိမရှိ အဖမရှိ. . . အလုပ်အကိုင် ကင်း. . . ခေတ်က တစ်ပါးကျွန်ခေတ် တဆိတ်ရှိ အလုပ်မရှိ ဟစ်ရာကိုး ဆိုရာတစ်ဆယ် ပုဒ်မနဲ့ ပုလိပ်က ခေါ်မေးစစ်ဖမ်းလုပ်နေလို့ ခြေဦးတည့် ထွက်လာခဲ့ကြတဲ့ဘဝ။ ရှိတဲ့လယ်တောကျတော့လည်း မြေရှင်နဲ့ ချစ်ကုလား သူဌေး အကြွေးနဲ့သိမ်း ဟူး. . . မမိုက်ချင် . . . မဆိုးချင်ပါဘူး သူငယ်ချင်းရာ . . . ရေဆန်ကို တက်နေရလို့ပါ. . .''

''အိမ်ထောင်ရေးကို စဉ်းစားရင် မင်းတို့ငါတို့ဘဝကို အမြစ်ကလှန်ပြီး အသစ်တဖန် ပြန်မွေးရမှာပဲ''

''တစ်နေ့တော့ ဖြစ်လာနိုင်မယ်လို့ ယုံကြည်ပါတယ် မောင်ဆိုင်း''

မြေမဲ့ ယာမဲ့ အခြေအနေမဲ့ဘဝထဲသို့ အချစ်စတင် ကိန်းအောင်း လာသောအခါ ဘဝကို ချေးတွန်း သန့်စင်ဖို့ ကျွန်တော်တို့ စဉ်စား လာခဲ့ကြ သည် . . .

ဒီလိုနှင့် . . .

မျှော်လင့်ချက်မရေရာ မသေချာသော . . .

ဘဝ မိုးနှင့် မြေလို ကွာလှမ်းလွန်းလှသော အချစ်ရှိရာသို့ နောက် ဘဝနှင့် လာခဲ့ရင်း အိမ်အနီးမှာ ပလွေနှင့်ကြူနေဖန်များသောအခါ ရွာကာလသား မခင်မြနှစ်ရဲ့ အမျိုးနှင့် အိမ်နီးချင်းများ အချို့က သိပ်မနှစ် မြို့ကြ။

ခင်မြနှစ် နှင့် မိုးကြိုးရဲ့ အခြေအနေကတော့ ကြာတော့ ပြတင်း တံခါးပေါက် အမြင်လေးမှသည် လက်ပြနှုတ်ဆက် အခြေအနေသို့ တိုးတက် လာရကား ကိုယ့်လူမှာ (၁၀)မိုင် ကျော်ခရီး ကုန်းကြောင်းလျှောက်ရသည်ကို ကျေနပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တန်ပါ့အယ် . . . ဟုလည်း ကြိတ်၍ ဝမ်းသာနေ၏။

ကန်စွန်းတောရွာမှ ပြန်လျှင် ရင်တထိတ်ထိတ် ညဘက်မပြန်ရဲ၍ ကိုကြွက်တောကြီး အိမ်မှာပဲ ညအိပ်ပြီး မနက်မိုးလင်းမှပင် ရွာသို့ပြန်ခဲ့ရ၏။

တစ်နေ့ညများတော့ ကျွန်တော့်လူ လူပျိုသိုး နောက်ပိုးကြီး ပထမဦးဆုံး ကျော်မကောင်း ကြားမကောင်း အဖြစ်ကို စ၍ ကြုံရတော့၏။

ဖြစ်ပုံကား ဤသို့တည်း . . .

ဤဖြစ်ပုံမျိုးသည် မြန်မာမှာ မပြောနှင့် ကမ္ဘာမှာတောင်ရှိ ရှိပါ့မလားမသိ . . .

တစ်ည . . . ရှစ်နာရီခန့်ရှိ၏။

စားပြီးသောက်ပြီးနောက် . . . ရွာခံ ကိုကြွက်တောကြီးကို အရက် တိုက်ပြီး ခင်မြနှစ်တို့ အိမ်ဝန်းကျင်ရှိ ပြတင်းပေါက်နှင့် တည့်တည့် မန်ကျည်း ပင်ကြီးအောက်မှာ ထုံးစံအတိုင်း သုံးယောက်သား ထိုင်လိုက်ကြ၏။

စနေနေ့တိုင်း ကျွန်တော့်လူ မိုးကြိုးကဝတ္တရားမပျက် . . . အလောင်းတော် မင်းကုသထုံး နှလုံးမူ၍ ပပဝတီကို ပိုး၏။

အလောင်းတော်မင်းကုသက နတ်စောင်းနှင့် ချစ်ရသူကို တီး၍ ချော့၏၊ ပိုး၏။ ကျွန်ုပ်လူ မိုးကြိုးကား နာမည်ကျော် ကြေးပလွေနှင့် ကြွေး၍ ပိုး၏။

လရောင်သည် ကောင်းကင်မှာ လက်ဝါး ဖြန့်ကားလျှက် . . .

ရော်ရွက်ဝါတို့က ဟိုမှ ဒီမှ လူးလွန့်နေ၏။

မကြာခင် မင်းကုသနှင့် ဆွေမျိုး (၃၆၄၅) ဝမ်းကွဲတော်စပ်ပုံရ သော စိန်မိုးကြိုးသည် ပလွေနှင့် ကြူတော့၏။

သူ့အဆိုအရ ပတ်ပျိုးဟု ဆို၏။ မြူဝန်းလို့နှိ ပတ်ပျိုးတဲ့။ ကျွန်တော် တော့ နားမလည်။ ဆရာသမားက ဒီသီချင်း(ပတ်ပျိုး)ကို ဇာတ်ဆရာကြီး ဦးကျော့ကပ်ခဲရေးသည်ဟုမိန့်၏။ ကိန္နရာ ချောင်းခြား ပတ်ပျိုးတဲ့ ဟုတ်ကဲ့။ ကျွန်တော်နှင့် ကြွက်တောကြီး ခေါင်းညိတ်၏။ မူးကလည်း မူးနေပြီကိုး . . .

ဒီမှာကိုယ့်လူက အသံဝါကြီးနှင့် ဟစ်တော့၏။

"မြူဝန်းလို့နှိ ××× အလိုဘယ်ဝယ် ××× ရောက်လွယ်ငယ်နိုင်ဘူး ဘယ်ဝန်း ဘယ်ညာ ××× သီတာချောင်းရေကွဲ ××× သည်းကြွေ လောင် တောင်ခရီး×××ဇနီးငယ်တည့်××× နန်းကိန္နရီမယ်××× မြန်းရှာရတာ





အလွှင်ငယ် သည်တသွန်း ××× အလွမ်းတွေကကြွယ် ××× ကုန်ကြေဖွယ် အလိုင်းဆောင်က ××× ပူဗျာသည် နောင်စိုး ××× ဖန်လာမိုး ××× အိုး ညီးရက် ××× မြိုင်ယံကြော့ဖျား ××× တအားရယ်ကငယ် ×××"

အလွမ်း သီချင်းတည်း။ ဘုရားစူး မိုးကြိုးပစ် အဆွေးသီချင်း တည်း။ ကိုယ့်လူကအသံကို လှိုက်၍ လွမ်း၏၊ ဟစ်၏။ တော်ရုံလူ မျက်ရည် ကောင်ကျလောက်၏။ ကျွန်တော်နှင့် ကိုကြွက်တောကြီးက မျက်ရည်ကျဖို့ဝေး ပြီး အာအာအေးသွားပြီး ပြတင်းပေါက်ကိုသာ လှမ်းလှမ်း ကြည့်နေမိ၏။

သီချင်းကို ဟစ်၍ ကျူပြီးသကာလ . . .

ပလွေနှင့် နှဲ့တော့၏။ အနှဲ့မှာပင် ပြတင်း တံခါးတစ်ချပ် စတင် ပွင့်သွား၏။

"ပြတင်း တံခါးတစ်ချပ်ပွင့်သွားပြီ မိုးကြိုးရ . . . နှဲ့ဟ . . . နှဲ့ဟ"

ကိုကြွက်တောကြီးက ဝမ်းသာအားရ အားပေး၏။ ဒီမှာ နောက်ထပ် ပြတင်းတံခါး တစ်ချပ်ပွင့်လာ၏။

"နောက်တစ်ချပ် ပွင့်ပြန်ပြီကွ"

"ဟော . . . ဟော"

"ဟယ် . . . ဟယ် . . . ဟယ်"

ပြတင်း နှစ်ချပ်ပွင့်ပြီးသောအခါ အမျိုးသမီးတစ်ယောက် ပြတင်း ပေါက်မှာ ရပ်လေ၏။ ရပ်သည်ကို မြင်သော် ကျွန်တော်တို့သုံးယောက် . . . အယ် . . . ဟော ဖြစ်ကုန်ကြလေ၏။

အကြောင်းမူ . . .

ပြတင်းပေါက်ဝမှာ လူလုံးပြသူကား ကိုယ့်လူ မျှော်နေသည့် ပပဝတီ ဖြစ်သလဲ ခင်မြနှစ် မဟုတ် . . .

မျက်ဆန်စကော်ဝိုင်းခန့်ရှိသော ပါးစုံ့တွဲတွဲ မိန်းမကြီး ခါးထောက်၍ ကျွန်တော်တို့ သုံးယောက်ကို စိုက်ကြည့်နေ၏။

"အဲ . . . အဲ . . . ဒါ ဘယ် . . . ဘယ်သူလဲဟင် . . . ဟင်"

ကျွန်ုပ်က အလှအပခြင်း ဆီနှင့်ရေလို ခြားနားလွန်း၍ အထစ်ထစ် အငေါ့ငေါ့နှင့် မေးလိုက်သည်ရှိသော် ရွာခံကိုကြွက်တောကြီးက

"ဟိုက် . . . အဲ . . . အဲဒါ ခင်မြနှစ်ရဲ့ အမေ . . . ဒေါ်ဝက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



''မြတ်စွာဘုရား...''

ဒီမှာပဲ ...ကိုယ့်လူ စိန်မိုးကြိုးသည် ပလွေကိုရပ်၍ အလန့်တကြား ကြည့်နေစဉ်မှာပင် ...

''တီ ...တီ ...တတီတီ ...တော်...တော် ...တော်''

''ဗုံ ...ဂလုံ ...ဗုံ ...တပ် ...တပ် ...တပ် ဗုံ''

''ဂွမ်း ...ချွမ်း ...တောက် ...ချွမ်း''

''ဟ ...ဟ ...ဘာသံ ...တွေလဲ မိုးကြိုးရ''

''တော် ...တတော်တော်...တီ ...တတီတီ ...တော်''

''ဗုံ ...ဂလုံ ...ဗုံ ...တုံ ...တုံ ...ဗုံ ...ဂလုံ''

''ဟာ ...ကုလား မသာချလာတာနဲ့ တူရဲ့ဟ''

''ဟိုက် ...ကုလားမသာက ခင်မြနှစ်တို့ အိမ်ထဲက ထွက်လာတာဟ''

''ဟုတ်ရဲ့လား ... မောင်ဆိုင်းရ''

''ဟုတ်တယ် ဟေ့ ...''

ကြည့်နေဆဲ ပလွေသံ အရပ်မှာ ကုလားလူမျိုးများ ကွယ်လွန်လျှင် တီးလေ့ရှိသည့် ကုလားမသာတီးဝိုင်းသည် ခင်မြနှစ်တို့ အိမ်ဝိုင်းထဲမှ နှဲသံ ဗုံသံ ...စည်တိုသံများ တစ်ပြိုင်နက် တစ်ခဲနက် တီးမှုတ်ပြီး လူ ငါးယောက်ခန့် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်လာကြ၏။

အသံများကား နားကွဲမတတ် . . .

ကုလားမသာနှဲသည် မိုးကြိုးရဲ့ ပလွေထက် စည်လှရကား ရွာထဲ အိမ်များမှ လူများ အလျှိုလျှို ထွက်၍ ကြည့်ကြတော့၏။

''တီ ...တတီတီ ...တီတီတီ''

''တော် ...တတော်တော် ...တော့ တတော်တော်''

''ဒိန်းတပ်တပ် ...ဗုံ ...ဂလုံ ...ဗုန်း''

''မြတ်စွာဘုရား ကယ်တော်မူပါ''

ကုလားမသာတီးဝိုင်းသည် ကုလားမသာ လုံးဝမပါဘဲ ကျွန်ုပ်တို့ သုံးဦးရှိရာသို့ ခေါင်းများရမ်းကာ ငုံ့ကာ တီးကာ မှုတ်ကာ ရှေးရှုလာနေ၏။

မိုးကြိုး ပလွေကို ကိုင်၍ အံ့ဩကြီးစွာ ကြည့်နေစဉ် ကုလားတီးဝိုင်းမှ လူငါးယောက်သည် ကျွန်တော်တို့ ရှေ့မှာရပ်ပြီး ...ကုလားမသာ





ဘီးလုံးနှင့် တူလှသော ဂီတကို လက်သံကုန် အားကုန်ကျူးလေရကား...။

ကျွန်တော်တို့ သုံးယောက် နားပိတ်၍ နောက်ပြန်လှည့် ပြေးရတော့၏။ ရွာထဲမှ လူများကလည်း ဝိုင်းကြည့်နေရကား ...ကျွန်တော်တို့ သုံးယောက်မှန်းသိလေသော် ...

''ဟိုဟာ ...မြနှစ်ကို ပိုးတဲ့ကောင်တွေ မဟုတ်လားဟေ့''

''ဟုတ်တယ်တော့ ...စနေနေ့တိုင်း ပလွေနဲ့ လာကျူ မှုံနေတာ''

''ခု ဘယ်လို ဖြစ်ကုန်တာတုန်းဟ''

''ကုလားတီးဝိုင်းနဲ့တွေ့တော့ ပြေးပြီလေ''

''ဟား ဟား ဟား ဖြစ်ရလေကွာ ကြွက်တောကြီးတို့ မဟုတ်လား''

''ဘယ်ကမှာလဲ မိုးကြိုးနဲ့ မောင်ဆိုင်းလည်းပါသတဲ့''

''ဒါ ဘယ်သူ့လက်ချက်များပါလိမ့်ကွာ...ပညာသား ပါလိုက်တာရယ်''

''ခင်မြနှစ် ...ဘကြီး လက်ချက်နေမှာပေါ့''

''ဟား ...ဟား ...ဟား ...ဟား ပြေးပြီကွ ...ပြေးကုန်ကြပြီဟ''

ကျွန်တော်တို့ အခြေအနေ မဟန်၍ ကိုကြွက်တောကြီး အိမ်ရှိရာ အရောက် ခြေကုန်နှင်ခဲ့ကြ၏။ ပြေးရလွန်း၍ ချွေးသီး ချွေးပေါက် ကျနေ၏။ ကိုကြွက်တောကြီး အိမ်ရောက်သည်နှင့် အိမ်ပေါ်တက် တံခါးပိတ်ပြီး အရက်ပုလင်းထောင်ကာ စိတ်ညစ်ညစ်နှင့် သောက်ကြတော့၏။

''ဘယ်လို ဖြစ်ရတာလဲ ...ကိုကြွက်တောရာ ဟင်''

မိုးကြိုးကား စိတ်ထိခိုက်စွာဖြင့်မေး၏။ ကိုကြွက်တောသည် ချက်အရက် တစ်ခွက်ကို အလျင်စလို မော့လိုက်ပြီးနောက် ...

''ဗွီ ...မဟုတ်မှလွဲရော ဒါ ...ခင်မြနှစ် ဘကြီး ...သူကြီး ဦးတာသန့်လျှင်းကြိုတ် ရဲ့ လက်ချက်နေမှာကွာ''

''ဘယ်လိုဗျ...''

''သူ့တူမကို မင်းပိုးနေမှန်းသိလို့ ပြောရတာခက်နေတာနဲ့...ဘိုကုလားရက ကုလားမသာချရင် တီး တဲ့ တီး ဝိုင်းကိုငှားပြီး မင်းတို့ ငါတို့ကို တန်ပြန်ပညာ ပြလိုက်တာပဲ ...နေမှာပဲ ...''



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ရက်စက်တဲ့ . . . သူကြီးဗျာ"

မိုးကြိုး ကြေကွဲစွာ ညည်း၏။ ဒီမှာကျွန်တော်က . . .

"သူ့တူမ . . . လင်ကောင်း သားကောင်းရမဲ့ ကိစ္စများဗျာ . . . ဒီလိုမျိုးက ကပျက်ယပျက်လုပ်ရတယ်လို့ အရပ်ရပ် ကျော်မကောင်း ကြား မကောင်းရယ်"

"မင်းတို့ မသိဘူး . . . မောင်ဆိုင်း . . . တို့ရွာက သူကြီး ဦးတသန်လျှင်းဂျိုတ်ဟာ . . . အရွဲ့တိုက်တဲ့ နေရာမှာ နာမည်ကြီး လူတိုင်း လက်လန်ပဲ . . . သူ့သမီး မင်္ဂလာဆောင်မှာရွာထုံးစံ ထမင်းမကျွေးဘဲ . . . သမက်လုပ်သူက တင်တောင်းတာ ငွေနည်းလို့ ဆိုပြီး . . . ဆန်ပြုတ်တိုက် လက်ဖွဲ့ခံတဲ့ . . . သူကြီးကွ"

"တော် . . . တတော်တော် . . . တီ တ တီ တီ"

"တော် . . . တီတီတီ . . . တော်တော် တော်"

"ဟ . . . ဟ"

"အမလေးဗျ"

"ဗုံ . . . ဂလုံ . . . ဂလုံ . . . ဗုံ"

"တုံး . . . တုံ . . . ဗုံ . . . ဗုံ . . . ဗုံ"

"ဗျိန်း . . . ဂျပ် ဂျပ် . . . ဂျိမ်းဂျပ်ဂျပ်"

"မြတ်စွာဘုရား ကယ်တော်မူပါဘုရား . . .

ကျွန်တော်တို့ အရက်သောက်ရင်း သူကြီးနှင့် တူမအကြောင်း ဆွေးနွေးနေစဉ်မှာပင် ကျွန်တော်တို့ တည်းနေသည့် ကိုကြွက်တောကြီး အိမ်ရှေ့မျက်နှာစာ တည့်တည့်မှ နေ၍ ကုလားတီးဝိုင်းသည် နဲသံကို ရူးရူး နွဲ့ကာနွဲ့ကာ လက်သံပြောင်စွာဖြင့် တီးမှုတ်သံများအား ဖြန်းစားချည် ကြားလိုက်သည်ရှိသော် . . .

ကျွန်တော့်တို့နားကိုပိတ်၍ အလန့်တကြား ခေါင်းပြူကြည့်လိုက် ကြ၏။

"အလိုလေး. . ."

တီးမှုတ်သမား ငါးယောက်သည် အားရပါးရ ပျော်ရွှင်စွာ တီးမှုတ်ပြီး ပါးစပ်မှ 'အချား'. . . 'အချား'. . .'အရေးပါးပါး' ဟစ်နေကြ၏။

နောက်ဆုံးတော့၊ ကျွန်တော်တို့ ဝဋ်လည်ပြီကို သိလိုက်ရ၏။





ကျွန်တော်တို့လူ မိုးကြိုးက စနေနေ့ညတိုင်း ပလွေသံနှင့် နားက သောအောင် ပိုးခဲ့ရကား။ ယခုအခါ . . . မဟာဂီတ လက်သံပြောင်ပြောင်နှင့် ကျွန်တော်တို့ကို ညှော်ခံသမှုပြုလိုက်ကြလေပြီ. . .

"သွားတားပါကွ . . . ကြွက်တောရ"

"တားလို့ . . . ရ . . . ရ. . . မှာ မဟုတ်ပါဘူး ဒါ ဒါ သူကြီး ခုတွေ"

"ဒါဖြင့် ဘယ်လို လုပ်ကြမလဲ"

"ဒီလို လုပ်ကွာ ကိုင်း"

ဒီမှာပဲ ကိုကြွက်တောကြီးက အညာစောင်ကို ခေါင်းမြီးခြုံပြီး ခင်ဘူးထောင်၍ နေလိုက်ရကား ကျွန်တော်နှင့် မိုးကြိုးလည်း မျက်နှာ နှင့် နားနှစ်ဖက်ကို ခေါင်းအုံးနှင့် ကပ်ပြီး စောင်အထပ်ထပ်ခြုံကာ အိပ်လိုက်ကြ သော်လည်း . . .

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# သရဲကိုရေလုံပြုတ်စားသူကြီး

နောက်ဆုံး . . . ဘယ်လိုမှ ထွက်ထားလို့မရမှန်း နားလည်လိုက်သည်။ ထွက်ပြေးလည်း စကားများ၍ ရန်ဖြစ်ရမည်။ အများနှင့် သုံးယောက် ဘယ်လိုမှ ရွာကိုကလန်ကဆန် လုပ်လို့မဖြစ်ရကား ရွာမှ ကျွန်တော်တို့နှစ်ယောက် ညတွင်းချင်း သန်းခေါင်ယံမှာ လစ်ခဲ့ရတော့၏။

ကျွန်တော်တို့နှစ်ဦး . . . နားမခံနိုင်၍ ပြေးမှန်းသိသောအခါ ဝိုင်းတော်သားများသည် ကျွန်တော်တို့နှစ်ဦးနောက်မှ လိုက်၍ လက်သံပြောင်စွာ တီးမှုတ်၍ လိုက်ပို့ခဲ့ကြပြန်၏။

နောက်ဆုံး ကန်စွန်းတောရွာမှ ထွက်တော့မှ အတီးကို ရပ်ကြတော့၏။ ကန်စွန်းတော သူကြီး ဦးတသန်လျှင်းကျိုတ်ကား ယဉ်ယဉ် လေးနှင့် ကလဲ့စား အချေကောင်းသူပါတကား . . .

"မိုးကြိုး . . ."

"ဘာတုံး . . . မောင်ဆိုင်း"

"ခုမှပဲ . . . နားကွဲမယ့်ဘေးက ဝေးတော့တယ် သူငယ်ချင်း"

"ဟုတ်ပါ့ကွာ . . . ဒီလိုအဖြစ်မျိုး . . . တစ်ခါမှ မကြုံဘူးပေါင်ကွာ . . . ဖွီ"





"ဒီကိစ္စ မင်းကောင်မလေးရဲ့ ဘကြီး ဦးတသန်လျှင်းကျိုတ် တင်မကဘူး မင်းယောက္ခမလောင်း ဟိုမျက်နှာပြန့် မိန်းမကြီးရဲ့ အကြံလည်း ပါမှာကွ . . .

"ခင်မြနှစ်တော့ ပါမယ် မထင်ပါဘူးကွာ ဟူး"

"အေးလေ . . . မင်းကောင်မလေး မပါပေမင့် သူက ဆန့်ကျင်ကန့်ကွက်လို့ မရတာတော့ ကျိန်းသေပဲ ကိုယ့်လူ မိုးလင်းရင် ဒီကိစ္စ တစ်ရွာလုံးသိကုန်မှာပဲ"

"မိုးလင်း မဟုတ်ပါဘူး . . . ဒီ ညတွင်းချင်းကို သိကုန်ကြတာပါတောက် . . . နေနှင့်ဦးပေါ့ ဦးတသန်လျှင်းကျိုတ်ရာ ကျုပ် . . . ခင်များတုမကိုရအောင်ကို ယူပြမယ် . . . ကြည့်ထား"

သို့နှင့် နှစ်ဦးသား ကိုကြွက်တောကြီး ပေးလိုက်သည့် အရက်ပုလင်းကို မော့လိုက် နားလိုက် လမ်းလျှောက်လိုက်နှင့် ရွာနှစ်ရွာကိုကျော်လာခဲ့ကြ၏။ ကျားမြီးဆွဲရွာ သချိုင်းသို့ ရောက်တော့ နံနက် တစ်နာရီခန့်ရှိနေပြီ . . .

သန်းခေါင်ကျော်မို့ လရောင် သာလွန်းလှ၏။

ကျားမြီးဆွဲ သချိုင်းသည် လရောင်အောက်မှာ ချောက်ချားစရာကောင်းလှ၏။ မြေပုံများ မှတ်တိုင်များ ဂူဟောင်းများနှင့် မြေထိခမန်းကိုင်း ကုတ်ကျနေသည့် ကုက္ကိုပင်ကြီးများကား တစ္ဆေကောင်ကြီးများ ငုတ်တုတ်ထိုင်နေသကဲ့သို့ ရှိ၏။

လူရိပ်မြင်လို့ထင့် . . .

သချိုင်းကုန်းပေါ်မှ ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်သည်မှာ မကောင်းဆိုးရွား မြင်၍ အူသည့် သဏ္ဌာန်မျိုးဖြစ်၏။

ဒီ သချိုင်းကို တစ်ခါတစ်ရံ ဖြတ်လေ့ရှိ၏။ ဒီသချိုင်းကမဖြတ်ဖြတ်လျှင် ခုနှစ်အိမ်တန်း သချိုင်းမှ ဖြတ်လေ့ရှိ၏။ တစ္ဆေသရဲ အခြောက်ကြမ်းသည့် သချိုင်းနှစ်ခုဟု ဝန်းကျင်ရွာနီးများမှ နာမည်ကြီးလှသော်လည်း ကျွန်တော်တို့ တစ္ဆေနှင့် မကြုံခဲ့သေး။

ကျွန်တော်က သရဲ တစ္ဆေ ကြောက်၏။

မိုးကြိုးလည်း ကြောက်၏။ ကျွန်တော်တို့ နှစ်ဦး သချိုင်းကုန်းရှေ့ တောလမ်းမှ ဖြတ်ရတော့မည်။ သို့ဖြစ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



''မိုးကြိုး. . .''

''ဘာလဲ''

''ခွေးကလည်း အူလိုက်တာကွာ''

''အူ . . . ဝူ . . . ဝူ . . . အူ . . . အိန် . . . အိန် . . . ဂိန် . . . ဂိန်''

''ခဲနဲ့ပစ်ကွာ. . .''

'မပစ်နဲ့ကွ . . . ပစ်ရင် တစ္ဆေတွေ သိကုန်မယ်''

''လာပါကွာ . . . သောက်ဂရုစိုက်မနေစမ်းပါနဲ့ . . . ပေးစမ်း အရက်ပုလင်း မိုးကြိုးက. . . ရဲဆေးတင်သည့် သဘောနှင့် အရက်ကို တစ်မော့ မော့သောက်လိုက်၏။ ကျွန်တော်လည်း သူနည်းတူ တစ်မော့ မော့လိုက်၏။

''ဖြတ်မယ် . . . လာ''

''မိုး . . . ကြိုး''

''ဘာလဲကွာ. . . စိတ်ညစ်ရတဲ့ အထဲ မင်းကတမှောင့်ကွ ဆိုင်းရ''

''သ. . . သ. . . သီ. . . ချင်း အော်ဆိုပါကွာ''

''ဟ . . . နားထောင်မယ့်သူမှ မရှိတာ ဥစ္စာ ဒါ . . . ရည်းစား အိမ်ရှေ့ . . . မဟုတ်ဘူး . . . သချိုင်းကုန်းကိုယ့်လူ''

''လုပ်ပါကွာ . . . အဟန့်ပြေ့ါ . . . ဒီ . . . ဒီတောတန်း . . . ကျော်ရင် . . . တော်ပါပြီ''

''တောက် . . . တကယ် . . . သူရဲကောင်း ခေါ်လာပြီးသား ဖြစ်နေပါ့ကွာ . . . ထွီ''

ဒီလိုနှင့် ပြောလွန်းမကပြောမှ မိုးကြိုးက အသံဝါကြီးနှင့် သီချင်းကို အော်ဆိုလိုက်တော့၏။ သူဆိုသည့် သီချင်းက နန်းတော်ရှေ့ ဆရာတင် ရေးပြီး ဦးစိန်ခင် သီဆိုသည့် သီချင်းဖြစ်၏။ ရွာစားကြီး စိန်ပေဒါ ဆိုင်းထွက်ရာမှ ဆိုလေ့ရှိသည့် သီချင်းဟု မိုးကြိုးမကြာခဏ ပြောဖူး၏။ စိန်ပေဒါသည် အသားမည်းရကား အသားမည်း ဂုဏ်ပြုသီချင်းဟု သိရ၏။

မကြာခဏ ဆိုလွန်း၍ သံပြိုင်အပိုဒ်များ ကျွန်တော်တို့ ပေါက်ချွန်း တို့ပါ ရနေပြီ ဖြစ်၏။ ကောင်းလေစွ သီချင်းအရှိန်နှင့် ဘယ်သရဲ တစ္ဆေမှ ကြောက်စရာမလို . . .





''xxxရုတ်တရက်ကယ်နဲ့ အဟုတ်မပျက်ခဲ့ပါဘူး xxx နွတ်ဆက်ချင် လို့ပါ xxx တစ်ပါးမြို့စရာပါ xxx အများလူ့တကာက xxx စိန်ပေဒါ အသားဖြူလာတယ်ဗျာ xxx ''

ဒီမှာ ကျွန်ုပ်က စကားပြောလိုက်၏။

''ဟယ် . . . တယ်ကောင်းတဲ့''

''တစ်ပါးမြို့စရာ xxx အများလူ့တကာက xxx စိန်ပေဒါ အသားဖြူ လာတယ်ဗျာ xxx ကောင်းတကြားဖို့ xxx အပေါင်းသဟာ အများတို့ ကျန်းမာပါစေဗျာxxx ကာလသားတို့ xxx ကညာနှမအများတို့ အားကိုး လို့လာခဲ့တာ xxx

(စိန်ပေဒါ၊ မိုးကြိုး) xxx ချစ်ကြတော့ အများ ချစ်ရဲ့လားဗျ xxx

(ခင်ဦးသံပြိုင်) xxx (ချစ်ပါတယ် xxx စိန်ပေဒါရေxxx)၂

(စိန်ပေဒါ၊ မိုးကြိုး) xxxတကယ်ကို ချစ်ရဲ့လားဗျ xxx

(ကျွန်တော် ) xxx တကယ်ကို (ချစ်ပါတယ် . . . စိန်ပေဒါရေ)၂

(စိန်ပေဒါ၊ မိုးကြိုး) xxx ဝ ရဲ့လားဗျ xxx

(ကျွန်တော်) xxx (ဝ ပါတယ် စိန်ပေဒါရေ)၂

(စိန်ပေဒါ မိုးကြိုး) xxxလှရဲ့လားဗျ xxx

(ကျွန်တော်) xxx (လှပါတယ် . . . စိန်ပေဒါရေ)၂

(စိန်ပေဒါ၊ မိုးကြိုး) xxx အသားဖြူရဲ့လားဗျ . . .

(ကျွန်တော်) xxx (အသားမဖြူပါ စိန်ပေဒါရေ. . .)၂

(စိန်ပေဒါ၊ မိုးကြိုး) xxxမြှောက်မပြောနဲ့ကွာ xxxငါလည်း သိပါတယ်ဗျာ (မိုးကြိုး) xxx သို့ပေမင့် xxx သူငယ်ချင်းတို့ရေ xxx မြှောက်ပေးကွယ် အသားဖြူတယ် xxxပြောမှxxxသဘောကျမယ် xxxဒါကြောင့်လေ (တီး)ချင်လွန်းလို့ xxxလာခဲ့တာ xxx ရွာစားကြီး စိန်ပေဒါ xxxတီးချင်လွန်း (လို့) xxxလာခဲ့တာ xxxရွာစားကြီး xxxစိန်ပေဒါ xxxမြို့ရွာမှာ အသရေ (ဝ)လို့ xxx ရွှေမိုးတွေရွာ xxx''

''မြို့ရွာမှာ အသရေဝိုးလို့ xxx ရွှေမိုးတွေရွာ xxx စိန်ပေဒါ (အ)သပြာဆုငွေ xxx မစဲအောင်ရတော့မှာ xxx အောင်စေရာ xxx (ပြည့်)စုံကြမှာ xxx အောင်စေရာ ပြည့်စုံကြမှာ xxx ရွာစားကြီး xxx (စိန်)ပေဒါကြီးစားတယ်xxဆိုသီချင်း xxx ရယ် xxx''



www.burmeseclassic.com

www.burmeseclassic.com



"ဝါး လား လား . . . ဘယ်သူတဲ့. . . ရှာစားကြီး စိန်ပေဖါလားဗျ ဦးမိုးကြိုးရဲ့"

ကျွန်တော်က သရဲကြောက်လွန်းလို့ အကြောက်ပြေအော်၍ . . . သချိုင်းရှေ့ တောတန်းကို ဖြတ်သည်ရှိသော် မိုးကြိုးလည်း ကြောက်၍ သီချင်းအော်ဆိုပြီး ပါးစပ်ဆိုင်းကိုတီး၏။

"ဟုတ်ပေ . . . ရှာစား"

"ပတ် ပေ ဗို့ ဂို ဂို ပေ့ ပေ့ တို့ပေါင်"

"ဝုန်း. . ."

"ဗုန်း. . ."

"အမလေးဗျ"

သီချင်းဆို၍ . . . ပါးစပ်ဆိုင်းတီး၍ တောတန်းကို ဖြတ်ကောင်း တုန်းရှိသေး ညောင်ပင်ကြီး တစ်ပင်ပေါ်မှ ဝုန်းခနဲ ပစ္စည်းတစ်ခု ပြုတ်ကျ လာ၏။ ရှောင်ချိန်မရလိုက် မဲမဲလုံးလုံးကြီးတစ်လုံး ကျွန်တော့် ကျောကုန်း ပေါ်ပြုတ်ကျလာပြီး . . . လူမှောက်လျက် လဲကျသွားတော့၏။

'အမလေး . . . သ . . . သ . . . ရဲ . . . မိုးကြိုး . . . ငါ. . . ငါ့ကျောကုန်းကို . . . သ . . . ရဲ . . . ရိုက် . . . လိုက်ပြီ . . . အမလေး လုပ် . . . လုပ်ပါဦးဗျ . . . အား . . . အား"

"ဘယ် . . . ဘယ်မှာလဲ . . . သ . . . သရဲ"

"ဟို . . . ဟို . . . အား . . . ဟို . . . ဟိုမှာ"

တင်းတောင်းခန့် ရှိသော အလုံးကြီးသည် ကျွန်တော့် ကျောပေါ် သို့ ကျပြီး မြေကြီးမှာ လိမ့်ကျသွား၏။

"အမလေး . . . သရဲပါလားဗျ"

"ဟ . . . မိုးကြိုး . . . မိုးကြိုး"

မိုးကြိုးကား လွန်စွာအားကိုးရ၏။ ညောင်ပင်ခြေရင်းသို့ လိမ့်သွား သည့် . . . မဲမဲအလုံးကြီးကို ရုတ်ချည်း မြင်လိုက်သည်နှင့် သရဲ ဟုအော်ကာ ကျွန်တော့်ကိုမျှ ဖေးမတွဲကူခြင်း မပြုတော့ပဲ တစ်ချိုးတည်း ပြေးတော့၏

"မိုး . . . ကြိုး . . . မိုး . . . ကြိုး . . . ငါ့ကို တွဲပါဦး"

"သရဲ . . . သ . . . ရဲ . . . သရဲ အလုံးကြီး . . . ဗျ . . . ဗျ"





"မိုးကြိုး"

"မခေါ်နဲ့ . . . ကိုယ့်ဖာသာ . . . ပြေးခဲ့ . . . အမေ့ရေ . . . သရဲ . . ."

နောက်ဆုံး နာနေသည့် ကျောကုန်းကို နောက်ပြန်လက်နှင့် ဖိရင်း ကောင်ပြီးပြောက်ကျနေသည့် သချိုင်းကုန်းရှေ့ တောလမ်းမှ မနည်း အားယူ ပြေးခဲ့ရလေသည်။

နာရီဝက်ကျော် တစ်နာရီခန့် ပြေးပြီးမှ ကျွန်တော်တို့ နေရာ ဘယ်ရွာသို့ ရောက်တော့၏။

"ဟောဟဲ . . . ဟောဟဲ . . . ဟော ဟော"

"ဟဲ ဟော . . . ဟဲ ဟော . . . အဲ . . . အဲ"

"ပေါက်ချွန်း"

"ဘသိန်း . . . ဆောင် . . . ထကြပါဦးဟ . . . အမလေး"

ကျွန်တော်တို့ နှစ်ယောက်အသံကြောင့် . . . တံခါးပွင့်လာပြီး ဦးစွာ ကြီးကျွန်းပြန် ဘကျွန်း မီးခွက်နှင့် ပေါ်လာ၏။

"ဟ . . . မိုးကြိုးတို့ ဘာဖြစ်လာကြတာလဲ"

ဆရာကြီးရဲ့ စိုးရိမ်တကြီး မေးသံကြားကြမှ ပေါက်ချွန်း ဘသိန်း ောင်တို့ လူးလဲထပြီး မေးမြန်းကြတော့၏။

"မိုးကြိုး . . . ဆိုင်း ဘာဖြစ်လို့လဲ"

"ရန်ဖြစ်လာကြတာလား . . . မင်းတို့ကို ဘယ်ကောင်ချတာလဲ . . . ပြော" အားလုံး လက်နက်များ ထ၍ ဆွဲကြ၏။

"ဟော . . . ဟောဟဲ . . . ဟောဟဲ . . . ဟို . . . ဟို"

'ဟေ့ကောင် . . . မိုးကြိုး . . . မင်းတို့ ဘာဖြစ်တာလဲ မြန် ပြောစမ်း"

"င . . . င ဆိုင်း မင်း . . . ပြော . . . ပြောလိုက် . . . ဟော မိုးကြိုးက အမောဖောက်၍ စကားမပြောနိုင်။ ပေါက်ချွန်းကို ဖက်ပြီး ဟိုက်နေ၏။

"ဆိုင်း"

"ဗျာ ဆရာကြီး"

"မင်းတို့ ဘာပြဿနာ ဖြစ်လာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြ ...ပြဿနာ ...ဟို ...ဟို သ ...သ ...ရဲ အ ခြောက်ခံရလို့"

"ဖွီ ...ဒါများကွာ ...တောက် ...နောက်ကမျာ ပုလိပ် နဲ့ သူကြီးလိုက်လာလားလို့ ...ဘယ်က သရဲလဲ"

"ခု ...နှစ် ...အိမ်တန်း ...သချိုင်း ...က ...သ... သရဲ အမလေး"

"ဘယ်လို ခြောက်လဲ ပြောစမ်း"

ဒါနဲ့ ကျွန်တော်က မိန်းမပိုးသွား၍ အထူးစပါယ်ရှယ် တီးဝိုင်းနှင့် ရှာပြင်အပို့ခံရသည်ကို ချန်ပြီး သချိုင်းကုန်းကို အဖြတ် သီချင်း အော်ဆို လာစဉ် ကျွန်တော့် ကျောကုန်းပေါ်သို့ ညောင်ပင်ပေါ်မှ သရဲလုံးကြီး ခုန်ချပုံနှင့် သရဲလုံးကြီးညောင်ပင်အောက်မှ လိမ့်နေပုံကို ပြန်ပြောလိုက်သောအခါ ပေါက်ချွန်းနှင့် ဘသိန်းဆောင်လည်း အံ့သြသွားခဲ့၏။

"သရဲ ဟုတ်ရဲ့လား ...ဆိုင်းရာ"

"သရဲမှ သရဲ အစစ်ပါကွာ ...တင်းတောင်းလောက်ရှိမယ့် ခေါင်းလုံးကြီးက ...မည်းမည်းပြောင်ပြောင်ကြီး..."

"ပြိတ္တာဦးခေါင်းပြတ်များ ဖြစ်နေမလား..."

ဘုမသိ ဘမသိနဲ့ ပေါက်ချွန်းက...ကြောက်ရသည့်ကြားထဲ ဝင်ကွန့်၏ ...။

"ကျောကုန်းပေါ် ...ခွစီးပြီးလိုက်မလို့နဲ့ တူပါရဲ့ ...ဆ ... ဆရာကြီးရာ"

"မိုးကြိုး ...ဒီကောင် ...ဆိုင်း ပြောတာဟုတ်ရဲ့လား"

"ဟုတ် ...ဟုတ် ...ပါတယ် ဆ ...ဆရာကြီး ကျွန် ... ကျွန်တော် လူမကြောက်ဘူး ... သ... သရဲ ...တော့ ကြောက် ကြောက်တယ်..."

"ဟော့ကောင် နှစ်ကောင် ...နက်ဖြန်ညသန်းခေါင်ကျရင် ... မင်းတို့ သရဲခြောက်ခံရတဲ့နေရာ ငါ့ကိုလိုက်ပြ"

ဆရာကြီး ...သို့ကလို ...ပြောလိုက်သည်ရှိသော်

"ဗျာ ...ဗျာ ... ဆ ...ဆရာကြီး...ဘာ ...ဘာ သွား လုပ်မလို့လဲ ...ဟင်"

စိတ်ကူးသစ်စာပေ



"အဲဒီ သရဲနဲ့ ငါ မျက်နှာချင်းဆိုင်မယ်"

"အမလေး ... မ လုပ်ပါနဲ့ ...ဆရာကြီး ခင်ဗျ ... ကျွန်တော်တို့မှာ ဆရာကြီးကို အားကိုးပြီး နေရတာပါ ခင်ဗျာ ...သရဲ ခြောက်လို့ ...ဆရာကြီး သေရင် ...ကျွန်တော်တို့ အားလုံး သောင်ပြင်လွှတ်တဲ့ ... ဟသာင်္ဂကလို ဖြစ် ...ဖြစ်"

"သောင်ပြင်လွှတ်တဲ့ ...ခွေးပါကွာ ဆိုင်းရာ ...ထွီ"

"ဩော် အေး ...အေး ...သောင်ပြင် လွှတ်ခံရတဲ့ ခွေးလို ဆာစရေစာ တော်ပြတ်ပြီး ..."

"တော်ကွာ... တိတ်ကြ ...ခြေရှည်ချင်တဲ့ကောင်တွေ ... ခံတော ကောင်းတယ်။ ဒါပေမင့် ငါမကျေနပ်ဘူး ... ဒီနယ်တရိုး ငါ သွားချင်တိုင်းသွား လာချင်တိုင်းလာနေတာ"

"ဘယ်သချိုင်းကမှ သရဲမခြောက်ခဲ့ဘူး၊ မင်းတို့ကျမှ ခြောက်ခံရ တယ်လို့ ... ရာဇဝင်ရိုင်းလှသကွာ"

"အဲဒီ သရဲ နက်ဖြန် သန်းခေါင်မှာ ငါနဲ့ တွေ့မယ်ဟေ့ ..."

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

ပထမဦးဆုံး ဆရာကြီးသည် အရက်(၅)လုံးကို ကုန်အောင် သောက်၏။ အရက်ကုန်သည်နှင့် ပစ္စတိုသေနတ်ကြီးကို ခါးကြားထိုး၍ ထလိုက်၏။

အချိန်ကား သန်းခေါင်ယံတည်း . . .

"ဟေ့ကောင်တွေ . . . ထ . . . သွားမယ် . . ."

"ဘယ်ကိုလဲ . . . ဆ . . . ဆ . . . ဆရာကြီး . . ."

မိုးကြိုးက . . . အရက်ပုလင်းများကို သိမ်းရင်း မေးလိုက်သည်။

"မင်းတို့ . . . သရဲခြောက်ခံရတဲ့ ခုနစ်အိမ်တန်း သင်္ချိုင်းကိုလေ"

"ဗျာ"

"ဆရာကြီး . . . တကယ်သွားမှာ"

"ဟေ့ကောင် . . . ဟောဒီ ပစ္စတိုသေနတ်ထဲမှာ ကျည်အပြည့် ရှိတယ် . . . သရဲနဲ့ လူချင်းသတ်လို့ မနိုင်ရင် သေနတ်နဲ့ပစ်မယ် အဲ သင်္ချိုင်းမှာပဲ . . . မင်းတို့ခြောက်တဲ့ သရဲကို မီးကင်စား . . . ဒါမှ မဟုတ် ဒီကို သယ်လို့လွယ်ရင် ဒီမှာပြုတ်ပြီး အရက်နဲ့ မြည်းမယ်"

"မြတ်စွာဘုရား ကယ်တော်မူပါဘုရား"

ကျွန်တော်တို့ လက်လန်ရပါသည်။ ဘယ်လိုလူစားမျိုးမှန်း ထ မိကျောင်းနဲ့လည်း နပန်းလုံး၏။ အခု သရဲနှင့် နပန်းလုံးမလို့တဲ့ သ





ကိုဘာများမှတ်နေသလဲ မသိ။ ဘယ်လိုမှ တားလို့လည်း မရ။ တားလို့ ရသည့်အဆုံး ကျွန်တော်တို့ အားလုံး ဝုန်းခနဲ ထပြီး ခုနစ်အိမ်တန်း သင်္ချိုင်းကုန်းရှိရာသို့ လရောင်ကို အားပြု၍ ထွက်လာခဲ့လိုက်ကြ၏။ ဆရာကြီး သည် အညာစောင်ကြမ်းကြီးခြုံ၍ ရှေ့မှသွားနေ၏။

မကြာခင် သင်္ချိုင်းရှိရာ တောတန်းလမ်းလေးဆီသို့ ချဉ်းကပ် ရောက်ရှိ သာရာ ငှက်ဆိုးတစ်ကောင် လူရိပ်မြင်လို့ထင့် အော်ပြီး ပျံတက်လာ၏။

"ဂီး . . . ဂီး . . . ဂစ် . . . ဂစ်"

"ဘုရား . . . ဘုရား . . . ငှက်ဆိုးထိုးသံပါလား"

"ငှက်ဆိုးထိုးတော့ . . . ဘာဖြစ်လို့လဲ"

"ဒါ . . . ဒါ နိမိတ် မ . . . မကောင်း"

"သွား . . . ဟာ . . . နိမိတ် မကောင်းဦး"

"ဗုန်း"

"အမလေးဗျ . . . အင့်"

ဆရာကြီးသည် အနီးကပ်ပြီး ကြောက်ကြောက်လန့်လန့်နှင့် လျှာ ရှည်နေသော ကျွန်တော့်တင်ပါးကို နောက်မှ ဆောင့်ကန်လိုက်ရာ ကျွန်တော် ချော လမ်းဘေးမှာ သနားစရာ မှောက်လျက် လဲခဲ့ရ၏။

"ဂီး . . . ဂီး . . . ဂစ် . . . ဂစ် . . . ဂစ်"

"အူး . . . အူ . . . ဝူ . . . ဝူ . . . ဝူ"

"ဂီး . . . ဂီး"

"ဝုတ် . . . ဝုတ် . . . အူ . . . အူ"

"ဂိန် . . . ဂိန် . . . အိန် . . . အိန်"

ကျွန်တော်တို့ လေးယောက် ငှက်ဆိုးထိုးပြီး ခေါင်းပေါ်ဝဲနေဟန် သင်္ချိုင်းကုန်းပေါ်မှာ ခွေးများရဲ့ အူသံများကို ကြားရသော် သင်္ချိုင်းကုန်း ထဲမှ တစ္ဆေသရဲများ စုဝေးထကြည့်ကြပြီ ထင်ပြီး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လန့်ပြီး ပူးကပ်လိုက်ကြ၏။

"ဟေ့ကောင် . . . မိုးကြိုး"

"ဗျာ . . . ဆရာကြီး"

"ရှေ့ကနေ . . . ဝင်ကွာ"

"မ . . . မ . . . ဝင်ရဲဘူး ခံ . . . ခံ . . . ဗျ . . . သရဲတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောက် . . . တယ် . . . ခံဗျာ . . . ဟီး . ."

"တောက် . . . အားကိုးစားရမဲ့ ကောင်ပဲ. . ဟိုကောင်. . ခေဆိုင်း"

"ခင် . . . ခင် . . . ဗျာ"

"မင်း . . . အခြောက်ခံရတာဆိုတော့ . . . မင်းရှေ့ကဝင်"

"ဆ . . . ဆ. . . ဆရာကြီး ခံ . . . ဗျာ . . . ဒီ . . . ဒီ . . . တစ်ခါ အခြောက်ခံရရင် . . . ကျွန် . . . ကျွန်တော် . . . သေ . . . သေ သွားနိုင်ပါလိမ့်မယ် . . . ဆ . . . ဆရာကြီး ခင်ဗျား"

"ထွီ . . . ဒီမှာ . . ပစ္စတို ပါ ပါတယ်ကွာ"

"သ . . . သ . . . ရဲ . . . က ပစ္စတို . . . တို . . . ကြောက် ကြောက်ပါ့မလား ခင် . . . ခင်ဗျား"

"ဒါဆိုအော်မေးကြည့်ကွာ"

"အမလေး . . . မ . . . မ . . . လုပ်ပါနဲ့ ဗျာ . . . ဟီး . . . ဟီး ပြန် . . . ပြန်ကြစို့ . . . ဆ . . . ဆရာကြီး ခင်ဗျာ . . . ငှက် . . . ငှက်ဆိုး ကလည်း ထိုး ခွေးကလည်း . . . အူ . . . အူ"

"တိတ်စမ်း"

"အဲ . . . အဲ"

ဆရာကြီးက ပိတ်ဟောက်လိုက်၍ လေးယောက်စလုံး တုန်တုန် ရီရီ ကုတ်ကုတ်ခြောင်းခြောင်းနှင့် သရဲခြောက်သည့် တောတန်းကလေးကို မရဲတရဲ ကြည့်နေစဉ် . . .

"မိုး . . . ကြိုး . . . မိုးကြိုး"

"အမလေးဗျ"

"ဟာ . . ."

"အလိုလေး. . ."

မိုးကြိုးလန့်သွားသလို ကျွန်တော်တို့လည်း 'အမလေး' ထ ရတော့၏။ အကြောင်းကား သရဲခြောက်ခံရသည့် တောတန်းထဲမှ မိုးကြိုး နာမည်ကို လှမ်းခေါ်လိုက်သောကြောင့် ဖြစ်၏။

"င . . . ဆိုင်း . . . ငဆိုင်း"

"အမေ . . . ကယ် . . . တော် . . . မူပါ . . . အမေရဲ့"

ဘုရား . . . ဘုရား တစ္ဆေကောင်သည် သချိုင်း ဝန်းကျင်မှ နေ၍





ကျွန်တော့်နာမည်ကိုပါ ပီပီသသခေါ်လိုက်သည်ကို ကျွန်တော်တို့ အားလုံး ကြားလိုက်သောအခါ . . .

"ခေဆိုင်း . . . မင်းကိုပါ ခေါ် . . . ခေါ် . . . နေပြီ"

ဘုရား . . . ဘုရား . . . ကယ်တော်မူပါဘုရား . . . ညှို . . . ညှို ခြောက်လိုက်တာ ခေါ်သံက ပီပီသသကြီး . . . မိုးကြိုးတဲ့ . . . ငဆိုင်းတဲ့ ခြောက်လွန်း၍ ဘာဘုရားစာ ဆက်ရွတ်ရမှန်းမသိ . . . ဘုန်းကြီးကျောင်း ၌နေစဉ်က ရထားသည့် သမ္ဗုဒ္ဓေနှင့်ဓာရဏပရိတ်လည်း . . . အစကို စဉ်းစားလို့ မရ။

ကျွန်တော်တို့ နှစ်ဦးရဲ့ အမည်ကို သချိုင်းကုန်းမှ ခေါ်နေ၍ အသား များတုန်နေသော်လည်း ဆရာကြီး ကျောက်ဘီလူး ကျွန်းပြန်ဘကျွန်းကား အရက်ရှိန်ကြောင့်လားမသိ၊ သဘောများပင်ကျ၍ ရယ်နေသေး၏။ သူသည် အသံပေါ်လာရာ တောတန်း သချိုင်းရှိရာ အရပ်သို့ မျက်မှာမူရင်းမှ ခေါင်း ညိတ်ညိတ် လုပ်လျှက် . . .

"ခေါ် . . . ဟေ့ . . . ခေါ် . . . ဒီည ခေါ်ပါကွ . . . အဟတ် အဟတ်"

"ဘုရား . . . ဘုရား "

"ရက်စက်လှချည်လား ဆရာကြီးရယ် ဟီး ဟီး"

"မိုးကြိုး . . . မိုးကြိုး . . . ရှီ"

"အမလေး ဗျာ . . . ဆ . . . ဆရာကြီး ခေါ်နေပြီဗျ"

"ကောင်းတာပေါ့ကွာ . . . အဲဟေ့ . . . ဟေ ဟေ"

"ငဆိုင်း . . . ငဆိုင်း"

"အမေရေ . . . အမေရဲ့"

ကြောက်လွန်းလို့ ကျွန်တော် ထွက်ပြေးရာ ဆရာကြီး ခြေထိုးခံ လိုက်ရ၍ လဲကျသွား၏။ ၎င်းနောက် ကျွန်တော့် တင်ပါးကို ခြေထောက်နှင့် ဆောင့်ကန်၏။

"ကိုင်းကွာ ကိုင်းဟာ. . . ဒါ ယောက်ျားလားကွ မိန်းမ သွားပိုး တုန်းက ပိုးပြီး သရဲကျမှ ကြောက်ရလား တိရစ္ဆာန် ကောင်တွေ ဒါနဲ့များ မိန်းမသည့်လုပ်ချင်တယ် ထ မြန်မြန်ထ ဟိုကောင် မိုးကြိုး"

"ဗျာ . . . ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သီချင်း တစ်ပုဒ်အော်ဆို ရှေ့သွား"

"ဆ ... ဆ ... ဆရာကြီး ခင်ဗျာ ... သီ ... သီချင်း ဆို ဆိုရင် ဆိုပါ့မယ် ခင်ဗျား၊ ရှေ့ ... ရှေ့က ... မသွား ... ပါရစေနဲ့ ခင်ဗျ"

"ဟိုကောင် ... ဆေိုင်းရော"

"အမလေး ဆရာကြီး ပစ္စတိုနဲ့သာ အသေပစ်သတ်လိုက်ပါတော့ ခင်ဗျာ မ မသွားပါရစေနဲ့ ဟီး ... ဟီး အမေရေ ... အမေရဲ့ ... ဟီး ... ဟီး"

"တိတ်တိတ်နေပါကွာ အော်ငိုမနေနဲ့ သချိုင်းကုန်းမှာ ကျက်သရေ မရှိဘူး။ တော်ကြာ အရပ်ကရွာက သန်းခေါင်ကျော်ကြီး မသာချ လာတယ် မှတ်ပြီး လာကြည့်လို့ ပြေးပေါက်မှားကုန်မယ်။ ဟိုကောင် သီချင်း အော်ဆို ငါရှေ့ကဝင်မယ်"

ဒီမှာပဲ ... မိုးကြိုးသည် မထူးတော့သည့်ဘဝမို့ နောက်ဆုံး ဘာသီချင်းဆိုရမှန်း မသိဖြစ်နေရာမှ ငိုချင်းတစ်ပုဒ်ကို မရဲ တရဲနှင့် ဆိုလိုက်တော့၏။

"ကံကြမ္မာငယ် xxx ယိုယွင်း xxx ဟင်း၊ ဟင်း xxx ကြိုလ်မင်း တို့ xxx မောင့်ကိုမွေ xxx နတ်မင်းတို့ xxx နေနိုင်စေxxx ဟော ဟော ဟော"

"ကောင်းလိုက်တာကွယ် ... ဒါ ရုပ်သေး ငိုချင်းကွ ... ဆက်ဆို ဆက်ဆို ဆက်ဆို .."

သူများတွေကြောက်လို့ ငိုရတဲ့ကြားထဲ ဆရာကြီးက ကောင်းလိုက် တာ ဒါရုပ်သေး ငိုချင်းဟု ချီးမွမ်း နေပြန်သေး၏။ သည်နောက် သူ ရှေ့ဆောင်ပြီး သရဲခြောက်သည့် တောတန်းသို့ ဝင်သွား၏။

"ဆိုလေကွာ"

"ဟုတ် ... ဟုတ်ကဲ့ ... အင့် ... အင့်"

အဆိုတော် စိန်မိုးကြိုးသည် တအင့်အင့် ရှိုက်ရင်းမှ သီချင်းကို ဆက်၍ အော်ဆိုလိုက်သည်။

"xxx ကြိုလေ xxx ဘုံမွေ xxx ဆိုငိုယောင်မိမှား xxxကံ xxx ကံ xxx ငယ် xxx ခေလို့သာ xxx အမယ်လေး xxx ကြိုရလေချင် xxx ဟင်း xxx ဟင်း xxx ဟင်း"





"ဝုန်း"

"ဟိုက် ... အ ... မလေး"

"ပြေး ... ပြေး ...ဟဲ့ သရဲ ... ခုန်ချ ...ပြီ... ပြေး"

"ပြေးဟ ... ပြေးဟ"

"ဆရာကြီး ... ကျန်ခဲ့ပြီဟ "

"ကျန်ကျန် ... သေသေ ... ပြေး ... ပြေး"

ကျွန်တော်တို့ လေးယောက် နောက်ကြောင်းမှ လှည့်မကြည့်တော့ ဘဲ ... ခြေကုန်သုတ်၍ ပြေးကြတော့၏။ မပြေးလို့ မဖြစ်တော့ ... အကြောင်းကား ...

ရှေ့ဆုံးမှ အညာစောင်ကြီးခြုံ၊ ရှင်ဘုရင်တိုင်းခန်းလှည့် သကဲ့သို့ ဓားကြီး တစ်ခွဲသားနှင့် ကြွချီတော်မူနေသည့် ဆရာကြီးကိုယ်ပေါ်သို့ ညောင်ပင်ပေါ်မှ သရဲက ဝုန်းခနဲ ခုန်ချလိုက်သောကြောင့်တည်း။

ညောင်ပင်ပေါ်မှ သရဲကြီးသည် ဆရာကြီး ပခုံးပေါ်သို့ တည့်တည့် ခုန်ချလိုက်ရကား သန်မာလှပါသည်ဆိုသော် ကပ္ပလိကျွန်းပြန် ဘကျွန်း ဆရာမသတ္တိရှင် ကျွန်ုပ်တို့ ဆရာကြီးသည် အမလေး တစ်ချက်အော်ပြီး မြေသို့ စိုက်လဲကျသွား၏။

ကျွန်တော်တို့ကား ဆရာကြီးကို ဝိုင်းမကူနိုင် ...

ပြေးကြ၏။ ပြေးရင်းမှ မော၍ ခဏရပ်ပြီး အခြေအနေကို စောင့်ကြည့်ကြ၏။ ဆရာကြီးနှင့် သရဲ နပန်းလုံးသံကို ကြားရ၏။

"သေပြီလား မသိဘူး ... မိုးကြိုးရေ ... ဟ"

"သေလည်း အေးတာပါပဲကွာ ... ဇွတ်ကြီးညစ္စာ"

"သေနတ်သံလည်း မကြားရဘူးနော် ... နော် ... နော် "

ပေါက်ချွန်းက ပုဆိုးကွင်းသိုင်းနှင့် ဘိနပ် နှစ်ဖက်ကို လက်နှင့်ကိုင်ရင်းမှ ပြော၏။

"ကြည့် ... ရတာ ... သေနတ်ပစ်ဖို့ အချိန်တောင် မရ လိုက်ဖူးနဲ့တူပါရဲ့ကွာ"

"အနားသွားကြည့်မလား..."

ဒီမှာ ဘသိန်းဆောင်က ဝင်ပြော၏။

"ကြည့်ချင် ... မင်းဖာသာ သွားကြည့် ... မအေရိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက အမြင်ကပ်၍ ဆဲလိုက်၏။

"ဟာ . . . တစ်ယောက်ထဲတော့ ငွေ ငွေတစ်သိန်းပေးတာတောင်
မ . . . မသွားချင်ဘူး လေးယောက်စလုံးသွားကြည့်ချင် . . . ကြည့်"

ဒီမှာ ကျွန်တော်က ဝင်၍ ဆရာကြီးလုပ်ရ၏။

"အဲဒီလို သွားကြည့်မှ ငါတို့လေးယောက် စလုံးကို သရဲက
သူ့ခွေမျိုးတွေနဲ့ ကုပ်ချိုးသတ်ပြီး စားရင် ဘယ်လိုလုပ်မှာလဲကွ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ပြန်ကြစို့"

"ဆရာကြီး . . . အလောင်းရော"

"မနက်မိုးလင်းမှ . . . လာကြည့်မယ်"

"သရဲစားလို့ ကုန်ရင် ဘယ်လိုလုပ်မလဲ"

"နည်းနည်းပါးပါး ကျန်တာပဲ သင်္ချိုင်းမှာ မြှုပ်လိုက်ကြတာပေါ့
အချိန်မရှိဘူး လစ်စို့"

ကျွန်တော်တို့ လေးဦးက တစ်ယောက်ကို တစ်ယောက် ဖေးမ၍
ဖင်လယ်ရွာရှိရာသို့ ခြေဦးတည်လှည့်လိုက်စဉ် . . .

"မိုး . . . ကြိုး"

"အမလေး . . . ခေါ်ပြန်ပြီ"

"င . . . ဆိုင်း . . ."

"ဟ . . . ဟ ငါ့ပါခေါ်နေပြီ . . . ပြေး ပြေး လှည့်မကြည့်နဲ့
အုကို အရင်စား . . . အဲ . . . အဲ . . . အူကို အရင်စားလိမ့်မယ် ပြေး
ပြေး"

ကျွန်တော်တို့ ပြေးရင်းမှ နောက်ပြန်လှည့်ကြည့်လိုက်သောအခါ
ကုံး ကုံး ကုံးနှင့် မည်းမည်းကြီး တစ်ဦး တောတန်းထဲမှ ထွက်လာ နေသည်ကို
မြင်လိုက်စဉ်

"ဟိုမှာ သရဲ . . . လိုက် လာ . . . ပြီ"

"ဘယ်မှာလဲ"

"ဟိုမှာ . . . ခေါင်း . . . နှစ်လုံးပူးကြီးဗျ"

"ဟင် . . . အေးဟ။ ခေါင်းက နှစ်လုံးပူးကြီး . . . ခါးကုန်း
ကုန်းကြီး မိုးကြိုးရေ . . . ပြေး ပြေး"





ဘာစကားမှ ဆက်မပြောကြတော့။ ဖိနပ် ခါးကြားထိုး၍ ပြေးလိုက်
ကြသည်မှာ ရွာရောက်သည့်တိုင်ဖြစ်၏။ ရွာထဲကို ရောက်သည်နှင့်
အကော်ပုလင်းများကို ဖွင့်၍ အသားကုန်မော့ပစ်ပြီး ပက်လက်လှန် လဲကျ
ကုန်တော့၏။

အားလုံးရဲ့ မောဟိုက် အသက်ရှူသံများကား . . . အဂ္ဂိရတ်
. . . လေးလုံး တစ်ပြိုင်နက်ဆွဲနေရာမှ ပေါ်လာသည့် အသံအတိုင်း ရှူးရှဲ
. . . ဂဲနှင့် ညံနေတော့၏။

မောမောနှင့် အိပ်ပျော်မည်ကြံကာရှိသေး တဲရှေ့မှ အသံကြား
. . . က်ရတော့၏

"မိုးကြိုးရေ"

"ဟိုက် . . ."

"င . . . ဆိုင်း . . . ရေ"

"အမေလေး . . . သရဲ . . . တို့ဆီ လိုက်လာပြီဟ"

လေးယောက်သား ကိုယ်ချင်းကပ်၍ စောင်ခေါင်းမြီးခြုံပြီး တုန်
. . . ကြစဉ် . . .

"မိုးကြိုး . . . ငါ . . . ငါ . . . ပါကွ"

"ဘယ်က . . . ငါလဲ . . . ဘယ်သူ လဲ လဲ"

"ငါပါ . . . မင်းတို့ ဆ . . . ဆရာကြီး ကျွန်းပြန်ပါ"

"မ . . . မဟုတ်နိုင်ပါဘူး . . . ဆ . . . ဆရာကြီး . . . သရဲ
. . . ဒို . . . သေ . . . သေပြီ . . . သွား . . . သွား၊ အ . . . အမလေးဗျ
. . . ဒွေ . . . အဌဝိသဉ္စ . . . အဲ အဲ ပြီးတော့ ဘာလဲ . . . ငဆိုင်း
. . . င်း . . . ဟင်း"

"မသိဘူး . . . ငါလည်း . . . မေ့ . . . မေ့"

"ဝုန်း . . ."

"အမလေးဗျ . . . ဘကြီး ဘိုးတုတ်"

"မြတ်စွာဘုရား . . . ကယ်တော်မူပါဘုရား"

"ဟီး . . . ဟီး . . . ဟီး ဆရာတော်ဘုရား၊ ဆရာတော် ဘုရား"

တဲဝါးခင်းကြမ်းပြင်ပေါ်သို့ ပစ္စည်းကြီး တစ်ခုပြုတ်ကျလာကာ
. . . ယောက်သား စောင်များကြားမှ ဘုရားတ, အမေတ, ဆရာတ, အသံ



www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင် အော်ကြတော့၏။

သေနတ်လည်း သတိမရတော့၊ ဓားခွဲ၍ ခုတ်ရမှန်းလည်း သတိ မရတော့ ...

"ဟော့ကောင်တွေ..."

"ဟော့ကောင်တွေ ...လူလွန်မသား၊ ... သူ့ရဲကောင်းကြီးတွေ"

"စောင်ကို ဖွင့်လိုက်စမ်း ... ငါကွ ...ငါ ... ကျွန်းပြ အစစ်ပါဟ ... မိကျောင်းထမ်းခဲ့ဖူးတဲ့ ကျွန်းပြန်ပါ ...အခုသရဲ ကို ငါခေါ်လာခဲ့ပြီ"

"အမေလေး ...ခုက္ခပါပဲဗျ ...သွားပြန်ပို့ပါဗျ"

"ဒီလောက်တောင် ပြောမရတဲ့ ကောင်တွေ ကိုင်းကွာ ...ကဲကွာ ကဲကွာ"

"ဖုန်း..."

"အင့်..."

"ဖောင်း..."

"အား ...မ ...ရေ ...ဗျ"

"ကိုင်းဟာ"

"ဖြန်း ..."

"ကြောက်ပါပြီ သရဲ ...အဲ ...အဲ ... ဆရာကြီးရဲ့ ဟီး"

ဆရာကြီး ကျွန်းပြန်ဘကျွန်းက အားလုံးကို ခြေနှင့်ကန် ကျောက် နားရင်းပါးရင်းပိတ်အုပ်ပြီး စောင်ကိုလှန်ချ- လွှင့်ပစ်လိုက်ရာ...

"ဟင် ..."

"ဆ... ဆ ...ဆရာကြီး ...နော်"

"အေး ... ဟုတ်တယ်"

"ဆ, ..ဆ...ဆရာကြီး ...စစ် ...စစ် ...ရဲ့လား ... ဗျာ ...ဟာ ...ဟား"

"မင်း ...အမေလင်ကို ကိုင်ကြည့် ...ဆုပ်ကြည့် ... နယ်ကြည့် ... မသာတွေ"

ဒါနှင့် မှောင်နှင့်မည်းမည်း ဆရာကြီး အသံရှိရာကို မှန်းပြီး ခြေသလုံးကို စကိုင်လိုက်သည်။ ပြီးနောက် ပေါင်...တင်ပါး ... အဲ





အဲ ... ကျောပြင်များကို ပွတ်ကြည့်လိုက်ရာ ဖြတ်ထနေသော အသီးများကို စမ်းမိပြီး ဆရာကြီး စစ်မှန်မှန်းသိသွားကြ၍ ကျွန်တော်တို့ အားတက်ပျော် သွား၏။ ၎င်းနောက် မီးခွက်ကို ထွန်းလိုက်ကြ၏။

"ဆ ...ဆ ...ဆရာကြီး ...မ...မသေဘူးနော်"

"ဘာလို့ ...သေရမှာလည်းကွ"

"ကျွန် ...ကျွန်တော်တို့က ဆရာကြီးကို သရဲကုပ်ချိုးပြီး စား နေတယ် မှတ်လို့ဗျ"

ဒီမှာပေါက်ချွန်းကလည်း ဝင်ပြောလိုက်သေး၏။

"အရိုးတွေ သရဲကဝါးစားနေတာ တဂျွတ်ဂျွတ်တကြွပ်ကြွပ်နဲ့ဗျ"

"မင်းတို့ သရဲ ငါ့ကို ဝါးစားဖို့ မပြောနဲ့ အခုလှုပ်တောင် မလှုပ် နိုင်ဘူး၊ ဟိုမှာကြည့် သရိုင်းကုန်းက သရဲကို ငါစောင်နဲ့ ထုပ်ပြီး ခေါ်လာခဲ့ တာ ...အဲဒီ သရဲကို ညတွင်းချင်း မီးနဲ့ဖြုတ် အရက်နဲ့ အမြည်းလုပ် မယ်"

"ဗျာ..."

"အမလေး..."

"ဖြစ်ပါ့ ... မ ...လား ဆရာကြီးရာ ... တော်ကြာ အားလုံးကို စား ...စား"

ကြည့်လိုက်တော့ အညာစောင်နှင့် ထုပ်ထားသည့် အလုံးကြီး တစ်လုံးကို တွေ့ရ၏။ မရှိဘူးဆို သရဲကိုယ်လုံးသည် တင်းတောင်းခန့် ရှိမည်။ ထုံးလုံးကြီး လှုပ်လည်းမလှုပ် ငြိမ်နေ၏။

"မိုးကြိုး"

"ခင်ဗျာ ... ဆရာကြီး"

"မီးမွှေးကွာ ... ခေတိုင်း ... မိုးပြဒယ်အိုးထဲရေအပြည့်ထည့် တိုကောင် ပေါက်ချွန်း..."

"ဗျာ ...ဗျာ"

"ထမင်းစား ခုံဝိုင်းကိုပါ ချထား ဓါးပါယူထားနော်"

"ဘာ ...ဘာလုပ် ...မ ...မလို့လဲ"

"သ ...သရဲကို ဖြုတ်စားမယ်ကွာ ...ဖြုတ်မယ် ...ချိုး မွှဲ ...လုပ်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ပြီ။ ဒီကျွန်းပြန်ကြီးနှင့် ကြောက်နေလည်း အချိန်ကုန်ရုံမျှသာရှိမည်။ သည့်နောက် မိုးကြိုးက သန်းခေါင်ကျော်ကြီး မြေပြင်မှာ မီးမွှေးရင်း မီးအရှိန်ရသည်နှင့် ပေါက်ချွန်း မိုးပြဒယ်ကြီးကို ဖိုခုံလောက် ပေါ်တင်၏။

ကျွန်တော် ရေထဲည့်၏ ...

နာရီဝက်ခန့်ကြာအောင် မီးထိုးပေးလိုက်သောအခါ မိုးပြဒယ်ထဲမှ ရေနွေးဆူသံကြားရတော့သည် ...

"ဆရာကြီး ..."

"ဘာတုန်း"

"ရေနွေးအိုး ဆူပြီဗျ"

"ရေနွေး ဆူရင် ... သရဲကို ထည့်ပြုတ်ရမယ်ဟေ့ ... လာပြီ"

ငင်းနောက် ဆရာကြီးသည် အညာစောင်နှင့် အကျအနန ထုပ်ချည်ထားသည့် ခုနစ်အိမ်တန်းသချိုင်းကုန်းမှ သရဲထုပ်ကြီးကို သန်မာသောလက်နှစ်ဖက်နှင့် ယူလာပြီး မီးဖိုအနီးမှာချ၏။

ဒီမှာပဲ ... ကျွန်တော်တို့ လေးယောက်က အသံနောက် လေးထောင်လှမ်းဆုတ်၍ အခြေအနေ မကောင်းလျှင် ကျွန်တော်တို့ ထုံးစံအတိုင်း လူရွှတ် လူပေ ဆရာကြီးကို ပစ်ထားပြီး ပြေးကြရန် ပုဆိုးတိုတို ဝတ်ပြီး ပြေးလမ်းကို ရှေးရှု နေလိုက်ကြသည်။

ဆရာကြီးသည် ဦးစွာ အညာစောင် လေးဘက်ချည်ကို ဖြည်၏။ စောင်ပြေသွားသောအခါ နီနီရဲရဲလိုလို ညိုညို မွဲမွဲ ပြောင်ပြောင်လိုလို သရဲအလုံးကြီးကိုအားနှင့်မ၍ ပွက်ပွက်ဆူဆူ ရေးနွေးအိုးထဲသို့ ချလိုက်ပြီး လျှင်မြန်စွာ ထမင်းစားခုံနှင့် ဖုံး၍ လက်နှင့် ဖိထားလိုက်၏။

ဆရာကြီးကား ရေနွေးပူ စင်သည်ကို လုံးဝ ဂရုမစိုက်။ သရဲ၏ အခြေအနေကို စိုက်ကြည့်နေ၏။ မကြာခင် သရဲသည် ရေနွေးပူပူထဲမှာ ငြိမ်ကျသွား၏။

သရဲလှုပ်ရှားမှု လုံးဝမရှိမှ ကျွန်တော်တို့လည်း အနီးသို့ တိုး၍ ခဲစိတ်များ ဝင်လာကာ ဆရာကြီးကို လေးစား အံ့ဩသော အမူအရာများနှင့် ဝိုင်းကြည့်လိုက်ကြ၏။

"ဆ ... ဆရာကြီး ... သရဲ ... သေ ... သေပြီလား"





"အိမ်း ... သေပြီ ... သေလို့ ငြိမ်သွားတာကွ"

"သတ္တိကောင်းလှချည်လား ... ဆရာကြီးရာ ..."

"ဒို့လူတွေကို ဒုက္ခပေးမှတော့ ဒီကောင့်ကို သချိုင်းကုန်းမှာ အရှင်ထားတော့ဘူးလေ၊ ငါတို့ ဆင်းရဲသား နင်းပြားတွေကို ဒုက္ခပေးရင် သရဲရော တစ္ဆေရော သဘက်ရော စုန်းကဝေရော ချစ်တီးကုလားရော ကျန်ချူကြီးရော ... ဂေါ်ရာပုလိပ်ရော ... ဟို ... ဘိုဆိုတဲ့ ... လူရိုင်းသားတွေရော ... သတ်ရမှာပဲကွ ... ဒီမှာဟေ့ကောင်တွေ ... ဒီညနေအလင်း သရဲသားပြုတ်နဲ့ အရက်နဲ့တို့အားလုံး မြည်းမယ်သိလား ... ဟားဟား ... ဟား"

ထိုအချိန်၌ မွှေးပျံ့သော ရနံ့သည် အိုးထဲမှ ထွက်လာသည်။

"ဆရာကြီး မွှေးလှချည်လား ... ဟင်"

"သွားရေကျနေပြီလားကွ ... မောင်ဆိုင်းရ ဒါသရဲမ အပျိုချောလေးသားကွ"

"အေးဗျာ ... မွှေးလိုက်တာ ..."

"ဟား ... ဟား ... ဟား သရဲသား ... စားရခဲတယ်ကွာ။ ဘယ်ရုံသတ္တိနဲ့ သရဲသား စားရခဲတယ် ... ဖယ် ရလောက်ပြီ"

ဒီမှာပဲ ဆရာကြီးသည် ဒယ်အိုးအဖုံးလုပ်ထားသည့် ခုံကိုဖယ်လိုက်သောအခါ ...

"ဟာ..."

"ဟင်..."

"ဟယ်..."

"အားပါးပါး ... ဘာကောင်ကြီးလဲ ... ဟင်"

ရေနွေးအိုးထဲ၌ သရဲသည် စန့်စန့်ကြီးကားနေ၏။ လက်နှစ်ဖက် ခြေနှစ်ဖက်ကား၍ ဦးခေါင်းနှုတ်သီးရှည်ကြီးနှင့်ဖြစ်၏။ အလိုလေး ... ကြီးလည်းပါသေးရဲ့ ခင်ဗျာ။

ဒီမှာ ဆရာကြီးက ... ရေနွေးအိုးထဲမှ စန့်စန့်ကားကား သရဲကြီးကို မ၍ ဖျာကြမ်းပေါ်ချလိုက်သောအခါ ...

"သရဲက ... တိရစ္ဆာန် ... ဖြစ် ... ဖြစ်သွားပြီ"

"ဆရာကြီး ... ဒါ ... ဒါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက သရဲ ရေလုံပြုတ်ကို ကြည့်၍ အံ့သြနေ၏။

"အဲဒါ ...ဘာလဲ ...သိလား"

"ဒါ ...ဒါ သင်းခွေချပ်"

"ဟား ...ဟား ...ဟား သိပ်ဟုတ်တာပေါ့ ... ငါလူ ရာ ... သောက်ရမ်းမှန်တာပေါ့ ...ရင်ဝကို တည့်တည့်မှန်တာပဲကွ"

"ဆရာကြီး ...ဒါဆို ...သရဲက ...သင်းခွေချပ် ဖြစ်သွား လားဟင် ...ဟင်လို့"

"ဘယ်ဟုတ်ရမှာလည်းကွ နဂိုကတည်းက သင်းခွေချပ်ဥစ္စာ"

"ဟင် ..."

"ဟုတ်ရဲ့လား ...ဆရာကြီးရာ ...ကျွန်တော့်အပေါ်ကို ခုန် တာ သရဲဖျ"

"ဟား ...ဟား ...ဟား ...ဦးနှောက် မရှိတဲ့ လူနဲ့နွားတွေ စကားပြောရတာ အချိန်ကုန်လှသကွာ ... သင်းခွေချပ်မှ သင်းခွေ အစစ်ကွ ... မင်းတို့စပြီး အခြောက်ခံရတည်းက ငါရိပ်မိနေတာ၊ မင်းတို့လည်း သရဲအစွဲပျောက်အောင် သရဲစစ် မစစ်လည်း သေချာ အောင်ဆိုပြီး ငါလိုက်ခဲ့တာပဲ ကြည့်လေ သချိုင်းကုန်းအစပ်ရောက်တ ရှိသေး မိုးကြိုးရေ ...ခေါ်ဆိုင်းရေခေါ်နေတာ"

"အဲဒါ ...သချိုင်းကုန်းက သရဲခေါ်တာ မဟုတ်ဘူးလား"

"ဖွီ ...ဘယ်ဟုတ်ရမှာလည်း 'သို့သော် ဖြစ်နိုင်ချေ ရှိ သင်းခွေချပ်ကလည်း လူနာမည်ကို ခေါ်တာပဲ တိရစ္ဆာန်ထဲမှာ သင် ချပ်ကို အချို့က ထူးဆန်းလွန်းလို့ နာနာဘာဝကောင်လို့လည်း တယ်ကွ ...ဒါကြောင့် မုဆိုးများ တောဝင်ရင် လူနာမည် မခေါ်ကြ 'အဟာရေ' ဝေး ဝေး စသည့် အချက်ပေး အသံပြုရတယ်။ ဘာလို့ လဲဆို သင်းခွေချပ်က လူနာမည်ခေါ်ရင် မှတ်ထားရောကွ။ တော်တော်ကို မှတ် ကောင်းပြီး လူလိုစကားပြောနိုင်တဲ့ သတ္တဝါဆန်းပဲ ... သူက လူ သူမှတ်မိတဲ့ လူနာမည်ကို အော်ခေါ်ရော အဲဒီမှာ လူက သူ့နာမည် ကို ခေါ်တယ်မှတ်ပြီး... လိုက်ရှာရင် ရှာလည်းရော မျက်စေ့ မှောက်ရော။ အ မသင့်ရင် သရဲတစ္ဆေခြောက်တယ် ခေါ်တယ် မှတ်ပြီး ...ကြောက်လန့် စိတ်ကယောင် ချောက်ချားဖြစ်ပြီး ရူးကြ သေကြတာ နည်းရောလား"





"ညတုန်းကလည်း မင်းတို့ နာမည်ကို ခေါ်တာ ငါကြားတာပဲ ဦးစားကြည့်တယ် ... ဒါတောတန်း ညောင်ပင်အုပ် ...ဒီလိုခေါ်တာ ည်း တစ္ဆေလည်း ဖြစ်ချင်ဖြစ် မဖြစ်ရင် သင်းခွေချပ်ပဲ ...ငါဒီလို ဦးစားတယ် ...သရဲ တစ္ဆေ စစ်ရင် စိမ်ခေါ်ပြီး သေနတ်နဲ့ လိုက်ပစ် ာ ...ဒီလိုနဲ့ ညောင်ပင်အောက်ရောက်ရော 'ဝုန်း' ဆို ငါ့ကျောပေါ် င်းက ခုန်ချရော ...ကံကောင်းလို့ပေါ့ကွာ ... မှတ်ထား သင်းခွေချပ်ဟာ ့နာမည်ကို မှတ်ထားပြီး လူလို အသံနဲ့ ပြန်ခေါ်တယ် ...နောက်တစ်ချက် ကောင်မျိုးက ညောင်ပင်လို အပင်မျိုးပေါ်မှာနေတာ ပိုးမွှားစား သတ္တဝါ နေတဲ့ အပင်အောက်က လူသော်လည်းကောင်း တိရစ္ဆာန်သော်လည်း ကောင်း ဖြတ်သွားရင် ...သူ့ကိုယ်လုံးကို ဘောလုံးတစ်လုံးလို လိပ် ပြီး အဲဒီလူသတ္တဝါပေါ်ကို လိမ့်ချလိုက်ရော ...

"ဟင် ..."

"အဲဒီလို..."

"ဘုရားရေ..."

"အေး ... သူတို့ရဲ့ ကိုယ်ရေခွံဟာ မာကျောပြီး အကြေးခွံ ထပ်ထပ်နဲ့ကွ၊ လုံးသွားရင် သံလုံးကြီး ကျောက်လုံးကြီးလို ဖြစ်သွားရော ဒီ အလုံးကြီး လူခေါင်းပေါ်ကျရင် ခေါင်းကွဲပြီး သေတာပေါ့။ အဲဒီလို တဲ့လူ ရူးသွားတဲ့သူ မနည်းဘူးပဲ ...ပြီးရင် လိမ့်သွားရော ... လုံးကို ဖြည်ပြီး ...သစ်ပင်ပေါ် ပြန်တက်သွားရော...

အကြောင်းမသိတော့ ...သရဲခုန်ချတယ် ... တစ္ဆေခုန်ပြီး ကို ခွစီးတယ် ဖြစ်ရော၊ သင်းက ငါ့ပေါ်ကို ခုန်ချတယ် လိမ့်ချတယ် သင်းကို အရေခွံဆုပ်ပြီး အမြည်းလုပ်မယ် ကြည့်နေ..."

ဪ ... လက်စသပ်တော့ ဖြစ်ရပ်က ဒီလိုပါတကား ... ကြီး ရှင်းပြလို့ သဘောပေါက်သွားမှ ကျွန်တော်တို့ ကိုယ်ထဲခေါင်းထဲ သရဲတစ္ဆေ ကြောက်စိတ်များသည် ချက်ချင်း အဝေးသို့ လွင့်စဉ်သွား ရယ်နိုင်မြူးနိုင် အသံကျယ်ကျယ် ထွက်နိုင်ဖြစ်ခဲ့ရတော့၏။

ဒီမှာပဲ ဆရာကြီးက သင်းခွေချပ် အရေခွံကို လှန်ခွာလိုက်၍ရောမ အကြေးခွံကဲ့သို့ အခွံများကို တောင်းတစ်ခုမှာ ထည့်ထားလိုက်၏။

"ဘာလုပ်ဖို့လဲ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟ ...အဲဒီ အကြေးခွံများက အရမ်းအဖိုးတန်တာ..."

ဒီမှာ နေရာတကာ စပ်စုတတ်သည့် ကျွန်တော်က ဝင်မေးလိုက်၏။

"ဘယ်လို အဖိုးတန်တာလည်း ဆရာကြီးရဲ့ ...မီးဖုတ်စားလို့ ရလို့ လားဟင်"

"ဖွီ ...တုံးတယ်ကွာ သိပ်ကိုတုံးတာပဲ၊ မင်းတို့နောင် ရောက်လေ ရာမှာ ကျောက်ဘီလူး ကျွန်းပြန် တပည့်တွေလို့ မပြောနဲ့ကွာ ... ဘာဗဟု သုတမှ မင်းတို့မှာ မရှိဘူး ... ရှေ့လျှောက် လူလုပ်စားဖို့ခက်သေးတာပဲ ဒီသင်းခွေချပ် အကြေးခွံက အမှောင့်ပယောဂကို နိုင်တယ်ကွ"

"အမှောင့် ...ပယောဂကို နိုင်တယ် ...ဟုတ်လား"

"အိမ်း ... ဒီသင်းခွေချပ်ရဲ့ အကြေးခွံကို ဖောက်ပြီး ကြိုးနဲ့ လည်ပင်းမှာ ဆွဲထားရင် အဲဒီကလေး သူငယ်၊ လူကြီးကို သရဲတစ္ဆေ စုန်း၊ နတ်၊ မကောင်းဆိုးရွား ဝင်ပူးဝင်ကပ် ဝင်နှောင့်ယှက်လို့ မရဘူး ခင်ဗျာ အဲဒါ မသေမချင်း မှတ်ထား ဒါရွာသားတွေကို ဝေပေးရမယ် ကိုင်း ဆီရှိသေးလားကွ ...ဘသိန်းဆောင်"

"ရှိတယ် ...ဆရာကြီး"

ငှင်းနောက် ဆရာကြီးသည် သင်းခွေချပ်ကို တုံးတစ်ကာ ကြက်သွန် နိုင်နိုင်နှင့် ဆီသပ်၍ ကြော်လိုက်၏။ ဆားထည့်လိုက်၏။ ဂျင်းတစ်ပြား ခါးပြားရိုက်၍ ထည့်လိုက်၏။ ဟင်းခပ်နှင့် မွှေးကြိုင်နေရကား ရင်ခေါင်း ထဲမှာ လိပ်၍ တက်လာ၏။ ပါးဆောင်များမှ သွားရေများ လှိုင်းထလာ၏။

ကျက်သည်နှင့် ကြွေရည်သုတ် ဇလုံထဲ လောင်းထည့်ပြီး အရက်နှင့် တီးလိုက် မြည်းလိုက်ကြသည်မှာ အရက် သံပုံး တစ်ဝက် ကုန်၏။

ဆရာကြီးက (၁၀) ပုလင်းခန့် သောက်၏။

'ချကွာ ...သဲရဲပြုတ်ကြော် ...ကောင်းတယ်ကွ ...ဘယ်နှ ဆိုင်း'

"ကြိုတ်တာပေါ့ ဆရာကြီးရာ ဒီကောင် ကျွန်တော့်ကို အသေထုတ် တာဗျ... ခွေးမသား အရိုးပါ ဝါးစားမယ် ...ကိုင်း"

"ဟား ...ဟား ...ဟား "

"ဟီး ...ဟီး ...ဟီး ...ဟီး"

"တီးသာတီး ...နာနာတီး ...ဗိုက်မဆံ့အောင်တီး ...ဟား





ဟား ...ဟား"

အရက်သံပုံး တစ်ဝက်ပြောင်သောအခါ ...သင်းခွေချပ် တစ် ကောင်လုံးလည်း ဘယ်ရောက်သွားမှန်း မသိ၊ ကျွန်တော်တို့ အားလုံးလည်း မူးနေကြပြီ၊ ကျွန်ုပ်တို့ ဆရာကြီးလည်း မူးနေပြီ ...

မူးသောအခါ ဆရာကြီးသည် သူ့အညာစောင်ကြီးကို ခါးမှာ ပတ်၍ သီချင်းဆိုပြီး ကတော့၏။ ဟစ်ပုံကလည်းကြည့် ကိုယ့်ဆရာမို့ ချီးကျူး ဘာမဟုတ်။ အော့နှလုံးနာစရာ အသံ ...

"တောင်လေက တိုက်သနဲ့ xxx မောင်မယ်စိုက်လိုက်ပါတဲ့ xxx ချွှကောက်ပင် xxx လဲလှလဲခင် xxx "

"ဘာတဲ့တုန်း မင်းသားကြီးရဲ့ ..."

"စိန်ကျွန်းပြန်တဲ့ လားခင်ဗျာ ကိုမိုးကြိုးရေ"

"ဟုတ်ပါတယ် ကိုင်ဆိုင်းရေ ... စိန်ကျွန်းပြန်ခေါ် ...သရဲ ခုလုံပြုတ်ပါ ခင်ဗျာ"

"ဝါး ...ဟား ...ဟား"

"ရွာစားများ ခင်ဗျာ"

ဆရာကြီးက သီချင်းဆိုရာမှ ...ကျွန်တော်တို့ ဘက်သို့ လှည့်၍ မူးမူးနှင့် စကားခေါ်၏။

"ဗျာ ...ဗျ ...ကိုကြီးကျွန်း ခင်ဗျ"

"အခု ဟစ်လိုက်တဲ့ သီချင်းများ ကြားဖူးကြပါစ ခင်ဗျား"

"ကြားဖူးပါတယ် ...မင်းသားကြီး ခင်ဗျား"

ပေါက်ချွန်းက ဝင်ထောက်ခံလိုက်၏။ အလို တယ်ဟုတ်တဲ့ ပေါက်ချွန်းပါကလား ...ပေါ့

"ဘယ်မှာ ကြားဖူးတာတုံး ... မဂ်လာစိန်ပေါက်ချွန်းရဲ့"

"အခု ...ဆရာကြီး ...မင်းသား ဆိုတာ ကြားဖူးတာပါ ခင်ဗျား"

"ဖြောင်း"

"ဖောင်း"

"ခွပ်"

"မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"သေပါပြီဗျာ . . . စားထားတဲ့ သရဲသား ဘယ်ရောက်သွားမှန်း မသိဘူး အမေရဲ့"

ကျွန်တော်တို့ သုံးယောက်က အဖောက်အနှောက် ကောင်းသည်။ ပေါက်ချွန်းကို ဝိုင်းအုပ်ကြ၏။

"အိမ်း . . . အိမ်း . . . မှတ်ထားကြဗျား . . . ဒီသီချင်းက နေမျိုး ဗလကျော်သူဘွဲ့ရ . . . ရွာစားကျော်ကြီး စိန်ဗေဒါ သီချင်းဗျ. . . လယ်ထွန်မာ်လာတဲ့ . . . ဒီလို . . . တဲ့ ခင်ဗျာ . . . အဟမ်း . . . အဟမ်း"

"တောင်လေက တိုက်သန့်×××"

"ဘာတဲ့တုန်း . . . မင်းသားကြီးရဲ့"

"မောင်မယ် စိုက်လိုက်ပါတဲ့ ××× ရွှေကောက်ပင် ××× လဲလှလဲခင် အို ××× ရေမပေါတဲ့ ××× လယ်တောပြင် ××× မယ့်ကောက်ပင် ရှင်စေချင် လို့ ××× ထက်ကောင်းကင် ရွှေပိန်းညှင်းရယ် ××× မိုးခေါ်လို့ဆင်း ××× ဟင်း ××× ဟင်း ××× ဟင်း ××× ဆင်း ××× ဟင်း ××× ဟင်း"

"ဟုတ်လေဗျို့"

ဆရာကြီးသည် ကွေးနေအောင်က၏။ အကကောင်းပေတည်း။ ဘယ်တုန်းက ဘယ်မှာများတတ်ခဲ့လေသည် မသိ . . . ကျွန်တော်တို့က လက်ခုပ်တီး . . . သူက ကျကျနနက . . .

"ရွှေလယ်တော် ××× ထွန်ပါတုံးကိုလ××× ချုန်းလိုက်ပါတဲ့ ရွှေမိုးညိုရယ် ××× ပြိုတော့မည်လား ××× (ရီလို့ရယ်မှောင် ×××ရီလို့ရယ်မှောင်) ရန်ကင်းဆို ဟို ရွှေတောင်က××× ထက်ကောင်းကင် ရွှေပိန်းညှင်းရယ် မိုးခေါ်လို့ဆင်း ××× ဟင်း ××× ဟင်း ××× ဆင်း ××× ဆင်း ××× ဟင်း ××× ဟင်း"

"ကျက်သရေရှိလိုက်ပါ့ ××× ကိုမိုးကြိုး ခင်ဗျာ"

"ဟုတ်ပဲ့ ကိုဆိုင်းရာ ရွှေမိုးရယ် ရွာပါတော့ဗျာ"

ဆရာကြီးသည် စည်တော်သံ အကကို ငြိမ့်ညောင်းစွာ က,၏။ သို့ကလို ပါးစပ်မှ ဆိုင်းတီးပြီး ကနေစဉ် မိုးကြိုးသည် မှုးမှုးနှင့် အလျင် လဲကျသွား၏။ သူ့ပေါ်သို့ ပေါက်ချွန်း ထပ်၍ လဲကျသွားပြန်၏။ ပေါက်ချွန်း နံဘေးမှာ ဘသိန်းဆောင် အန်ရင်း မှောက်သွား၏။

ကျွန်ုပ်သည် လက်ခုပ်ကို ကဘောက်တိ ကဘောက်ချာ တီးရင်း





ရာကြီးကို ကြည့်နေမိ၏။ ကျွန်တော့် မျက်စိထဲမှာ ဆရာကြီးသည် ငါး ယ်ခွဲပေါ်နေ၏။ . . . မကြာခင် ကျွန်တော်သည်း မိုးကြိုးတို့ပေါ်သို့ . . . ာ်လက်လဲကျလေ၏။

မှုးယစ်နေ၍ အိမ်သည် ချာလပတ် လည်နေ၏။

မှုးမှုးနှင့် မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ မင်းသားကြီး ကျာက်ဘီလူး ကျွန်းပြန်ဘိုးကျွန်းသည် ဒယီးဒယိုင် ချာလပတ်လည်ရင်းမှ ၃န်တော့် ကိုယ်ပေါ်သို့ မှောက်လျက်လဲကျတော့၏။ ဆုတောင်းပြည့် လေပြီ။

လဲကျရင်း တန်းလန်းမှ အန်တော်မူ၏။ အန်ဖတ်များသည် ကျွန်တော် င်ဘတ်နှင့် မျက်နှာပေါ်မှာ ပေကျံနေ၏။ ပြီး ရှုံးရှုံးများ ပန်းလေသည်။ န်ရင်း တန်းလန်းမှ ကျွန်တော့်လည်းပင်းကို သိုင်းဖက်ပြီး ရင်ခေါင်း ဲကြီးနှင့် စကားများပြောလေ၏။

ဆရာကြီးရဲ့ စကားသံများကို ကြားရသည်ရှိသော် ကျွန်တော့် နဲမှုပ်၍ ကုန်းထ၏။ သို့သော် ထ, လို့မရ ကြက်သီးမွေးညင်းများ ထောင် လာ၏။

ဒီမှာ ဆရာကြီးက ဆက်၍ ရွတ်ဆို၏။ လက်နှင့် လည်ပင်းပွတ်၏။

"ချစ်တယ် . . . သည်းလေးရယ် . . . ကိုကို ကျွန်းလေ . . . ည်းလေးကို သောက်ရမ်းချစ် . . . ချစ် . . . အစ် . . . ဂစ် . . . ကိုကို န်းကို စိတ် . . . စိတ် . . . မ . . . မဆိုးနဲ့ . . . အဲ . . . အဲ . . . အဲ ဲ့ . . . ဝေ့ . . . ဂစ် . . . ဂစ်"

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## လေးလောင်း တစ်လောင်းလဲခဲ့သည့်ည

တွေ့ဆုံကြုံကွဲ ဖြစ်မြဲ ဓမ္မတာ ဆိုသည့် စကားသည် လွန်စွာမှန်လှပေ၏။

များမကြာခင် ...

ကျေးဇူးရှင် ဆရာကြီးနှင့် ကျွန်တော်တို့ အပြီးတိုင်ခွဲရကိန်းကြုံခဲ့ရ၏။

ဖြစ်ပုံက နာကြည်းကြေကွဲစရာကောင်းလှ၏။

တစ်နေ့ ... ရေတွင်းကုန်းရွာမှ မိသားစု အချို့ ပင်လယ်ရွာရှိရာသို့ ထွက်ပြေးလာကြသည်။ အကြောင်းကား ...

ဘုရားကုန်းရွာသား ငါးဦးကို လယ်သမား သူပုန်အမည်တပ်၍ မတရား ဖမ်းသွားကြခြင်းဖြစ်သည်က တစ်မှု။

နောက်တစ်မှုက ...လယ်သမား နှစ်ဦး။ လက်ကျန်ပစ္စည်းကို အတိုးပေးစား ချစ်တီးကုလားသူဌေး မာမွတ်ကြီးက အကြွေးနှင့် သိမ်းလိုက်သည့်အပြင် သမီးကိုပါအကြွေးနှင့် ကျွန်ခံရမည် ဆိုပြီး ခေါ်သွားသည့်အတွက်ဖြစ်၏။

လယ်သမား သူပုန်ဟု အမည်တပ်ခံရသည့် ရွာသား ငါးဦး အမည်





ကား ငချက်ကောင်း ...လွန်းပင် ...ကြွက်သိုး ...ငထွန်းအိမ်နှင့် ငမျှကျိုင်းတို့ ဖြစ်သည်။

ချစ်တီးကုလားခေါ်သွားသည့် မိန်းကလေး အမည်ကား မကျေးခင် ...

ကျန်ရစ်ခဲ့ပြီး ...ကြောက်လန့်၍ ပြေးလာကြသူ မိသားစုသည် နောက်ရည်နှင့် မျက်ခွက်ဖြစ်နေကြ၏။

ဒီကိစ္စများကြားရသည့်အတွက် ဆရာကြီးသည် လွန်စွာ ပေါက်ကွဲနေ၏။ သို့နှင့် သူတို့ မိသားစု နှင့် သွားတွေ့ပြီး မေးမြန်းခဲ့သည်။

ဒီမှာ ပထမ ဖြစ်စဉ်ကို သိရတော့၏။

လယ်သမားသူပုန်ကြီး ထပြီးသည့် အချိန်ကစ၍ အင်္ဂလိပ်အစိုးရ အမိန့်အရ ကျေးရွာများမှ အိမ်တိုင်း ဓါးရှည်၊ ဓါးမ မကိုင်ရဟု အမိန့်ထုတ်ထား၏။ ငါးအိမ်စုကို ဓါးမတစ်ချောင်းပဲကိုင်ခွင့်ရ၏။

အကြောင်းမှုကား ...ဆရာစံ ဦးဆောင်သော လယ်သမား သူပုန်ကြီးသည် နယ်ချဲ့ အင်္ဂလိပ်အစိုးရအား ဓါးလုံ လေးမြားနှင့် အသေကြေတိုက်ပွဲဝင်ခဲ့သော ဖြစ်ရပ်ကြောင့် ဖြစ်၏။

ထို့ကြောင့် ရွာများမှ ဓါးရှည်၊ လှံ၊ ခက်ရင်းခွ မကိုင်ကြရ။ ခွဲစရာ ခုတ်စရာ ရှိလျှင် ...ငါးအိမ်ကို ဓါးမတစ်ချောင်း အလှည့်နှင့် သုံးရ၏။

လယ်သမား အလုပ်ဆိုသည်မှာ ကိုင်းခုတ် ဓားရှည်လိုအပ်၏။ ဒီမှာ ...လယ်ထဲမှ မြက်ရှည်များ ကိုင်းပင်ပေါက်များကို လယ်မထွန်ခင် ဒီမှာ ဓါးရှည်နှင့် ခုတ်ရလေ့ရှိ၏။ သို့အတွက် ဓားရှည်ကိုင်ခွင့် မရတော့ ရေတွင်းကုန်းရွာသားများက သစ်သားစည်မှ သံပတ်ပြားကို အဝတ်စုတ်ပတ်၍ ဓါးသွေးကျောက်နှင့် သွေးပြီး ဓါးအသွင်ပြုလုပ်ကာ ကိုင်းခုတ်ကြ၏။

ဒါကို ...ပုလိပ်များနှင့် ရာဇဝတ်အုပ်တို့ ဝရမ်းပြေး ဖမ်းရန် လာရင်း မြင်သွားရာမှ တိုင်သောကြောင့် အင်္ဂလိပ်အရာရှိ တစ်ဦးနှင့် ကုလားစစ်သားများ ရောက်ရှိလာကာ ...

သေနတ်နှင့်ချိန် ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

''အင်္ဂလိပ်အရာရှိ နာမည်ကာ ဘယ်သူလဲကွ''

ဆရာကြီးက အဖမ်းခံရသူများ၏ ဇနီးများကိုမေးလိုက်သည်။

''မ...မသိပါဘူး ...အဘရယ် ...မျက်နှာ ခပ်ထန်ထန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့်ကြီးပဲရှင့်''

''ဒါဖြင့် ...ရာဇဝတ်အုပ်ကရော''

''ဦး ...ချစ် ...ခင်တဲ့''

''မင်းတို့ ရွာသူကြီးကရော ...ဝင်မပြောဘူးလား''

''သူလည်း ...ကြောက်လွန်းလို့ ...မျက်နှာဖြူ ကုလားကြီးက ဘုရား ...ဘုရားနဲ့ ...ဦးကုန်းကုန်းချနေတာပဲ''

''အေး ... တွေ့ကြသေးတာပေါ့ကွာ''

သည့်နောက် ...ဆရာကြီး ကျွန်တော်တို့ စခန်းချရာ ပင်လယ် အိမ်ကလေးသို့ပြန်လာပြီးနောက် သူကိုင်နေကျ ... သေနတ်အတိုက ကျည်အပြည့် ထည့်လိုက်ပြီး ဌက်ကြီးတောင် ဓါးရှည်ကို ဓါးအိမ်နှင့် လွယ်လိုက်သည်...။

''ဆရာကြီး ...ဘယ်သွားမလို့လဲ''

မိုးကြိုးက ဆရာကြီး စကားတစ်ခွန်းမှ မပြောဘဲ ... လှုပ်ရှား နေသည်ကို ကြည့်၍ အရဲစွန့် မေးလိုက်၏။

ကျွန်တော်တို့ အားလုံး ဆရာကြီး ကျွန်းပြန်ဘကျွန်း ဝန်းကျင် မှာရောက်ရှိ နေကြသည်။

''ငါ ခရီးသွားစရာရှိတယ်''

''ဘာကိစ္စ ရှိလို့လဲ ဟင်''

''မမေးနဲ့ ''

''ကျွန်တော်တို့လည်း လိုက်ခဲ့ပါရစေ ဆရာကြီး''

မိုးကြိုးက အရဲစွန့်၍ ပြောလိုက်သောအခါ ဆရာကြီးက မိုးကြိုးနဲ့ မျက်နှာကိုသာမက ကျွန်တော်တို့အားလုံး မျက်နှာကို စေ့စေ့ ရှုစူးစိုက်ကြည့် ပြီး ...

''မလိုက်နဲ့ ... အန္တရာယ်များတယ် ..., ဒီမှာ မောင်မိုးကြိုး ဆိုင်း ...ပေါက်ချွန်း ...ဘသိန်းဆောင် ...ငါတို့ မင်းတို့အားလုံးဟာ မလွဲသာတဲ့ ဘဝမို့ ရာဇဝတ်မှုတွေကျူးလွန်နေကြရတာ...ငါတို့ တစ်မျိုး သားလုံး ကျွန်သဘောက် ဘဝနဲ့ အမျိုးမျိုး အနိုင်ကျင့် အနှိပ်စက်ခံနေရတော့ သူခိုး ဓားပြ လူဆိုးနဲ့ မြေမဲ့ ယာမဲ့ ပစ္စည်းမဲ့ ဘဝရောက်ပြီး အမျိုးသမီး ပျိုတွေပါ အစမ္မအဖျက်ဆီး ခံနေရတယ် ...တောက် ... လယ်လုပ်





တာသံပတ်ပြား ကိုင်တာတောင် ...လယ်သမား သူပုန်ဆိုပြီး မတရား ကြတဲ့ ကောင်တွေ တွေ့ကြရောပေါ့ကွာ''

သို့ကလိုပြောပြီး ဆရာကြီး ကျွန်းပြန်ဘကျွန်းသည် မြင်းနက်ကြီး ဦးသွားခဲ့ ခုန်တက်ကာ အရှေ့သို့ဒုန်းစိုင်း၍ ထွက်သွားခဲ့လေသည်။

''မိုးကြိုးဘယ်လိုလုပ်ကြမလဲ''

''ဘာ...ဘာ လုပ်ရမှန်းကို မသိတော့ဘူး...ဟူး''

''ဒီအတိုင်းကြည့်နေလို့ဘယ်ရမလဲ ငါတို့လည်း လိုက်ကြမှပေါ့''

ဆရာကြီးကို ကြည့်ရတာ...ချစ်တီး ကုလားသူဌေး ...မာမွတ် ကိုရော ...အင်္ဂလိပ် မျက်နှာဖြူ အရာရှိဆိုသူကိုရော ...အသေ ကြရင်ဆိုင်ဖို့ သွားမဲ့ပုံပဲ ...

''ဘယ်နေရာလဲရော ...မင်းသိလို့လား ဆိုင်း''

''မေးမြန်းပြီး ...သွားရမှာပေါ့''

ဒီမှာ ... မိုးကြိုးက ကောက်ကာ ငင်ကာ မေးလိုက်သည်။

''ဘယ်မှာလဲ လက်နက်''

''ဓါးရှိတယ်လေကွာ ...ဓါးနဲ့ လိုအပ်ရင် ဝင်တိုက်ရမှာပေါ့''

''ဟူး ...''

ပေါက်ချွန်းက ...အခန်းထဲ ပြေးဝင်လိုက်ပြီး ... ဌက်ကြီး တောင် ဓါးရှည်များကို ယူလာ၍ ပစ်ချပေးလိုက်ရင်း ...

''ငါတို့ အားလုံး ဆရာကြီးနောက်ကို လိုက်ကြမယ် ... ဆရာကြီး နောက်တည်း လုံးဝမဖြစ်ဘူး။ သေအတူ ရှင်မကွာ အတူတူပဲ ဒီမှာဓါး ရှိတဲ့ကောင်လိုက်ခဲ့ ...သတ္တိမရှိတဲ့ကောင် နေခဲ့ ...''

ကျွန်တော်တို့ အားလုံး မြေပြင်မှ ဓါးရှည်များကို ကောက်ကိုင် ကြသည်။ ၎င်းနောက် ဆရာကြီးသွားရာ နောက်သို့ မှန်းဆ၍လိုက်ခဲ့ကြ

ကျွန်တော်တို့ စမ်းတဝါးဝါးနှင့် လိုက်လံစုံစမ်းနေစဉ်မှာပင် ဆရာ လှုပ်ရှားမှု သတင်းများကို ကျွန်တော်တို့ ကြားလိုက်ရတော့သည်။

ကြားရသည့် သတင်းကား ...

အတိုးကြီးစား ချစ်တီးကုလား သူဌေး၊ မာမွတ်ကြီး အိမ်မှ ပြေး သည့် (လွတ်မြောက်လာသည့်) မကျေးဆင့်ရဲ့ ပြောပြချက်ကြောင့် ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

ချစ်တီး ကုလား သူဌေး မာမွတ်ကြီးက ကျေးဆင့်ရဲ့ နှ
ထွားနေသည့် အပျိုဖော်ဝင်စ ကိုယ်လုံးကိုကြည့်ပြီး အခန်းထဲမှာ အ
ပြုကျင့်ဖို့ ကြိုးစားနေစဉ် ပြတင်းတံခါးတစ်ချပ် ပွင့်လာပြီး သျှောင်ထုံး
လူကြီးတစ်ဦး ဝင်လာကာ ဒိုတီဖယိုဖရဲနှင့် ရာဂဆိပ်တက်နေသည့် ကု
ခေါင်းကို ဓါးနှင့် ခုတ်ချလိုက်ရာ ချစ်တီးကုလား တယောရှူးကြီး နေရာ
ပွဲချင်းပြီး သေခဲ့၏။

ငှင်းနောက် . . . လူကြီးက သူမကို ပင်လယ်ရှိရာ အရပ်သို့ပြေး
ပြော၍ အခုလိုထွက်ပြေးခဲ့ရကြောင်း ကြားရသောအခါ . . .

ဤလူသတ်မှုအတွက် ဆရာကြီးနောက်ကို မကြာခင် ပုလိပ်
လိုက်တော့မည်၊ မျက်နှာဖြူများ လိုက်လံ ဖမ်းဆီးတော့မည်ကို တွက်
ဖြစ်၏။

မကြာခင် . . .

ထို့ထက် ဆိုးဝါးသော သတင်းကို ကြားရတော့သည်။

ဆရာကြီးသည် ညအချိန်မှာ မျက်နှာဖြူ အရာရှိ ‘ဒွန်း’ ဆို
အိမ်သို့ ဝင်သည်တဲ့ . . .

မျက်နှာဖြူအရာရှိသည် . . . သူ့ တိုက်ခန်းအတွင်းသို့ ဓါး
စလွယ်သိုင်းပြီး ဝင်လာသည့် သျှောင်တစောင်းနှင့် မျက်နှာအဖုအသီး
မြုတ်ထနေသည့် မြန်မာလူကြီးတစ်ဦးကို တွေ့လိုက်ရသောအခါ အာ
လို အော်ငေါက်၍ မြန်မာလို မပီကလာ ပီကလာပြော၍ နှင်ထုတ်သည်

‘‘ဂက် အောက် . . . လူကလေး ထွက်သွား’’

‘‘မသွားဘူး . . . မင်းနဲ့ စာရင်းရှင်းဖို့လာတာ’’

‘‘ဂိုး . . . ဂိုး . . . ဂက်ဒေါက်’’

ဒီမှာပဲ . . . ဆရာကြီး ကျွန်းပြန်ဘကျွန်းက ဓါးကြားမှ ခြောက်
ပြူးကို ထုတ်ယူကာ . . . မျက်နှာဖြူ အရာရှိ ‘ဒွန်း’ ၏ လည်မြို့ကို ထော
ပြောလိုက်သည်။ ‘ဒွန်း’ ၏ ဖနီးကား ကြောက်လွန်း၍ အသံ မထွက်
တစ်ကိုယ်လုံးတုန်နေ၏။

‘‘မင်းတို့ ဖမ်းထားတဲ့ . . . ဘုရားကုန်းရွာသား လယ်သ
ငါးဦးကို မင်းတို့လွှတ်ပေးမလား . . မလွှတ်ပေးဘူးလား ‘ဒွန်း’. .





‘‘မလွှတ် . . . သင်းတို့ . . . သ . . . ပုန်’’

‘‘ခု . . . ချက်ချင်းလွှတ်ပေး . . . သူတို့ သူပုန် မလုပ်ဘူး’’

‘‘မလွှတ်’’

‘‘ဒိုင်း’’

‘‘အိုး . . . မိုင်ဂေါ့’’

မျက်နှာဖြူအရာရှိ လည်ပင်းကို ကျည်တစ်တောင့် ဖောက်ဝင်
ပြီး နောက်လန်၍ လဲကျ အသက်ထွက်သွား၏။ မျက်နှာဖြူအရာရှိ၏
သည့်လည်း လန့်၍ မေ့လဲကျသွား၏။

ဒီအချိန်မှာ သေနတ်သံကြောင့် . . . ကုလားစစ်ဗာရီများ ပြေးဝင်
ကြ၏။ ဆရာကြီးက ဝင်လာသည့် ကုလားစစ်ဗာရီများကို သေနတ်
စ်ရာ နှစ်ဦး လဲကျသွားသည်။

‘‘ဒိုင်း . . . ဒိုင်း’’

‘‘ဖောင်း . . . ဖောင်း’’

‘‘ဒိန်း . . . ဒိန်း’’

ကုလားစစ်ဗာရီများသည် ပြန်လည်၍ ပစ်သည်။ ဒီမှာ ဆရာကြီး
ပြတင်းပေါက်မှ ခုန်ချပြီး လူတစ်ရပ် စည်းရိုးကို လွှားခနဲ ခုန်ကျော်
ခဲ့၏။

‘‘ဒိုင်း . . . ဒိုင်း’’

‘‘ဒိန်း . . . ဒိန်း’’

‘‘ဖောင်း . . . ဖောင်း’’

‘‘ကျား . . . ကျား . . . မြန်မာကွ . . . ကျား’’

မြေပြင်သို့ ကျသည်နှင့် သူ့မြင်းနက်ကြီးပေါ်သို့ လွှားခနဲ ခုန်
ပြီး အရှေ့သို့ မြင်းကို ကဆုန်စိုင်းလိုက်၏။

နောက်ပိုင်းမှ အင်္ဂလိပ်လို အမိန့်ပေးသံများ၊ ကုလားလို အော်သံ
မြန်မာလို အော်သံများ ကျွတ်ကျွတ်ညံသွားခဲ့ပြီး စစ်မြင်းများနှင့်
ားစစ်ဗာရီများရော မြန်မာရာဇဝတ်အုပ်နှင့် ပုလိပ်သားများပါ အပြင်း
၍ နောက်မှ ပစ်ခတ်တော့၏။

ဆရာကြီးကလည်း မြင်းကို ပတ်စီး၏။ ပြီးနောက်မြင်းပေါ်မှ
က်ပြန်လှည့် စစ်သားအုပ်ထဲသို့ ပစ်၏။ ကုလားစစ်သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်မှ 'အဘားဘား' ဟုအော်ရင်း ကျသွားသံကို ကြားရ၏။

သို့သော် သေနတ်မှာ ကျည်ဆန်ကုန်ပြီ. . .

သူမြင်းပေါ်မှာ ဝပ်၍ စီး၏။ မြင်းနံဘေးမှ ကပ်၍ စီး၏။ မြင်း ပင်းကို ခိုု၍ စီးပြီး အရှေ့ ပင်လယ်ကမ်းပါးသို့ ပြေး၏။ နောက်မှ ကု စစ်တာရီ စုစုပေါင်း (၂၀) ကျော်ခန့်သည် လက်နက်မျိုးစုံနှင့် ပစ်ကြ

သူတို့က ပြေးလမ်းမရှိသည့် ပင်လယ်ကို ပတ်၍ ဝိုင်းထား ဆရာကြီးကလည်း ပြေးပေါက်မရှိမှန်းသိသောအခါ ကျောကုန်း လွယ်ထားသည့် ငှက်ကြီးတောင် ဓါးကို လှစ်ခနဲ ဆွဲထုတ်လိုက်ပြီး ကို စိုင်း၍ ကုလားစစ်တပ်များရှိရာကို အသေခံ၍ ဝင်ရင်း တွေ့ရာ ဓါးနှင့် ခုတ်၏။

"ဒိုင်း"

"ဒိုင်း"

"ဖောင်း . . . ဖောင်း"

မြန်မာပုလိပ်များနှင့် အရပ်သား လယ်သမား မျက်မြင်များ အရ ဆရာကြီးကို ကျည်ဆန်များ ထိမှန်၍ ယိမ်းယိုင်သွားသော ဆရာကြီးသည် မြင်းပေါ်မှ လုံးဝပြုတ်မကျ၊ မြင်းချင်းယှဉ်၍ခုတ်သည်

ကုလားဦးခေါင်း နှစ်ခေါင်း မြေသို့ ပြုတ်ကျသွားသည်။

ဒီမှာ သူတို့က မြင်းအုပ်နှင့် စိုင်း၍ ပစ်ခတ်ရင်း လက်ရ ကြိုးစားစဉ် ဆရာကြီးက ဓါးရှည်နှင့် ဘယ်ညာရမ်းပြီး ဖောက်ထွက် အံ့ဖွယ်ကောင်းသည်ကား ဆရာကြီးကို မပြောနှင့် ဆရာကြီး မြင်းသည် ကျည်ဆန်မခဟု သိရ၏။

လွတ်လမ်း မမြင်သောအခါ ဆရာကြီးက မြင်းကို ပင်လယ် ပါးပေါ်သို့ နှင်လိုက်၏။

"ဒက် . . . ဒက် . . . ဒက်"

"ဒက် . . . ဒက် . . . ဒက်"

"ဒိုင်း . . . ဒိုင်း"

"ဖောင်း . . . ဖောင်း"

သေနတ်ကျည်ဆန်များ၊ ရိုင်ဖယ်ကျည်ဆံများ ခြောက်လုံးပူး ကျ ဆန်များသည် ဆရာကြီးကျောကို မှန်၏။ နံဘေးကို မှန်၏။ ဦးခေါင်းကို





ဝမ်းဗိုက်ကိုမှန်၏။ ဆရာကြီး မြင်းပေါ်မှ လူးလွန့်ရင်း ပင်လယ်ကမ်းပါး အမြင့်ပေါ်မှ လူရော မြင်းရော ခုန်ချလိုက်သည်။

"ဝီး"

"ဝေါ"

"ဝုန်း"

"ဗွမ်း"

"ဟာ"

"အလိုလေး. . . ဟာ"

"အာရေး . . . ဘား . . . ဘား"

"အိုး . . . မိုင်ဂေါ့"

မျက်နှာဖြူတပ်ကြပ်ကြီး အပါအဝင် ကုလားစစ်တာရီများ၊ မြန်မာ ဇဝတ်အုပ်နှင့် ပုလိပ်များသည် လူရော မြင်းရော ပင်လယ်ထဲ ကျသွား သည်ကို မြင်လိုက်သည်နှင့် ကမ်းပါးပေါ်မှနေ၍ လက်နက်မျိုးစုံနှင့် ဝိုင်း၍ ပစ်ကြ၏။

မြင်းသည် ကြာတော့ များလှစွာသော ကျည်ဆန်ဒဏ်ရာများကြောင့် ရေပေါ်မှာမြုပ်ချီပေါ်ချီ ဖြစ်ပြီး ပင်လယ်ရေစီးနှင့် မျောပါသွား၏။

သူတို့ရေထဲမှာ မြုပ်လိုက် နစ်လိုက် ပေါ်လိုက်နှင့် လှိုင်းများကြား ခတ်နေသည့် ဆရာကြီးကို မြင်သော် လက်နက်မျိုးစုံနှင့် ဝိုင်း၍ အချက် ပေါင်းများစွာ ပစ်ခတ်ကြသည်။

မကြာခင် . . . ရောမ လှိုင်းလုံးများ အကြား ဆရာကြီး နစ်မြုပ် ပျောက်ကွယ်သွားသည်ကို နောက်ဆုံးတွေ့လိုက်ရသည့်တဲ့ . . .

ကြားလိုက်ရသည့် စကားများကြောင့် ကျွန်တော်တို့ လေးယောက် ငိုရှိုက်ချ၍ ငိုလိုက်ကြ၏။ ကျွန်တော်တို့ ပါးပြင်များသည် မျက်ရည်များနှင့် စိုရွှဲ၍ နေကြ၏။

ငှင်းနောက် . . .

တံငါလှေများ ငှား၍ ပင်လယ်ပြင် တစ်လျှောက်မှာ ဆရာကြီး အလောင်းကို လိုက်ရှာခဲ့ကြသည်။ လုံးဝ မတွေ့တော့။

နောက်နှစ်ရက်ကြာသောအခါ ကျည်ဆန်ရာ ဗလပွနှင့် မြင်းအသေ ကောင်ကို ပင်လယ်ကမ်းစပ် ဓနိတောများအကြားမှ မြင်ခဲ့ရသည်။ မြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ပုပ်ပွ ဖူးယောင်၍ ငါးစားထားသောကြောင့် ရုပ်ပျက်နေ၏။

ဆရာကြီး အလောင်းများ ပင်လယ်ကမ်းစပ်မှာ ကပ်လေမည်လားဟု လိုက်ရှာသော်လည်း လုံးဝကို မတွေ့ . . .

''စိတ်လျှော့လိုက်ကြပါစို့ကွာ''

မိုးကြိုးက မျက်ရည်သုတ်ရင်း ပြောလိုက်၏။

''ဘာလို့ လျှော့ရမှာလဲ''

''ခုလောက်ဆို ငါးမန်းစာ မိကျောင်းစာ ဖြစ်နေရောပေါ့''

''တောက်''

''တန်ပါတယ် ဆိုင်းရာ သိပ်ကို တန်ပါတယ်''

''ဘာကိုတန်နေတာလဲ''

''တို့ ဆရာကြီး အလောင်းတစ်လောင်း မြင်းတစ်ကောင်နဲ့ မျက်နှာမြအရာရှိ အပါအဝင် ကုလားလေးလောင်းလဲခဲ့ရတာ တန်တယ်လို့ ပြောတာပါ. . . ငါတို့အားလုံး . . . ဆရာကြီးအတွက် ဂုဏ်ယူလိုက်ကြပါစို့''

သည့်နောက် . . .ကျွန်တော်တို့ လှိုင်းလုံးများ ဟီးထနေသည့် ပင်လယ်ပြင်ကို မျက်ရည်များနှင့် စိုက်ကြည့်ပြီး လက်အုပ်ချီ၍ ဆုတောင်းလိုက်ကြသည်။

''ကျေးဇူးရှင် ဆရာကြီး . . .ကောင်းရာဘုံဘဝ ရောက်ပါစေ''

''ဆရာကြီး . . . ကောင်းရာဘုံဘဝ ရောက်ပါစေ''

''ကျွန်တော်တို့ . . . ဒီတိုက်ပွဲမှာ မပါဝင်နိုင်တာကို ခွင့်လွှတ်ပါ . . . ဆရာကြီး . . . ခင်ဗျား''

♛ ♛ ♛

# အချစ်ကြောင့်ဂုဏ်ပြုခံရသည့် ထောင်ဆုလာဘ်

သုံးလေးငါးနှစ်အတွင်း နိုင်ငံရေး အခြေအနေများ ရုတ်ချည်း ပြောင်းလဲသွားခဲ့သည်။

၁၉၄၂ ခုနှစ်မှာ အင်္ဂလိပ်များ မြန်မာ့မြေပေါ်မှ ပြေးရ၏။

၁၉၄၃ မှာ ဂျပန် ဝင်လာ၏။

ဂျပန်သည် မြန်မာပြည်ကို သုံးနှစ်နီးပါးခန့် အုပ်စိုးပြီး မြို့ရွာများကို ထောင်းလမောင်း ကျေအောင် အုပ်ချုပ်ခဲ့၏။

ဂျပန်လည်း ဘာထူးသနည်း . . . ဖက်ဆစ်တည်း . . .

ဖက်ဆစ်ဘာလဲဆိုတာ . . . သေမင်းတမန်မီးရထားလမ်းနှင့် ကျွန်တော်တို့ သိခဲ့ရ၏။

နောက်တဖန် (၁၉၄၅)မှာ အင်္ဂလိပ်ပြန်ဝင်၏။

မြို့များ ရွာများ ရပ်များ ကျေခဲ့ရပြန်၏။ ဘုရား ကျောင်းကန်များ ဂျပန်လေယာဉ်ပျံ ဗုံးစာ အင်္ဂလိပ်လေယာဉ် ဗုံးစာမိ၍ ပြိုပျက်ခဲ့ရ၏။

မကြာခင် . . . မြန်မာတစ်ပြည်လုံး နိုင်ငံရေး နိုးကြားလာပြီး လွတ်လပ်ရေးရခဲ့၏။ လွတ်လပ်ရေး ရပြီးနောက်ပိုင်း နိုင်ငံရေး အစိုးရ တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



စည်းလုံး ညီညွတ်ခဲ့သော မြန်မာပြည်သည် နိုင်ငံရေးပါတီများကြောင့် အရောင်အသွေးများ ကွဲပြားကာ . . . အရပ်ရပ် အရွာရွာ သူတလူ ငါတမင်း ဖြစ်နေကြ၏။

ပြောရလျှင် . . . ပြည်တွင်းရောင်စုံသောင်းကျန်းသူများ ပေါ်လာခဲ့လေပြီ။ စစ်ကြီး အပြီး ပြာပုံမှာပေါ်မှာ ကျွန်တော်တို့လည်း ညစ်လုံးလုံး၌ ကြုံရင်ကြုံသလို လုပ်စားနေကြ၏။

ဟိုတုန်းက အင်္ဂလိပ် အစိုးရကို ကြောက်ရ၏။

ပြီးဂျပန် ဖက်ဆစ်ကို ကြောက်ရ၏။

အခု ရောင်စုံသောင်းကျန်းသူ၊ နီးရာဓါးကိုကြောက်ရ၏။

မြို့ပေါ်ဝန်းကျင်ကလွဲရင် တိုင်းပြည်က မငြိမ်မသက် လူသတ်မှုများ ပိုများလာ၏။ ဓါးပြတိုက်မှုများ ပိုပေါလာ၏။

တိုက်ပွဲများ မကြာခဏဖြစ်၏။

အချင်းချင်း . . . သတ်ကြ၏ . . . သွေးခင်းဖာတ်ကား ပေရည်ကြမ်းလှ၏။

ကျွန်တော်တို့လည်း အခြေအနေကို ကြည့်၍လုပ်စားနေရ၏။ အရဲမကိုးရဲ ကာကွယ်ရေးလည်း ကြောက်ရ၏။ သူပုန်လည်း ကြောက်ရ၏။ မြို့ပုလိပ်လည်း ကြောက်ရ၏။ နာမည်ထွက်လာလျှင် လိုက်ရှာသတ်သည့် ခေတ်ဆိုး ခေတ်ပျက်ကြီး . . .

ပြောရလျှင် ပွဲကိုင်အထိန်းမဲ့သူဘဝမှာ ကျွန်တော်တို့ လေညီးဖြစ်ချင်တိုင်း ဖြစ်ခဲ့၏။ ဆရာကြီး ကျောက်ဘီလူး ကျွန်းပြန်ဘကျွန်းရှိစဉ်က ဆရာကြီးက ထိန်းဟန့်ထား၍ ကျွန်တော်တို့ ဆိုးသွမ်းစာရင်း မဝင်ခဲ့. . .

ဆရာကြီးသည် ဓါးပြဖြစ်သော်လည်း ဆင်းရဲသားကို ဒုက္ခမပေး လက်လုပ်လက်စားများကို မနှိပ်စက် . . .

မြေရှင် ယာရှင် နေရှင် ချစ်တီးများ အင်္ဂလိပ် အလိုတော်ရိများ ကိုယ့်အမျိုးကိုယ်ပြန်နှိပ်စက် ညှဉ်းပန်း ဒုက္ခပေးသူများကိုသာ ရက်ရက်စက်စက်ပြန်၍ ကလဲ့စားချေလေ့ရှိ၏။ . . .

ဆရာကြီး ကွယ်လွန်သွားတော့ ကျွန်တော်တို့ အထိန်းအကွပ်မဲ့ပြီး ဆင်ခြင်ဉာဏ် ကင်းမဲ့စွာ၊ အသိပညာ ကင်းမဲ့စွာ၊ စာနာမှုကင်းမဲ့စွာ ကိုယ်ထင်ရာ ကိုယ်စိုင်းခဲ့ကြပြီ. . .





တစ်နေ့ ကျွန်တော်နှင့် မိုးကြိုး ဒုက္ခလှလှကြီးရောက်တော့၏။

အချစ် . . . အချစ်

ကာမ အမိုက်မှောင် အချစ် . . .

ဒါကြောင့်လည်း ဘုရားအလောင်း ဥဒေါင်းမင်း . . . ညွတ်ကွင်းပါတာပ . . .

"ဆိုင်း . . . ငါ ခင်မြနှစ်ကို စွဲစွဲလမ်းလမ်း ချစ်နေမိပြီကွာ"

"ချစ်လေ . . . ပိုက်ဆံပေးရတာမှ. . . မဟုတ်ဘဲ . . . ချစ်ပေါ့ကွာ"

"ငါ သူနဲ့ တွေ့ချင်တယ်"

"ဒါဆို . . . မင်းယောက္ခမလောင်း အိမ်ပေါ်ကို ရိုးကုမ္ပဏီက ဒီတော်စတို့ ဘာတို့ ဝယ်သွားပြီး သွားတွေ့ပေါ့. . ."

"ဟာ . . . ဒီလိုလည်း မဖြစ်သေးဘူးကွ . . . ဒီမှာငါဒီလို တည်ချင်တယ်"

"ပြော"

"သူ့အခန်းထဲကို . . . ခိုးဝင်တွေ့ချင်တယ်"

"ဘုရား . . . ကျားသားမိုးကြိုး . . . မင်းနဲ့ ခင်မြနှစ်က သမီး ရည်းစား အဆင့်ရော တကယ်ရောက်သေးလို့လား . . . ကိုယ့်လူရာ ကြည့်လုပ်ပါ မိုးကြိုးရာ"

"မျက်လုံးချင်း စကားပြောခဲ့တာ ကြာပြီဉစ္စာ"

"ဒါဖြင့် ငါမေးမယ် ကိုယ့်လူ . . . မိန်းမနဲ့ ယောကျာ်း မျက်လုံးချင်း စကားပြောဖြစ်တာနဲ့ အချစ်စစ်လို့ ခေါ်ရောလား"

"သူနဲ့ငါတော့ စစ်ပုံရပါတယ် ဆိုင်းရာ . . . ဒီလိုမှ မတွေ့ရရင် ဘယ်အချိန်သွားတွေ့လို့ရမှာလဲ. . ."

"ကောင်မလေး . . . အိပ်သာတက်တဲ့အချိန် ရော"

"ဗွီ . . . သူက နေ့ခင်း တက်ရင် ဘယ်လိုတွေ့လို့ရမှာလဲ နည်းရ"

"ညဘက်ပေါ့ကွာ"

"သရဲကြောက်လို့ မတက်ရင် ငါတို့ ခြင်ကိုက်ခံပြီး သေမှာ"

"ဒီမှာ ကြောက်ရင်လွဲ ရဲမှ မင်းဖြစ်တာကွ။ နို့မို့ . . . သူများ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲပါသွားမယ် . . . ငါ အရဲစွန့်မယ်ကွာ''

''မလုပ်ပါနဲ့ သူငယ်ချင်းရာ သူ့အိမ်သားတွေကရော သူ့ဘကြီး သူကြီးကရော သူ့ဆွေမျိုးအဘော်များများက မင်းကို သိပ်သဘောကျတာ မဟုတ်ဘူး . . . အခန့်မသင့်ရင် ကိုယ်ကျိုးနည်းမယ်''

''လုပ်မယ်ကွာ ငါ သူ့ကို မမြင်ရရင် မနေနိုင်တောဘူး . . . အဆင်ပြေရတဲ့နည်းနဲ့ တစ်ခါတည်း ခိုးပြေးမယ် . . . မင်းလိုက်ချင် လိုက် မလိုက်ချင်နေ''

''ဟူး . . . ခက်လှချည်လား . . . မိုးကြိုးရာ''

''ဟေ့ကောင် . . . အချစ်မှာ ဝါဆို ဝါခေါင်တို့ ရေတက်ရေကျတို့ တောင်လေသင်းချိန် မြောက်လေသင်းချိန် စောင့်နေရင် မိုးသည်းသွား လိမ့်မယ်''

ဒါနဲ့ ကျွန်တော်လည်း အချစ်ဆုံး သူငယ်ချင်း ဘဝတူ သေဖော် သေဖက်မို့ အဖော်လိုက်ခဲ့ရတော့သည်။

ဒါက . . . အလျင်က ကျွန်တော့်ကောင် မိုးကြိုး ခင်မြနှစ်ကို ပိုးနေကျည . . . နှစ်ယောက်သား ခါးကြားမှာ ဓါးမြှောင် ကိုယ်စီထိုး၍ ထွက်ခဲ့ကြ၏။

အလွန့်ကို ဝေးလှသည့် ခရီးဖြစ်သည် . . .။ ခင်မြနှစ်တို့ အိမ် ခြေရင်းရောက်တော့ အချိန်လင့်နေပြီ။

ကျွန်တော်က ခြံစည်းရိုးမှာ စောင့်နေလိုက်၏။

ဒီမှာ မိုးကြိုးက . . . ပလွေသံ ပေးလိုက်၏။ အကျယ်ကြီးမဟုတ် ကြားလောက်သည် ဆိုရုံလေး . . . ကျွန်တော်တို့ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေစဉ် ပြတင်းပေါက်တံခါး တစ်ချပ် . . . ကျီကြီးလှစွာ ပွင့်လာ ပြီး လူတစ်ယောက် ကိုယ်ပေါ်ပိုင်းကို လရောင်စွန်းနှင့် မြင်လိုက်ရသည်။

အလို . . . ခင်မြနှစ်ပါလား . . .

ဒီမှာပဲ . . . မိုးကြိုးက အားရဝမ်းသာ လှုလုံးထွက်၍ ပြလိုက် သောအခါ . . . မှောင်ဝါးဝါး မြင်ကွင်းမှာ ခင်မြနှစ် အံ့ဩသလို ငေးကြည့် နေ၏။ မိုးကြိုးကလည်း လျင်သည် . . . အချိန်ဆိုင်းမနေတော့ဘဲ . . . ခဲ တစ်လုံးကို ထောက်၍ ခုန်ပြီး . . . ပြတင်းပေါက်ကို ကျော်တက်လိုက် တော့သည်။





ဘုရား . . . ဘုရား . . . ခုနေ ခင်မြနှစ်ကများ မတော်လို့ 'သူခိုး သူခိုး' လို့များ အော်လိုက်ရင် . . . ဒုက္ခ . . . သို့နှင့် ကိုယ်လည်း စည်းရိုးအနီးမှာမနေရဲတော့ဘဲ အခြေအနေ မကောင်းလျှင် ပြေးရန်အတွက် ခပ်လှမ်းလှမ်း မန်ကျည်းပင်အကွယ်မှာ စောင့်ကြည့်နေလိုက်၏။

ငါးမိနစ် ခန့်ကြာသောအခါ မိုးကြိုးသည် ပြတင်းပေါက်ကို နို၍ ဆင်းလာသည်ကို မြင်ရမှ ဟင်းချရတော့၏။ . . . သူတော့ မပြောတတ် စောင့်နေရသည့် ကျွန်တော် ဇောချွေးများပြန်နေပြီ . . .

မြေပေါ်သို့ မိုးကြိုး ခြေအစုံ ကျသည်နှင့် ပြဿနာဖြစ်တော့သည်။

''ဟိတ် . . . ရပ်''

ကျယ်လောင် အောင်မြင်လှသော အသံကြီးတစ်သံသည် ညဉ့်ယံကို ထိုး၍ ထွက်ပေါ်လာရကား . . . မိုးကြိုးလန့်၍ ဝဲယာမျက်လုံး ကစားရှာရင်း စည်းရိုးကို တိုးရန်ပြင်လိုက်စဉ် . . .

''ဟေ့ကောင် . . . မပြေးနဲ့''

''ဝိုင်းထားဟေ့ . . . သူခိုး . . . ဓါးပြ . . . ဓါးပြ''

''သူခိုးဗျို့ . . . သူခိုး''

ဟာ . . . ကိုယ်ကျိုးနည်းပြီ။ ဘယ်အချိန်က စောင့်နေမှန်းမ သိလိုက်ရသည့် လူတစ်စုသည် လက်နက်များနှင့် ဘယ်ညာဝိုင်းလိုက်ရကား ပေါက်မရှိတော့ပေ။ ဒီမှာပဲ မိုးကြိုးက ရန်သူအဝိုင်းခံရမှန်း သိလိုက် သောအခါ ဓါးမြှောင်ကို ညာလက်က ဆုပ်ကိုင်ရင်း နောက်နှစ်လှမ်း ဆုတ်၍ ခုန်ဝဲလုပ်ကျော် ခြံစည်းရိုးကို ခုန်အကျော် . . .

''ဒိန်း''

''အား''

''ဟာ''

''ဗုန်း''

''အမလေး''

နှစ်လုံးပြူး သေနတ်တစ်ချက်ကြားလိုက်ရပြီး မိုးကြိုး ခြံစည်းရိုး အောက်ခြင် လေထဲမှာ ကျည်ဆန်မှန်ကာပြုတ်ကျသွားခဲ့တော့သည်။ ဒါနှင့်အတူ အပေါ်မှ မိန်းမတစ်ယောက် စိုးရိမ်ထိတ်လန့်ကြီးစွာသော အော်သံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိသွားပြီးဟော့"

"ဝိုင်းထား ... ဝိုင်းထား"

"မလွှတ်စေနဲ့"

"ချ ... ချ ... အသေချကွ ... သူခိုး စုတ်"

အခြေအနေ မဟန်မှန်း သိလိုက်ပြီ၊ သို့နှင့် ငယ်ပေါင်းဖော်နှ ခြံစည်းရိုးခွေးတိုးပေါက် (လူဝင်ပေါက်) ကို ချဲ့၍ ...

"မိုးကြိုး ... မိုးကြိုး ... ဒီမှာ အပေါက်၊ ဒီကို လာခဲ့"

"ဖောင်း"

"အ...မ ...လေး"

အပေါက်ကိုချဲ့ ကုန်းအော်နေစဉ် ကျွန်တော် ခေါင်းပေါ်သို့ တုတ် တစ်ချောင်း ကျလာပြီး ဖောင်းခနဲ အသံမြည်ကာ ... မေ့မျော သတိ လစ်၍ သွားတော့၏။

သတိရသည့် အချိန်၌ ...

ကျွန်တော်တို့နှစ်ဦး သူကြီးတသန့်လျှင်းဂျိုတ် အိမ်မှာ ခြေထိတ် လက်ထိပ်နှင့် ဖြစ်နေပြီး မိုးကြိုးရဲ့ ပေါင်မှ သွေးများသည် ပုဆိုးတစ်ထည် လုံး နီရဲတွတ်ပြီး ခြေထိပ်တုံးကိုပါ ပေကျံနေ၏။

မိုးကြိုးသည် အံကို ကြိတ်ထားသည်။

ကျွန်တော့် တစ်ကိုယ်လုံးလည်း သတိရအောင် ရေလောင်းထား ရွှဲရွဲ စိုနေသည်။ ဦးခေါင်း ဒဏ်ရာကလည်း တစစ်စစ်ကိုက်နေ၏။

အကျဉ်းချုံ့ရလျှင် ...

ကျွန်တော်တို့ နှစ်ဦးကို ဖောက်ထွင်းမှုနှင့် သူကြီးက အရေး လိုက်သည်။ မိုးကြိုး ပြောပြချက်အရ သူ့ပေါင်ကို သေနတ်မှန်သွားခဲ့သည် ဒါနှင့်အတူ ကျွန်တော်နှင့် မိုးကြိုး အနီးမှာ ရွှေထည်ပစ္စည်း မျိုးစုံ အထုပ် တွေ့ရသည်တဲ့။

ရွာလူအများ ... ကျွန်တော်တို့နှစ်ဦးကို ကြည့်၍အံ့သြကြ အထူးသဖြင့် ရွာခံသူငယ်ချင်း ကိုကြွက်တောကြီး ...

"ငါ ... မင်းတို့နှစ်ယောက်ကို အဲဒီလို လုပ်လိမ့်မယ်လို့ ထ မထင်ခဲ့ဘူး ... မိုးကြိုးနဲ့ ငဆိုင်းရာ၊ မင်းတို့ကို ငါ ထင်ထားတာက စိ အနုပညာ ဝါသနာပါတဲ့ လူရွယ်လို့ထင်ထားတာ ... လက်စသ





... နှစ်ယောက်က သူခိုး ... ဖောက်ထွင်းဓိဋ္ဌာသမားတွေ မှတော့ ...တောက် ...ငါ ...ငါ ...ဒီရွာမှာ မျက်နှာ ဘယ်လို ထားရမလဲ ... ကွ ...ဟင်"

ကိုကြွက်တောကြီး ရှက်လွန်း၍ ဒေါသများဖြစ်နေ၏။ ရွာသား များများက ... အိုးစည် သမား ပုလွေသမား ဟန်ဆောင် ဖောက်ထွင်းဓိဋ္ဌာဟု စွပ်စွဲဝေဖန် သရော်ကြ၏။

မိုးကြိုးကား ဘာမှ မဖြေရှင်း ...

သူကြီး ဦးတသန့်လျှင်းဂျိုတ်ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြင်း တောက်တစ်ချက် ခတ်လိုက်သည်။

"တောက်"

"ဟော့ကောင် ... သူခိုး ... မင်း ဘာတောက်ခတ်တာလဲ ..."

"ဗုန်း ...ဗုန်း...ဗုန်း"

သူကြီး ဦးတသန့်လျှင်းဂျိုတ်က အပေါ်စီးနှင့် ကြည့်၍ ကျွန်တော် အား ခြေနှင့်ပိတ်ကန်၏။ နားရင်းကို ရိုက်၏။

"သူကြီး ခင်ဗျား ... သိပ်လျင်တယ်"

"လျင်လို့ ...သူကြီး လုပ်တာပေါ့ကွ ...ဟား ...ဟား ... မင်းတို့ ဝင်လာတာ ငါတို့မြင်ပြီးသားပဲ"

"ဒါဆို ခင်ဗျား ကျုပ်တို့ အဖြစ်အပျက်ကို သိနေတယ်ပေါ့"

"သိတယ် ... သိတယ် ... မင်းသူခိုး ...ဓါးပြ ... လူ ... ကိုင်းကွာ ..."

"ဖောင်း"

"ဖြန်း"

"ဖြန်း"

"အင့် အင့်"

နောက်ဆုံး မြို့တရားရုံးသို့ ရောက်ခဲ့ရသည်။ မျက်မြင် သက် သေထွက်ဆိုချက်အရ ဖောက်ထွင်းမှု လက်နက်ကိုင်ဆောင်မှုနှင့် ထောင် နှစ် ခံခဲ့ရသည်။

သည်တုန်းက ...



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက သူနှင့် ခင်မြနှစ်အခန်းထဲမှာ တွေ့ကြသည့် ကိစ္စ လုံးဝ ဖွင့်မပြော။ ခင်မြနှစ်ကလည်း လုံးဝသက်သေ မလိုက်ခဲ့။ ခင်မြ ကိုလည်း ယောင်လို့မျှ မတွေ့ရ. . .

ကျွန်တော်တို့နှစ်ဦး ထောင်ထဲမှာ စဥ်းစားကြသည်။ ခင်မြနှစ် ချစ်ဟန်ဆောင်၍ သို့ကလို လုပ်လိုက်တာလား။

ဒါမှ မဟုတ် . . .

သူ့ဘကြီး သူကြီး ဦးတသန်လျှင်းကျိတ် က စောင့်ချောင်း ဆင်ပြီး သေနတ်နှင့် ပစ်ဖမ်းလို့ ပစ္စည်းထုပ်ချ၍ လုပ်ကြလိုက်တာလား. . .

မိုးကြိုးက. . . ကြုံးဝါးထားသည် . . .

''ထောင်ကထွက်သည့်နေ့ . . . သူကြီးဦးတသန်လျှင်းကို လည်ချောင်းသွေးနှင့် ခြေဆေးမည်တဲ့ . . .။

♛ ♛ ♛

လွတ်လပ်ရေး ခေတ်ဦး အကျဉ်းထောင်ကား နိုင်ရာစားတို့ လုပ်ချင် လုပ်နေချိန်ဖြစ်၏။

ထောင်ကျ လူသတ်သမား ဝါရင့်များက အခန်းကိုအုပ်စီးထား၏။ ကြာလိုက် မိုးကြိုးတိုက်ပိတ်ခံလိုက်ရ၏။

အကြောင်းကား . . .

တောင်ယာဘုတ်မှာ ဘုတ်ကိုင် နစ်ကြီးသမား ဖြစ်သူ 'ငှက်ကြီး ' ဆိုသူက သူ့ကို ခြေနှင့်ကန်၍ ခိုင်းသည့် ဖြစ်ရပ်. . .

အဲဒီမှာ မိုးကြိုးက ပေါက်တူးနှောင့်နှင့် ဘုတ်ကိုင်'ငှက်ကြီးတောင်' ခေါင်းကို ရိုက်ပစ်လိုက်ရာ ငှက်ကြီးတောင် ခေါင်းကွဲ၍ သတိလစ် ၏။

မကြာခင် ဝါဒါများ၊ ထောင်ကြပ်များ ရောက်လာပြီး ဝိုင်းဝန်း၍ င်ဖမ်းဆီးကာ ခြေကျင်းခတ်၍ သီးသန့် တိုက်ပိတ်ထားလိုက်၏။

တိုက်ပိတ်သည် ဆိုလျှင် (၆)ပေ ပတ်လည် ခန့်ရှိသော အလုံတိုက် သံခြေကျင်းခတ်၍ တစ်ယောက်ထဲ ထားခြင်း ဖြစ်၏။ အပေါ်မှာ ပေါက်ရှိ၏။ ရှေ့မှာ တံခါးရှိ၏။ အဲဒီရှေ့မှာ သွပ်ပြား စည်းရိုး



www.burmeseclassic.com

www.burmeseclassic.com



ကာထားၓ၏။ ဘာကိုမျှ မမြင်ရ၊ မကြားရ။ အထဲမှာပဲ ချီးပါ သေးပေ အိပ် ချေးပါ သေးပေါက်ဖို့ ဒန်ဖလားနှစ်လုံးရှိသည် . . .

အစားအစာကို နံနက်တစ်ကြိမ် ညတစ်ကြိမ် လာပို့ပေးသ အဲဒါ တိုက်ပိတ်တာပဲ ဖြစ်သည်။ ပြစ်ဒဏ် တိုက်ပိတ် အမျိုးမျိုးရှိ ဒါက ရာဇဝတ်မှု ဆင့်ကဲ ကျူးလွန်သူများကို ထပ်မံ အပြစ်ပေးသ ထောင်တွင်း ဥပဒေ။

အင်္ဂလိပ် အုပ်ချုပ်စဉ်ကတည်းက သံတိုက်၊ ရေတိုက်၊ အမှော တိုက် စသည်ရှိ၏။ အလွန်ဆိုးသွမ်းသူများ ထောင်တွင်း ဥပဒေကို ထပ် ကျူးလွန်သည့် လူဆိုးများကို ပြစ်ဒဏ်ခတ်ရာ သီးသန့် ငရဲခန်းများ တည်

ထိုနေ့ ထိုရက်မှစ၍ သူနဲ့ ကျွန်တော် ထောင်ထဲမှာ ကွဲသွားခဲ့ သူကပြစ်ဒဏ် တိုက်ထဲမှာ နေရပြီး . . .နှစ်တိုး ထပ်ဆင့်သွားခဲ့၏။

ကျွန်တော်က . . . အဆောင်မှာ . . . ဘယ်လိုမှ သူနှင့် မတွေ ရတော့ . . .။

♛ ♛ ♛

# ချိုးရာရှိသောတိုက်ကျွဲမိုက်များ

ကျွန်တော်က လျှော့ရက်နှင့် တစ်နှစ်ခွဲကျော် အကြာမှာလွတ်ခဲ့သော် သည်း မိုးကြိုးကား မလွတ်သေး . . .

ထောင်မှ လွတ်သည်နှင့် ပင်လယ်ရွာကို သွားခဲ့၏။ ပင်လယ်ရွာ ာသူတို့မရှိတော့။ မြို့စွန်ရပ်ပြောင်းသွားသည် ဆို၍ လိုက်ရှာတွေ့ရ၏။

အဲဒီမှာ . . .ပေါက်ချွန်းနှင့် ဘသိန်းဆောင်ကိုတွေ့ရသည်။

ပေါက်ချွန်းက မိန်းမရနေ၏။ သူ့မိန်းမ နာမည်ကား 'လှအုံးမယ်' ာသတည်း။

ပေါက်ချွန်းသည် ကျွန်တော့်ကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ပြေးဖက်၏။ မကြာခင် ဘသိန်းဆောင်လည်း အသံကြား၍ ထွက်လာ၏။ သိန်းဆောင်က ရှုံးအလွန်ကောင်းနေ၏။

ဘာလုပ်၍ ရှိုးကောင်းနေသနည်းဟု . . . မေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘသိန်းဆောင်ကား ဖဲဝိဇ္ဇာ ဖြစ်နေသည်တဲ့ . . .။

ကိုးမီး၊ ရှိုး . . . တစ်ချပ်မှောက် . . . လေးကောင်ဂျင်း တွမ်တီးဝမ်း၊ အကုန်ကျွမ်း၏။ ဘယ်ကလောက် ကျွမ်းသလဲဆို ဖဲသမား သူဌေးများက သူ့ကိုကြေးကြီးပေးခေါ်၍ ကစားခိုင်းရသည့် ရှောမ ဖဲဝိဇ္ဇာ ဖဲမှော်သမားကြီးကို ဖြစ်နေ၏။

ပေါက်ချွန်းရဲ့ ဇနီး လှအုံးမယ်ကား အလွန်ချောမော လှပသူဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက် လည်းလှ၏။ အသားလည်းဖြူ၏။ မျက်နှာလည်း ဝိုင်း၏။

ပေါက်ချွန်း အကျည်းတန်သလောက် သူ့မိန်းမ လှရကား ပေါက်ချွန်းမှာ ပျော်လို့ မော်လို့ မဆုံး။ အခုပေါက်ချွန်းက မကောင်းမှုများကို ရှောင်ခွာ၍ နွားများမွေးနေ၏။

နို့စားနွားမများမှ နို့ကို မြို့ပေါ်တက် လက်ဖက်ရည်ဆိုင်သို့ နေ့စဉ်ပို့၏။ ခိုင်းနွားများ မွေး၍ ပြန်ရောင်း၏။ သူလည်း စားဝတ်နေရေး အဆင်ပြေ၏။

"မင်း အခု ဘယ်မှာ နေမှာလည်း ဆိုင်း"

ပေါက်ချွန်းက စားရင်း သောက်ရင်းမှ မေး၏။

"ဘယ်မှာ နေရမှန်း မသိသေးပါဘူးကွာ၊ နဂို ကတည်းက အိမ်မရှိ ယာမရှိ ဥစ္စာ"

"ဒါဆို . . . လောလောဆယ် . . . ငါတို့နှင့် အတူနေပေါ့ကွာ နောက်ပိုင်း အလုပ်အကိုင်လေး ဘာလေး ငါစီစဉ်ပေးပါ့မယ်"

"ငါနဲ့ လိုက်နေပေါ့ကွာ မောင်ဆိုင်းရာ"

ဒီမှာ ဖဲဝိဇ္ဇာကြီး ဘသိန်းဆောင်က ဝင်ပြောပြန်၏။

"မင်းငါနဲ့ နေရင် မိန်းမချောချောလှလှရမှာ . . . ဒီကောင် ပေါက်ချွန်း မိန်းမရတာ ငါကောင်းလို့ . . ."

"ဟုတ်လား ပေါက်ချွန်း"

"အဟဲ . . . ဟဲ . . . ဟီး"

"မဟုတ် ဘယ်နေမှာလဲ ဆိုင်းရာ . . . ဒီကောင်လှအုံးမယ်ကို ကြိုက်တာ တစ်ပိုင်းသေလို့ . . . ဟိုက ရွာသူဌေးသမီးလေ . . . အဲဒါ ပို့ပေး တွန်းပေးလိုက်တာ အဆင်ပြေရော . . . မိန်းမ သွားခိုးတော့လည်း ငါပဲ ခိုးပေးရတာပါ . . . ငါ့လူရာ . . . ဟုတ်ရဲ့လား . . . လှအုံးမယ်





"ဟုတ်ပါ့တော် . . . ကိုချွန်း တုံးပုံနဲ့ဆို ညားဖို့ဝေးသေးရဲ့"

"ဟား . . . ဟား . . . ဟား ပေါက်ချွန်းကလည်း အာဂပဲနော်"

"ဒါကြောင့် ပြောတာ . . . ငါနဲ့နေ မင်း ပိုက်ဆံရှိတဲ့ မိန်းမနဲ့ ညားအောင် ငါလုပ်ပေးမယ်"

"မင်းရော ဒါဆို ဘာလို့ ပိုက်ဆံရှိတဲ့ မိန်းမ မယူတာလဲ သိန်းဆောင်"

"ဗွီ . . . ယူစရာလိုသေးလို့လား ဆိုင်းရာ ချီး"

"ဟုတ်တယ်တော့ . . . ကိုသိန်းဆောင်က ငွေကို ရေလိုသုံးနိုင်တာမို့ပေါ်မှာ မိန်းမတွေကို ဝိုင်းဝိုင်းလည်လို့ ခါချနေရတယ်ရှင့်"

"ငါ့ကောင် တယ်စွံပါလားကွာ ဟင်"

"ဟဲ ဟဲ ဟဲ အဟင်း ဟင်း . . . ဒါကြောင့် ငါနဲ့ နေလို့ ပြောတာပေါ့ . . . ငွေလည်း မပူရဘူး . . . ဟိုဟာလည်း မပူရဘူး . . . အဟီး"

သို့နှင့် အိပ်တော့ ပေါက်ချွန်းရဲ့ နွားတဲမှာ အိပ်ပြီး အလုပ်က ဖဲဝိဇ္ဇာကြီး ဘသိန်းဆောင်နှင့် အဖော်လိုက်ရသည့် အလုပ်ရခဲ့၏။

ဘသိန်းဆောင်ကား ပိုက်ဆံဝါးလားများနှင့် ပေါင်းသူဖြစ်၏။ နိုင်ငံကြီးများမှ ဒိုင်တာဝန်ယူရ၏။

သူသည်ဖဲတကယ်ကျွမ်း၏။ ဖဲကုလားဖန်ထိုးလိုက်လျှင် ယပ်တောင်လိုကျ၏။ စက်ဝိုင်းလိုကျ၏။ ဖဲပွင့်ကို လက်ညှိုးနဲ့ ဖမ်းပြီး မကြည့်ဘဲ ဘာပွင့်ဆိုတာ အတတ် ပြောနိုင်၏။

ပြီး ဖဲလိမ်ရိုက်နိုင်၏။

လက်ထိပ်၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း ၊ ဘယ်အိမ်တွေကြီးသလဲ . . . အဲဒီအိမ်ကို 'ဘူ' ကျအောင် 'တစ်' ကျအောင် ဖဲကုလားဖန်ထိုး၍ ဆင်လိုက်လျှင် အဲဒီအိပ် 'ဘူ' ကျပြီး . . . သူ့အိမ်ဆား ငါး ကျအောင် လုပ်နိုင်၏။

ကျွန်လေးအိမ်မှာ ခုနစ်၊ ရှစ်၊ ကိုး ကုလားသုံးကောင် ဖြစ်နေလျှင် သူ့အိမ်မှာ သုံးသုံးလုံးဝိုက်၊ ကင်းသုံးလုံးဝိုက်၊ တစ်သုံးလုံးဝိုက်ဖြစ်အောင် ဆင်နိုင်လိမ်နိုင်သူဖြစ်၏။

သူ့လိမ်ဆင်ကို ဘယ်သူမှ မသိစေရ။

သူဘယ်လို လိမ်သလဲကို အဖော်လိုက်သည့် ကျွန်တော့်ကိုးငါ



www.burmeseclassic.com

www.burmeseclassic.com



မပြော။ လှိုင့်ဝှက်လွန်းလှ၏။ ပိုင်းသိမ်းလျှင် လုပ်အားခကို မြက်မြက်ကလေး ယူ၏။ နိုင်ငွေပေါ်မှာ ကော်မရှင်စားရသေး၏။

သို့ဖြစ်၍ ပိုင်းသိမ်းပြီးလျှင် သူနှင့် ကျွန်တော်သည် အကောင်းစား တရုတ်စားသောက်ဆိုင်သို့ ဝင်၍ သောက်၏။ စား၏။

အချစ်ကလေးများနှင့် ပျော်၏။

ဒီလိုကျတော့လည်း လူ့ဘဝသည် နေရတာ ဇိမ်ရှိလှပေသည်ဟု ထင်၏။

မကြာခင် . . . မိုးကြိုးထောင်မှ လွတ်လာခဲ့ပြီး ကျွန်တော်တို့ဆီ သို့ရောက်လာ၏။ ကွဲကွာနေကြသော သူငယ်ချင်း လေးဦး ပြန်လည် ဆုံသောအခါ သောက်လို့လည်းမဝ၊ပြောလို့လည်းမဝ၊ဖြုန်းလို့လည်းမဝ . . .

မိုးကြိုးက . . . လှအုံးမယ်ရဲ့ အလှကိုကြည့်၍ . . .

"ပေါက်ချွန်း . . ."

"ဘာလဲ မိုးကြိုး"

"မင်း . . . အရမ်းကို ကုသိုလ်ကံ ကောင်းတယ်ကွာ . . . မင်း မိန်းမကို မြင်တော့ ငါ . . . သူ့ကို သတိရတယ်"

"ဘယ်သူ့ကိုလည်း မိုးကြိုးရာ"

"ခင်မြနှစ်နဲ့ . . . သူ့ဘကြီး သူကြီး ဦးတသန်လျှင်းကျိတ်"

ဒီမှာသူ အရက်ခွက်ကို ဇတ်ခနဲမော့ပြီး တောက်တချက်ခတ်ကာ ဖန်ခွက်ကို ပေါက်ခွဲလိုက်၏။ မိန်းမတစ်ယောက်ရဲ့ အလှကြည့်၍ ကြည်နူး ချမ်းမြေ့နေရာမှ ဖြုန်းစားချည်း ဒေါသက ဖြစ်ပေါ်လာသောအခါ ကျွန်တော် တို့အားလုံး အံ့ဩသွားကြ၏။ လန့်ဖျပ်သွားကြ၏။

"ဘယ်လို ဖြစ်တာလဲ မိုးကြိုးရာ"

"မင်း . . . မင်း ဘာဖြစ်လို့လဲ မိုးကြိုး"

ကျွန်တော်တို့ အားလုံးက မိုးကြိုးရဲ့ အံကြိတ်ပြီး ခက်ထန်နေသော မျက်နှာကို ကြည့်၍ ပိုင်းမေးလိုက်သောအခါ . . .

"တောက်"

"ပြော . . . မင်း ဘာမကျေနပ်လို့လဲ သူငယ်ချင်း ငါတို့ ညှိ ဝတ်ပြုတာညှိ လို့လား . . . ဟုတ်လား"

"ဝုန်း"





သူထိုင်ရာမှ ချက်ချင်း ခုန်ထ, လိုက်ပြီး ထရံမှာ ထိုးထားသည့် ဓားကြီးတောင် ဓါးကို ဆွဲနှုတ်ကာ ကျစ်ကျစ်ပါအောင် ဆုပ်ရင်းက . . .

"ငါတို့ ဘဘကို မျက်စိမှောက် ကြိုးဆောင်ခဲ့လဲ့ သူကြီးဦးတသန် လျှင်းကျိတ်နဲ့ . . . မာယာသည် ကဝေမ မိခင်မြနှစ်ကို ဒီနေ့ပဲ ငါသတ်မယ်"

"ဝုန်း"

"ဟော့ကောင် . . . မိုးကြိုး မလုပ်ပါနဲ့"

"ဟော့ကောင် မသွားပါနဲ့"

"မိုးကြိုး . . . မိုးကြိုး"

"အစ်ကို မိုးကြိုး . . . မလုပ်ပါနဲ့"

ကျွန်တော် ပေါက်ချွန်း၊ ဘသိန်းဆောင်နှင့် ပေါက်ချွန်း မိန်းမ လှအုံးမယ် အသံကုန်အော်ဟစ်၍ တားပါသော်လည်း မရတော့။ အိမ်ပေါ်မှ မြေကိုင် ခုန်ချပြေးဆင်းပြီး . . . အရှေ့ရှူးရှူးသို့ ပြေးတော့သည်။ အိမ်နီးနား ချင်းများက ဓါးရှည်ကြီးနှင့် မိုးကြိုး ဒေါသတကြီး ပြေးလာသည်ကို မြင်တော့ ထန့်ဖျပ် အော်ဟစ် ပြေးကုန်ကြ၏။

"ခေါိုင်း . . ."

"ဘာလဲ . . . ပေါက်ချွန်း"

"မင်းကောင် . . . နောက်ကို မင်းအမြန်လိုက်ထိန်းပါကွာ . . . ထောင်ထွက်လာတာမှ ရက်ပိုင်းပဲရှိသေးတယ်။ ဒီတစ်ခါဆို သူသေရင်သေ သေရင် ကြိုးစင်တက်ရလိမ့်မယ်။ မြန်မြန်လိုက်ပါ။

"အေး . . . ငါရအောင်တားမယ်"

ကျွန်တော် လက်ကျန်အရက်ကို ကောက်မော့ပြီး . . . ကန်စွန်း တောရွာ ရှိရာသို့ လိုက်သွားလိုက်သည်။

နာရီအတန်ကြာသွားတော့မှ ကန်စွန်းတောရွာကို ရောက်တော့ သည်။ အဲဒီမှာ လူရင်း ကိုကြွက်တောကြီး အိမ်ကိုဝင်၍ မေးရ၏။ ကိုကြွက် တောကြီးက ကျွန်တော့်လို ထောင်ထွက်တစ်ဦးကို မြင်လိုက်သောအခါ မျက် လုံးပြူးသွား၏။

"လာပြန်ပြီလားကွ . . . နောက်တစ်ယောက်"

"ကိုကြွက်တောကြီး"

"ဘာလဲ မောင်ခိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟို မိုးကြိုး မ. . . မ. . . မလာဘူးလားဟင်"

"လာသွားတယ် . . . မင်းတို့ ပြဿနာ ထပ်မရှာပါနဲ့ မောင်ဆိုင်းရာ ပြန့်ပါကွာ တို့ရွာဘက်ကို ခြေဦးမလှည့်ကြပါနဲ့"

"ဘာဖြစ်လို့လဲ ကိုကြွက်တောကြီးရာ"

"ဘာဖြစ်ရမှာလဲ ဟိုကောင်မိုးကြိုးကလည်း ဒီကို ရောက်တာနဲ့ ခင်မြနှစ်နဲ့ သူကြီးတသန်လျှင်းကျိတ်ပဲ မေးတယ်၊ မင်းကရော ပြော"

"အခု . . . မိုးကြိုး . . . ဘယ် . . . ဘယ် . . . မှာလဲဗျာ"

"ဒီကောင်လား . . ."

မိုးကြိုးကိုကြွက်တောကြီးအိမ်သို့ ရောက်လာခဲ့သည်တဲ့ . . . ငှက်ကြီးတောင်ဓါးကို ပုဆိုးနှင့်ပတ်လို့ မျက်နှာပေါ်မှာ နာကြည်းရိပ်များ သန်းနေသည်။

ကိုကြွက်တောကို တွေ့သည်နှင့် ခင်မြနှစ် သူကြီးဦးတသန်လျှင်း ကျိတ်ကို မရမက မေးသည်။ ဘာလုပ်မလို့လဲမေးတော့ နှစ်ဦးစလုံး သာမက တစ်မိသားစုလုံးကို သတ်မလို့တဲ့ . . . ဘုရား ဘုရား. . .

ကိုကြွက်တောကြီး တုန်သွားသည် . . . ဒီမှာ မိုးကြိုးက မရမက ထပ်မေး၏တဲ့။

"ကိုကြွက်တောကြီး သူတို့ရော ရှိလို့လားဗျ"

"မ. . . မရှိတော့ဘူးကွ"

"မရှိဘူး . . . ဟုတ်လား၊ ဘယ်သွားကြလို့လဲဗျာ ပြောစမ်းပါ"

"သူတို့အားလုံး . . . ပြောင်းသွားကြပြီကွ မိုးကြိုးရ"

"ပြောင်းသွားပြီ"

"အေး"

"ဘယ်ကို ပြောင်းသွားကြလဲဗျာ . . . မြန်မြန် ပြောစမ်းပါ"

"အဲဒါတော့ မသိဘူး . . . ရွာဝန်းကျင်မှာ သောင်းကျန်းသူ အဖွဲ့တွေ ခြေကျင်းလိန်ခမန်း ရောက်လာရော . . . ခင်မြနှစ်တို့ မိသားစု အပါအဝင် သူကြီးတို့ပါ လူညီးတွေနဲ့ ပြောင်းသွားတာပဲ . . . ဘယ်ကို ပြောင်းသွားကြမလဲ ဆိုတာ . . . မမေးရဲလို့ မသိရဘူး"

"တောက် . . . သီသီလေးကွာ . . . ဟင်း"

"မင်း ဘာလုပ်မလို့လဲ မိုးကြိုးရာ"

စိတ်ကူးသစ်စာပေ



"ဟောဒီ ဓါးနဲ့ သူတို့ ခေါင်းကို ဖြတ်မလို့"

"အလိုလေး . . . ငါ့လူရာ ဘုရား. . . ဘုရား"

မိုးကြိုးသည် ပုဆိုးနှင့် ထုပ်ထားသည့် ငှက်ကြီးတောင် ဓါးကို ချဲ့ထုတ် ကြိမ်းဝါးပြီး ခင်မြနှစ်နှင့် သူကြီးဦးတသန်လျှင်းကျိတ်တို့ နေထိုင်ရာ အိမ်ဝိုင်းဘက်သို့ ပြေးထွက်သွားခဲ့သည် . . . တဲ့ . . .

"မင်းရော မိုးကြိုးလိုပဲ . . . သူတို့ကို သတ်မလို့လား ဆေိုင်း"

"မဟုတ်ပါဘူးဗျာ . . . မိုးကြိုးကို ခြေလွန် လက်လွန် လုပ်မှာစိုး လို့ လိုက်ခေါ်တာပါ . . . ရှာရတာပါ"

"မြန်မြန်ပြန်ခေါ်ပြီး . . . မြန်မြန်ပြန်ကြပါ . . . မောင်ဆိုင်းရာ၊ ဒီရွာမှာ သူတို့ မရှိပေမင့် သူတို့ ဆွေမျိုးသားချင်းတွေ ရှိနေသေးတယ်၊ မင်းတို့က နှစ်ယောက်တည်း၊ သူတို့က အုံနဲ့ ကျင်းနဲ့ . . . ငါ့ ဆီကိုလည်း မလာကြပါနဲ့ ငါ့ညီရာ တော်ကြာ . . . ငါပါ ကြရာပါဆိုပြီး ဝိုင်းချလို့ သေပါလိမ့်မယ် . . . ဆေိုင်းရာ"

သို့နှင့် ကျွန်တော်က ကိုကြွက်တောကြီးအား ကျွန်တော်တို့ လုပ်ကြံ ခံခဲ့ရသည့် ဖြစ်ပုံကို ပြန်ရှင်းပြခဲ့သည်။

"ဒါဖြင့် . . . မင်းတို့ ပစ္စည်းဝင်ခိုးတာ မဟုတ်ဘူးပေါ့"

"လုံးဝ မဟုတ်ဘူးဗျာ၊ ကံဆိုးချင်တော့ ကျွန်တော့်ကောင် မိုးကြိုး ဟိုကောင်မလေး အခန်းထဲ အရဲစွန့် ဝင်သွားတာကို သူကြီးနဲ့ သူ့လူအမျိုး တွေ့ပြီး အထွက်မှာ ပစ္စည်းထုပ်ချ သေနတ်နှင့်ပစ်ဖမ်းခဲ့တာ. . ."

"ဟူး . . . ဖြစ်မှ ဖြစ်ရလေကွာ . . . ပြီးတာတွေ ပြီးပါစေ ညီရာ ခေတ်က မကောင်းဘူး . . . မောင်ဆိုင်း . . . ကိုင်းပြန်တော့"

သည့်နောက် . . . ကျွန်တော်လည်း မိုးကြိုးကို မသိမသာလိုက် ရှာခဲ့ရင်း မတွေ့သည့်အဆုံး . . . ပေါက်ချွန်းတို့ အိမ်သို့ ပြန်လာခဲ့လိုက်သည်။

မိုးကြိုး ထိုနေ့မှစ၍ အိမ်သို့ ပြန်မလာခဲ့တော့. . .

ကျွန်တော်တို့ အားလုံး မိုးကြိုး ပြန်လာမည့် အချိန်ကို မျှော်လင့်စောင့်စား နေသော်လည်း၊ သန်းခေါင်လည်း ပြန်မရောက်။ မိုးလင်းသည်လည်း ပြန်မလာ။ ရက်တွေ ကြာသွားခဲ့သည်။

အသွားအလာ ခရီးများသည့် ဘသိန်းဆောင် (ဖဝိဇ္ဇာ) ကလည်း ရောက်ရာ အရပ်မှာ မိုးကြိုးသတင်းကို စုံစမ်းသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အချို့က... ဟံသာဝတီ အရှေ့ခြမ်းမှာ ရောက်နေသည်တဲ့။

အချို့က...မြစ်ဝကျွန်းပေါ်အတက်မှာ တွေ့ခဲ့ရသည်ဆို၏။

အချို့က ...ဇင်းကျိုက်တောင်ဘက်မှာရောက်နေသည်တဲ့ ...

ဒီလိုနှင့် နှစ်လခန့်ကြာသွားခဲ့၏။ အချို့က သေပြီဟု ဆိုကြ၏၊ ငဝန်မြစ် ထဲမှာ ခေါင်းမပါဘဲ မျောနေသည်တဲ့ ဘုရား ဘုရား...

ကြားရသည့် သတင်းများက စုံလှ၏။ ဘယ်သတင်းကို ယုံရမှန်း မသိ။

ဟံသာဝတီ အရှေ့ခြမ်းမှာ သူပုန်များက မိုးကြိုးကို ကားစင်တင် ၍ ရင်ခွဲ သတ်ထားသည်ဟုလည်း ပြောကြပြန်၏။

တစ်ခါ ...သထုံဘက်မှာ ဓါးဒဏ်ရာ ဗလပွနှင့် နားရွက်ပြတ် လက်ပြတ် သေနေသည့် မိုးကြိုး သတင်းကို ကြားရသည်ဟု ဆိုပြန်၏။

သို့ကလို ချောက်ချားစရာ အမင်္ဂလာသတင်းများကို ကြားနေ သည့် အချိန် ...

ညဉ့်သန်းခေါင်ခန့်မှာ ကျွန်တော်တို့ အိပ်နေသည့် အိမ်ထရံ လာပုတ်သံ ကြားလိုက်ရ၏။

"ဘုတ် ...ဘုတ် ... ဘုတ်"

"ဘယ်သူလဲကွ..."

"ဘုတ် ...ဘုတ် ...ဘုတ်"

ဒီမှာ ဘသိန်းဆောင်က ပေါက်ခနဲ ထ၍ အော်မေးလိုက်၏။

"ဘယ်သူလဲ ... ပေါက်ချွန်းလား"

"ဘုတ် ...ဘုတ် ...ဘုတ်"

"တံခါးဖွင့် ..."

အသံက အသံလေးကြီး။ သူခိုးလား ဓါးပြလား သူပုန်လား မသိ မဖွင့်ရဲ။

"ပေါက်ချွန်းလား"

"မဟုတ် ...ဘူး ...အဟွတ်"

"ဒါဖြင့် ... ဘယ်သူလဲ"

"ငါ ...ပါ...အဟွတ် တံခါးဖွင့် ... ဖွင့်ပါ"

"ဘယ်ကငါလဲ ...။ မဖွင့်ဘူး အော်လိုက်ရမလားကွ ...





"ငါပါ မိုး...ကြိုး ...ပါ ...အဟွတ် ...အဟွတ်"

"ဟင် မိုးကြိုး ...ဆိုပါလား ... မောင်ဆိုင်း မိုးကြိုးတဲ့ သံလိုလဲ"

"မိုးကြိုး ဟုတ်ရဲ့လား ... မိုးကြိုးက သေပြီကွ"

"ဖွင့် ... ပါ ...ဖွင့် ...ပါ"

"မဖွင့်ဘူး ...မိုးကြိုး သေပြီ"

"ဝုန်း"

"အား ...ဟ ဟ"

"အမယ်လေး"

အပြင်လူက တံခါးကို အားရပါးရ ခြေနှင့် ဆောင့်ကန်ဖွင့်လိုက် အခါ ဂျက်ထိုးထားသည့် တံခါး ဝုန်းခနဲပွင့်သွားပြီး လူတစ်ယောက် မီးရောင်နှင့် မြင်လိုက်ရကား ကျွန်တော်တို့ လွန်စွာ ကြောက်လန့် ခဲ့ရ၏။

ဆံပင် ကုပ်ဝဲ ကျောဖားလျားချကြီးနှင့် လူတစ်ယောက် အဝတ် များ စုတ်ပြတ်နေ၏။ မျက်နှာမှာလည်း ဒဏ်ရာ ဒဏ်ချက် အမာရွတ် နှင့်...သူသည် အိမ်ထဲသို့ ဒယီးဒယိုင် ဝင်လာပြီး ဝုန်းခနဲ ကြမ်းပြင် သို့ ကျသွား၏။

မီးခွက်နှင့် သေသေချာချာ ကြည့်လိုက်သောအခါ ...

"ဟာ"

"မိုးကြိုး မိုးကြိုး"

"မိုးကြိုး သူငယ်ချင်း ... မင်း ... မသေဘူး နော် ...နော်"

"အင်း ...ဟင်း ...ဟင်း"

"အီး ...ဟင်း ...ဟင်း ...ချမ်း ...ချမ်း ...တယ် တယ်"

သို့ကလို ပြောရင်း သူ သတိလစ်သွားခဲ့သည်။ သို့နှင့် ပေါက်ချွန်း ငင်မယားကို သွားနှိုး၍ ဆေးဆရာတစ်ဦးကို သွားပင့်ခေါ်ရတော့သည်။ ...ငှက်ဖျားမိနေ၏။ တစ်ကိုယ်လုံး မီးခဲလို ပူကျွတ်၍ တုန်နေ ၏။ မိုးလင်းမှ သူ ပြန်သတိရလာသည်။

သတိပြန်ရတော့မှ သူ့ ဘဝ ဖြစ်စဉ်ကို ကျွန်တော်တို့ ကြားရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ သစ္စာမဲ့သည့် မာယာသည် ခင်မြနှစ်နှင့် သူကြီး ဦးတသန်ထ ဂျိတ်တို့ကို သတ်ရန် ရေအနှံ့၊ မြေအနှံ့ လိုက်ရှာခဲ့လည်း ဘယ်မှာ စုံစမ်းလို့မရ။ နောက်ဆုံးသူပုန် အုပ်စုနှင့် တွေ့ပြီး အဖမ်းခံရသည် ...

သူလျှို စပိုင်ဟု စွပ်စွဲပြီး မျက်နှာကို ဓါးနှင့်မွှန်း၍ ရက်စက် စစ်ဆေးပြီး အချုပ်ထဲမှာ ဖမ်းထည့်ထားစဉ် အချုပ်ကို ဖောက်၍ ပြေးခဲ့ရသ တဲ့ . . .

''ဟူး . . . မသေကောင်း မပျောက်ကောင်း ပါလား မိုးကြိုးရယ်

♛ ♛ ♛

# ဆေးရုံမှာခုနစ်ချက်ချုပ်ရသည့်ဇာတ်ကွ

မိုးကြိုးကား . . . အငြိုးအတေးကြီးလှ၏။ ကျွန်တော့်ကို အဖော် ခဲ့ပါသည်။

နောက်ဆုံး ချစ်လှစွာသော ဆိုးဖော်ဆိုးဖက် ကျွန်တော်တို့ နှစ်ဦး သည်ချွန်းတို့ အိမ်မှ ထွက်ခဲ့ပြီး တစ်ရွာဝင် တစ်ရွာထွက် တစ်နယ်ဝင် နယ်ထွက် လှည့်ခဲ့ကြပေသည်။ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်

ရည်ရွယ်ချက်ကား . . .

တစ်နေ့သောအခါ (------) မြို့ ဈေးကြီး ရှေ့မှာ ထူးဆန်း ယ် ကောင်းလှသည့် မျက်လှည့်ပြသမား တစ်ဦးကို ကျွန်တော်တို့ တွေ့ မျက်လှည့်ဆရာကား ထောင်ထောင်မောင်းမောင်း အသားဖြူဖြူကြီး မွေးကားကားကြီးနှင့် ခန့်လွန်းလှ၏။ ပိုးဖဲ ဘောင်းဘီအပွကို ဝတ်၍ ပြောင်ကြီးနှင့် . . .

ခန္ဓာကိုယ်ပေါ်မှာ အင်းစမအကွက်များကား အပြည့်ရှိ၏။

သူ့ရှေ့မှာ ခြေသလုံးခန့်ရှိ မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်း ထောင်နေ၏။ မြွေပခြုပ် နှစ်လုံးလည်း အနီးမှာရှိနေ၏။

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ဝိုင်း (စည်းဝိုင်း) နံဘေးမှာ လူတစ်ရာခန့် စိတ်ဝင်စား
ဝိုင်းအုံ ကြည့်နေ၏။

''ပရိသတ်ကြီး ခင်ဗျား . . . ဟောဒါ မြွေဟောက်ပါ တော
မြွေဟောက်လို့ ခေါ်ပါတယ်။ ကိုက်ရင် အဆိပ်ပြင်းတယ် . . . နေရာ
ပွဲချင်းပြီး သေရော သူ့ဥက္ကို ယူသွားရင် . . . မြစ်ခြားခြား ချောင်းခြား
လိုက်ပြီး ကလဲ့စားချေလေ့ရှိတယ် . . . အငြိုးကြီးတယ် . . . မြွေ
ကောင်းတယ်၊ အနံ့ခံလဲ ကောင်းတဲ့ အဆိပ်ပြင်း မြွေမျိုးပါခင်ဗျား
အဲဒီမြွေရဲ့ အကိုက်ကို ကျွန်တော် ခံပြပါမယ် . . . ကြည့်နေပါခင်ဗျား''

သို့ကလို ပြောပြီးနောက် . . . မျက်လှည့်ဆရာ(ဇော်ဝဏ္ဏ) သ
လည်း မြွေခေါင်းကို လက်နှင့် ပုတ်၍စလိုက်ရာ . . .

''ဟာ''

''အမလေး''

''ဘုရား . . . ဘုရား''

ကြည့်နေသည့် သူများ လန့်၍ အော်လိုက်ကြပြီး နောက်
အပြေးဆုတ်ကြ၏။ အကြောင်းကား တောကြီးမြွေဟောက်သည် ဆတ်
လှည့်၍ မြွေဆရာ၏ လက်ခုံကို ပေါက်လိုက်သောကြောင့် ဖြစ်သည်။ ဒီမှာသူ
အကိုက်ခံရသည့် လက်ခုံကို ညာလက်နှင့် အုပ်လိုက်ပြီး အကြောတက်သ
လူးလွန့်လာတော့သည်။

သူသည် လက်ခွကြားမှ ဒဏ်ရာကို ပါးစပ်နှင့် ငုံကိုက် စုပ်ယူ
ပစ်ပြီးနောက် လက်တစ်ဆစ်ခန့်ရှည်သော သစ်သားအတောင့်ကို ကျော
ပျဉ်မှာ သွေး၍ ဒဏ်ရာပေါ်သို့ အုပ်လိုက် လိမ်းလိုက် ပြီးနောက် အ
အချို့ကို လျှာပေါ်တင်၍ လျက်လိုက်ရာ မကြာခင် အန်တော့၏။

ပါးစပ်ထဲမှ ချွဲ သလိပ်များ ကျလာ၏။ ဦးခေါင်းကို ယ
နေရကား ရှည်လျားလှသော သူ့ဆံပင်များသည် ဘယ်ညာနွဲ့နေ၏။ အ
တက်နေရာမှ အန်ချနေသည့် သဘော၊ မကြာခင် သူ နဂိုအတိုင်း ပြ
သွား၏။

''ပရိသတ် အပေါင်းတို့ ခင်ဗျား . . . ပရိတ်သတ်များ မျ
ရှေ့မှောက်မှာပဲ ကျွန်တော့်လက်ကို အဆိပ်ပြင်းလှတဲ့ တောကြီး မြွေဟော
ကိုက်ပြီး သွေးထွက်ခဲ့လို့ အဆိပ်ဒဏ်ကို ခံစားရချိန်မှာပဲ ဒီအဆိ





မြစ်တောင့်ကို သွေးပြီး အုံလိမ်းလိုက်တာနဲ့ ဒဏ်ရာပေါက်ဝကနေ
အဆိပ်များ ပြန်ကျသလို လျှာပေါ်တင်မှုံချ လိုက်တာနဲ့ ပံ့လာတဲ့ အဆိပ်
ငပ်ကနေ ပြန်အန်ကျတာ မျက်မြင်ပါပဲ . . . အခု ကျွန်တော် ဘာမှ
ဖြစ်တော့ဘူး''

''အဲဒါ . . . မယုံရင် . . . ဒီမြွေ အကိုက်ခံရဲတဲ့လူ ဝင်ခဲ့ပါ
ချက်ချင်း ဒီအဆိပ်ကျ ဆေးနဲ့ အဆိပ်ဖြေပေးပါ့မယ်။ ဘယ်သူ ဟောဒီမြွေ
ကိုက်ခံရဲပါသလဲ။ ဝင်ခဲ့ပါ။ လက်တွေ့ စမ်းချင်ရင် ဝင်ခဲ့ပါ . . .''

မျက်လှည့်ဆရာ ဇော်ဝဏ္ဏက ပရိသတ်များကို စမ်းလိုပါက ဝင်ခဲ့ဖို့
ခေါ်၏။ ပုဂံပြားခန့် ပါးပျဉ်းထောင်ထွက်နေသည့် မြွေဟောက်ကြီးကို
ကြည့်ပြီး . . . မည်သူမျှ စည်းဝိုင်းထဲဝင်၍ မစမ်းရဲ။

ဒီမှာ မိုးကြိုးက ဝင်၍ အစမ်းခံရန် ထလိုက်သည်။

''ဘာလုပ်မလို့လဲ . . . မိုးကြိုး''

''ငါ . . . သွား အစမ်းခံ မလို့''

''အလိုလေး . . . လုပ်ပါနဲ့ . . . မြွေဟောက်က နည်းတဲ့
ကောင်လားဟ''

''ဆေးစွမ်းရင် သူ့လိုပဲ ရှင်ရမှာပေါ့ကွာ''

''စွမ်းစွမ်း မစွမ်းစွမ်း မလုပ်ပါနဲ့ ငါ့လူရာ ထိုင်နေပါ''

ကျွန်တော့်က သူ့လက်ကို အတင်းဆွဲထား၍ သူ့မချင့်မရဲနှင့်
ထိုင်လိုက်၏။ စိတ်ထဲမှာတော့ ကျေနပ်ပုံမပေါ်။ မကြာခင် မျက်လှည့်
ဆရာဇော်ဝဏ္ဏ အံ့မခန်း ပညာစွမ်းတစ်ခုကို ထပ်၍ ပြပြန်၏။

''ပရိသတ်ကြီး ခင်ဗျား ဟောဒါ အဝတ်ချုပ်တဲ့ အပ်ပါ . . .
အပ်ကို ကျွန်တော် အသားထဲ ရိုက်သွင်းပြပါမယ် ကြည့်ပါခင်ဗျား''

သူက ဒီလို ပြောပြီးနောက် သူ့ဘယ်လက်ဖျံပေါ်သို့ စောစောက
မြစ်သွေးထားသည်များကို သုတ်လိမ်းလိုက်ပြန်၏။ ၎င်းနောက် အဝတ်
ချုပ်အပ်ကို ပရိသတ်များရှေ့မှာ လိုက်လံပြပြီး လက်ဖျံပေါ်တင်၍ သစ်သား
နှင့် ရိုက်ချ လိုက်ရာ အပ်သည် သုံးပုံနှစ်ပုံ လက်ဖျံထဲသို့ ဝင်သွား
တော့၏။

ပွဲကြည့်ပရိတ်သတ်များက အံ့သြသွားကြ၏။ စုပ်သပ်၏။ မျက်လုံး
ပြူးကြ၏။ ကိုယ့်လူ တစ်ချက်လေး မတွန့်မရွံ့ မတုန်မခါဘဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ...နဲ့ ကြည့်ကြပါ ...နှဲကြည့်ကြပါ"

သူက ပရိသတ်ကို လိုက်ပြသည်။ အချို့နဲ့ကြည့်၏။ ကိုင်ကြည့်

"မယုံသေးရင် ...ဟောဒီ သစ်သားပြားနဲ့ အဆုံးရိုက်သွင်းကြပါ ..."

ဘယ်သူမှ မရိုက်ရဲကြ။ အရေးထဲ မိုးကြိုးက သူ့ရိုက်ပါမည့် တကဲလုပ်နေ၍ ငြိမ်ငြိမ်ထိုင်ကြည့်နေပါ ကိုယ့်လူရာဟု တောင်းပန်ရ၏။

ဒီမှာပဲ ... မျက်လှည့်ဆရာ ဇော်စက္က လက်ဖျံထဲမှ အပ်ပလာယာနှင့် ညှပ်၍ ထုတ်လိုက်ပြီး ဒဏ်ရာပေါ်သို့ ဆေးမှုန့်ညှပ်ကို အုံလိုက်လေသည်။

"ဒါလောက်ပဲ ပီးသလား ဆိုတော့ ဟောဒီမှာကြည့် ..."

သူ့ ဓက်ကြီးတောင်ဓါးကို ဓါးအိမ်မှ ဆွဲထုတ်၍ ဓါးကိုင်းတစ်ကိုင်းကို ခုတ်ချလိုက်၏။ ...ဓါးကိုင်းသည် တိခနဲ ပြတ်ကျသွားသည်...ပြီးနောက် ပရိသတ်ထဲမှ လူကြီးတစ်ဦးအား ဓါးသွားကို လက်နှင့် စမ်းကြည့်ခိုင်းပြန်၏။

"ထက်ရဲ့လား အဘ..."

"ထက်ပါတယ် ခင်ဗျ"

"အဘကိုယ်တိုင် ဒါကို ခုတ်ကြည့်ပါ ခင်ဗျ"

အဘိုးကြီးက ဓါးကို ယူ၍ သစ်သားစကို ခုတ်၏။ သစ်သား ပြတ်သွား၏။

"ကိုင်း ...ဓါး ထက် မထက်ကို အားလုံး သိကြပါပြီ ... ဟောဒီမှာကြည့်ပါခင်ဗျား"

"ဟာ ..."

"ဟယ်"

"အို"

"စွမ်းလှချီလား"

"ပီးတာယ်ဗျာ"

မျက်လှည့်ဆရာဇော်စက္ကက ၄င်းဓါးရှည်နှင့် သူ့လက်ဖျံကို ငါးချက်ဆင့်၍ ခုတ်ပြလိုက်ရာ ဓါး ပြန်ခုန်ထွက်လာ၏။ ၄င်းနောက် လက်သားကို ဓါးနှင့် လှီးပြ၏။ ပရိသတ်ကို ပြ၏။ အရာမှုသာ ကျန်





သည်။

"ရှိုး ... ရှိုး"

"ဖြောင်း ...ဖြောင်း ...ဖြောင်း ...ဖြောင်း"

"ရှိ ... ရှိ"

"မိတယ်ဟေ့ ..."

"လေးစားအပ်သော ပရိသတ်အပေါင်းတို့ ခင်ဗျာ ..., အဲဒီ ခြွေဆိပ်ကိုချ ... အပ်နဲ့ ထိုးလို့မနာ ... ဓါးနဲ့ ခုတ်လို့ မပြတ်ရတာ ကျွန်တော် ပီးလို့ မဟုတ်ပါဘူး ... အဲဒါ ဟောဒီ ဆေးမြစ်ကြောင့်ပါ ဆေးပင်ကို 'သဗ္ဗသိဒ္ဓိဆေး' ပင်လို့ ခေါ်ပါတယ် ... ဒီဆေးပင်ဟာ ပြည် အနုယ်နုယ် အရပ်ရပ်အနက် နဂါးတောင်ပေါ်မှာ ပေါက်တဲ့ ပင်ပါ"

"ကျွန်ုပ်ဘယ်နေရာမှ မပေါက်ပါဘူး ... ဒီဆေးပင်ကို နာဂမုဆိုး ကာစတွေ့ပြီး ကျွန်တော်ရောက်တော့ ရလာခဲ့တာပါ။ ရှေးရှေး ဆက်ဆက်က တိုင်းရင်းသားများ စစ်တိုက်ရာမှာ သားကောင်ကိုက်လို့ စရာရာမှ အသုံးပြုတဲ့ အဆိပ်ချဆေးပင်ပါ။ မြွေဆိပ်၊ ကင်းဆိပ်၊ သစ်၊ ဓါးလုံ့ အဆိပ် မှန်သမျှ ချက်ချင်း ယူပစ်သလို ပျောက်လို့ လို 'သဗ္ဗသိဒ္ဓိ' ဆေးမြစ် အလုံးစုံပြီးသည့် ဆေးမြစ်လို့ ခေါ်ပါတယ် တော့မှာ များများမရှိတော့ပါဘူး ...တော်သူ တောင်သားများ မြို့သူမြို့ များ ဝမ်းစာရှာရာမှာ အဆိပ်ရှိသော အန္တရာယ်အမျိုးမျိုးက အရေး ကာကွယ်ဖို့ ဖြန့်ချီရောင်းချပေးခဲ့ရလို့ ...အခု ဆေးမြစ် ငါးဆယ်ခန့်ပဲ ပဲတော့တယ်။ ဒါကုန်ရင် ဟိုတောင်တန်းကို ပြန်ပြီး သွားရှာရပါလိမ့်မယ် ရောက်ဖို့ ပြန်ဖို့က လနဲ့ချီပြီး ကြာမှာပါ... အလိုရှိသူများ တစ် ငံ့ကို မြန်မာကျပ်ငွေ တစ်ဆယ်ကျပ်နဲ့ ပေးဝယ် ယူလို့ရပါပြီ ခင်ဗျား။ င်သူများ ခေါ်လိုက်ပါခင်ဗျား"

"ကျွန်တော့်ကို တစ်ခုပေးပါခင်ဗျာ"

"ရမယ်...ရမယ်'

"ဦးလေးကို နှစ်ခုပေး့"

"ရမယ် ဦးလေး"

"အဘကို သုံးခုပေးပါ သားတွေလည်း ပေးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အခေါက်ကို တစ်ခုပေါ့ . . . ဒီမှာငွေတစ်ဆယ်"

"ဆရာကျွန်တော့်ကို နှစ်ခုပေးပါခင်ဗျာ"

ဟိုက ဒီကခေါ်၍ ဝယ်သဖြင့် ချက်ချင်းကုန်သွား၏။ ကျန် သူများ မရ၍ တဖျစ်တောက်တောက်။ ကျွန်တော်ပင် ဝယ်ရန်အတွက် ငွေ နှစ်ဆယ်ကျပ် ထုတ်လိုက်စဉ်။

"ဟော့ကောင် ဆိုင်း၊ ဘာလုပ်မလို့လဲ"

"မင်းနဲ့ငါအတွက်လေကွာ တို ... ွက် ပစ္စည်း လိုကိုလိုတာဥစ္စာ"

"မဝယ်နဲ့"

"ဟာ . . . ဒီလောက်စွမ်းနေတာ ဝယ်ရမှာပေါ့"

"လျှာမရှည်နဲ့ကွာ . . . မဝယ်နဲ့ဆို မဝယ်နဲ့"

"ငွေလေး နှစ်ဆယ်ပါကွာ"

အဲဒီငွေ နှစ်ဆယ်က ငါးရက် ထမင်းစားလို့ရတယ် ကိုယ့်လူ သို့နှင့် မဝယ်လိုက်ရ။ အဲဒီအချိန်မှာ ငွေနှစ်ဆယ်သည် လွန်စွာ တန် ကြီးလှ၏။ ဘိန်းမုန့် အဝိုင်းကြီး တစ်ခုမှ ငါးပြားရှိ၏။ ဆန်တစ် ပြ ပြားလေးဆယ်၊ ဆီတစ်ဆယ်သား ပြားသုံးဆယ် ၊ ပုဆိုးတစ်ကွင်း သုံးမ တစ်ကျပ်ပဲရှိ၏။

လွတ်လပ်ရေး ရပြီးအချိန်မို့ ရန်ကုန်မှာပိုက်ဆံ တစ်မတ် ပေး ရှိလျှင် ရွှေတိဂုံဘုရား အထိ ကားစီး ဘုရားဖူး၍ ရသည်။

"ကိုင်း . . . မရသေးသူများ နောက်နှစ်လ ကြာရင်ကျွန်တော် ပြန်ရောက် နိုင်ပါတယ်။ ရပြီး သူများ အရေးရှိရင် ဝေမျှ သုံးကြပါခင်ဗျ ဒီသဗ္ဗသိဒ္ဓိဆေး အသုံးပြုနည်းကို ပြောပြမယ် . . . မြွေကင်းကိုက်ရင် နေ့ နံနက်ဘုရားရှိခိုးပြီးသည်နှင့် ဒီဆေးမြစ်ကို သွေးပြီး ရေနဲ့ ဖျော်သောက်ပေ (၁၅)ရက်သောက်ပြီးရင် ကာယသိဒ္ဓိ အစွမ်းရှိလာပါလိမ့်မယ် ခင်ဗျာ။ အ သတိပြုရမှာက ဒီဆေးမြစ်ကို ကိုယ်နဲ့မကွာဆောင်ထားစဉ်မှာ မီးနေ အိမ် မဝင်ရပါဘူး။ အသုဘအိမ်ကို မဝင်ရပါဘူး။ လူသေကောင်ကို မ မထိရပါဘူး။ လင်ရှိမယား မပြစ်မှားရပါဘူး။ နတ်တင်တာ မစားရပါဘူ အဲဒီအချက်များကို မလိုက်နာခဲ့ရင်တော့ ဆေးသိဒ္ဓိ ပြယ်ပါလိမ့်မယ်။ အဲ မြစ်ဝကျွန်းပေါ်ကို ရောက်တော့ သူငယ်ချင်းဖြစ်သူ ဇလွန်ကျော်ဦး ကြည်တင့်နိုင်ဆိုသူနှစ်ဦးကို လက်ဆောင်အဖြစ်ပေးခဲ့လိုက်တယ်။ ပ





ဇလွန်ကျော်ဦးကို ငန်းတော်ကျား ကိုက်တာ အဲဒီဆေးမြစ်နဲ့ အသက်ချမ်း သာရာရခဲ့တယ်။ ကြည်တင့်နိုင်ဆိုသူကို ငန်းပတ်ကြီး ပေါက်တာ အဲဒီ ဆေးတောင့်ကြောင့် ဘာမှ မဖြစ်ဘူးခဲ့ဖူး။ ဖြစ်ချင်တော့ နှစ်ယောက်သား ခွေးသားချက်ပြီး တောအရက်နဲ့ သောက်စားပြီး အသုဘအိမ်ကို သွားကြ တယ်။ သေသူက ဇလွန်ကျော်ဦးရဲ့ ငယ်ရည်းစားမှုဆိုးမ မပြားချပ်၊ အဲ . . . အဲဒါ မူးမူးနဲ့ ဖက်ငိုပြီး နှစ်ယောက်သား အလောင်းကို ရေချိုးပေးခဲ့ကြသတဲ့ အပြန်မှာသူတို့ သတ်ပြီး ချက်စားခဲ့တဲ့ခွေးမကြီးရဲ့လင် . . . ခွေးထီးကြီးက ကိုက်လိုက်တာ ဇလွန်ကျော်ဦးရော ကြည်တင့်နိုင်ရော . . . ခွေးရူးပြန်သလို ဖြစ်တာ ခုထိပဲ ဆေးမတိုးတော့ဘူး . . . အခုအထိ လူမြင်ရင် ခွေးသားများ ချက်ကျွေးပါချည်းပြောနေလေရဲ့ . . . ကိုင်း ဆင်ခြင် သတိပြုဖို့ကတော့ အဲဒါပဲ ခင်ဗျာ ကျွန်တော် ပညာပိုင်းဆိုင်ရာပြပွဲ ဤတွင် ပွဲသိမ်းပါပြီ ခင်ဗျာ"

ဆေးဆရာ မျက်လှည့်ဆရာကြီး ဇော်စက္က က သူ့မြွေကြီးကို ခြင်းထဲ ပြန်ထည့်သိမ်း လိုက်ချိန်မှာ ပရိသတ်များကလည်း ကိုယ့်အိမ် သို့ ကိုယ်ပြန်ကြသည်။ မြွေဆရာကြီးကား ငွေစက္ကူများကို အိတ်ထဲသို့ ထည့်၍ ထမင်းဆိုင်ရှိရာသို့ သွားလေသည်။

ကျွန်တော်တို့လည်း ထိုနေ့က ဘုန်းကြီးကျောင်းမှာ တည်းကြ၏။ ညမှောင်ရီ သန်းသောအခါ မိုးကြိုးတစ်ယောက် ဘုန်းကြီးကျောင်းမှ ပျောက်သွားပြန်၏။

အိမ်သာသွားသည်မှတ်၍ သွားကြည့်တော့လည်း အိမ်သာ ထဲမှာ မရှိ၊ ကျောင်းဇရပ်စေတီ သိမ်ပတ်ဝန်းကျင်အနှံ့ လိုက်ရှာသော်လ ည်း မတွေ့။ ဘုန်းကြီးကျောင်းသားများ မေးမြန်းကြ၏။ မသိဟု ဖြေကြ၍ ညဉ့်သန်းခေါင်လောက်ရောက်မှ မိုးကြိုး ပြန်ရောက်လာခဲ့၏။

"မင်း . . . ဘယ်သွားနေတာလဲ . . . မိုးကြိုး"

"ဒီနား ဟိုနားပါကွာ"

"ဘယ် ဒီနား ဟိုနားလည်း . . . ဒါ ကိုယ့်ဒေသမဟုတ်ဘူး ကွယ့်လူရဲ"

သို့နှင့် နှစ်ယောက်သား . . . အိပ်လိုက်ရာ မိုးလင်းမှ နိုးတော့၏။ နံနက်စောစောပိုင်း ကိုယ့်ပစ္စည်း လွယ်အိတ်ကလေးများကို ကိုယ်စီလွယ်ပြီး ဆရာတော် အား ဦးချ၍ အခြားမြို့သို့ ခရီးဆက်ရန် မြို့ထဲပိုင်းသို့ ထွက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကုလားလက်ဖက်ရည်ဆိုင် ဝင်၍ လက်ဖက်ရည်နှင့် နံပြားမှာပြီး စားသောက်နေစဉ် အခြား လက်ဖက်ရည်ဝိုင်းမှ အသံကျယ်ကျယ်နှင့် စကား ဆိုသံများကို ကြားရတော့၏။

"ဒါနဲ့ ... အဲဒီဆရာကြီးက ... ပီးတယ်ဆိုကွ"

"ပီးလား ... မပီးလား မသိဘူး ... အခုမနက်ဆေးရုံ ရောက် နေတယ်တဲ့..."

"ဘယ်သူလဲဗျာ"

"မနေ့ ဈေးရှေ့မှာမြွေကိုက်ခံ ဓါးနဲ့လှီး အစုတ်ခံပြီး သဗ္ဗသိဒ္ဓိ ဆေးမြစ် ဆေးရောင်း မျက်လှည့် ဆရာကြီးလေ..."

"ဟာ မျက်လှည့်ဆရာ ဇော်စက္ကလားဗျ"

"ဟုတ်ပါ့ဗျာ"

အလို သဗ္ဗသိဒ္ဓိဆေးမြစ်ပိုင်ရှင် မြွေကိုက်လို့မသေ၊ ဓါးလည်းမ အပ်ဝင်လို့ မနာတဲ့ မျက်လှည့်ဆရာ ဆေးဆရာကြီး ဆေးရုံရောက်နေ ဆိုပါလား။ သို့နှင့် ကျွန်တော်က စိတ်ဝင်စားစွာ ငုံ့လင့်၍ နားထောင်နေ သော်လည်း မိုးကြိုးကား လက်ဖက်ရည်ကို အရသာခံသောက်ရင်း ဒူးနှံ့၍ နေ၏ ... သူ့ ပုံစံက ဒီကိစ္စ ဒီသတင်းအပေါ် စိတ်ဝင်စားပုံ လုံးဝမပြ။

ဒီမှာ... အာသားမည်းမည်းနှင့် လူကြီးတစ်ဦးက မေးလိုက်သည်

"ဘယ်လို ဖြစ်တာတုံး ... မောင်ဉာဏ်ကျယ်လေးရ ... ဦးဟ"

"မနက် မိုးလင်းလို့ ဇရပ်အနီးကနေ ပဲပြုတ်သည်တွေ ဈေးရောင်း ဇရပ်ပေါ်က ညည်းညူအော်ဟစ်လူးလွန့်သံကြားတာနဲ့ ... သို့ လူစုသွားကြည့်တော့ ... အဲဒီမျက်လှည့်ဆရာကြီး ခေါင်း ချင်းချင်းရဲပြီး ဇရပ်ပေါ်မှာ ... လူးလိမ့်နေတယ် ... အနီးမှာလည်း ကြဲမွနေတဲ့ အုတ်ခဲတစ်လုံး တွေ့ရသတဲ့ ... ဒါနဲ့ မြင်းလှည်းခေါ်ပြီး ဆေးရုံပို့လိုက် ဆိုပဲ"

"ဒါဖြင့် အုတ်ခဲနဲ့ အထုခံရတာပေါ့ ... ဟုတ်လား"

"ကျုပ်တို့လည်း မယုံနိုင်တာနဲ့ ဆေးရုံလိုက်ကြည့်တော့ ဟုတ်တယ် ဗျ မျက်လှည့်ဆရာကြီး ... ဦးဇော်စက္က အစစ်ပဲ၊ ကတုံးရိတ်ပြီး ပတ်တီး စည်းထားတာ တစ်ခေါင်းလုံး ဖွေးလို့ ... အုတ်ခဲနဲ့ အထုခံရတာတဲ့"





"သူ့ဆေးဝါးတွေ ပီးဆေးဥစ္စာ ... ခု ဘာလို့ မပီးတာလဲ"

"ကျုပ်တို့လည်း ... အဲဒါ မေးကြည့်တာပဲ ပြန်မဖြေနိုင်ဘူး ညည်းပြီး မျက်ရည်ကျ ရှိုက်လို့"

"ဒုက္ခပါပဲကွာ ... ဒါဆို ငါတို့ ဝယ်လိုက်တဲ့ သူ့သဗ္ဗသိဒ္ဓိ ဆေးမြစ် ... ကို ယုံယုံကြည်ကြည်သုံးလို့ ရပ့ါမလားဟင် ... မောင်ဉာဏ် ကျယ်..."

"အဲဒါတော့ မသိဘူး သူခေါင်းတောင် (၇) ချက်ချုပ်ရဆိုရင် အနုတ်တာကိုယ့်ဖာသာ ကိုယ်စဉ်းစားပေါ့ ... ကိုနိုင်ဝင်းရာ ... ခင်ဗျား ညည်း သန်လျင်သား ဥစ္စာ ... ဒီလောက် တုံးမယ် မထင်ဘူး ... ဒါမှ မဟုတ်လို့ အဲဒီဆေးမြစ်ကို စွမ်းမစွမ်း စမ်းချင်ရင် ... မြွေပွေးအမြီးကို ဖြစ်ဖြစ် ငန်းတော်ကျား အမြီးကို ဖြစ်ဖြစ် တက်နင်းကြည့်ပေါ့ဗျာ..."

"ဟာ ... မဖြစ်သေးပါဘူးကွာ ... ဆေးဆရာတောင် ဆေးရုံ ရောက်နေမှတော့ ငါဆို သချိုင်းကုန်းရောက်မှာ ကျိန်းသေမှာပဲ ... ထို့ ငါတို့ အားလုံး အလိမ်အညာခံလိုက်ရပြီကွ ... မသာကြီး ... လူလိမ် ကြီး ... မဟုတ်က ဟုတ်က လိမ်ညာဖြီးဖြန်း လုပ်စားတော့ ... သမှာ ငါ နတ်များက ဒဏ်ခတ်တာနေမှာပဲ ..."

"အဲဒီလိုဆို အလိမ်ခံရတဲ့ အထဲမှာ ခင်ဗျားတင်မကဘူး ... သူ ပြောတဲ့ ကြည်တင့်နိုင်ရော ... တို့လမ်းထဲက ဒေါ်ပုံမြသန်းရော ... လေး မောင်ဆွေမွန်ရောပါတယ် ... ငနဲ သုံးယောက်ကတော့ ဒီဆေးမြစ်ကိုင်ပြီး ... သူတို့ ရွာပြန်သွားကြလေရဲ့ ... ခုလောက်ဆို မြွေကိုက်ခံရလို့ သေပြီလား။ လူရိုက်လို့ သေပြီလား... ရွာခံဘုန်းကြီးတွေ သေပ်များဦးမှာ မြင်ယောင်သေးဗျာ"

မကြာခင် ... တစ်ဖက် လက်ဖက်ရည်ဝိုင်းမှ လူငါးဦး ထ,ပြန် သွားကြ၏။

"မိုးကြိုး..."

"ဘာလဲ ... ဆိုင်း"

"ကြားလား"

"ကြားသားပဲ"

"ဒီမျက်လှည့်ဆရာကြီးဆေးစွမ်းတာ ပီးတာ ငါတို့ မျက်မြင် ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဖြစ်သွားရတာလဲ မသိဘူးနော်"

"ရှင်းမယ်ဟေ့"

မိုးကြိုးက စားပွဲထိုးကုလားလေးကို လှမ်းခေါ်ပြီး ကျသင့်ငွေ ရှင်းပေးကာ ဆိုင်ထဲမှ ထွက်ခဲ့လိုက်ကြသည်။ လမ်းရောက်မှ မိုးကြိုးက စ၍ ပြောတော့၏။

"ဒီမျက်လှည့် ဆရာက လူလိမ်ကြီးကွ"

"မင်းက ဘယ်လိုလုပ်သိလို့လဲ ...လူလိမ်မှန်း..."

"ညတုန်းက ... ငါ မင်းတို့နဲ့ခွဲပြီး သူရှိတဲ့ ဇရပ်ကို ရောက်သွားခဲ့တယ်၊ အဲဒီမှာ သဗ္ဗသိဒ္ဓိရောင်းသူ မျက်လှည့် ဆရာကြီး ဖော်စက္ကနဲ့ တွေ့တော့ ... ငါ မေးတာပေါ့"

"ဆရာကြီး ... သဗ္ဗသိဒ္ဓိ ဆေးမြစ်များ ရောင်းဖို့ မကျန်ဘူးလား ခင်ဗျာ"

"မကျန်တော့ဘူးကွ၊... မနက်ခင်းတုန်းက မင်းမဝယ်လိုက်ဘူးလား"

"ကျွန်တော့် အလှည့်ရောက်မှ ကုန်သွားလို့လေ ဆရာကြီးရဲ့ ... အဲဒါ ရှိသေးရင် တစ်ခုလောက်ရောင်းပါ ဆရာကြီး ခင်ဗျား"

"ရောင်းဖို့ကလည်း ကုန်ပြီကွာ ... ဟိုတောင်တန်းကို သွားရှာရမှာ ...အင်း ငါ့မှာ ကိုယ်နဲ့မကွာ ဆောင်ထားတဲ့ ...ဆေးမြစ် တစ်ခုတော့ကျန်သေးတယ်"

"အဲဒါရောင်းပါလား ဆရာကြီးရာ တောင်းတဲ့ ဈေးပေးပါမယ်"

"မဖြစ်ဘူးကွဲ့ ... ဒါက ငါ့အတွက် ကိုယ်လုံအဆောင်ရယ်"

"ဈေးကောင်းပေးမှာပါ ခင်ဗျာ ... ကြိုက်ဈေးသာ ပြောပါ"

"မင်း ငွေ ငါးဆယ်တော့ပေးကွာ"

ငွေငါးဆယ် မနက်တုန်းက တစ်ခုမှ တစ်ဆယ်ရယ် ... ငွေငါးဆယ်ဆိုတာ မောင်ဗမာ စက်ဘီး ဝယ်လို့ ရတဲ့ ပိုက်ဆံ။

"ပေးမယ်ဗျာ ... ထုတ်ပါ"

ဒီမှာသူက ဝမ်းသာအားရနဲ့ ဘူးတစ်ခုထဲကနေ ဆေးမြစ်တုံး တစ်ခုကို ကိုယ်နဲ့ကွယ်ပြီး ထုတ်ယူလိုက်တယ်။ လှမ်းခိုးကြည့်လိုက်တော့ ယွန်းဘူးထဲမှာ အဲဒီလို ဆစ်ပိုင်းထားတဲ့ ဖြူဖြူ အစလေးတွေ အများကြီးပဲ...





"ဒါပဲကွဲ့ ... မင်းကို အားနာလို့ ရောင်းလိုက်တာ အရေးအကြောင်းဆို ငါ့မှာ သုံးစရာ မရှိတော့ဘူး ... မောင်ရင်ရဲ့"

သူက ဆေးမြစ်တုံးကို ဆုပ်ကိုင်ရင်း နှမြောတသစွာဖြစ်နေလေရဲ့

"ဒါ တကယ်စွမ်းတယ်နော် ... ဆရာကြီး"

"စွမ်း မစွမ်း မနက်က မောင်ရင်တို့ မျက်မြင်ပဲလေ ... မြွေကိုက်ကိုက်၊ ခွေးကိုက်ကိုက်၊ ဓါးနဲ့ ခုတ်ခုတ်၊ လုံနှင့်ထိုးထိုး လုံးဝ သွေးထွက် အဆိပ်မတက် မကွဲမရှ မပေါက်စေရဘူး ... စိတ်ချ"

"ဒါဆို ... ကျွန်တော် စမ်းကြည့်မယ်နော်"

"မောင်ရင်က ဘယ်လို စမ်းချင်လို့လဲ"

"ဒီလို စမ်းချင်တာပါခင်ဗျာ ...ကိုင်း"

"ခွပ်"

"အား"

"ခွပ်"

"အား"

"အမလေးဗျ"

"ဖောင်း..."

"အား ... အမလေး ... အား ...အ ...အ ...ဂစ်ဆစ် ... ဂစ်"

"ဒီမှာပဲ ... ငါက ခါးပိုက်ဆောင်ထဲ အသင့်ဖွက်ယူလာတဲ့ အုတ်ပိုင်းကျိုးနဲ့ သူ့ခေါင်းကို အားကုန် သုံးချက်ဆင့် ထုချလိုက်တာ ... အစ်ခေါင်းလုံး ထုံးနှင့်နင်း ဖျော်ရည်လောင်းသလို သွေးတွေဖြာကျပြီး ယစ်ထဲကျသွားရော ဒီမှာပဲ ဒီလူ လူလိမ် လူညာမှန်းသိလိုက်ပြီး အသာလစ်လာခဲ့လိုက်တာပဲ ကိုယ့်လူရေ"

"အေးလေ လက်တွေ့ စမ်းသပ်ကြည့်တဲ့ဥစ္စာ"

"ဒါ ...ဒါဖြင့် မနက်တုန်းက မြွေကိုက်ခံပြတာ၊ အပ်ရိုက်သွင်းပြတာ၊ ဓါးနဲ့ လှီးပြတာကရော"

"ဗွီ ... ဒါက ဒီလိုကွ ...မြွေဟောက်က အစွယ်ချိုးထားတဲ့ မြွေကြီးကွ ငါသိတာပေါ့ ဓါးနဲ့ လှီးပြတာကလည်း ဓါးသွားမှာ ပြဒါးကို သုတ်ထားပြီး လှီးပြတာ ဓါးသွားကို ပြဒါး သုတ်ထားရင် အဲဒီ ဓါး



www.burmeseclassic.com

www.burmeseclassic.com



အသားခုတ်လို့ မပြတ်ဘူး လှီးတာက ဖော့ပြီးလှီးတာ ပိုမပြတ် သ
မောင်ရာ''

''ဒါဖြင့် အပ်ရိုက်သွင်းတာ ဘာပြောမလဲ''

''အဲဒါ ထုံဆေး ကြောင့်ကွ''

''ဘာ ထုံဆေးကြောင့် ဟုတ်လား''

''သိပ်ဟုတ်တာပေါ့. . . မောင်ဆိုင်းရာ ငါထောင်တိုက်ထဲမှာ နေ
တော့ ထောင်ကျဘက် ဂျာမဏီပြန် ဆေးဆရာဝန် တစ်ဦးနဲ့ အတူကျခဲ့တာ
အဲဒီမှာ ထိုးဆေး ထုံဆေးရဲ့ အစွမ်းကို ပြောပြတာ။ အဲဒီထုံဆေး
ထိုးထားရင် နှစ်နာရီ သုံးနာရီအတွင်း အပ်နဲ့ ထိုးထိုး၊ ဓါးနဲ့လှီးလှီး လုံး
မနာဘူးတဲ့ ခင်ဗျာ . . . အဲဒါ ငနဲကြီးက ထုံဆေးအစွမ်းနဲ့ ခပ်တည်တည်
ပြီးပြုံး၊ ဓါးရေး၊ အပ်ရေး ပြပြီး ဆေးမြစ်ညာရောင်းနေတာ . . .
လည်းတွေ့ရော . . . မှောက်သွားရော . . . ဒီမှာ မောင်ဆိုင်း . . .
သူရောင်းတဲ့ ဆေးမြစ်က ဘာပင်လဲ သိလား''

''ဟင့် . . . အင်း''

''ရော့ . . . ဒီမှာကြည့် အဲဒါ မာလကာကိုင်း တစ်လက်
ဆစ်ပြီး နွံသာရေ စိမ်ထားတာ''

ကျွန်တော် မိုးကြိုး လှမ်းပေးသည့် ဆေးမြစ်တုံးကို နမ်းကြည့်လိုက်
ရာ နွံသာရနံ့ မွှေးနေ၏။ သေသေချာချာ ကြည့်လိုက်တော့ ဟုတ်ပ မာလကာ
ကိုင်းလေးများကို လွှနှင့်လှီး၍ ဆစ်ထားသည့် သစ်အပိုင်းအစများ . . .

ကျွန်တော် မိုးကြိုးရဲ့ ဉာဏ်ရည်သွားပုံနှင့် လက်ရဲ ဇက်ရဲ မှို
ကို ကြည့်ပြီး အံ့သြခဲ့ရ၏။ ချီးကျူးခဲ့ရ၏။ ဒါနှင့် ဆုတောင်းလိုက်မိသည်။

''သဗ္ဗသိဒ္ဓိ စွယ်စုံပြီးသည်ဟု ယုံကြည်ကိုးစား၍ ဆေးမြစ် ဆေး
တောင်း ဝယ်သူသွားသူများ . . . အန္တရာယ်ကင်းရှင်းကြပါစေဟု . . .''

♛ ♛ ♛

# လူသေကောင်အလောင်းကို ထလာအောင်လုပ်သူကြီး

မိုးကြိုးရဲ့ ကြံရည် ဖန်ရည်နှင့် ဉာဏ်သွားပုံကား လွန်စွာ အံ့သြ
ကောင်း၏။ သူသည် မိုက်လည်း မိုက်၏။ မဟုတ်မခံ စိတ်လည်းရှိ
သော် မတရားတာကို လုံးဝ မလုပ်။ ပင်ကိုစိတ်ရင်း တကယ်ရိုးသား၏
သော် ရှင်းစရာ လုပ်စရာရှိရင် နေ့မဆိုင်း ညမဆိုင်း လုပ်တတ်၍
ရာယ် သေမင်းများနှင့် မကြာခဏ ကြုံခဲ့ရ၏။

တစ်ကြိမ်မှာလည်း ကျွန်တော်တို့ နှစ်ဦး ကံကောင်းလို့ မသေတာ
ဖြစ်ပုံက ဒီလို . . . ကျွန်တော်တို့ နှစ်ဦး လက်ထဲမှာ ငွေသားလေး
တော်အတန် ရှိနေ၍ 'ချီ' ကြွနေ၏။ ဒီလိုနှင့် အသုဘ အိမ်တစ်အိမ်
ရောက်ခဲ့ကြ၏။

အိမ်ရှေ့မှာ အောက်လင်းမီး တထိန်ထိန်နှင့်။ အိမ်ရှေ့ မြေပြင်
ဖဲဝိုင်း တစ်ဝိုင်း အိမ်ပေါ်မသာ အလောင်းစင်နံဘေးမှာ ဖဲဝိုင်းတစ်ဝိုင်း
၏။

အိမ်ပေါ် ဖဲဝိုင်း အနီး၌ ခေါင်းမသွင်းရသေးသော အလောင်းကို
င်ပေါ်မှာ စောင်လွှမ်း၍ အုပ်ထား၏။

သေသူ၏ အမည်ကားလည်း ထူးဆန်း၏။ 'မိုးနေပွား' တဲ့ ပန်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာဟု သိရ၏။ သေရသည့် ရောဂါကလည်း (တိုနာ) ဟု ဆိုကြသည် (တိုနာကား ...ယောက်ျားသား အချို့မှာ ဖြစ်လေ့ရှိသည့် ရောဂါဆန်း ဖြစ်၏ ဦးစွာ ဝမ်းဗိုက်နှင့် ဆီးခုံဝန်းကျင်မှ စအောင့်ပြီး ယောက်ျားအင်္ဂါ တစ်ခုလုံးပါ အောင့်လာကာ ချက်ချင်း ယောက်ျား လိင်တန်နှင့် ရွှေ အပေါ်တက်တိုဝင်ပြီး သေသည့် ရောဂါဆန်း ဖြစ်၏။ ထိုကဲ့သို့ ဖြစ်လာလျှင် မြန်မာ့ ဆေးပညာကုထုံးအရ ဆန့်ကျင်ဘက် လိင် (မိန်းမ)၏ အင်္ဂါဇာတ် အမွေးကို မီးမြှိုက်ပြီး အငွေ့ကို အရေးပေါ် ရှူလိုက်ပါက ထူးဆန်းစွာ ပြန်ထွက်လာပြီး အသက်ချမ်းသာရလေ့ရှိ၏။ ရှက်နေ နောက်ကျနေ ချက်ချင်း အသက်ဆုံးရှုံးနိုင်၏။ ၎င်းရောဂါ ဖြစ်စဉ်ကုထုံးကို ကျွန်ုပ် စာရေးသူ အကြိမ်များစွာ တွေ့ခဲ့ဖူးပါသည်။ မယုံလျှင် တိုင်းရင်းဆေးဆရာများနှင့် ကိုယ်တွေ့ ကြုံခဲ့ဖူးသူများကို မေးမြန်းကြည့်နိုင်ပါသည်။ (စကားချပ်)

မိုးနေပွား ဆိုသူကား ... ဆေးပင်အရှာ နောက်ကျ၍ သေရသည် ဟု သိရ၏။ သူသေသည်နှင့် လူကြီးများက မသက်သာ၍ စစ်ဆေးကြည့်သော အခါ မွေးရာပါ ပစ္စည်းလုံးဝမရှိတော့သည်ကို ထူးဆန်းစွာ ကြုံတွေ့ရသည်တဲ့ ကြည့်ရတာ ခများ ရှက်လွန်း၍ ပါးစပ်မှ ပြောမထွက်သောကြောင့် အသက် ဆုံးရှုံးရခြင်း ဖြစ်မည် တူပေ၏။

(နောင်လာ နောင်သားများ သတိရှိကြကုန် ...)

သို့နှင့် ... ဒီတစ်ည အဖို့ အသုဘအိမ်မှာ ဖဲဝင်ကစားရင်း တစ်ညတာကို အချိန်ဖြုန်း ကြမည်။ နောက်မှ သူရှာ နေသည့်သူများ ရှိနိုင်ရာ အရပ်သို့ သွားရောက် စုံစမ်းကြမည် ဆိုပြီး ဖဲဝိုင်းမှာ ဝင်ရပ် ကြည့်လိုက်ကြ၏။

ကျွန်တော်တို့နှစ်ဦး အိမ်ပေါ်အလောင်းစင်အနီးမှ ဖဲဝိုင်းမှာ ရပ်၍ ကြည့်နေလိုက်ရင်း အိမ်စေ့နေ၍ မိုးကြိုးက ကိုးမီးဝိုင်းမှာ ကြားဝင်ထိုးရာ ငွေအတော်အတန်နိုင်လျက်ရှိသည်။

ဒီမှာ ဒိုင်လုပ်သူက ...ကျွန်တော်တို့ နှစ်ဦးရဲ့ ကံကောင်း နေမှု အခြေအနေကိုလည်းကောင်း ... ငွေပေါသုံးရမည့် အခြေအနေကို လည်းကောင်း ရိပ်မိသွားပြီး ...

"ညီလေး ... တစ်အိမ်ဝင်လိုက်ပါလားကွ"

"အိမ်ပြည့်နေ ဥစ္စာ ...ကြားပဲ ထိုးပါ့မယ်ခင်ဗျ"





ဒီမှာ ဒိုင်လုပ်သူ လူဝကြီးက ...လက်ထိပ်အိမ် မှ နှုတ်ခမ်းမွေး ကိုင်းလူကို ဒူးနဲ့ ဆတ်၍ ...

"အံပွား ... ထ, ပေးလိုက်ကွာ"

"ညီ့သည်ကို ဦးစားပေးပါကွာ မင်းရှုံးတာ ငါနိုင်ရင် ပြန်ပေး မယ် ... ထ, ဖယ်ပေးလိုက်စမ်း"

ဒီမှာ နှုတ်ခမ်းမွေး အံပွားက မထ,ချင် ထ,ချင်နှင့် ထ,ပေးလိုက် သည်။

"ဝင်ညီလေး ... ဝင် ... ဒါနဲ့ ငါ့ညီကို ဒီအရပ်မှာ အခုလျှင်က မမြင်ဘူးပါဘူးကွဲ့"

"ခရီးသွားပါ အစ်ကို ... ဝါသနာပါလို့ ဝင်ကစားချင်တာနဲ့"

"အိမ်း ကောင်းတယ် ...ကောင်းတယ် ... ထိုး...ထိုး"

သည့်နောက် ဒိုင်လူဝကြီး (ဦးမြင့်မှာ ဘိုကလေးဟု သိရ၏)က ဖဲချပ်များကို သုံးလေးကြိမ် ကုလားဖန်ထိုးပြီး လက်ထိပ်မှာ ထိုင်နေသည့် မိုးကြိုး ရှေ့သို့ ချပေးလိုက်၏။ မိုးကြိုးက ဖဲချပ်ကို ချိုး၍ ပုံလိုက်၏။ လူဝကြီးက ဖဲနှစ်ပုံထပ်ကိုင်ပြီး ...

"ထိုး ...ကြိုက်သလောက်ထိုး အလျော်အစားကတော့ စိတ်ချ"

မိုးကြိုးက ငါးဆယ်ချထိုး၏။ ကျန်လူများကလည်း အသီးသီး ထိုးကြ၏။ ဖဲဝေ၏။ ကြည့်၏။ ဒိုင်က သူ့အပွင့်ကို ခေါ်လိုက်သည်။

လပ်မရှိရင် တင်ကြ ...

ကျန်လူများက ဖဲချပ်များကို တင်လိုက်၏။ ဒီမှာ မိုးကြိုးက သူ့ဖဲ ချပ်ကို ခင်းလိုက်သည် ...

"ဟာ ဈေးဦးပေါက် ကောင်းလှချည်လားကွ ...ငါ့ညီရာ"

"အဟဲ ..."

မိုးကြိုးက ရယ်လိုက်သည်။ ဒိုင်က ကျန်လေးအိမ်ကို စား၍ မိုးကြိုး အိမ်ကို လျော်လိုက်၏။ လက်သန်းအိမ်က ဖဲကို ကုလားဖန် ထိုး၏။ ဒိုင်က ဆင့်ဖန် ပြန်၍ ကုလားဖန်ထိုးပြီး မိုးကြိုးရှေ့မှာ ချလိုက်၏။ ဒီလိုနှင့် မိုးကြိုး ကြိမ်တိုင်တိုင်ကိုးကျပြီး ပိုက်ဆံများပုံနေအောင်ရသည်။

ဒီမှာ ဒိုင်က ဖဲချပ်များကို လိပ်ပြာပျံသလို ကုလားဖန် ထိုး၏... ယ်တောင်ဖြန့်သလို ကုလားဖန်ထိုးပြ၏။ အတော်ကို ဖဲပညာ ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ပုံ ရ၏။ မိုးကြိုးက ချိုးပြီး ငွေများများ ပုံအောလိုက်၏။ ကျန်လူများ ကလည်း မိုးကြိုးလက်ကို သဘောကျ၍ ပုံအောကြ၏။

ဖဲဝေသည် ငါးယောက်စလုံး ဖဲချပ်များကို ပွတ်၍ ကြည့် ကြသည်။

"အားလုံး လှန်ကြဟေ့"

လေးအိမ်စလုံး ဖဲချပ်များကို လှန်ချပြကြသည်။ မိုးကြိုးက ကျန် အိမ်များက လပ်၊ တွဲ ၊ ခြောက် ဒီမှာ ဒိုင်က သူ့ ဖဲချပ်ကို လှန်ပြလိုက် သည်။

ကုလားသုံးကောင် . . .

အားလုံးအစား ခံလိုက်ရ၏။ ပြီး လက်သန်းက ကုလား ထိုးပြန်၏။ ဒိုင်က ပြန်ဖျက် ပြန်၏။ ပြီး ဖဲချပ်များကို သုံးပုံတင် ထပ်လိုက်ပြီးနောက် ချိုးလက် မိုးကြိုးရှေ့မှာ ချလိုက်၏။ မိုးကြိုး မခံချင်ကြေး ပုံအော၏။

ဒိုင်က ဂျက်ကင်းကွင်းနှင့် စားသွား၏။

မိုးကြိုးသူ့ဖဲကို ကြည့်လိုက်သည် . . . ဘူတိတိ။

တတိယအကြိမ် ဖဲကို ကုလားဖန် အမျိုးမျိုး ကစားပြပြန်၏ ငှင်းနောက် ဖဲထုပ်ကို ပါးစပ်နှင့် စုပ်လိုက်ပြီး ဒိုင်က. . .

"ကိုင်း . . . သူငယ်ချင်းကြီး မိုးနေပွားရေ သုံးသုံးလုံး ဝိုက်ကလေး လုပ်ပေးပါဦးဟေ့ . . . ကိုင်း . . . ထိုး ကိုယ်ထိုးမှ ကိုယ်ရမှာ ကန့်ရှင် အိမ်ပြန်ယူနော် အားမနာနဲ့ ပါတာရှိပေါင် . . . ဝိုင်းပြီး ပြန်မရွှေ့ အဆုံး"

ဖဲဝေသည်။ ပုံအောထိုးလိုက်ကြသည်။ မိုးကြိုးက သူ့ဖဲ သုံးချပ် ကိုပွတ်၍ ကြည့်ပြီး ဝမ်းသာသွားသည်။ ဒီမှာ ဒိုင်လူဝကြီးကလည်း သူ့ သုံးချပ်ကို လက်နှင့်အုပ်၍ နောက်မှ သူ့လူအများကို ပြလိုက်သည်။ နောက် သူ့လူများက ဖဲပွင့်ကိုကြည့်ပြီး တိုးတိုးပြောကြပြန်၏။

"ကိုင်း . . . မဖြန့်ခင် ထပ်တိုးလို့ရတယ် ကိုရင်တို့"

"တကယ်လား"

မိုးကြိုးက ဒိုင်လူကြီး မျက်နှာကို စိုက်ကြည့်မေးလိုက်၏။

"အိမ်ပြန် ယူမယ်ဆိုရင်တောင် ဖဲမလှန်သေးဘူး စောင့်နေမယ် ငါ့ညီ"

သို့နှင့် မိုးကြိုးက အိတ်သွန်ဖာမှောက် အကုန်ပုံအောလိုက်၏





ထိုးသားများရော ကြားထိုးသူများပါ မျက်လုံးကျယ်သွားကြသည်။ နည်း နည်းနောနော ငွေများ မဟုတ်. . .

"ကျန်သေးရင် ချထိုးပါ"

"ဒါအကုန်ပဲ ဗျာ . . . ဖဲခေါ်ပါ"

"အားလုံး လှန်လိုက်ခင်းလိုက်ကြပါ"

အားလုံး ဖဲချပ်များကို ခင်းလိုက်ကြသည်။ ကိုးသုံးလုံး ခြောက်သုံး လုံး ဂျက်ကင်းကွင်း အားလုံး အာဂပတေး ဖဲပွင့်များချည်း ဖြစ်၏။ ဒီမှာ မိုးကြိုးက ဒူးနံ့၍ ဖဲသုံးချပ်ကို ခင်းပြလိုက်၏။

"ဟာ . . . သုံးသုံးလုံး ၊ဝိုက်ဟ . . ."

"ကံကောင်းလှချည်လား ငါ့လူရာ"

"ဒိုင်ခင်းဟေ့"

"ကိုင်း . . . ကိုးသုံးလုံး၊ ခြောက်သုံးလုံး ဂျက်ကင်းကွင်းနဲ့ သုံးသုံးလုံး 'ဝိုက်' များကို ကုပ်ချိုး အရိုးပါ ဝါးစားလို့ရအောင် . . . ကိုင်း သူငယ်ချင်း မိုးနေပွားရေ အချစ်ပြုံးပြုံးလေး ခိုက်အောင် တစ်သုံးလုံး ပေါက်လာလေရော့ လဟယ် . . .

"ဖြောင်း. . ."

"ရော့"

"ဟာ . . ."

"ဟင်"

"ဟိုက်ရှားပါး . . . သွားပြီကွာ"

အားလုံးငိုင်၍ ကျကုန်ကြ၏။ နဖူးမှ ချွေးသီးများကို ခါးပုံစနှင့် သုတ်ကြ၏။ စုတ်သပ် ညည်းညူကြ၏။ အကြောင်းကား ဒိုင်သူကြီး ခင်းဖြန့် လိုက်သည့် ဖဲသုံးချပ်က တစ်သုံးလုံးဝိုက်ကြီး။ ဒိုင်လူဝကြီး ငွေပုံများကို ဖဲသုံးချပ်နှင့် ခပ်၍ သိမ်းလိုက်၏။ မိုးကြိုးက ပုဆိုးခါ၍ ထလိုက်၏။ ပါသမျှကုန် ပြီ . . .

သို့နှင့် စောစောကလူ သူ့ နေရာပြန်ဝင်၏။

မိုးကြိုးနှင့် ကျွန်တော် စိတ်ညစ်ညူးစွာဖြင့် မသာခုတင်တိုင်ကို မှီ၍ ဆေးလိပ်ဖွာ နေကြ၏။ ချွေးများကား ကျမဆုံး သုတ်မနိုင်။

"မိုးကြိုး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ . . . ချီး"

"ဒီလူကြီး မရိုးဘူးကွ"

"ငါသိတယ် . . . ဒင်း . . သူ့နောက်က သူ့လူတွေနဲ့ ဖဲလိုက်ရိုက်တာ"

"သိရင် . . . ဘာလို့ မင်းငြိမ်ခံနေတာလဲ"

"ဗျို အပွင့်ကလည်း ကောင်းနေတာကိုးကွ ငြိမ်နေလို့ ပြဿနာ ဖြစ်ရင်လည်း ဒါက ငါတို့နယ် မဟုတ်ဘူးလေ . . . ပြဿနာဖြစ်ရင် ငါတို့အလျှင်ခံရမှာ . . ."

"ခု . . . ဘယ်လို လုပ်ကြမလဲ . . .။ လက်ထဲမှာ ပိုက်ဆံ တစ်ပြားမှ မရှိတော့ဘူး၊ နက်ဖြန် ဘယ်လို ခရီး ဆက်ကြမလဲ ပြောပါဦး"

"ဆိုင်း"

"ဘာလဲ မိုးကြိုး"

"ရှူး . . . တိုးတိုး . . . ဒီမှာ . . . ငါ"

. . . . . . . . . . . . . . . . . . . . . . . .

"ဟာ . . . ဖြစ်ပါ့မလားကွာ . . . တော်ကြာ . . ."

"ဖြစ်ပါတယ် . . . မင်းသာ မှင်ကောင်းဖို့ အရေးကြီးတယ်"

"ဒါဆိုလည်း . . . လုပ်ကွာ . . . မထူးပါဘူး . . . ချီး"

သည့်နောက် ကျွန်တော်က အလောင်း ခုတင် အနီးမှထ၍ ဖဲဝိုင်း ရှိရာသို့ ထ,လာလိုက်ပြီး သူများအလျော်အစားများကို အာရုံစိုက်၍ ကြည့်နေလိုက်သည် . . .

ထိုအချိန်မှာပဲမိုးကြိုး ကုတင်အနီးမှ ပျောက်သွားသည်။

ကျွန်တော့် ရင်သည် တဒိတ်ဒိတ် ခုန်နေ၏။

ဖဲဝိုင်းကလည်း ပိုကောင်းနေ၏။ ဒိုင်ကလည်း စားနေသထို လျှော်ရသည့်အခါလည်း ပုံအော၍လျှော်ရ၏။ ဖဲဝိုင်းသည် 'လူး' နေ၏။

ထိုစဉ် . . . မသာခုတင်ပေါ်မှ ညည်းသံကို စ၍ ကြားလိုက်သဖြင့် ကျွန်တော် လှည့်ကြည့်လိုက်သောအခါ ခုတင်ပေါ်မှ (မိုးနေပွား) ဆိုသူ လူသေ အလောင်းကြီးသည် ခေါင်းထောင်၍ ထ,လာသည်ကို အံ့ဖွယ် စ၍ မြင်လိုက်ရ၏။ ဟုတ်ရဲ့လား ကြည့်နေဆဲမှာပင် . . လူသေအလောင်းကြီးသည် ခေါင်းပို၍ ထောင်လာသည်ကို မြင်လိုက်ရသောအခါ ကျွန်တော် အလန့်





တကြား အော်ဟစ်လိုက်၏။

"ဟို . . . ဟို . . . မှာ . . . မ . . . မသာ . . . အလောင်းကြီး ထ . . . ထ . . . လာပြီ . . . ဗျို့"

ဖဲသမားအားလုံး လှည့်ကြည့်သောအခါ စောင်ခြုံလွှမ်းထားသော လူသေအလောင်းကြီးသည် တဟီးဟီး အသံထွက်၍ ခေါင်းရော ကိုယ်ပါ ခေါင်းအုံးပေါ်မှ ကြွထလာသည်ကို မြင်လိုက်ကြသောအခါ . . .

"အမလေး . . . အလောင်းကြီး . . . ထ, ထ . . . ပြီဗျ"

"ဟ . . . ဟ မသာကြီး ထလာပြီ . . . ပြေး ပြေး"

"လုပ်ကြပါအုံးဟော့ . . . မိုးနေပွား . . . ထလာ . . . ပြီဟ"

"ဟီး . . . ဟီး . . . အင်း . . . ဟင်း . . . ဟင်း . . . ဟီး"

"အီး . . . ဟင်း . . . ဟင်း . . . ဟင်း . . . အင်း . . . အင်း . . . ဟီး"

"လူသေ အလောင်းထလာပြီ ပြေး . . . ပြေး"

"ဖုတ်ဖျို့ . . . မိုးနေပွား . . . ဖုတ်ဝင်ပြီး . . . ထလာပြီ . . . ပြေး ပြေး"

"ဝုန်း . . . ဝုန်း"

"ဂလုံ . . . ဂလုံ"

"အမလေးဗျ"

"ငါ့ဖိနပ်ရောဟ"

"မင်းမေကလွှား ဖိနပ်ကို မကောက်နဲ့ . . . ပြေးတော့"

ဖဲဝိုင်းမှ ဖဲသမားများသည် ပိုက်ဆံမျှ မကောက်နိုင်တော့ဘဲ . . . အားလုံးကိုပစ်ချကာ ဝရုန်းသုန်းကား ပြေးကြရကား အိမ်ပေါ်မှာကြမ်း များကျိုးကျကုန်၏။ ထရံများပင် ပွင့်ကုန်၏။ အိမ်ရှင်များလည်း တောင့် တောင့်ကြီး ထလာသည့် လူသေကောင်ကို မြင်သော် အဖေမှန်း လင်မှန်း အစ်ကိုမှန်း မသိတော့ဘဲ အလန့်တကြား အော်ဟစ်၍ ပြေးရကား အိုးခွက် ပန်းကန်များ ကျကွဲကုန်၏။

အချို့က နောက်ဖေးပေါက်မှ ခုန်ချပြေး၏။ အချို့ကပြတင်းပေါက်မှ ခုန်ချ၍ ပြေး၏။ ပုဆိုးကျွတ် ကျန်သူများ အနင်းခံရသူ အနင်းခံရ အိမ် သရဲအပေါက်ထဲ ဖင်တစ်နေ၍ ဆောင့်ကန်တွန်းချနှင့် ကျွက်ကျွက်ညံ နေ၏။

www.burmeseclassic.com



အိမ်ရှေ့ မြေပြင်မှ ဖဲဝိုင်းလဲ်ည်း လူသေအလောင်းကြီး ထ,လာသည်ဆို၍ တစ်ယောက်မကျန် ပြေးကြကုန်၏။ မကြာခင် လူသေ အလောင်းကြီးသည် စန့်စန့်တောင့်တောင့်ကြီး နှစ်တောင်ခန့် ရပ်ကြွနေစဉ် ကျွန်တော်က ဖဲသမားများ ပြေး၍ ကျန်ရစ်ခဲ့သည့် ငွေစက္ကူများကို လိုက်ကောက်သိမ်းပြီး ခါးပုံစ ကြားထဲသို့ စုပြုံ၍ ထည့်လိုက်၏။

ထိုစဉ် ခုတင်ပေါ်မှ ကြွထ, နေသည့် မသာကြီးသည် ခုတင်ခေါင်းအုံးပေါ်သို့ 'ဝုန်း' ခနဲ ပြန်ပြုတ်ကျသွားပြီးနောက် မသာခုတင် နံဘေးမှ မိုးကြိုး ခုန်၍ ထွက်လာလိုက်၏။

သူသည် မသာကိုလွှမ်းထားသည့် စောင်ကြမ်းကြီးကိုခေါင်းမြှုပ်အောင်ခြုံပြီး အိမ်ရှေ့သို့ ထွက်လိုက်သောအခါ တကယ့် မိုးနေပွား ဆိုသူအလောင်းကောင်ကြီး ထ,လိုက်သည် မှတ်ပြီး အားလုံး ခြေကုန်သုတ်အော်ဟစ်၍ ပြေးတော့သည်။

ကျွန်တော်လည်း နှစ်ဝိုင်းစလုံးမှ ကျန်ရစ်ခဲ့ကြသည့် ငွေစက္ကူများအားလုံးကို လျင်မြန်စွာ သိမ်းယူလိုက်သည်။ ဒီမှာ စောင်ကြီးနှင့် မိုးကြိုးအနားရောက်လာပြီး ...

"အကုန်ရပြီလား ဆိုင်း"

"ရပြီကွ ... မိုးကြိုး"

"ရရင် ပြေးကြစို့"

"နေ ... နေ ပါဦးကွာ ခဏလေး"

"ဘိနပ် ဘိနပ်"

ကျွန်တော်သည် ထွက်ပြေးသူများ ကျကျန်ခဲ့သည့် ဘိနပ်များအနက်မှ ပိန်းတန်းဖိနပ် အကောင်းနှစ်ရံနှင့် ဘန်ကောက် ပုဆိုးနှစ်ထည်ကို အလျင်အမြန်ကောက်ပြီး မြေပြင်သို့ ထွက်ပြေးလိုက်ကြသည်။

ဒီမှာ မိုးကြိုးက သေသူ ခြုံလွှမ်းသည့် အညာစောင်ဖြူကြီးကိုခြုံပြီး ပါးစပ်မှ တဟီးဟီး ညည်းအော်ကာ လက်နှစ်ဖက်ဆန့်၍ ရှေ့မှပြေး၏။ သူ့နောက်မှ ကျွန်တော်က အပြေးလိုက်၏။ ကျွန်တော်တို့ နောက်မှ မီးတုတ်များ လက်နက်များနှင့် လူအချို့က ဝေး ... ဝေး ... ဟေး ... ဟေးနှင့်အော်၍ လိုက်လာကြ၏။

ကျွန်တော်တို့နှစ်ဦး၏ ကလိန်ကကျစ်ကျ ပြေးနှုန်းကား မြို့ပြင်

---

စိတ်ကူးသစ်စာပေ



သုသာန်ထဲသို့ ရောက်ခဲ့ကြ၏။ မောလွန်းလှ၍ နီးရာ ဂူပေါ်မှာ ထိုင်ပြီး အရကား လျှာပင်ထွက်နေကြ၏။

အမောပြေတော့မှ ခါးပိုက်ဆောင် ခါးပုံစကြားမှ ငွေစက္ကူများကိုထုတ်၍ ရေတွက်လိုက်သောအခါ အားလုံးကျပ်ငွေ တစ်ထောင်ကျော်ရခဲ့၏။

"ဟား ... ဟား ... ဟား၊ သုံးလ ထိုင်စားလို့ ရပြီ ... ဆိုင်းရ"

"ဟူး ... သေပြေးရှင်ပြေး လုပ်စားရတာပါပဲ မိုးကြိုးရာ"

"ဒီလို မလုပ်လို့ မရတော့ဘူးလေ ... ကိုယ်က ကံနဲ့ ဖဲဝင်စားတာ ဒါကို ဒိုင်နဲ့ သူ့ လူတွေက ဉာဏ်နဲ့ ညစ်ပတ် လိမ်ကစားမှတော့ သင်းတို့ကို ဒီလိုပဲ သရဲ အတုခြောက်ပြီး ... ပြန်လိမ်ရတာပဲ ဟူး. မိုးနေပွားဆိုတဲ့ မသာကြီးကို ခုတင်အောက်ကနေ လက်လျှိုပွေ့ပြီး မ,ရတာအသည်းအသန်ပါပဲကွာ ... လေးလိုက်တဲ့ မသာကြီး လက်အံကို သေပလားထင်ရတယ် ... ဖွီး ... ဘာပဲဖြစ်ဖြစ် မိုးနေပွား ဆိုတဲ့ သူတော်ကောင်းကြီးကျွန်တော်တို့ကို ခုလို ကူညီခြင်း အကျိုးကြောင့် ကောင်းရာမွန်ရာဘုံဘဝမှာ စံစားနိုင်ပါစေဗျာ ... ဖြစ်လေရာ ဘဝတိုင်းမှာလည်း ဒီလိုရာဆန်းသော ရောဂါမျိုးနဲ့ သေရခြင်းမှ ကင်းဝေးပါစေဗျာ သာဓု ... သာဓု ... သာဓု ... သူတော်ကောင်းကြီး ဦးမိုးနေပွား ခင်ဗျား ..."

www.burmeseclassic.com

www.burmeseclassic.com

# အချစ်မီးတောင်ပေါက်ကွဲသည့်နေများ

ကံတရားဆိုတာ အလှည့်အပြောင်းရှိသည်။ ဘဝဆိုတာ မြားတ
စင်းလို မဖြောင့်၊ မြစ်လိုကွေ့ကောက်သည့် သဘောရှိ၏။ ပစ္စုပ္ပန်ကံတရား
ကိုလည်းကောင်း၊ အနာဂါတ် ကံတရားကိုလည်းကောင်း ဘုရားရဟန္တာ
မဟုတ်၍ ကျွန်တော်တို့ အကောင်းအဆိုးကြိုတင်၍ မသိရ။

သို့ဖြစ်၍ . . . ကျွန်တော်တို့ သူငယ်ချင်း လေးယောက် ဘဝ
အကုသိုလ် မုန်တိုင်း တစ်ခု ဝင်ရောက်မွှေခတ်ခဲ့တော့၏။

မိုးကြိုးသည် အငြိုးအတေးကြီး၏။ ဒါပေသည့် သည်းခံ
လိုအပ်လျှင်လည်း ခေါင်းစင်း ကျောခင်းပေးသူ ဖြစ်၏။ သူငယ်ချင်းများ
အပေါ်သစ္စာစောင့်သိသူဟု အားလုံးက ယုံကြည်ထားကြ၏။

ကျွန်တော်နှင့် မိုးကြိုးတို့နှစ်ဦးသည် အသည်းနှွံမိန်းမနှင့် အငြ
ပက်စက်သော သူ့ဘကြီး သူကြီးဦးတသန်လျှင်းကိုတ် နောက်သို့ လိုက်
စုံစမ်းရာ အချိန်ကာလ အတန်ကြာသွားခဲ့၏။

သူတို့ မြေလျှိုး သွားသည်လား။

မိုးပျံ သွားသည်လား။ ဂူအောင်းနေသည်လား။ ဝါးလုံးခေါင်း





ပုန်းနေသည်လား ကျွန်တော်တို့ မသိခဲ့ရတော့ ရှာဖွေ စုံစမ်းလို့ မရခဲ့။

ကာလကလည်း . . . လွတ်လပ်ရေး ခေတ်ဦးအစကို ရောက်ခဲ့ပြီ။

တိုင်းပြည်က စည်းလုံးမှု အစည်းပြေ၍ လှိုင်းထစပြုသည့် ကာလ။
ကျွန်တော်တို့ ပေါက်ချွန်းတို့ နေထိုင်ကြီးပွားရာ (------) အရပ်သို့
ခဲ့ကြ၏။ ပေါက်ချွန်းပင် . . . သမီးလေး ငါးနှစ်သမီး အရွယ်ရောက်နေပြီ။
သမီးလေးသည် သူ့အမေ . . . လှအုံးမယ်၏ ရုပ်ရည်အတိုင်း ချောမော
လွန်းပေစွ . . .

ဒါနှင့်အတူ မလှအုံးမယ်၏ အလှကလည်း တစ်သားမွေး တစ်သွေး
ခဲ့ရကား အပျိုကထက် ဖွံ့ထွားလုံးထစ်၍ တစ်တစ်ဖွဲ့ဖွဲ့ကြီး ဖြစ်နေ၏။

ကျွန်တော်တို့ ပြန်ဆုံသောအခါ လှအုံးမယ်သည် မိုးကြိုးကို အစ်
ကြီး တစ်ယောက်ကဲ့သို့ ခင်ရှာ၏။ လေးစား၏။ ပြုစု၏။

မိုးကြိုးကလည်း မိမရှိ ဖမရှိ နှမမောင်ဘွား မွေးချင်းမရှိ၍
အုံးမယ်ကို နှမလေးလို ချစ်ခင်၏။ လှအုံးမယ်ရဲ့ သမီးလေး 'လှပိုကဲ'
ကို တူမအရင်းလို ကိုယ့်သမီး အရင်းလေးလို ချစ်၍ ရှာလို့ဖွေလို့
လျှင် . . . 'လှပိုကဲ' လေးအတွက် အဝတ်အစားများ ကစားစရာများ
လာပေးလေ့ရှိ၏။

ဒါနှင့်အတူ နှမလေးကဲ့သို့ ချစ်ခင်ရှာသော 'လှအုံးမယ်' အတွက်
ည်း အထည်စ အဆင်ဆန်းလေးများ ဝယ်လာပေးလေ့ရှိ၏။

မိုးကြိုးက သို့ကလို ပေးကမ်းစောင့်ရှောက်လေ့ရှိသောအခါ မိုးကြိုး
သို့ပင် စေတနာ ထက်သန်လွန်းလှသော အလှူ့ရှင် တစ်ဦးလည်း
လာခဲ့ပြန်၏။

ထိုသူကား ဖဲဝိဇ္ဇာ ဘသိန်းဆောင်တည်း . . .

ဘသိန်းဆောင်သည် ဖဲသမား လူလည်မို့ ငွေကို ရေလိုသုံးနိုင်၏။
ဘင်ပေ့ညွှန့်ပေ့ 'ရှိုး' တိုက်ထွက် ဝတ်ကျောင်းစားလှများကို တစ်နေ့
မျိုး မရိုးအောင် ဝတ်ဆင်နိုင်၏။ လူတစ်ကိုယ်လုံး (ပြင်သစ်၏ ညနေခင်း)
ည်ရှိ(အီးဗနီးအင်ပဲရစ်)ခေါ် ရေမွှေးရနံ့ကလည်း တသင်းသင်းနှင့်
သားအလား၊ ပွဲစားကြီးအလား မြို့ပိုင်အလား၊ တက္ကသိုလ်ကျောင်းသား
သား ထင်ရ၏။

သူကလည်း လှအုံးမယ်၏ တစ်သားမွေး တစ်သွေးလှ အလှကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ကြည်နူးချမ်းမြေ့ရာ၏။

ရန်ကုန်မြို့ကြီးကို အပေါက်အရောက်များသူပိပိ . . . နိုင်ငံခြား ဝင်လာသည့် ထဘီ၊ အင်္ကျီ၊ အလှပြင်ပစ္စည်းများကို ဘိုးဘောအောသော လက်ဆောင်ပေးရကား လှအုံးမယ်မှာ လက်ဆောင်ပစ္စည်းမျိုးစုံနှင့် ဝတ်မကုန် ဆင်မကုန်ဖြစ်ရကား ( )အရပ်မှာ လှအုံးမယ်သည် သူဌေးသမီး ဝတ်နိုင် အလှဆင်နိုင်သူအဖြစ် ကျော်ကြားလေသည်။

ပေါက်ချွန်းကား လွန်စွာ သဘောထားကြီးသူ ဖြစ်၏။ သေ သေဖက် ငယ်ပေါင်း လက်တွဲဖော်များမှ သဝန်တိုခြင်း အလျှင်းမရှိ။ တ ဟဲသာ ရယ်နေ၏။ သူ့မိန်းမ လှလှပပနှင့် ပြုံးရယ်ပျော်ရွှင်နေသည် မြင်ရလျှင် စိတ်ချမ်းသာ၏။

ဘသိန်းဆောင်ကား ယခုအခါ ပေါက်ချွန်းတို့အိမ်မှာ အနေ ၏။ မိုးကြိုးက 'လှပိုက်ဲ'လေးကို ချစ်ခင်ယုယသကဲ့သို့၊ သူကလည်း ချစ် ယုယ၏။ ဟိုးနားဒီနား သွားလေရာ ပခုံးပေါ်တင် ထမ်းပိုး၍ ခေါ်သွား

လှပိုက်ဲလေးကား မိုးကြိုး တစ်လှည့်၊ ဘသိန်းဆောင် တစ်လှည့် အထိန်းတော် အချိုတော်နှစ်ဦး လက်ပေါ်မှာ 'ဘဘ. . . ဘဘ'နှင့် ပျော် ရှာ၏။

ပြောရလျှင် ပေါက်ချွန်းတို့လင်မယားအပေါ်မှာ ဘသိန်းဆော ကျေးဇူးက မနည်းခဲ့။ အမှန်ပြောရလျှင် လှအုံးမယ်ကို စ၍ တွေ့ချင်း ဘောကျသူမှာ ဘသိန်းဆောင်ပဲ ဖြစ်သည်။ ဘသိန်းဆောင်က အဝင်အ အရောအနှော အာသွက်လျှာသွက်မှ လှအုံးမယ်လို အလှကြိုက် မိန်းမ နှင့် ရင်းနှီးမှုမြန်ခဲ့၏။

လှအုံးမယ်ကို ရည်းစားစကား ပြောရန် စိတ်ကူးရှိနေစဉ်မှာ သူငယ်ချင်းဖြစ်သူ ပေါက်ချွန်းက လှအုံးမယ်ကို မြင်သွားပြီး ဥမ္မာဒန္တီအလှ ရုတ်ချည်းမြင်ရင်းက အရူးလို စွဲလမ်းသွားခဲ့ရသည့် သိဝိမင်းလို ဖြစ်သွား ၏။

လှအုံးမယ်ကို ချစ်သည်ဟု ဘသိန်းဆောင်အား ရင်ဖွင့်ခဲ့၏

တကျိုကျို ပူဆာ၏။ အချိန်ရတိုင်း လှအုံးမယ်ရဲ့အလှကို ရွတ်ဆို လှအုံးမယ် ရှိရာသို့ ရောက်အောင်သွား၏။ နောက်ဆုံး ပေါက်ချွန်းရဲ့ရင် နှလုံးသားထဲမှာ လှအုံးမယ်ဆိုသည့် အချစ်သစ်ပင် အမြစ်တွယ်နေ

စိတ်ကူးသစ်စာပေ



ရသောအခါ ဘသိန်းဆောင် နောက်ဆုတ်လိုက်သည်။

သူ ချစ်သူငယ်ချင်း ပေါက်ချွန်းရဲ့ အချစ်ရောဂါကို ကုပေးမည်ဟု ဖြတ်လိုက်သည်။ သူ လှအုံးမယ်ကို ချစ်ပါသော်လည်း ရင်ထဲမှာပဲ ချစ်ကိုမြှုပ်သိပ်၍ သိမ်းဆည်းထားပြီး သူငယ်ချင်းအတွက် အဆင်ပြေအောင် ဆောင်သွယ်ပေးခဲ့လိုက်သည်။

ဒီလိုနှင့် အပြောကောင်းသည့် ရေလာမြောင်းပေး ဘသိန်းဆောင် ရဲ့ နှုတ်၏ဆောင်မှုဖြင့် ပေါက်ချွန်းနှင့် လှအုံးမယ်တို့ ချစ်သူဘဝ ရောက် သွားခဲ့၏။

ချစ်သူဘဝရောက်တော့ လှအုံးမယ် မိဘများက ပေါက်ချွန်းလို ဆောင်ခြောက်ဆယ်သမားနှင့် သူတို့သမီးကို လုံးဝ သဘောမတူ။ မြို့က ဆိုင်ရှင် သူဌေးသားတစ်ဦးနှင့် ပေးစားရန် စီစဉ်ခဲ့သည်။

စေ့စပ်ပွဲလုပ်မည့်နေ့ မတိုင်ခင်ညမှာပဲ လှအုံးမယ်ကို ဘသိန်းဆောင် ၍(တစ်နည်း ခိုး၍) ပေါက်ချွန်းလက်သို့ အပ်ခဲ့၏။

ဒီလိုနှင့် ပေါက်ချွန်းနှင့် လှအုံးမယ် စွယ်တော်တစ်ရွက် ဖြစ်ခဲ့၏။ အဲဒီအချိန်က ဘသိန်းဆောင်ရဲ့ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးချမ်း ခဲ့သော်လည်း. . .

လှအုံးမယ် ကလေးတစ်ယောက်မွေးပြီး သွေးကြီး မွေးကြီး ဖွံ့ဖွံ့ ကား လှုပ်လှုပ်လဲ့လဲ့ စိုဝင်းအိနေသည့် အလှသစ်ကို မြင်လိုက်ရသော အတန်ကြာ ငြိမ်သက်ခဲ့သော ရင်သည် လျှပ်လှုပ်လာခဲ့၏။

ဒါကို အချစ်လို့ ခေါ်ရမည်လား၊ တဏှာရာဂလို့ ခေါ်ရမည်လား သိန်းဆောင် မဝေခွဲတတ်။ သို့နှင့် လှအုံးမယ်အပါးသို့ နည်းပရိယာယ် သွယ်သွယ်ခင်း၍ ချဉ်းကပ်ခဲ့၏။

ကျေးဇူးတရားကို လွန်ဆန်လေ့မရှိသော၊ ကျေးဇူးတရား အစစ် ရေမရော၊ အရောင်မဆိုးဟု အကြွင်းမဲ့ ယုံကြည်ထားသော ပေါက်ချွန်း ယုံကြည်ခဲ့သည်။

ဘသိန်းဆောင်နှင့် ဇနီးလှအုံးမယ်တို့ ပရောပရီ ရှိသည်ကို ရိုးရိုးပဲ သည်ခဲ့၏။

မိုးကြိုးနှင့် ဇနီးလှအုံးမယ်တို့ ပြောကြ ဆိုကြ စ,ကြ နောက်ကြ ည်ကို လူရိုးကြီး ပေါက်ချွန်းက မိသားစုသဘောလို့ပဲ မှတ်ယူခဲ့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



အနည်းငယ် ထူးခြားသည်ကား ဖနီးလှအုံးမယ်သည် နိုင်ငံ ဖြစ် အထည်အသစ်အဆန်းနှင့် အလှပြင်ပစ္စည်းများ တစ်ထုပ်တစ်ပိုး ‌လေ့ရှိသည့် ဘသိန်းဆောင်အပေါ် ပို၍ ဖော်ရွေလိုက်လျော မျက်နှာပေး ရောလွန်းသည်ကို ဂရုပြုမိသော်လည်း သူငယ်ချင်းနှစ်ဦးစလုံးကို ညီအ လို ယုံကြည်၍ ဖနီးလုပ်သူကို ဘယ်လိုနေ ဘယ်လိုထိုင်ဟု တစ်ခွန်း မ ခဲ့။

ပြောလျှင်လည်း နှုတ်သွက် လျှာသွက် အပလီ အခရာပိုသ ဖနီးချောလေး လှအုံးမယ်ရဲ့ ရင်သိမ့်တုန် ရင်ခွင်ကြားမှာ မျက်နှာအုံ များ၊ ထွက်အံ့ဆဲဆဲ စကားလုံးများသည် ပြာကျသွား၏။ အရည်ပျော် တချို့ ပရမ် အနုမြူလို လွင့်မျောပျက်လွင့်ပြီး မြစ်ကျောမှာ တရ မျောခဲ့ရလေ၏။

ဒီလိုနှင့်...။

တစ်နေ့သောအခါ ချစ်ဖနီး လှအုံးမယ်နှင့် ဘသိန်းဆောင် အိမ်မှ ပျောက်သွား၏။ ဒါနှင့်အတူ မိုးကြိုးလည်း ပျောက်သွား၏။

ပေါက်ချွန်နှင့် ကျွန်တော်သည် မိုးကြိုး၊ ဘသိန်းဆောင်နှင့် လှအုံး တို့ သွားနိုင်ဖွယ်ရာရှိသည့် နေရာများသို့ လိုက်လံမေးမြန်း စုံစမ်းကြ အခါ အချိန်တွေသာ ကုန်ဆုံးသွားခဲ့သည်။

ရက်တွေသာ အိုမင်းရင့်ရော်သွားခဲ့သည်။

ရာသီတွေသာ မိတ်ကပ်အသစ်လိမ်း၍ ရုပ်သစ်ပြောင်းသွားခဲ့ သည်။ သူတို့သုံးဦးရဲ့ သတင်း အစအနကို လုံးဝ စုံစမ်းလို့မရခဲ့။

ဒီမှာပဲ ကျောချမှ တားပြမှန်း သိပြီး ပေါက်ချွန်း ပေါက်ကွဲခဲ့ သူရဲ့ ချစ်ဖနီးချော လှအုံးမယ်ကို မိုးကြိုးနှင့် ဘသိန်းဆောင်တို့ သွေးဆော များယောင်းခေါ်ယူသွားမှန်း သိလိုက်ပြီး အကြီးအကျယ် ပေါက်ကွဲခဲ့၏။

ဒါနှင့်အတူ မသက်ာဖွယ်ဖြစ်ရပ်များအား ကျွန်တော့်ထံရင်ဖွင့ ၏။ ကျွန်တော်လည်း အကြီးအကျယ် အံ့သြခဲ့ရသည်။ သေတူရှင်ဘက် ဘော်ရဲဘက်ချင်း ဒီလိုမလုပ်သင့်။ မိန်းမတစ်ယောက်ရဲ့ စွဲမက်ရင်ဖိုအ ကြောင့် အချင်းချင်း သစ္စာမဲ့၊ စည်းဖောက်သည့် လုပ်ရပ်ကို ပေါက်ချွန်း ကျွန်တော်ပါ ရှုတ်ချပြီး ပေါက်ကွဲနာကျည်းခဲ့ကြသည်။

ပေါက်ချွန်းသည် လူရိုးလူအ, ကြီးတည်း။





လူရိုးလူအ အချစ်ကြီးသူကြီးသည် အချစ်ပယောဂ ပူးဝင်နှောင့် ယှက်သောအခါ...

အရက်၊ အချစ်၊ အမုန်း၊ နာကြည်းခြင်း စသည့် မီးတောင်များ တစ်လုံးပြီးတစ်လုံး ဆင့်ကဲပေါက်ကွဲ သကဲ့သို့ဖြစ်ကာ ဓားမြှောင်ကို ခါး ကြားထိုး၍ သစ္စာမဲ့သူ သုံးယောက်နောက်သို့ လိုက်တော့၏။

"ကိုယ့်အပေါ်မချစ်လို့ သစ္စာမဲ့သွားတဲ့ မိန်းမတစ်ယောက်ကို မေ့ ပစ်လိုက်စမ်းပါ ပေါက်ချွန်းရာ"

ကျွန်တော် သူ့ကို တရားချ ဖျောင်းဖျသည်။

"သင်း...သစ္စာမဲ့တာထက် တစ်ပုံတည်း အတူစား၊ တစ်အိပ် ရာတည်း အတူအိပ်ခဲ့ကြတဲ့ သူငယ်ချင်း နှစ်ယောက်က သစ္စာဖောက် စည်းဖောက်တာကို ရင်နာလွန်းလို့ပါ ခေိုင်းရာ...ဒီမှာ မောင်ဆိုင်း"

"ဘာလဲ သူငယ်ချင်းရယ်"

"သင်းတို့သုံးယောက်ကို ငါ မြေလှန်ရှာပြီး...သုံးယောက်ပေါင်း တစ်ကျင်းထဲ မြှုပ်ပြီးမှ ငါပြန်လာမယ်...အဲဒီ မတိုင်ခင်မှာ ငါ့စီးပွားရေး အားလုံးကို မင်းကို ငါ လွှဲအပ်ခဲ့တယ်၊ မင်း အစစအရာရာ စီမံပြီး ဟောဒီ ငါ့သမီးလေး လုပိုကဲလေးကို မင်းသမီးအရင်းလို စောင့်ရှောက်မွေးမြူပါ သူငယ်ချင်းရယ်၊ အကယ်လို့များ အဲဒီ ခရီးလမ်းကြောင်းမှာ ငါသေသွားခဲ့ ရင်လည်း ဟောဒီငါ့သမီးလေးကို မင်းသမီးလို့ပဲ မှတ်ယူပြီး လူဖြစ်အောင် စောင့်ရှောက်လိုက်ပါတော့၊ ငါ သွားမယ်"

"သူငယ်ချင်း...ပေါက်...ချွန်း"

"အဖေ...အ...ဖေ"

"ပေါက်...ချွန်း...မ...သွား...ပါ...နဲ့"

"အဖေ..."

"အ...ဖေ...ဘယ်...သွား...မလို့...လဲ...သမီးလည်း လိုက်မယ်နော်...အဖေ"

ကျွန်တော်က အော်၍တားသည်။ လုပိုကဲလေးက ဒေါသကြီးနေ သည့် အဖေလုပ်သူရဲ့ ပုဆိုးကိုဆွဲ၍ မေးနေသည်။

ပေါက်ချွန်း ပါးပြင်ပေါ် မျက်ရည်များ စီးကျရင်းက သူ့သမီးလေး ကို ကောက်ပွေ့ပြီး ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် အားရအောင်နမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ငြင်သာစွာချ၍ မားမြှောင်ကို ကျစ်ကျစ်ဆုပ်ကာ တစ်ဟုန်ထိုး ပြေးထွက်သွား တော့သည်။

"ပေါက်. . . ချွန်း. . . သူငယ်ချင်း"

"အဖေ. . . အဖေရေ. . ."

"အဖေ. . ."

"ပေါက်ချွန်း. . . ပေါက်ချွန်းရေ. . . ပြန်လာခဲ့ပါ သူငယ်ချင်းရ"

"အဖေ. . ."

လှပိုကဲလေးက ပြေးထွက်သွားသည့် ဖခင်နောက်သို့ ရှင်မီးအသံ ထသီတိုလေးနှင့် ပြေးအော်၍လိုက်သည်။ ပေါက်ချွန်းက လုံးဝ လှည့်မကြည့် ကျွန်တော်က လှပိုကဲလေး နောက်သို့ ပြေးလိုက်ရင်း အော်ခေါ်ရပြန်သည်။

"သမီး လှပိုကဲ. . . တူမလေး. . . မပြေးနဲ့. . . မလိုက်နဲ့"

"အ. . . ဖေ. . . အ. . . ဖေ. . ."

"ဗုန်း"

"အမေ. . . အား"

"သမီး. . . လှ. . . ပို. . . ကဲ. . . အို"

မြေကြီးပေါ် မှောက်လျက်လဲကျပြီး လှပိုကဲလေး တစ်ပတ်လည်သွား သည်။ ကျွန်တော် ပြေး၍ ကလေးကို ပွေ့လိုက်သောအခါ ကလေးရဲ့ နှာခေါင်း နှင့် ပါးစပ်မှာ သွေးများ ချင်းချင်းရဲနေ၏။ မျက်ရည်များသည် သွေးနှင့် ရောယှက်နေ၏။

"သမီး. . . တူမလေး. . . လှပိုကဲ. . . သမီး. . . သ. . . မီး"

"အဖေ. . . အ. . . ဖေ"

"သမီးလေး. . . ကဲ. . . ကဲ. . . ကဲကဲလေး"

"အ. . . ဖေ. . . အ. . . ဖေ. . . ဟင့်"

ကျွန်တော် ပွေ့ချီ လှုပ်နှိုးနေဆဲမှာပင် ပါးစပ်မှ 'အဖေ. . . အဖေ' ဟု အော်ရင်း ခေါ်ရင်း သတိလစ်၍ သွားခဲ့လေသည်။

♛ ♛ ♛

# အတိတ်ပန်းချီကားထဲက သက်ဝင်လှုပ်ရှားပုံရိပ်များ

အချိန်တွေ နှစ်တွေက အတန်ကြာ ရင်ထော်ခဲ့ပါပြီ။

ခုဆိုရင်ပဲ ပေါက်ချွန်းရဲ့ သမီးလေး လှပိုကဲပင် မီးဖွားအပြီး တစ် ညည်း ပေါက်ချွန်းတစ်ယောက် မြေးပင် ချီခွင့်ရခဲ့ပြီ။

ပေါက်ချွန်း နှစ်အတန်ကြာ သစ္စာဖောက် သုံးဦးနောက်သို့ ခြေရာခံ လိုက်ခဲ့ပါသော်လည်း ခြေဖဝါးသာ ငါးပြေမပါးဟပ်လို ဖြစ်ခဲ့ရသည်။ နေပက်ကြားအက်လို အလွှားလွှားကွဲ၍ အရက်သမားကြီးလို ဖြစ်ခဲ့ရသည်။

သူတို့ သုံးဦးကို လုံးဝ ရှာလို့မတွေ့ခဲ့။

ဪ. . . ဤသစ္စာဖောက် သုံးဦးတို့သည် သစ္စာမဲ့သည့် သူကြီး ဦးတသန်လျှင်းကိုတ်တို့ တူဝရီး မိသားစုများကဲ့သို့ ခြေရာဖျောက်မြုပ်လှချေ လေလား။ အတောင်ဆန့် သန်လှပါချေကလားလို့ စဉ်းစားမိခဲ့၏။

ပေါက်ချွန်း မရှိချိန်မှာ ပေါက်ချွန်းရဲ့လုပ်ငန်းအဝဝကို ကျွန်တော်ပဲ ဦးစီး၍ အလုပ်သမားများနှင့် စီမံခန့်ခွဲ လုပ်ကိုင်ခဲ့ရသည်။

ကဲကဲ(လှပိုကဲ)လေးကို သမီးအရင်းလေးလို မှက်၊ ခြင်၊ ယင်



www.burmeseclassic.com

www.burmeseclassic.com



မကိုက်ရအောင် စောင့်ရှောက်မွေးမြူ ထိန်းသိမ်းခဲ့သည်။ ဒီလိုနှင့် ရာသီ နာရီကြားမှာ ကဲကဲလေး အပျိုဖော်ဝင်လာခဲ့၏။

ကျွန်တော့်ကိုလည်း 'ဦးဖေ'ဟု ချစ်စနိုး ခေါ်ခဲ့၏။ ဘဝကံဆိုးလွန်းလှသည့် မေတ္တာငတ်မွတ်နေသော သူကလေးကို ကျွန်တော် ရင်အုပ်မကွာ စောင့်ရှောက်ရင်း ပြန်လာအံ့သော သူကလေးရဲ့ မိဘနှစ်ပါးကို စောင့်မျှော်နေခဲ့၏။

များမကြာမီ ညည့်သန်းခေါင်မှာ ပေါက်ချွန်း ပြန်လာခဲ့သည်။ လူက ညှင်းသိုးသိုး၊ ပိန်ချောင်းချောင်းနှင့် ကနဦးက ပေါက်ချွန်းမှန်းပင် မသိ။ အရက်များမူး၍ အိမ်တံခါးကိုပုတ်နေ၏။ တံခါးဖွင့်လိုက်တော့ လူတစ်ယောက် ဖိနပ်ချွတ်မှာ လဲကျနေသည်ကို မီးရောင်နှင့် မြင်လိုက်ရသည်။

ကောက်ပွေ့လိုက်တော့ ပေါက်ချွန်း ဖြစ်နေ၏။

ကျွန်တော်နှင့် ကဲကဲလေးတို့ ဝမ်းသာလွန်း၍. . .။

ကဲကဲသည် ဖခင်လုပ်သူကို မသေမပျောက်ပဲ ပြန်တွေ့ရတော့ တအားဖက်ရင်း တစ်ညည့်လုံးငို၏။

ငိုလိုက်စမ်း သမီးရယ်၊ ဒီမျက်ရည်ဟာ သောကတစ်ခု ဆိတ်သုဉ်းခြင်းအတွက် ဆေးကြောပစ်တဲ့ မျက်ရည်ပါ။ ငို. . . ငို. . . အားရအောင် ငို။ နောက်. . . ပေါက်ချွန်း သတိရလာသည်။

သတိရပြီးသည့် အချိန်မှစ၍ တောက်တစ်ချက်ကို ရင်ခေါင်းသံ ပြင်းပြင်းနှင့် ခေါက်ပြီးနောက်. . .

မိုးကြိုး၊ ဘသိန်းဆောင်နှင့် လှအုံးမယ်တို့ သုံးဦးစလုံးကို လုံး မွေပစ်လိုက်ကာ သမီးအပျိုမလေးရဲ့ ဘဝသစ်နှင့် [illegible]ဘဝသစ်ကို ပြန်လည် ပျိုးထောင်လိုက်လေသည်။

မကြာခင် ကဲကဲလေး 'မဟူရာ'ဆိုသူ လူရွယ်နှင့် အိမ်ထောင်ကျ ခဲ့သည်။ ကဲကဲ ကိုယ်ဝန်ရှိနေချိန်မှာ မဟူရာ မြစ်ထဲ ငါးရှာရင်း မိုးကြိုးပစ် ခံရ၍ သေဆုံးခဲ့ရကာ ကဲကဲလေး ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ခဲ့ရသည် ကို ကျွန်တော် မွေးစားအဖေရော သူမရဲ့ ဖခင်အရင်း ပေါက်ချွန်းပါ ရင်နှင့် အမျှ ခံစားခဲ့ရ၏။

အခု ကိုယ်ဝန် နေ့စေ့လစေ့၍ မီးဖွားချိန်ရောက်တော့ ဗိုက်ထဲမှာ သားကန့်လန့်ခံပြီး မွေးရန် အခက်အခဲဖြစ်နေချိန် တစ်နည်း မရထောင်





သေမင်းရဲ့ စားတော်ခွက်မှာ ကဲကဲတို့ သားအမိနှစ်ဦးရဲ့ ကိုယ်ခန္ဓာအား အာဟာရဘောဇဉ်အဖြစ် စတေးကပ်လှူရမည့်အချိန် ရောက်နေစဉ်မှာပင်

သူ. . .။

မမျှော်လင့်ဘဲ ရောက်လာခဲ့သည်။

သူဆိုသူကား. . . မိုးကြိုး။ ပေါက်ချွန်းကိုယ်တိုင် ခါးကြား ဓားထိုး ဦး မြို့အနှံ့ရွာအနှံ့ လက်စားချေရန် လိုက်ရှာခဲ့သည့် သစ္စာဖောက် မိုးကြိုး။

သို့သော်. . .။

ကျွန်တော်တို့ အစိမ်းလိုက် ဝါးစားချင်နေသော၊ ဓားနှင့် နုတ်နုတ် စင်းဖြစ်ချင်လောက်သော မိုးကြိုးသည် နဂိုမူလ အရှုတ္တ ပဟိဋ္ဌိနှင့် လူသွမ်း လူကြမ်း မိုးကြိုး မဟုတ်တော့။

သူ့အသားကို ထိလျှင် ငရဲမီးတောင် ပေါက်ကွဲသလို ဆတ်ဆတ်ထိ ခံ ဒေါသတကြီး အသေအကြေ တုံ့ပြန်တတ်သော တစောက်ကန်း မိုးကြိုး မဟုတ်တော့။

သူတော်စင် စစ်စစ်များကဲ့သို့ သည်းခံခြင်း ခန္တီတရားကို ဆုပ်ဆုပ် ပိုင်ပိုင် လက်ကိုင်ထားသော မိုးကြိုး။

ပြီး. . . ဘယ်လိုလက်နက်နှင့်မှ ထိုးမဝင် ခုတ်မရနိုင်အောင် ကာယ သိဒ္ဓိအစွမ်းများဖြင့် အံ့ဩဖွယ် ဆန်းကြယ်ဖြစ်နေသော မိုးကြိုး။

အမုန်းကို မကြောက်။

သေခြင်းကို မကြောက်။ မေတ္တာ ကရုဏာတရားနှင့် ရှုန်းတောက် ပြီး ဘာသာတရားနှင့်၊ လူ့အခြေနှင့်၊ သူတော်စင်လို တည်ငြိမ်အေးချမ်းနေလုံး သား အေးချမ်းဖေဘည့် မိုးကြိုးအဖြစ်လည်းကောင်း။

သေအံ့မူးမူး မီးဖွားရခက်နေသည့် မီးနေသည် ဝေဒနာရှင် (သူ့ကို အသေသတ်ချင်လောက်အောင် မုန်းတီးနေသူ၏) သမီးကိုမှ ဂါထာတစ်ပုဒ် ခုဆင်ရေမန်းတစ်ခွက်နှင့် ဝမ်းဗိုက်ထဲ ကန့်လန့်ဖြစ်နေသော သန္ဓေသားကို အလွယ်တကူ မီးဖွားနိုင်အောင် ထူးဆန်းစွာ ဆောင်ရွက်ပေးနိုင်သော သိဒ္ဓိရှင် တန်ခိုးရှင်. . . ပညာရှင်အဖြစ် မမျှော်လင့်ဘဲ ကိုယ်တိုင်ကြုံတွေ့လိုက်ရသော အခါ. . .။

မိုးကြိုးကို ကျွန်တော် အရမ်းအံ့ဩ လေးစားသွားခဲ့ရသည်။

ကျွန်တော့်ထက် တစ်ဦးတည်းသော ချစ်သမီးနှင့် မြေးလေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပရိဒေဝမီး တောက်လောင်နေသော ပေါက်ချွန်းသည် ပို၍ အံ့သြလေးစား သွားခဲ့၏။

စ,တွေ့တွေ့ချင်း အငြိုးမပြေသော ရန်သူအဖြစ် ပေါက်ချွန်း လက်နက်နှင့် အသေတိုက်ခိုက်ခဲ့သည်။

အခု သူ မုန်းခဲ့၊ နာကြည်းခဲ့ရသည့် ရန်သူက သူ့သမီးနှင့် မြေးရဲ့ အသက်ကို အံ့ဖွယ်လက်တွေ့ ဂမ္ဘီရပညာရပ်နှင့် ကယ်တင်လိုက်သောအခါ ပေါက်ချွန်းကြီးစွာ နောင်တရခဲ့သည်။

မိုးကြိုးဟာ အသက်သခင် ကျေးဇူးရှင်ပါကလား။

မိုးကြိုးသာ အချိန်မီ ရောက်မလာလျှင် သူ့သမီးနှင့် မြေး နှစ်ဘဝသည် ဘယ်သောင်ဘယ်ကမ်း ဆိုက်နိုင်သလဲ။

ရှင်သေမင်းရဲ့ ပွဲတော်အုပ်ထဲက ဟင်းနှစ်ခွက် ဖြစ်ရတော့မည်။ သူ နောင်တရပြီ။ အမှားကို သိလိုက်ပြီ။ အံ့မခန်း ပညာရပ်အစွမ်းကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီ. . .။

အသက်သခင် ကျေးဇူးရှင်ကို ဝန်ချတောင်းပန် ကန်တော့ချင်လွန်း၍ ကြည့်လိုက်တော့ မိုးကြိုး မရှိတော့။

မြင်းနှစ်ကောင်နှင့် မိုးကြိုး ထွက်သွားရာသို့ ကျွန်တော်တို့နှစ်ဦး အပြေးလိုက်ခဲ့သည်။ ရှေ့မှာ မိုးကြိုးကို ယောဂီရောင်အင်္ကျီ၊ ပုဆိုးအဖြူကွက်နှင့် သွားနေတာ မြင်နေရသည်။ ခြေလျင်သွားနေသူနောက်သို့ ကျွန်တော်တို့ မြင်းနှင့် အပြေးလိုက်နေတာ မမီခဲ့။ မြန်လိုက်သည့် မိုးကြိုး။

ခုတော့ မျက်စေ့ရှေ့မှောက် ဝါးတောထဲမှာ မိုးကြိုး ပျောက်သွားခဲ့၏။ အိမ်ပြန်ရောက်တော့ မိုးကြိုး ရေး၍ထားခဲ့သည့် စာတစ်စောင်ကို ကျွန်တော်တို့ ဖတ်လိုက်ရသည်။

*'. . . ပေါက်ချွန်းနဲ့ ဆေိုင်း*

*မဝိုက်ကြနဲ့တော့ မိုက်လက်စကို နိဂုံးချုပ်ကြ. . .။*

*မင်းတို့ကို ငါ ခွင့်လွှတ်တယ်. . .။ လူတစ်ယောက်ချင်းရဲ့. . .။*

*အားကိုးရာတာ ဓားလှံလက်နက် မဟုတ်ဘူး။*

*မေတ္တာပဲ. . .။*

*ပြီး. . . ရတနာမြတ်သုံးပါးပဲ။ အနန္တော အနန္တ ငါးပါးပဲ။*

*ပေါက်ချွန်း. . .။*

---

စိတ်ကူးသစ်စာပေ



*မင်းမိန်းမ 'လှာအုံးမယ်' ဒီနေ့ကစ,လို့ (၇)ရက်စေ့ရင်. . .။*

*မင်းအိမ် ပြန်ရောက်လိမ့်မယ်. . .။*

*နွေးနွေးထွေးထွေး ကြိုဆိုစောင့်မျှော်ပါ. . .။*

*တစ်ချိန်က မိုးကြိုး။*

စာကိုဖတ်၍ ကျွန်တော်တို့နှစ်ဦးစလုံး ငိုင်ကျသွားကြသည်။

'မောင်ဆိုင်း'

'ဘာလဲ. . . ပေါက်ချွန်း'

'ဒီနေ့ကစပြီး (၇)ရက်စေ့ရင် ငါ့မိန်းမ လှာအုံးမယ် ဒီအိမ်ကို ပြန်ရောက်လာလိမ့်မယ်တဲ့၊ အဲဒါ ဖြစ်. . . ဖြစ်. . . နိုင်ပါ့မလားဟင်'

'စောင့်ကြည့်ကြသေးတာပေါ့ သူငယ်ချင်းရာ၊ တို့သူငယ်ချင်း မိုးကြိုးဟာ အရင်လို လူမိုက်တစောက်ကန်း မိုးကြိုး မဟုတ်တာတော့ ကျိန်းသေသွားပြီ။ သူ ဘယ်လိုကြောင့် ဒီလို ဘဝသစ်ပြောင်းသွားတာလည်း။ အံ့သြလောက်အောင် ပြောင်းလဲလုပ်ပြသွားနိုင်သလည်းဆိုတာ ငါတို့ စောင့်ကြည့်ကြရမှာပဲ'

ကျွန်တော် အတိတ်ရဲ့ ကကွက်များကို ပြန်ပြောင်းသတိရပြီး ဘဝရဲ့ ဆန်းကြယ်ဖြစ်ရပ်များကို အံ့သြနေမိပါသည်။

ဒါနှင့်အတူ. . .။

သူတော်စင်တစ်ဖြစ်လည်း လူထူးဆန်း သူငယ်ချင်း မိုးကြိုးကို အခု အရ လိုက်ရှာရန်လည်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## မျက်ရည်သိမ်း ... မိုး

ကြည့်စမ်း. . . ဖြစ်စဉ်၊ ဖြစ်ရပ်များက အလွန့်ကို အံ့သြစရာ ကောင်းလွန်းလှ၏။

တစ်နေ့နံနက်. . . ။

ကျွန်တော်၊ ပေါက်ချွန်း၊ လှပိုကဲ(ကဲကဲ)နှင့် အိမ်နီးချင်း ဘကြီးမောင်တို့ ရေနွေးကြမ်းဝိုင်းဖွဲ့နေစဉ် အိမ်ရှေ့ခြံဝမှာ အမျိုးသမီးတစ်ဦး လာရပ်ပြီး အိမ်ခြံထဲသို့ ခြေဖျားထောက် ခေါင်းငဲ့မော့၍ ကြည့်နေသည်ကို လှမ်းမြင်လိုက်ရ၏။

အမျိုးသမီးက ကတုံးနှင့်ဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ ကတုံးကို နေမပူရန် သဘက်လေးခေါက်၍ တင်ထားပြီး လက်ထ လည်း ဆွဲခြင်းတစ်လုံးသိုင်းလွယ်လို့။ ဒါကို ကဲကဲက လှမ်းမြင်လိုက်သည်။

'အဖေ. . . အိမ်ရှေ့မှာ ဧည့်သည်'

'ဘယ်သူလဲဟေ့. . . ဝင်ခဲ့လေ'

'ကဲကဲ. . . ကဲကဲ'

ခြံဝမှ အမျိုးသမီးက 'ကဲကဲ'ဟု အသံပြုခေါ်နေ၏။





'ရှင်. . . အဖေ 'ကျွန်မကို ခေါ်နေပါလား၊ ဘယ်သူများပါလိမ့်'

'ဘယ်သူလဲကွ. . . လာခဲ့လေ'

သို့နှင့် သူမသည် မဝံ့ရဲ ဝံ့ရဲဟန်နှင့် ခြံထဲသို့ ဝင်လာခဲ့၏။ အိမ် တံစက်မြိတ်အောက်သို့ ရောက်သောအခါ ခြေစုံရပ်နေ၏။ အားလုံးက သူမရဲ့ အကဲကို ကြည့်နေကြသည်။

'ကြီးတော်. . . အိမ်ပေါ်ကို တက်ပါရှင်'

ကဲကဲက ခရီးဦးကြို စကားပြောရင်း တံခါးဝမှာ ရပ်ကြိုနေစဉ် ခြင်းနှင့် အမျိုးသမီးသည် သူမ ဦးခေါင်းပေါ်မှ မျက်နှာသုတ်ပဝါကို က်နှင့်ဖယ်ရှားလိုက်သောအခါ. . .

'ဟယ်'

'ဟင်'

'ဟာ'

'အ. . . မေ. . . အ. . . မေ'

'သ. . . မီး. . . သ. . . မီး'

'အမေ'

ဦးစွာ ကဲကဲသည် အိမ်ပေါ်မှ ခုန်ချပြီး သူမဆီသို့ တစ်ဟုန်ထိုး သွားကာ တစ်ကိုယ်လုံးကို ဝမ်းသာအားရ သိုင်းဖက်ထားလိုက်ပြီး ငိုချ က်သည်။

'သမီး. . . သ. . . မီး. . . ကဲကဲ. . . သမီးလေး'

သူမကလည်း ကဲကဲကို တင်းကျပ်စွာ ဖက်ရင်း ပါးနှစ်ဖက်ကို င်းမရ နမ်းရှုံ၍ မျက်ရည်များ စီးလိမ့်ကျရင်း ငိုတော့၏။

'လှ. . . အုံး. . . မယ်'

ပေါက်ချွန်းရဲ့ပါးစပ်မှ 'လှအုံးမယ်'ဟု အော်ရင်း သောက်လက်စ နွေးကြမ်းပန်းကန် လွတ်ကျသွားခဲ့၏။

လှအုံးမယ်. . . ။ အို. . . ပေါက်ချွန်းရဲ့ဇနီး မလှအုံးမယ် အစစ်ပါ ပေါက်ချွန်း မယားလှပ်သူကို ကြည့်ပြီး ကြောင်နေသည်။

'ပေါက်ချွန်း. . . မင်း. . . မိန်းမ ပြန်လာပြီ. . . သွားခေါ်လေ. . . ခေါ်'

'လှ. . . အုံး. . . မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အစ် . . . ကို . . . အင့် . . . ဟီး'

ပေါက်ချွန်း နေရာမှ ဝုန်းခနဲ ခုန်ထဆင်းသွားပြီး ဖနီးလုပ်သူ၏ ပခုံးနှစ်ဖက်မှ ကိုင်လှုပ်သည်။ လှအုံးမယ်က စိုးရိမ်ကြောက်လန့်သော မျက်လုံး အစုံနှင့် ကြည့်ရင်း ရှိုက်ကြီးတငင် ငိုနေသည်။

ကျွန်တော်သည် ပေါက်ချွန်း နာကြည်းဒေါသနှင့် တစ်စုံတစ်ရာ လုပ်လိုက်မှာ စိုးရိမ်၍ သူတို့အနီးသို့ အမြန် လျှောက်လာလိုက်သည်။ ပေါက် ချွန်းသည် ဖနီးသည်ရဲ့ မျက်နှာကို အရူးတစ်ယောက်ရဲ့ မျက်လုံးမျိုးနှင့် အတန်ကြာ စိုက်ကြည့်ပြီးနောက် ဖနီးလုပ်သူကို တအားဖက်ထားလိုက်တော့ ၏။

ဟူး . . . ဒီတော့မှပဲ ကျွန်တော့်ရင်ထဲမှ စိုးရိမ်သောကများ နိမ့်ဆင်း ကျသွားခဲ့တော့သည်။

သူမ အိမ်ပေါ်သို့ ရောက်လာ၏။ ရှိုက်ကြီးတငင် ငို၏။ ပြီးနောက် လင်သားလုပ်သူကို ဦးသုံးကြိမ်ချ၍ ကန်တော့၏။ ကျွန်တော်တို့ကလည်း ဝိုင်းမေးကြ၏။

သည့်နောက် သူမက သူမရဲ့ ဘဝဖြစ်စဉ်ကို အကျဉ်းချုံး၍ ပြန်ပြော ပြတော့သည်။

'အဲဒီနေ့က ကိုဘသိန်းဆောင်က ကျွန်မကို ကြံရည်တစ်ခွက် ထိုး လာတိုက်တာပဲ အစ်ကို . . . ဒီအချိန်တုန်းက အစ်ကို အိမ်မှာ မရှိဘူး ရွာ တစ်ဖက်ရွာကို အကြွေးသွားတောင်းနေတဲ့အချိန်ရယ်၊ ကဲကဲလေးကလည်း နောက်ဘက်က အိမ်မှာ သွားဆော့နေတာ၊ ကျွန်မကလည်း ခါတိုင်းလို ကိုဘသိန်းဆောင် အပြင်ကပြန်လာရင် မုန့်ပဲသရေစာ တစ်ခုခု ဝယ်ထား ကျွေးနေကြဆိုတော့ ဒီနေ့လည်း သူတိုက်တဲ့ ကြံရည်ကို သောက်လိုက်တာ ပေါ့ . . . သောက်ပြီးလို့ ဘာမှ မကြာပါဘူး အစ်ကိုရယ် ခေါင်းထဲမှာ မူးနောက် ရစ်ကြီး ဖြစ်လာတယ်၊ ပြီး ဘယ်လိုကြီးလည်း မသိဘူး . . . ဘာဆိုဘာမှ ပြန်မပြောချင်သလို ဖြစ်လာခဲ့တယ် . . .

ဒီမှာပဲ ကိုဘသိန်းဆောင်က ကျွန်မလက်ကိုဆွဲပြီး နင် ငါနဲ့ အခု ချက်ချင်း လိုက်ခဲ့လို့ ခေါ်တာနဲ့ ငေါက်ခနဲ လိုက်သွားမိတာပဲ၊ ဒီမှာ သူက အလွန်ဝေးတဲ့ ရွာပြင်က စောင့်နေတဲ့ လှည်းယာဉ်နဲ့ ကျွန်မကို တင်ခေါ်သွား လိုက်တာ နေဝင်တော့ ရွာတစ်ရွာရဲ့ အစွန်အဖျားက အိမ်တစ်အိမ်ကို





ရောက်ရော၊ အိမ်ထဲမှာ ဘယ်သူမှ မရှိဘူး။ ဒီအချိန်မှာ ကျွန်မ ငြိမ်စိစိကြီး ဖြစ်ပြီး သတိရချင်သလိုလို ဖြစ်နေချိန်ပဲ၊ အဲဒီမှာ ကိုဘသိန်းဆောင်က ကျွန်မကို ဗလက်ကာယ လုပ်ဖို့ ကြိုးစားတာ'

နားထောင်ရသူ ကျွန်တော်တို့အားလုံးသည် လှအုံးမယ်ရဲ့ နောက် ကြောင်းပြန် အပြောစာတ် နစ်မျောရင်း ရင်တဆတ်ဆတ် တုန်လာခဲ့ရသည်။

'လှအုံးမယ် . . . နင့်ကို အရမ်းချစ်တယ် . . . လှအုံးမယ်'

'အို . . . မ . . . မ . . . လုပ်ပါနဲ့ . . . ကိုဘသိန်းဆောင် . . . မလုပ် ပါနဲ့'

ကျွန်မက အကြောက်အကန် ငြင်းတယ်။ ဒီမှာ သူက ခါးကြားက ဓားမြှောက်ပုလင်းကို ထုတ်ပြီး မော့ရင်းက အော်ရယ်တယ်။

'ဘာဖြစ်လို့ မဖြစ်ရမှာလည်း လှအုံးမယ်ရာ၊ အခု တို့နှစ်ယောက် တည်း ဒီအိမ်မှာ ရှိနေဥစ္စာ . . . အဟင်း . . . ဟင်း . . . ဟင်း'

'အို . . . ကျွန်မမှာ ကာမပိုင်လင်သားနဲ့ . . . သမီးနဲ့ပါရှင်၊ ဒီ . . . လိုလုပ်တာ မသင့်တော်ပါဘူး ကိုဘသိန်းဆောင် . . . ကျွန်မက ရှင့်ကို အစ်ကိုလို ခင်မင်ခဲ့တာပါရှင်၊ ကျွန်မကို အိမ်ပြန်ပို့ပေးပါနော် . . . အစ်ကို ပေါက်ချွန်းသာ ဒီကိစ္စ သိ . . . သိ . . . သွား . . . ရင် . . . ရှင်ရော ကျွန်မရော ကောင်းမယ်ဘူး . . . ပြန်ပို့ပေးပါ'

'ဟား . . . ဟား . . . ဟား . . . ဟား . . . ပေါက်ချွန်းကို စာဖွဲ့မနေပါ နဲ့ကွာ ဒီမှာ လှအုံးမယ် . . . နင့်ကို မြင်မြင်ချင်း ကြိုက်ခဲ့တာ ငါဟ . . . ငါ . . . ငါ'

'အို . . .'

'နင့်ကို ချစ်စကား ကြိုက်စကား ပြောမလို့ ကြံတုန်းရှိသေး ပေါက် ချွန်းက နင့်ကို ချစ်လှချေရဲ့ မရရင် သေရပါလိမ့်မယ်ဆိုလို့ နင့်ကို ချစ်လျက်နဲ့ ပေါက်ချွန်းကို သနားပြီး နင်နဲ့ညားအောင် လုပ်ပေးခဲ့ရတယ်၊ ကြာတော့ နင်နဲ့ အလှကို အနီးကပ်မြင်ရလေ . . . ငါ့ရင်ဟာ ဗလောင်ဆူခဲ့ရတယ်၊ နင့်ကို ချစ်ခွန်းလို့ နင့်အတွက် ငါ ပစ္စည်းအမျိုးမျိုး ဝယ်ပေးခဲ့ရတဲ့ စေတနာကို သိစေလည်းဖို့ကောင်းတယ် . . . ငါ မနေနိုင်တော့ဘူး လှအုံးမယ်၊ နင့်ကို ချစ်တယ် . . . ဒီနေ့ကစပြီး . . . နင် ငါ့မယားဖြစ်ပြီ'

'အို . . . ကိုဘသိန်းဆောင် မလုပ်ပါနဲ့ . . . မ . . . မ . . . ကပ်ပါနဲ့ အို'



www.burmeseclassic.com

www.burmeseclassic.com



'ဗြိ'

'အား . . . အ . . . မ . . . လေး'

ဒီမှာ သူက ကျွန်မကို လှမ်းဖက်ပြီး ကိုယ်ပေါ်က အင်္ကျီကို
ကြမ်းကြမ်း ဆွဲဆုတ်ပစ်လို့ ကြမ်းခင်းပေါ် တွန်းလှဲချချိန် ကျွန်မကလည်း
ခွန်အားရှိသမျှ ရုန်းကန်အော်ဟစ်နေချိန် . . .။

'ဘသိန်းဆောင်'

ကျယ်လောင်စူးရှတဲ့ အော်လိုက်သံကြောင့် ဘသိန်းဆောင်
ကျွန်မကိုယ်ပေါ်က ကြွလို့ နောက်ပြန်လှည့်ကြည့်လိုက်တော့ . . .

'ဟင် . . . မိုး . . . ကြိုး'

'မင်း . . . မင်း . . . လူယုတ်မာ ဘသိန်းဆောင်၊ လှအုံးမယ်
မင်းတို့ ငါတို့ နှမလေးလို စောင့်ရှောက်ရမယ့် သူငယ်ချင်းရဲ့ မယား
ခုတော့ မင်းက နှမလို မစောင့်ရှောက်ပဲ . . . သူများမယားကို အဓမ္မ
ပေါင်းသင်းဖို့ ကြံစည်မှတော့ မင်းလို သစ္စာမဲ့တဲ့ လူယုတ်မာကို ဟောဒီ

'ဖောင်း'

'ခွပ်'

'အား'

'အမလေး . . . လုပ်ကြပါအုံး'

ကိုမိုးကြိုးရယ် . . .။ ပြောရင်းကနေ ဘသိန်းဆောင်ရဲ့ မျက်
ကို ခြေနဲ့ခတ်လိုက်တာ ဘသိန်းဆောင် လည်ထွက်သွားရော။ ဒီအချိန်
ကျွန်မက ရှက်ကြောက်ကြီးစွာနဲ့ လူးလဲထပြီး လန့်အော်နေစဉ်မှာပဲ . . .

ဘသိန်းဆောင်က ခါးကြားက ဓားမြှောင်ကို လှစ်ခနဲ ဆွဲထု
ပြီး ကုန်းထ,လို့ ပြန်ခုခံဖို့ အသင့်ပြင်လိုက်တယ်။

'မိုးကြိုး . . . မင်းရောက်လာပြီကိုး၊ မင်း တို့ကိစ္စမှာ ဝင်မပါ
မိုးကြိုး . . . မင်း ထောင်ထဲရောက်နေချိန်မှာ ငါတို့ သုံးဦး ဘာတွေဘယ်
ဖြစ်ခဲ့ရတယ်ဆိုတာကို မင်း လုံးဝ မသိဘူး၊ ဒီတော့ မင်းလမ်းကို မင်း
တော့ မိုးကြိုး . . . မင်း ငါတို့အချစ်ရေးမှာ ဝင်မပါနဲ့၊ ငါ့ဘဝက အချ
ပတ်သက်လာရင် သူငယ်ချင်းဆိုတာ မရှိတော့ဘူး'

'ဘသိန်းဆောင် . . . မင်း ဓားချပြီး ဒီနယ်က ထွက်သွား

'ဟား . . . ဟား . . . ဟား . . . ဟား . . . မိုးကြိုးရာ ငါလိုကော





ပြီးခြောက်လို့ ရမယ်တဲ့လားကွာ၊ မင်းလည်း ကိုးတောင်ပြည့်ကျား။
ငါလည်း ကိုးတောင်ပြည့်မိကျောင်း ဥစ္စာ၊ ဒီလောက်မှ ပြောမရရင် သေပေ
ကွာ . . . ကိုင်း'

'ဝီး'

'ကျား'

'ဖြောင်း'

'အား'

ဒီမှာ ဘသိန်းဆောင်က ဓားမြှောင်နှင့် ဝင်အထိုး မိုးကြိုးက
ပတ်လှည့်လို့ ရှောင်ရင်း ခြေနဲ့ပတ်အကန်။ သူတို့နှစ်ဦး အိမ်ထဲမှာ
ကြ သတ်ပုတ်နေတုန်း ကျွန်မ ခြေဦးတည့်ရာကို စွတ်ပြေးခဲ့လိုက်
မှောင်နေတော့ ဘယ်ရောက်လို့ ရောက်မှန်း မသိတော့ဘူး။ ဒီလိုနဲ့
ခုင်းလွှားရင်း ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရောက်သွားခဲ့တယ်။
မှာ သီလရှင်များနဲ့တွေ့ပြီး အကျိုးအကြောင်းပြောပြလို့ သနားပြီး နားခို
ခဲ့တယ်။

ပြောရရင် ကျွန်မ အိမ်ကို မပြန်ရဲတော့ဘူး။ ခုလောက်ဆို ကျွန်မ
ကိုဘသိန်းဆောင်ရော မိုးကြိုးရော ပျောက်နေလို့ အစ်ကို အထင်လွဲ
ဒါပွသောင်းကျန်းမှာကို သဘောပေါက်တယ်။ ရှက်လည်း ရှက်နေတာ

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ပစေတော့ ဆိုပြီး ရေကန်ထဲ ခုန်ချသေ
ကြံစည်ချိန်မှာပဲ လူတစ်ယောက်က ကျွန်မရဲ့ အသက်ကို ရုတ်တရက်
ယလိုက်လို့ သေမဲ့ဘေးက ကင်းဝေးခဲ့ရပြန်ပါရော။

အဲဒါ ဘယ်သူလည်း သိလား။

မိုးကြိုးလေ အစ်ကို မိုးကြိုးပဲပေါ့။

သူ ကျွန်မကို လိုက်ရှာခဲ့တာ။ နောက်ဆုံး သီလရှင်ကျောင်းကို
စမ်းရင်း ပြန်ထွက်သွားပြီလို့ သိတော့ စိုးရိမ်တကြီး စုံစမ်းမေးမြန်းလိုက်
က ကျွန်မရဲ့ အဖြစ်ဆိုးကို ဒုတိယအကြိမ် ကယ်လိုက်တာ။

'ညီမလေး'

'အစ်ကို . . . မိုး . . . ကြိုး . . . အင့် . . . ဟီး'

'ဘာလို့ ကိုယ့်ဘဝကို အဆုံးစီရင်ချင်ရတာလဲ ညီမရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ညီမဘဝက ရှင်ဟော့ရော ဘာထူးမှာလဲ အစ်ကို၊ ခုလော
ကျွန်မ နာမည်ပျက်နေပြီ ဥစ္စာ. . .ဟီး. . .'

'ညီမကို အစ်ကို ပြန်ပို့ပေးမယ်. . .ကိစ္စအားလုံး အစ်ကို ဖြေ
ပေးမယ်'

'တော်. . .တော်. . .ပါတော့ အစ်ကို၊ ညီမဘဝနဲ့ ညီမ မှိုင်း
တော့၊ ညီမ အိမ်ကို မပြန်တော့ဘူး၊ ဟီး. . .ဘယ်ဘဝရောက်ရောက်
ဦးတည့်ရာကို လျှောက်သွားတော့မယ်၊ ကံဆိုးမ. . .ဘဝကို ရေစုန်မျော
မယ် အစ်ကိုရဲ့'

ဒီမှာ အစ်ကို မိုးကြိုးက အမျိုးမျိုး တရားချတယ်၊ နောက်
အလွန်ဝေးလွန်းလှတဲ့ သီလရှင်တောကျောင်းမှာ သီလရှင်ဝတ်ရင်း
တည်ငြိမ်လုံခြုံမှုကို အစ်ကို မိုးကြိုးရဲ့ စောင့်ရှောက်မှုနဲ့ ရရှိခဲ့တာပါ

'ဒါဖြင့်. . .ဟိုကောင် ဘသိန်းဆောင်ရော'

'အစ်ကို မိုးကြိုးက သူ့ကို မသတ်ခဲ့ပါဘူး၊ ဆုံးမရုံ ဆုံးမခဲ့
ကဲ့၊ နောင်တော့ သူ ကျွန်မရှိရာ သီလရှင်ကျောင်းကို ရောက်လာ
ကြိမ်းဝါးခြိမ်းခြောက်ခဲ့ပေမယ့် ကျောင်းထိုင်ဘုန်းကြီးနဲ့ သီလရှင်များ၊
ရွာသူကြီးနဲ့ ရွာသူရွာသားများ စောင့်ရှောက်ပေးမှုကြောင့် ကိုဘသိန်း
ရဲ့ ရန်က ကင်းဝေးခဲ့ရပါတယ်၊ နောင် မကြာခင်မှာပဲ ဘသိန်းဆောင်
တစ်ခုမှာ ဖဲလိမ်ရိုက်ရင်း စကားများရာက ဓားထိုးမှုနဲ့ ထောင်ငါးနှစ်
မသိဘူး ကျသွားတယ်လို့ ကိုမိုးကြိုး ပြောလို့ သိရတာပဲ'

'ဟူး. . .ဒီလိုလိုး. . .ဒီလိုကိုး၊ သစ္စာမဲ့တဲ့ကောင်ကွာ. . .

ပေါက်ချွန်းက မယားလုပ်သူရဲ့ ရှင်းပြချက်စကားများကို ကြား
တော့ နာကြည်းစွာ ရေရွတ်လိုက်၏။ ဒါနှင့်အတူ သူ အထင်လွဲခဲ့ရ
မိုးကြိုးရဲ့ စိတ်ဓာတ်အမှန်ကိုလည်း ပို၍ နားလည်သဘောပေါက်ခဲ့ရ

'ခု. . .မိုးကြိုး ဘယ်ရောက်နေလဲ. . .အလှ'

'ကျွန်မ အစ်ကိုမိုးကြိုးကို နှစ်အတန်ကြာ မတွေ့ခဲ့ရဘူး၊ ဒီ
ပြီးခဲ့တဲ့ (၁၀)ရက်ခန့်က အစ်ကိုမိုးကြိုး ကျွန်မတို့ သီလရှင်ကျောင်း
ရောက်လာခဲ့တယ်၊ ဒီအချိန်မှာ သူဟာ အရင်တုန်းကလို မုတ်ဆိတ်ပါး
မွေး ဆံပင်ရှည်ရိုင်းရိုင်းနဲ့ လူကြမ်းကြီး ကိုမိုးကြိုး မဟုတ်တော့ဘူး၊
ဝတ်စုံနဲ့ စိတ်ပုတီးနဲ့ ကိုမိုးကြိုး ဖြစ်နေပြီ. . .သူ့သွင်ပြင်ဟန်ပန်ရော





ကားရော အပြုအမူများဟာရော အလွန့်ကို ထူးဆန်းအံ့ဩစရာ ကောင်း
တယ်၊ ဒီမှာ သူက ကျောင်းကို ရောက်လာပြီး ကျွန်မကို ပြောခဲ့တယ်'

'ညီမလေး. . .သီလရှင်ဘဝက ခေတ္တ ထွက်လိုက်ပါဦး'

'ရှင်. . .ဘာလို့လဲ အစ်. . .ကို. . .အဲ. . .အဲ. . .ဒကာကြီး'

'ညီမလေး လောကီမှာ တာဝန်ယူဖြေရှင်းပေးစရာတွေ ကျန်နေ
သို့'

'ဆရာလေး. . .နားမလည်ဘူး ဒကာကြီး'

'ညီမလေးရဲ့ ခင်ပွန်း ဒုက္ခသိပ်ရောက်နေတယ်၊ ပြီး ညီမလေးရဲ့
သွေး သမီး မီးဖွားရတော့မယ်. . .အဲဒီကလေးမလေး ကြီးရွာသော
ဆင်းရဲကို ရင်ဆိုင်ခံစားရတော့မယ်. . .ညီမ. . .ကုသိုလ် အတော်အတန်
ပြီ အစ်ကို ညီမရဲ့ သာသနာပြုလုပ်ငန်းကို ဝင်ဖျက်ဆီးတာ မဟုတ်
ညီမလေး ဘာကြောင့် သီလရှင်ဘဝကို ဝင်ရောက်ခိုလှုံရတာလဲဆိုတာ
လေး အသိဆုံးပါပဲ. . .ညီမလေးရင်ထဲမှာ ဘယ်လိုခံစားနေရဆဲလည်း
အစ်ကို သိနေပါတယ်၊ အိမ်ကို ခဏပြန်ပါ၊ သောကမီးများကို
ငြိမ်းပေးပါ၊ ပြီးရင် လင်သားနဲ့ သမီးမြေးများရဲ့ သဘောတူဆန္ဒကို
ယူပြီး မြင့်မြတ်သော ဟောဒီဘဝအမှန်ရှိရာကို ပြန်လာခဲ့

'ဖြစ်. . .ဖြစ်. . .ပါ့မလား. . .ဒကာကြီးရယ်'

'အစ်ကို. . .ရဲလမ်းလို့ ထင်ထားတဲ့ အဲဒီအရပ်မှာ ပန်းခမ္မယာ
ခင်းပေးမယ်၊ ညီမ (၇)ရက်စေ့ရင် လင်သူတော်ကောင်းကို ပြန်လည်
ဆင်အကျွေးပြုပါ။ ဒါနသီလ ဘာဝနာပြုပါ. . .အစ်ကို သွားမယ်'

'အဲဒီလိုနဲ့ မှန်ရာပြောရရင် အကြောင်းကြောင်းကြောင့် သီလရှင်
နဲ့ ဝင်ရောက်ခိုလှုံနေရပေမယ့် စိတ်က တရားထဲမှာ မတည်ငြိမ်ခဲ့ဘူး၊
လင်သားနဲ့ ရင်သွေး သမီးကို ခံနေ့စဉ် သတိရပြီး မျက်ရည်ကျနေရတာ
. .ဒါကို ခံစားနားလည်တဲ့ ဆရာတော်ဘုန်းကြီးနဲ့ သီလရှင်ဆရာကြီးများ
ပြုချက်နဲ့ ကျွန်မ ဒီကို ပြန်ရောက်ခဲ့တာပဲ အစ်ကို၊ ကျွန်မကို ခွင့်လွှတ်
. . .ကျွန်မ အစ်ကို့အပေါ်မှာ သစ္စာရှိနေဆဲပါ အစ်ကိုရယ်. . .အီး
. . .အင့်'

ပေါက်ချွန်းရော ကျွန်တော်ရော အနီးရှိ လူများပါ စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ပေါက်ချွန်းကလည်း ဖနီးသည်ကို ခွင့်လွှတ်သည်။ အားလုံးရဲ့ မျက်ရေ
စွတ်စိုသော အပြုံးများသည် သောကရပ်ဝန်းမှာ စိမ်းစို ရှက်နုသစ်ဝေသော
မေတ္တာ ကရုဏာမိုးများ အဖြစ် ချက်ချင်း ပြောင်းလဲသွားခဲ့၏။

'အမေ'

'သမီး'

'ဟောဒါ. . . အမေ့ မြေးလေး'

'ဟင်. . . ဒါ. . . ဒါ. . . ငါ့မြေး. . . ငါ့မြေး. . . အို ချစ်စရာလေး
လား မြေးရယ်'

လှအုံးမယ်က ကဲကဲ ချီယူလာသည့် အနီးထုပ်ကြားမှ မျက်နှာ
ဝိုင်း ချစ်စရာကလေးငယ်လေးရဲ့ မျက်နှာကို တစ်ရှိုက်မက်မက် နမ်း
ရင်ခွင်ကြားမှ ပွေ့ပိုက်၍ ပီတိများ ရွှန်းစိုတောက်ပလျှက်ရှိလေသည်။

♛ ♛ ♛

# ပဲခူးမြို့သချိုင်းဟိုတယ်မှာထမင်းကျွေးသူ

ကျွန်တော်တို့ဘဝများသည် 'ရှာပုံတော်ဘဝများ' ဖြစ်နေကြသည်ကို ပြန်လည်သုံးသပ်မိကြ၏။

လွန်ခဲ့သော ကာလများက ကျွန်တော်တို့လေးဦး နယ်ပယ်အသီးသီးမှသည် စစ်ပြေးရင်း ရှောင်တိမ်းရင်း ဒုက္ခသောကများကို ပွေ့ပိုက်ရင်း ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဆုံစည်းရင်းနှီးခဲ့ကြသည်။

စိတ်တူကိုယ်တူ လူသွမ်းများဖြစ်၍ ဘုန်းကြီးကျောင်းမှ ခွာခဲ့ရပြီး သည့်နောက် ထူးဆန်းလှသော လူပျော်လူကြမ်း မဟုတ်မခံ လူဆိုးကြီး ကျွန်းပြန် ကျောက်ဘီလူးဘကျွန်းဆိုသူ ဆရာသခင်ရှိရာမှာ ရောက်ရှိခဲ့ကြပြန် သည်။

လက်ထိပ်နှင့် ထောင်နှုတ်ခမ်း နီးသော်လည်း သဘောကောင်းလွန်း ကြင်နာစိတ်ထား ပြည့်ဝလွန်းလှသည့် ဆရာကြီး ကျွန်းပြန်ဘကျွန်းရဲ့ ခင်ခွင်ရိပ်မှာ ကြောင့်ကြမဲ့ ခိုလှုံနေရာမှ ကျေးဇူးရှင်ဆရာကြီး ပင်လယ်ထဲမှာ မြင်းရော လူရော အသတ်ခံလိုက်ရသောအခါ ဘဝများ ဝါးအစည်း ပြေသွားခဲ့ ကြ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက နားကြည်းစရာဘဝအတွက် ချစ်သူနှင့် ရန်သူကို မြေလှန်ရှာဖွေခဲ့သည်။

သည့်နောက် ပေါက်ချွန်းက ချစ်ဇနီး လှအုံးမယ်အတွက် မိုးကြိုးနှင့် ဘသိန်းဆောင်ကို ခားဆွဲပြီး သုတ်သင်ရန် လိုက်ရှာခဲ့ပြန်သည်။

ဟော. . . ယခု. . . ကျွန်တော်က လူဆိုးလူကြမ်းကြီးဘဝမှ ထူးဆန်းစွာ ဂမ္ဘီရ ပဥ္စလက်လိုလိုနှင့် စိတ်ရောကိုယ်ပါ လုံးဝ အသွင်ပြောင်းသွားခဲ့သည့် သူငယ်ချင်း သူတော်စင်တစ်ဖြစ်လည်း မိုးကြိုးကို လိုက်ရှာခဲ့ရပြန်ပြီ။

ပြေးသူများက ရှေ့မှ ပြေးနေကြ၏။

လိုက်သူများကလည်း ဒေါသ၊ အာဃာတ ချည်ခြင်းများနှင့် လိုက်ရှာကြ၏။

အခု. . . ကျွန်တော်က မေတ္တာစိတ်ဖြင့် လိုက်ရှာနေရသည်။

ဟောဒီ ဘဝစက်ဝိုင်းစည်းရိုးအတွင်း ကျွန်တော်တို့ ပြန်ဆုံကြပါမည်လား။ ပြန်ဆုံခဲ့ရင်ရော အငြိုးနှင့် အာဃာတများ ပြေကြပါမည်လား။

သွေးသံရဲရဲ ဇာတ်ကြမ်းကို အားရပါးရ က,နေကြမှာလား။

အချစ်နှင့် ပြန်လည် ထုံမွှမ်းနုသစ်သည့် နောက်ပိုင်းဇာတ်ကို ငြိမ်းချမ်းမှုမှာ က,ပြကြမည်လား။ မပြောတတ်. . . လုံးဝ မပြောတတ်။

မိုးကြိုးကို ကျွန်တော် ဘယ်အရပ်မှာ ရှာရမှာလဲ။

မိုးကြိုးသည် ဘုန်းကြီးရဟန်းလည်း မဟုတ်။ ဒါဆို သူ ဘုန်းကြီးကျောင်းများမှာ ရှိနိုင်ပါ့မလား။ သို့သော် သူ့လုပ်ငန်းသည် တရားဓမ္မနှင့် နီးနွယ်ပုံရသည်။ ယောဂီဝတ်နှင့် သူတော်စင်။

သို့နှင့် ဘုန်းကြီးကျောင်းများမှာ လိုက်၍စုံစမ်း၏။ ဘုန်းကြီးများက မသိဟု ငြင်းဆိုကြ၏။ သည့်နောက် ယောဂီကမ္မဋ္ဌာန်းကျောင်းများ ရှိရာသို့ စုံစမ်းပြန်၏။ မိုးကြိုးကို သူတို့မသိကြ။

မိုးကြိုးကို ဒါဆို ဘယ်တော ဘယ်တောင်မှာ ရှာရမှာလဲ။

ဘယ်ဂူ၊ ဘယ်သချိုင်းမှာ ရှာရမှာလဲ။

နောက်ဆုံး စိတ်ညစ်ညစ်နှင့် ပဲခူးရွှေမော်ဓောဘုရားရှေ့မှာ ဝပ်စင်းရင်း ဆုတောင်းလိုက်တော့သည်။

'အရှင်မြတ်ဘုရား. . . ဘုရားတပည့်တော်သည် သူငယ်ချင်း မိုးကြိုးကို လွန်စွာ သံယောဇဉ် ကြီးလှပါသည် ဘုရား။ ယခုဘဝမှာ ဆိုးတူမိုက်ဖက်လည်း တွဲခဲ့ဖူးပါသည် ဘုရား. . . ဤမှန်သော သစ္စာစကားကြောင့် ချစ်သူငယ်ချင်း မိုးကြိုးကို ပြန်လည်ဆုံစည်းရပါလို၏ အရှင်မြတ်ဘုရား'

သို့ကလို စိတ်မောစွာဖြင့် သစ္စာပြု အဓိဋ္ဌာန်ပြီး ဘုရားရှင်ရုပ်ပွားတော်မြတ်ကြီးကို ရှိရှိသေသေ ဦးသုံးကြိမ် ချလိုက်၏။ မှန်ရာကိုပြု ချလျှင် ဘုရားကို အခုမှပဲ ရှိခိုးဖူးတော့၏။ ဘုရားကို ဦးချပြီး မျက်နှာတော်ကို ကြည်ညိုနေစဉ် ကျွန်တော့်ပခုံးကို နောက်ဘက်မှ တစ်စုံတစ်ဦးက လက်နှင့် ဘုတ်လိုက်၍ အလန့်တကြား လှည့်ကြည့်လိုက်သောအခါ. . .

'ဟင်. . . မင်း. . . မင်း. . . မိုး. . . ကြိုး. . . မိုး. . . ကြိုး. . . မဟုတ်. . . လား'

'ဟား. . . ဟား. . . ဟား. . . ဟား'

'မိုးကြိုး. . . မိုးကြိုး. . . မိုးကြိုးနော်'

'သိပ်ဟုတ်တာပေါ့ မောင်ဆိုင်းရာ၊ မင်း သိပ်တွေ့ချင်နေမှာပေါ့ ငါ အရောက်လာခဲ့ရတာပေါ့ သူငယ်ချင်းရာ၊ ဟား. . . ဟား. . . ဟား. . . ဟား'

'သူငယ်ချင်း'

ကျွန်တော် မော့ကြည့်နေရာမှ ဝမ်းသာအားရ ကုန်းထ,ပြီး မိုးကြိုးရဲ့ ကိုယ်လုံးကို တအားပွေ့ဖက်ထားလိုက်သည်။ ဖက်ထားသည်မှ ပြေးထွက်သွားမှာစိုးသည့်အလား မလွှတ်တမ်းကို ဖက်ထားလိုက်၏။

မိုးကြိုးကား တဟားဟား ရယ်၍မဆုံး။

ဘုရားဖူး ခရီးသွားအချို့က ကျွန်တော်တို့နှစ်ဦးရဲ့ သဏ္ဌာန်ကို ကြည့်၍ ပြုံးသွားကြ၏။ ဝိုင်းကြည့်သူက ကြည့်နေကြ၏။ ဒီမှာ အရှုးလိုလို ဗျတ်စဗျင်းတောင်းနှင့် လူကြီးတစ်ယောက်က ကရင်းခုန်ရင်း အနားသို့ ရောက်လာကာ. . .

'သားအဖ ပြန်တွေ့ကြလို့လားဟေ့'

'ဗွီ. . . ဘယ်ကသားအဖရမှာလည်း အရူးကြီးရ'

'ဒါဖြင့် သမီးယောက်ဖ. . . အကြွေးစာရင်းရှင်းဖို့နဲ့ တူရဲ့. . . အဟဲ့ ဟဲ့. . . ဟဲ့. . . ဖက်ထားလိုက်တာ မလွှတ်တမ်းပဲ၊ မိန်းမသာဆို အရိုးပါ ခကြေရောဟေ့. . . အဟတ်. . . အဟတ်. . . အဟတ်၊ ကိုင်း ကိုယ့်လူတို့ အားရကျေနပ်ရင် လုပ်စမ်းပါဦး. . . ထမင်းဖိုးလေး တစ်ကျပ်လောက်. . . အဟတ်'







www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ စပ်စပ်စုစု အရှူးလိုလူကြီးက စကားရောဖောရောနှင့် ငွေတစ်ကျပ် လာတောင်းနေ၏။

'မရှိဘူးဗျ'

'အဟတ်. . . အဟတ်. . . လုပ်မနေပါနဲ့ ငါ့လူရာ မင်းအိတ်ထဲမှာ ငွေတစ်ရာ့ငါးဆယ်တောင် ပါသဥစ္စာ'

'ဟင်. . . ဟင်. . . ခင်ဗျား. . . ခင်ဗျား. . . အဲဒါ ဘယ်. . . ဘယ်လိုလုပ် သိသလဲဟင်'

ကျွန်တော် အံ့သြသွားရပြန်၏။ အရူးကြီး ပြောသည့်စကားက မှန်နေ၏။ ကျွန်တော့်အကျီအိတ်ထဲမှာ ငွေတစ်ရာ့ငါးဆယ်ကျပ်တိတိ ရှိနေ၏။ ဒါ သူ ဘယ်လိုလုပ် သိနေပါလိမ့်။ သူ့လည်း ကျွန်တော် ခုမှ မြင်ဖူးရကား. . .။

'လွယ်လွယ်လေးပါကွာ. . . မောင်ကောင်းတံဆိပ်လက်မှတ် ရာတန်တစ်ချပ်နဲ့ အနတ်ငါးဆယ်ကွ၊ မယုံရင် ထုတ်ကြည့်လိုက်. . . ဟဲ. . . ဟဲ ဟဲ. . . ဟဲ၊ မှန်ရင်တော့ တစ်ကျပ်ပေးနော် ကိုယ့်လူ. . . အဟိ'

သို့နှင့် ထူးဆန်းသော အရူးကြီးပြောစကား ဟုတ်မဟုတ် မှန်မမှန် သိရအောင် ပိုက်ဆံများကို ထုတ်ကြည့်လိုက်သောအခါ မောင်ကောင်းလက်မှတ်နှင့် ရာတန်တစ်ချပ်နှင့်အတူ အပြာရောင် ဆင်သစ်ဆွဲ ဆယ်တန်သုံးချပ်၊ ငါးကျပ်တန်နှစ်ရွက်၊ ကျပ်တန်ဆယ်ရွက်ကို အံ့ဩွယ်မြင်လိုက်ရ၏။

'ပတ်ဗေတို့ဂျို. . . ဟုတ်ရဲ့လား ငါ့လူ'

'ဟုတ်တယ်ဗျာ'

'ဟုတ်ရင် တစ်ကျပ်ပေးကွာ. . . ဆာလှပြီကွ. . . ဒေဗတို့ မုံ. . . ဂလုံး'

အရူးကြီးသည် ပိုက်ဆံလည်း လက်ဝါးဖြန့်တောင်းရင်းက ပါးစပ်ဆိုင်းတီး၍ လှုပ်နေ၏။ ဒီမှာ ကျွန်တော်က မိုးကြိုးရဲ့ မျက်နှာကို လှမ်းကြည့်ပြီး ဘယ်လိုလဲဟု မေးဆတ်ပြလိုက်သောအခါ မိုးကြိုးက ပြုံး၍ ခေါင်းညိတ်ရင်း. . .

'ပေးလိုက်'

'ရော့. . . ဗျာ. . . ရော့'

'အိမ်း. . . သာဓုဗျာ. . . သာဓု. . . သာဓု. . . ဗေတို့ဂျို. . . ငါ့လူ





ငွေတစ်ကျပ် လှူဒါန်း စွန့်ကြဲရခြင်း အကျိုးကြောင့် အနေမြတ်ပြီး ရွှေအရပ်မှာ အသေမြတ်ဦးမှာဗျာ. . . မိန်းမချော မိန်းမလှနဲ့ ညားဦးမှာပါဗျာ၊ ချမ်းသာဦးမှာဗျား။ ရွှေမော်ဓောဘုရားမှ အပြန်ကြွတော့မှာမို့

ပုဏ္ဏန်လက်မ××ကင်ရွှကရ××ရွှေစည်××မျက်နှာဝ နှစ်ပြင်ညီရအောင် ဆဲ့ရွှာစား××ဒေါင်ရွှေစည်ယွန်း××ပြောင်ပလောင်ပေါင်××ထီး××ပြောင် ပြောင် ပြောင့်ထီး××ဖုတ်ပေဗျို့'

အရူးကြီးသည် ကျွန်တော် ပေးလိုက်သည့် ငွေတစ်ကျပ်ကို လက်မ နှစ်ဖက်ကြားညှပ်၍ ပါးစပ်စည်တော်တီးပြီး အကနှင့် ကြွသွားလေရကား ဘုရားဖူးများက လူထူးကြီးကို ကြည့်၍ ရယ်ကြ၏။

ကြည့်နေဆဲမှာပင် လူထူးအရူးကြီးသည် သူ့လက်ထဲ ငွေစက္ကူတစ်ကျပ်အား မတ်တတ်ရပ်ပြီး သပိတ်ကြီးပိုက်၍ အလှူခံနေသော ဒေါက်ချာ ဆောင်း ရသေ့အိုကြီးရဲ့ သပိတ်ထဲသို့ထည့်ကာ ကခုန်အော်ဟစ်ရင်း ပြေးထွက်သွားလေသည်။

'မိုးကြိုး'

'ဘာလဲ. . . မောင်ဆိုင်း'

'မင်းနဲ့ ပြန်တွေ့ရတာလဲ အထူးအဆန်းကြီးပဲ၊ အခု ဘုရားပေါ်မှာ တွေ့ရတဲ့ လူအရူးကြီးကလည်း အံ့သြစရာကောင်းအောင် ထူးဆန်းနေတာပဲ၊ ငါ့အိတ်ထဲက ပါတဲ့ ပိုက်ဆံကို အတိအကျ ပြောနိုင်နေတယ်၊ အဲဒီလူကြီးက ဘယ်လိုလူကြီးလဲဟင်'

'ဝိဇ္ဇာကိုးကွ'

'ဟင်. . . ဝိဇ္ဇာ. . . ဝိဇ္ဇာဆိုတာ ဇော်ဂျီကို ပြောတာလား'

'မဟုတ်ဘူး. . . ပညာရှင်ကို ပြောတာ'

'ဝိဇ္ဇာဆိုတာ ပညာရှင်၊ ကြည့်တော့လည်း အရူးလိုလို'

'မြေလျှောက်ဝိဇ္ဇာဆိုတာ အဲဒါကို ပြောတာကွ၊ မင်း နားလည်အောင်ပြောရရင် ဝိဇ္ဇာလမ်းက ကျယ်ပြန့်ရှည်လျားတယ်၊ နောင်မှ အေးအေးဆေးဆေး ရှင်းပြမယ်. . . ဒါနဲ့ ထမင်းစားပြီးပြီလား'

'ဟင့်အင်း. . . မစားရသေးဘူး။ ဒါလဲ ငါ့သူငယ်ချင်းက ဟိုတယ်ဆောင်းကောင်းမှာ ကျွေးချင်တယ်ပေါ့'

'ဒါပေါ့. . . ဒါပေါ့'

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း. . . ဒါဆို သွားမယ်. . . ဝါးမယ်ဟေ့. . . ပြော ဘယ်ဟိုတယ်လဲကွ'

'ပဲခူးသချိုင်းဟိုတယ်'

'ဟင်'

ပဲခူးသချိုင်းသည် အုတ်ဂူကြီးငယ်များ၊ မြေပုံများ၊ သစ်သားမှတ်တိုင် အရွဲ့အစောင်းများနှင့် ချောက်ချားစရာကောင်းလှ၏။ ကျွန်တော်နှင့် မိုးကြိုးတို့သည် တရားနာသည့် ဇရပ်အိုပေါ်မှာ ထိုင်လိုက်ကြပြီး ဝယ်လာသည့် စားစရာများကို စားလိုက်ကြ၏။

မိုးကြိုးက တို့ကနန်း ဆိတ်ကနန်းမျှသာ စားသော်လည်း ကျွန်တော်ကား ဆာလောင်နေပြီဖြစ်၍ ငှက်ပျောရွက်ပေါ်၌ ချစ်တီးထမင်းကို နို့ဆီခွက်ထဲမှ ပဲကုလားချဉ်ရည်ဟင်းနှင့် အပြတ်တွယ်လိုက်၏။

ကျန်ထမင်းအချို့အား အနားမှာ ထိုင်ငေးကြည့်နေသည့် သချိုင်းခွေးသုံးကောင်သို့ ပစ်ကျွေးလိုက်၏။ ၎င်းနောက် နို့ဆီခွက်ထဲမှ လက်ဖက်ရည်ကို ဘင်ငုံ အရသာခံ၍ သောက်လိုက်သည်။

'မင်းကို ရှာရတာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရတာထက် ပင်ပန်းသေးသကွာ. . . မိုးကြိုးရာ. . . ချီးမှပဲ. . . ဟူး'

'ဘာလို့များ ငါ့ကို ဒီလောက် လိုက်ရှာနေရတာလဲ မောင်ဆိုင်းရာ'

'မရှာလို့ရမလားကွ. . . မင်းနဲ့ငါတို့ဟာ သွေးသောက်သူငယ်ချင်းတွေ၊ ဆိုးတူကောင်းဘက်တွေ. . . အခု လှအုံးမယ် ပြန်ရောက်နေပြီကွ'

'ကောင်းတာပေါ့ကွာ. . . အားလုံး အေးအေးဆေးဆေးပဲမို့လား'

'အေးဆေးတာတော့ အေးဆေးတာပေါ့ကွာ၊ မအေးဆေးခင်တော့ မင်းကိုရော ဘသိန်းဆောင်ကိုရော အထင်လွဲပြီး ပေါက်ချွန်းက သတ်ဖို့လိုက်ရှာသေးတာပေါ့. . . သူ့သမီး လှပိုကဲလေး အသည်းအသန်ဖြစ်တဲ့နေ့က မင်းရောက်လာတော့ ပွဲကြမ်းပုံကိုသာ ကြည့်လေ. . . အေး ဒါပေမယ့် မင်းသိဂ်ကို ထူးဆန်းနေတော့ ငါရော ပေါက်ချွန်းရော အရမ်းကို အံ့ဩသွားတာကလား၊ ဒီမှာ မင်းက သေကောင်ပေါင်းလဲ မီးနေသည့် သူ့သမီးကို မင်းတတ်သိတဲ့ ပညာဆန်းနဲ့ လုပ်ပေးလိုက်လို့ သပီးရော မြေးရော အသက်ချမ်းသာရရော၊ အံ့ဩဝမ်းသာ ကျေးဇူးတင်လွန်းပြီး မင်းနောက်ကို လိုက်ရှာပေမယ့် မင်းက လုံးဝ အတွေ့မခံဘူး။





ဘယ်ရောက်လို့ ရောက်သွားမှန်းလည်း မသိဘူး. . . တစ်ခါ မင်းရေးခဲ့တဲ့ စာအရ (၇)ရက်စေ့တဲ့နေ့မှာ လှအုံးမယ် ပြန်ရောက်လာတော့ ပိုပြီး အံ့ဩရတာပေါ့ကွ. . . ဒီမှာ လှအုံးမယ် အသေးစိတ်ပြန်ပြောပြလို့ မင်းရဲ့ သိဒ္ဓါသမာဓိကိုရော ဟိုကောင် ဘသိန်းဆောင်ရဲ့ ရက်စက်ယုတ်မာမှုကိုရော နားလည်ကြပြီး အားလုံးက မင်းကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်ချင် တောင်းပန်ချင်လွန်းလို့ တွေ့ချင်နေကြတာ'

'ငါ့ဘဝမှာ ဒီလို ဂုဏ်ပြုချီးကျူးမှုတွေ၊ ညွှတ်ဝတ်အပြုစု ခံချင်တာတွေ မရှိတော့ပါဘူး သူငယ်ချင်းရာ. . . အခု ငါက တစ်လမ်းသွား ဖြစ်နေပြီ'

မိုးကြိုးက စိပ်ပုတီးကို လက်တစ်ဖက်နှင့် စိပ်ရင်း မတုန်မလှုပ်သေသံနှင့် ပြောလိုက်၏။

'ငါ မသိလို့ မေးပါရစေ မိုးကြိုးရာ'

'မေးကွာ'

'မင်း. . . ဘယ်လိုလုပ်ပြီး ခုလိုဘဝမျိုးကို ပြောင်းလဲသွားတာလဲကွာ ဟင်. . .'

'အချိန်တန်လို့ပေါ့ကွာ'

'ဘယ်လို အချိန်တန်တာလဲ သူငယ်ချင်းရ. . . ရှင်းပါဦး'

'ကျွတ်ချိန်တန်လို့ပေါ့'

'ဒါဆို. . . ငါလည်း မင်းလို ကျွတ်ချင်တယ် သူငယ်ချင်းရာ'

'အချိန်တန်ရင် ကျွတ်မှာပေါ့ကွာ. . . မပူပါနဲ့'

'ဒါဆို. . . ငါက ဘယ်တော့ အချိန်တန်မှာလဲ'

'အခု. . . အချိန်တန်ပါပြီ. . . သူငယ်ချင်း'

'ဟေ. . . အခု အချိန်တန်ပြီ. . . ဟုတ်ပါ့မလား မိုးကြိုးရာ. . . ခုမင်းကို ငါလိုက်ရှာတာက. . . မင်းရဲ့ ထူးခြားပြောင်းလဲတဲ့ဘဝကို အလျှင်သိချင်နေတာနော်'

'သိပြီးရင် မင်းက ဘာလုပ်မှာလဲ. . . ကဲ'

'မင်းအကြောင်းကို. . . စာရေးမလားလို့'

'ဟား. . . ဟား. . . ဟား. . . ဟား. . . ဘာလဲ မင်းက လူဆိုးလူမိုက် ထောင်ထွက်ဘဝကနေ စာရေးဆရာလုပ်စားပြီး အကြံအဖန်ထုတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ပေါ့'

'ဟား...ဟား...ဟား...ဟား...အကြံအဖန် မဟုတ်ပါဘူး ကွာ၊ နောင်လာနောက်သားများ အတုယူလို့ ကောင်းတာ အတုယူဖို့ မှတ် တမ်းတင်ခဲ့ချင်လို့ပါ'

'မလုပ်ပါနဲ့ မောင်ရာ၊ ငါ နာမည်လည်း မကြီးချင်ပါဘူး၊ ကျော် စောလည်း မကျော်စောချင်ပါဘူး...ဘဝကို ဒီလိုပဲ အရိုးထုတ်သွားဖို့ ဆုံး ဖြတ်လိုက်ပါပြီ'

'ဒါဆို...မင်း ခင်မြနှစ်နဲ့ ဦးတသန်လျှင်းကိုတ်ကို သတိမရဘူး လား'

'အင်း...ခင်မြနှစ်နဲ့ ဦးတသန်လျှင်းကိုတ်...'

သူ အတိတ်ဘဝထဲက အဓိက ဇာတ်ကောင်များ၏ အမည်ကို ရေရွတ်ရင်း အဝေးသို့ ငေးကြည့်နေ၏။ နွေလေကြောင့် သချိုင်းကုန်းထဲ ကုက္ကိုပင်နှင့် ညောင်ပင်များမှ ရော်ရွက်များ မြေပြင်သို့ လွင့်ကြွေကျနေ၏

'ဗုဒ္ဓဘာသာဝင်ဘဝနဲ့ ဗုဒ္ဓရဲ့ တရားဓမ္မကို အကြွင်းမဲ့ သက်ဝင် ယုံကြည်ထားရင် အတိတ်ဘဝကာ၊ ပစ္စုပ္ပန်ကာ၊ အနာဂတ်ကာ ကာလသုံးပါး နားလည်ကြတယ် မောင်ဆိုင်း၊ မင်းနဲ့ငါ သူတို့ စနက်ကြောင့် ထောင်ကျ ရတာ...သည်အတိတ်ဘဝဟောင်းက မင်းနဲ့ငါတို့ ပြုခဲ့တဲ့ အကုသိုလ် တရား အကျိုးဆက်ပဲ၊ ဟိုးဘဝက ငါတို့က သူတို့ကို အဲဒီလို ပြုမူခဲ့ အဲဒီအကျိုးဆက်ကို သံသရာ ပြန်လည်ပြီး ဝဋ်ကြွေးဆပ်တဲ့သဘောနဲ့ ဒီပစ္စုပ္ပန် ဘဝသစ်မှာ ငါတို့ ပြန်အကြွေးဆပ်ရတာ၊ ဒါကို နားလည်သဘောပေါက် က ငါတို့အားလုံး သူတို့တစ်မျိုးလုံးကို သတ်ဖို့ မြေလှန်ရှာခဲ့တာ ပေါ့...ရှာရင်း နဲ့ ဘဝပြောင်းသွားတာပဲ'

'ငါ့ကို ပြောင်းပုံလေး ပြောပြပါလား သူငယ်ချင်းရာ ဟင်'

'အေး...ပြောပြမယ်၊ ပြောရရင် ငါ့ကိုယ်ငါလည်း ခုလို ဘဝ ရောက်လိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူး၊ ဒီလို မောင်ဆိုင်းရ...'

ယခု အချိန်မှစ၍ သူငယ်ချင်း မိုးကြိုး ပြောပြသည့် သူ့ဘ အဆန်းတကြယ် ပြောင်းလဲပုံကို ဝတ္ထုဇာတ်လမ်းသဖွယ် ပြန်၍ရေးသားဖော် ပြရပေသည်။

♛ ♛ ♛

# မြို့တော်ကိုအရှင်သခင်စောင့်တယ်

မိုးကြိုးတစ်ယောက် ဘသိန်းဆောင်နှင့် (လူအုံးမယ်)ကိုစွှနှင့် စကား များပြီး သတ်ပုတ်ကြသည်။ နှစ်ဦးစလုံး လုံးတူဒေါက်တူမှ လက်ရည်က ညီနေကြ၏။

ဒီနေရာမှာ ဘသိန်းဆောင်က တဏှာရာဂ လောင်မီးကျ၍ ဒေါသ နှင့် သတ်ပုတ်သော်လည်း မိုးကြိုးက သစ္စာတရားအတွက် ဆုံးမသည့် သဘောနှင့် တိုက်ခိုက်သတ်ပုတ်ကြခြင်း ဖြစ်သည်။

ရေရှည်မှာ ဘသိန်းဆောင် လက်ပန်းကျလာခဲ့သည်။ နောက်ဆုံး ဓားမြှောင်ကို ကောက်၍ မိုးကြိုးရင်ညွှန့် ရှိရာသို့ တအားပစ်ပေါက်လိုက် သည်။

'ဗိုး'

'ဖတ်'

'ဟင်'

ဘသိန်းဆောင် ကြီးစွာ တုန်လှုပ်သွားခဲ့ပြီ။ အကြောင်းကား မိုးကြိုးသည် သူပစ်လိုက်သည့် ဓားမြှောင်ကို ကိုယ်လှည့်ကြဲပြီး လက်နှင့် ဖမ်းဆီးလိုက်သောကြောင့် ဖြစ်၏။ ဒီမှာ သူ အခြေအနေ မဟန်တော့မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိပြီး အိမ်ပေါ်မှ ခုန်ချ၍ တစ်ချိုးတည်း ထွက်ပြေးတော့သည်။

'ဗိုး'

'ဒုတ်'

'အမလေး'

နောက်ပြန်လှည့်ကြည့်လိုက်တော့ မိုးကြိုးက ဓားမြှောင်နှင့် သူ့ကို လှမ်းပစ်လိုက်သည်။ ကံကောင်းလေစွ။ ဓားမြှောင်သည် သူ့လက်ဘယ်ဘက်မှ ခြံစည်းရိုးတိုင်မှာ လာစိုက်နေလို ဘသိန်းဆောင် လုံးဝ လှည့်မကြည့်တော့ လွတ်ရာသို့ ပြေးတော့သည်။

မိုးကြိုး ဝါးတိုင်မှ ဓားမြှောင်ကို ဆွဲနှုတ်ပြီး လှအုံးမယ် ထွက်သွားရာသို့ လိုက်ခဲ့လိုက်သည်။ နှစ်ရက်ကြာမှ လှအုံးမယ်နှင့် တွေ့ရ၏။ သည်တုန်းက လှအုံးမယ်က ရေကန်တစ်ကန်ထဲ ခုန်ချ သေကြောင်းကြံစည်သည့် အချိန်။

သူမကို ကယ်ခွင့်ရပြီးနောက် သီလရှင်ကျောင်းမှာ အင်္ကနှံခဲ့ပြီး စိတ်ညစ်ညစ်နှင့် ခြေဦးတည့်ရာသို့ ထွက်လာခဲ့လိုက်တော့သည်။

ဒီဖြစ်ရပ်များကို ပေါက်ချွန်းကို ပြောပြလို့ရော ယုံကြည်ပါ့မလား။ သူ့ဝန်းကျင်က လက်ခံပါ့မလား။ လက်ခံနိုင်ရင် ကောင်းရဲ့။ လက်မခံနိုင်လျှင် သူငယ်ချင်း အချင်းချင်း ဓားတပြက် တုတ်တပြက်နှင့် သူ ထောင်ထဲထဲ လိမ့်မည်။

သူ ဒီကိစ္စနဲ့တော့ ထောင်ထဲပြန်မဝင်ချင်။

ဝင်ချင်း ဝင်လျှင် ဦးတသန်လျှင်းကျိတ်နှင့် အသည်းစားသည့်မိန်းမ ခင်မြနှစ်ကို အသေသတ်ပြီးမှ ကြိုးစင်တက်မည်။

ခုတော့ ခြေသလုံးအိမ်တိုင်ဘဝက လာခဲ့သူ ခြေသလုံးအိမ်တိုင်ဘဝနဲ့ အနာဂတ်မရှိ လမ်းပေါ်ကို စမ်းတဝါးဝါး လျှောက်ရပေဦးမည်။

သူ ဆိုးဝါး ရက်စက်လှသည့် ကံကို ရင်နာလွန်းလို့ မဆုံး။

သို့နှင့် တစ်နေ့သောအခါ သူ လမ်းခရီးမှာ အသိတစ်ယောက်နှင့် သွားတွေ့တော့သည်။ ထိုသူကား သူခိုး တင်။

'ဟေ့လူ... ခင်ဗျား ကိုမိုးကြိုး မဟုတ်လား'

'ဟာ... တင်... မင်း... မင်း သူခိုး တင်နော်'

'ဟာဗျာ... တိုးတိုးလုပ်စမ်းပါ... ကိုမိုးကြိုးရာ ခင်ဗျားကလည်း





အတော်ပဲဗျာ... ကျုပ် ခင်ဗျားကို သတင်းကောင်းတစ်ခု ပေးမယ်၊ အရက်တော့ တိုက်ဗျာ'

'လုပ်ပြီ... မင်းကတော့ အရက်ပဲနော်... အမြည်းမပါဘူး'

'ကိုမိုးကြိုးကြီးကလည်းဗျာ... အရက်တိုက်မှတော့ အမြည်းမှာ နှင့်ဘိုမနေပါနဲ့ဗျာ... ဒါနဲ့ ပြည့်စုံအောင်တော့ လုပ်ပါဗျာ၊ ခင်ဗျား အကျိုး အတွက်ပါ'

သူခိုးတင်တို့က အပြောကောင်း၏။

'အမြည်းများကွာ ကိုယ့်လက်ညှိုးကို ပြန်စုပ်ပြီး မြည်းလဲ မူးတာပဲ'

'တွိ... ကြံကျနေတာပဲဗျာ... လာပါ... ခင်ဗျား ဝမ်းသာမှာပါ'

ဒါနှင့် နှစ်ဦးသား ထန်းတောတစ်ခုသို့ ဝင်လိုက်ကြပြီး ထန်းရည်နှင့် ချက်အရက် တစ်လုံး။ အမဲခြောက်ကြော်များကို မှာလိုက်ကြသည်။ ထန်းရေသောက်စရာများ ရောက်သည်နှင့် သူခိုးတင်က အရက်ကို အလှုင် ... အပိုင်အဆိုင်များကို ... မြေကြီးသို့ စတိ သွန်လိုက်၏။ ငှင်းနောက် တော်င ... မှတ် မော့လိုက်၏။ ပြီးနောက် ထန်းရည် ... အရက် ... ရောသမပြီး နောက်တစ်ခွက်မော့ကာ အမြည်း ကို ဝါး၏။

'ဟေ့ကောင် တင်... ပြောလေ... ဘာသတင်းလဲ'

'ခင်ဗျား ယောက္ခမ ဘကြီး... ရွာပြန်ရောက်နေတယ်ဗျ'

'ဘာ... ဘယ်လို... ငါ့ယောက္ခမ ဘကြီး... ဘယ်သူလဲကွ ... တောင်ရ ငါလည်း မိန်းမ မရဖူးသေးပါဘူး... သူခိုးရာ'

'ဟား... ဟား... ဟား... ဟား... ဘယ်သူရမှာလဲ ကိုမိုးကြိုး ... ခင်ဗျားရဲ့အချစ်ဆုံးကြီး... သူကြီးဟောင်း ဦးတသန်လျှင်းကျိတ်လေဗျာ၊ ဟား... ဟား... ဟား... ဟား'

'ဘာပြောတယ်... ဦးတသန်လျှင်းကျိတ်... ပြန်ရောက်နေတယ် ... အဲ့ဒါ အမှန်ပဲလား၊ တင်'

'ဟောဒီ သောက်နေတဲ့ ထန်းရက် အပင်းအဆိုင် ဖြစ်ရစေရဲ့ဗျာ'

'အဲဒါ ဘယ်နှစ်ရက်ရှိပြီလဲကွ'

'ခင်မြနှစ်ရော ပါလာလား'

'ဟင့်အင်း'



www.burmeseclassic.com

www.burmeseclassic.com



'တောင်'

'ဘာလဲဗျ. . . အေ့. . . အေ့. . . အေ့'

'ကျိန်းသေတယ် နော်'

'ဒီစကားမှန်ခဲ့ရင် ဖြစ်လေရာဘဝတိုင်း သူခိုးတောင်ဘဝမှ လွတ်မြောက်ပြီး သူကြီးတောင်. . . သူဌေးတောင်၊ ပွဲစားကြီးတောင် ဖြစ်ရပါစေဗျား'

'သောက်ကွာ. . . ချ. . . မင်းကြိုက်သလောက် မှာသောက်စမ်း'

'တကယ်နော်'

'အပြန်မှာ ဒီထန်းတောပါ ငါ ဝယ်ပြီး လက်ဆောင်ပေးဦးမှာပါကွ'

'အဟတ်. . . အဟတ်. . . ကိုမိုးကြိုးကိုက အဲဒီလောက် အပြောကောင်းတာတောင် ရည်းစား အပတ်ခံရပြီး ထောင်ကျရတာ အံ့ရောဗျာ'

မိုးကြိုး သူခိုးတောင် စကားကြောင့် မျက်နှာတစ်ချက် ပျက်သွား၏၊ သည့်နောက် နှစ်ယောက်သား ထန်းရည်နှင့် အရက်ကို စိတ်ကြိုက်သောက်ကြသည်။ သောက်လို့ဝမှ ပိုက်ဆံရှင်းပြီး ထန်းတောမှ ထွက်ခဲ့ကြသည်။

မိုးကြိုး မော်တော်ကြုံစီး၍ ပင်လယ်ရွာကြီး ရှိရာသို့ လာခဲ့လိုက်၏၊ နောက်တစ်နေ့မှာ ပင်လယ်ရွာသို့ ရောက်၏။ မောင်ရီသန်းသည်နှင့် ဗုက်ကြီးတောင် ခေါ်ရှည်ကို ကျောမှာသိုင်းလိုက်ပြီး မြင်းတစ်ကောင် ငှားကာ ကန့်စွန်းတောရွာရှိရာသို့ စိုင်းခဲ့၏။ ည(၈)နာရီခန့်မှာ ကန့်စွန်းတော သချိုင်းသို့ ရောက်ခဲ့ပြီး မြင်းကို ,သချိုင်းထဲမှာ ချည်ထားခဲ့ကာ ရွာခြေသို့ တိတ်တဆိတ် ချဉ်းကပ်ခဲ့သည်။

ခက်သည်က သူကြီး ဦးတသန်လျင်းကိုတ်က ဘယ်အိမ်မှာနည်း။ အလျင် သူ နေခဲ့သည့် အိမ်မှာပဲလား။

ဒါမှမဟုတ် သူ့ဆွေမျိုးများ အိမ်မှာ တည်းနေရော့သလား။ အလျင်ဦးဆုံး သူ သူကြီးအိမ်ဟောင်း ရှိရာသို့ ချဉ်းကပ်လိုက်၏။ သူကြီး ခြံတံခါးကန့်လန့်ထိုးထားသည်ကို တွေ့ရသည်။ အိမ်တံခါးလည်း ပိတ်ထား၏။

'ဝုတ်. . . ဝုတ်'

'ဝုတ်. . . ဝုတ်'

'အူ. . . အီ. . . အူ. . . အူ. . . အူ'

ခွေးနက်ကောင်အနက် တစ်ကောင်က သူ့ကို ဆီး၍ဟောင်ပြီး တစ်





ကောင်က မကောင်းဆိုးဝါးကို မြင်ရသည့်အလား အူတော့၏။ သူ ကျောစိမ့်သွားသည်။ ခွေးရှိလျှင် လူမရှိနိုင်ဘူးလား။ သို့နှင့် တံခါးကန့်လန့်ကို မ,၍ခြံဝိုင်းထဲသို့ ဝင်လိုက်၏။

'ဝုတ်. . . ဝုတ်'

'ကိုင်းဟာ'

'ဂိန်. . . အိန်. . . အိန်'

ခဲမှန်သွားသဖြင့် ခွေးနှစ်ကောင် ထွက်ပြေးတော့၏။ ခွေးများမရှိမှခါင်းရင်း ထရံပေါက်မှ အထဲကို ခြောင်းလိုက်သည်။ မှောင်နေ၍ ဘာမှမမြင်ရ၊ အသာ နားစွင့်ကြည့်သည်။ လူသံ သူသံ လုံးဝ မကြားရ။ သို့နှင့် သံရံကို လက်နှင့် ပုတ်၍ အသံပေးကြည့်ပြန်၏။ သုံးလေးကြိမ် ပုတ်သည့်တိုင် ဘာသံမျှ မကြားရသောအခါ သူ စိတ်ခတ်ကျစွာဖြင့် ခြံထဲမှ ထွက်ခန့် ပြင်လိုက်စဉ် ခြံဝမှာ လူရိပ်အချို့ကို မြင်လိုက်ရ၍ ခေါ်ရှည်ကို ရှိုးခနဲဆွဲထုတ်ပြီး အသင့်ပြင်လိုက်သည်။

'မိုးကြိုး. . . ထွက်ခဲ့'

'ဟင်. . . ငါမှန်း သူတို့သိနေပါကလား. . . ဘုရားရေ'

'ဟေ့ကောင် ထွက်ခဲ့ပြီး. . . အဖမ်းခံနော်၊ မင်း အကြံကို ငါတို့သိဘယ်၊ အဖမ်းမခံရင် ဒီတစ်ခါ မင်း အသေပဲ၊ ဟေ့ကောင် ထွက်ခဲ့လေ၊ ငါတို့ ကာကွယ်ရေးတွေကွ. . . ခု ထွက်ခဲ့'

'ဘုရား. . . ဘုရား' ကာကွယ်ရေးအဖွဲ့ဆိုပါလား။ ဒါဆို သူကြီးဦးတသန်လျင်းကိုတ်ရဲ့ အမျိုးအဆွေများပဲ ဖြစ်လိမ့်မည်။ ဒုက္ခပဲ။ ဘယ်လိုလုပ်ရမလဲ။ မထူးပြီ၊ ဘဝက သေမထူး နေမထူးဘဝ ရောက်နေပြီမို့ အညံ့တော့ မခံတော့။ သူ နောက်ကို လေးငါးလှမ်း ဆုတ်လိုက်ပြီး ခြံစည်းရိုးကို လွှားခနဲ ခုန်လိုက်သည်။

'ခုန်ထွက်ပြီဟေ့. . . ပစ်'

'ဖောင်း'

'ရှိုး'

'ဒိုင်း'

ကျည်ဆန်များက သူ့ကိုယ်နံဘေးမှ ပွတ်ကာ သီကာ တို့နမ်း၍ပြေးသွားကြ၏။ မြေကြီးပေါ် ခြေကျသည်နှင့် ကျွမ်းထိုး၍ လိမ့်ပြီး ပြေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မလွတ်စေနဲ့. . . အရှင်မိအောင်ဖမ်း. . . ဒီကောင့်မှာ အကြံရှိတယ်'

'သူကြီးကို သတ်မလို့ နေမှာကွ'

'ခင်မြနှစ်ကို လိုက်ရှာတာလည်း နေမှာ'

'ထောင်ထွက်ဉစ္စာ. . . သစ္စာရှိမလားကွ'

'ဟေ့ကောင်. . . ထောင်ထွက်. . . မပြေးနဲ့'

'လိုက်ဟေ့. . . ဝိုင်းထား. . , ဝိုင်းထား. . . မလွတ်စေနဲ့'

ရှေ့နောက် ဝဲယာ လူအုပ်က ဝိုင်းမိသွား၏။ ပြေးမလွတ်သည့် အဆုံး နီးရာလူကို ဓားနှင့် ပိုင်း၍ ဖောက်ထွက်လိုက်သည်။

'ရွင်'

'ထန်'

'ကျား'

'ကျား'

ဓားချင်းထိသံသည် ညဥ့်ယံမှာ ကျယ်လောင်လှ၏။ သူတစ်ပြန် ကိုယ်တစ်ပြန် ခုတ်နေစဉ် သူ့ညီ့သကျည်းကို တုတ်တစ်ချက်ထိပြီး သူမှောက် လျက် လဲကျသွား၏။ ဒီမှာပဲ သူ့ကိုယ်ပေါ်သို့ လက်နက်မျိုးစုံ ကျရောက်လာ ခဲ့တော့၏။

'ကိုင်းကွာ. . . ကဲကွာ'

'ဖုန်း. . . ဖုန်း'

'အင့်'

'သေဟ. . . ထောင်ထွက် သူခိုး'

'ဖြောင်း'

'ခွပ်'

'အား'

'ဝိုး'

'ခွပ်'

'အမလေးဗျာ'

ဓါးချက် တုတ်ချက်နှင့် သေနတ်ဒင် ဆောင့်ချက်များက ဆက်တိုက် ကျလာသည်။ သူ့ကိုယ်ပေါ်မှ သွေးများ ပူနွေးစွာ ဖြာကျလာသည်။ မိုးကြိုး အသက်သေးကြောင့် ဒဏ်ရာ၊ ဒဏ်ချက်နှင့် ဝေဒနာကို အံကြိတ်ခံရင်း





ဓားကို စကြာလည်မွှေ၍ မြေကြီးမှာ ချာလပတ်လှည့်လို့ ခုတ်ရမ်းလိုက်သော အခါ လက်နက်များ ရှဲသွားသည်။

သူ အချိန်ဆိုင်းမနေတော့။

မြောင်းထဲသို့ ခုန်ချလိုက်၏။ မြောင်းထဲမှာ မြက်ရိုင်းပင်များ ဒင်းကြမ်း မြိုး ကိုင်းပင်များ ဟီးထနေသည်။ သူ ကိုင်းတောထဲသို့ တိုးလိုက်သည်။

'ကိုင်းတောထဲ ဝင်သွားပြီကွ'

'ပစ်. . . သေနတ်နဲ့ အသေပစ်'

'ဖောင်း'

'ဒိုင်း'

'ဖောင်း'

'ဒိုင်း'

ကျည်ဆန်များက ကိုင်းပင်များကို မှန်၍ ခါးကျိုးကျကုန်၏။ မိုးကြိုး ကိုင်းပင်ကြားရှိ နွားသွား လူသွားလမ်းမှ တောင်ဘက်သို့ ဖောက်ထွက်လိုက် သည်။ နောက်မှ အော်၍ လိုက်လာနေသည်ကို ကြားရသည်။ သူ ရေစီး မြောင်းထဲ ခုန်ချပြီး ခေါင်းဖော်ကာ မျှောလိုက်သည်။ မြောင်းကနေ ချောင်းထဲ သို့ ရောက်လာ၏။

ချောင်းရေကြောင့် သွေးခဲသလို ရှိလာ၏။ သည့်နောက် သချိုင်း ဒိုရာသို့ အားယူ၍ ဝင်လာလိုက်ပြီး မြင်းပေါ်တက်ကာ အပြင်းကဆုန်စိုင်း၍ အတန်ကြာ ခွဲခွာခဲ့ရသော ပင်လယ်ရှိရာ တံငါရွာများဘက်သို့ မှန်း၍ မှောင် ထဲမှာ ပြေးခဲ့လိုက်၏။

မြင်းပေါ်မှာ လှုပ်လွန်းသမို့ ကိုယ်ပေါ် ခေါင်းပေါ်က ဒဏ်ရာများ က သွေးများ ပြန်ထွက်၍ စီးကျလာ၏။ ကြာတော့ သူ မျက်စေ့များ ပြာပြီး မှုံဝေလာသည်ကို အံကြိတ်၍ ဝဲယာကို ကြည့်လိုက်သည်။ အရာရာသည် မျက်စေ့ထဲမှာ ဦးစိုက်ကျွမ်းပြန် ချာလပတ်လည်နေသည်။ အရှေ့ဘက်မှာ ရောင်နီပျို့နေပြီ. . .

မကြာခင် သူ မြင်းပေါ်မှ ပြုတ်၍ကျသွားခဲ့တော့သည်။

မည်မျှကြာကြာ မြေပြင်ပေါ်မှာ သတိလစ်မေ့မြောနေသည်လည်း မသိ။ အသံများ ကြား၍ မျက်စေ့ဖွင့်ကြည့်လိုက်တော့ နေရောင်ခြည်အောက် မှာ လူတစ်ယောက် လင်ကွင်းတီး၍ ကနေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝွမ်း. . . ဝွမ်း. . . ချမ်း. . . ချမ်း. . . ဂွမ်း. . . ဝွမ်း'

'မင်္ဂလာရယ်မှ မတွေ့နိုင်လေ. . . ရောင်ဆိုင်ငယ်မှ လေးလီ'

'အား. . . ကျွတ်. . . ကျွတ်. . . အား. . . အင်း'

'သာမောငယ်စည်၊ နတ်ပြည်ထိလု၊ ပျော်ဖွယ်ငယ်ပေါင်း နတ်ပေါင်းစုငါ. . .'

လူကြီးရဲ့အသံက အသံကောင်းဖြစ်၏။ လူကြီးပုံစံက အသက်(၆၀) ခန့်ရှိပြီး ဆံပင်ရှည်ကို ကြိုးနှင့် အလယ်ချီ၍ နောက်ကျောဖားလျားချလို့ ခေါင်းပေါ်မှာလည်း ဖာတ်ထဲမှ မြို့ဝန်ပုဏ္ဏားများခေါင်းပေါင်းကို ဖော့လုံးဖြင့် နောက်တောင်နှင့်။ နှုတ်ခမ်းမွေးက တစ်ထွာခန့် ရှည်လျား၏။

ကိုယ်ပေါ် အဖာပေါင်းစုံ အစပ်ပေါင်းစုံ အရောင်ပေါင်းစုံသည့် ပုံသကူ ပိတ်စလို စောင်ကြီး ပတ်လို့။ လက်ပေါ်မှာ ခြေပေါ်မှာ အင်းစမကွက် ဖလဖွာနှင့်။ သူသည် လင်ကွင်းကို တစ်ချက်တီးပြီး နတ်သံကို ဟစ်နေ၏

'ဒီမှာဗျာ. . . ဒီ. . . ဒီ. . . မှာ. . . အား'

မိုးကြိုး အားယူ၍ အော်ပြောလိုက်၏။ အသံက တိမ်ဝင်သွားခဲ့သည်။

'မေရုဗပဲ့ မြင့်မိုရ်ထိပ်ပန်း၊ ဝေဇယန္တာက၊ သူဇာနန္ဒ၊ စိတြနှင့် စိတြမွှာ၊ ကြင်ရာအများ၊ မိဖုရားအပေါင်း၊ ထောင်သောင်းမက'

'ဒီ. . . ဒီမှာ. . . ဘ. . . ကြီး. . . အား. . . ဆ. . . ရာ. . . ကြီး. . . ဘ. . . ကြီး'

သူ့ရဲ့ ခေါ်သံကြောင့် အရူးလိုလို နတ်ကတော်လိုလို ဇာတ်မင်းသားလိုလို အူကြောင်ကြောင် လူကြီးက သူ့ကို မြင်သွားပြီး အနားသို့ ပြေးလာ၏။ သူ ဝမ်းသာသွား၏။

'ကျွန်. . . တော့်. . . ကို. . . ကူ. . . ညီ. . . ပါ. . . ကယ်. . . ကယ်'

'ထောင်သောင်းမက၊ ငါသိကြားမှန်၊ ထက်ဖျားငယ်စံ၊ ဝန်းရံခ၏'

'ဒီမှာဗျ'

'ဘာဖြစ်လို့ အော်နေတာလဲ. . . မသာလောင်းရ'

'ကျွန်တော်. . . ဒဏ်ရာ. . . ရ. . . ရ. . . လာလို့. . . အဲဒါ'

'သေကွာ. . . သေ. . . သေ. . . ဘယ်ရောက်သွားပါလိမ့်. . . အဲ အဲ နတ်များအမှူး၊ လူတို့ပြည်တွင်၊ ငါအရှင်သည်. . . ဟော့ကောင်'





'ဗျာ. . . အား. . . အား'

'ငါ အရှင်သည်ဆိုတာ. . . သိလား'

အရေးထဲ သူက မေးခွန်းများ မေးနေပြန်သည်။ ဒီမှာ လူက သွေးထွက်၍ သေရတော့မည်။ လှုပ်လိုက်လို့ တစစ်စစ်။

'ကျွန်တော့်. ကို. . ကယ်ပါ. . ဘ. . ဘကြီးရာ. . အား'

'ဟားဟားဟားဟား မကယ်နိုင်ပေါင်ဗျာ. . . ခြေနှစ်ချောင်းလည်း ကယ်နဲ့. . . ရေမျောကမ်းတင်လာသည်၊ မဆယ်နဲ့တဲ့၊ နတ်များအမှူး၊ လူတို့ပြည်တွင်၊ ငါအရှင်သည်ဆိုတာ. . . အိဖေ့ဇကိုလေ. . အဟတ် အဟတ်. . .'

'ဘကြီး. . . ခင်. . . ဗျာ. . .'

'ငါအရှင်သည်. . . ပျော်ရွှင်မြူးမည်လာသည်တစ်ခါ မင်္ဂလာစံခန်းပွဲတော်ပေါင်းမှာ. . . ဂုဏ်ရောင်လင်းပါတဲ့. . မင်း. . အများ. . တို့လေး. . .'

'ချမ်း. . ချမ်း. . ဂွမ်း. . ဂွမ်း. . ချမ်းချမ်း. . ဂွမ်း'

'ဘကြီးရာ. . အား. . ကျွတ်. . ခဏလေးရပ်. . ရပ်. . ပါဦး. . ခင်ဗျာ. . အား'

'ချမ်းချမ်းဂွမ်းဂွမ်း'

'ချမ်းချမ်းဂွမ်းဂွမ်း'

သူက မိုးကြိုးကို အလေးအနက်မပြု၊ လင်ကွင်းကိုတီး၍ နတ်သံချင်းများဆို၍ က,တော့၏။

'စီစီတဲ့ရီရီ. . . တောင်ပြုံးဆိုပွဲတော်ကြီး. . . နီးပြန်ခဲ့ပြီ။

ပျိုလေးတို့ နှင်းဆီ. . . မင်းညီနောင် လှေကလေးနဲ့. . . ဆီးကြိုလို့လေး'

သူသည် တောင်ပြုံးမင်း နတ်ပျော်ချင်းကို ဟစ်၍ အားရပါးရ လင်ကွင်းတီးပြီး သူ့အနီးမှာ က,ခုန်နေ၏။ ဓားလက်နက် ဒဏ်ရာဗလပွနှင့် သွေးချင်းချင်းရဲ ဖြစ်နေသည့် သူ့ဘဝကို ဥပေက္ခာပြုနိုင်လွန်း၍ မိုးကြိုး အံ့သြနေစဉ်မှာပဲ. . .

'တက်ပြင်တဲ့ ရွက်ပြင်. . .

ရွှေပြုံးဆိပ်ရှာ အနောက်က

ချောင်းပေါက်ကိုဝင်။

မိုးသက်ကယ်လေဆင် . . .



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချင်မယ်ထင်ဘူး. . .

ပျိုတို့မောင် နှစ်ကိုယ်ထူး. . .

ဟောင်းညိုကလူး. . . လေး. . . လေး. . . ဟော့. . . ဟော့. . ဝါး'

'ဝှမ်း. . . ဝှမ်း. . . ချမ်း. . . ချမ်း. . . ရွှေပြုံးမင်းများ ပျော်ပါခင်ဗျား'

'ဘကြီး. . . ကျွန်. . . တော်. . . တောင်းပန်. . . ပါတယ်ဗျာ. . . အား'

ဒီမှာ သူက က.ရင်းခုန်ရင်း အနီးကို ရောက်လာသည်။ မိုးကြီး လွှန်စွာ ဝမ်းသာသွား၏။

'ဘာဖြစ်လို့လဲ'

'မားနဲ့ခုတ်. . . တုတ်နဲ့. . . အရိုက်ခံရလို့. . . ပါဗျာ. . . အား. . . အား. . . အား'

'ဟ. . . ဒီလိုလား'

'ဟုတ်. . . ပါ. . . တယ်. . . ခင်ဗျာ. . . အဲဒါ. . . အဲဒါ'

ဒီမှာ ငနဲကြီးက ပွေ့မထူဘဲ မိုးကြိုးရဲ့မျက်နှာကို လက်ညှိုး ထိုး၍ သီချင်းဆိုပြီး အော်ဟစ်ကျပြန်တော့သည်။

'မရှက်ဘူးလား××မကြောက်ဘူးလား×××

သောက်ခေါင်ကြူးတဲ့××မင်းညီနောင်×××

ရွှေပြုံးသူများမောင်×××

ရှက်တတ်ရင်××သောက်ပါရိုးလား×××

ကြောက်စေတ်ရင်××သောက်ပါရိုးလား×××

ပုဆိုးစွန်တောင်××သက်တန့်ရောင်သွေးနဲ့

ဘိုးတော်ကြီး မြေး××ဝေး××ဟေ××ဟေ××ဝေးဟေးဟေး ပျော်လိုက်တာဟော့. . . သေဟဲ့. . . သေသေ. . . မြန်မြန်သေ. . . ဟ. . . အဲ ဝှီ'

'ချမ်း. . . ချမ်း. . . ဝှမ်း. . . ဝှမ်း'

မြတ်စွာဘုရား ကယ်တော်မူပါ ဘုရား။ ဘုရားတပည့်တော် လူဖြစ် ရောက်ခဲ့တာ အများကြီး များပါပြီ ဘုရား။ ခုကွ အကြီးအကျယ် ရောက်ပြီ အကူအညီလိုပြန်တော့ စိတ်မနှံ့တဲ့ အရူးလိုနဲ့တွေ့ပြီး မြန်မြန်သေလို့ အခြေ

---

စိတ်ကူးသစ်စာပေ



ခံနေရကြောင်း ပါဘုရား. . . ဘုရားတပည့်တော် လူ့ဘဝကို အလိုမရှိတော့ပါ ဘုရား။ မြန်မြန်သာ သေခွင့်ပေးပါတော့ ဘုရား. . .။

သူ သို့ကလို စိတ်ထဲမှ ဆုတောင်းရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးလိမ့်၍ကျလာခဲ့၏။

'ဟော့. . . ငိုနေတယ် ဟုတ်လား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . ဟောဗျာ ဖြစ်ပြီး ငိုရတယ်လို့ကွာ၊ ဒါလေးများ. . . ဒါလေးများ ဟား. . . ဟား. . . ဟား. . . ဟား. . . နားထောင်ကွ၊ ဒါမျိုးကြားရခဲတယ်၊ နားထောင် ငါ့လူရ. . . ငါ သီချင်းဆိုရင် နားထောင်မဲ့လူက ဒီတစ်နယ်လုံး မှာ တစ်ယောက်ပဲ ရှိတယ်ဟ၊ မသေခင် နားထောင်၊ ဒီမှာ ငါ့လူရဲ့. . . ငါ ဘယ်အရပ်သားလည်း သိလား. . . သိလား. . . သိလား'

သူက မိုးကြိုးရဲ့ ရှေ့မှာရပ်၍ ခါးထောက်ပြီး မေးနေ၏။ သွေးစီး အချို့သည်း အရူးလိုလို မှော်လိုလို အဘိုးကြီးရှိရာသို့ စီး၍သွားနေ၏။

'မှတ်ထား ကိုယ့်လူ. . . မသာကောင်လေးရဲ့. . . ငါက လေ'

ကျွန်တော်လေ. . . ရွှေပြုံးသား. . .

ကျွန်တော်လေ. . . ရွှေပြုံးသား. . .

ကျွန်တော်လေ. . . ကျွန်တော်လေ. . . ကျွန်တော်လေ. . .

ရွှေပြုံးသား. . . ဟား. . . ဟား. . . ဟား. . .'

သူသည် နတ်တောင်ပြုံးမင်း နတ်ယိုင်လိုဆိုရင်း သူ့ရင်ဘတ်သူ ထိ၍ 'ကျွန်တော်လေ ရွှေပြုံးသား'ဟု ပြောရင်း ကပြန်၏။

မျက်လုံးထဲမှာ အဘိုးကြီး(အရူးကြီး)ရဲ့ ပုံရိပ်များ ဝါးလား၏။ ကိုယ် ခံများ ထပ်လာ၏။ ခေါင်းသည် မူး၍ လည်နေပြီး အဘိုးကြီးကို ဦးစိုက်လျှပ် ပြနေကနေသည်ဟု မြင်လာနေသည်။ မကြာခင် သူ့ရဲ့ အားတင်းထားသည့် မျက်နှာသည် မြေကြီးပေါ်သို့ မှောက်ပိကျလာသည်။

ဒီမှာ အရူးလိုလူကြီးက သူ့ကို ကောက်ပွေ့လိုက်၏။ သူ လုံးဝ စကားမပြောနိုင်တော့။ သူ အရူးကြီးရဲ့ ပခုံးပေါ် ရောက်နေမှန်း သိသည်။ ထိုပ်၍မရ။ အရူးကြီးက သူ့ကို ပွေ့ထမ်းရင်း နတ်ချင်းများကို အော်ဟစ်၍ ဆိုနေသည်ကို မကြားတစ်ချက် ကြားတစ်ချက်နှင့် သူ သိလိုက်ရတော့၏။

'ဖမ္မူဒီပါ ဟိုအရင်ဟောင်းရယ်နဲ့. . .

မတူပြီတစ်ခါ သဘင်ပထမ ကောင်းစေဖို့. . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကူညီညာ စောင့်လေး စောင်မပါ. . .
မြို့တော်ကို အရှင်စောင့်တယ်. . .
ရွာတော်ကို သခင်စောင့်တယ်. . .
(ဝိုင်းလေးလေး)၂ ဝိုင်းလေးစောင်မ,ပါ. . .'

♛ ♛ ♛

မိုးကြိုး သတိရ၍ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သောအခါ မည်းမှောင်နေသော အမိုးကြီးကို အလျှင်မြင်ရ၏။ ပြီးမှ ဖယောင်းတိုင် ရောင်ပျပျကို မြင်လိုက်ရသည်။

'အား. . . အင်း. . . ဟင်း. . . ဟင်း'

'ငါ့လူ သတိရပြီလား. . .'

'အင်. . . အင်း'

ကြည့်လိုက်တော့ နတ်ယိုင် သီချင်းပေါင်းစုံအောင် ဆိုပြီး သူ့ ပွေ့ထမ်းခေါ်သွားသည့် အရူးလို ဆံရှည်လူကြီးကို ဦးစွာ တွေ့လိုက်ရ





ကိုယ်ကို လှုပ်ကြည့်၏။ အလို ခန္ဓာကိုယ်က လုံးဝ မနာကျင်တော့ပါလား။ လက်ကို မြှောက်၍ ကြည့်လိုက်၏။

ဘုရားရေ၊ လက်ပေါ် မျက်နှာပေါ်က ဓားဒဏ်ရာများ အကြောင်း၍ ခြောက်မာလို့။ ပြောရလျှင် ဒဏ်ရာများ ပျောက်နေသလိုမျိုး။

'ငါ့လူ သတိရပြီလား'

'ရ. . . ရ. . . ပါပြီ. . . ခင်ဗျား. . . ကျွန်. . . ကျွန်. . . တော် ယ်. . . ဘယ်ကို ရောက်နေတာလဲ ဟင်'

'သချိုင်းကုန်းက ဂူကြီးထဲကို ရောက်နေတာ'

'ဗျာ. . . ဗျာ. . . သချိုင်းဂူကြီးထဲကို. . . ရောက်. . . နေ. . . တာ'

'အိမ်း. . . မင်း. . . မကြာခင်. . . သေရတော့မှာလေ. . . ဒါကြောင့် ကို တစ်ခါတည်း ကြိုသွင်းထားလိုက်တာပေါ့။ မှာချင်တာ မှာခဲ့ပြီးရင် တော့. . . မင်းသေမှ ငါက ဂူပေါက်ကို ပိတ်ပေးရမှာ၊ ဟား. . . ဟား . . . ဟား. . . နိပ်တယ်ကွာ၊ ဂူနဲ့ဘာနဲ့ သေရတာ. . . မင်း ကံကောင်း ယ် ငါ့လူရ. . . အဟတ်. . . အဟတ်'

'ဘုရား. . . ဘုရား. . . ကျွန်တော်. . . မ. . . မသေချင်ဘူး၊ မသေ ဘူး။ ကျွန်တော့်ကို အပြင်ပြန်ပို့ပေးပါဗျာ. . . ပြန်ပို့ပေးပါ'

'မသေရင်လည်း ငါက မင်းကို အရှင်လတ်လတ် တခါကူသွင်းသလို ခဲ့မှာကွ. . . ဒီညောင်ပင်က သချိုင်းစောင့်က လူအရှင်လတ်လတ် ပေးဖို့ ငါ့ကို အိပ်မက်ပေးထားတယ်. . . ကိုယ့်လူရ. . . အဟဲ့'

'ဟီး. . . အိး. . . ဟီး. . . ဟီး'

'ငိုတာလား'

အဲဒါသာကြည့်ဗျာ။ ကြောက်လွန်းလို့ ငိုနေတာကို ငိုတာလားတဲ့၊

'မင်းနဲ့. . . ရယ်လိုက်. . . ရယ်လိုက်'

'ရယ်. . . လို့. . . မ. . . မ. . . ရဘူး'

'ဟား. . . ဟား. . . ဟား. . . ရယ်လို့ မရဘူး ဟုတ်လား။ ရပါတယ် ဟောဒီလို လုပ်လိုက်ရင် ရယ်ရော. . . ကလိ. . . ကလိ. . . ဟိဟိ

'အား. . . အား'

'အိုး. . . အိုး. . . အိုး'



www.burmeseclassic.com

www.burmeseclassic.com



'အား...ဘကြီး...ဘကြီး...ယားတယ်ဗျ'

'ယားရင်...ရယ်ဟ...ရယ်ဟ...ကိုင်း...ကလိ...ကလိ ကလိ'

'အိုး...အိုး...အဟစ်...အဟစ်...ခစ်...ခစ်...မလုပ် ပါနဲ့ဗျ...ယား'

'ယားရင် ရယ်ဟ...ရယ်ဟ...ရယ်ဟ'

'ခစ်...ခစ်...ခစ်...အား...ဟား...ဟား...ဟား... ဟား...ဟား'

'ဟား...ဟား...ဟား...ဟား'

'ဝါးဟား...ဟား...ဟား...ဟား'

သူပဲ ရူးရောသလား။ အဘိုးကြီးကပဲ ရူးရောသလား မသိ။ ကလိ ထိုးပါများသောအခါ မိုးကြိုး ယားရင်း ရယ်လိုက်၏။ ရယ်လိုက်သည်မှာ ဟက်ဟက်ပက်ပက်။ လိမ့်၍ကို ရယ်လိုက်တာ။ အလို ဘယ်ညာလှိမ့်၍ ရယ်လိုက်သောအခါ ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများက လုံးဝ မနာကျင်ဘဲ ထူးဆန်းလှချည်ကလား။

မောဟိုက် အော်ရယ်လို့ ဝမှ လူကြီးက သူ့ကို ဆွဲထူလိုက်သည်။ မိုးကြိုး ငုတ်တုတ် ဖြစ်သွား၏။

'ငိုဦးမလားကွ'

'ဟင့်အင်းဗျာ'

'ငိုနိုင်းလိုက်ရမလား'

'မ...မ...လုပ်ပါနဲ့ ဘကြီးရာ...ဒါနဲ့ ဘကြီး'

'ဘာတုန်းလကွ'

'ကျွန်တော့်ကိုယ်ပေါ်က ဒဏ်ရာတွေကို ဘကြီး ကုပေးတာလား ဟင်'

'ငါ ကုမပေးလို့ ဘယ်လူညီးသမားက လာကုပေးမှာလဲ... ဘယ့်နဲ့ သက်သာသွားပြီ မဟုတ်လားဟေ့...မသာလောင်းလေး'

'ဘကြီး...ဘာလို့ နိမိတ်မရှိ နမာမရှိ...လူကို မသာလောင်း လို့ ခေါ်ရတာလည်းဗျာ၊ နေရတာကလည်း သင်္ချိုင်းဂူထဲ၊ ဟူး...ကြောက် စရာကောင်းလိုက်တာ'





'ဟား...ဟား...ဟား...ဟား...မင်းကို မသာလောင်းလေး လို့ ခေါ်လို့ မင်းက ကြောက်တယ်၊ အံ့ပါ့ကွာ...ဒီမှာ ဟေ့ကောင်...မင်း က မသာလောင်းလေး...ငါက မသာလောင်းကြီးကွ...မသာလောင်းကြီး ဟား...ဟား...ဟား...ဟား...ဒီမှာဟေ့ကောင်၊ မင်းနာမည် ဘယ်သူ'

'မိုးကြိုးပါ ခင်ဗျ'

'မိုးကြိုးနဲ့ သေမယ့်မသာလောင်းက မိုးကြိုးလို့ ကြိုပြီး စရံသတ် နာမည်ပေးတာပေါ့ကွာ'

'ဟာဗျာ'

'ဒီမှာ မောင်မိုးကြိုးရဲ့...လူမှန်ရင် မွေးပြီးရင် နောက်ဆုံး သေ ကို သေရမှာပဲ၊ အဲဒီလို သေရတာ မင်းနဲ့ငါတင် မဟုတ်ဘူး။ မြန်မာတစ် ပြည်လုံးက လူတွေရော၊ ကမ္ဘာပေါ်ရှိ လူတွေရော အားလုံးပဲကွ၊ ဖြစ်ပြီးရင် ပျက်ရတာပဲကွ၊ ဘုရားဂေါတမတောင် မလွန်ဆန်နိုင်တဲ့ တရားလေ။ ဥပါဒ် ဌီ ဘင်ကနေ အနိစ္စ ဒုက္ခ အနတ္တ သင်္ခါရကို နောက်ဆုံး ရောက်တာပဲ။

မွေးလာတာ လူဖြစ်လာတာ ရှင်ဖို့လို့ ထင်ရပေမယ့် အမှန်က နောက်ဆုံး သေဖို့...သေဖို့။ ဒါကြောင့် မင်းတို့ငါတို့အားလုံးဟာ သေမယ့် အလောင်းအလျာများ ဖြစ်လို့ မသာလောင်းလို့ ခေါ်ရတာ၊ မကြောက်နဲ့ ကိုယ့်လူ...ကိုယ့်ကိုယ်ကိုယ် မသာလောင်း အစစ်ပါလားလို့ ကြိုသိထား မြင်ထား နားလည် သဘောပေါက်ထားရင် အဲဒါ...အသုဘကမ္မဋ္ဌာန်းတစ် ကော်ကျိုးပြီမှတ်၊ အဲဒီ မမြဲတဲ့ သင်္ခါရရုပ်ကြီးကို အနိစ္စ ဒုက္ခ အနတ္တလို့ ဆက်ရှုသွားနိုင်ရင် တစ်နေ့ မသေသော မြတ်နိဗ္ဗာန်...တစ်နည်း မသာ လောင်း မရှိသော အရပ်ကို ရောက်ရော ကိုယ့်လူရဲ့'

အာဂလူကြီးပါလား။ မိမိက သူ့ကို အရူးကြီး၊ ဇာတ်ရူးကြီး၊ နတ် ဘတော် နတ်ကန္တားစီး အရူးကြီးလို့ ထင်ခဲ့တာ...လွဲပါပကော။

'အခု မင်း သေချင်ပြီလား'

'ဟာ...ဘယ်သေချင်ဦးမှာလည်း ဘကြီးရာ'

'ဟ...ငါနဲ့ စတွေ့တုန်းက မင်းက ချက်ချင်း သေရပါစေ ဘုရား လို့ ဆုတောင်းနေတာ မဟုတ်လား'

'ဗျာ...အဲဒါ ဘကြီး သိနေတယ်'

'သိပ်သိတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်...ဘကြီး'

'ပညာနဲ့ သိတာပေါ့ ငါ့လူရ'

'ဘာ...ဘာ...ပညာလည်း ဘကြီးရာ၊ အံ့ဩစရာကောင်း ချည်လား'

'သမထ၊ မနောမယ သိဒ္ဓိဉာဏ်ပညာလို့ ခေါ်သကွ'

'ဟင်'

'မင်း မလိုချင်...မတတ်ချင်ဘူးလား'

'အဲ...အဲ...အဲ'

'မမိုက်ပါနဲ့တော့ ငါ့လူရာ'

'ဗျာ'

'မအံ့ဩပါနဲ့ကွာ၊ ဒီလောက်မျှားပြားလှတဲ့ ဓာအတ်ရာ၊ တုတ် ရာတွေဟာ မိုက်လို့ရတဲ့ ဥစ္စာကွ...ဟုတ်ရဲ့လား'

မိုးကြိုး ဘာမှ မပြောနိုင်ခဲ့။

'မာန၊ အာဃာတကို လျှော့ချတော့ လူကလေး။ မင်း အခု တာလည်း ဟိုး အတိတ်ဘဝက သူတစ်ပါးကို နှိပ်စက်ခဲ့လို့...အခု ဘဝ အကြွေးဆပ်သည့်သဘောနဲ့ ဝဋ်ကြွေးတစ်ဖန် ပြန်ခံစားရတာ။ အဲဒါ မင်း ပြန်ပြီး ဒီဘဝ ပစ္စုပ္ပန်မှာ ကလဲ့စားထပ်ချေရင် နောင်သံသရာမှာ လူ့ဘ ရောက်ရောက်၊ တိရစ္ဆာန်ဘဝပဲ ရောက်ရောက်၊ မင်း ပြန်ဝဋ်ခံစားရဦးမှာ အဲဒီ အကြွေးကို ခုဘဝ ပစ္စုပ္ပန်မှာ မင်း အကြွေဆပ်ပြီး ကျေနပ်တော့ မင်းဘဝက လူမိုက်လမ်းကြောင်းပေါ်က မိုးကြိုး မဟုတ်ဘူး။ မဟိဒ္ဓိ လမ်းကြောင်းပေါ်က လူသတ္တဝါများ အသက်ကို ကယ်မဲ့ ဝိဇ္ဇာမိုးကြိုး ဖြစ်တော့ မှာ'

လူထူးဆန်းအဘိုးကြီးက သူ့ကို ထူးဆန်းသော စကားများ ပြော ဆို ဆုံးမနေ၏။ သူ လူထူးဆန်း အဘိုးကြီးရဲ့ စကားမှာ နစ်မျောနေ၏

'အမှန်က မင်းကို ငါ ကယ်တာ မဟုတ်ဘူး'

'ဟင်း...ကျွန်တော့်ကို ဘကြီး ကယ်ခဲ့တာ အစစ်ပါဗျ'

'မင်းက ဒီလိုပဲ ထင်မှာပေါ့...ငါက ငါ့လမ်းကြောင်းနဲ့ ငါ သွား တာ၊ အမှန်က မင်းကို ကယ်လိုက်တာ ရဟန်းအိုကြီး တစ်ပါးကွ'

'ခင်ဗျာ...ရဟန်းအိုကြီးတစ်ပါး...ဘယ်ကလဲ...ဘယ်





ပဲဟင် ဘကြီး'

'အခု...ငါ ပြောလို့ မရသေးဘူး။ သူက ငါ့ကို အမိန့်ချမှတ်လိုက် တယ်၊ ဟောဒီနေ့ ဟောဒီအချိန် ဟောဒီနာရီမှာ ကြာသပတေးသား လူမိုက် အသက်ရာနဲ့ ရောက်လာလိမ့်မယ်၊ သွားကယ်လိုက်ပါ၊ အဲဒီလူမိုက် ကျွတ် န်းဘန်နေပြီတဲ့'

'ဘုရားရေ...အဲဒီ ရဟန်းကြီး ဘယ်မှာနေလဲ ဘကြီးရယ်၊ ကျွန်တော် တွေ့ချင်လွန်းလို့ လိုက်ပို့ပေးပါလားဟင် ဘကြီး'

'တစ်နေ့ တွေ့ရမှာပေါ့ကွာ...မင်း ငါနဲ့ နေမှာလား...ခု ပြန် သွားမှာလား'

သူ စဉ်းစားလိုက်သည်။ သူ့ဘဝမှာ ခံရသည့် ဘက်ကချည်း နေ၏။ သူ့ဘဝက ကမ္ဘာကျဉ်းနေ၏။ ရန်သူများ ဝိုင်းနေ၏။ သတ်ပစ်ချင် သူများက ဝိုင်းရံနေ၏။ သူ ဘယ်ကိုသွားလို့ ဘာလုပ်ရမှန်း မသိ။

'ပြောလကွာ'

'နေမယ်ဗျာ'

'ဟုတ်ရဲ့လား...မင်းရဲ့စိတ် ပိုင်းဖြတ်ပြီးပလား'

'ပြီး...ပြီဗျာ'

'ဘာလို့...အဲဒီလို ပိုင်းဖြတ်ရတာလဲ ငါ့လူရ'

'အဘရဲ့ ပညာစွမ်းနဲ့ စိတ်ဓာတ်ကို ယုံကြည်လေးစားလို့...ပြီး သက်သခင် ကျေးဇူးရှင် ရဟန်းအိုကြီးကို ဖူးတွေ့ချင်လို့'

'ဒါပဲလား'

'အဘရဲ့ ကျေးဇူးကိုလည်း ဆပ်ချင်လို့'

'ခင်မြနှစ်တို့ကိုရော ကျေးဇူးမဆပ်ချင်ဘူးလား'

'ဗျာ...အဘက ခင်မြနှစ်ကို သိနေတယ်...ဟုတ်လား'

'ခင်မြနှစ်ရော သူ့ကြီး ဦးတသန်လျှင်းဂျိုတ်ရော...လှအုံးမယ်ရော အားလုံးကို သိနေပါတယ်ကွာ'

ဒီမှာပဲ မိုးကြိုး ကုန်းထပြီး အရူးလို လူထူးဆန်းကြီး၏ ခြေအစုံ ဦးခိုက်၍ ကန်တော့လိုက်၏။ မိမိနှင့် မရင်းနှီး၊ မသိ၊ မမြင်ဘူးပါလျက် သည် မိမိအကြောင်းကို အရှေးခါးမကျန် သိနေပုံရ၏။

သူ့အသွင်အပြင်သည် အရူးလိုရှိ၏။ စုတ်ပြတ်နေ၏။ ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဆို၍ ဒီအဘိုးကြီးမှာ လွယ်အိတ်စုတ်တစ်လုံးပဲ ရှိ၏။ သူ ဘယ်လို
၍ ဘယ်လိုရပ်တည်ပြီး ဘာတွေလုပ်ကိုင်နေပါလိမ့်။ သူ သိချင်စိတ်
ရင်ထဲမှာ ပြည့်လျှံလာ၏။

'ဘကြီး'

'ဘာတုန်း'

'ဘကြီးက သိပ်ထူးဆန်း အံ့ဩစရာ ကောင်းတာပဲ'

'ငါ့ထက် ပိုထူးဆန်းတဲ့လူကို တစ်နေ့ မင်း တွေ့ရဦးမှာပါ ကိုယ့်လူ

'တွေ့ရဦးမှာ'

'အိမ်း. . . ဒါနဲ့အတူ ငါ့လူလည်း ပိုထူးဆန်းအံ့ဩစရာကောင်း
လူ တစ်နေ့ဖြစ်မှာပဲကွ'

'ဟုတ်ပါ့မလား ဘကြီးရ'

'အနာဂတ်ရှိရာကို ငါတို့ ရှေ့ရှုသွားရင်း ပစ္စုပ္ပန်ဘ၀ ဖြစ်သွား
ရတာပဲ၊ ရောက်လာတဲ့ ပစ္စုပ္ပန်၊ ကြုံရမည့် ပစ္စုပ္ပန်၊ ရင်ဆိုင်ရမဲ့ ပစ္စု
ကို မေ့တွာနဲ့ကြို ငါ့လူ'

'ဒါနဲ့ ဘကြီးနာမည် ဘယ်လိုခေါ်သလဲဟင်'

'အမည်က ပညတ်ပါကွာ. . . အခု ပုဆိုးလို့ ပြောပြီး ဟို
ရောက်ရင် လုံချည် ဖြစ်သွားတာ ဥစ္စာ. . . ဘာလုပ်မှာလဲ'

'ပုဆိုးရော လုံချည်ရော ဝတ်လို့ ရသဥစ္စာ ဘကြီးရာ'

'အင်း ငါ့လူက လူပါးပဲ။ မှတ်ထား ငါ့နာမည် ဦးဆံရှည်တဲ့'

'ဦးဆံရှည်. . . ဦး. . . ဆံ. . . ရှည်. . . ဆံရှည်ကိုယ်တော်လား

'ဘယ်နဲ့ ဆံရှည်ကိုယ်တော်ရမှာလဲ. . . ပုဆိုးနဲ့ မြင်ရသား ဥစ္စာ

'ဦး. . . ဆံ. . . ရှည်. . . ဒါဆို ကျွန်တော် ဘဆံရှည်လို့ ခေါ်
ရမလားဟင်'

'ကြိုက်သလို ခေါ်ကွာ'

'ဘဆံရှည်'

'ဘာတုန်းကွာ'

'မသိလို့ မေးပါရစေ ဘဆံရှည်ရာ. . . ဘဆံရှည်. . . ဘတို
ဦးရာကျော်နဲ့ ဘာတော်စပ်သလဲဟင်'

'လူထူးဆန်း ဘတိုက်ပုံဦးရာကျော်ကို ပြောတာလား. . . မှ





ယ်ပြားစေ့လို လူကြီးလေ. . . တိုက်ပုံရင်ကွဲ ဟပြဲကြီးနဲ့'

'ဟုတ်တယ်. . . ဟုတ်တယ်'

'အဲဒါ ငါ့အချစ်ဆုံး သူငယ်ချင်း'

'ဩော်. . . ဒါကြောင့်ကိုး'

တော်ချက်။

။ ဘတိုက်ပုံဦးရာကျော်အကြောင်း သိလိုပါက မောင်ညို
မှိုင်း(သန့်လျှင်)ရေးသည့် (လူထူးဆန်း ဘတိုက်ပုံ ဦးရာ
ကျော်) စာအုပ်ကို ပြန်၍ လေ့လာစေချင်ပါသည်။
ဘတိုက်ပုံ ဦးရာကျော်၊ ဘဆံရှည်တို့နှစ်ယောက်ရဲ့ အံ့
ဩဖွယ်ကောင်းလှသော ဂမ္ဘီရလောကမှ ရင်တုန်ခမန်း
ဖြစ်ရပ်ဆန်းများကို စာဖတ်သူများ ဖတ်ရှုရန် စီစဉ်ရေး
သားနေပါပြီ)

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# သုသာန်သည်ရုပ်နာမ်ရှုရာအရပ်တည်း

တစ္ဆေကြောက်သော သရဲကြောက်သော မိမိသည် ယခု... တစ္ဆေတော၊ သရဲတောနှင့် ကျတ်ကုန်းတော ဥဗ္ဗာစောင့်တောများသို့ ရောက်... နေရ၏။

ဘဆံရှည်သည် သချိုင်းများ၊ သုသာန်များ၊ ရှေးဟောင်းဘု... ပျက်များ၊ ကျောက်ဂူ၊ မြေဂူများ၊ တောတောင်များသို့ လှည့်လည်သွား... လျက်ရှိ၏။

ဘဆံရှည်နှင့်ပေါင်း၍ ဖိုဝင်တောင်၊ ဖင်းကျိုက်တောင်၊ ကေ... သသဖတောင်များသို့ ရောက်ဖူး၏။ ပုပ္ပါးမှာ အဓိဋ္ဌာန်စခန်း ဝင်ဖူး၏။

အဲဒီမှာ ထူးဆန်းလှသော ရသေ့ယောဂီများ၊ ဆာဒူးကြီးများ၊ ... လိုလို မုတ်ဆိတ်ကျင်စွယ်ဖွေးဖွေးနှင့် ထူးဆန်းလှပသော တောင်ဝှေးကြီး... ကိုင်ထားသည့် သက်ရှိထင်ရှား ပုဂ္ဂိုလ်များနှင့် ကြုံတွေ့ခဲ့ရ၏။

ဦးစွာ သချိုင်းကုန်းထဲက ဂူများပေါ်မှာ တရားထိုင်ရ၏။ ထိုင်... အလွန်ကြောက်စရာ ကောင်း၏။





ထိုင်ရတာလည်း နေ့ဘက်မဟုတ်။ ညဘက်ကြီး။

ခွေးများက အူကြ၏။ ငှက်ဆိုးများက ထိုး၍ ခေါင်းပေါ်မှာ လူးလာ... ...နေ၏။ ငှက်ဆိုးထိုးလျှင် လူသေသည်ဟု ကြားဖူး၊ ကြုံဖူးထား၍ ငါ ...သင်းအောင်မှ ခံပါ့မလားဟု စိုးရိမ်ပြီး တရားထိုင်ရင်း ဇောချွေးပြန်နေ၏။

သို့သော် ဘုန်းကြီးကျောင်းထွက်မှ သဘောပေါက်လွယ်၍ နောက်ပိုင်း ...ငြိမ်လာ၏။

မိမိတို့ ဆရာတပည့် တရားထိုင်နေလျှင် အနီးမှာ လမ်းလျှောက်သံ ...များ ကြားရ၏။ ရယ်သံများ ကြားရ၏။ ကလေးငိုသံများလည်း ကြားရ၏။ ...ဘိုးတီးတိုး အနားလာ၍ စကားပြောနေသည်များ ကြားရ၏။

မျက်စေ့ဖွင့်ကြည့်လိုက်လျှင် မည်းမည်းကြီးများ၊ ဖားလျားများ၊ ...ဘူးပြုတဲ ရုပ်သဏ္ဌာန်များကို အရိပ်လိုလို၊ အငွေ့လိုလို၊ ကိုယ်ထင်ရှား ...သို့ မြင်ရ၏။

အဘက မကြောက်နဲ့ဟု ပြော၏။

'မေတ္တာပို့ပေး...အချို့က မင်းကို နောက်ကနေ လာဖက်လိမ့် ...ယ် ဒါမှမဟုတ် ရှေ့ကနေ လည်ပင်းလာညှစ်သလို လုပ်လိမ့်မယ်၊ မလန့် ... မအော်နဲ့...အော်ရင် လန့်ရင် ထွက်ပြေးရင်...မင်းရူးပြီ'ဟု ပြောခဲ့ ...၍ ထွက်သက်ဝင်သက်ကို မှတ်၍ မေတ္တာနာနာပို့ပေးရ၏။

အစကနဦး ကာလများက သချိုင်းဂူပေါ်မှာ တရားမှတ်နေစဉ် ...ည်းမည်းကြီးများသည် ဂူကို ဝိုင်းထားကြ၏။

မိမိကို စူးစမ်းသလို ကြည့်နေကြ၏။

မိမိက မေတ္တာပို့လိုက်သောအခါ အဝေးသို့ ထွက်သွားကြ၏။

မကြာခင် ဆံပင်ဖားလျား၊ ထဘီရင်လျားနှင့် အရုပ်ဆိုးဆိုး မိန်းမ ...များကဲ့သို့သော ထဘီနှင့်များ ဝိုးတိုးဝါးတား ရောက်လာပြီး မိမိကို ...တ် အော်လှတ်နေ၏။ နားထဲမှာလည်း သူတို့ရဲ့ ကျယ်လောင်စူးရှသော ...သံဆိုးများကို ကြားနေရ၏။

အော့အန်ချင်စရာ ကောင်းလှသော အနံ့ဆိုးများကိုလည်း နှာခေါင်း ... ခဲ၏။

ထိုအခါ မိမိက...

'သင်တို့အား ကျွန်ုပ် မေတ္တာပို့သပါ၏။ ဆင်းရဲခြင်းမှ လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြပါစေ။ ဤကမ္ဘာ့ဌာန်း၏ ကုသိုလ်ဘာဂကိုလည်း အမျှပေးဝေပါ၏။ သာဓု ခေါ်ကြပါ။ သင်တို့နှင့် ကျွန်ုပ်လည်း ဘဝဟောင်းက တစ်ချိန်တစ်ခါက အဆွေအမျိုးများလည်း ဖြစ်ခဲ့ဖူးကြပါသည်။ ဒုက္ခဆင်းရဲ ကင်းဝေးကြပါစေ အမျှ. . . အမျှ. . . အမျှ

သို့ကလို စိတ်မှလည်းကောင်း၊ နှုတ်မှလည်းကောင်း၊ မေတ္တာနှင့် အမျှပေးဝေလိုက်သောအခါ မကောင်းဆိုးဝါးဟု ယူဆဖွယ်ရှိသော ဝိညာဉ် သားများသည် ခေါင်းညိတ်သလို လုပ်ရင်း အဝေးသို့ ထွက်သွားကြ၏။

သို့ကလို ထူးဆန်းသော ဖြစ်ရပ်အာရုံများကို သုသာန်ကမ္ဘာ့ဌာန်း ထိုင်ရင်း ဘာဝနာပွားရင်း မရထာ နှသသတိ ကျင့်ရင်း တွေ့ရကြုံရပါများ လာသောအခါ မိမိရင်ထဲမှာ ကြောက်စိတ်မရှိတော့။

ငါ့မေတ္တာကို ပရဝိညာဉ်သားတို့ နားလည်ကြပါကလား။

ငါကျင့်ကြံနေသည့် ကမ္မဋ္ဌာန်းကို သူတို့ မနှောင့်ယှက်ကြပါကလား။

ငါ ပေးဝေသည့် အမျှကုသိုလ်ကို သူတို့ လက်ခံရရှိကြပါကလား ဟု သဘောပေါက်ပြီး ကမ္မဋ္ဌာန်းကျင့်စဉ်ထဲမှာ နှလုံးမွေ့လာ၏။ ပျော်ပိုက်လာ ၏။

ဒီမှာ ထူးဆန်းသော ဖြစ်ရပ်များကို အံ့ဘနန်း ကြုံရတော့၏။

ခါတိုင်းက အုတ်ဂူပေါ်မှာ ထိုင်လျှင် ခြင်ရိုင်းကြီးများ၊ ခြင်သေး သေးများ အလွန်ကိုက်၏။ ၎င်းသတ္တဝါများသည် လက်နှင့်မျက်နှာ ကုပ်ရိုး များကို ဒုက္ခပေး၏။ ပါဏာတိပါတာကံ ထိုက်မှာစိုး၍ မသတ်ဘဲ ကိုယ်ကိုရှု လွှနှ် မျက်နှာကို ယမ်းခါပြီး ကျင့်ခဲ့ရ၏။

ဟော ယခုအခါ အံ့ဩစရာကောင်းသည်ကား. . .။

အနားမှာ ယပ်တောင်နှင့် ခြင်ယပ်သကဲ့သို့ အဝတ်ပိုင်းနှင့် ခြင် ယပ်ပေးနေသကဲ့သို့ ကြားရ၏။ ခံစားရ၏။

မယုံ၍ လှည့်ကြည့်လိုက်လျှင် ဝေဝေဝါးဝါး အသွင်များကို အခါး ကပ် တွေ့ရ၏။ မိမိ မတုန်လှုပ်တော့။

ဒီလိုနှင့် သင်္ချိုင်းကိုးခုမှာ ဘဆံရှည်နှင့် ကိုးရက်စီ အဓိဋ္ဌာန်ဝင်ခဲ့ ရာ အတော် ပေါက်မြောက်လာခဲ့၏။ ဒီလိုနှင့် သင်္ချိုင်းများ စုံလာ၏။

တစ်ခါတစ်ရံ နွေချင်းချသွားသည့် အသုဘမြေပုံပေါ်မှာ ဖျာခင်း ခင်း၍ ကောက်ရိုးခင်း၍ တရားထိုင်ကြ၏။

---

စိတ်ကူးသစ်စာပေ



ကြာတော့ ရုပ်နှင့် နာမ်ကို ခွဲခြား၍လည်း မြင်သိလာ၏။

ပေါင်းစပ်၍လည်း မြင်သိလာ၏။

ကမ္မဋ္ဌာန်း အဆင့်မြင့်လာ တိုးလာသောအခါ မျက်စေ့ ဖွင့်ကြည့် လိုက်လျှင် အရာရာကို မြင်နေရသည်။ မိမိမြင်သမျှကို ရေးရ ပြောရလျှင် လူတွေ ယုံကြလိမ့်မည် မဟုတ်။ မိမိကို ရူးသွပ်သွားပြီဟု ဆိုကြလိမ့်မည်။

ဘဆံရှည်ကလည်း မြင်တိုင်း မပြောနှင့်ဟု သတိပေးဆုံးမထား ၏။

ပရဝိညာဉ်သားတွေဟာ လူ့လောကဝန်းကျင်မှာ နေရာမရှိအောင် များပြားလှသည် ဆိုသည့် စကားကို ရဟန်းပုဂ္ဂိုလ်ကြီးများ၊ လူကြီးသူမများ၊ ဆရာစာအုပ်များမှ တစ်ဆင့် ကြားသိခဲ့ရ၏။

ကမ္မဋ္ဌာန်းတရားကို ထူးခြားမှုအဆင့်ရအောင် ကျင့်ကြံလာသော အခါ ထိုစကားမှန်သည်ကို အကြွင်းမဲ့ ယုံကြည်လာ၏။

အကြောင်းကား. . .

မိမိမျက်စေ့ဝန်းကျင်မှာ မကျွတ်မလွတ်သော ပရဝိညာဉ်သားများ၊ ကျွတ်လွတ်ချိန်ကို ငံ့လင့်မျှော်လိုက်နေသည့် ပရဝိညာဉ်သားများ၊ ကျွတ်လွတ် ပြီး ဘဝကူး မွန်မြတ်နေသည့် ပရဝိညာဉ်သားများကို အမျိုးမျိုး တွေ့နေရ သောကြောင့်တည်း။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## မဟာမြိုင်ဂူမှထူးဆန်းအံ့ဖွယ်ဖြစ်ရပ်များ

တစ်နေ့သောအခါ မိမိနှင့် ဘဆရာဦးဆံရှည်တို့သည် တန်ခိုး
ဘုရားများမှာ အဓိဋ္ဌာန်ဝင်ပြီးနောက် မဟာမြိုင်တောကြီး ရှိရာသို့ ရော
လာကြ၏။

မဟာမြိုင်တောကား ကြောက်ဖွယ်အတိပြီး၏။

နေပြောက်မထိုးနိုင်အောင်ကို အရိပ်အကိုင်းများ ယှက်နေ၏

လမ်းကျဉ်းများမှ သွားရ၏။ ရရာသစ်သီးကို စားရ၏။

အတော်အတန် ဝင်မိသောအခါ လူသံသူသံများကို ကြားရ
အဝေးမှလည်း ကြားရ၏။ အနီးမှလည်း ကြားရ၏။ သို့သော် လူတစ်ဦး
မမြင်ခဲ့ရ။

ဟော. . . မြင်ရပြန်တော့. . .

ယောဂီဝတ်အချို့ကိုလည်းကောင်း၊ မုတ်ဆိတ်ရှည် ရသေ့များ





သည်းကောင်း၊ ဆာဒူးလို ကုလားကြီးများကို လည်းကောင်း မြင်ခဲ့ရ၏။

သူတို့အားလုံး စကား မပြောကြ။

အချို့က ပုတီးစိပ်နေကြ၏။ အချို့က တရားမှတ်နေကြ၏။ အချို့က
ကသိုဏ်းရှုနေကြ၏။ ကျောက်ဆစ်ရုပ်ကြီးများလို ငြိမ်သက်လို့. . .

မကြာခင် ကျားဟိန်းသံကို ကြားရပြီး မိုးကြိုး တုန်လှုပ်လာ၏။
ဆင်ဖန် ဆင်အော်သံများကို ကြားရပြန်၏။ တောတိုးသံများကို ကြားရပြန်
၏ မိုးကြိုး ကြောက်နေသော်လည်း ဘဆံရှည်က လုံးဝ ဂရုမစိုက်။ လွယ်
အိတ်ကြီးလွယ်၍ ရှေ့မှ သွားနေ၏။

ဘာမျှမကြာလိုက်။ လေကြီးမိုးကြီး ကျသံများ ကြားရတော့၏။

'ဝေါ. . . ဝေါ. . . ဝေါ'

'ဝုန်း. . . ဝုန်း. . . ဝုန်း'

'ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

'ဂလုံး. . . ဂျိမ်း. . . ဂျိမ်း'

ကြောက်စရာ၊ ချောက်ချားစရာ အသံများသည် မဟာမြိုင်တောထဲ
၌ ဟိုးဟိုး ထ,နေ၏။ ဘယ်ကများ မိုးသီး ကြွေကျမှာလဲ၊ မိုးကြိုး ဘယ်က
ပစ်မှာလည်း၊ သစ်ပင် ဘယ်ကနေ ကျိုးလွင့်လာမလဲဟု အစိုးရိမ်ကြီးနေစဉ်

ဘဆံရှည်က အရပ်လေးမျက်နှာကို လက်အုပ်ချီ၍ မန္တာန်များကို
ရွတ်၏။ မေတ္တာပို့၏။ အမျှဝေ၏။

မကြာခင် ကြောက်မက်ဖွယ် အသံကြီးများ ရုတ်ချည်း ငြိမ်ကျသွား
၏။

'ဘဆံရှည်. . . ဘာဖြစ်တာလဲဟင်'

'တောခြောက်တာ. . . ပါကွ'

'တောခြောက်တာ ဘာလို့ ခြောက်တာလဲဟင်'

'စမ်းကြည့်ကြတာပေါ့ကွာ'

'ဘယ်သူက စမ်းတာလဲ ဘရဲ'

'တောစောင့် တောင်စောင့်များပေါ့ကွ၊ ဒီမဟာမြိုင်တောက နတ်
ဘယ်ကွ၊ အတုအယောင် ဝင်လာလို့ မရဘူး။ ဂန္ဓာရီ အူကြောင်ကျား
ဝင်လို့ မရဘူး၊ ဝင်လာရင် အဲဒီလို ပညာပြရော. . . အချို့ ကြောက်
ပြီး ပြေးရော၊ ပြေးရင် ကျားတွေ ဆင်တွေနဲ့ တိုးရော. . . အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



များတယ်'

'ဒီလို အန္တရာယ်များတဲ့ နေရာကို ဘဆံရှည်ကဘာလို့ လာခဲ့တာ

'ငါက လာနေကျပါကွာ. . . မကြောက်ပါနဲ့. . . လာ. . . လာ'

မကြာခင် မိမိနှင့် ဘဆံရှည်တို့ ကျောက်ဂူကြီးတစ်ခုထဲသို့ ရော ခဲ့ကြ၏။

'ဘ. . . ကျောက်ဂူကြီးနော်'

'အေး. . . အထဲကို ဝင်ကြမယ်

'မှောင်နေတာပဲဗျ. . . ကျားတွေ ဝံတွေ အောင်းနေရင် ဘယ် လုပ်မလဲ'

မိမိတို့နှစ်ဦး ဂူပေါက်ကြီးအဝမှာ ရပ်လိုက်သောအခါ အထဲမှ စကားပြောသံ အချို့ကို ကြားလိုက်ရ၏။

'အဘ. . . အထဲက လူစကား ပြောသံမျိုး ကြားတယ်ဗျ ထောင်ကြည့်စမ်း'

မိုးကြိုးရဲ့ ပြောစကားကြောင့် ဘဆံရှည်က ဂူဝကို နား ထောင်လိုက်၏။

'ကြားလား'

'အိမ်း'

'အဖော်ရတာပေါ့ဗျာ. . . နော်'

'အဟင်း. . . ဟင်း. . . ဟင်း. . . ရတာပေါ့. . . ရတာပေါ့'

'ရှီး. . . ရှီး. . . ရှီး. . . ရှီး'

'ရှီး. . . ရှီး. . . ရှီး. . . ရှီး'

'ရှီး. . . ရှီး. . . ရှီး. . . ရှီး'

သို့ကလို လူသံများ ကြားနေရာမှ ရုတ်ချည်း မြွေတွန်သံ ကြားလိုက်ရပြန်သောအခါ မိုးကြိုး တုန်ခါ၍သွားပြီး ဘဆံရှည်၏လ တအားဆွဲညှစ်ကိုင်ထားလိုက်၏။

'အ. . . ဘ. . .'

'ဘာလဲ. . . ဘာလဲ'

'အ. . . အ. . . ထဲမှာ. . . မြွေ. . . မြွေတွေ ရှိ. . . ရှိတယ်

'မင်း. . . မြင်ရလို့လား'

---

စိတ်ကူးသစ်စာပေ



'မြွေတွန်သံတွေ အများကြီးပဲ၊ မြွေဆိုးတွန်သံတွေဗျ. . . ဖြစ်ပါ့ တား'

'ရှီး. . . ရှီး. . . ရှီး'

'ဖူး. . . ဖူး. . . ဖူး'

'ဝေါင်း'

'အမလေးဗျ'

'ဟ. . . ဘာဖြစ်ပြန်ပြီလဲ မိုးကြိုးရာ'

'ဒါ. . . ဒါ. . . ကျား. . . ကျား. . . ဟိန်းသံ ကျားဟိန်းသံ၊ ဂူဝက မြှန်ခွာကြစို့၊ ခွာကြစို့ အဘရာ. . . နော်. . . နောက်'

'နေစမ်းပါဦးကွာ. . . မင်းကလည်း ကြောက်လိုက်တာ၊ ကိုယ်သချိုင်း ဗျာန်းကျင့်လာပြီး လောကဓံကို တုန်လှုပ်နေရတယ်လို့၊ ဟော့ကောင် များမှတ် မေတ္တာပို့. . . မေတ္တာပို့'

ဒီမှာပဲ ဘဆံရှည်က မေတ္တာသုတ်ကို နှုတ်မှ ရွတ်လိုက်၏။ သို့နှင့် မိကလည်း မေတ္တာသုတ်ကို ရွတ်လိုက်၏။

လူစကားပြောသံများ ရပ်သွား၏။

မြွေတွန်သံများ စဲသွား၏။

ကျားဟိန်းသံ တိတ်သွားခဲ့၏။

ဘဆံရှည်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဂူစောင့် လ်များ၊ မဟာမြိုင်တောကြီး၏ အဘိုး ရုက္ခစိုးအားလည်းကောင်း၊ လော ပါလ နတ်များ၊ သာသနာစောင့်နတ်မင်းကြီးများကို မေတ္တာပို့ အမျှဝေပြီး နောက် လွယ်အိတ်ထဲမှ ဖယောင်းတိုင်ကို ထုတ်၍ မီးထွန်းလိုက်၏။

ဂူကြီးကို မီးရောင်နှင့် ထင်ထင်ရှားရှား မြင်လိုက်ရ၏။ အထဲမှာ ကျောက်ပန်းဆွဲအချို့ ကျနေ၏။ လူနှစ်ယောက် သုံးယောက် ယှဉ်၍ သွားလို ည်း ရ၏။ ခေါင်းပေါ်မှာ နှစ်တောင်ခန့် မြင့်နေတော့၏။ မိမိသည် ဘဆံ ည် ဦးဆောင်မှုနောက်မှ တထိတ်ထိတ်နှင့် လိုက်ခဲ့လိုက်၏။

စောစောက လူသံများ ဘယ်နားမှာပါလိမ့်။

မြွေတွေရော. . . ကျားရော. . . ဘယ်နားမှာပါလိမ့်၊ အထဲသို့ မိနစ် တန်ကြာ လျှောက်ခဲ့လိုက်သောအခါ ကျောက်ပလ္လင်ပေါ်မှာ ဝံရုပ်များ တ်တစ်ခုကိုပဲ တွေ့ရသည်။ အခြား ဘာမှမရှိ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်များရောက်ကုန်ပါလိမ့်။ သေသေချာချာ ကြည့်လိုက်တော့ ဂူကြီးက အဝင်ပေါက် တစ်ပေါက်ပဲ ရှိ၏။ စောစောက မိမိတို့ နားနဲ့ ဆတ်ဆတ်ကြားလိုက်ရသည့် လူ၊ မြွေနှင့် ကျားဟိန်းသံများ ဘယ်အပေါက်က ထွက်သွားကြပါလိမ့်။

မြေလျှိုးသွားကြရောသလား။

မိုးပျံ၍ ကျောက်ဂူကို ဖောက်ထွက်သွားကြရောသလား။ အံ့ဖွယ်ပါလား။ သည့်နောက် ဘဆံရှည်သည် ပါလာသည့် ဘုရားပန်းများကို လဲတော့၏။ ကျောက်ခွက်ညောင်ရေအိုးထဲမှ ပန်းဟောင်းများကို ပြောဆို၍ စွန့်လိုက်၏။ ပန်းဟောင်းများကား လန်းတုန်း ပွင့်တုန်းပဲ ရှိ၏။

'အဘ. . . ရေမလဲတော့ဘူးလား'

'ဒီမှာ ရေမလိုဘူး'

'ဗျာ. .. ဘယ်လို'

'ဒီကျောက်ပန်းအိုးဟာ အလိုလို ရေဓာတ်ရနေတာ၊ ပန်းတစ်ခါ ထိုးထားရင် တစ်လကိုးသီတင်း မညှိုးဘူး'

'တကယ်'

'အခု. . . ငါ စွန့်လိုက်တဲ့ ပန်းဟောင်း ဘယ်လောက်ကြာပြီထင်လဲ'

'တစ်ရက်နှစ်ရက်ပေါ့ဗျာ'

'ဘယ်ကမလဲ လူကလေးရဲ့ မရှိဘူးဆို နှစ်လသုံးလ ရှိပြီကွဲ'

'ဘ. . . ဆံရှည် ဘယ်လိုလုပ်သိလဲ ဟင်'

'စွန့်လိုက်တဲ့ ပန်းခက်ပန်းပင်များမှာ အမြစ်တွေ ထွေးအုံနေတာ ကြည့်ရင် ခန့်မှန်းလို့ ရပေါ့ မောင်ရာ'

'ဒီလိုလား. . . အံ့ဩစရာချည်းပါလား ဘရာ နော်'

'နောင်. . . မင်း ဒီထက် အံ့ဩစရာ တွေ့ရပါဦးမယ် မောင်ရာ ကိုင်း. . . ဘုရားပန်းလဲပြီးရင် သစ်သီးဆွမ်းကပ်မယ်၊ ပြီးရင် ငါတို့ ညနေစာ စားမယ်၊ စားပြီးတာနဲ့ တရားဆက်ထိုင်မယ်၊ မင်းကို ငါ ကြိုပြောထားမယ် ဒီဂူထဲကို ရောက်ရင် အကုသိုလ်အကြောင်း လုံးဝ မတွေးနဲ့၊ တဏှာရာဂ အကြောင်း မစဉ်းစားနဲ့၊ သူတော်ကောင်းစိတ်နဲ့ မေတ္တာပွားပြီး ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းကို ရအောင် ကြည့်ညို. . . ကျင့် ကြားလား'





'ဘာဖြစ်လို့လဲ ဟင်'

'မင်းက တယ်လျှာရှည်သကိုး၊ အကြောင်းရှိလို့ ပြောတာပေါ့ကွာ၊ ယုံရင် မင်း စမ်းကြည့်ပေါ့၊ အေး ဒီဂူမှာ ငါတို့ ကိုးရက် အဓိဋ္ဌာန်ဝင်မယ်၊ ဒီကုက အဓိဋ္ဌာန်စခန်းအောင်ရင် မင်းဘဝမှာ အတော်အတန် ပြီးမြောက်ပြီ မှတ်'

သို့နှင့် မိမိလည်း ဘာစကားမှ တွန့်မနေတော့ဘဲ ဘုရားရှိခိုး၏။ ဆီမီးထွန်း၏။ အဘက ရေပုလင်းမှ ရေကို ဘုရားအားကပ်လှူ၏။ ဘုရားကပ်ပြီးနောက် ပါလာသည့် ငှက်ပျောဖီးမှ ငှက်ပျောသီးများကို ဆာဆာနှင့် ယူ၍ စားလိုက်ရာ ငှက်ပျောသီးတစ်ဖီး ကုန်သွား၏။

'အဘ. . . နောက်နေ့ဖို့လည်း မရှိတော့ဘူးဗျာ'

'ပူမနေစမ်းပါနဲ့ကွာ'

သည့်နောက် ပါလာသည့် စောင်ပိုင်းများကို ဖြန့်ခင်းပြီး နှစ်ယောက်သား ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းခေါ် ဗုဒ္ဓ၏ ကြည်ညိုဖွယ်ရာ လက္ခဏာတော်များနှင့် ဗုဒ္ဓ၏ အကျင့်မြတ်များအကြောင်းကို လည်းကောင်း၊ မျက်လုံးထဲ မှိတ်သဲ၊ ဦးနှောက်ထဲ ထင်လာမြင်လာအောင် မှတ်ရှုလိုက်ကြသည်။

ဂူကြီးသည် အပ်ကျသံ ကြားအောင် တိတ်နေ၏။

အဘကို ကြည့်လိုက်တော့ အဘဆံရှည်သည် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေ၏။ အဘစျာန်ဝင်နေပြီ၊ ဒီမှာ မိမိ စဉ်းစားကြည့်မိ၏။

မိမိ၏ နှုတ်ကိုလူသည် ထောင်ထွက် လူပေလူရွှတ် ဖြစ်၏။

မိမိသည် အငြိုးကြီး၏။ ကလဲ့စားချေရမှ ကျေနပ်၏။ သို့သော် ခိုးတာနှင့် မဟုတ်တာကို မလုပ်ခဲ့။

မိမိဘဝကို ညစ်ထေးအောင် ရက်စက်လှည့်ဖျားသွားခဲ့သည့် ချစ်သူ ခင်မြနှစ်နှင့် သူ့ဘကြီး သူကြီး ဦးတသန်လျှင်းကိုတ်ကို ကလဲ့စားချေရန် ကြံစားခဲ့သည်။

ဒီမှာပဲ မအူမလည် ဆန္ဒစောလွန်းသည့် သူ ခံလိုက်ရသည်။

သေကောင်ပေါင်းလဲဘဝကို ရောက်နေစဉ် ဘဆံရှည်နှင့်တွေ့၍ ဘဝ တစ်မျိုးတစ်ဖုံ ပြောင်းခဲ့ရ၏။

သူ ဒီဘဝမျိုးနှင့် လူ့လောကကို အပြီး ရင်ဆိုင်သွားရမှာလား။ သူ့ကို သေလုမျောပါး စိတ်ရောကိုယ်ပါ ထောင်းထောင်းကျေအောင်



www.burmeseclassic.com

www.burmeseclassic.com



နိပ်စက်ခဲ့ကြသည့် ဦးတသန်လျှင်းဂျိတ်တို့ ခွေမျိုးအဝန်းအဝိုင်း ရွာသား အဝန်းအဝိုင်းကို ကျောင်းမှန်းကန်မှန်း သိအောင် ပြန်ကလှဲစား မချေတော့ ဘူးတဲ့လား။

ငါ့နာမည် မိုးကြိုး. . .

လောင်မီးကျအောင် ပစ်တဲ့ မိုးကြိုး. . .

ငါ အလကား မိုးကြိုး မဟုတ်ဘူး. . .

'ဂျိမ်း'

'အား'

'ဂျိုင်း'

'အမလေး'

မိုးကြိုးပစ်သံ။ ဘုရား. . . ဘုရား မိုးကြိုးပစ်သံသည် နားဝမှာ ကပ်၍ ပစ်လိုက်သည့် အသံလှိုင်း။ သူ လန့်၍အော်လိုက်ပြီး အဘဆံရှည်ကို ကြည့်လိုက်သည်။ ဘဆံရှည်ကား ဘာမှ မကြားသကဲ့သို့ ရှိနေ၏။

'ရှီး. . . ရှီး. . . ရှီး'

'ရှီး. . . ရှီး. . . ရှီး'

'ဖူး. . . ဖူး. . . ဖူး'

'ဘုရား. . . ဘုရား'

နောက်နားမှ ကပ်၍မြွေဆိုးတွန်သံ နှာမှုတ်သံများ ရုတ်ချည်း ကြား လိုက်ရပြန်သောကြောင့် အလန့်တကြား လှည့်ကြည့်လိုက်ရာ ဘာမှမရှိ ဘယ်လိုဖြစ်တာပါလိမ့်။

'ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား'

'ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး'

'ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား'

ဘုရား. . . ဘုရား. . . ရယ်သံတွေ လှောင်သံတွေ။ အသံနက်ကြီး များနှင့် အော်ဟစ်ရယ်မောလိုက်သည့် အသံတွေ။ မိုးကြိုး ဆံပင်များ ထောင် ၍ ထသွားသည်။ အဘနားကို ခုန်ပြေး၍ ကပ်သွားချင်သော်လည်း အဘဆံ ရှည်က သူ့ရှာန်နှင့်သူ ငြိမ်သက်လို့. . .

ဒီအသံများကို အဘဆံရှည် မကြားဘူးလား။

ဘာကြောင့် မကြားတာလည်း။ အသံများက လိပ်ပြာလွင့်ခါ

စိတ်ကူးသစ်စာပေ



လူလုံး လူထည် မတွေ့ရဘဲ အသံနက်ကြီးများရဲ့ အော်ရယ်သံကို ကြားရသောအခါ မိမိ နားနှစ်ဘက်ကို ပိတ်၍ မျက်စေ့ကို စုံမှိတ်ပြီး ဘုရား တ,လိုက်၏။

'ဘုရား. . . ဘုရား. . . ဘုရား'

'ဘုရားကယ်ပါ. . . တရား ကယ်တော်မူပါ၊ သံဃာ ကယ်တော်မူပါ ဘုရား'

သူ့ပါးစပ်မှ ရေရွတ်ရင်း လက်အုပ်ကိုချီ၍ ဂဝံရုပ်ပွားတော်ကြီးကို အာရုံပြုလိုက်၏။ အာရုံကို ဘုရားရှိရာမှာ နှစ်၍ မလွင့်ပျံ့အောင် စိတ်ကို ထိန်းလိုက်၏။

ချက်ချင်းပဲ အသံများ ငြိမ်၍ကျသွားသည်။

ဒီမှာပဲ အဘရဲ့အသံကိုကြားလိုက်ရသည်။

'မင်းကို ငါပြောသားပဲ၊ ဒီဂူထဲကို ရောက်ရင် အကုသိုလ်အကြောင်း လုံးဝ မတွေးနဲ့။ တဏှာရာဂ ဒေါသအကြောင်း လုံးဝ မစဉ်းစားနဲ့. . . သူ တော်ကောင်းစိတ်နဲ့ မေတ္တာပွားပြီး ဗုဒ္ဓနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ကို ပွားလို့ ပြောသား ဥစ္စာ၊ မယုံတော့ ခံပေါ့ကွာ'

သူ ဘဆံရှည်ရဲ့ ပြောသံကြား၍ အားရဝမ်းသာ လှည့်ကြည့်လိုက် ၏။ သို့သော် ဘဆံရှည်ကာ ပီတိ ကျောက်ရုပ်တစ်ရုပ် ဖြစ်နေ၏။ သူ့ဘက် ကို လုံးဝ လှည့်မကြည့်။ သူ ရှိမှန်းတောင် သိပုံမရ၊ ထူးဆန်းလေစွ။

နားထဲမှာ ဘဆံရှည်ရဲ့ စကားသံကို စင်ကျယ်ကျယ်ကြီး ကြားလိုက် ရတာ။

မိုးကြိုးရဲ့ အံ့သြစိတ်များသည် အခေါင်အထွဋ်သို့ ရောက်ရှိသွား၏။ ဒါနှင့်အတူ သူ ဂမ္ဘီရလောကရဲ့ ဆန်းကြယ်လှသော ဘဝအမိပ္ပါယ်ကို နား လည်သဘောပေါက်ပြီးနောက် ရင်ထဲမှာ ပီတိရသများ စိမ့်စီးသွားခဲ့၏။

အသွေးအသားများ လန်းဆန်းသွား၏။

သည့်နောက် နောင်တများ၊ အသိများနှင့် အကုသိုလ်စိတ်များကို ဖယ်ရှားသန့်စင်ပြီး ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းကို ဝင်စားစီးဖျန်းလိုက်သည်။ မျက်စေ့အစုံထဲမှာ ဗုဒ္ဓ၏ကြည်လင် သန့်ရှင်းစင်ကြယ်သော မဟာကရုဏာ မျက်နှာတော် ပေါ်လာသည်။ ဒါနှင့်အတူ 'သရဏဂုံ'ဆိုသော အသံကို ကြားလိုက်ရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဓမ္မံသရဏံ ဂစ္ဆာမိ။
သံဃံသရဏံ ဂစ္ဆာမိ။

စိတ်သည် ရေစင်လို စမ်းရေလို ကြည်လင်သွားသည်။ မြူမဟန်သော စိတ်သည် အေးချမ်းရပ်ဝန်းမှာ ရှင်သန်ကြီးပွားနေသည်။ နားထဲမှာ အခြားဘာမှ မကြားရ။ မျက်စေ့ထဲသို့ အဝိဇ္ဇာမြူမှုန်များ ဝင်မလာခဲ့။ မိမိခန္ဓာကိုယ်သည် လေထဲမှာ လွင့်မျောသလို ရှိသွားခဲ့လေသည်။

သန်းခေါင်ယံခန့်သို့ ရောက်သောအခါ သူ မူလ ပကတိစိတ်သို့ ပြန်ဝင်လာပြီး နိုးထလာခဲ့၏။

ဒီမှာ သူ အံ့သြစရာ အချက်သုံးချက်ကို ထူးဆန်းစွာ မြင်တွေ့လိုက်ရတော့သည်။

ပထမအချက်က နေဝင်ဖျိုးဖျကတည်းက မီးထွန်းညှိထားခဲ့သော ငါးလက်မခန့် ဖယောင်းတိုင် မီးအလင်းရောင်သည် ခုထက်တိုင် ဒီအတိုင်းရှိနေပြီး ဖယောင်း အရည်မပျော်ဘဲ မီးဆက်လင်းနေခြင်းဖြစ်၏။ အံ့ဖွယ်ကောင်းလေစွ။

ဒုတိယအချက်ကား. . .

ညောင်းညာလွန်းလှ၍ ဂူဝမှ ပြင်ပလေကို ရှူလိုသောကြောင့် ဂူကို ထွက်လာလိုက်သောအခါ. . .

‘အလိုလေး. . . လေး’

‘ဘုရား. . . ဘုရား’

မိမိမြင်လိုက်ရသည်ကား လရောင်အောက် ဂူဝမှာ ကိုးတောင်သာသာခန့် ရှိမည်ဟု ခန့်မှန်းရသော အနက်နှင့် အဝါအစင်းကျား ရောမကျားကြီး နှစ်ကောင်သည် ဂူဝတောင်ဘက်နှင့် မြောက်ဘက်မှာ လက်ပေါ် ခေါင်းတင်၍ အိပ်နေခြင်းဖြစ်၏။ ဘုရား. . . ဘုရား ကျားကြီးနှစ်ကောင်ရဲ့ သွင်ပြင်ထော့နဲ့က ဂူအထဲကို မဝင်ဘဲ ဂူဝမှာ စောင့်နေသည့်ပုံမျိုး။

မိုးကြိုး အကြီးအကျယ် အံ့သြတုန်လှုပ်သွားပြီး ခြေသံမကြားအောင် အထဲသို့ ပြန်ဝင်လာလိုက်သောအခါ တတိယမြောက် ထူးဆန်းဖွယ်ကောင်းသော အဖြစ်ဆန်းကို အံ့ဘနန်း ထပ်၍ ကြုံလိုက်ရလေ၏။

ထိုထူးဆန်းဖွယ်ကား အခြားမဟုတ်။

---
စိတ်ကူးသစ်စာပေ



မီးရောင်ရှေ့ ဂဝံရုပ်ပွားတော်မှ ထူးဆန်းသော အလင်းရောင်စုံများ ဖြာကျ၍ လင်းထိန်နေခြင်းပဲ ဖြစ်၏။ သူ အံ့သြဝမ်းသာ ငေးကြည့်နေသည်။

သည့်နောက် သူ ရောင်ခြည်တော်များ ဖြာကျက်နေသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရိုသေစွာ လက်အုပ်ချီမိုးပြီး ဦးကုန်းချလိုက်လေ၏။

ဦးကုန်းချနေသည့် အကြိမ်မည်မျှ ရှိနေသည်ကို သူမသိတော့။ သူ ဆက်လက်၍ ဦးကုန်ချ နေဆဲ။

www.burmeseclassic.com

# အိုးစည်တီးပြီးဖျော်ဖြေရတဲ့အသုဘ

မိုးကြိုး ဘဆံရှည်နှင့်အတူနေပြီး ဂူများ၊ သချိုင်းများ၊ သုသာ
များ၊ ရှေးဘုရားစေတီများ တောတောင်များမှာ လှည့်၍ သမထကသိုဏ်
စည်း ကျင့်စဉ်များကို လိုက်ပါလေ့ကျင့်ရင်း သူ့ရဲ့ ကြမ်းကြုတ်သော
စိတ်သည် တဖြည်းဖြည်း ယဉ်ကျေးလာခဲ့သည်။

ရတနာမြတ်သုံးပါး၏ အနှစ်သာရနှင့် အဓိပ္ပါယ်ကို နားလည်
သဘောပေါက်လာသောအခါ လူတစ်ယောက်ရဲ့ လူဖြစ်ခြင်းဘဝ၊ လူ
မှ လူမြတ်ဖြစ်ရခြင်းဘဝကို နားလည်လာ၏။

လောဘ၊ ဒေါသ၊ မောဟများ လျော့ပါးလာ၏။

ရင်ထဲမှာ ချစ်ခြင်း၊ မေတ္တာ၊ သနားခြင်း ကရုဏာ၊ ကိုယ်ချင်း
ခြင်း မုဒိတာနှင့် မလွှဲသာသော ဥပေက္ခာတရားတို့ ထုံလာခဲ့၏။

ဒါနှင့်အတူ. . .

ဘဆံရှည်ထံမှ လောကီဆေးပညာ၊ ဓါတ်ပညာ၊ စိတ်ပညာ
ဂမ္ဘီရ ပညာရပ်များကိုလည်း လေ့လာသိရှိခွင့် ရခဲ့သည်။

တစ်နေ့သောအခါ ဘဆံရှည်သည် တရားထိုင်နေရာမှ တရား





ရှတ်ချည်း ဆိုသလို လွယ်အိတ်စုတ်ကြီး ကောက်လွယ်ပြီး ပြောလိုက်၏။

'လူကလေး မိုးကြိုး'

'ခင်ဗျာ. . . ဘ'

'အရေးပေါ်ခရီး ထွက်ရမယ်. . . ထ'

'ပြုန်းစားချည်းပါလား ဘရ. . . ဘယ်လိုဖြစ်ရတာလဲ'

'အမိန့် ချက်ချင်းရလို့ကွာ'

'ဘယ်က အမိန့်လဲ ဟင်. . . ဟင်'

'ကျေးဇူးရှင် ဆရာတော်ကြီးထံက အမိန့်ရလို့'

'ဟင်. . . ဘ,လည်း ဘယ်မှ ခရီးမသွားဘဲနဲ့ ဥစ္စာ'

'ထ,ပါကွာ၊ အရေးကြီးတယ်. . . အချိန်မီဖို့ အရေးကြီးတယ်၊ ထ
တော့'

'ဘယ်လို ကိစ္စများမို့ လောနေရတာလဲ ဘရ'

'လူ့အသက်တစ်ချောင်းကို ကယ်ရမယ့်ကိစ္စပဲဟေ့၊ လာ. . . လာ'

ဒီလိုနှင့် မိုးကြိုးနှင့် ဘဆံရှည်တို့ လွယ်အိတ်ကိုယ်စီလွယ်၍ ခရီး
နှက်ခဲ့ကြ၏။ ဦးစွာ မော်တော်စီး၍ လာခဲ့ကြ၏။ သည့်နောက် ကုန်းကြောင်း
လျှောက်၍ အိမ်ခြေများလှသော ရွာကြီးတစ်ရွာ ရှိရာသို့ အမြန်ဝင်ခဲ့ကြ၏။

ရွာကြီးအမည်က 'နတ်ကြီးမိုး'ရွာတဲ့။

ရွာထဲဝင်တော့ လူလေးယောက် သုတ်သုတ်ပျာပျာနှင့် စကားတွတ်
ထိုးပြီး လာနေသည်ကို မြင်လိုက်ရ၏။ ဒီမှာ ဘဆံရှည်က ရှေ့ကလူကို
မေးလိုက်၏။

'ဟေ့ သူငယ်. . . ပွဲစားကြီး ဦးကျောက်စိမ်း အိမ် ဘယ်မှာလဲကွဲ့'

'ပွဲစားကြီး ဦးကျောက်စိမ်းအိမ်က ဟိုလမ်းထိပ်က အိမ်ကြီးပဲ
ဘာရေ. . . ပွဲစားကြီးတော့ မရှိတော့ဘူး ခင်ဗျ'

'ဘယ်လိုဖြစ်လို့လဲကွာ'

'ဘက ပွဲစားကြီးနဲ့ သိလို့လား'

'အိမ်း'

'ပွဲစားကြီး ဒီနေ့မနက် မိုးလင်းကာနီး ဆုံးသွားတယ် ခင်ဗျ. . .
အဲဒါ အိုးစည်ဝိုင်း သွားငှားမလို့'

'ဟေ. . ပွဲစားကြီး သေတာနဲ့ ဘာလို့ အိုးစည်ဝိုင်း ငှားရတာတုန်း'



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးသည် ထူးဆန်းသော စကားသံများကြောင့် လူစိမ်းယော ယောက်ရဲ့ မျက်နှာများကို သေသေချာချာ ကြည့်နေမိ၏။ လူစိမ်းများ လေသံက နောက်ပြောင်ပြောဆိုနေသည့် လေသံမဟုတ်။

'ပွဲစားကြီး ဆုံးတော့ သူ့လက်ထဲမှာ စာတစ်စောင် ဆုပ်ကိုင်ထား တာကို သူ့ဇနီးနဲ့ သားသမီး ဆွေမျိုးများ မြင်လိုက်ရရော အဘရေ. . . အဲ ယူဖတ်ကြည့်တော့ ငါသေရင် ချက်ချင်း အိုးစည်ဝိုင်း ငှားပြီး တီးကြ ရေးခဲ့လို့. . . အဲဒါ အခု အိုးစည်ဝိုင်း သွားငှားမလို့ဗျ. . . ရွာမှာ အိုးစည် ဝိုင်းတော့ ရှိပါရဲ့. . . တီးမယ့်လူများက ခရီးလွန်နေကြလို့ ဟိုး အရှေ့ရွာ ဝိုင်းကို သွားငှားမလို့'

ဒီမှာပဲ ဘဆံရှည်က ချက်ချင်း ဝမ်းသာဟန်နဲ့. . .

'ဟန်ကျလိုက်လေကွာ. . . မင်းတို့ရွာမှာ အိုးစည်တော့ ရှိတယ်နော်

'ရှိတယ် ခင်ဗျ'

'ဒါဆို. . . ငါတို့ လိုက်တီးမယ်ကွ. . . မင်းတို့ လိုက်ပြ'

'ဗျာ. . . အဘတို့က အိုးစည်သမားတွေလား'

ခေါင်းဆောင်ဖြစ်ဟန်တူသူက အဝတ်အစား ဖိုးရိုးဖားရားနှင့် ဘဆံ ရှည်ကိုလည်းကောင်း၊ ပါးမြိုင်းမွေးများ ရှည်ပြီး ဆံပင်ဖွာလန်ကျဲနှင့် မိုးကြိုး ကို လည်းကောင်း မယုံသလို အံ့သြသလို ကြည့်၍ မေးလိုက်၏။

'သိပ်ဟုတ်တာပေါ့ကွာ. . . ငါက လင်ကွင်းသမား၊ ဒီသူငယ်က အိုးစည်တီးသမားကွ'

'ဟုတ်ရဲ့လား ဘရာ'

'ဟုတ်ပါတယ်ဆိုကွာ. . . ဟော့. . . မောင်မိုးကြိုး မင်း အိုးစည်သမား မဟုတ်လားဟေ့'

ဒီမှာပဲ မိုးကြိုး ယောင်ယောင်နနဟန်နှင့်. . .

'ဟုတ်. . . ပါတယ် ခင်ဗျ'

'ကိုင်း. . . ဒါဆို ဟန်ကျတာပေါ့ကွာ၊ လာဟေ့. . . ပွဲစားကြီးအိမ် ကို ခုပဲ သွားကြစို့'

သို့နှင့် ကာလသားခေါင်းဖြစ်ဟန်တူသော သို့မဟုတ် ဆွေမျိုးသား ချင်း တော်စပ်ဟန်တူသော လူရွယ်နောက်မှ မိုးကြိုးနှင့် ဘဆံရှည်တို့ လိုက်ပါ ခဲ့ကြ၏။ မိုးကြိုးကတော့ ခေါင်းခဲနေ၏။ မသာမှာ အိုးစည်တီးကြမလို့တဲ့





ဘစ်ခါမှ မကြားဖူး။ သေသူပွဲစားကြီး ဦးကျောက်စိမ်းပဲ ရူးရော့သလား။

ဒါမှမဟုတ် အရူးကြောင်ကြောင် သူ့မိသားစုကပဲ ရူးရော့သလား။

ရွာများအကြားမှာ ဘဆံရှည်က ကန့်လန့်ကြီး ဝင်ပါချင်နေ၏၊ ဘဆံရှည် ပါတော့ သူလည်း ကန့်လန့်နောက်ဆွဲအဖြစ် ဝင်ပါရပြန်၏။

မဟုတ်မှလွဲရော။

မိမိတို့လည်း ရူးကြောင်ကိန်း ဆိုက်ပြီနဲ့တူပါရဲ့။

ဒီလိုနှင့် အလွန်ကြီးမားလှသော ပွဲစားကြီး ဦးကျောက်စိမ်း၏ ကြီးရှိုင်းအိမ်သို့ ရောက်ခဲ့ကြ၏။

'အိုးစည်ဝိုင်း ရလား. . . ဖော်ဖေ'

'ရပြီ. . . ကြီးဒေါ်ရေ ဒါ အိုးစည်တော်သားများပဲ ခင်ဗျ'

အသက်(၅၀)ခန့် ရှိမည့် အသားဖြူဖြူ ဝဝခန့်ခန့် စိန်နားကပ်ကြီး ဝင်းဝင်းနှင့် မိန်းမကြီးက ဝင်ဝင်ချင်း လှမ်းအော်မေးလိုက်၏၊ ပွဲစားကြီး တော် ဒေါ်ဒေါ်င်းအေးချစ်ဟု သိရ၏။

'ဟင်. . . မင်းတို့ဟာ အိုးစည်တော်သမားလည်း ဆိုရဲ့. . . ဘာ စည်းမှလည်း မပါပါလား. မောင်ဖော်ဖေရဲ့'

'ရွာထဲက မောင်စည်တို့ အိုးစည်များကို သွားယူနေပါပြီ ခင်ဗျ၊ ဒီလူတို့က အတီးသမား သက်သက်ပါတဲ့'

ဒီမှာပဲ အဒေါ်ကြီးက ဘဆံရှည် မိုးကြိုးရဲ့ နွမ်းနွမ်းစုတ်စုတ် ဝတ်စားဆင်အပြင်ကို စိုက်၍ကြည့်ပြီး. . .

'ရှင်တို့က အိုးစည်တီးတတ်တယ်နော်'

'တီးတတ်ပါတယ်. . . ကျုပ်က လင်ကွင်း. . . ဒီသူငယ်က အိုးစည် ပါ ဒါနဲ့ မောင်တို့ဆီမှာ ပလွေသမား ရှိရဲ့လား'

ဒီလို လှည့်မေးလိုက်တော့ ဖော်ဖေဆိုသူက. . .

'ကျွန်တော်က ပလွေသမားပါ ဘကြီး'

'အေး. . . ဒါဆို ရပြီ၊ ဝါးသမားရော ရှိလား'

'ဒီကောင် ချစ်တီးက ဝါးနိုင်တယ် ခင်ဗျ'

'ဘယ်လို နိုင်တာလဲ'

'ဝါး ငါးလုံးချည်ပြီး ထမ်းနိုင်တာပါ ခင်ဗျ'

'ဖွီ. . . ဒါကိုပြောတာ မဟုတ်ဘူးကွ. . . ဝါးလက်ခုပ်တီးတာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာဟ'

'ဒါလား. . . ရတယ်. . . ရတယ်. . . အဘ စိတ်ချ'

'ကိုင်း. . . ဒီက နှမကြီး နာမည်က ဘယ်သူ'

'ဒေါ်ဒေါင်းအေးချစ်ပါရှင်'

'သေသူနဲ့ ဘယ်လိုများ တော်စပ်ပါသလဲ'

'သေသူပွဲစားကြီးက ကျွန်မရဲ့ ခင်ပွန်းပါရှင်'

'ဪ. . , ဪ. . . ခင်ပွန်းကိုး. . . ကိုင်း ပွဲစားကြီး ရှိရာ

ပို့ပေးဗျာ'

သို့နှင့် အပေါ်ထပ်သို့ သူတို့အားလုံး တက်ခဲ့ကြ၏။ အိမ်ပေါ်

ရှေ့၌ ရှေးဟောင်း ကျွန်းခုတင်ကြီးနှင့် ပြင်ထားသည့် ပွဲစားကြီး ဦးကျော

စိမ်း ဆိုသူ၏ ရုပ်အလောင်းကို ဘဆံရှည်နှင့် မိုးကြိုးတို့ မြင်လိုက်ရ

ပွဲစားကြီး၏ ရုပ်အလောင်းမျက်နှာကို မြင်လိုက်ရသောအခါ မိုးကြိုး

အံ့သြသွားခဲ့ရ၏။ အကြောင်းကား ပွဲစားကြီး ဦးကျောက်စိမ်း၏ မျက်နှာ

သည် သူတို့ရဲ့ ငယ်ဆရာ ကျောက်ဘီလူး ကျွန်းပြန်ကြီး ဘကျွန်းရဲ့ မျက်နှာ

နှင့် ဆင်ဆင်တူနေသောကြောင့်တည်း။

ဒီမှာ မိုးကြိုးက မနေနိုင်၍ ဝင်မေးလိုက်၏။

'ကြီးဒေါ်. . . ဒီ. . . ဒီ. . . ပွဲစားကြီး နာမည်က'

'ဦးကျောက်စိမ်းပါ. . . ကွယ်'

'အခြားနာမည်များ ရှိပါသေးလား ခင်ဗျာ'

'မရှိပါဘူး. . . သူငယ်ရယ်၊ ဒီနာမည်ပဲ ရှိပါတယ်. . . ဘာဖြစ်

လဲဟင်'

မိုးကြိုးခေါင်းကို ယမ်းပြလိုက်သည်။ မကြာမီ မိသားစုဝင်များ

မျက်ရည်စို့ရွှဲနှင့် အသီးသီး ရောက်လာကြ၏။ ပွဲကတော်ကြီးက တီးမှုတ်

စရာ ပစ္စည်းများ ရောက်မလာခင် ဖြစ်ကြောင်း ကုန်စင်များကို ငိုကာ ရှိ

ကာ ပြန်ပြောပြနေ၏။

'သိပ်ကို သဘောပြည့်ဝတဲ့ လူပါ။ မောင်ကြီးရယ်. . . အလှူအတန်း

လည်း သိပ်ရက်ရောတာပဲ. . . သားသမီး ခြောက်ယောက်ကိုလည်း သိပ်

ချစ်တာပဲ၊ ကျွန်မကိုလည်း သူက စိတ်မချဘူးတဲ့၊ သူကလေ အိုးစည်ဗိုင်း

ဒိုးပတ်ဝိုင်းများ သိပ်ကြိုက်တာ. . . ငယ်ငယ်ကာလသားကတည်းက အိုးစည်





ဘည်း အတီးကောင်းပဲ. . . အိုးစည်ဗိုင်းနဲ့များ လိုက်နေရရင် ထမင်းမေ့

ဟင်းမေ့ မိမေ့ ဖမေ့ အိမ်မေ့ဆိုတဲ့ လူပါ. . . မောင်ကြီးရယ်'

'သူ့မှာ သတိလစ်မေ့မြောတတ်တဲ့ ရောဂါရှိလား'

ဘဆံရှည်က ပွဲစားကြီးရုပ်အလောင်းကို ကြည့်၍ မေးလိုက်၏။

'အလျှင်ကတော့ နှစ်ကြိမ်သုံးကြိမ် သတိလစ်သွားတာမျိုး ရှိခဲ့ဖူး

ပါတယ်။ ကြာတော့ ကြာပြီပေါ့. . . မောင်ကြီးရယ်'

'အဲဒီတုန်းက သူ ဘယ်လို ပြန်သတိရလေ့ရှိလဲ နှမကြီး'

'ကျွန်မတို့က သေပြီဆိုပြီး သူ့ကို ရင်လှုပ်၊ ရင်ဘတ်ကိုထု အော်ငို

သားသမီးများကလည်း စိတ်ထိခိုက်ပြီး ခုန်ပေါက်အော်ဟစ် ဝိုင်းအိုင်းကြ

ကြရော. . . မသေဖျောင်း မပျောက်ကောင်း ပြန်သတိရလာတာမျိုးတော့

နှစ်ကြိမ်လောက် ကြုံဖူးတာပဲရှင့်၊ အခု အကြိမ်မှာတော့ နေမကောင်းတာ

လည်း ကြာရှည်ပြီး မနက်ကတော့ သူ့လက်ထဲမှာ ဒီစာရေးခဲ့ပြီး သေသွား

ပါး. . . ဟီး. . . ကို. . . ကျောက်. . . စိမ်း. . . ရေ. . . သူတော်ကောင်းကြီး

ရဲ့ ခုတော့ ရှင် ကျွန်မတို့ကို ပစ်. . . သွားပြီ. . . ပေါ့. . . သူတော်ကောင်း

ကြီးရဲ့. . . ဟီး ဟီး'

ပွဲကတော်ကြီးက စာရွက်ကြေလေးတစ်ရွက်ကို ဘဆံရှည်သို့ လှမ်း

ပေးပြီး ဟီးချ၍ ငိုတော့၏။ ပွဲကတော်ကြီး ငိုတော့ ကျန်သားသမီးများကလည်း

ဝိုင်း၍ ငိုကြတော့၏။

ဒီမှာ ဘဆံရှည်က စာရွက်ကို သေသေချာချာ ဖတ်ပြီးနောက်

သူသေကောင် ပွဲစားကြီး၏ ကိုယ်သားကိုယ်ရေကို စ၍ စမ်းကြည့်လိုက်၏။

ပြီးနောက် မျက်လုံးကို ဖြဲကြည့်၏။ နှာခေါင်းကို လက်နှင့် ကပ်ကြည့်၏။

ခြေဖဝါးများကို ကိုင်ကြည့်၏။ ရင်ဘတ်ပေါ် နားနှင့်ကပ်၍ စူးစမ်း၏။

ဒီမှာ ပွဲကတော်ကြီးက သွားလေသူကို ချစ်လွန်း၍ သူမှာသည့်

အတိုင်း ပြုလုပ်ပေးရပါကြောင်း ပြောပြ၏။

'အဘရေ. . . အိုးစည်ရော ပလွေရော ဝါးရော ရောက်ပြီ ခင်ဗျ'

'အေး. . . ရောက်ရင် စကြစို့ကွာ၊ ဟေ့ကောင် မိုးကြိုး ပတ်စာထိုး

ဟေ့. . . မြန်မြန်လုပ်ကြ'

မိုးကြိုးက ဘဆံရှည် အမိန့်အတိုင်း အိုးစည်ကို ပတ်စာထိုး၍

အသံစမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ထုံ . . . ထုံ'

အိုးစည်သံသည် အိမ်ကြီးရှိုင်ရဲ့ အပေါ်ခန်းမှာ လိုက်သံနှင့် ထပ် သွား၏။ ဘဆံရှည်က လင်ကွင်းနှစ်ချပ်ကို ယူ၍ အသံစမ်းလိုက်၏။

'ချမ်း . . . ချမ်း'

'ကိုင်း . . . ပုလွေသမား . . . အသင့်ဖြစ်ပြီလားကွဲ့'

'ဖြစ်ပြီ အဘ'

'ကိုင်း . . . အားလုံး အသင့်ဖြစ်ရင် စ,ကြစို့ရဲ့၊ ကိုင်း ပွဲစားကြီး ဦးကျောက်စိမ်း ခင်ဗျား . . . ပွဲစားကြီးရဲ့ လိုအင်ဆန္ဒအတိုင်း ပွဲစားကြီးရဲ့ ရှာပနမှာ ကျုပ်တို့ အိုးစည်ဝိုင်းသားများက ပွဲစားကြီး နှစ်သက်မြတ်နိုးတဲ့ အိုးစည်တေးဂီတနဲ့ ဖြည့်ဆည်းပေးပါတော့မယ် ခင်ဗျား . . . ဒါကြောင့် နို့ အိုးစည်ပေါ် ရွှေလက်တော် အစုံခင်းပြီး . . . ရွက်ကုန်တက်ကုန် . . . ကျင်းမှာ မို့ . . . ဟဲ့ လူလေး စိန်အိုးစည် ဆိုတာစ'

'ပတ်ပလုံ . . . ပတ်ပလုံ . . . ထုံထုံထုံ'

'ဝေး . . . စိန်အိုးစည်တဲ့ဟေ့'

မိုးကြိုးသည် အိုးစည်ကို ခေါ်သံပေပြီးနောက် ပါးစပ်မှ 'ဝေး'သံ ပြု၍ အိုးစည်အယိုင်ကို ဖွင့်လိုက်သောအခါ ပလွေသံ၊ အိုးစည်သံ၊ လင်ကွင်း သံ၊ ဝါးလက်ခုပ်သံများဖြင့် အိုးစည်တီးသံများသည် အိမ်ကြီးပေါ်မှာ ဆူညံ ၍ သွားလေ၏။

အသုဘအိမ်မှ အိုးစည်သံများ ကြားကြသောအခါ အိမ်နီးနားချင်း များ အပြေးအလွှား ရောက်လာကြ၏။ အိမ်ပေါ်ကို ပြေးတက်လာကြ၏။

သူတို့သည် သေသူ ပွဲစားကြီး ဦးကျောက်စိမ်း၏ ရုပ်အလောင်းကို ဝိုင်း၍ အိုးစည်သား ငါးယောက် အားရပါးရ ပျော်ပျော်ရွှင်ရွှင် တီးမှုတ်အော် ဟစ်နေကြသည်ကို ရုတ်ချည်း မြင်လိုက်ရသောအခါ ပွဲကတော်ကြီးမိသားစု ကို ကရုဏာသက်စွာ ကြည့်ကြပြီး တီးတိုးစကား ဆိုကြတော့၏။

'ပွဲကတော်ကြီး ရူးသွားပြီနဲ့ တူပါရဲ့တော်'

'အေးတော် . . . အသုဘမှာ အိုးစည်ဝိုင်း ထည့်ရတယ်လို့ ဒီတစ် ခါပဲ ကြားဖူးပါရဲ့ . . . အံ့ရော'

'မလုပ်ကောင်း လုပ်ကောင်းတော် . . . မတော် မိုးကြိုးများ ပစ်ချ ရင် ဒုက္ခ'

---

စိတ်ကူးသစ်စာပေ



'မိုးကြိုးပစ်မှာထက် နောက်လူပါ လိုက်သေကုန်ရင် ရွာနာရော'

'ဝေး'

'ဝါး . . . ဟား ဟား'

'ဘာတဲ့တုံး . . . မောင်မိုးကြိုးရဲ့ . . . ရွာတုန်အောင် တီးတဲ့လက်မို့ 'ဘုံ'ကို ခရီးဆက်မယ့် လက်လေး . . . ကွန့်လိုက်ပါအုံး . . . သားရဲ့'

'ထုံ . . . ထုံ'

'ပလို့ထုံ . . . ပလို့ထုံ'

'အစ်ကိုလေးတစ်ယောက်ရဲ့ အတီးကို . . . အပျိုလေးတစ်ယောက် က ဆီးပြီးကြည့် . . . ဟဲ့ 'ဘိုကလေး'ရောက်မယ့် အတီးဆိုတာ ကြည့်ပါအုံး သားကြီးရဲ့'

'ဝေး . . .'

'ဝါး . . .'

ဘဆံရှည်ကို ကြည့်၍ မိုးကြိုး အံ့ဩနေ၏။ သူသည် အင်္ဂရုတ် ကို ကိုင်၏။ ဓိန္နောဆေးကို ကိုင်၏။ သမထကို ပိုင်၏။ ကသိုဏ်းစည်းကို နိုင်၏။ ရတနာသုံးပါးကို ယုံကြည်၏။ ဗေဒင်ကိုလည်း နိုင်၏။ လူတစ် ယောက်ရဲ့ မနောကိုလည်း ဖောက်၍မြင်သည်။ ဂမ္ဘီရအဘိုးအိုကြီး ဖြစ်၏။

ကြည့်စမ်း။ ဤထူးဆန်းသော အဘိုးအိုသည် စန့်စန့်ကြီး သေနေ သည့် အသုဘရုပ်ကလာပ်ရဲ့ ခေါင်းရင်းမှာ မျက်ရည်တစ်ပေါက် မကျဘဲ ကားနေသော အလက်ာများ ရွတ်၍ ပျော်ရွှင်မြူးတူးစွာ လင်ကွင်းနှစ်ချပ်တီး ပြီး သီချင်းများပင် ဟစ်နေလိုက်သေး၏။

'ရွှေအိုးစည် လွယ်ရုံမျှနဲ့ . . .
မယားက ကွာမယ်ဆို သားတွေက ငို . . .
စိန်အိုးစည် လွယ်ယောင်ပြုနဲ့
မယားက ခွာမယ်ဆို . . . သမီးတွေက ငို . . .
မငိုပါနဲ့ . . . ချစ်မယားရယ် . . .
မငိုပါနဲ့ ချစ်သားရယ် . . .
စိန်အိုးစည် ပီပီ တီးပါလို့ . . .
ရွှေအိုးစည် မြည်မြည်တီးပါလို့ . . .
မင်း မေမေ ပြန်လာကာမှ . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မနော်နှယ်'ချိုချိုစို့ရအောင်. . .

တီးပါ့မယ်လေး. . .ဟေး. . .ဟေး. . .ဟေး. . .ဟေး'

ဘဆံရှည်သည် လင်ကွင်းမင်းသားလို လင်ကွင်းကို တီး၍ ခုန်၍ ကတေ၏။ သီချင်းကို ဟစ်၏။ အားမနာ ပါးမနာ သူ ပျော်ရွှင်စွာ ဆိုကနေ သောအခါ မိုးကြိုးလည်း မသာကို မသာဟု မမြင်တော့။ အသုဘကို အသုဘ လို့ မမြင်တော့။

မျက်စေ့ထဲမှာ 'သုဘ'လို့ မြင်လာ၏။ 'မင်္ဂလာ'ဟု ထင်လာ၏။ အလှူပွဲလို့ မြင်လာ၏။ ကထိန်ပွဲလို့ ထင်လာ၏။ နှစ်ကိုယ်ရှစ်ဆူ ဆွမ်းဆန်လှူသည် လို့ မှတ်လာ၏။ အိုးစည်ကို လက်ကျသံပြင်းပြင်းနှင့် ဘယ်ညာ ဖိတီး ဆော့ တီး အုပ်တီး ဖွင့်တီးပြီး နောက်လိုက်ရာ ချွေးသီးချွေးပေါက်များ နဖူးမှ စီးလိမ့် ၍ ကျလာခဲ့တော့၏။

သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ် တီးရလွန်း၍ အကျီစိုရွှဲလာ၏။ လက် မောင်းကြွက်သားများ တင်းလာ၏။ ဘဆံရှည်ကား သေသူပွဲစားကြီး ဦးခေါင်း ပေါ်မှာ လင်ကွင်းကို ကပ်၍ တရကြမ်း တီးပြီး ပျော်နေ၏။

ပွဲစားကြီးကတော်ကား ရှိုက်၍ ငိုကောင်းဆဲ။ သားသမီးများကား မျက်နှာကို လက်ဝါးအုပ်၍ အော်ငိုနေကြဆဲ။ ဆွေမျိုးသားချင်းများနှင့် အိမ်နီး ချင်းများကား မကြုံစဖူးမို့ ကြက်သီးဖျန်းဖျန်းထ၍ ကြည့်နေကြဆဲ. . .

'ဟော. . .ဟော. . .ဟော'

'ဟာ. . .ဟာ'

'ဟ. . .ဟ. . .အမလေး'

'လူး. . .လူးလာပြီဟေ့. . .တီးတီး. . .နာနာတီးဟ'

'ဟဲ့. . .ဟဲ့. . .အသေကောင်ကြီး. . .လူးလာပြီတော့'

'ဟင်'

'ဟုတ်ရဲ့လားဟဲ့'

'ဟုတ်တယ်. . .ပွဲ. . .က. . .က. . .တော်ကြီး. . .ပွဲစားကြီး လူး လာပြီ. . .နိုးလာပြီတော့'

'တီးဟေ့. . .ဝိုင်းတော်သားတို့. . .လက်ပြုတ်အောင်တီးဟ. . . လူသေကောင် နိုးလာပြီ. . .တီးဟ'

မိုးကြိုးတို့ ဝိုင်းတော်သားများသည် ကုတင်ပေါ်မှာ စန့်စန့်ကြီး





သေနေသည့် ပွဲစားကြီး ဦးခေါင်း စတင်လှုပ်ရှားလာသည်ကို မြင်လိုက်ရသော အခါ တီးရင်းမှ လန့်၍သွားသည်။

'ဖုတ်. . .ဖုတ်. . .ဝင်တာဟဲ့'

'ပြေး. . .ပြေး. . .ကြ'

'ပွဲစားကြီး ဖုတ်ဝင်လာပြီဟေ့. . .ပြေး. . .ပြေး'

'တီးဟေ့. . .တီးဟ. . .လိန့်လိန့်ဖယ်တီးပါမှ မောင့်လက်သီးကို လက်သီးကို. . .ဖေ့လက်သီးကို လက်သီးကို. . .'

'လက်သီးကိုရွှေချပါလို့'

'ဟေ့လေးလေး. . .မောင်ရို့. . .'

'ဝါး. . .'

အတီးကား တရကြမ်း တီးကြ၏။ တီးရင်းမှ ပြေးပေါက်ကို မျက် စေ့များက ကြည့်နေကြ၏။ ငြေ့သည်များကား ပွဲစားလူသေကြီး တစ်ကိုယ် လုံး လူးလွန့် လှုပ်ရှားလာသည်ကို မြင်လိုက်ကြသောအခါ အိမ်ပေါ်မှ ခုန်ချ၍ ပြေးကြတော့၏။

ပြေးသံ အော်သံများကား ကျက်ကျက်ညံနေ၏။

ဒီမှာ ပွဲစားကြီး လူသေကောင် ဘယ်ညာလူးလွန့်နေရာမှ မျက်လုံး ကို ဖွင့်ကြည့်လိုက်၏။ ပြီးနောက် ခေါင်းထောင်၍ ကြည့်လိုက်၏။

'အမလေး'

'အား'

'အဖေ. . .အဖေ'

'ကို. . .ကျောက်. . .စိမ်း. . .ကို. . .ကျောက်. . .စိမ်း'

'ဖုတ်. . .ဖုတ်. . .အနားကို မကပ်နဲ့. . .ဖက်ထားလိုက်ရင်. . . နင်သေမယ်. . .ဒေါင်းအေးချစ်ရဲ့'

'ဟီးဟီး'

'အ. . .ဖေ. . .အမလေး. . .အဖေရဲ့ ဟီး'

မယားနှင့် သမီးများ သားများက ခေါင်းထောင်ထ,ကြည့်သည့် အင်ရုပ်အလောင်းကို ကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် ကြောက်လန့် ကြီးစွာ ဖက်၍ အော်ဟစ် ငိုကြသည်။ ဒီမှာပဲ လူသေကောင်သည် လက်နှစ် ဘက်ကို အားပြု၍ ထလိုက်၏။ သူ့ကိုယ်ပေါ်မှ စောင်သည် အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လျှောကျသွား၏။ ဦးစွာ ဓါးတီးသမားနှစ်ယောက်နှင့် ပလွေမှုတ်သူ ကိုဇော်အေး ဆိုသူသည် ဝေ့၍ပြေးတော့၏။

ထ,လာသည့် ပွဲစားကြီး လူသေကောင်သည် ငုတ်တုတ်ကြီး ထိုင်နေရာမှ သူ့မိန်းမ ပွဲကတော်ကြီး မျက်နှာကိုလည်းကောင်း၊ အနီးမှာ လင်ကွင်းတီးကနေသည့် ဘဆံရှည်ကို လည်းကောင်း၊ ကြောက်လွန်းလန့်လွန်း၍ ချွေးသီးချွေးပေါက် ဖြိုင်ဖြိုင်ကျပြီး ပြေးပေါက်ရှာနေသည့် မိုးကြိုးကို လည်းကောင်း၊ မျက်လုံးပြူးပြူးကြီးနှင့် လိုက်ကြည့် လှည့်ကြည့် စိုက်ကြည့်လိုက် သောအခါ. . .

ငိုနေ လန့်နေကြသော သားသမီး(၆)ယောက်လည်း ပြေးကြတော့၏။

'အမလေး လာကြပါအုံးတော့'

'အဖေ. . . ဖုတ်ဝင်နေပြီတော့. . . လာကြပါအုံး'

'အမေ. . . အမေ. . . မြန်မြန်လာ'

'အမေ. . . အနားကို မကပ်နဲ့. . . လာ'

'လာကြပါအုံး. . . အရပ်ကရို'

ဒီမှာပဲ ငုတ်တုတ်ပွဲစားကြီးက ပွဲကတော်ကြီးကို လက်ယပ်လှမ်းခေါ်လိုက်သောအခါ ပွဲကတော်ကြီး 'အမလေး'ဟု အော်ရင်း နောက်ပြန်တစ်ချိုးတည်း ပြေးတော့၏။

အိမ်ကြီးပေါ်မှာ သူတို့သုံးယောက်ပဲ ကျန်ရစ်တော့သည်။

ပွဲစားကြီး. . .

ဘဆံရှည်နှင့် မိုးကြိုး. . .

'မိုးကြိုး အတီးရပ်လိုက်'

ဘဆံရှည်၏ အမိန့်ပေးသံကြောင့် မိုးကြိုး အိုးစည်တီးခြင်းကို ရပ်ပြီး နောက်ကိုဆုတ်၍ နံရံမှာကပ်ခါ အသားများ တုန်နေသည်။

ပွဲစားကြီးသည် ဘဆံရှည်ကို ရီဝေသော မျက်လုံးအစုံနှင့် အတန်ကြာ စိုက်ကြည့်ပြီး ဦးစွာ မျက်တောင်ကို ခတ်လိုက်၏။

'ပွဲ. . . စား. . . ကြီး'

ဘဆံရှည်က အသံပြုလိုက်သည်။

'ပွဲစားကြီး. . . ပြန်သတိရပြီလား. . . နိုးလာပြီလား'





'အင်း'

ဟင် ပွဲစားကြီးပါးစပ်မှ 'အင်း'ဆိုပါကလား။ အသံထွက်လို့ပါလား။

'ပွဲစားကြီး. . . ဘာဖြစ်တာလဲ သိရဲ့လား'

'သိတယ်'

'ပွဲစားကြီး. . . မိသားစုကို တွေ့ချင် စကားပြောချင်ပြီလား။ ပြောနိုင်ပြီလား'

'ရ. . . ပါ. . . ပြီ'

'ဒါဆို. . . ကျုပ် ခေါ်လိုက်မယ်နော်'

'ဟုတ်ကဲ့. . . ခေါ်လိုက်ပါ'

ဒီမှာ အဘက လင်ကွင်း နှစ်ဖက်ကို ချ၍ အပြင်ထွက်ရန် ပြင်လိုက်သည်။

'အဘ'

'ဟေ. . . ဘာတုံး'

'ကျွန်. . . ကျွန်တော့်ကို. . . မ. . . ထား. . . ခဲ့ပါနဲ့ဗျ. . . ကျုပ်ကျုပ် ဖုတ်ကြီးနဲ့. . . မ. . . မနေရဲဘူးဗျ'

'ဟော့ သူငယ်'

'အမလေးဗျ ကျုပ်ကို ဖုတ်ကြီး ခေါ်နေပြီဗျ'

မိုးကြိုး အိုးစည်ကြီး ပစ်ချ၍ ဘဆံရှည်နောက်မှ လိုက်ခဲ့လိုက်၏။ ဘာယ်ကြောင့်မှု ဖုတ်ဝင်သလို ဖြစ်နေတော့ ပွဲစားကြီး ရှင်ပြန်ထမြောက်သောကြီးက ခေါ်နေသောကြောင့်တည်း။ ဒီမှာပဲ ဘဆံရှည်က ပွဲစားကြီးနှင့် ဆက်ကိုယ်ကြား စကားပြောနေကြ၏။ ပြီးနောက် သူတို့နှစ်ဦး အိမ်အောက်ထပ်သို့ ဆင်းလာလိုက်သောအခါ အောက်ထပ်မှာ ပွဲကတော်ကြီး မိသားစုရောအိမ်နီးချင်းများပါ ကြောက်လွန်း၍ အော်ငိုနေကြ၏။

'ပွဲကတော်ကြီး'

'ရှင်. . . ရှင်'

'အပေါ်ကို ခဏ ကြွပါခင်ဗျ'

'အမလေး'

'မ. . . မ. . . ဖြစ်ဘူး. . . ကျွန်မ. . . ကြောက်. . . ကြောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ. . . ခင်ဗျား. . . ယောက်ျားလေဗျာ'

'ဒါ. . . ဒါ. . . စောစောက ဟုတ်တယ်၊ အခု မ. . . မ. . . ဟုတ်
တော့ဘူး၊ သူ သူ ဖုတ်ဝင်နေတာ. . . ဖုတ်. . . သရဲ. . . ဝင်နေတာ
'မဟုတ်ပါဘူးဗျာ လူအစစ်ပါဗျာ'

'မဖြစ်နိုင်ဘူး. . . လုံးဝ မဖြစ်. . . နိုင်. . . တော့ဘူး'

'ဒီမှာ ပွဲကတော်ကြီးရော၊ မိသားစုရော ဧည့်သည်တွေရော ခဏ
လေး နားထောင်ကြဗျာ. . . ကျုပ် ရှင်းပြမယ်'

'ရှင်းဗျာ. . . မြန်မြန်ရှင်းပါ'

'အမှန်က. . . ပွဲကတော်ကြီးရဲ့ ယောက်ျား မင်းတို့ရဲ့ ဖခင်ဟာ
တကယ်သေနေတာ မဟုတ်ဘူး၊ သတိလစ်ပြီး မေ့မြောနေတာ'

'ဟင်'

'တကယ်'

'တကယ်ပါ. . . ပွဲကတော်ကြီး ယောက်ျားမှာ သတိလစ်တဲ့ရောဂါ
ရှိတယ်၊ စိတ်ရောဂါပဲဗျ. . . သူ့ရောဂါက သတိလစ်မေ့မြောသွားရင် လူသေ
ကောင်လို တောင့်သွားရော၊ အဲဒီအခါမှာ သူ့အနီးမှာ ဆူညံတဲ့ အသံမျိုး
လုပ်ပေးမှ လှုပ်ပေးမှ သူက သတိပြန်ရတာ၊ဟိုး အလျင်တုန်းက ဒီလို
သူ သတိလစ်ဖူးတယ်၊ သေသွားသလို ဖြစ်ဖူးတယ်လို့ ပွဲကတော်ကြီး ပြော
သမို့လား၊ အဲဒီတုန်းက ခင်ဗျားတို့ မိသားစု ဆူညံပေါက်ကွဲပြီး အော်ဟစ်
ငိုယိုလို့ သူ သတိပြန်ရလာခဲ့တာလေ၊ ဒီရောဂါအကြောင်းကို ပွဲစားကြီး
သိတယ်၊ လျှို့ဝှက်ထားတယ်. . .

အခု အသက်ကြီးလို့မှ ပြန်ပြီး သူ့ရောဂါ ဖောက်လာတော့ ဒီတစ်
ခါ တကယ်သေချင်လည်း သေနိုင်တယ်လို့ ယူဆသလို ကံကောင်းရင်လည်း
ပြန်ရှင်နိုင်လိမ့်မယ်လို့ တွက်ပြီး မေ့မြောကာနီးမှာ စာရေးမှာခဲ့တာ၊ ငါ့ယော
ကို သေသေချာချာ အိုးစည်ဗုံးနဲ့ တီးလို့ ဖျော်ဖြေပါလို့ မှာခဲ့တာ၊ အခု
ကျုပ်တို့က ဒီရောဂါသဘောကို ကြုံတွေ့ဖူးလို့ အတီးအမှုတ်နဲ့ ဝင်ကူညီလိုက်
တော့ ဆူညံသောအသံများကြောင့် အာရုံကြောများ ပြန်နိုးလာပြီး သူ မသေ
မြောရာက ပြန်နိုးလာခဲ့တာ'

'ဟင်. . . ဘုရား. . . ဘုရား. . . ထူးဆန်းလှချည်လား မောင်ကြီး
ရယ်'





'ခင်ဗျားတို့က မတွေ့ဖူး မကြုံဖူးတော့ မယုံနိုင်အောင် အံ့သြကြမှာ
ရှေးမြန်မာတိုင်းရင်းဆေးပညာမှာ ဒီရောဂါကို ဂီတနှင့်ကုရသော တပ်
နယဉ်သော အသံ၊ ဆူညံသောအသံနှင့် ကုသရသော ရောဂါလို့ ခေါ်
စိတ်နဲ့လည်း ဆိုင်တယ်၊ ပြီး ရုပ်နဲ့လည်း ဆိုင်တယ်၊ ဒါ အာရုံကြော
ကို အသံရဲ့ တုန်ခါမှုနဲ့ ကုရတဲ့ရောဂါ'

'ဒါ. . . ဒါဆို. . . ဖုတ်. . . ဖုတ်. . . လုံးဝ မ. . . မ. . . ဟုတ်ဘူး
. . . နော်'

'မဟုတ်ပါဘူး၊ လူအစစ်ပါ. . . သူ ခင်ဗျားတို့ကို စောင့်နေမယ်
တက်ခဲ့ကြ'

ဒီမှာပဲ ပွဲကတော်ကြီးသည် လည်းကောင်း၊ မိသားစုဝင်များသည်
လည်းကောင်း၊ ဝမ်းသာအားရနှင့် အိမ်အပေါ်ထပ်သို့ ပြေးတက်သွားကြ၏။

'အစ်. . . ကို'

ပွဲကတော်ကြီးက တုန်ခါသော အသံနှင့် အခန်းဝမှ ခေါ်လိုက်၏။

'ဒေါင်း'

'အစ်ကိုရယ်'

ပွဲကတော်ကြီး လမ်းလျှောက်ရင်းမှ ရပ်ပြီး ကြည့်နေသည့် လင်သား
သို့ ပွဲစားကြီးကို ပြေး၍ ဖက်လိုက်၏။ ပွဲစားကြီးကလည်း ဝမ်းသာအား
ပြေး၍ဖက်ပြီး ပွဲကတော်ကြီးရဲ့ဆံပင်များကို ယုယစွာ ပွတ်သပ်ပေးလိုက်
ကို သားသမီးများ မြင်လိုက်ရသောအခါ. . .

'အဖေ'

'သမီး'

'အ. . . ဖေ'

'သား'

'အမလေး. . . အဖေရဲ့'

သားသမီး ခြောက်ယောက် ဖခင်လုပ်သူကို ပြေးဖက်ကာ နမ်းကြ
ကြ၊ ခြေဆုပ်လက်နယ် ပြုကြ၊ ငိုကြ၊ ရယ်ကြ။

ဧည့်သည်များသည် ထူးဆန်းအံ့ဖွယ်ကောင်းလှသော ဖြစ်ရပ်ဆန်း
ကိုယ်တွေ့ ကြုံလိုက်ကြရသောအခါ ပွဲစားကြီးကိုလည်းကောင်း၊ ပြုံးပြုံး
စိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည့် လူထူးဆန်း လင်ကွန်း



www.burmeseclassic.com

www.burmeseclassic.com



သမားကြီး ဘဆံရှည်ကိုလည်းကောင်း ကြည့်၍ ပါးစပ် ဟောင်းလောင်း... သွားကြ၏။

ဒီမှာပဲ ပွဲစားကြီးလည်း မိသားစုကို ဖက်လိုက်ပြီး ဘဆံရှည် ... မှောက်သို့ လာကာ ဘဆံရှည်ရဲ့ ခြေအစုံကို ဦးခိုက်ကန်တော့လိုက်၏။

'ဆရာကြီးရယ် ကျုပ်ရဲ့အသက်ဟာ ဆရာကြီး နားလည်ပါးနပ်... နဲ့ ဝင်ရောက်ကူညီ ကယ်ဆယ်လိုက်လို့ ပြန်ရှင်ရတာပါ... ဆရာကြီး... ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်အစစ်ပါပဲ... ခင်ဗျာ'

ပွဲစားကြီးသည် ဝမ်းသာလွန်း၍ ဦးအကြိမ်ကြိမ်ချ၏။ ပွဲစား... ကတော်နှင့် မိသားစုကလည်း ဝမ်းသာအံ့သြလွန်း၍ ဘဆံရှည်ကို ဝိုင်း... တော့ကြ၏။

'ပွဲစားကြီး'

'ခင်ဗျာ ဆရာကြီး'

'ကျုပ်က ခင်ဗျားရဲ့ အသက်သခင် ကျေးဇူးရှင်အစစ် မဟုတ်... ဘူးဗျ'

'ဗျာ... ဆရာကြီးမှ မဟုတ်ရင် ဘယ်သူရှိရမှာလည်း ဆရာ... ရယ်'

'ခင်ဗျားရဲ့ တကယ့်အသက်သခင် ကျေးဇူးရှင်အစစ်က ရဟန်း... ကြီး တစ်ပါးပဲဗျ... ကျုပ် လုံးဝ မဟုတ်ဘူး'

'ဗျာ... ကျုပ်... ကျွန်... တော် ဘာမှ နားမလည်ပါလား ဆ... ကြီး ခင်ဗျား၊ ဒါ... ဒါဆို အဲဒီ ရဟန်းအိုကြီးက ဘယ်သူလဲ... လဲ... ဟင်... ဟင်'

'တစ်နေ့ ခင်ဗျား သူ့ကို ကိုယ်တိုင် ဖူးတွေ့ရပါလိမ့်မယ်၊ ပွဲ... ကြီး၊ ကျုပ်ကို သူ အမိန့်ချမှတ်ပေးလိုက်လို့... ကျုပ် ခင်ဗျားရဲ့ အသက်... အချိန်မီ လာရောက်ကယ်ဆယ်ခဲ့တာပဲ၊ ဒါကလည်း ခင်ဗျားရဲ့ အလှူ... လက်နဲ့မကွာ လှူဒါန်းခဲ့တဲ့ ကောင်းမှုကုသိုလ်ကံ စေတနာအကျိုး၊ ရ... မြတ်သုံးပါးကို ယုံကြည်ကိုးကွယ် လေးစားတဲ့ အကျိုးပါပဲ... ပွဲစားကြီး...

♛ ♛ ♛

# လမ်းခွဲမှာဖြစ်ပေါ်ခဲ့သောမျက်ရည်မြစ်တစ်စင်း

ဒီလိုနှင့် ဘဆံရှည်နှင့် မိုးကြိုးတို့နှစ်ဦး ရှမ်းပြည်ဘက်ရောက်လိုက်၊ ...ပြည်နယ် တောနယ်ထဲ ရောက်လိုက်၊ ပုဂံဘက်ရောက်လိုက်၊ ဗိုဝန်း... မင်းဝံတောင်၊ မြင်းမထိတောင်များ ရှိရာသို့ ရောက်လိုက်၊

ဘုရားပျက်များ ရှာဖွေပြုပြင်။ ဂူဟောင်း တရားကျင့်။ တောတကာ့... ဝင်၍ တန်ဖိုးကြီး အစွမ်းထက်မြက်သော ဆေးပင်သစ်ဥ၊ သစ်ဖုများ ...ဆိုက်၊ ဆေးဖော်လိုက်။ အလုပ်ကနားရင် အဂ္ဂိရတ်ထိုးသည်။ လူသူတော် ... ဒိုးသူတော်များထံ ရောက်လိုက်။

အင်းဆရာကြီးများ၊ မန္တန်ဆရာကြီးများနှင့် အင်းမန္တန်များ ပြောဆို ...နှီးစီရင်လိုက်။

တစ်ခါတစ်ရံ အလွန်ထူးဆန်းသော ရဟန်းကြီးများနှင့် သွားရောက် ...ပြီး သမထနှင့် ဘာဝနာကို စွမ်းရည်မြင့်လိုက် လုပ်ခဲ့ကြရာ အချိန် ...များ ကုန်မှန်းမသိ ကုန်ခဲ့ကြ၏။

တစ်နေ့သောအခါ ဘဆရာကြီး ဦးဆံရှည်က မိုးကြိုးကို စကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်း ပြောခဲ့သည်။ ပြောသည့် နေရာက ဖင်းကျိုက်တောင်ပေါ်မှာ ဖြ...
ငါး။

'မိုးကြိုး'

'ခင်ဗျာ. . . ဘ'

'မင်းကို ပြောစရာစကား ရှိတယ်'

'ပြောလေ ဘရား ခါတိုင်းလည်း ပြောနေကျဥစ္စာ ဘကလည်း'

ဘဆံရှည်သည် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ဒီတစ်ခါ ဘဆံရှည်ရဲ့ အကြည့်က စူးရှလွန်း၍ မိုးကြိုး ရင်ထဲမှာ ဖိုခနဲ ဖြစ်သွား၏

'မိုးကြိုး. . . မင်း ဘနဲ့လက်တွဲပြီး ပညာစခန်းများ ဝင်လာခဲ့တာ ကာလကြာခဲ့ပြီနော်'

'အင်းလေ. . . အဲဒါ ဘာဖြစ်လို့လဲ'

'မင်းခန္ဓာကိုယ်ထဲမှာ ပညာစွမ်းအင်တွေ၊ သိဒ္ဓိတွေ ကိန်းအောင်းနေတာ မင်း သိရော သိရဲ့လား'

'ဟင့်အင်း. . . မသိပါဘူး'

'အေး. . . မင်းရဲ့ ပညာသိဒ္ဓိနဲ့ လောက ကောင်းကျိုးပြုဖို့ အချိန်တန်ပြီ လူကလေး'

မိုးကြိုး ထူးဆန်းသော ဘဆံရှည်ရဲ့ လေသံ လေယူလေသိမ်းများကြောင့် ဘ,ကို မျက်တောင်မခတ် စိုက်၍ကြည့်နေလိုက်၏။

'မင်းနဲ့ဘ. . . ဒီနေ့ပဲ လမ်းခွဲကြစို့'

'ဗျာ'

'အဘ. . . ဘ. . . ဘ. . . ဘယ်လို ပြောလိုက်တာလဲ ဘရား ...
ဇတ် ဘကို လေးစားတယ်၊ ယုံကြည်တယ်. . . အားထားတယ်၊ သ...
ဆရာလိုရော၊ ဖခင်လိုရော သံယောဇဉ် ဖြစ်နေရတာပါ ဘရယ်၊ ဘာကြောင့် သားနဲ့အဘ လမ်းခွဲရမှာလဲ၊ သားမှာ ဘာအပြစ်များ ရှိလို့လဲ ဟင်. . . အ...
ဟင်. . . ဟင် လို့'

'လူကလေးမှာ ဘာအပြစ်မှ မရှိပါဘူး၊ လူလေး ကိုယ့်လမ်း ကို...
ဖောက်ပြီး ရှေ့ခရီးဆက်ဖို့ အချိန်ရောက်နေလို့ပါ၊ လူကလေးမှာ အပြစ်ရော အများကြီး ရှိခဲ့ဖူးတယ်. . . လူကလေး အ,ကုသိုလ်အမှုတွေ တစ်ချိန်က အများကြီးပဲ လုပ်ခဲ့ဖူးတယ်၊ အဲဒီ အကုသိုလ်အမှုများကို ဆေးကြော...





...င်ဖို့ အချိန်ရောက်ပြီ၊ တစ်နည်းပြောရရင် လူကလေးရဲ့ ပညာသိဒ္ဓိနဲ့ လူ့အသက်များကို ကယ်ရတော့မယ်. . . ဒီမှာ လူလေး'

'အဘ'

'ဦးစွာ မင်းမုန်းတဲ့သူ. . . မင်းရဲ့ရန်သူ မင်း မချစ်မနှစ်သက်ခဲ့သောသူများကို မင်း မကြာခင် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတော့မယ်'

'အ. . . ဘ'

မိုးကြိုး လက်ကာကာ ခေါင်းခါခါနှင့် အဘ အနားသို့ တိုးလိုက်သည်။

'ဘာလဲ. . . လူကလေး'

'ကျွန်. . ကျွန်. . . တော်. . . မုန်းတဲ့သူရော ရန်သူရော၊ နာကြည်းရောကောင်းတဲ့လူတွေကိုရော. . . ရင်မဆိုင်ချင်တော့ဘူးဗျ'

'ဘာဖြစ်လို့'

'သူတို့ကို. . . ကျွန်တော် ခွင့်လွှတ်လိုက်ပြီ၊ ခွင့်လွှတ်လိုက်ပြီ'

'သာဓု. . . သာဓု. . . သာဓု၊ လူကလေး မင်း အလွန်လိမ်မာပါပေ ...
လိမ်မာပါပေစွ၊ ဒါပေမယ့် မင်း မကြာခင် ဆုံကို ဆုံရတော့မယ်'

'ဗျာ. . . ဆုံရမယ်'

'ဟုတ်တယ်. . . ဓားချင်း၊ တုတ်ချင်း ရင်ဆိုင်ရလုနီးပါး ကြုံရပါ...
ဦးမယ်၊ အဲဒီကျရင် မေတ္တာကို ရှေ့တန်းတင်ပါ၊ ရတနာမြတ်သုံးပါးကို ...မေ့နဲ့ ရော. . . လူလေး၊ ဟောဒီ အင်္ဂုလိမာလသုတ်ကို အရကျက်၊ ပဌာန်း ...ယူမန္တန်ကို အရကျက်'

'ဘာဖြစ်လို့လဲဟင်'

'ဟောဒီ အင်္ဂုလိမာလသုတ်ဟာ သိပ်စွမ်းတယ်၊ ဘုရားရှင်လက်ထက်က အင်္ဂုလိမာလ လူကြမ်းကြီးဟာ လူသွမ်းလူဆိုးကြီး၊ ပညာလိုချင်လွန်းလို့ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခ ဆရာကြီးထံမှာ ပညာသင်ကြားခဲ့တယ်၊ ပညာအောင်တော့ ဒိသာပါမောက္ခဆရာကြီးရဲ့ ဇနီးက ချစ်ခင်ထယ်၊ ...မ်မှုကိုစွဲအဝကိုလည်း အင်္ဂုလိမာလ သတို့သားက အောက်ခြေသိမ်း သုတ်ပေးခဲ့တယ်၊ ပညာတော်ပြီး လူချစ်လူခင်ပေါ်များတော့ ကျန်ကျောင်းသားခင်ညီမင်းသား သူကြွယ်သားများက မကျေနပ်ကြဘူး၊ ဒါနဲ့ ဆရာကြီးကို ...န်းတိုက်ကုန်းချောစကားဆိုရော၊ ဆရာကြီးရဲ့ ဇနီး၊ ဆရာကတော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂုလိမာလနဲ့ ဘာလိုလိုပေါ့...

ဒီမှာ ဒိသာပါမောက္ခဆရာကြီးက စိတ်မျက်ပြီး ပညာဆုံး လိုချင်ရင် လက်ညှိုးတစ်ထောင် ဖြတ်ပြီး ငါ့ကို ပူဇော်မှ ပညာကောင်း အဆုံးတိုင် ပေးမယ်လို့ အမိန့်ချလိုက်တယ်၊ ဒီမှာ အင်္ဂုလိမာလ သတို့ ဟာ အဖြစ်မှန်ကို မသိရှာဘဲ၊ ပညာလိုချင်ဇောနဲ့ အမှားအမှန် မခွဲခြား လူပေါင်းတစ်ထောင်နီးပါးရဲ့ လက်ညှိုးကို ဓားနဲ့ လိုက်ဖြတ်၊ သတ်ခဲ့ မင်းနေပြည်တော် တုန်လှုပ်ရော၊ ဒါနဲ့ မင်းကောရာဇ်က အင်္ဂုလိမာလ လူသ သမားကြီးကို တပ်ထောင်တာ ဗိုလ်ထုနဲ့ ကိုယ်တိုင် လက်ရဖမ်းမယ် အင်္ဂုလိမာလ ရှိရာ တောကို ချီတက်လာခဲ့ရောကွဲ့'

ဒီအကြောင်း မိခင်အိုကြီးက အတွင်းစကားကနေ ကြားရော သ အင်္ဂုလိမာလ မင်းဒဏ်သင့်မှာစိုးလို့ သားရှိရာ တောကို အပြင်းလိုက်ခဲ့ ဟာ...

ဒီအချိန်မှာ အင်္ဂုလိမာလကလည်း လက်ညှိုးတစ်ထောင်ပြည့် တစ်ချောင်းပဲလိုလို့ လမ်းခရီးကနေ လူသွားလူလာ ချောင်းမြောင်းနေချိန်...

ဒီနေ့မှာတော့ ဘယ်လိုလူမျိုးရဲ့ လက်ညှိုးကို ဖြစ်ဖြစ် ရအောင် ရမှာပဲလို့ ပိုင်းဖြတ်ပြီး လက်ညှိုးပေါင်း (၉၉၉)ခုကို ပန်းကုံးလို စီ ဓားနဲ့ စောင့်နေချိန်မှာ သူ့အမေ ရောက်လာပါရော...

ဒီမှာ အမေက 'သား'လို့ အော်ခေါ် သူက အမေကို အ မမြင်တော့ နောက်ဆုံး အလိုရှိတဲ့ လက်ညှိုးတစ်ချောင်းအတွက် မိခင် နောက်ကို ဓားနဲ့ အပြေးလိုက်ရော...

မိခင်ကြီးက ကြောက်လွန်းလို့ ပြေးတာပေါ့ကွာ၊ ဒီလိုနဲ့ မိခင် လက်ညှိုးကို ဖြတ်ဖို့ လိုက်ရင်း သူ့ရှေ့မှာ ရဟန်းကြီးတစ်ပါးကို အနီး မြင်လိုက်ရော၊ မိခင်ကို မေ့ပစ်လိုက်ပြီး မြင်နေရတဲ့ သူ့ရှေ့က ရဟန်း နောက်ကို ဓားနဲ့ လိုက်ပြန်ရောကွ...

လိုက်လေ ဝေးလေ...ဝေးလေ လိုက်လေနဲ့ အင်္ဂုလိမာလ ဟိုက်လာရော...

'ရဟန်းမပြေးနဲ့...မပြေးနဲ့'

ပါးစပ်က အသံကုန် အော်ဟစ်ပြောတယ်။

'ငါမပြေးဘူး...အင်္ဂုလိမာလ၊ သင်သာပြေးနေတာ'





'မဟုတ်ဘူး...သင်ပြေးနေတာ ရဟန်းကြီး၊ ရပ်ပါ...ခုရပ်လိုက်ပါ'

'ငါ...ရပ်လျှက်ပါ အင်္ဂုလိမာလ၊ သင်သာ ပြေးနေတာ၊ မရပ်မနား ပြေးနေတာ၊ ခုမှမဟုတ်...သံသရာ တစ်လျှောက်လုံး ဖြစ်သည်၊ ရပ်တော့ ချစ်သား'

'အသင်ဘယ်သူလဲ ရဟန်းကြီး'

'ကျွန်ုပ်က ဂေါတမ ဘုရားရှင်တည်း'

'ဂေါတမ...ဗုဒ္ဓဘုရားရှင်...ဂေါတမ'

ဒီမှာပဲ အနှိုင်းမဲ့ အတုမရှိ တန်းခိုးတော် အနန္တဘုရားရှင် ဂေါတမ မှန်း သိရှိပြီး၊ ဓားကို ပစ်ချလို့ ဦးကုန်းချလိုက်တယ်။ ဒီမှာပဲ ဘုရားရှင်က ဧဟိဘိက္ခုလို့ ခေါ်လိုက်သောအခါ ဝါတော်(၆၀)ရ မထေရ်ကြီးကဲ့သို့ အိန္ဒြေ ကြီးလှသော ရဟန်းဘဝကို ရောက်သွားခဲ့တယ်။

ရဟန်းပြုခဲ့ပြန်တော့လည်း ရှေးဘဝ ဝဋ်ကြွေးကံ၊ ပစ္စုပ္ပန် ဝဋ်ကြွေး ကံကြောင့်၊ လူဆိုးလူသွမ်းမှန်း အရပ်ရပ်က သိပြီး ရှုံရှာမုန်းတီးကြောက်လန့် လို့ ဆွမ်းမလောင်းကြဘူး၊ ဆဲဆိုပစ်ခတ် မောင်းထုတ်ကြတယ်၊ ဒါပေမယ့် အင်္ဂုလိမာလ ရဟန်းက အားလုံးကို သည်းခံတယ်။

တစ်နေ့ အင်္ဂုလိမာလ ရဟန်း ကျောင်းတိုက်ရဲ့ မနီးမဝေးက အိမ်တစ်အိမ်မှာ မိန်းမတစ်ယောက် မီးမဖွားနိုင်လို့ သနားစရာ ဖြစ်နေတဲ့ အကြောင်း ဘုရားရှင်ကို လျှောက်ခဲ့ရောကွဲ့၊ အဲဒီမှာပဲ ဘုရားရှင်က အင်္ဂုလိမာလ ကို မန္တန်ပရိတ်တော် တစ်ပုဒ် ချီးမြှင့်သင်ကြားပေးပြီး အဲဒီအိမ်မှာ သွား ရောက်သရဇ္ဈာယ်လော့လို့ မိန့်ကြားလိုက်တယ်...

ဒါနဲ့ မီးမဖွားနိုင်သူရဲ့ အိမ်ရှေ့ခန်းမှာ ထိုင်ပြီး အင်္ဂုလိမာလရဟန်း က ပရိတ်တော်မန္တန်ကို ရွတ်လိုက်တယ်။

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော
နာဘိ ဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

အဓိပ္ပါယ်က...

အာဝုသော ဒုက္ခခံစား တစ်မိဘွားသို့ သနားစဖွယ် အိုနှမငယ်
အကြင်အခါမှစ၍ ငါသည် ဗြဟ္မာလူနတ် မယှဉ်အပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်ဖြူစင် ရဟန်းဇာတ် အသွင်အားဖြင့် ဝင်စစ်မသွေ ဖြစ်ခဲ့ပေ၏။ သာကီယဇာတ် ရဟန်းဖြစ်သော ထိုအခါမှစ၍ သေစေလိုမှု လုံ့လပြု၍ သတ္တဝါတစ်ခုခုကို ရုပ်နာမ်နှစ်တွေ့ ဇီဝိတိန္ဒြေမှ သေစေလိုငြား စေတနာအားဖြင့် သတ်လိုက်မိသလားဟူ၍ ငါမသိ။ ယင်း အမိဋ္ဌာန်မြွက်ကြား ငါ့စကားသည် စင်စစ်ကေန် မှန်သည်ဖြစ်အံ့။ ထိုမြွက်ကြား မှန်သော သစ္စာစကားကြောင့် သနားစဖွယ် သားသည်ဖြစ်ရ၊ ချစ်နှမအား ဘေးရန်ဟူသ၍ မြူမငွေ့ဘဲ ပြကတေ့ ကျန်းမာချမ်းသာပါစေသတည်း။

သင်၏ ဝမ်း၌ စွဲလမ်းသန္ဓေ ကိန်းတည်နေသော သူငယ်အားလည်း ဘေးရန်ဟူသရွေ့ မြူမငွေ့ဘဲ ပြကတေ့ ကျန်းမာချမ်းသာ ပါစေသတည်း။

အဲဒီလို သစ္စာပြုပြီး ပရိတ်မန္တန်လည်း ရွတ်လိုက်ရော သေကောင်ပေါင်းလဲ မီးဖွားရခက်နေတဲ့ မိခင်ဟာ ချက်ချင်းပဲ ခရားမှ ရေသွန်သကဲ့သို့ သားငယ်ကို ရှောရှူချမ်းသာစွာ မွေးဖွားပြီး သားရော မိခင်ပါ အသက်ချမ်းသာရာ ရခဲ့ရတယ်။

အဲဒီနေ့ အဲဒီအချိန်ကစပြီး ရဟန်းအင်္ဂုလိမာလရဲ့ မေတ္တာသစ္စာတန်ခိုးကို နားလည်ကုန်ကြပြီး ရဟန်း အင်္ဂုလိမာလဟာလည်း လူအများရဲ့ ယုံကြည်ကိုးစား ညက်ဝင်မှုနဲ့ မြတ်သောဘဝကို ရရှိသွားခဲ့တယ်။

သူကိုယ်တိုင် ရွတ်ဆို အသက်ကယ်တဲ့ ပရိတ်မန္တန်မို့ အင်္ဂုလိမာလသုတ် အမည်တွင်ခဲ့တယ်။ အဲဒီ သုတ်မန္တန်ဟာ ဘုရားရှင် ဒေသနာတော်တွက်ပဲ လူကလေး. . . အဲဒီမန္တန် ပရိတ်သုတ်နဲ့ အမုန်းကို ချေဖျက်၊ ရန်သူကိုချေဖျက် လူ့အသက်များကို ကယ်တော့ ငါ့သား'

ဘဆံရှည်သည် အင်္ဂုလိမာလသုတ်ကို ရေးချပေးခဲ့၏။

'အဘနဲ့ ကျွန်တော် ပြန်. . . ပြန် မဆုံတော့ဘူးလား ဟင် အဘ'

သူ့အသံသည် ကြေကွဲလှိုက်မောနေသည်။ ရင်တွေ တုန်ခါနေသည်။

'သမုဒယကို ဖြတ်ပါ သားရယ်. . . ဒါတွေ အဝိဇ္ဇာအမှောင်တရားတွေပါ၊ တစ်နေ့ ပြန်ဆုံကောင်း ဆုံကြတာပေါ့၊ ကိုင်း အဘ သွားမယ်၊ အကြောင်းရှိရင် အဘကို တ,လိုက်'





'အဘရယ်. . . သား. . . အဘကို ရိုသေစွာ ရှိခိုးကန်တော့ပါတယ်။ သားမှာ ကံသုံးပါး အနက် တစ်ပါးပါးနဲ့များ အဘကို ကျူးလွန်ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ. . . အဘ'

'သာဓု. . . သာဓု. . . သာဓု. . . ငါ့သား ကျန်းမာချမ်းသာပါစေ၊ လူသတ္တဝါများရဲ့ အသက်ကို ကယ်တင်ပြီး ချီးမြှောက်နိုင်ပါစေ၊ ခုချိန်ကစ၍ ကြာသပတေးသား မောင်မိုးကြိုးသည် ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း၊ သမထစွမ်းအား၊ ကသိုဏ်းစဉ်စွမ်းအား၊ ကျင့်စဉ်များကြောင့်လည်းကောင်း၊ မယွင်းမတိမ်းသော သစ္စာတရားကြောင့်လည်းကောင်း၊ သမ္ဗသိဒ္ဓိနှင့် အလုံးစုံ ပြည့်စုံပါစေသတည်း'

အဘသည် ပြောရင်းကနေ မိုးကြိုးကို ဦးခေါင်းငယ်ထိပ်ကို ညာလက်ဝါးနှင့်အုပ်ပြီး ထူးဆန်းပြီး ဟိန်းနေသော မန္တန်တစ်ပုဒ်ရွတ်၍ အုပ်သပ်ချလိုက်၏။ သူ ရွတ်နေသည့် မန္တန်ကို မိုးကြိုး နားမလည်။ မည်သည့် ဘာသာစကားနှင့် ရွတ်နေမှန်းလည်း မသိ။ (ဥုံ)ဆိုတာကိုပဲ သိသည်။

သူ့တစ်ကိုယ်လုံးသည် ကြက်သီးဖြန်းဖြန်း ထသွား၏။ တစ်ကိုယ်လုံးကို လက်နှင့် သပ်ချလိုက်သောအခါ သွေးများ လှိုင်းထသွားသလို ခံစားလိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံး ပူရှိန်းရှိန်း ဖြစ်သွားခဲ့၏။ ပြီးနောက် လက်ဝါးနှစ်ဖက်ကို ဖြန့်လိုက်ပြီး သူ့လက်ဝါးနှစ်ဖက်နှင့် ရိုက်၍ အာဏာအပ်သကဲ့သို့ ရွတ်ဆို၏။

ရင်းနောက် ထိုင်ရာမှထ၍ လှည့်မကြည့်ဘဲ ထသွားတော့၏။

'အဘ'

မိုးကြိုး ရင်ကွဲသံနှင့် နောက်မှ လှမ်းအော်ခေါ်လိုက်၏။

'အဘရေ. . . အ. . . ဘ'

သူ့ အော်သံများ တောင်ပေါ်မှာ ပဲ့တင်၍ သွားခဲ့သည်။ ဘဆံရှည်ဘား လုံးဝ သူ့ကို လှည့်မကြည့်။ သူ အပြေးလိုက်ကြည့်သောအခါ မျက်စေ့ဘစ်ကွယ်မှာ ပျောက်သွားခဲ့သည်။ သူ ငေးမော၍ ကြည့်ရင်း ပါးပြင်ပေါ်သို့ ချက်ရည်များ စီးလိမ့်၍ ကျလာခဲ့လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# သင်္ချာရှင်မိုးကြိုး

"‥‥‥အဲဒီလိုနဲ့ ငါလည်း ရောက်ချင်ရာရောက်၊ ဖြစ်ချင်ရာဖြစ် တစ်ယောက်တည်း လျှောက်သွားနေရာကနေ‥‥ငါ့ခေါင်းထဲမှာ ပေါက်ချွန်းတို့ မင်းတို့နေတဲ့ရွာကို သွားချင်စိတ် ထူးဆန်းစွာဖြစ်လာခဲ့ရောကွ‥‥။ ပြောရရင် ငါမင်းတို့နဲ့ ဖြတ်လိုက်တာပါ။ မင်းတို့ရော ပေါက်ချွန်းရော ငါ့ကို အထင်လွဲပြီး သတ်ဖို့ လိုက်ရှာနေတာကို ငါကြားခဲ့ရလို့ ဒီကိစ္စရှင်းနေရင် ရန်များရုံရှိပါတယ်။ တစ်နေ့ အဖြေမှန်ပေါ်လိမ့်မယ်လို့ ယုံကြည်ပြီး အဘ နောက် လိုက်နေခဲ့တာ‥‥"

"ဒီမှာ ဘာထူးဆန်းလဲဆိုတော့ ငါ့အာရုံထဲမှာ မီးမမွှားနိုင်တဲ့ မိန်းမငယ်တစ်ယောက်ရဲ့ ရုပ်သွင်ပေါ်လာတာပဲ၊ ပထမတော့ ဘဆံရှည်ရဲ့ အင်္ဂုလိမာလဇာတ်ကို စွဲလမ်းအာရုံထင်တာလို့ မှတ်တာပေါ့။ ဒါပေမဲ့ ဒီအာရုံက မပျောက်သွားဘူး၊ နားထဲမှာ ကယ်ပါယူပါ အော်ဟစ်နေသံမျိုးကြားနေရတယ်"

ဒါနဲ့ မင်းတို့ရှိရာအရပ်ကို ဝင်လာရော‥‥ပေါက်ချွန်းရဲ့သမီး 'ကဲကဲ လေး' မီးမမွှားနိုင်လို့ ဆေးရုံ အရေးပေါ်ပို့ရမည့် အခြေအနေဆိုးရောက်နေတာ





‥ကြားလိုက်ရရော၊ ဟုတ်ပြီ၊ ငါ့အာရုံနိမိတ် ကျိန်းသေပြီဆိုပြီး ပေါက်ချွန်းတို့ ‥မ်ကို ဝင်ခဲ့ရာကနေ ကျန်တဲ့အဖြစ်အပျက်များကတော့ မင်းတို့အားလုံး ‥င်တဲ့ အတိုင်းပါပဲ မောင်ဆိုင်းရာ"

ကျွန်တော် မိုးကြိုးပြောသည့် ထူးဆန်းသော ဘဝ အပြောင်းအလဲ ‥ကို နားထောင်ရင်း လွန်စွာ အံ့ဩနေရ၏။

ကြည့်စမ်း‥‥။

သူ့မျက်နှာပေါ်မှာ ဒေါသရိပ်မရှိ၊ ပကတိတိမ်စင်လလို ကြည်လင် ‥နဲ့ရှင်းနေ၏။ သူ့အသွင်အပြင်သည် တစ်ချိန်တစ်ခါတုန်းကလို တုံးတိုက် ‥ိုက် ကျားကိုက်ကိုက် လှုပ်ရှားမှုမျိုးမရှိတော့‥‥

သူတော်စင်တစ်ဦးလို တည်ငြိမ်နေ၏။

'လှအုံးမယ်ကရော သီလရှင်ဘဝက လူထွက်ပြီး သူ့လင် ပေါက် ချွန်းဆီ ပြန်ရောက်ခဲ့တာကရော‥‥'

'ပြောပြမယ်‥‥လှအုံးမယ် သီလရှင်ဝတ်နေတဲ့ကျောင်းကို ငါ ‥ရောက်သွားတယ်၊ ငါ့ပြောင်းလဲမှုကို မြင်တော့ လှအုံးမယ်လည်း အရမ်းကို အံ့ဩနေတာ၊ ဒါပေမယ့် လှအုံးမယ် မျက်နှာပေါ်မှာ လွမ်းရိပ်တွေ ဝေနေတာ ‥ကို ငါတွေ့ရတယ်၊ ငါ့ကိုတွေ့တော့ သူငိုတယ်‥‥သူ့ရင်ထဲမှာလည်း လင် ‥ားအတွက်ရော ကိုးလလွယ် ဆယ်လဖွားခဲ့ရတဲ့ ရင်သွေးသမီးအတွက်ပါ ‥မငြိမ်းသေးမှန်း ငါသိလိုက်ရတယ်၊ ဒါနဲ့ ငါက မေးတယ်‥‥'

'လှအုံးမယ်‥‥အဲ‥‥အဲ‥‥ဆရာလေး၊ ပေါက်ချွန်းနဲ့ ကဲကဲကို ‥သတိရသေးလားဟင်‥‥'

'လှအုံးမယ် မပြောနိုင်ရှာဘူး၊ ရင်ထဲမှာ ဆို့နင့်နေတယ်'

'ပြောလေ‥‥အမှန်အတိုင်း ပြောပါ'

'ရ‥‥ရ‥‥တာပေါ့ အစ်ကို‥‥အဲလေ‥‥ဒကာကြီးရယ်'

'လှအုံးမယ်'

'ရှင်‥‥'

'သီလရှင်ဘဝမှာ သံယောဇဉ်မီးကို မဖြတ်နိုင်ဘဲ တသသ သတိ ‥နေရင် ကုသိုလ်မရဘဲ ငရဲရနေမယ် ညီမ‥‥ညီမရဲ့ဘဝက အချစ်စစ်အချစ် ‥န်ကို နှောင့်ယှက်ခံရလို့ အရောင်မပြောင်းချင်ဘဲ အခြေအနေရ လုံခြုံရာကို ‥ပြောင်းလဲမှီခိုနေရတဲ့ ဘဝပဲ၊ ဒါကို အစ်ကို နားလည်တယ်၊ ပေါက်ချွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်မျှော်ဘဝ၊ လှပိုကဲလေးရဲ့ အမေမျှော်ဘဝကို စိမ်းစိုအောင် မျှော်လင့်ချက် ပြည့်ဝအောင် ညီမ ဆောင်ရွက်ဖို့ အချိန်ရော၊ အရွယ်ရော ရှိသေးတယ်...

လင်သားကိုလည်းကောင်း၊ မိဘကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း သစ္စာရှိစွာ၊ ရိုသေစွာ ခြေဆုပ်လက်နယ်ပြု လုပ်ကိုင်ကျွေးမွေးသူများဟာ စိတ်ပုတီးနှင့် သက်နှန်းနဲ့ တရားမကျင့်နိုင်ပေမယ့် သေရင် အဲဒီစေတနာ သစ္စာ ကုသိုလ်ကြောင့် နတ်ပြည်တော့ ရောက်သေးတာပဲ၊ ဒီတော့ ညီမ ဘဝဟောင်းကို ပြန်တော့'

'အစ်...အစ်...ကို...အဲ...အဲ...ဒကာကြီးကရော'

'အစ်ကို့ကို မစဉ်းစားနဲ့၊ အစ်ကို့ဘဝက တစ်ကောင်ကြွက်ဘဝထဲ ပြာပူထဲက လာခဲ့သူပါ၊ ငရဲမီး မကြောက်တော့ပါဘူး၊ အစ်ကို အခု ငရဲလမ်းကို လျှောက်မနေဘူး၊ ဒိဗ္ဗစမ္မသုခချမ်းသာ ်းကို လျှောက်နေတာ၊ အစ်ကို့မှာ ရင်နဲ့လွယ်ရတဲ့ သံယောဇဉ် မရှိဘူး၊ သောက အပူမီး မလောင်မြိုက်သေးဘူး၊ ဘဝက အနှောင်အဖွဲ့ ကင်းမဲ့စွာ လွတ်လပ်နေတယ်၊ ညီမရဲ့ဘဝနဲ့ မတူပါဘူး ညီမ...

အစ်ကို့အကြောင်းကို မစဉ်းစားပါနဲ့၊ ညီမရဲ့ ရင်သွေးနဲ့ လင်သားရဲ့ သောကမီးများကို အေးချမ်းအောင် ပြုလိုက်ပါ၊ ဘဝလည်း တည်ငြိမ်သွားပြီ၊ သံယောဇဉ်လည်း ပြတ်နိုင်ပြီ၊ မိသားစု တရားဝင်ခွင့်ပြုချက် လည်းရပြီ... ကိုယ်ပိုင်ဆုံးဖြတ်ချက်လည်း ပြတ်သားပြီဆိုတဲ့နေ့... ညီမ ဟောအဝိဇ္ဇာမဲ့လမ်းကို ပြန်လျှောက်ခဲ့... နိဗ္ဗာန်ရိပ်ကို ပြန်ခို... အဲဒီ အချိန်ကျရင် ဘယ်မီးကမ်းကိုမှ အရိပ်မခိုနဲ့တော့၊ ဘယ်ရွှေလက်ကမ်းလို့မှ ဝမ်းမသာနဲ့တော့... ပြည်ကြီးစည်တီးဝင်ပေါ့ ဘယ့်နှဲ့...'

'ကောင်းပါပြီ အစ်ကို... ကျွန်မ အမှန်အတိုင်း ပြောရရင် သီလရှင်ဘဝနဲ့ လွမ်းနေရဆဲပါ၊ သံယောဇဉ် နွယ်ရစ်နေဆဲပါ အစ်ကိုရယ်၊ ကျွန်မကိုပေါက်ချွန်းကိုရော... သမီးကိုရော... မေ့လို့ မရခဲ့...ပါ...ဘူး... ကျွန်မ... ဒီနေ့ပဲ သီလရှင်ဆရာကြီးများကို အမှန်အတိုင်း ဝန်ခံလို့ သီလရှင်ဘဝက ထွက်ပါတော့မယ် အစ်ကို'

'ဒါ...သစ္စာပဲ ညီမ၊ သစ္စာဆိုတာ မှန်သောစကားကို ဆိုခြင်း ပြုမူခြင်းပဲ... သစ္စာလမ်းဟာ ဟန်ဆောင်မှုနဲ့ အသက်ရှင်နေရင် သစ္စာအပေါ်

စိတ်ကူးသစ်စာပေ



မှာ ထပ်ဆင့်သစ္စာဖောက်တာပဲ... အဲဒါ ငရဲပဲ'

'အစ်ကို'

'ဘာလဲ ညီမ'

'သူတို့ဆီသွားခဲ့ရင်... လက်ခံပါ့မလားဟင်'

'လက်ခံအောင် အစ်ကို ဆောင်ရွက်ပေးမှာပေါ့'

'အို... ဝမ်းသာလိုက်တာ အစ်ကိုရယ်'

အဲဒီနေ့ကပဲ သူမ လူထွက်ခဲ့တယ်။ ကျောင်းထိုင်သီလရှင် ဆရာကြီးများကိုလည်း ငါက အကျိုးအကြောင်း ရှင်းပြခဲ့တယ်။ ဘဝအတွေ့အကြုံရင့်သန်ပြီး လူကဲခတ် မည့်တဲ့ ဓမ္မသူတော်စင် သီလရှင်များက ဒါကို နားလည်ကြတယ်၊ လှအုံးမယ်ရဲ့ဘဝကို ကြားနာသိရှိတော့ စာနာမှုထားကြတယ်၊ ဆရာလေး လှအုံးမယ်(ဝေမာရီ)ကို အနှောင်အဖွဲ့ သံယောဇဉ် ပြတ်တဲ့နေ့ အချိန်မရွေး ပြန်လာခဲ့ပါလို့ မှာလိုက်သေးတယ်၊

ဒီနောက်... ကဲကဲလေးမီးဖွားပြီး (၇)ရက်မြောက် မီးထွက်တဲ့နေ့မှာ ငါ လှအုံးမယ်ကို ပေါက်ချွန်းတို့မိသားစုထံ လွှတ်လိုက်တာပါပဲ သူငယ်ချင်း'

အော်... မိုးကြိုး... မိုးကြိုး၊ စိတ်ထားနှလုံးသား သန့်စင်မွန်မြတ်လှချည်လား။

ကျွန်တော်တို့ သူငယ်ချင်း ပေါက်ချွန်းက သူ့မိန်းမ လှအုံးမယ်ကို မိုးကြိုးနှင့် ဘာသိန်းဆောင် လှည့်ဖျားခေါ်ဆောင် ဖျက်ဆီးကြသည်ဟု ယုံမှတ်စွဲထင်၍ လိုက်သတ်ဖို့ ရှာခဲ့သည်။

ခုလို... ဇာတ်ကြောင်းမှန်ကို သိလိုက်ရသောအခါ...။

သူငယ်ချင်း မိုးကြိုးကို ပို၍ လေးစားခဲ့ရသည်။ ပို၍ အံ့ဩခဲ့ရသည်။ ပြောရလျှင် ထိုနေ့မှစ၍ ကျွန်တော် မိုးကြိုးနှင့် မခွဲတော့။ မိုးကြိုးလို သူတော်စင် ပုဂ္ဂိုလ်မျိုးကဲ့သို့ မကျင့်နိုင်သော်လည်း မိုးကြိုးနှင့် နေရသည်မှာ ကောင်းသောစကားကို ကြားရသည်။ ပညာတွေ ရသည်။ အံ့ဖွယ်များကို ကြားသိရလေသည်။

♛ ♛ ♛

www.burmeseclassic.com

# မိုးကြိုးလွဲ

တစ်နေ့သောအခါ ကျွန်တော်သည် မိုးကြိုးနှင့် စပ်လျဉ်း၍ အလွန်ကို အံ့ဩဖွယ်ကောင်းလှသော၊ တစ်နည်း အသည်းယားစရာ ထိတ်လန့်စရာကောင်းလွန်းလှသော ဖြစ်ရပ်ဆန်းကြယ် အဖြစ်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့်ကြားမြင်ကြုံတွေ့ခဲ့ရလေသည်။

သံသရာဘီး အဲဒီလောက် လည်ပတ်နှုန်း မြန်လိမ့်မည်ဟု လုံးဝမထင်ခဲ့။

ခုတော့ မြန်လိုက်တာ...

ပြောရလျှင်... မိုးကြိုးရဲ့ ကောင်းသတင်းများက ပျံ့ကျော်နေ၏ သေကောင်းပေါင်းလဲ ဖြစ်နေသည့် မီးနေသည်ကို ပရိတ်တော်တစ်ပုဒ်နှင့် မိခင်ရော သားပါ အသက်ချမ်းသာရအောင် ကယ်လိုက်သည့်သတင်းသည် ရွာသူ မီးနေကူများမှတစ်ဆင့် မောင်းထုအော်လိုက်သလို ကျော်သွားခဲ့၏

ဒါနှင့်အတူ မိုးကြိုးတစ်ယောက် တုတ်ပီး၊ ဓားပီးသည်ဟူသော





သတင်းကလည်း ကြီးနေ၏။

နောင်အခါ တစ်ယောက်စကား တစ်ယောက်နားကြားသူများလည်း ရောဂါဝေဒနာတစ်ခု ဖြစ်လာလျှင် မိုးကြိုးရှိရာသို့ ပြေးလာကြပြီး အကူအညီတောင်းကြ၏။

မိုးကြိုးကို ရှာမတွေ့လျှင် ကျွန်တော့်ကို ချဉ်းကပ်၍ ရှာပေးပါ၊ ခေါ်ပေးပါဟု ပူဆာကြ၏။ သို့နှင့် မိုးကြိုးကို ကျွန်တော် လိုက်ရှာခေါ်ရပြန်၏။

သူ့ကို ဖမ်းမိဖို့ကလည်း မလွယ်။

တစ်ခါတစ်ခါ သချိုင်းကုန်း အုတ်ဂူပေါ်မှာ တရားထိုင်လျက် တွေ့သျှင်တွေ့ရ၏။ တစ်ခါတစ်ခါ ရှေးဟောင်းဘုရားပျက်များအကြား ပုတီးစိပ်လျှင်စိပ်နေ၏။ တစ်ခါတစ်ခါ မန္တာန်များကို အချိန်ကြာမြင့်စွာ ရွတ်နေရကား သူ့ကို ခေါ်လို့မရ။

အလျဉ်းသင့် ကြုံကြိုက်လျှင်တော့ သူက ချက်ချင်း လိုက်ကူညီလေ့ရှိ၏။

သူ့ကြောင့် သရဲပူး၊ တစ္ဆေပူး၊ ဖုတ်ဝင်၊ သိုက်ကလာခေါ်သလိုလို ရောဂါသည်များ လူကောင်းဘဝ ရောက်သွားခဲ့ကြ၏။

ထူးဆန်းသည်ကား... လူတစ်ယောက်ရဲ့ မျက်လုံးကို ကြည့်၍ ဒီနေ့ဘယ်မှ မသွားနှင့်၊ ဘာမလုပ်နှင့် သူပြောလျှင် သူပြောသည့်အတိုင်း ခန့်နေလေ့ရှိသည်ကို အံ့ဖွယ်ကြုံကြရ၏။

တစ်ခါကလည်း မုဆိုးတစ်ဦး သူနှင့်လမ်းခရီးမှာ ပက်ပင်းကြုံကြ၏။ မုဆိုးအမည်က 'ကိုခါးမကြီး'ဟူ၏။

'ကိုခါးမကြီး ဘယ်လဲ'

မိုးကြိုးက မြင်ဖူးကြုံဖူး၍ လှမ်းမေးလိုက်သည်။

'အမဲလိုက်သွားမလို့... ကိုမိုးကြိုး'

'ဒီနေ့ မသွားပါနဲ့ဗျာ... ကိုခါးမကြီးရာ'

'မသွားလို့ မဖြစ်ဘူး ကိုမိုးကြိုး... ကျုပ်တို့ဘဝက တောထဲ တစ်နေ့ ဝင်ရင် တစ်နေ့အကျိုးယုတ်ရော'

'နောက်နေ့သွားပေါ့ဗျာ... ဒီနေ့နားလိုက်ပါ'

'မနားနိုင်ဘူး ဆရာရေ... ဘာကိစ္စရှိလို့လဲ၊ ဘာအကြောင်းထူးလို့ လဲ ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက ပြောရမှာ ခက်သလိုရှိနေသဖြင့် စဉ်းစားနေ၏။

'မသွားပါနဲ့ နားလိုက်ပါ၊ အကြောင်းရှိလို့ ပြောနေတာပါ'

'အေးလေ. . . ဟုတ်ပါပြီ ဘာအကြောင်းလဲ'

နောက်ဆုံး ကိုမိုးကြိုးက မပြောချင်ပြောချင် ပြောလိုက်ရတော့သည်။

'ခင်ဗျား. . . ပေါင်မှာ ဒဏ်ရာ ရကိန်းမြင်လို့ တားရတာပါ ကိုခါးမကြီး'

'ဟား. . . ဟား. . . ဟား. . . ဟား. . . ကိုမိုးကြိုးရာ ဘာများလဲလို့ဗျာ၊ ဒါလေးများ အဆန်းလုပ်လို့. . . တိုက်ကွဲမှန်ရင် ချိုရာ ရှိစမြဲပါဗျာ ခင်ဗျားမလည်း ခုတစ်လော ဘာတွေလျှောက်ပြောနေလည်း မသိဘူး၊ သွားပြီဗျို့. . . အပြန်မှာ အသားစားချင် လာဖေးမယ် သိလား. . . အဟား ဟား ဟား'

သည့်နောက် မုဆိုး ကိုခါးမကြီးသည် သူ့အပေါ်လိုက် ခွေးနှစ်ကောင်ကို ခေါ်၍ တောထဲသို့ ဝင်သွား၏။

နေ့ခင်းလောက်ရောက်တော့ ရွာထဲသို့ လူအုပ်တစ်အုပ် လူတစ်ယောက်ကို ပွေ့ထမ်း၍ အော်ဟစ်ဝင်လာကြသည်။

'ဟဲ့. . . ဟဲ့. . . ဘာဖြစ်လို့လဲဟဲ့. . . ကိုချစ်ကောင်း'

'ဝက်ပက်လို့ဗျ. . . ဝက်ပက်လို့'

'ဟင်. . . ဘယ်သူတုံးဟဲ့ . . . မောင်မကွေးသား လှိုင်ထွေးလား'

'မဟုတ်ဘူး. . . ကိုခါးမကြီး'

'အမလေး ဖြစ်ရလေခြင်း'

မကြာပါဘူး။ မုဆိုး ကိုခါးမကြီး မိန်းမ 'မပစောက်' ငိုကြီးချက်မနဲ့ ပြေးလာပါရော။ ကျွန်တော်တို့ ကြည့်လိုက်ကြတော့ မုဆိုး ကိုခါးမကြီး သတိလစ်နေပြီ။ ညာဘက်ပေါင်အတွင်းသား ဟက်တက်ကွဲပြီး အရိုးပေါ်လို့၊ နီနီရဲရဲ သွေးများကလည်း မြင်လို့မကောင်း။

'လှည်း အမြန်ပြင်ဟေ့၊ တိုက်နယ်ဆေးရုံကို အမြန်ပို့မှဖြစ်မယ်'

'မြန်မြန်လုပ်ကြပါဟ'

'အစ်ကို. . . ကိုခါး. . . မ. . . ကြီး. . . ဟီး. . . အသက်မှ ရှိ. . . ရှိသေးရဲ့လား ကိုချစ်ကောင်းရဲ့. . . ဟီး. . . ဟီး'

'ငွေ့ငွေ့တော့ ကျန်သေးတာပဲဟ'





'အမလေး. . . အစ်ကို ခါးမကြီးရဲ့၊ ကျွန်မ ကလေး(၆)ယောက်နဲ့ ဘယ်သူ့ကို အားကိုးနေရမှာလည်းတော့. . . ဟီး. . . ဟီး'

ခါးမကြီးရဲ့မိန်းမ မပစောက်ဟာ အငေါ့ကို အားကျယ်ပြီး အငိုသန်တဲ့ မိန်းမဗျာ။ အစ်ကို ဘယ်လိုနေလည်း သတိရရဲ့လား မမေးဘဲ၊ ကလေး(၆)ယောက်နဲ့ ဘယ်သူ့အားကိုးရမှာလည်းတဲ့၊ ဒီမှာ အမြင်ကတ်ကတ်နဲ့ ကိုကျယ်ညာထံက ရွဲ့ပြောလိုက်ရော။

'နတ်ကွပ်. . . တုတ်ကြီးကို အားကိုး မိပစောက်. . . ဟွိ'

ဒီတော့မှ မပစောက် တန့်ခနဲ အငိုရပ်ပြီး မျက်ရည်ကိုသုတ်လို့ ဆဲ့မရဲ ရှိုက်နေတော့သည်။

နတ်ကွပ်တုတ်ကြီးကား တစ်ရွာလုံး ဘယ်မိန်းမမှမယူရဲ၊ အသံကြားသည်နှင့် သုံးလင်ကွာဖူးသည့် မိန်းမတို့သည်လည်းကောင်း၊ ကလေး(၁၀)ယောက်မွေးဖူးသည့် မိန်းမတို့သည်လည်းကောင်း၊ ချက်ချင်းထပြေးသွား၏။ စစ်ခါကလည်း စာမဖွဲ့ဘူးဆိုသည့် မုဆိုးမ မခါတွန်နှင့် ညား၏။ မင်္ဂလာဦးညဖောင် လင်မယား သူကြီးအိမ်မှာ ကွာရှင်းရ၏။

နတ်ကွပ်တုတ်ကြီးကား အာဂလူတည်း။

'ဟော . . ပြောရင်း. . တုတ်ကြီးလာနေပြီ၊ မပစောက်ရေ'

တုတ်ကြီးလာသည်ကိုမြင်သော် မပစောက် လုံးဝမငိုတော့။

'ဟ. . . ခါးမကြီး ဝက်ဟက်ခံရလို့ဆိုကွ၊ ဘယ်လိုဖြစ်တာလဲ ညောက်ငေ'

'ဝက်တောင်းကြီးကို လုံနဲ့ဝင်ထိုးတာရယ်။ ဟိုက ပက်လိုက်တာ ပေါင်ကွဲရော ကံကောင်းလို့ပေါ့ဗျာ'

'ဝက်ရော. . .'

'သေနတ်နဲ့ပစ်လိုက်လို့ . . . ဒဏ်ရာနဲ့ပြေးပြီ'

'ခါးမရော. . . သေပလားဟ'

သို့ကလိုပြောရင်း နတ်ကွပ်တုတ်ကြီးက ခါးမကြီးရဲ့မိန်းမ မိပစောက်ကို အရည်လည်နေသော မျက်လုံးကြီးနှင့် စိုက်ကြည့်လိုက်ရာ မပစောက် ဖက်သီးဖြန်းဖြန်း ထသွားလေသည်။

တိုပေါ့ပြောရလျှင် မုဆိုး ကိုခါးမကြီး ဆေးရုံပေါ်မှာ (၁၅)ရက်ခန့်ကြာခဲ့သည်။ ဆေးရုံမှဆင်းတော့ ဦးစွာ ကိုမိုးကြိုးရှိရာသို့ အလျှင်ဝင်ခဲ့ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



'ကိုမိုးကြိုး. . . ခင်ဗျားပြောတာမှန်လိုက်တာဗျာ၊ အစက ကျုပ်မယုံ ဘူး။ အခု ယုံပြီဗျာ. . . ခင်ဗျား ဘယ်လိုလုပ်သိတာလဲဟင်'

'ဒီလိုပါပဲဗျာ. . . ဘာရယ်လို့ မဟုတ်ပါဘူး'

တစ်ခါလည်း လယ်သူတစ်သိုက် ကောက်စိုက်သွားကြစဉ် မိုးကြိုး ဝင်၍ စားစရာသောက်စရာများ ဝင်ပေးကြပြီး ကွင်းထဲသွားရန် ပြင်ကြ ဒီမှာ မိုးကြိုးက ဆံတောက်ဖားဖားနှင့် မိန်းမကလေးကို စိုက်ကြည့်ပြီး. . .

'ညီမ. . . ညည်းနာမည် ဘယ်လိုခေါ်လဲဟင်'

'မခရေ. . ပါဆရာ'

'ဒီနေ့ ကောက်စိုက်မလိုက်ပါနဲ့လားကွယ်'

'ရှင်. , . ဘာ. . . ဘာဖြစ်လို့'

'မသွားပါနဲ့'

''မသွားလို့မဖြစ်ဘူး ဆရာ. . . ဒီနေ့ ကျွန်မတို့ ဘသာဥာဏ်တို့ လယ်ကို လက်စားအပြီးလိုက်ရမှာ'

'ဒါဆို ခဏနေဦးဟာ'

ဒီမှာပဲ . မိုးကြိုးက အိမ်ပေါ်မှဆင်း၍ အနောက်ဘက်ခြံထဲသို့ ဝင်သွားပြီး ပြန်လာတော့ ငှက်ပျောပင်တစ်ပင်ပါလာ၏။ မိုးကြိုးသည် ငှက် ပျောပင်ကို အကိုင်းများခုတ်၍. . .

'မခရေ. . . ဒီကိုလာစမ်း'

သည့်နောက် မခရေရဲ့ အရပ်နှင့်အတိ တိုင်းလိုက်သည်။

'ဇကွဲကြီး'

'ဗျာ. . . ဆရာ'

'ဒီငှက်ပျောပင်ကို မခရေတို့ စိုက်မဲ့လယ်ကွက်ရဲ့. . . ဟိုဘက်အစွန် မှာ ကျင်းတူးပြီး ပြောင်းပြန်မြေကြီးထဲ စိုက်ထားလိုက်၊ စိုက်ပြီးမှ ညည်းတို့ လယ်စိုက်၊ ကြားလား'

'ဟုတ်ကဲ့ရှင့်'

'စိတ်ချဆရာမိုး. . . ကျွန်တော် လုပ်ပေးလိုက်မယ်'

သည့်နောက် သူတို့အားလုံး မိုးကြိုးတည်းနေသည့်အိမ်မှ ဆုတ်ခွာ စကားများပြောပြီး ထွက်သွားကြသည်။

ဦးလေးသာဥာဏ်တို့ လယ်ပွဲရောက်သည်နှင့် ကိုဇကွဲကြီးက လယ်စွန်





ဘက်ထိပ်မှာ ပေါက်တူးနှင့် လယ်မြေကိုပေါက်ပြီး ငှက်ပျောပင်ကို ပြောင်း ပြန် စိုက်ထားလိုက်၏။ မိုးကားအုံ့မှိုင်းပြီး ဖွဲဖွဲလေးရွာနေ၏။

'မြန်မြန်စိုက်ကြဟေ့. . . ပြီးရင် ကောက်ညှင်းပေါင်းနဲ့ ငါးခြောက် ဖုတ်ဆမ်း ကျွေးမဟာ'

လယ်ရှင် ဦးလေးသာဥာဏ်က ကန်သင်းပေါ်မှ အော်ပြောလိုက် သည်။ ဒီမှာ ကောက်စိုက်သမခေါင်း မကျီးမနိုးက အော်လိုက်ပြန်၏။

'ကောက်ညှင်းပေါင်းပဲလား. . . လယ်ရှင်ကြီးရဲ့၊ ထမင်းမပါဘူးလား တော့'

'မိန်းမ အိပ်ရာထနောက်ကျနေလို့ မချက်နိုင်ဘူး. . . ကျီးမနိုးရေ'

'ဘာလို့ အိပ်ရာထနောက်ကျနေရတာလဲ. . . ဦးသာဥာဏ်ရဲ့'

'အဟီး. . အား. . အ. . အယ်. . အယ်. . . ဟာ နင်တို့ကလည်း ဟာ'

'ရှင်တို့က တစ်ညလုံး မအိပ်ကြဘူးလားတော့'

'ဟာ. . . ဒီကောင်မတော့ဟာ'

'နှိပ်ပေးနေလို့နေမှာ ကျီးမနိုးရဲ့. . . ဟုတ်တယ် မဟုတ်လားတော့'

'ကိုယ့်မိန်းမဥစ္စာ. . . နည်းနည်းပါးပါးတော့ နှိပ်နင်းပေးရတာ ပေါ့ဟာ'

'တော်က, . . ဘယ်တွေများနှိပ်. . .'

'ကျိန်း'

'ဒိုင်း'

'အမလေး. . . မြွတ်. . . စွာဘုရား'

'သေပါပြီ. . . မကုလားမရဲ့'

'အမေရေ. . . ကယ်ပါဦးဗျ'

'ဟဲ့. . . သောက်ပလုတ်တုတ်. . . မဲပြာ. . . လက်ဖက်သုတ်'

ဒီမှာပဲ ကောင်းကင်တစ်ခုလုံး ဝင်းလက်သွားပြီး မိုးကြိုးပစ်ချလိုက် သည်။ ပြင်းထန်သော မိုးကြိုးလျှပ်စစ်မီးတန်းသည် ကောက်စိုက်နေသည့် ကောင်းကင်မှ ဝင်းခနဲလက်သွားပြီးနောက် ပြောင်းပြန်စိုက်ထားသည့် ငှက်ပျောပင်ကို ထိမှန်ကာ အစိပ်စိပ်အမြွာမြွာ ပြတ်သတ်လွင့်စင်သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလန့်ဖျပ်၍ ပြေးကြ၏။ လယ်ရှင် ဦးသာညွှတ်ကား လ
ပြေးလိုက်သည်မှာ ခါးမှာ ပုဆိုးမရှိ၊ ငိုအားထက်ရယ်အားသန်ကြရလေသ
ကောက်စိုက်လယ်ကွင်းထဲသို့ မိုးကြိုးပစ်၍ ရွာထဲမှလူများ အပြေးအလွှ
ရောက်ရှိလာသည်။ ဘယ်သူရေ ဘယ်ဝါရေ အော်ဟစ်မေးမြန်းသံများ ဆူ
နေသည်။

တော်ပါသေးရဲ့၊ဘယ်သူမှ ဘာမှမဖြစ်။ ဒဏ်ရာမရကြ၊ ငှက်ပျော
သာ အစပျောက်သွားသည်။ မကြာမီ မိုးကြိုးရောက်လာခဲ့သည်။ အားလုံး
မိုးကြိုးရဲ့အနီးမှာ ဝိုင်းဝန်း၍ တုန်ရီကြောက်လန့် ငိုနေကြ၏။

'ခရေ. . . ဘာဖြစ်သွားသေးလဲ ညီမလေး'

'ဘာ. . . ဘာ. . . မှ မ. . . မ. . . ဖြစ်. . . ပါဘူး. . . ဆ. . . ဆ
သမီးကြောက်. . . ကြောက်လိုက်တာ. . . မီးဝင်းဝင်းကြီး. . . ခေါင်းပေါ်
ဖြတ်သွားတာရယ်. . . ဟီး. . . ဟီး'

'မကြောက်ပါနဲ့ညီမ. . . ကိစ္စပြီးသွားပြီ. . . ဆက်ပြီး အလုပ်လုပ်
ရပါပြီ'

အားလုံးက မိုးကြိုးကို အားကိုးတကြီးကြည့်နေကြ၏။ မိုးကြိုး
ကောင်းကင်သို့မော့၍ ပရိတ်မန္တန်များကို ရွတ်၏။ ရေကိုမန်း၍ လယ်ကွက်
စည်းချပေးပြီး ဆက်အလုပ်လုပ်လို့ရပြီဟု ပြောကာ ပြန်လာခဲ့၏။

'ဘယ်လိုဖြစ်တာလဲ မိုးကြိုးရာ'

ကျွန်တော်က အံ့သြစရာကောင်းလွန်း၍ မေးလိုက်သည်။

'ငါ့မျက်လုံးထဲမှာ ဒီကောင်မလေး မခရေကို မိုးကြိုးပစ်လိမ့်မယ်
မြင်နေရတယ်. . . ဒါကြောင့် သူ့ကို မသွားနဲ့လို့တားတယ်၊ သူကလ
သွားမှဖြစ်မယ်တဲ့၊ တားမရတဲ့အဆုံး ယကြာသဘော မိုးကြိုးလွှဲသဘောအ
နဲ့ သူ့အရပ်နဲ့အညီ ငှက်ပျောပင်ကို လမ်းလွှဲစိုက်ပေးလိုက်တာပဲ၊ ယ
ကောင်းသွားတယ်၊ မိုးကြိုးလွှဲပြီး ငှက်ပျောပင်ကို မှန်သွားလို့ ဒါကို ကက်
ဒဏ်ပြန်လွှဲလုပ်တယ်လို့ ခေါ်တယ်ကွ မောင်ဆိုင်းရ. . . မိုးကြိုးက ကြ
ပတေးနဲ့ တနင်္လာ၊ ဒါကို ငှက်ပျော တနင်္လာနဲ့ ကြာသပတေး. . . ပြောင်
လှန်စိုက် နံ့တူလွှဲလိုက်တာ. . . ဟူး. . . တော်ပါသေးရဲ့ဗျာ. . . နို့မို့. . .
ကောင်မလေး မီးသွေးတုံးဖြစ်သွားမှာ'

ကျွန်တော် မိုးကြိုးရဲ့ပညာအစွမ်းများကို တစ်နေ့တခြား





သြလာခဲ့ရသည်။ သူလည်း သူ၏ဂမ္ဘီရပညာများဖြင့် လူ့အသက် အတော်
များကို ကယ်တင်ခဲ့သည်မှာ အကြိမ်မနည်း။ လူတိုင်းက သူ့ကို ပို၍
လေးစားရှိသေလာကြ၏။

နောင်အခါ သူက မသွားနဲ့၊ မစားနဲ့၊ မလုပ်နဲ့ဟု လွှတ်ခနဲ
သတိပေးလိုက်လျှင် သဘောပေါက်သွားခဲ့ကြ၏။ ဒါ. . . အန္တရာယ်ကို ကြို
မြင်လို့ သတိပေးနေတာရယ်ဟု. . .။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## ဝင့်ဇါ၏ကြောက်မက်ဖွယ်ဖြစ်ရပ်ဆန်းများလေလား

တစ်နေ့နံနက်. . . 'သုံးလောက ထွန်းထား' အောင်စေတီမှာ ဆ ရှင်းရေး လုပ်နေကြစဉ် လူနှစ်ယောက် လွယ်အိတ်ကိုယ်စီနှင့် ရောက်ရှ ကြ၏။

'ဆရာကြီး ဦးမိုးကြိုးနဲ့ တွေ့ချင်လို့ပါ'

လူရွယ်တစ်ဦးက ကျွန်တော့်ကို ဦးစွာပြော၍ မိုးကြိုး ရှိရာ ခေါ်လာလိုက်၏။

'မိုးကြိုး. . . ကိုရင်နဲ့ တွေ့ချင်လို့တဲ့'

'ဘာကိစ္စများလဲ ညီတို့'

ဒီမှာ အသက်(၃၀)ခန့်ရှိသော လူရွယ်က. . .

'ကျွန်တော့်နာမည်က မင်းရွှေအုံပါ. . . သူ့နာမည်က ကြီးမြင့် ခေါ်ပါတယ် ဆရာ၊ အကြောင်းကတော့ ကျွန်တော်တို့ဘကြီးနဲ့ ဦးလေး ယောက် ခွေးရူးပြန်သလို ဖြစ်နေလို့ ဆရာ့ကို အကူအညီတောင်းထာ ဆရာ'

'ဘယ်အရပ်မှာလဲ ညီရဲ့'

'ရန်ကုန်မြို့မှာပါ ခင်ဗျ'



'အဝေးကြီးပါလားကွယ်'

'ဟုတ်ကဲ့. . . ကူညီပါ ဆရာရယ်၊ အင်္ဂလိပ်ဆရာရော၊ ဗိန္ဒောဆေး ရော စုံနေပါပြီ ဆရာ၊ ဘယ်လိုမှ ကုလို့မရပါဘူး။ ညသန်းခေါင်တိုင်ရင် တစ်ချိန်၊ နေမွန်းတည့်ရင်တစ်ချိန်. . . ခွေးများလိုအူပြီး အော်ပြီး လူတွေကို လိုက်ကိုက်လို့ အခန်းတံခါးထဲ ဆွဲထည့်ပြီး သော့ခတ်ထားရပါတယ် ဆရာ ရယ်၊ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ ဆရာ. . . ပြီးတော့ ဆရာ'

လူရွယ် မင်းရွှေအုံဆိုသူက ပြောရင်းမှ စကားကို ရပ်ထားလိုက်၏။

'ပြီးတော့ ဘာဖြစ်လဲဟင်'

'အမျိုးသမီးတစ်ယောက်က ဆရာ့ကို မှာလိုက်ပါတယ် ဆရာ ကြွဖြစ်အောင် ဆက်ဆက်ကြွရောက် ကူညီပါတဲ့ ခင်ဗျား'

'ဟော. . . အမျိုးသမီးတစ်ယောက်ဟ. . . သူ့နာမည်ကရော'

'နာမည်တော့ မပြောပါနဲ့တဲ့၊ တွေ့ရင် ဆရာသိပါလိမ့်မယ်တဲ့'

'သူမရဲ့ ပုံဆောင်နှင်ကရော မောင်မင်းရွှေအုံရယ်'

'အလွန်ကို ချောမောလှပတဲ့ မိန်းမပဲလို့ ပြောပါရစေ ဆရာ. . . ဆရာ့ ကျေးဇူးကို မမေ့ပါဘူးလို့လည်း အဲဒီအစ်မကြီးက ပြောလိုက်ပါတယ် ဆရာ'

'ဟွန်း. . . ခက်ပါကလား'

'လိုက်ဖြစ်အောင် လိုက်ပါ ဆရာရယ်၊ ဆရာ့ရဲ့နာမည်က ကျွန် တော်တို့ ရန်ကုန်အထိ ကျော်နေလို့ပါ ခင်ဗျား၊ အားကိုးလို့ ခေါ်ရတာပါ ဆရာရယ်'

'အေးလေ. . . လိုက်ကြည့်ကြတာပေါ့'

သို့နှင့် မိုးကြိုး၊ မင်းရွှေအုံနှင့် ကြီးမြင့်ဆိုသူ နှစ်ဦးနှင့်အတူ ရန်ကုန် သို့ လိုက်ပါခဲ့လိုက်သည်။

သင်္ဘောတစ်တန်၊ ကားတစ်တန်နှင့် ရန်ကုန်သို့ နောက်တစ်ကြိမ် ပြန်ရောက်ခဲ့ရပြန်၏။ ပထမအကြိမ်က ရန်ကုန်မြို့တော်သို့ ထောင်ကျဘဝနှင့် ရောက်ခဲ့ရ၏။ အခု. . . ဆရာပညာသည်ဘဝနှင့် ရောက်ခဲ့ရပြန်၏။

သူတို့ အလွန်ကျယ်ဝန်းလှသော ခြံကျယ်ကြီးတစ်ခုသို့ ရောက်လာ ၏။ အထဲမှာ တိုက်အိမ်ကြီးတစ်လုံး ရှိသည်။

မိုးကြိုးတို့ရောက်သည်နှင့် မိန်းမကြီးတစ်ဦးက ခရီးဦးကြိုပြု၏။

'ဆရာပါရဲ့လား လူလေး'



www.burmeseclassic.com

www.burmeseclassic.com



'ပါတယ် အမေ...ဒါ ဆရာမိုးကြိုးဆိုတာပဲ'

'ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကြွပါ...ကြွပါ၊ အပေါ်ထပ်ကို ကြွပါ ဆရာ'

မကြာခင် အိမ်ဖော်များ၊ အမျိုးများနှင့် အိမ်လည်း လူပြည့်သွားလေ၏။

'လူနာကရော ဘယ်မှာပါလဲ ခင်ဗျာ'

'လူနာများက အိမ်အောက်ထပ် သီးသန့်ခန်းမှာ သော့ခတ်ပြီး ထားရတာပါ ဆရာ'

ထိုစဉ်...တိုင်ကပ်နာရီကြီးမှ နာရီသံ ကြားလိုက်ရ၏။

'ဒင်...ဒင်...ဒင်...ဒင်...ဒင်'

အားလုံး (၁၂)ချက်။ အလို မွန်းပင်တည့်ပါရောလား...။

'အူ...အူ...ဝူ...ဝူ...ဝူ'

'အူး...ဝူ...ဝူ...ဝူ...ဝူ'

'အူး...ဝူ...ဝူ...ဝူ'

'အား...အူး...ဝူ...ဝူ'

ဒီမှာပဲ အိမ်အောက်ဘက်မှ ခွေးအူသံများ ကြားလိုက်ရ၏။ ခွေးအူသံများ သံပြိုင်ပေါ်လာသောအခါ အိမ်ကြီးရှင် အမျိုးသမီးကြီးနှင့် အိမ်ပေါ်ရှိ လူများ မျက်စေ့မျက်နှာ ပျက်သွားကြတော့သည်။ ခွေးအူသံများက ပို၍ ကြမ်းလာ၏။ ကျယ်လောင်လာ၏။

'ဆ...ဆရာ...အဲ...အဲ...အဲ...ဒါ'

'ဘာဖြစ်လို့ပါလဲ အဒေါ်'

'အဲဒါ...အဲ...ဒါ...လူနာနှစ်ဦးရဲ့ အော်သံများပဲ ဆ...ရာ'

'ဟင်...ဒါ...လူနာရဲ့အသံ'

'ဟုတ်ပါတယ် ဆရာ'

'လာဗျာ...သွားကြည့်ကြရအောင်'

သည့်နောက် အဒေါ်ကြီး(အမည်မှာ ဒေါ်မင်းယာအိမ်ဟု ခေါ်ပါသည်) က ရှေ့ဆောင်ပြီး လူရွယ်နှစ်ဦးနှင့်အတူ အိမ်အောက်ထပ်သို့ ဆင်းခဲ့လိုက်ကြသည်။ မကြာခင် အောက်ထပ် အနောက်ဘက်ရှိ အခန်းနှစ်ခု ရှိရာသို့ ရောက်သွားသောအခါ အံ့ဖွယ်အခြင်းအရာကို မြင်လိုက်ရလေသည်။

လူနှစ်ဦးရယ်။ ဆံပင်ရှည်များ မျက်နှာပေါ်အုပ်ဖြာကျပြီး လေးဘက်





ထောက်၍ ခွေးကဲ့သို့ ခေါင်းမော့အူနေကြသည်။ ကိုယ်ပေါ်မှာ အကျႌမရှိ ခါးမှာ ဘောင်းဘီ ရှိသော်လည်း စုတ်ပြဲနေ၏။

နှစ်ဦးစလုံး၏ ကိုယ်လုံးမှာ ချေးများ၊ သေးများ ပေကျံပြီး နံစော်နေ၏။

'အူ...အူ...ဝူ...ဝူ'

'အူ...ဝူ...ဝူ...ဝူ'

'အစ်ကို...အစ်ကို'

'အူ...ဝူ...ဝူ...ဝူ'

ဒေါ်မင်းယာအိမ်က အခန်းသံတိုင်ကို ကိုင်၍ 'အစ်ကို'ဟု လှမ်းခေါ်လိုက်သောအခါ အူနေရာမှ ခေါင်းကို ရမ်း၍ ကြည့်လိုက်သည်ရှိသော်...။

'ဟာ'

မိုးကြိုး အကြီးအကျယ် အံ့ဩ၍ သွားခဲ့ရ၏။ သူ ခွေးလိုအူပြီး ခေါင်းကြီးရမ်းနေသည့် လူကြီးကို မြင်ဖူးသည်။ ရင်းရင်းနှီးနှီးကို မြင်ဖူးသည်။ သို့နှင့် လူကြီးရှေ့တည့်တည့်ကို သွားရပ်ပြီး သေသေချာချာ ကြည့်လိုက်သောအခါ...

'ဟင်...ဦး...တ...သန့်...လျှင်း...ကျိတ်...အဒေါ်...ဒါ ...ဒါ...ဟိုး...ပင်လယ်ဘက် ကန်စွန်းတောရွာက သူ...ကြီး... ဦးတသန့်လျှင်းကျိတ်...မဟုတ်လားဟင်'

'ဟီး...ဟုတ်...ဟုတ်...ပါရဲ့ ဆရာရယ်၊ သူကြီး ဦးတသန့်လျှင်းကျိတ်ပါ၊ အဒေါ်ရဲ့အစ်ကိုအရင်းပါ...အီး'

'ဘုရားရေ'

မိုးကြိုး မြင်ရသည့်မြင်ကွင်းဆိုးကြောင့် ကြီးစွာ အံ့ဩသွားခဲ့ရသည်။ သူ့ကို ပစ္စည်းထုပ်ချပြီး ထောင်ကျအောင်လုပ်ခဲ့သည့် သူကြီး ဦးတသန့်လျှင်းကျိတ်။ သူရင်နှင့်အောင် ချစ်ရသည့် မခင်မြနှစ်ရဲ့ ဘကြီးအရင်းခေါက်ခေါက်။ ❧

သူထောင်ကထွက်လာတော့ အပြတ်ရှင်း ကလဲ့စားချေဖို့ မြေအနံ့ လိုက်ရှာခဲ့ရသည့် နံပါတ်တစ် ရန်သူကြီး။ ခုတော့ သူ့ရန်သူသည် သူ့ရှေ့ရှိ ထောင်သင့်ဘာန် သံတိုင်အကြားမှာ ခွေးလိုအော်၍ ရူးသွပ်သလို ဂိုနေသည်။

'ဟိုး...ဟိုး တစ်ယောက်ကရော အဒေါ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူက အစ်ကိုကြီး ဦးတာသန်လျှင်းဂိုက်ရဲ့ညီ ကိုမိုးခဲ . . . အဒေါ်ရဲ့ အစ်ကို'

'ဒါ . . . ဒါ . . . ဆို . . . သူ . . . သူက . . . မ . . . မ . . . ခင် . . . မြနှစ်ရဲ့ . . . အဖေ'

'ဟုတ်ပါတယ်၊ မခင်မြနှစ်ရဲ့ အဖေအရင်းပါကွယ်'

'အခု . . . အခု . . . မ . . . ခင် . . . မြ . . . နှစ်ရော'

'ကိစ္စတစ်ခုနဲ့ ခရီးသွားနေပါတယ် ဆရာ၊ ဒီနေ့ ပြန်ရောက်မလား မဆိုနိုင်ဘူး။ ဆရာ သူတို့နဲ့ သိလို့လားဟင် . . . ဟင်'

ဆရာ သူတို့နှင့် သိလို့လားတဲ့။ သိရုံတင်ဘယ်ကမလဲ အဒေါ်ရယ်။ နှုတ်နှုတ်စင်းဖို့ ဓားနဲ့ လိုက်ရှာခဲ့တာပေါ့ဟု သူ ပြောလိုက်ချင်သည်။ သို့သော် ရင်ထဲက လုံးဝ ပြောမထွက်တော့။ သူ မုန်းတီးခဲ့ရသည့် ရန်သူများသည် မျက်စေ့ရှေ့မှောက်မှာ ကြီးစွာသော ကြမ္မာဝဋ်နှင့် ဘဝပျက်နေကြပြီ။

လောကသံသရာကား ကြောက်စရာ ကောင်းလှချေကလား . . .

ဘဝသံသရာဆို ဘယ်ကလောက် ကြောက်စရာကောင်းအောင် ဆိုးဝါးလိုက်လိမ့်မည်နည်း မသိ။

'အဒေါ်ရယ် . . . သူတို့ ဘယ်ပုံဘယ်နည်း ဖြစ်တယ်ဆိုတာကို ပြောပါဦး ခင်ဗျား'

'ပြောပြပါ့မယ် ဆရာ၊ လာ . . . အိမ်ရှေ့ကို ကြွပါ ဆရာ'

'အူ . . . ဝူ . . . ဂူ . . . ဂူ'

'အူး . . . အူး . . . ဝုတ် . . . ဝုတ် . . . ဖူး'

မိုးကြိုးတို့ အိမ်ရှေ့သို့ လှည့်လိုက်တော့ လူကြီးနှစ်ဦးက တကယ့် ခွေးများလို အော်၍ ဟောင်ကြလေသည်။

'ဖြစ်ပုံက ဒီလိုပါ ဆရာ . . . လွန်ခဲ့သည့် နှစ်အတန်ကြာက သူတို့ အားလုံး ဒီရန်ကုန်ကို ပြောင်းလာခဲ့ကြတယ်'

ဒီမှာ မိုးကြိုးက မသိချင်ယောင်ဆောင်၍ မေးလိုက်၏။

'ဘာဖြစ်လို့ ပြောင်းလာရတာလဲ အဒေါ်'

'သူပုန်သူကန်ရန် ကြောက်လို့ ပြောတာပါပဲ ဆရာ . . . ဒီမှာ နှစ်အတန်ကြာနေပြီး သူတို့ရွာကို တစ်ခါ ပြန်သွားခဲ့ကြတယ် . . .'

အဲဒီပြန်ချိန်က မိုးကြိုး အသံကြား၍ ရွာကို ချဉ်းကပ်ခဲ့သည့် အချိန်မှန်း မိုးကြိုး သိလိုက်သည်။ သူခိုးတောင်ကိုလည်း ပြေး၍ သတိရလိုက်သေး။

'ရွာကနေ ပြန်လာပြီးနောက်ပိုင်း အစ်ကိုနှစ်ယောက်စလုံး အရက်သောက် ကြမ်းလာခဲ့ကြတယ်၊ စရိုက်လည်း ကြမ်းလာခဲ့ကြတယ်၊ တစ်ခါသော( . . . )မှာ အမဲလိုက်ကြသတဲ့၊ သူတို့ တောဝက်တစ်ကောင်ကို သေနတ်ပစ်လိုက်တာ တောဝက်က ဒဏ်ရာနဲ့ ပြေး၊ သူတို့က နောက်ကလိုက်နဲ့ ညဘက်နေ့ ဆရာ၊ တောဝက်က သချိုင်းပျက်တစ်ခုထဲကို ဝင်ပြေးသွားရော၊

ဒါနဲ့ သချိုင်းထဲကို လိုက်တော့ တောဝက်ကို မတွေ့ရဘဲ အလွန်ကြီးမားလှတဲ့ ခွေးနက်ကြီးနှစ်ကောင်ကို တွေ့ရရော ဆရာရဲ့၊ အဲဒီမှာ ခွေးနက်ကြီးနှစ်ကောင်က သချိုင်းထဲကနေ သူတို့နောက်ကို လိုက်တာရယ်၊ အဲဒီမှာ ခွေးကိုက်လည်း ခံလိုက်ရတယ် . . . ဒေါသထွက်ထွက်နဲ့ ဒီမှာပဲ ခွေးနက်ကြီးနှစ်ကောင်ကို သေနတ်နဲ့ ပစ်သတ်လိုက်တယ် . . .

ပြီး တောဝက်ကို လိုက်ရှာတယ် . . . မတွေ့ဘူး။ ဒါနဲ့ သူတို့ညီအစ်ကိုနှစ်ယောက် မောကလည်းမော၊ ဒေါသကလည်းထွက်၊ အရေးထဲ ခွေးနက်ကြီးနှစ်ကောင်လည်း သေရော၊ သချိုင်းထဲကနေ လူညည်းသံ၊ ကလေးများငိုသံ၊ တောက်ခတ်သံ ဟူး ကြားရပါရော၊ အမှန်က သရဲခြောက်တာ၊ အဲဒါ လိုက်ရှာတော့ ဘာမှမတွေ့ဘူး။ အပုပ်နံ့ကလည်း လှိုင်နေတာပဲ၊ ဝက်အော်သံလည်း ကြားရတယ်၊ ဝက်ကိုလည်း မတွေ့ဘူး . . .

ဒီမှာ သူတို့ကို သရဲခြောက်ပြီး နာနာဘာဝများ လှည့်စားအသံပေးမှန်းသိရော ဆဲရေးတိုင်းထွာကြတယ်တဲ့လေ၊ သည့်နောက် သူတို့ဝက်ကို ဖွက်ထားရမလားဆိုပြီး သချိုင်းခွေးနက်အသေကြီးနှစ်ကောင်ကို ဖျက်ပေါ်ပြီး သချိုင်းထဲမှာပဲ မီးနဲ့ကင်လို့ အရက်နဲ့ အမြည်းလုပ်သောက်စားပစ်သတဲ့၊ ဘမ်းကုန်ရော ဆရာရယ်၊ အရက်လည်း မူးကရော သချိုင်းကုန်းထဲက အသံကြားရသမျှ နေရာများကို သေနတ်ပစ်ပြီး စိမ်ခေါ်တော့တာပဲ၊

အဲဒါ ကျည်ဆန်ကုန်မှ ပြန်လာခဲ့ကြတယ် . . . ဒီလိုနဲ့ ဒီအိမ်ကို ပြန်ရောက်လာပြီး မကြာခင်မှာပဲ . . . ခွေးနက်ကြီးနှစ်ကောင် အကိုက်ခံရတဲ့ဒဏ်ရာကနေ အနာရင်းပြီး ဖျားပါရော . . . ပါးစပ်ကလည်း မျိုးစုံအောင် ပြောနေ တာပဲ၊ ဒါနဲ့ ကုလားဆရာဝန်နဲ့ ပြတယ်၊ ခွေးရူးပြန်တာလို့ သိရတယ်၊ အဲဒါ ကုလားဆရာဝန်နဲ့ ကုတယ်၊ လုံးဝ မပျောက်ဘူး။







www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဗိန္ဒောဆေးနဲ့ ကုတယ်၊ မပျောက်ဘူး၊ နောက်ဆုံး ချပြီး တဲ့အတိုင်း နေမွန်းတည့်ချိန်မှာ တစ်ခါ. . . ညဥ့်သန်းခေါင်မှာတစ်ခါ. . . ထီး စပ်က အမြှုပ်တွေ ထွက်ကျပြီး ခွေးလိုအော်၊ ခွေးလိုသွားနေတာပါပဲ ဆရာ ရယ်'

'အင်း. . . အဖြစ်က တော်တော်ဆိုးတာပဲနော်'

'ဟုတ်ပါတယ် ဆရာ. . . အဲဒါ ဆရာရဲ့ သတင်းကို ကြားတာနဲ့ ကျွန်မ တူမ ခင်မြနှစ်ကလည်း ဆရာ့ကို သွားခေါ်ပင့်ဖို့ အတန်တန်မှာသည့် အားကိုးကြီးစွာနဲ့ ဆရာ့ကို ခေါ်ပင့်ရတာပါ ဆရာ. . . ဆရာ ကယ်ပေး ဆရာရယ်နော်'

သူ. . . ခေါင်းညိတ်လိုက်သည်။

ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်။ မုန်းသူကို ချစ်သူဖြစ်အောင် လုပ်။ လူတိုင်းရဲ့ အသက်ကို ရသမျှကယ်ဟု သူ့ဆရာ ဘဆံရှည်က အမိန့် ချမှတ်ခဲ့သည်ကို သူ သတိရနေသည်။

သည့်နောက် ဦးတသန်လျင်းကျိုတ်နှင့် ဦးမီးခဲတို့နှစ်ဦးရဲ့ မွေးသက္ကရာဇ် များကို တွက်ချက်ကြည့်လိုက်တော့ ဘုမ္မိကြီးမှာ ကျနေမှန်း သိလိုက်ရ၏။ သေလျှင်သေ၊ မသေလျှင် ရူးရမည့်ကာလ အခိုက်ထဲ ရောက်နေကြသည်ကို တွေ့ရ၏။

ပြီးနောက်. . . ကိုယ်လက်သန့်စင်ပြီ၊ ဘုရားကို ရေချမ်း၊ ဆီမီး အသစ်ကပ်၍ အဓိဋ္ဌာန်၏။ ဘဆရာ ဘဆံရှည်ကို တ,၍ အဓိဋ္ဌာန်၏။ ပြီး နောက် အာရုံခံ၍ ကြည့်လိုက်သောအခါ မျက်စေ့ထဲမှာ သချိုင်းတစ်ခု ပေါ် လာခဲ့သည်။

ကြောက်စရာ မျက်နှာကြီးများနှင့် ကြုံးဝါးအော်ဟစ်သံများကို ကြား မြင်နေရသည်။ သူ စိတ်စမသုံး၍ မေတ္တာရပ်ခံလိုက်သည်။

အတန်ကြာ ပြောယူရသည်။ မကြာခင်. . . သချိုင်းထဲမှာ ကြောက် စရာရုပ်များနှင့် အသံဆိုး ကြိမ်းဝါးသံများ ငြိမ်၍ကျသွားခဲ့သည်။

ပြီး. . . ရေဖလားထဲမှာ ရေတစ်ခွက်ထည့်၍ ရတနသုတ်ကို ရွတ် ၏။ မေတ္တသုတ်ကို ရွတ်၏။ အာဋာနာဋိယသုတ်ကို ရွတ်၏။ ဗောဇ္ဈင်သုတ် ကို ရွတ်၏။ သရဏဂုံ ခေါက်ရေ(၁၀၀)ရွတ်၏။ ပြီးနောက် ပဌာန်းဖယမန္တန်ကို ရွတ်၏။





'ဘဆံရှည်နှင့်. . . အထက်ဆရာတော်ဘုရားကြီးများ၊ သမ္မာဒေဝ နတ်အပေါင်းတို့ခင်ဗျား. . . သားတော်ကြီးသည်. . . ဤ. . . ရောဂါဝေဒနာ ရှင်များအား တစ်ချိန်က သုတ်သင်ရန် ကြိုးစားခဲ့ဖူးပါ၏။ ယခု သူတို့အပေါ် ချစ်အဖလို သဘောထား၍ အမုန်းများကို ဖျောက်ဖျက်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် ခွက်ထဲမှ ရေသည်. . . မြင့်မြတ်စင်ကြယ်သော ပုဂ္ဂိုလ် ရှင်သခင် အစောင့်အရှောက်များ ကိုယ်တိုင် ကြွရောက်ချီးမြှင့်သည့် ဆေးသြသဓရေစင် ဖြစ်ပါစေသတည်း. . .

ဤရေစင် သောက်ရုံ သပ်ရုံ သောက်ချရုံမျှနှင့်. . . လူနာများ၏ ကိုယ်တွင်း၌ ရှိနေသော အဆိပ်သည် ရေအတိ ဖြစ်ပါစေသတည်း. . . ပူး ကပ်နှောင့်ယှက်နေသော အမှောင့်ပယောဂများ ချက်ချင်း ထွက်ခွာစေပြီး ကောင်းပကတိ ရောဂါပျောက်၍ ရှင်သန်ပါစေသတည်း. . .'

သို့ကလို ဆုတောင်းအဓိဋ္ဌာန် ပြုပြီးနောက်. . . ခွေးရူးပြန်သကဲ့သို့ ဖြစ်နေသော လူနာနှစ်ဦး ရှိရာသို့ လာခဲ့လိုက်သည်။

'တံခါးဖွင့်လိုက်ပါ. . . ကိုမင်းရွှေအုံ'

'သတိထားနော်. . . ဆရာ'

'ဘာဖြစ်လို့လဲ'

'ကိုက်တယ်. . . ကုတ်တယ် ဆရာရဲ့'

'ဪ. . . အေး. . . အေး'

မင်းရွှေအုံက တံခါးသော့ကို ဖွင့်လိုက်၏။ သူ ရေစင်ရေမန်းခွက် ကိုင်၍ ဦးတသန်လျင်းကျိုတ် အခန်းသို့ ဝင်လိုက်၏။

'ဝုန်း'

'ဟာ. . . ဆရာ'

ဆံပင်ဖားလျားနှင့် ဦးတသန်လျင်းကျိုတ်က သူ့ကို ခွေးဆိုးတစ် ကောင်လို လျှပ်တစ်ပြက် ခုန်အုပ်လိုက်၍ မိုးကြိုး အလျှင်အမြန် ရှောင်လိုက် ပြီး ဒီမှာ သူက အတင်းလိုက်ဆွဲ ကိုက်လေရကား မိုးကြိုးက ရေမန်းနှင့် ပက်ချလိုက်သောအခါ. . .

'အား. . . ဂိန်. . . အိန်. . . အိန်. . . အား. . . အ. . . ငူး. . . ငူး'

'အား. . . အား. . . အ'

ဦးတသန်လျင်းကျိုတ်သည် ရေစင်ရေမန်း ထိလိုက်သည်နှင့် တွန့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် နှာခေါင်းကို ဖြတ်အရိုက်ခံလိုက်သည့် ခွေးပမာ အော်ဟစ်ပြီး သမံတလင်းပေါ်မှာ လူးလွန့်နေသည်။ မကြာခင်. . . တဆတ်ဆတ်တုန်ပြီး ငြိမ်ကျသွား၏။

မိုးကြိုး ဖားလျားပြန့်ကျဲနေသည့် ဆံပင်များကို လက်နှင့်ဖယ်ပြီး ပါးစပ်ကို ဖြဲကာ ရေစင်ရေမန်းကို ဝင်အောင် တိုက်လိုက်သည်။ ၎င်းနောက် တစ်ကိုယ်လုံး ရေစင်ရေမန်းနှင့် သပ်ချပေးပြီး နောက်တစ်ခန်းသို့ ကူးလိုက်သည်။

သို့ကလိုပင်. . . ကြမ်းတမ်းစွာ ဝင်ရောက်တိုက်ခိုက်ခံရပြန်၏။ များ လုံးနှစ်လုံးသည် ခွေးရူးကဲ့သို့ ရဲနီပြီး ပါးစပ်မှ အမြှုပ်များထွက်၊ သွားများ များကျရင်း တန်းလန်းနှင့် တရကြမ်း ဝင်ကိုက်ကုတ်ဖွဲ့၏။

သူလည်း ရေမန်းဒဏ်ကြောင့် လူးလွန့်ငြိမ်ကျသွား၏။

နှစ်ဦးစလုံး သမံတလင်းပေါ်မှာ အိပ်ပျော်နေကြသည်။

လုပ်ငန်းပြီးတော့. . . အိမ်ရှေ့သို့ ထွက်လာကြ၏။

'အခြေအနေ ဘယ်လိုရှိပါသလဲ ဆရာ'

မိသားစုများက စိုးရိမ်ကြီးစွာ မေးကြ၏။

'ဟောဒီ ရေစင်ရေမန်းကို ရေစည်တစ်ခုမှာ ထည့်ပါ၊ အဲ သူတို့ နိုးလာရင် အဲဒီရေကို ချိုးပေးလိုက်ပါ. . . ဒီတိုင်းရင်းဆေးကို (၃) တိုက်ပါ. . . အဒေါ် ကျွန်တော့်ကို ကတိတစ်ခု ပေးပါ ခင်ဗျာ. . .'

'ဘာ. . . ဘာများပါလဲ ဆရာ. . . ပြောပါရှင်'

'သူတို့ ကျန်းမာလာတာနဲ့. . . သူတို့ ကျူးလွန်ခဲ့တဲ့ သချိုင်း သွားပြီး အသားဟင်းလျာများ ချက်ပြုတ်ယူဆောင်လို့. . . အဲဒီသချိုင်း အပိုင်အဆိုင်များကို တောင်းပန်လိုက်ပါ. . . အားလုံး ကောင်းသွားပါ မယ် အဒေါ်. . . ကိုင်း. . . ကျွန်တော် ပြန်မယ်'

'အို. . . ဆရာ. . . ဒီမှာတည်းပါ ဆရာ'

'မတည်းပါရစေနဲ့ ခင်ဗျာ'

'ဟာ. . . ဆရာ ဒီမှာ အိပ်ပါ. . . တည်းပါ၊ နားပါ. . .၊ လည်း စိစဉ်ပြီးပါပြီ၊ မနက်မိုးလင်းမှ ပြန်ပါ ဆရာ'

အဒေါ်ကြီး. . . ဒေါ်မင်းယာနှင့် ကိုမင်းရွှေအံ့တို့ ကိုအံ့ကြီးတို့ မက ဆွေမျိုးသားချင်းများကပါ ဝိုင်း၍ မေတ္တာရပ်ခံတောင်းပန်ကြ၏





'မအိပ်ပါရစေနဲ့ ခင်ဗျား'

'ဒါ. . . ဒါဆို ဆရာ ဘယ်မှာသွားအိပ်မှာလဲဟင်'

'ဘုန်းကြီးကျောင်းမှာ အိပ်မှာပါ'

'အို. . . မဟုတ်တာ ဆရာရယ်. . . ပြီး. . . ဒီ. . . ဒီ. . . လူနာကိုင်'

'စိတ်ချပါ အဒေါ်. . . မိုးလင်းရင် ရောဂါပျောက်ပါပြီ၊ မပူပါနဲ့'

'ခက်ပါလား ဆရာရယ်၊ ပြောလို့တားလို့ မရရင်လည်း ဆရာ့ကို ငွေနဲ့ကန်တော့'

ဒေါ်မင်းယာအိမ်က ငွေစက္ကူရာတန် အထပ်ကြီးကို ပန်းကန်ပြား ထဲမှာထည့်၍ ကန်တော့ရန်လုပ်ရာ မနည်းကို တားရ၏။

'မလုပ်ပါနဲ့ ဒေါ်ဒေါ်. . . ကျွန်တော် အသပြာဆရာလည်း မဟုတ် ဘူး၊ ဒုက္ခရောက်သူကို ကူညီတဲ့သူပါ၊ ဒီငွေများကို နည်းနည်းများများ ဘုံးဝ လက်မခံပါရစေနှင့်။ သူတို့ နိုးလာ သတိရလာရင် အရက်ကိုရှောင် ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ပါ. . . သရဏဂုံကို ဆောက်တည် လို့ ပြောပေးပါ အဒေါ်ရယ်'

သူတို့ မိုးကြိုးကို အံ့ဩကာ မျက်လုံးအစုံနှင့် ဝိုင်းစိုက်ကြည့်နေ ကြ၏။ မိုးကြိုး အားလုံးကို နှုတ်ဆက်၍ အိမ်ကြီးထဲမှ ထွက်လာသည်။ သူ နောက်မှ လိုက်၍ ခြံဝအထိ ပို့ကြသည်။ ကားနှင့်သွားလိုရာ လိုက်ပို့ပါရ စေဟု ဆို၏။ သူ အားလုံးကို ငြင်းပယ်ပြီး တိုက်ခြံအိမ်ကြီးထဲမှ ထွက်လာ ခဲ့လိုက်သည်။

မျက်စေ့ထဲမှာ မခင်မြနှစ်ရဲ့ မျက်နှာကို မြင်ယောင်နေမိသည်။

သမုဒယရန့်လည်း သူ့ကျောနောက်မှ ကပ်ပါ၍ လိုက်လာခဲ့၏။

သူ ဆုတောင်းလိုက်သည်။

'မုန်းငြိုးများ ပြေကြပါစေ'

သူ့ရင်ထဲက အမုန်းရန်ငြိုးများကိုတော့ သူ ဒီနေ့ပဲ အပြီးတိုင် ခေါ်ချခဲ့လိုက်ပြီ။

ဒါကို ခင်မြနှစ် နားလည်ခံစား သဘောပေါက်ပါစေ။ ပြီး. . . သမုဒယ သိုင်းတံပိုးများ လှုပ်ခတ်နိုးထ ပါစေတော့. . . နိုးထ, ပါစေတော့. . .။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## မာရဏကာယ်ကိုက်နှင့်လူမိုက်ရဲ့နောက်ဆုံးလားရာအရပ်

'ဟိတ်'

'ဟေ့ကောင်. . . ရပ်လိုက်'

နောက်ဘက်ဆီမှ မာကြောပြင်းထန်သည့် အမိန့်ပေးသံကြောင့် မိမိကို ပြောနေမှန်းသိပြီး မိုးကြိုး ခြေအစုံကို ရပ်လိုက်သည်။

နေရာက. . . တောတန်းလေး တစ်နေရာ။

'မိုးကြိုး'

အလို. . . မိမိနာမည်ကို ခေါ်သူက သိနေပါကလား. . . ခေါ်လိုက်သည့်အသံက ကြင်နာသံမဟုတ်။ ဒေါသနှင့် အာဃာတ ပေါင်းစပ်ပြီး ရင့်မာနေသည့်အသံ။ မိုးကြိုး အသာလှည့်ကြည့်လိုက်. . .

'ဟင်. . . ဘ. . . သိန်း. . . ဆောင်'

'ဟား. . . ဟား. . . ဟား. . . ဟား. . . ငါ့လူက မှတ်မိနေသားပဲ ဘယ်နှ့်. . . ယောဂီအကျီနဲ့. . . ဘာနဲ့၊ ပုံစံပြောင်းပြီး ဟန်ဆောင်ကောင်း နေတာပေါ့ ဟုတ်လား. . . အဟက်'





ကြည့်စမ်း. . . ဘသိန်းဆောင်ပါလား. . . သူ ထောင်က လွတ်လာ ...နဲ့ဘူရဲ့။

'ဘသိန်းဆောင်. . . မင်း လွတ်လာပြီလား'

'ဟား. . . ဟား. . . ဟား. . . ရှာလိုက်ရတာ မိုးကြိုးရာ၊ ခုမှပဲ ...ရတယ်ကွာ၊ တောက်. . . သူ့မိုးလက်က သူ့ဝှက်လှုပြီး မင်းက အချစ်တွေ ... စိမ်းစိုနေပျော်နေတာပေါ့. . . ဟုတ်လား'

'ဘသိန်းဆောင်. . . မင်း. . . မင်း. . . ဘာတွေပြောနေတာလဲ ...င်'

ဘသိန်းဆောင်ရဲ့ အသားအရည်သည် နေလောင်ဒဏ်နှင့် မည်း ...၊ နဖူးလည်း ပြောင်နေ၏။ သူက ရှေ့သို့ တိုးလာပြီး. . .

'ခုမှ. . . မသိချင်ယောင်ဆောင်ပြီး ဟန်ဆောင်ကောင်း မနေပါနဲ့ ...ကြိုးရာ. . . မင်းက ငါ့လက်ထဲကနေ လှအုံးမယ်ကို လုပြေးပြီး အဆိုးစား ...ားမျို. . . ကုပ်တိုနေတော့. . . ငါ့မှာ အသည်းလည်းကွဲ၊ ထောင်လည်း ... . . အဲဒါ. . . မင်းကြောင့်. . . မင်းကြောင့်. . . မင်းကို ငါ သတ်ဖို့ လိုက် ...နေတာ. . . ဒီတော့. . .

ဒီမှာပဲ ဘသိန်းဆောင်က လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကို ဆွဲ ...လိုက်သည်။

ပြောင်းတို ခြောက်လုံးပြူး သေနတ်တစ်လက်။

ပြောင်းဝသည် မိုးကြိုးရဲ့ ရင်ဝကို ချိန်ထား၏။ ချိန်ထားပြီး သူ ...့ တိုးလာလိုက်၏။ ဘသိန်းဆောင်ရဲ့မျက်လုံး အစုံမှာ ဒေါသနှင့် အငြိုး ...ာ အုံကျင်းဖွဲ့၍ ရီလေးခိုနေသည်။

'ဘ. . . သိန်း. . . ဆောင်. . . မင်း. . . မှားမယ်. . . မှားမယ်၊ ...သယ်ချင်း'

'ဟေ့ကောင် မိုးကြိုး. . . သေကာနီးမှ ကြောက်မနေနဲ့၊ ငါ မမှား ... . . မင်းမှားတာ၊ မင်းက ကတုံးပေါ်ထိပ်ကွက်လိုက်တာ၊ ဒီနေ့ မင်းကို ...မယ်၊ ပြီးရင် လှအုံးမယ်ကို. . . အဟင်း ဟင်း ဟင်း. . . ဟဲ ဟဲ ဟဲ ...စ်တွေ အားရပါးရ ပုံအပ်ပြီး လှအုံးမယ်ရဲ့ ရင်ညွန့်ထဲကို ကျည်တစ် ...ငုံ မင်္ဂလာလက်စွပ်သဘော ပစ်ထည့်၊ စွပ်ပေးခဲ့မယ်. . . ကိုင်း'

သူက မောင်းကလစ်ကို ဖိတင်လိုက်ပြီး မိုးကြိုးရဲ့ ရင်ဝရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဖြောင့်တန်းလိုက်သည်။

'ဘ. . . သိန်း. . . ဆောင်. . . နေ. . . ဦး. . . နေဦး. . . ငါ ရှင်း ပါရစေကွာ. . . ငါ. . . ရှင်းပြပြီးမှ. . . မင်း. . . မင်း. . . ကြိုက်သလို လုပ် ပါ. . . လုပ်. . . ပါ'

'လူဟာ သေကာနီး နောက်ဆုံးစက္ကန့်ကျရင် အခုလိုပဲ ကယောင် ချောက်ချား စကားတွေ ပြောတတ်ကြတာပဲ. . . ကဲ'

ပြောလို့မရတော့မှန်း သိလိုက်ပြီမို့ မိုးကြိုး လက်အုပ်ကိုချီ၍ နဖူး မှာ ကပ်လိုက်ပြီး ဘုရားကို တ,လိုက်သည်။ အဘဆံရှည်ကို တ,လိုက်သည်။ သူ့ မျက်စေ့ကိုမှိတ်ထားလိုက်ပြီး သရဏဂုံကို စ၍ ရွတ်လိုက်စဉ်. . .

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'

'ဒိုင်း'

'ရှီ'

ကျည်ဆန်တစ်တောင့်သည် မိုးကြိုးရဲ့ ဆံပင်ကြားမှ ဖြတ်သွား ကား ဆံပင်အချို့ ပြတ်သွားပြီး ဆံပင် မီးလောင်နံ့ပါ ရလိုက်သည်။

'ဓမ္မံ သရဏံ ဂစ္ဆာမိ'

'ဒိုင်း'

'ရှီ'

ဒုတိယမြောက်ကျည်ဆန်က နားရွက်အောက်မှ ကပ်၍ ပါးကိုပွတ် နီးပါး ဖြတ်သွားပြန်၏။

'သံဃံသရဏံ ဂစ္ဆာမိပါ ဘုရား'

သုံးတောင်ကွာမှ ကပ်၍ ပစ်လိုက်သည့် ကျည်နှစ်တောင့်သည် ကပ်၍ လွဲသွားသည့်အတွက် ဘသိန်းဆောင် အံ့ဩသွား၏။ သူ့လက် လောက် မည့်။ ပစ်မှတ်က လှုပ်ရှား ပစ်မှတ် မဟုတ်။ ရုပ်ငြိမ်ပစ်မှတ်။ ပေါ် လက်အုပ်ချီပြီး ရပ်နေသည့် ပစ်မှတ်။

သူ တတိယမြောက် ကျည်ဆံကို လွှတ်ရန် ခလုတ်ကို ညှစ်လိုက် သည်။

မိုးကြိုး ဓာရဏ ပရိတ်ကို စ၍ ရွတ်လိုက်သည်။

'ဗုဒ္ဓါနံ ဇိဝိတသ နသက္ကာ ကေနစိ၊ အန္တရာယော၊ ကာ တထာမေ. . . ဟောတု'





'ဒိုင်း'

'မြတ်စွာဘုရားရှင်၏ အသက်ဝိညာဉ်တော်ကို မည်သူတစ်စုံတစ်ဦး တစ်ယောက်မျှ အန္တရာယ် မပြုနိုင်။ ထို့အတူ. . . ကျွန်ုပ်အားလည်း ဤသို့ ဖြစ်ပါစေသော်. . . သင့်အားလည်း. . . ဖြစ်ပါစေသော်. . .

တတိယမြောက် ကျည်ဆန်သည် လည်တိုင်နှင့်ဘေးမှ ပိတုံးတစ် ကောင် အရှိန်နှင့် ပြေးထွက်သွားသလို ဖြတ်သွားသည်ကို ဘသိန်းဆောင် ကြည့်လိုက် ရသည်။

အလို. . . ဘယ်လိုဖြစ်နေပါလိမ့်. . .

သည့်နောက် နှစ်ချက်ဆင့်၍ ရင်ဝကို ပစ်လိုက်သည်။

'ချောက်. . . ချောက်'

'ဟာ. . . ကျည် အ,သွားပြီနဲ့တူရဲ့'

နှစ်တောင့်ပဲ ကျန်တော့သည်။ သူ အနီးသို့ တစ်ဟုန်ထိုး ပြေးကပ် လိုက်ပြီး မိုးကြိုးရဲ့ ရင်ဝကို တေ့၍ နှစ်ချက်ဆင့် ခလုတ်ကို ညှစ်ချလိုက် သည်။

'သွားပေရော့. . . လူထူးဆန်းကြီးရေ'

'ဒိုင်း'

'ဒိုင်း'

'အား. . . အ. . . အ. . . အ. . . အစ်'

ကျည်နှစ်တောင့်သည် တောတန်းကြားမှာ ဝဲ၍ ပြင်းထန်စွာ ပေါက် ကွဲသွားသည်။ ကိုးကန်းများ၊ ဖျိုင်းများ လန့်၍ ပျံကုန်ကြသည်။

မိုးကြိုး. . . ဓာရဏ ပရိတ်ကို မျက်စေ့မှိတ်၍ ရွတ်နေဆဲ. . .။ သေနတ်သံကို ကြားနေရသည်။ လူတစ်ယောက် အားခနဲ အော်သံကို ကြားရသည်။ လူအချို့ ပြေးဝင် အော်ဟစ်လာသံကိုလည်းကြားနေသည်. . . . . .

'မိုးကြိုး. . . မိုးကြိုး'

'သူ. . . ငယ်. . . ချင်း. . . မိုးကြိုး'

မိုးကြိုး မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ဦးစွာ သူ ကျွန်တော့် မျက်နှာကို မြင်သွားပြီး အံ့ဩနေသည်။

ကျွန်တော်နှင့် သူ့ကြားမှာ လူတစ်ယောက် လူးလွန့်အော်ဟစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကား ဘသိန်းဆောင်. . .။

ဒီမှာ ရဲတပ်ဖွဲ့ဝင်များ သေနတ်များ ချိန်၍ ပြေးဝင်လာပြီး လျှ ကျနေသည့် ဘသိန်းဆောင်ရဲ့ သေနတ်ကို ကောက်သိမ်းလိုက်သည်။

'မိုးကြိုး. . . မင်း. . . မင်း. . . ဘာ. . . ဘာမှ မဖြစ်ဘူး. . . နော်

'မဖြစ်ပါဘူး သူငယ်ချင်းရာ. . . သူ. . . သူရော ဘယ်လိုဖြစ်သွား တာလဲ'

ဒီအချိန်မှာပဲ ဒုရဲအုပ်တစ်ဦးနှင့် အရပ်လူကြီးများ အနီးသို့ ရောက် ရှိလာ၏။

'ဒီကောင့်နောက်ကို ကျွန်တော်တို့ လိုက်နေတာဗျ'

ဒုရဲအုပ်က အသက်ပျောက်နေသည့် ဘသိန်းဆောင်ကို လက်ညှိုး ထိုးပြပြီး ပြောလိုက်၍ ကျွန်တော်တို့ အံ့သြရပြန်၏။

'ဘာ. . . ဘာဖြစ်လို့လဲ. . . ရဲအုပ်မင်း ခင်ဗျား'

'ဒီကောင် ရဲဘက်စခန်းကနေ ထွက်ပြေးသွားတာ၊ အရာရှိတစ်ဦး ရဲ့ ခြောက်လုံးပြူးသေနတ်ပါ ခိုးပြေးတာ၊ အဲဒါ. . . မြောင်းမြမှာ အနုကြမ်း ဝင်စီးပြီး ဒီဘက်ကို ပြေးလို့ လိုက်လာတုန်း. . . ဒီက နောင်ကြီးက ဘယ်ရ

'မိုးကြိုးပါ ခင်ဗျာ'

'အဲ. . . ဒီနောင်ကြီး မိုးကြိုးကို အနုကြမ်းစီး ပစ်သတ်ဖို့လုပ်နေတဲ့ အချိန်မှီ ပစ်ချလိုက်ရတာပဲ'

ဩော်. . . ဖြစ်ရလေ ဘသိန်းဆောင်ရယ်. . .။

ရဲအရာရှိက ကျွန်တော်တို့ အမည်နာမနှင့် လက်ရှိ နေရပ်လိပ်စာ ကို မှတ်ထားပြီးနောက် ဘသိန်းဆောင်ရဲ့ အလောင်းကို အရပ်လူကြီး လူကြီးများနှင့် သယ်ယူသွားကြသည်။

'မိုးကြိုး'

'ဘာလဲ မောင်ဆိုင်း'

'မင်း. . . မင်း. . . ကို. . . ငါ. . . တစ်ခု မေးမယ်နော် သူငယ်ချင်း'

'မေးလေ. . . ဘာလဲ'

'မင်း. . . သေနတ်ပီးသလား'

'မသိဘူး'

'ဒါဆို. . . မင်းကျည်လွဲသလား'

---

စိတ်ကူးသစ်စာပေ



'မသိဘူး'

'မင်းကို သူ သေနတ်နဲ့ အနီးကပ် ပစ်သတ်နေလျှက်သားနဲ့ ဘာလို့ မင်း. . . မသေရတာလဲ'

'ငါထင်တယ်. . . သူငယ်ချင်း'

'ဘယ်လို မင်းက ထင်လို့လဲ. . . မိုးကြိုးရယ် ဟင်း'

'ဒါ. . . ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး၊ ဆရာအရှင်တို့ရဲ့ ဂုဏ်ကျေးဇူး နဲ့. . . ဗုဒ္ဓါနံ့ ဇိဝိတာယ နသက္ကာ ကေနစိ အန္တရာယော. . . ကာတုံ၊ တထာ ဂတာ. . . ဟောတုံ. . . ဒါကြောင့်ပဲ ထင်ပါရဲ့ သူငယ်ချင်းရယ်'

♛ ♛ ♛

www.burmeseclassic.com

## စက်လှေကိုခြေနဲ့မောင်းပြမယ်ဟေ့

တပေါင်းလပြည့်နေ့ ရောက်သောအခါ မိုးကြိုးက ဦးဆောင်ပြီး ယင်းတော်ချောင်းနံဘေးရှိ သဲပြင်ကြီးမှာ သဲပုံစေတီပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ သဲပန်းပုဆရာကြီး ဖိုးအောင်ချိန်နှင့်အဖွဲ့က သဲပုံစေတီများကို နေ့ချင်းပြီး တည်ကြ၏။

ပြန့်ပြူးလှသည့် သဲပြင်ပေါ်မှာ စက္ကူအလံတလူလူနှင့် သဲပုံစေတီ ပုံထောင့်အမျိုးမျိုးတို့ ဖြစ်ပေါ်လာခဲ့၏။

ညဦးသို့ရောက်သောအခါ သဲပုံစေတီ နေရာဝန်းကျင်မှာ ရွာထဲမှ အိုးစည်ဗိုင်း၊ ဒိုးပတ်ဝိုင်းများ ရောက်ရှိလာကြပြီး အကအခုန်များဖြင့် ဖျော်ကြရကား ရွာလုံးကျွတ်နီးပါး ကလေးလူကြီးအကုန် ရောက်ရှိလာသဖြင့် စည်ကားလှ၏။

ဒီမှာ ဦးကုလားတို့မိသားစုက ဆန်ပြုတ်နှင့် ညော့ခံကျွေးမွေး၏။

ဒေါ်ဒေါင်းစိန်တို့ တစ်မိသားစုက မုန့်ကျွဲသဲ၊ ရွာဖျားက ဆန်စားကြီး ဦးလှိုင်ဘွားတို့က မုန့်ဆီကြော်. . . စသည်ဖြင့် အကျွေးအမွေးများ စုံလင်နေသည်။

သဲပုံစေတီများမှာလည်း ဆီမီးများ၊ ပန်းများကလည်း ထိန်ထိန်ညီး ပြီး မွှေးကြိုင်နေသည်။

အလျှင်က ဒီဝန်းကျင်မှာ တပေါင်းလ သဲပုံစေတီပွဲ တစ်ခါမှ





မကျင်းပဖူးသေး။ မိုးကြိုး ရောက်လာမှ သဲပုံစေတီပွဲကို ကျင်းပခြင်း ဖြစ်ရကား ပေါက်ချွန်းတို့မိသားစုများပါ မြင်ဖူးချင်၍ ရောက်လာခဲ့ကြသည်။

ရွာဦးကျောင်းဆရာတော် ဦးဝိမလက ညဥ့်လယ်ရောက်တော့ သဲပုံစေတီဘုရားပွဲတော်အကြောင်း ရှင်းလင်းဟောကြားပြီး တရားဓမ္မများ ဟောကြားခဲ့၏။

သန်းခေါင်ကျော်သို့ရောက်သောအခါ အလှူအတန်းအကျွေးအမွေး များလည်း ရှင်းသွားသကဲ့သို့ ဘုရားဖူးလာသူများလည်း ရွာထဲသို့ ပြန်သွား ကြသဖြင့် သောင်ပြင်သည် တိတ်ဆိတ်၍ ကျန်ရစ်ခဲ့၏။

သဲပုံစေတီဝန်းကျင်မှာ ကျွန်တော်နှင့် မိုးကြိုးတို့ နှစ်ယောက်ပဲ ကျန်ရစ်ခဲ့ကြ၏။ သဲပန်းပုဆရာကြီးနှင့်အဖွဲ့လည်း ပြန်သွားကြပြီ။

ဝန်းကျင်သည် ရေလှိုင်းပုတ်သံ၊ ချောင်းလေတိုက်သံများသာ ကြား ရ၏။

မိုးကြိုးနှင့် ကျွန်တော် သဲပုံစေတီတစ်ဆူရှေ့မှာ တရားမှတ်၍ နေကြ သည်။

အချိန်မည်မျှ ကြာသွားသည်မသိ။

'ရပ်ကြတော့'

နောက်ဘက်ဆီမှ ရပ်ကြတော့ဟု ပြောလိုက်သံကြောင့် တရားမှတ် ယူခြင်းကို ရပ်နားလိုက်ပြီး လှည့်ကြည့်လိုက်သောအခါ အသက်(၆၀)ကျော် ခန့်ရှိသော အဘိုးအိုတစ်ဦး ဆံပင်ရှည်ဖားလျားကြီးနှင့် အင်္ကျီတိုက်ပုံရင်ကွဲ ပုဆိုးအကွက်ကြီးဝတ်လို့။ ရင်ဘတ်ပေါ်မှာ အင်းစမကွက်များနှင့်။

ဘယ်သူမှန်းမသိ၍ ကြောင်ကြည့်နေစဉ်. . .

'အ. . . ဘ. . . အ. . . ဘ'

'လူကလေး'

'အဘ'

မိုးကြိုးသည် ဝမ်းသာအားရ ပြေးထပြီး ဆံရှည်အဘိုးကြီးကို ပြေး ဖက်ထားလိုက်၏။ အဘိုးကြီးကလည်း သူ့ကို မလွှတ်စတမ်း ဖက်၍ထား၏။

'အဘ'

'လူလေး'

'အဘ. . . ပြန်ရောက်လာပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်း. . . ရောက်လာပြီ'

'မောင်ဆိုင်း. . . မောင်ဆိုင်းရော'

မိုးကြိုးက ကျွန်တော့်အမည်ကို ခေါ်ရင်း အနီးသို့ လာရန် လက်ယပ်ခေါ်လိုက်၏။

'ဘာလဲ မိုးကြိုး. . . ဘာလဲ'

'ဒါ. . . ဒါ. . . ငါ့ရဲ့ ကျေးဇူးရှင်. . . ဆရာသခင်အဘ. . . နာမည်က ဘိုးဆံရှည်တဲ့'

'ဩော်. . . မိုးကြိုး မကြာခဏ ပြောနေတဲ့ အဘဆံရှည်ဆိုတာလား. . . အဘ. . . ကျွန်တော်လည်း အဘကို ဦးခိုက်ဂါရဝပြုပါတယ် အဘခင်ဗျား'

'သာဓုဗျာ. . . သာဓု. . . သာဓု. . . မိုးကြိုး ပြောတိုင်းလည်း သိပ်အထင်မကြီးပါနဲ့ကွ၊ အဘက ဖွတ်ကျားပါ၊ ဒါနဲ့ မောင့်နာမည်က. . .'

'မောင်ဆိုင်းလို့ ခေါ်ပါတယ် အဘ'

'ဩော်. . . မိုးကြိုးရဲ့ ဘဝရာဇဝင်ထဲက မောင်ဆိုင်းလားကွဲ့'

'သိပ်ဟုတ်တာပေါ့ အဘရာ. . . သူပေါ့'

မိုးကြိုးက ဝမ်းသာအားရ ဝင်၍ ပြောလိုက်သဖြင့် ကျွန်တော် တုန်သွား၏။

'အဘ'

'ဝေ'

'ဒီကောင် မိုးကြိုး ပြောတိုင်း သိပ်အထင်မကြီးနဲ့ အဘရဲ့. . . ကျွန်တော်ကမှ ဖွတ်ကျားအစစ်ပါ ခင်ဗျာ'

'ဟား. . . ဟား. . . ဟား. . . ဟား. . . ငါ့စကားနဲ့ ငါ့ကို လုပ်ချလိုက်တာပေါ့ကွာ၊ ဒါဆို ငါတို့သုံးယောက်ပေါင်းပြီး ဖွတ်ကျားအော်ဂနိုက်ဇေးရှင်းဖွဲ့ကြတာပေါ့ကွာ'

'ဟား ဟား ဟား ဟား၊ ကောင်းတာပေါ့ အဘရာ'

ကျွန်တော်တို့ သုံးယောက်ရဲ့ ဝမ်းသာအားရ ပျော်ရွှင်မြူးတူးစွာ ရယ်လိုက်သည့် အသံများသည် သဲပုံစေတီဝန်းကျင်မှာ လှိုင်သွားခဲ့၏။

'လူကလေး မိုးကြိုး'

'ခင်ဗျာ အဘ'





'အဘ မင်းကို လာခေါ်တာ'

'ခင်ဗျာ. . . ကျွန်တော့်ကို လာခေါ်တာ၊ ဘယ်လိုအကြောင်းထူးနဲ့လို့လဲဟင် အဘ'

'အကြောင်းက ငါ့ဆရာရဲ့ အမိန့်ကြောင့်ကွ'

'ဗျာ. . . အဘဆရာရဲ့ အမိန့်ကြောင့်၊ ဘယ်သူလဲဟင်'

'ဟိုရောက်ရင် သိရမှာပေါ့ကွာ၊ သွားကြစို့ကွဲ့'

'ဟာ. . . အဘ ချက်ချင်းကြီးပဲလား အဘရာ'

'အချိန်ဟာ အလကား မဖြုန်းတီးတာ အကောင်းဆုံးပါပဲကွာ'

သူတို့ သွားကြတော့မည်ဆို၍ ကျွန်တော် လွန်စွာ အားငယ်သွားခဲ့သည်။

'မိုးကြိုး'

'ဘာလဲ သူငယ်ချင်း'

'မင်း. . . မင်း. . . အဘနဲ့ လိုက်သွားရင် ငါ့ကို ထားခဲ့မှာလားဟင်'

ကျွန်တော့်ရဲ့ ဝမ်းနည်းလှိုက်မောသံကြောင့် မိုးကြိုးက ကျွန်တော့်ကို ကြင်နာစွာ ကြည့်နေရာမှ အဘဆံရှည်ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။ ဒါကို အဘဆံရှည်က သဘောပေါက်သွား၏။

'ဒီလူကလေး မောင်ဆိုင်းရော လိုက်ချင်လို့လား'

'ဟုတ်. . . ဟုတ်ကဲ့ ခင်ဗျာ'

'ဒါဆိုလည်း လိုက်ခဲ့ကွာ'

'ဝေး. . . ဒါမှ အဘကွ'

ကျွန်တော် ဝမ်းသာလွန်း၍ ထခုန်လိုက်၏။ ကျွန်တော့်ရဲ့ ဝမ်းသာအားရ အဖြစ်ကို ကြည့်ပြီး သူတို့နှစ်ဦးက အဓိပ္ပါယ်ပါပါ ပြုံးလိုက်ကြသည်။

ကျွန်တော် မိုးကြိုးကို ညီအစ်ကိုအရင်းလို ချစ်သည်။ ထိုချစ်ခင်သံယောဇဉ်ကြီးသည့် စိတ်ကြောင့်လည်း ကျွန်တော် ထောင်ထဲကို သူနှင့်အတူ ရောက်ခဲ့ရသည်။

အခု. . . သူ့ကို ကျွန်တော် လေးစားသည်။ ယုံကြည်သည်၊ သူ အဓမ္မသမား မိုးကြိုး မဟုတ်တော့။ ဓမ္မသမား မိုးကြိုး။ တစ်နည်း. . . ဂမ္ဘီရ မိုးကြိုး။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော သိဒ္ဓိရှင် မိုးကြိုး ဖြစ်နေပြီ။

'ကိုင်း. . . သွားစို့'

သည့်နောက် ကျွန်တော်တို့သုံးယောက် ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ လရောင်အောက်မှာ လမ်းလျှောက်ခဲ့ကြသည်။ မကြာမီ ရေဆိပ်သို့ ရောက်ခဲ့၏။ ရေဆိပ်မှာ စက်တပ်လှေကြီးတစ်စင်း ဆိုက်ထား၏။

ဒီမှာ အဘက စက်လှေထဲ အိပ်ငိုက်နေသည့် သမ္ဗာန်သမားကို နိုးလိုက်၏။

'ဘာလဲဗျ. . . အချိန်မတော်ကြီး၊ ခင်ဗျားတို့ ဘယ်ကလဲ'

စက်လှေသမားက ဓားပြများမှတ်၍ ကြောက်လန့်ကြီးစွာ အော်ဟစ်ရင်း ဓားရှည်ကို လှမ်းကိုင်လိုက်၏။

'ဘတို့ လူကောင်းတွေပါကွယ်. . . အရေးတကြီးကိစ္စနဲ့ ခရီးသွားချင်လို့ ဟိုဘက်ကမ်းကို လိုက်ပို့ပေးပါကွာ'

စက်လှေသမားသည် ဓားရှည်ကို လက်ကမချဘဲ စိုက်ကြည့်နေရာမှ. . .။

'လုံးဝ မဖြစ်နိုင်ဘူးဗျာ'

'ဈေးကောင်းကောင်း ပေးပါ့မယ် မောင်ရင်ရယ်၊ ကူညီပါကွယ်'

'ခင်ဗျားတို့ ကြိုက်ဈေးပေးလို့လည်း ကျုပ် လိုက်ပို့လို့ မရဘူး'

'ဘာဖြစ်လို့လဲ မောင်ရင်ရဲ့'

'စက်လှေက စက်နိုးလို့မရတာ ဒီနေ့တစ်နေ့ကုန်ပဲ'

'ဟုတ်ရဲ့လား ဆရာလေးရယ်၊ ပြန်စမ်းကြည့်ပါအုံးကွယ်. . . အရေးကြီးလို့ပါ'

'ဒီမှာ ဘကြီး. . . ကျုပ် ဒီသမ္ဗာန် ဒီစက်နဲ့ လုပ်စားလာတာ နှစ်မနည်းဘူး၊ စက်မှန်ရင် ရေစုပ်စက်၊ ရေပန့်၊ မော်တာ၊ ဆန်စက် အကုန်နားလည်ပါတယ်ဗျ။ အခု ဒီစက်မော်တာက ကွိုင်လောင်ပြီးသွားပုံရတယ်၊ မိုးလင်းရင် ဖြုတ်ပြီး မြို့ပေါ်သွားပြင်ရမှာ၊ မယုံရင် ခင်ဗျားတို့ နားလည်ရင် စမ်းကြည့်'

ဒီမှာ ကျွန်တော်က ဝင်ပြောလိုက်သည်။

'ဒါဆို. . . ကျွန်တော် စမ်းကြည့်ရမလား ခင်ဗျာ'

'စက်အကြောင်း နားလည်ရင် လုပ်ကြည့်လေ၊ ရရင်လိုက်ပို့မယ်၊





ခကြေးငွေ လုံးဝ မယူဘူး. . . လုပ်ပါ'

စက်သမ္ဗာန်ဆရာကလည်း သူ့စက်အကြောင်း သူသိ၍ ရဲရဲကြီး မခံနေ၏။ ရလို့ပြောပြီး ကျွန်တော်က မော်တာစက်ခလုတ်ကို ဖွင့်ကြည့်ည်။ မရ၊ ကြိုးနှင့် ဆွဲပတ်၍ နှိုးကြည့်သည်။ လုံးဝ၊ ဆီရှိမရှိ ရေရှိမရှိ ည့်သည်။ ဒ. .သုံးရှိသည်။

လူသာချွေးပြန်ပြီး ညစ်ပေသွားသည်။ စက်ကား လုံးဝ လှုပ်တော် ။

'တွေ့ပြီလားဗျ'

စက်သမား သမ္ဗာန်ဆရာက ဓားကြီးချ၍ ရီပြောလိုက်သည်။

'ဖယ်ကွာ. . . ငါလုပ်ကြည့်မယ်'

ဒီမှာ ဘဆံရှည်က လှမ်းပြောလိုက်ပြီး စက်ရှေ့သို့ တိုးလိုက်သည်.

'ဘကြီး. . . စက်အကြောင်းနားလည်မှ လုပ်ပါဗျာ၊ ခင်ဗျားတို့ ာင်ကလိ၊ မြောက်ကလိ တတ်ယောင်ကား လျှောက်လုပ်တာနဲ့ စက်က ်းသွားလိမ့်မယ်. . . တန်ဖိုးက မနည်းဘူး၊ မလုပ်ပါနဲ့လားဗျာ၊ အိပ်ရေး ည်း ပျက်လို့ပါ'

'နည်းနည်းပဲ စမ်းကြည့်ပါရစေ မောင်ရာ'

'ပြောရခက်ပါလားဗျာ'

'ကောင်းသွားရင် မင်း ဝမ်းမသာဘူးလား စက်ဆရာ'

'မရပါဘူးလို့ အတန်တန်ပြောနေတဲ့ကြားကများဗျာ၊ ကဲ လုပ်ချင် ်ဗျာ. . . ပြီးရင် မြန်မြန်ပြန်ကြ'

သမ္ဗာန်ဆရာက ဒေါပွသံနှင့် ညည်း၍ စကားကုန်ပြောလိုက်သည်။ ှာပဲ ဘဆံရှည်က ရေပြင်ကို တစ်ချက်စိုက်ကြည့်ပြီး စကားတစ်ခွန်း ြာလိုက်သည်။

'ကိုင်း. . . ရေစောင့် ဦးရှင်ကြီးနှင့် တပည့်နောက်ပါ အပေါင်းတို့ ်ဘူး၊ ကျွန်ုပ်တို့ အရေးပေါ်ကိစ္စနဲ့ ခရီးသွားစရာရှိနေပါတယ် ခင်ဗျား၊ ကြောင့် ဟောဒီ နိုးမရတဲ့စက်ကို နိုးလို့ရ၊ မောင်းလို့ရအောင် ကူညီကြပါ ာ. . . ကိုင်း'

သို့ကလို ပြောပြီးနောက် လက်ခုံပေါ်မှာ အင်းကွက်များ ရှိနေသည့် ာလက်ဝါးနှင့် စက်၏အပေါ်ကို အုပ်၍ ပါးစပ်မှ မန္တန်တစ်ပုဒ်ကို ရွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးနောက် လက်ဝါးနှင့် သုံးကြိမ်ရိုက်လိုက်သည်။

'ကိုင်း. . . ဆရာ နှိုးကြည့်စမ်း'

'ဟွန်း. . . ရမှာလားဗျ. . . ဘကြီးရ'

'နှိုးကြည့်ပါမောင်ရာ၊ နှိုးရင်သာ မင်းကတိမမေ့ပါနဲ့'

စက်လေ့ဆရာက မယုံသလိုဟန်နှင့် မဲ့ရွဲ့ပြီး မော်တာကို ကြိုး

၍ မဆွဲချင်ဆွဲချင် ဆောင့်၍ ဆွဲလိုက်သည်။

'ဂူး'

'ဟယ်'

'ဂူး. . . ဂျုတ်. . . ဂျုတ်. . . ဂျုတ်. . . ဂျုတ်'

'ဟာ'

'ရပြီကွ. . . နှိုးပြီဟေ့. . . ဒါမှ တို့အဘကွ'

'ဘယ်နှဲ့ စက်ဆံရာကြီး ယုံပြီလား'

စက်လေ့ဆရာ(ပဲ့ကိုင်)က အံ့သြလွန်း၍ မျက်လုံးကြီးပြူးပြီး

ကြည့်နေ၏။ စက်နိုးသွားပြီမို့ စက်လေ့သည် ချောင်ကမ်းစပ်မှာ ဘယ်

ယိမ်းထိုးနေ၏။ စက်ကိုင်နှင့် ပဲ့ကိုင်ဖြစ်ဟန်တူသူသည် ဝမ်းသာလွန်း၍

ပဲ့ကိုကိုင်ပြီး လှည့်လိုက်၏။

'ကျွန်တော် ကတိအတိုင်း လိုက်ပို့ပါမယ်ဗျာ. . . ပြော ဘယ်

ပို့ပေးရမှာလဲ'

'ဟိုဘက်ကမ်းတင်ပါကွ'

သူက ပဲ့ကို လှည့်လိုက်၏။ စက်လေ့သည် လှိုင်းများကြောင့် အ

ညာလှုး၍သွား၏။ အဘရော ကျွန်တော်တို့ပါ စက်လေ့ထဲမှာ ယိုင်သွား

၏။

'ဒီမှာကွဲ. . . မောင်ပဲ့ကိုင်ရဲ'

'ဘာလဲဗျာ ဘကြီးရ'

'မင်း ပဲ့ကိုင်တာ ကြမ်းလွန်းသကွာ၊ လူတွေကို လူးသွားတာ

ဖယ်ကွာ. . . ငါ မောင်းမယ်'

'ဘကြီးက ပဲ့ကိုင်တတ်လို့လားဗျ၊ စက်နိုးတာရချင်ရမယ်၊ ပဲ့မ

တတ်ရင် စက်လေ့မှောက်ပြီး အကုန်သေမှာ၊ သေမှာထက် ကျုပ်စက်

ရေအောက် ရောက်သွားမှာ'

စိတ်ကူးသစ်စာပေ



'ဟေ့ကောင်. . . လက်နဲ့ မမောင်းဘူး၊ ခြေထောက်နဲ့ မောင်းမယ်'

'တော်စမ်းပါဗျာ'

'ပေးစမ်း. . . ဖယ်စမ်းကွာ၊ ဒီမှာကြည့် ဟေ့ကောင်'

ဒီမှာ စိတ်မြန်လက်မြန် ဘဆံရှည်သည် ပဲ့ကိုင်ကို ဆွဲဖယ်လိုက်

ပြီး နောက်ခုံမှာ ကျောမှီတဲ့ ပဲ့(လက်ကိုင်ဘီး)ပေါ် ခြေနှစ်ချောင်း တင်ပြီး

ဘီးရိုးကို မြှင့်၍ မောင်းလိုက်ရာ စက်လေ့သည် လှိုင်းထန်သည့် ချောင်

ထဲမှာ ငြိမ်ပြီး ပြားပြေးသလို ဖြောင့်နေအောင် ပြေးနေသည်ကို. . .

ပဲ့ကိုင်ရော ကျွန်တော်တို့ပါ အံ့သြစွာ မြင်လိုက်ရသောအခါ ပဲ့ကိုင်

သည် အနီးမှ ငေး၍ကြည့်ပြီး အံ့သြနေ၏။

(၁၅)မိနစ်ခန့် အကြာမှာ တစ်ဖက်ကမ်းသို့ ရောက်၏။ အဘ ငွေ

ကျပ်အချို့ကို ထုတ်၍ ပဲ့ကိုင်(သမ္ဗာန်ပိုင်ရှင်နှင့် တူပါသည်)ကို ပေးလိုက်

သည်။

'အဘ. . . ကျွန်. . . တော်. . . မ. . . ယူ. . . ပါ. . . ရစေနဲ့ ခင်

ဗျာ'

'ယူပါကွာ. . . ညကြီးသန်းခေါင် လိုက်ပို့ရှာစွာ ရော့'

'မယူပါရစေနဲ့ အဘရယ်. . . ကျွန်တော် အဘကို အံ့သြလွန်း၊

လေးစားလွန်းလို့ပါ၊ အဘ. . . ဘယ်လို လူလဲဟင်'

'ခြေနှစ်ချောင်း လက်နှစ်ဖက်နဲ့လူ၊ ခေါင်းတစ်လုံးနဲ့ လူလေကွာ'

'မဟုတ်ဘူး ခင်ဗျ. . . အဘ ဘယ်လိုပညာရှင်လဲလို့ မေးတာပါ'

'ငါလား'

'ဟုတ်ကဲ့'

'အလကားကောင်ပါကွာ၊ ဖွတ်ကျားပါ၊ ကိုင်း. . . ရော့ သွားပြီဟေ့'

ကျွန်တော်တို့အားလုံး လရောင်ဖြာကျနေသည့် ကမ်းပေါ်သို့ ရောက်

သောအခါ နောက်ပြန်လှည့်ကြည့်လိုက်၏။

ဒီမှာ တစ်ချိန်လုံး အထင်သေးစွာ မထေမဲ့မြင် ဆက်ဆံခဲ့သော

စက်လေ့ပဲ့ကိုင်ဆရာသည် အဘကို လက်အုပ်ချီ၍ ကန်တော့နေ၏။

အဘက လက်ပြလိုက်ပြီး ကျောခိုင်းလိုက်သည်။ စက်လေ့ရဲ့ ထွက်

ခွာသံကို ကြားလိုက်ရသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# သေသောသူပြန်ရှင်၏

ပထမ. . . သုသာန်ဟောင်းတစ်ခုကို ဖြတ်ခဲ့ရ၏။ ၎င်းနောက် သချိုင်းကုန်းတစ်ခုကို ကျော်လာ၏။ သည့်နောက် တောင်စွယ်နှာမောင်းများကို တက်ခဲ့ပြီးနောက် မှိုင်းညို့နေသော တောအုပ်ထဲသို့ ရောက်လာခဲ့၏။

သစ်ကြီး ဝါးကြီး ချုံကြီးများ ကျေးငှက်အော်သံများနှင့် တောသည် သာယာလွန်းလှ၏။ အချို့သော သစ်ပင်ကြီးများပေါ်မှာ သစ်ခွများ ပွင့်နေသည်မှာ လှလိုက်တာ။ များမကြာမီ ဝါးပိုးတောသို့ ရောက်လာ၏။ များပြားလှသော ဝါးပိုးတောကို လွန်သော် အုံ့အုံ့မှုမှု သစ်ပင်ရိပ်နှင့် ဝါးတဲလေးတစ်လုံးကို မြင်လိုက်ရ၏။

ဝါးတဲလေးသည် လူတစ်ယောက် နေရုံမျှသာ ရှိ၏။

ဦးစွာ ကျွန်တော်တို့ မြင်လိုက်ရသည်ကား မြေပြင်ပြောင်ပြောင်မှာ အိပ်နေကြသော ခွေးများပင် ဖြစ်သည်။ လူသံကြားသောအခါ ခွေးများသည် ခေါင်းထောင်၍ ကြည့်ပြီး ပြုံငတူထလိုက်ကြ၏။

'ဟာ. . . များလှချည်လား ဟ'

'အေးကွာ. . ခွေးကြီးတွေ၊ အင်းခွေးကြီးတွေလိုပဲ ဘုရား. . . ဘုရား'





ခွေးနက်ကြီးများကား မရှိဘူးဆို အကောင်(၁၀၀)နီးပါးခန့်များ ရှိလားမသိ။ တန်းစီရပ်ပြီး မိမိတို့ကို အကဲခတ်နေ၏။

သူတို့ ပါးစပ်ကြီးများ ဖြဲ၍ လျှာများ တန်းလန်းကျနေရကား အသည်းယားစရာ ကောင်းလှသောကြောင့် ကျွန်တော်နှင့် မိုးကြိုး ရှေ့သို့ မတိုးရဲဘဲ ရပ်နေကြသည်။

အကောင်တစ်ရာခန့်ရှိသော ခွေးနက်ကြီးများသည် လုံးဝ အသံမပေးဘဲ ကြည့်နေကြသည်။

'လာလေကွယ်'

'မ. . . မ. . . လာ. . . ရဲဘူး ခင်ဗျ။ ခွေး. . . ခွေးကြီးတွေ၊ကြောက် ကြောက်. . .'

'မကိုက်ပါဘူးကွာ ရဲရဲသာလာကြပါ'

'ဟုတ်. . . ဟုတ်ပါ့မလား. . . အဘရဲ့ တော်ကြာ ဝါးစားလိုက်ရင် ကျုပ်တို့. . .'

'မဝါးပါဘူးကွာ. . . သူတို့ဝါးတာက လူဆိုးလူမိုက်တွေမှကွာ. . . လာ'

သို့နှင့် မရဲတရဲနှင့် ခွေးများကို ကွက်ကြည့်လှည့်ကြည့် လုပ်ရင်း အဘနောက်မှ ဘရားတ,၍ လိုက်သွားခဲ့ကြသည်။

အလို. . . ဒါ လူနေအိမ်မှ မဟုတ်ဘဲ။ ဝါးကျောင်းလေးပါကလား။ အထဲမှာ ဘုန်းကြီးတစ်ပါးသည် ခေါင်းမြီးခြုံ၍ တရားထိုင်နေ၏။

'ရှူး. . . ရှူး'

အဘက တိတ်တိတ်နေရန် အသံပြု၍ ဝါးကျောင်းရှေ့ရှိ ဝါးကွပ်ပျစ်များပေါ်မှာ ထိုင်နေလိုက်ကြ၏။ ခွေးနက်ကြီးများသည် အိန္ဒြေကြီးလှ၏။ သူတို့ဘာသာ သူတို့ နေကြ၏။

သို့ကလို ရှိနေစဉ် လူသံများ ကြားရ၍ လှည့်ကြည့်လိုက်သောအခါ အလွန်ချောမော လှပသော မိန်းမ (၅၀)ခန့်တို့သည် ယွန်းဇွန်းများ၊ ယွမ်းအုပ်ကြီးများ၊ ယွန်းချိုင့်ကြီးများ ကိုယ်စီရွက်၍ ဆွဲ၍ ဝါးကျောင်းရှိရာသို့ ချီရှုလာနေသည်ကို မြင်လိုက်ရ၏။ ခွေးနက်ကြီးများသည် ၎င်းမိန်းမပျိုများကို မြင်လိုက်ရသောအခါ ဝုန်းခနဲ ပြေးထ၍ ကြိုဆိုကြလေသည်။

ခွေးများ ကြိုဆိုပုံကလည်း အံ့သြစရာ ကောင်းလှ၏။ အသံ လုံးဝ မထွက်။ ဆွမ်းအုပ်များ ရွက်လာသည့် မိန်းမများရဲ့ ဝဲယာရှေ့နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ညှပ်၍ ပျော့်ရွှင်မြူးတူးဟန်များ၊ ဝမ်းသာအဲလဲဟန်များနှင့် အမြီးများနှ ခေါင်းများလှုပ်၊ နှုတ်သီးများပွတ်၍ လိုက်ပါလာကြခြင်း ဖြစ်သည်။

အလိုလေး လှလိုက်သည့် မိန်းမများနှယ်၊ အရွယ်လည်း စုံလှ၏။ အချို့က နန်းဆန်ဆန်၊ မဟာဆန်ဆန် လှ၏။ အချို့က တောသူတောင်သူ သော်၊ အချို့က တိုင်းရင်းသူမျက်နှာကျနှင့် လှ၏။

သူတို့မျက်နှာပေါ်မှ အပြုံးများကို မြင်ရသည်မှာ မောပန်းနွမ်းနယ် နေသည့် ကျွန်တော်တို့ရင်များကို အနွမ်းပြေ၊ အမောပြေစေလိုက်ပါဘိ။

သူတို့ မြို့ကြီးသူများထက် ဆယ်ဆဆယ်ပြန် လှကြ၏။

ကိုယ်လုံးကိုယ်ပေါက်များကား ပြောစရာမရှိ။ ရင်၊ တင်ဖွံ့အလှနှင့် ထူးခြားသည်ကား အသက်(၂၀)ခန့်ရှိသော မိန်းမလှများသည်လည်း လုံး စကားမပြော။ ပြောလျှင် သူတို့ချင်း နားနားကပ်၍ လေသံနှင့် ပြောနေကြ ကာ ဘာပြောလို့ပြောမှန်း မသိကြ။

သူမတို့သည် ငေးမောကြည့်နေသည့် ကျွန်တော်တို့ကို မြင်သွား သောအခါ ပြုံးရယ်ကြ၏။ အချို့က ရှက်စနိုးဟန် ပြုကြ၏။

သူတို့အနီးမှာ ခွေးနက်ကြီးများ ဝိုင်းဝိုင်းလည်နေရကား ခွေးနှင့် လူ ရောနှောနေ၏။ သို့သော် သူတို့အလှများ၊ အပြုံးများ ချစ်စဖွယ်ဟန်တို့ များကား လမင်းရာထောင် တစ်ပြိုင်နက် လင်းသကဲ့သို့တည်း။

ဒီမှာ မိန်းမချော၊ မိန်းမလှများက ယွန်းဇျတ်ကြီးများ၊ တောင်းကြီး များကို ယူတဲ့လူယူပြီး၊ ဟင်းများ၊ ထမင်းများကို လှယ်သွန်ထည့်ကြ၏။ ဟင်းငွေ့၊ ထမင်းငွေ့များသည် ယွန်းတောင်းနှင့် နီးတောင်းများမှာ သင်းပျံ့ မွှေးကြိုင်ဝေ့ဝဲနေ၏။

၎င်းဆွမ်းဟင်းများကို ဝါးကွပ်ပျစ်ပေါ်မှာ တန်းစီ၍ တင်လိုက်ကြ ၏။ ယင်ကောင်တစ်ကောင် မလာခဲ့၊ ငှက်တစ်ကောင် ဝင်မထိုးခဲ့၊ ခွေးတစ် ကောင် ဟပ်မစားခဲ့။ ထူးဆန်းလှပေ၏။

ပြီးနောက် အမျိုးသမီးများသည် မြေပြင်မှာထိုင်၍ ဝါးကျောင်းထဲ သို့ လက်အုပ်ချီ လှမ်းမျှော်ကြည့်နေကြ၏။

ကွမ်းတစ်ရာညက်ခန့် ကြာသောအခါ မျက်နှာဝလေးမျှသာ ဖော် ၍ သက်န်းခေါင်းမြီးခြုံထားသော ရဟန်းတစ်ပါး ဝါးကျောင်းဝမှာ ပေါ်လာ ၏။ သို့နှင့် ကျွန်တော်၊ မိုးကြိုးနှင့် အဘတို့လည်း မြေပြင်မှာ ထိုင်၍ လက်





အုပ်ချီကန်တော့လိုက်ကြ၏။

ဘုန်းကြီးကို ဖူးမြင်ကြသည်ရှိသော် မိန်းမပျိုများသည် ဦးသုံးကြိမ် ချ၍ ကန်တော့၏။ ဒီမှာ ဘုန်းတော်ကြီးကလည်း သက်န်းကိုမဖွင့်ဘဲ နှုတ်မှ စကားများ ပြောနေ၏။ ၎င်းစကားသံကို ကျွန်တော်တို့ မကြားရ၊ နှုတ်ခမ်း လှုပ်ရုံမျှသာ ရှိ၏။

ထူးဆန်းသော မိန်းမပျို ဆွမ်းအလှူရှင်များသည် ငြိမ်သက်စွာ နားထောင်ပြီးနောက် ရှိခိုးလိုက်ကြပြီး သူတို့ ယွမ်းအုပ်၊ ဆွမ်းအုပ်များကို ယူ၍ ကျောင်းဝန်းထဲမှ တိတ်ဆိတ်စွာ ရို့ကျိုးစွာ ယဉ်ကျေးသိမ်မွေ့စွာ ထွက်ခွာ၍ သွားကြလေသည်။

ကျွန်တော်တို့သုံးဦး ကျောင်းခန်းဝမှာ ခေါင်းမြီးခြုံထားရသည့် ဘုန်း တော်ကြီးကို အသံတိတ်မော့၍ ဖူးနေသည်မှာပင်. . .။

ဘုန်းတော်ကြီးသည် ဦးပြည်းပေါ်မှ သက်န်းစကို ငြင်သာစွာ ဖယ်၍ ချလိုက်သောအခါ. . .

'ဟာ'

'ဟင်'

'ဘုရားရေ'

'ဆ. . . ဆ. . . ဆ. . . ရာ. . . ကြီး'

'ဆ. . . ရာ. . . ကြီး. . . ဆရာကြီး'

ကျွန်တော်နှင့် မိုးကြိုး ပါးစပ်မှ အာမေဋိတ်သံများ ပြိုင်တူထွက် ပေါ်လာပြီးနောက် ဝမ်းသာအားရ ကြုံး၍ အော်လိုက်ကြ၏။

အကြောင်းကား. . .

ကျွန်တော်တို့ မျက်စေ့ရှေ့မှာ ဖူးမြင်နေရသော ရဟန်းကြီးကား အခြားမဟုတ်။ လွန်ခဲ့သည့် နှစ်ကာလအတန်ကြာ အင်္ဂလိပ်အစိုးရအုပ်ချုပ် စဉ်က အင်္ဂလိပ်အစိုးရအဖွဲ့နှင့် ကုလားပုလိပ်များ သေနတ်နှင့် လိုက်ပစ်ခတ် ၍ ပင်လယ်ထဲသို့ မြင်းရော၊ လူပါ ကျသေသွားခဲ့သည့် ကျွန်တော်တို့ကျေး ဇူးရှင် ဆရာကြီး ကျောက်ဘီလူးကျွန်းပြန် ဘကျွန်း ဖြစ်နေသောကြောင့် တည်း။

သူ့မျက်နှာပေါ်မှာ အဖုအသီးများ ဒီအတိုင်း ရှိနေသည်။ သူသည် သက်န်းကို ခြုံပြင်၍ ပခုံးပေါ် လွှားတင်ရုံလိုက်သောအခါ သူ့လက်မောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခု အဖုအသီးများကို သက်သေခံအဖြစ် ကျွန်တော်တို့ အထင်အရှား မြင်ရ
ရသည်။

'ဆရာကြီး'

'ဆရာကြီး. . . ဦးဘ. . . ကျွန်း. . . ဆရာကြီး'

မိုးကြိုးနှင့် ကျွန်တော် ဝမ်းသာအံ့သြလွန်း၍ ပါးပြင်ပေါ်သို့ မျက်ရည်များ အဆီးအတားမရှိ လိမ့်စီးကျလာရင်းမှ ပြေးထ၍ အနားသို့ တိုးသွားလိုက်သောအခါ ဘုန်းတော်ကြီးတစ်ဖြစ်လဲ ဆရာကြီး ဦးဘကွန်းက လက်ကာ၍ ပြလိုက်သဖြင့် သူ့ရှေ့မြေပြင်မှာ လက်အုပ်ချီပြီး ပြန်ထိုင်မော့ကြည့်နေလိုက်ကြ၏။

'ဒကာကြီး မိုးကြိုး'

'ဘုရား'

'ဒကာကြီး မောင်ဆိုင်း'

'ဗျာ. . . ဆရာကြီး. . . အဲ. . . အဲ. . ဘုရား. . . ဘုရား. . . အရှင်ဘုရား'

'အံ့သြနေကြသလား'

'မှန်ပါ ဘုရား. . . ကျွန်တော် အဲ. . . အဲ. . . ကန်တော့ပါ ဘုရား တပည့်တော်တို့ သိထားတာက အရှင်ဘုရား ပင်လယ်ထဲမှာ လှေရောမြင်းရော အင်္ဂလိပ်ပုလိပ်သားများ သေနတ်ကျည်ဆန်နဲ့ ပြုတ်ကျပြီး သေသွားတယ်လို့ ကြားသိရပါ ဘုရား. . .

တပည့်တော်တို့ ပင်လယ်ထဲမှာ စက်လှေများငှားပြီး ရေတက်ရေကျ အနှံ့လိုက်ရှာပေမယ့်. . . အလောင်းပြန်မရလို့ ငါးမန်းများ၊ မိကျောင်းများ စားသွားပြီလို့မှတ်ပြီး ငိုခဲ့ရပါသည် ဘုရား။ ခုလို မသေမပျောက် ပြန်တွေ့ပြီး ဝေဘာမီရဟန်းဘဝနဲ့ ပြန်ဆုံရတော့ အံ့သြလို့မဆုံး ဝမ်းသာလို့မဆုံး ဖြစ်ရကြောင်းပါ ဘုရား'

'အိမ်း. . . လူဟာ သေနေ့စေ့မှ သေကြသကိုး ဒကာတို့ရယ်၊ သေ နေ့စေ့ရင် အချိန်အရွယ် မရွေးဘူး၊ မရဏ ရှင်သေမင်းက ရအောင်ရှာပြီး ခေါ်မှာပဲ၊ အိမ်း. . . သေနေ့ မစေ့သေးရင်လည်း ဘယ်လိုကြမ္မာဆိုးနဲ့ ကြုံကြုံ တွေ့တွေ့ မသေဘူးဆိုတာ ဘုန်းကြီး ယုံခဲ့ပြီ. . .

ဒါနဲ့အတူ မနုဿတဘာဝေါ ဒုလ္လဘောတဲ့။ လူ့ဘဝသည် ရခဲတဲ့



[illegible]တဲ့ လူ့ဘဝကို အလဟဿအကျိုးမဲ့ မဖြစ်သင့်ဘူး။ လောဘ ဒေါသ [illegible]ဟ၊ အာဃာတနဲ့ အဒွန့်မရှည်သင့်ဘူး။ တရားသဘောနဲ့ကြည့်ရင် [illegible]ဘဝဟာ ကံ ကံရဲ့အကျိုးကြောင့် သံသရာလည်ပြီး နေကြတာ၊

သံသရာ လူပြန်ဖြစ်ရတာ ကုသိုလ်အလွန်ထူးလို့ပဲ. . . ကုသိုလ်ကံ အလွန်နည်း[illegible]ကျတော့ ငရဲ ဘိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝကို [illegible]ရောက်သွားကြရော၊ အလွန့်ကို ကုသိုလ်ကံ နောက်ဆက်တွဲ အကျိုး[illegible] [illegible] လူ့ဘဝက အဆွေအမျိုးများက ကုသိုလ်ပြု အမျှအတန်းပေး[illegible] အမျိုးသာခု ခေါ်ခွင့်လေးရပြီး၊ ပြိတ္တာအသူရကာယ်ဘဝက လွတ်မြောက်ကြ[illegible] [illegible]တဲ့၊

ဒကာကြီးတို့ ဘုန်းကြီးတို့ ဆိုးတုန်းက ဆိုးခဲ့ပြီးပြီ၊ မိုက်တုန်းက [illegible]သည်း မိုက်ခဲ့ပြီးပြီ၊ တရားတယ်လို့ ထင်တာကို အသက်စွန့် လုပ်[illegible] [illegible] ဒကာကြီး လူဟာ သူများ သေမယ့်အလှည့်ကို ကိုယ်ချင်းစာလို့ [illegible] [illegible]ပေမယ့် ကိုယ်သေမယ့် အလှည့်ကျရင် ကိုယ်ချင်းစာမဲ့လူ၊ ကယ်မဲ့သူ[illegible] [illegible]ဘန်းတကြစမြဲပဲ. . .

ဘုန်းကြီး သေရမယ့်နောက်ဆုံးအချိန်မှာ အသက်နမြော်ခဲ့တယ်၊ [illegible]ယ်သူကို တမ်းတခဲ့တယ်၊ ဘုရားကို သတိရခဲ့တယ်၊ သေကံမရောက်သေး[illegible] [illegible]က်မပျောက်ခဲ့ဘူး၊ အဲဒီနေ့ အဲဒီအချိန်ကစပြီး [illegible]သည် ကိုးကွယ်ရာ အားထားရာ [illegible]သည် ကိုးကွယ်ရာ၊ အားထားရာပါကလား။ သံဃာ သည် ကိုးကွယ်ရာ ဆည်းကပ်ရာပါကလားဆိုပြီး. . . ရတနာမြတ်သုံးပါးကို [illegible]ကြွင်းမဲ့ ယုံကြည်လေးစား ကိုးကွယ်အားထားခဲ့လိုက်တယ်၊ ဘုန်းကြီးရခဲ့ [illegible]တဲ့ နောင်တနဲ့ တရားအသိ၊ သမထအသိ၊ ဝိပဿနာအသိနဲ့ ငါ့တပည့် [illegible]ကြိုးကို အဝေးကနေ ပုံသွင်းခဲ့တာ ဒကာကြီးမိုးကြိုး ရိပ်မိရဲ့လား. . .'

ဒီမှာ မိုးကြိုး မျက်လုံး ကျယ်သွားသကဲ့သို့ ကျွန်တော်လည်း သဘောပေါက်သွားခဲ့ရ၏။ မိုးကြိုးကား သာမည မိုးကြိုး မဟုတ်တော့။

'မှန်ပါ. . . တပည့်တော် အခု သဘောပေါက်ပါပြီ ဘုရား၊ ဟိုတုန်း က ဘဆံရှည် ရိုးတိုးရိပ်ချည် ပြောခဲ့ပေမယ့် သဘောမပေါက်ခဲ့ပါဘူး ဘုရား ခုမှ ဒါသည် အရှင်ဘုရားရဲ့ မေတ္တာ၊ စေတနာနဲ့ ကယ်တင်ခြင်းဆိုတာကို နားလည်ခံစားခဲ့ရပါပြီ ဘုရား. . . ဒါနဲ့ တစ်ခု လျှောက်ထား မေးမြန်းပါရစေ ဘုရား'

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'လျှောက်ပါ ဒကာကြီး. . . လျှောက်ထားပါ'

'အရှင်ဘုရားသည် တပည့်တော်တို့ရဲ့ ဆရာဆိုလည်း အမှန်ပါပဲ၊ ဖခင်ဆိုလည်း အမှန်ပါပဲ ဘုရား။ အရှင်ဘုရား ပင်လယ်ထဲမှ မသေဘဲ ပြန်ရှင်ပြီး ခုလို မြင့်မြတ်သောဘဝကို ရောက်ခဲ့ပုံများ သိခွင့်ပြုတော်မူပါ ဘုရား'

ဒီမှာပဲ ဆရာကြီး(ဘုန်းတော်ကြီး)သည် ကျွန်ုပ်တို့ သုံးဦးရဲ့ မျက်နှာများကို ကြည့်ပြီးနောက် သားရည်ဖျာခင်းပေါ်မှ ထိုင်၍. . .

'အိမ်း. . . ပြောရတာပေါ့. . . ဘာကြောင့် ဒီလို မြင့်မြတ်သော ဘဝကို ရောက်ခဲ့ရသလဲ၊ ဒါ. . . ဒကာကြီးတို့ သိထားသင့်တာပေါ့၊ လောကမှာ အလွန်ကို အံ့သြစရာတွေ၊ ထူးဆန်းတာတွေ အများကြီးပဲ ဒကာကြီး မိုးကြီး ရယ်၊ ဒါကြောင့်လည်း ကမ္ဘာ့ရလောကလို့ ခေါ်ကြတာလည်း ရှိကြပေသကိုး ဒီလိုကွဲ. . . မိုးကြိုးတို့ရဲ့'

♛ ♛ ♛

# ပင်လယ်ထဲကနတ်ပြည်ရွှေနန်းတော်

'ဖောင်း'

'ဒိုင်း. . . ဒိုင်း'

'ဖောင်း'

'ဒိန်း. . . ဒိန်း'

'ဒက်. . . ဒက်. . . ဒက်. . . ဒက်'

အင်္ဂလိပ်မျက်နှာဖြူ အရာရှိနှင့် မဒရပ်မြင်းတပ်သား ပုလိပ်များရဲ့ ထကြွမ်း ပစ်ခတ်လိုက်သော ကျည်ဆန်များသည် ကျွန်းပြန်ဘကျွန်းရဲ့ ဦးခေါင်းနှင့် ကိုယ်နံဘေးမှ တစီစီ တရှိုးရှိုး ဖြတ်သွားနေ၏။

ကျွန်းပြန်ဘကျွန်းကို သူတို့ သုံးဘက်သုံးတန်မှ ဝိုင်းလိုက်ကြ၏။ နောက်ဘက်မှ မြင်းခွာသံများ၊ သေနတ်သံများကား ပင်လယ်ဝန်းကျင်မှာ ဆိုက်ပွဲကြီးဖြစ်သလို ဆူညံနေသည်။

'ဒိန်း. . . ဒိန်း'

'ဖောင်း. . . ဖောင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း. . . ဒိုင်း'

'ဟီး. . . ဟီး. . . အစ်. . . အစ်. . . ဟီး'

ကျည်အချို့သည် ကျွန်းပြန်ဘကျွန်း စီးလာသည့် မြင်းရဲ့ပေါင်ကို ထိမှန်သွားပြီး မြင်းချာလည်သွားသည်။ သူ အင်္ဂလိပ် သူပုန်ဘဝနှင့် လုံး အဖမ်းမခံနိုင်။

'သားကြီး အားတင်းလိုက်၊ ငါတို့ သူ့ကျွန်ဘဝနဲ့ တစ်ကျွန်းမှာ မနေဘူး၊ စွန့်လိုက်ကြစို့ သားရေ'

သူ မြင်းကို ပင်လယ်ကမ်းစွန်းရှိရာသို့ အရှိန်နှင့် နှင်လိုက်ပြီး ကမ်းပေါ်မှသည် ပေ(၅၀)ကျော်လောက်ရှိ ပင်လယ်ထဲသို့ မြင်းရောလူပါ ခုန်ချလိုက်သည်။

'ဝုန်း'

'ဗွမ်း'

'အား'

'ဟီ. . . ဟီ. . . ဟစ်. . . ဟစ်'

'ဒိုင်း. . . ဒိုင်း'

'ဒက်. . . ဒက်. . . ဒက်. . . ဒက်'

သူနှင့်မြင်း ပင်လယ်လှိုင်းလုံးကြားမှာ တခြားစီ ဖြစ်သွားသည်။ မြင်းသည် နာကျင်စွာ ဟီရင်း ပင်လယ်ထဲမှာ ကူးခတ်နေ၏။ မကြာခင် မြင်းကို ကျည်ဆန်မှန်သွားခဲ့သည်။ သူ့ရဲဘော် မြင်းကြီး ဖက်ကျိုးကျပြီး ရေအောက်သို့ နစ်မြုပ်သွားသည်။

ကမ်းပါးပေါ် မော့ကြည့်လိုက်တော့ ကုလားစစ်တာရီများ၊ ပုလိပ် သားများက လက်နက်မျိုးစုံနှင့် သူ့ကို အပေါ်မှ ဝိုင်းပစ်နေကြသည်။

ဘကျွန်း ရေထဲသို့ ငုပ်လိုက်၏။ ပြန်ပေါ်လာသည်နှင့် ကျည်ဆန်များ က သူ့ကို လာမှန်၏။ သူ ပင်လယ်လှိုင်းလုံး ရေစီးအတိုင်း မျောပါသွား သည်။ သေနတ်သံများလည်း ဝေး၍ ကျပြီးနောက် တိတ်၍သွားခဲ့၏။

ဘကျွန်း လှိုင်းလုံးများကြားမှ နစ်လိုက်ပေါ်လိုက် မြုပ်လိုက်၊ အားတင်း၍ ကူးခတ်ခဲ့သည်။ မကြာမီ လက်ပန်းကျပြီး မျောပါ၍ သွား သည်။ ခေါင်းထဲမှာ မူးဝေနေသည်။ ကမ်းလည်း မမြင်တော့၊ လမ်းလည်း မမြင်တော့။ မကြာခင် ပင်လယ်လေပြင်းများ ကျ၍လာသည်။





သူ စိုးရိမ်ကြီးစွာဖြင့် ဘုရားကို တ,လိုက်သည်။

'ဘုရား. . . ဘုရား'

'ဘုရား. . . ဘုရား'

မိုးများညို့လာ၏။ လျှပ်စီးများ လက်လာ၏။ လျှပ်စစ်မိုးကြိုးများ ပစ်နေကြ၏။ ပင်လယ်သည် လှိုင်းတံပိုးကြီးများနှင့် သူ့ကို သယ်၍သွားနေ ၏။ သူ ဘုရားတ,ရင်း မြုပ်လိုက်ပေါ်လိုက် ကျွမ်းပြန်လိုက် ဖြစ်နေစဉ်. . .။

လှိုင်းလုံးကြီးတစ်လုံးပေါ်မှာ ထူးဆန်းသော အခြင်းအရာတစ်ခု ကို မမျှော်လင့်ဘဲ မြင်လိုက်ရတော့သည်။

ဟုတ်မှ ဟုတ်ရဲ့လားဟု ခေါင်းပေါ်လာလိုက်တိုင်း ကြည့်လိုက်ရာ ဟုတ်သည်။ ရွှေရောင်ဝင်းနေသည့် အိမ်ကြီးတစ်လုံး။ သူ ဝမ်းသာအားရ ကြည့်လိုက်တော့ ရွှေရောင်ပြာသာဒ်ကြီးတစ်ခု။ အလို. . . မိမိ နတ်ပြည်သို့ ရောက်နေရောသလား။

အမှန်လက်ရှိက မိမိသည် လှိုင်းတံပိုးထနေသည့် ပင်လယ်ရေပြင် ထဲမှာ ငါးများ မျက်စေ့မှောက်နေရောလား၊ ဒါမှမဟုတ် စိတ်ကယောင်ချောက် ချားနှင့် ထင်ရာမြင်ရာ စွတ်ရွတ် မြင်နေရောသလား။

ကိုယ်ကိုဖော့၍ ကြိမ်းစပ်နေသော မျက်လုံးများကို ပွတ်ပြီး မှေးပြီး သေသေချာချာ ကြည့်လိုက်သည်။

'ဟာ. . . ကြေးပြာသာဒ် ဖောင်ကြီးပါလား'

ပေ(၂၀)ပတ်လည်ခန့် ကျယ်ပြီး အတော်မြင့်သော ကြေးပြာသာဒ် ဖောင်ကြီးသည် လှိုင်းလုံးများပေါ် ရောက်လိုက်၊ လှိုင်းလုံးများအောက် ရောက် သိုက်နှင့် ဖြစ်နေသည်။ ထူးဆန်းသည်ကား ၎င်းကြေးပြာသာဒ်ကြီးသည် ခိမ်ရှိရာသို့ လာနေသကဲ့သို့ ရှိ၏။

ကျွန်းပြန်ဘကျွန်း အရမ်းဝမ်းသာသွားပြီး ရေပေါ်မှ လက်အုပ်ချီ ၍ ဘုရားကို တ၏။ မိဘဆရာသမားများကို ရှိခိုး၏။ လောကပါလစောင့် နတ်မင်းများကို ရှိခိုးတသ၍ မေတ္တာပို့လိုက်၏။

ဒီမှာပဲ. . . လှိုင်းလုံးများ တဖြည်းဖြည်း ငြိမ်ကျလာပြီး ကောင်းကင် ညည်းမည်းကြီးသည်လည်း ကြည်ပြာရောင် လင်းလာတော့သည်။

မကြာခင် ပင်လယ်လှိုင်းများ ကြက်ပျောက်ငှက်ပျောက် ပျောက် သွားကာ ပင်လယ်သည် ကန်ရေပြင်လို ငြိမ်၍ကျသွားသည်ကို ထူးဆန်းစွာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရ၏။

ဒီအချိန်မှာပဲ ကြေးပြသာဒ်ဖောင်ကြီးသည် သူနှင့် မလှမ်းမကမ်းသို့ ရွေ့စီး၍လာနေသည်။ သူ ဝမ်းသာအားရနှင့် ဖောင်ကြီးရှိရာသို့ ကူးခတ်သွားလိုက်ပြီး ဖောင်နှုတ်ခမ်းကို လှမ်းဆွဲလိုက်သည်။

ကိုင်မိပြီ။ ဖောင်သည် ရွေ့လျားနေသည်။ သူ ဝမ်းသာအားကြီးစား၍ ဖောင်ပေါ်သို့ တက်လိုက်၏။ အားအင်များ ကုန်ခမ်းနေ၍ တက်၍မရ။ ခဏခဏ ပြုတ်၍ကျနေ၏။ ငါးကြိမ်မြောက် ကြိုးစားလိုက်တော့မှ သူ ဖောင်ပေါ်သို့ ဝမ်းလျားထိုး ရောက်သွားပြီး မှောက်လျက်ကြီးဖြစ်နေ၏။

ဖောင်သည် ညီးညီးငြိမ့်ငြိမ့် စီးမျောနေဆဲ. . .

ပင်လယ်ထဲမှာ ကုန်းကိုတွေ့ရဘိသကဲ့သို့ ဝမ်းသာသွား၏။ သည့်နောက် ပင်လယ်လေသုန်သုန်ကို အားရပါးရရှူလိုက်ပြီး လူးလွန့်ကြည့်လိုက်သောအခါ. . .

"ဟာ . . . ရဟန်းတစ်ပါးပါလား"

ရဟန်းတစ်ပါး ခေါင်းကိုမော့၍ တင်ပျဉ်ခွေထိုင်လျက် ဆွမ်းဘုန်းပေးနေသည်ကို ရုတ်ခြည်းမြင်လိုက်ရသောအခါ၊ သူ ဝမ်းသာအားရ ကြိုး၍အော်လိုက်၏။

"အရှင်ဘုရား. . . အ. . ရှင်. . ဘု. . ရား"

"အရှင်ဘု. . ရား. . အ. . ရှင်. . ဘု. . . ရား တပည့်. . တော်ကို"

သူ့ဝမ်းသာအားရ အော်ဟစ်ရင်း ထရပ်ပြင်လိုက်စဉ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး သတိလစ်၍ သွားခဲ့လေသည်။

♛ ♛ ♛

# ထူးဆန်းသောစိတ်အလျှင်ဖြစ်ရပ်များ

'ဗွမ်း'

'အား. . . အ. . အ. . အ'

သူ့မျက်နှာပေါ် ကိုယ်ပေါ်သို့ ရေလောင်းချခံရ၍ ဘကျွန်းလူးလွန့် သတိရလာပြီး မျက်စေ့ဖွင့်ကြည့်လိုက်သောအခါ အဝါရောင်ဝတ်ထားသော ပုဂ္ဂိုလ်တစ်ယောက် ရိပ်ခနဲ လှည့်ထွက်သွားသည်ကို ရိုးတိုးရိပ်တိတ် မြင်လိုက်ပြီးနောက် သတိရ၍ ကြိုးထလိုက်သည်။

အလို. . ကိုယ်ခန္ဓာပေါ်မှ ကျည်ဆန်ထိမှန်ပွတ်ရပြီး ပင်လယ်ဆားငံရေနှင့် စပ်နေသည့် အနာဒဏ်ရာများမှ လုံးဝ နာကျင်ခြင်း မရှိတော့ပါလား။

ဒဏ်ရာတွေဟာလည်း အနာကျက်သလို ဖြစ်သွားပါလား။ ဘာကြောင့်များပါလိမ့်. . . သေသေချာချာစစ်ဆေးလိုက်တော့ သူ့ခန္ဓာကိုယ်ပေါ်မှာ ထမင်းလုံးတချို့နှင့် ဟင်းရည်လို အရည်နှံ့ရနေသည်။

မဟုတ်မှလွဲရော၊ အဝါရောင်ဝတ်ထားသည့် ပုဂ္ဂိုလ်လောင်းချလိုက်သည့် ရေများပဲ ဖြစ်လိမ့်မည်။ ထူးဆန်းလိုက်တာ။ ထိုရေထိသည်နှင့် မိမိဒဏ်ရာများ ဘာကြောင့် နာကျင်မှုဝေဒနာမှ သက်သာပျောက်ကင်းသွားရ

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။

ဘေးပက်ဝန်းကျင်ကို မျက်လုံးကစားလိုက်တော့ တငြိမ့်ငြိမ့်မြေ သော ဖောင်ကြီးပေါ်မှာ မိမိရောက်နေသည်။

အလို...ဟိုမှာ ရဟန်း တစ်ပါးပါလား။

ရဟန်းသည် ကောင်းကင်(နေ)ကို မော့ကြည့်၍ သပိတ်ထဲမှဆွမ်း ဘုဉ်းပေးနေ၏။

'ဟာ...ဒါ...ဒါ...ရှင်...ဥ...ပ...ဂုတ္တ ဖောင်တော် ကြီးပါကလား ဘုရား...ဘုရား...ငါ...ငါ...ရောက်နေတာ ပင်လယ် ထဲ မျောနေတဲ့ အရှင်ဥပဂုတ္တ မထေရ်ရဲ့ ဖောင်တော်ကြီးပေါ်မှာပါလား'

သူ အံ့လည်း အံ့သြနေသည်။ ဝမ်းလည်း အပုံးဝမ်းသာနေသည်။ ထို သည့်နောက် အောသော ရွှေရောင်ဝင်းလက်နေသည့် အရှင်ဥပဂုတ္တ မထေရ် မြတ်ကို ရိုသေစွာ ကြည်ညိုလေးစားစွာ ဦးကုပ်၍ ချလိုက်သောအခါ...

'ဒကာကြီး'

'ဟင်'

နောက်ဘက်မှ ခေါ်သံကြောင့် ကြက်သီးမွေးညင်းများ ဖြန်းခနဲ ထ သွားပြီး ဖျတ်ခနဲ နောက်ပြန်လှည့်ကြည့်လိုက်သောအခါ...

ရဟန်းအိုကြီးတစ်ပါး...

ဟည်ငြိမ်သော မျက်ဝန်းနှင့် မိမိကို ကရုဏာသက်စွာ စိုက်ကြည့်နေ ၏။

'ဒကာကြီး...နေကောင်းသွားပြီလား'

'မှန်...မှန်...ပါ...ဘုရား...အရှင်ဘုရား...တပည့်တော် ဘယ်အရပ်ကို ရောက်နေပါသလဲ ဘုရား'

'ဒကာကြီး...ပင်လယ်ထဲ မျောနေတဲ့ ရှင်ဥပဂုတ္တ မထေရ်မြတ် ဖောင်ပေါ်မှာလေ...မကြာခင် ဒီဖောင်တော်ဟာ ကိုးကွယ်ပူဇော်ထိုက်သူ ရှိရာအရပ်ကို အဓိဋ္ဌာန်နဲ့ ဆိုက်တော့မှာပါ'

'ဒါ...ဒါ...ဆို...တပည့်တော်...မ...မ...သေ...သေး တော့ဘူးနော်...နော်'

'မသေနိုင်ပါဘူး ဒကာကြီးရယ်၊ ဒကာကြီး သံဃာအရိပ်အောက် ရောက်ရှိ အန္တရာယ်ကင်းနေပါပြီ...များမကြာမီ ကာလအတွင်း ဒကာကြီး





ဘုရားရိပ် တရားရိပ်အောက်ကို ရောက်ရတော့မှာပါ'

'ဟင်...တပည့်တော် ဘုရားရိပ်၊ တရားရိပ်အောက်ကို ရောက်ရ မယ်...ဘယ်လိုကြောင့်ပါလည်း ဘုရား'

'ဒကာကြီး...ဘဝဟောင်းက ဝဋ်ကြွေးများဆပ်လို့ ကုန်သလောက် နီးပြီပဲ'

'အရှင်မြတ်ဘုရား...အရှင်...အရှင် ဘယ်သူပါလဲ ဘုရား။ ဘွဲ့အမည်ရော ဘယ်လိုခေါ်ပါသလဲ ဘုရား'

ဦးဘကျွန်း အဖော်မဲ့ ပင်လယ်ထဲမှာ စကားပြောဖော်၊ အားကိုးဖော်၊ ကိုးကွယ်ဖော် လူသားရဟန်းတစ်ဦးကို မျက်နှာချင်းဆိုင် စကားပြောခွင့် ရနေ၍ အလွန်ကို အားတက်နေ၏။ ရဟန်းကြီး၏အသက်သည် ကြီးလှပုံရ၏။ သို့သော် အရိုးပြိုင်းပြိုင်းမဟုတ်။

အသားအရေတော်က ရွှေလိုဝင်းနေ၏။

'အရှင်ဘုရားဘွဲ့အမည် ဘယ်လိုများ ခေါ်ပါသလဲဘုရား'

'ဘုန်းကြီးဘွဲ့လား'

'မှန်ပါ ဘုရား'

'ရှင်အရဟံ'

'ဗျာ...ဗျာ...ရှင်အရဟံ...ရှင်...အ...ရ...ဟံ'

ဘကျွန်း ကြီးစွာ အံ့သြရပြန်၏။ 'ရှင်အရဟံ'သည် ဘွဲ့အမည်ကို ဟု ကြားဖူးသည်။ ဒါ...ဒါ...အလို...ဒါ...ပုဂံပြည်ရှင် အနော်ရထာ မင်းကြီး ကိုးကွယ်ဆည်းကပ်သည့် ရှင်အရဟံများလား။

သထုံပြည်ရှင် မနူဟာမင်းကြီး ကိုးကွယ်ဆည်းကပ်သည့် 'ရှင်အရဟံ' များ ဖြစ်ရော့သလား။

'အရှင်ဘုရား...အရှင်ဘုရားသည် အနော်ရထာမင်းကြီးနဲ့ မနူဟာ ဘုရင်မင်းမြတ်တို့ ကိုးကွယ်ဆည်းကပ်သည့် 'ရှင်အရဟံ' မထေရ်မြတ်ပါ လား ဘုရား'

'မှန်ပါတယ် ဒကာကြီး'

'အို...ဝမ်း...သာ...လိုက်...တာ...ဝမ်းသာလိုက်တာ'

ဘကျွန်း ဝမ်းသာလွန်း၍ အသံများ တုန်လှိုက်လာ၏။ မိမိ သာသနာ ပြု မင်းမြတ်နှစ်ပါးတို့ ကိုးကွယ်ဆည်းကပ်သည့် ရဟန်းကြီး။ ပထမ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ကြီးကို အရည်းကြီး တန္တရဝါဒမှ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီးဖြစ်အောင် ဖန်တီးပေးခဲ့သည့် ရှင်အရဟံ အမည်ရှိ ရဟန်းမြတ်ကို ကိုယ်တိုင် ဖူးတွေ့ရပြီ။

သူ ပါးပြင်ပေါ်မှာ ဝမ်းသာလွန်း၍ မျက်ရည်များ စီးကျလာသည့်နောက် ရှင်အရဟံ ကိုယ်တော်မြတ်ကြီးကို ဦးအကြိမ်ကြိမ်ချ၍ ရှိခိုးလိုက်၏။ အရှင်မြတ်သည် သူ့ကို ဝမ်းသာအားရစွာ ကြည့်နေ၏။

'အရှင်မြတ် တစ်ပါးတည်းလား ဘုရား'

'ပါသေးတယ်၊ လက်ယာဘက်ကို လှည့်ကြည့်လိုက်ပါ'

သူ ရှင်အရဟံ ကိုယ်တော်မြတ်ကြီး အမိန့်ရှိသည့်အတိုင်း လှည့်ကြည့်လိုက်သောအခါ ရဟန်းကြီးသုံးပါးကို ရပ်လျက်သား မြင်လိုက်ရ၏။ ဟုတ်ရဲ့လားဟု မျက်စေ့ကို ပွတ်ကြည့်လိုက်၏။ ဟုတ်သည်၊ အိန္ဒြေကြီးလှသော ရဟန်းအိုကြီးသုံးပါး. . . ဘုရားရေ။

'အ. . . ရှင်. . . မြတ်ဘုရား. . . သူ သူတို့ ဘယ်သူပါလဲ ဘုရား'

'ဒါ ရှင်အဋ္ဌဂေါဏ'

'ဟင်'

'ဒုတိယ ရဟန်းက. . . တားမွဲဆရာတော်'

'ဟာ'

'တတိယ ကိုယ်တော်က. . . ယက္ကန်းစင်တောင်ဆရာတော်'

'မြတ်. . . စွာ. . . ဘု. . . ရား'

သူ မကြုံစဖူးအောင် အံ့သြသွားရပြန်ပြီ၊ ကြည့်စမ်း။ မိမိမျက်စေ့ရှေ့မှောက်မှာ သက်တော်ထင်ရှား ဖူးတွေ့နေရသည့် ရဟန်းပုဂ္ဂိုလ်များကား သာမန်ပုဂ္ဂိုလ်များ မဟုတ်။

တစ်ပါးက. . . ပုဂံတစ်ပြည်လုံး သိဒ္ဓိမြောက် ဓာတ်လုံးနှင့် ရွှေငွေမိုး ရွာစေသည့်. . . အရှင်အဋ္ဌဂေါဏ ရဟန်းကြီး၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး။

ပြီးတော့. . . တားမွဲဆရာတော်။

အင်းအိုင်ခလှဲ ဂါထာ မန္တရားမှာ စွယ်စုံမြောက်သည့် မင်းဆရာတော်။

ပြီးတော့ ထွက်ရပ်ပေါက် အရှင်သူမြတ်ကြီး ယက္ကန်းစင်တောင်





ဆရာတော်။

သူ လူ့ဘဝ သက်တမ်းတစ်လျှောက် ဒီပင်လယ်ထဲက အရှင်ဥပဂုတ္တမထေရ်မြတ် ဖောင်တော်မြတ်ပေါ်ရောက်မှ မတွေ့ဖူး၊ မကြုံဖူး၊ ဖူးရမြင်ရခဲသော ထွက်ရပ်ပေါက် သိဒ္ဓိရှင် ရဟန်းကြီးများကို တစ်ပြိုင်နက် ဖူးမြင်လိုက်ရသောအခါ ရင်တစ်ခုလုံး လှိုက်ဆူဝမ်းသာ ဖရဏာပီတိများ ရွှန်းမိုပြီး ဦးအကြိမ်ကြိမ် ဦးချလိုက်တော့၏။

'ဒကာကြီး'

ဒီမှာ ရှင်အရဟံ မထေရ်မြတ်က လှမ်းခေါ်လိုက်သည်။

'ဘုရား'

'မိုက်ဦးမှာလား. . . ဆိုးဦးမှာလား'

'မမိုက် မဆိုးဝံ့တော့ပါ ဘုရား'

'ဘုရားကို ယုံကြည်ပြီလား'

'တပည့်တော် ပင်လယ်လှိုင်းကြားမှာ ဦးစွာ ဘုရားကို တ,ခဲ့ပါတယ်ဘုရား၊ အခု အသက်ရှင်ခဲ့ရတာ ဘုရားတန်ခိုးတော်ကြောင့်ပါ ဘုရား။ ယုံကြည်ပါပြီ ဘုရား'

'သံဃာဆိုတာရော ယုံရဲ့လား ဒကာကြီး'

'မှန်ပါ. . . အကြွင်းမဲ့ ယုံပါပြီ ဘုရား၊ အရှင်ဥပဂုတ္တမထေရ်မြတ်ရဲ့ ကျေးဇူးနှင့်တစ်ကြိမ်၊ အရှင်မြတ်ကိုလည်းကောင်း၊ သိဒ္ဓိမြောက် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို မျက်ဝါးထင်ထင် ဖူးမြင်ရခြင်း၊ မေတ္တာတော် မဟာကရုဏာတော်ကို ခံယူရရှိခြင်းကြောင့် သံသယမရှိ ယုံကြည်ပါပြီ ဘုရား'

'တရားကိုရော ယုံကြည်ရဲ့လား ဒကာကြီး'

'မှန်ပါ. . . မှန်ရာကို လျှောက်ထားရလျှင် ဘုရားတပည့်တော် အရွယ်ရောက်သည့် အချိန်မှစ၍ မဟုတ်မခံစိတ်၊ အမျိုးချစ်စိတ်၊ တရားတဲ့ဘက်က ရသချင်သော ရှင်ချင်ရှင် စိတ်များဖြင့် ထင်ရာစိုင်း လုပ်ချင်ရာလုပ်၊ ကမ်းကုန်အောင် ဆိုးခဲ့သည့် အချိန်မှာ များနေ၍ တရားနှင့် ဝေးခဲ့ရပါသည်။'

'ဒကာကြီးသည် ဘုရားကို ယုံပြီ၊ သံဃာကို ယုံပြီ၊ တရားကိုယုံဖို့ပဲ ကျန်တော့သည်၊ တရားသည် ကိုယ်မှာရှိသည်. . . ဒါကို တွေ့အောင်ရှာမည့်အချိန် ရောက်ပြီ၊ အချိန်တန်ပြီ. . . အဲဒီတရားကို ရသည့်အချိန်မှစ၍ ဒကာကြီး ပေါက်မြောက်သော ပုဂ္ဂိုလ် ဖြစ်ရဦးမည်၊ လူတွေကြား ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ရဟန်းဝတ်တော့၊ ဒကာကြီး ကဝတ်ိရော ပေးရဲ ပေးဝံ့ရဲ့လား'

သူ အတန်ကြာ စဉ်းစားရင်း ရဟန်းအရှင်သူမြတ်များကို တစ်
လိုက်၍ကြည့်လိုက်၏။ ရဟန်းတို့ အိန္ဒြေသည် ကြည်ညိုလေးစားဖွယ် အထ
ဘုန်းကျက်သရေ အပြည့်နှင့်ပါကလား။

ရှင်ပုဂ္ဂိုလ်များနှင့်သာ မတွေ့မကြုံခဲ့ရလျှင် သူ ပင်လယ်သမုဒ္ဒရာ
ထဲမှာ ငါးမန်းစာဖြစ်၍ ငရဲသို့ ရောက်လောက်ပြီ။

'ဘယ်နှယ့်လဲ ဒကာကြီး'

'မှန်ပါ. . . ကဝတ်ိပြုပါတယ် ဘုရား'

'သာဓု. . . သာဓု. . . သာဓု'

'သာဓု. . . သာဓု. . . သာဓု'

'သာဓု. . . သာဓု. . . သာဓု'

ရဟန်းလေးပါးသည် သာဓု အသီးသီးခေါ်ပြီး မျက်စေ့အောက်မှ
မှုန်ဝါးပျောက်ကွယ်သွားချိန်. . . ကောင်းကင်မှာ ဝင်းခနဲ လင်းလက်သွား
ပြီးနောက်. . .

'ဂျိမ်း'

'မြတ်စွာဘုရား'

ကျယ်လောင်လှသော မိုးကြိုးသံလိုလို၊ မိုးခြိမ်းသံလိုလို အသံကြီး
ကြားရပြီး သူ တအားအော်လိုက်တော့သည်။

♛ ♛ ♛

# သုံးထောင်စံအရေခွံလဲသည်နေ့

'ဟော. . . ဟော. . . သတိရလာပြီကွ'

'နိုးလာပြီဟေ့. . . လှုပ်လှုပ်လာပြီကွ'

'ဘကြီး. . . ဘကြီး. . . သတိရလာပြီလား'

'ဗျို့. . . ဘကြီး. . . ဘကြီး'

နားထဲမှာ အသံမျိုးစုံ ဆူဆူညံညံများကို ကြားနေရသည်။ အုတ်အော်သောင်းနင်း အသံမျိုးစုံကို ကြားနေရသည်။

မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ ဦးစွာ သျှောင်ထုံးနှင့် လူများ ဘိုကေဆံပင်တိုနှင့် လူများ။ အရွယ်စုံ ယောက်ျားများ သူ့နံဘေးမှာ ဝိုင်းအုံနေကြ၏။

'ကျုပ်. . . ကျုပ် ဘယ်. . . ဘယ်ကို ရောက်နေလဲ ဟင်. . . ဟင်'

'ဘကြီး ပင်လယ်ထဲ မျောနေတဲ့ ရှင်ဥပဂုတ္တဖောင်ပေါ်မှာ သတိမေ့နေတာ၊ ဖောင်ကြီးက ကျုန်တော်တို့ မီးပြရှာဘက်ကို ဦးတည်နေတုန်း ငါးလှေတွေနဲ့ တွေ့ပြီး ဒီရွာကို ပင့်လာတာ. . . အခု ဖောင်ဆိုက်ပြီ'

'ဖောင်ဆိုက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်. . .ဟိုမှာ ဆရာတော်ဘုန်းကြီးရော၊ ရွာလူကြီးတွေရော ကမ်းခြေကို ရောက်လာကြပြီ၊ ဘကြီး ထ. . .ထနိုင်ရဲ့လား'

'ထ. . .ထ. . .နိုင်. . .ပါပြီကွာ'

သူ လူရွယ်များရဲ့ ဖေးမကူညီမှုနှင့် ထ,လိုက်သည်။ ဖောင်ပေါ်မှာ လူတွေအများကြီး။ ကမ်းခြေမှာလည်း ရွာသူရွာသားများသည် လက်အုပ်ချီ၍ ရပ်နေအော်နေကြ၏။ ဒီမှာ သူ ဖောင်ပေါ်မှာ လူများကို မေးခွန်းတစ်ခု မေးလိုက်သည်။

'ဒီ. . .ဒီ. . .မှာကွာ လူကလေးတို့'

'ဘာလဲ ဘကြီး၊ ဘာပြောချင်လို့လဲ ခင်ဗျ'

'ဟို. . .ဟို ဖောင်ပေါ်မှာ ရဟန်းသံဃာတော် လေးပါး. . .ပါသေးသကွဲ့၊ အဲဒီ ရဟန်းသံဃာတွေရောဟင်'

'ခင်ဗျာ'

'ဘယ်နှဲ့. . .ဘယ့်နှယ်'

'ဘကြီး. . .ဘာပြောတာလဲ ခင်ဗျ'

'ဒီဖောင်ပေါ်မှာ ရှင်အရဟံဆိုတဲ့ ရဟန်းကြီးရယ်၊ ရှင်အဇ္ဇဂေါဏရယ်၊ ဟားမဲ့ဆရာတော်နဲ့ ယက္ကန်းစင်တောင် ဆရာတော်ကြီးတို့ လိုက်ပါလာတယ်လေ'

'ဗျာ'

'ဟင်'

လူရွယ်နှင့် လူကြီးများသည် ဦးဘကျွန်းရဲ့ အပြောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ကြောင်နေကြ၏။

'အဲဒီ ရဟန်းသံဃာ အရှင်သူမြတ်များ ဘယ်နားမှာ ရှိကြလဲလို့ မေးတာ'

'ဘကြီး'

'ဝေ. . .ဝေ'

'ဘကြီး ပြောတဲ့ ရဟန်းသံဃာကြီးတွေ၊ ဒီ ရှင်ဥပဂုတ္တ ဖောင်တော်မှာ လုံးဝ မပါဘူး၊ တွေ့လည်း မတွေ့ဘူး၊ ကျွန်တော်တို့ တွေ့ရတာ ရှင်ဥပဂုတ္တ မထေရ်ရုပ်ပွားတော်ရယ်၊ ဖောင်ပေါ်မှာ သတိလစ် မေ့မြောနေတဲ့ ဘကြီးရယ်ပဲ တွေ့ရတာ'





'ဟုတ်. . .ဟုတ်. . .ရဲ့လားကွာ၊ ဒါ သေသေချာချာ ဖူးရတာ၊ စကားပြောခဲ့ရတာ'

'အဟုတ်ပါ ဘကြီးရာ၊ ဒါဆို မဟုတ်မှလွဲရော. . .ဘကြီး သတိလစ်နေ့မြောနေတုန်း အိပ်မက် မက်ခဲ့တာ နေပါလိမ့်မယ် ဘကြီးရ'

'အိပ်. . .မက်'

'အင်းလေ. . .အိပ်မက် မက်ခဲ့တာ နေလိမ့်မယ်ဗျ'

'အိပ်မက်. . .အိပ်. . .မက်. . .ဘုရား. . .ဘုရား အိပ်မက်'

သူ အံ့သြနေမိ၏။ အိပ်မက်. . .။ သူ့ရင်ထဲ မျက်စေ့ထဲမှာ သက်ရှိထင်ရှားအတိုင်း စွဲနေဆဲ ရှင်အရဟံကိုယ်တော်မြတ်ရဲ့ မိန့်ကြားဆုံးမသံများကို တစ်လုံးမကျန် အမှတ်ရနေဆဲ။

ထိုစဉ်. . .ဖောင်ပေါ်သို့ ရဟန်းအိုကြီးတစ်ပါး ဦးဆောင်ပြီး ရွာလူကြီးများ ကြွလာတက်လာ၍ ဖောင်ပေါ်မှ လူရွယ်များ ရှိသေစွာထိုင်ပြီး ဦးချကြ၏။ ဦးဘကျွန်းလည်း ဦးချပြီး မော့ကြည့်လိုက်သော်. . .။

'ဟင်'

အလိုလေး. . .။ အခု သူ့. . .သူ့ရှေ့မှောက်မှာ မျက်မြင်ထင်ရှားဖူးမြင်ရသူ ရဟန်းအိုကြီးကား ပင်လယ်ဖောင်ပေါ်မှာ သူနှင့်စကားများပြောခဲ့သည့် ရှင်အရဟံ ကိုယ်တော်ကြီးနှင့် ရုပ်တော် တစ်ထေရာတည်းပါကလား။

'အရှင်. . .ဘု. . .ရား'

'ဘာတုံး. . .ဒကာကြီး၊ ဖောင်ပေါ်မှာ မေ့မြောပါလာတဲ့ လူဆိုတာ ဒကာကြီးလား'

'မှန်လှပါဘုရား. . .အရှင်ဘုရားကို တပည့်တော် လျှောက်ထားပါရစေ ဘုရား'

'ဘာများတုံး ဒကာကြီးရဲ့'

'အရှင်ဘုရားရဲ့ ဘွဲ့အမည်က. . .ဟို. . .ဟို. . .ရှင်. . .ရှင် အရဟံ မဟုတ်လားဟင်'

'ဟား. . .ဟား. . .ဟား. . .ဟား. . .ကြံကြီးစည်ရာ ဒကာကြီးရယ်၊ နေပါဦး. . .ဘယ်'ရှင်အရဟံ'လည်း. . .'

'ဟို. . .ဟို. . .ပုဂံခေတ်က အနော်ရထာမင်းနဲ့ သထုံဘုရင် မနူဟာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ကိုးကွယ်ခဲ့တဲ့ ရှင်အရဟံ မထေရ်မြတ်ကြီး'

'အို. . . မှားနေပြီ ဒကာကြီး၊ ဘုန်းကြီးရဲ့ဘွဲ့အမည်က ဦးရေဝတတဲ့၊ ဒီမီးပြရွာက. . . ပါဗျာ'

ဘုရားရေ၊ ဦးရေဝတတဲ့။ သူ ဦးခေါင်းကို လေးတွဲစွာယမ်းပြီး နောက်ထပ်မျက်နှာတော်ကို သေသေချာချာ ကြည့်လိုက်သည်။

အိပ်မက်ပဲဆိုဆို။

တကယ်ကြုံခဲ့ရသည်ပဲ ပြောပြော။

သူ ကြုံတွေ့ခဲ့ရသည့် 'ရှင်အရဟံ'ကိုယ်တော်ကြီးနှင့် မျက်စေ့ရှေ့ မီးပြရွာက ရဟန်းအိုကြီးသည် ရုပ်ရည်ချင်း အတော့်ကို ထူလွန်းလှ၍ သူ အံ့သြနေ၏။

'ဒကာကြီး ဘယ်လိုကြုံခဲ့ရလို့တုံးဗျာ'

ဒီမှာ သူက. . . ပင်လယ်ထဲမှာ မျောပါခဲ့ရသည့် အပိုင်းအနတ် ရန်သူများ လိုက်လံပစ်ခတ် လုပ်ကြံသည့် အပိုင်းကို လျှို့ဖွက်ချန်ထားပြီး ဖြစ်ခဲ့ကြုံခဲ့ရသမျှ အပိုင်းကို ပြန်လည် ပြောပြလျှောက်ထားလိုက်သောအခါ

'ဒကာကြီး'

'ဘုရား'

'ဒီနေ့ပဲ ဒကာကြီး သင်္ကန်းစည်းတော့'

'ခင်ဗျာ'

'ဒကာကြီးဟာ တကယ့်ကို ဘုန်းရှင်ကံရှင်ပဲ၊ တစ်နေ့ အကြီးအကျယ် ထင်ရှားမယ့် ပုဂ္ဂိုလ်ပေပဲ၊ အိပ်မက်လက္ခဏာကျမ်းအလိုရ ဒါသည် ဘုန်းရှင်ကံရှင် သူတော်စင်ဖြစ်မည့် ပုဂ္ဂိုလ်များမှ မက်တဲ့ အိပ်မက်ဗျ၊ ဒါ တကယ့်ကို ပဋ္ဌာန်းဆက်ဆက်ကြုံလို့ မက်ရတဲ့ အိပ်မက်ကောင်း၊ အိပ်မက်ဆန်း ကျုပ်တို့တောင် ဒီလို အိပ်မက်ထူး၊ အိပ်မက်ဆန်းမျိုး မမက်ဖူးဘူး. . .

ဒကာကြီး အချိန်တန်ပြီ၊ ထ. . . ဒီနေ့ပဲ သင်္ကန်းဝတ်၊ ဘုန်းကြီး ဥပဇ္ဈယ်ပြုမယ်. . . ထ'

'အချိန်တန်ပြီ'

'အချိန်တန်ပြီ'

'အချိန်တန်ပြီတဲ့'

သူ နေရာမှ ထလိုက်သည်။ ထူးဆန်းသည်ကား သူ့ကိုယ်ပေါ်မှာ





သင်္ကန်းလုံးနှင့် ဟင်းရေနံ့များ ရနေမြင်နေရခြင်းပဲ ဖြစ်သည်။ ဒါနှင့်အတူ အဏ်ရာများသည် ထူးဆန်းစွာ အနာကျက်သလို ရှိနေ၏။

မဆိုစကောင်း ဆိုစကောင်း။

တန်ခိုးတော်ရှင် အဖရဟန္တာကြီး အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးများ ဆွမ်းဆန်ဝင်တော်ရေနှင့် လောင်း၍ ရောဂါကို ပျောက်အောင်ကုပေးလိုက်လေ ရော့သလား။

သူ အရှင်ရဟန္တာ မထေရ်မြတ်ကြီးကို ထပ်မံ၍ ရိုသေစွာ ဦးခိုက်ပြီး ဘုန်းကြီးအိုကြီးနောက်မှ လိုက်ခဲ့လိုက်၏။

ရွာသူရွာသားများကား ခန္ဓာကိုယ်ပေါ်မှာ အဖုအသီးများ ပြည့်ပြီး ခြောက်စရာကောင်းလှသည့် ခန္ဓာကိုယ်ပိုင်ရှင်. . . ။

ပင်လယ်ထဲက ဖောင်ပေါ်မှာ မေ့မြောလိုက်ပါခဲ့သော လူထူးဆန်းကြီး သူ့ကို အထူးအဆန်းလို လိုက်ကြည့်ပြောဆို ဝေဖန်ပြီး သူ့နောက်မှာ တစ်စုတစ်ဝေးကြီး လိုက်ပါခဲ့ကြလေသည်။

သူ ဘုန်းတော်ကြီး ဦးရေဝတ ကောင်းမှုဖြင့် ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ကျေးရွာရှင် ဆရာတော်၏ အနီးကပ် သွန်သင်ပြသမှုနှင့် ကမ္မဋ္ဌာန်းတရား ဝိပဿနာတရားများ ကျင့်ကြံပွားများ လာခဲ့ပြီး တရား(မြွှ)ရဲ့ အရသာကို ခံစားနားလည် တန်ဖိုးထားခဲ့သည်။ အမြင်အကြားများ ရလာသည်။

ထူးဆန်းသော ဂမ္ဘီရစွမ်းအင်များ ဝင်ရောက်လာခဲ့သည်။

များမကြာမီ သင်္ကန်းဝတ်နှင့် မဟာမြိုင်တောသို့ ရောက်ပြီး တရားကျင့်ခဲ့သည်။ ကမ္မဋ္ဌာန်းပေါက်မြောက်လာသောအခါ နိမိတ်များကို ထူးဆန်းစွာ မြင်ခဲ့ရပြီ။ လူတစ်ယောက်ရဲ့ဘဝကို ပြောနိုင်ဆိုနိုင် အဆင့်သို့ ရောက်လာခဲ့၏။

ဒီမှာ ဘဆံရှည်နှင့် တွေ့ပြီး ဂန္ဓာရီစခန်း ဝင်ခဲ့ပြန်သည်။ စိတ်ခြင်းကူးလူး ပြောဆိုနိုင်သည်။ စိတ်စွမ်းအားများ ရရှိလာခဲ့ပြန်သည်။

သည့်နောက်ပိုင်း သူ လူများနှင့် ဝေးဝေးနေချင်လာပြန်သည်။

သို့ဖြင့် ဆရာအရှင်များကို ခွင့်ပန်၍ တောင်ငါးလုံးချိုင့်ဝှမ်း၊ မဟာမြိုင်ကလေး တောစွန်းမှာ တောမှီရဟန်းလိုကျင့်၍ ရှုတင်များကို ဆောင်ခဲ့လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

၁၇ဂ၁၁

## သိလသမာဓိကိုနှတ်တို့ ပူဇော်ကြသောအခါ

'. . . . . . ပြောရရင်တော့ ဒကာကြီးရာ ဘုန်းကြီး သမထနဲ့ ဂန္ဓာရီ လမ်းကြောင်းခရီးမှာ အလွန့်ကို ထူးဆန်းအံ့ဩဖွယ်ရာတွေကို ကြုံတွေ့ခဲ့ရ တယ်၊ ဒါတွေကို နောင်အခါ အခွင့်သင့်ရင် ပြောပြမယ်ကွဲ့'

မှတ်ချက်။ ။ ကျောက်ဘီလူး ကျွန်းပြန် ဘကျွန်း(ခ)ဘုန်းတော်ကြီး ဦးကဝိဓဇ၏ ကြုံတွေ့ခဲ့ရသော ဂန္ဓာရီစခန်းမှ ထူးဆန်းအံ့ဖွယ်များကို သီးသန့် စာအုပ်တစ်အုပ် ရေးရန် စီစဉ်နေပါသည်။
(စကားချပ်)

'အဲဒီမှာ ဘုန်းကြီးရဲ့ မနောအာရုံထဲမှာ ဒကာလေး မောင်မိုးကြိုးရဲ့ အင်္ဂါရုပ် ပေါ်လာခဲ့ပြီး၊ ဒကာလေး ကြုံတွေ့ရင်ဆိုင်နေရတဲ့ ဒုက္ခများကို စိတ်မနောနဲ့ ခံစားသိရှိခဲ့ရတယ်၊ ဒါနဲ့ ဘုန်းကြီးရဲ့ ကပ္ပိယဆိုလည်းဟုတ် တပည့်လည်း ဟုတ်တဲ့ ဟောဒီ ဝိဇ္ဇာကြီး ဘိုးဆံရှည်ကို မောင်မိုးကြိုးထံ လွှတ်ပြီး ဘဝကို ထိန်းမတ်ကယ်တင်ဖို့ လွှတ်လိုက်တာပဲ. . . ဘာကြောင့်





မောင်မိုးကြိုးထံကိုမှ ရွေးပြီး လွှတ်လိုက်ရတာလဲ ဆိုတာရော သိရဲ့လား၊ ဒကာလေး'

'မသိကြောင်းပါ ဘုရား'

'ဘုန်းကြီးရဲ့ လူ့ဘဝတုန်းက တပည့်များအားလုံးထဲမှာ ဒကာ မောင်မိုးကြိုးဟာ ပါရမီဓာတ်ခံကောင်းသူ တစ်ယောက်ဖြစ်မှန်း သိခဲ့ရလို့ပဲ၊ ဒီကိစ္စကို ဘုန်းကြီး လျှို့ဝှက်စီစဉ် ဆောင်ရွက်ခဲ့ရာက ခုတော့ ငါ့တပည့် မောင်မိုးကြိုးကို ပဋ္ဌာန်းဆက်များရဲ့ ဆန်းကြယ်ပုံကို ပြောပြချင်လို့. . . ပြီး ဒကာ့ရဲ့ ရှေ့ခရီးစဉ်အတွက် လမ်းခင်းပြချင်လို့ ခေါ်လိုက်ရတာပဲ၊ ဒကာတို့'

မိုးကြိုးရော ကျွန်တော်ပါ ကြားရသည့်ဖြစ်စဉ်စကားများကြောင့် အံ့ဩခဲ့ရ၏။ ပြီး ဝမ်းသာခဲ့ရ၏။

'မှန်. . . မှန်ပါ ဆ. . . ရာ. . . ကြီး၊ အဲ. . . အဲ. . . ဘုန်းဘုန်း ဘုရား၊ အရှင်ဘုရားကို မသေမပျောက်ဘဲ ပြန်တွေ့ရလို့ တပည့်တော်တို့ ပြောမပြနိုင်အောင် ဝမ်းသာရသလို၊ အရှင်ဘုရားရဲ့ သမာဓိနဲ့ မေတ္တာတရား ကို ကိုယ်တွေ့မြင်ရလို့လည်း အတိုင်းမသိ ရှိသေရပါတယ် ဘုရား. . .

ပေါက်ချွန်းတို့များ ကြားရင်လည်း အရမ်းကို ဝမ်းသာပြီး ပြေးလာ ကြမှာပါပဲ ဘုရား. . . ဘုရားတပည့်တော် ဒီနေ့ကစပြီး ဘုန်းဘုန်းအပါးမှာ ပညာယူခွင့်၊ ခစား ခြေဆုပ်လက်နယ်ပြု ကျေးဇူးဆပ်ခွင့်ပြုပါ ဘုရား'

မိုးကြိုးက ဘုန်းဘုန်းကြီး(ဦးကဝိဓဇ(ခ)ဦးဘကျွန်း)ရဲ့ မျက်နှာကို အားကိုးတကြီး ကြည့်ပြီး ပြောလိုက်သည်။

'ရဟန်းဘဝဆိုတာ လိုက်နာရတဲ့ ဝိနည်းကျင့်ဝတ်စည်းကမ်းများ (၂၂၇)သွယ် ရှိတယ် ဒကာလေး၊ ဒီဝိနည်းသိက္ခာပုဒ်ကို အမှန်တကယ် လိုက်နိုင်ရင် ရဟန်းဘဝဟာ လွန်စွာ သန့်စင်မွန်မြတ်တယ်၊ သိက္ခာပုဒ်ကို ချိုးဖောက်ရင် ငရဲကို တန်းသွားရတာ. . . စဉ်းစဉ်းစားစား လုပ်ပါလေ'

'တပည့်တော် လိုက်နာနိုင်မှာပါ ဘုရား'

ဒီမှာ ဘုန်းဘုန်းကြီး ဦးဘကျွန်းက မိုးကြိုးနှင့် ကျွန်တော်တို့ရဲ့ မျက်နှာကို စိုက်ကြည့်ပြီး မျက်စိကို အာရုံခံသလို အတန်ကြာပြုနေ၏။

'ဒကာမိုးကြိုး'

'ဘုရား'

'အချိန် မကျသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘု. . . ရား. . . ဘာကြောင့်. . . အချိန်မကျသေးတာလဲ အရှင်ဘုရား'

'ဒကာလေး အခုသွားမည့်လမ်းက သံဃာလမ်း မဟုတ်သေးဘူး ဝိဇ္ဇာလမ်း'

'ဝိဇ္ဇာလမ်း. . . ဟုတ်လား အရှင်ဘုရား'

'ဟုတ်တယ်၊ မဟိဒ္ဓိ. . . သိဒ္ဓိလမ်း၊ ပညာစဉ်လမ်း၊ အဲဒီခရီး အဲဒီလမ်းမှာ ကုသိုလ်ကောင်းမှုများ၊ စွန့်လွှတ်မှုများ၊ ကယ်တင်မှုများ၊ ဆေး အတတ်၊ ဂန္ဓာရီအတတ်များနဲ့အတူ ဘဝတိုးတက်လမ်းကို သွားရဦးမယ် အဆုံးခရီးကျမှ ဘုန်းကြီးတို့ရှိရာကို မုချမသွေ ရောက်လာရလိမ့်မယ်'

'ဟုတ်ပါ့မလား အရှင်ဘုရား'

မိုးကြိုးက ငယ်ဆရာအရှင်းမို့ ငယ်စဉ်ကလိုပဲ မေးလိုက်မိ၏

'မယုံရင် စောင့်ကြည့်ပါ. . . ဒကာ၊ ဝိဇ္ဇာလမ်းကို ရောက်မလား သံဃာလမ်းကို ရောက်မလား. . . စောင့်ကြည့်နေပါ၊ ဒီမှာ တပည့်၊ နက်ဖြန် မိုးလင်းရင် ငါ့တပည့် မူလ လာရာခရီးကို ပြန်သွားရဦးမယ်၊ အကြွေးတွေ ရယူရဦးမယ်'

'ခင်ဗျာ. . . တပည့်တော် အကြွေးတွေ ရယူရအုံးမယ်၊ အရှင်ဘုရား တပည့်တော် ဘယ်သူ့ကိုမှ ငွေကြေးဥစ္စာ မချေးငှားခဲ့ဖူးပါဘူး ဘုရား ရစရာ. . . ဘာ. . . ဘာ. . . အကြွေးမှ မရှိပါဘူး ဘုရား'

'အကြွေးရဦးမှာပါ၊ ဒါပေမယ့် အဲဒီအကြွေးကို အဆပ်ခံရတာ ဖြစ်ပြီး. . . အမှန်တကယ် ရရှိခံစားရမှာက ဟောဒီကောင် မောင်ဆိုင်းပဲ'

'ခင်ဗျာ'

ဘုန်းဘုန်းကြီး စကားကြောင့် စကားတစ်လုံးမှ ဝင်မပြောပဲ ငေးဆေး နားထောင်နေသည့် ကျွန်တော် ခေါင်းတုန်အောင် အံ့သြသွားခဲ့ရ၏။

'တပည့်တော် ခံစားရမယ် ဟုတ်လား၊ ဆရာကြီး. . . အဲ. . . အ'

'ဟုတ်တယ်. . . အဲဒီခရီးဟာ မိုးကြိုးရဲ့ ဘဝကို အဆုံးအဖြတ်ပေး မယ့် ခရီးပဲ၊ ဒီခရီးမှာ မင်း အဝိဇ္ဇာဖြစ်မလား၊ ဝိဇ္ဇာဖြစ်မလား ဆိုတာ. . . မင်းကိုယ်မင်း မှတ်ကျောက်တင်ရမယ့်ပွဲပဲ၊ မင်းတို့ အဲဒီခရီးမှာ အံ့ဖွယ်ဖြစ်ရပ် များနဲ့ ကြုံကြရလိမ့်မယ်. . .

ကိုယ့်ပညာ၊ ကိုယ့်ဦးနှောက်၊ ကိုယ့်ခံစားချက်နဲ့ ကိုယ့်ပစ္စုပ္ပန်





အနာဂတ်ကို ထည့်ဆောက်ကြ. . . မိုးလင်းရင် မင်းတို့နှစ်ယောက် မူလအရပ် ကို ပြန်ကြ. . . ဘုန်းကြီး ဆွမ်းစားပြီးရင် တရားမှတ်တော့မယ်'

'တပည့်တော်တို့ ဦးခိုက်ပါသည် ဘုရား'

'သာဓု. . . သာဓု. . . သာဓု. . . ငါ့တပည့်များ လူ့အကျိုး၊ ရပ်အကျိုး ဘာသာ သာသနာအကျိုး စောင့်ရှောက်နိုင်မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ပါစေဗျာ'

သည့်နောက် ကပ္ပိယတစ်ဖြစ်လည်း ဘဆံရှည်က ဆွမ်းခဲ့မြင်၍ ဆွမ်းကပ်၏။ ဟင်းပွဲ၊ ဟင်းလျာများ စုံလင်များပြားပါသော်လည်း ဘုန်းတော် ကြီး ဦးဘကျွန်းသည် သက်သတ်လွတ်သာ ဘုဉ်းပေး၏။

ဒီမှာ ပြောင်းလဲမှုတစ်ခုကို မြင်လိုက်ရ၏။

တစ်ချိန်တစ်ခါ မိမိတို့နှင့်အတူ ကောင်းအတူ ဆိုးဘက် နေကြစဉ် အချိန်က ထမင်းတစ်ခါစားလျှင် ပန်းကန်ဆေး သံဇလုံကြီး တစ်လုံးနှင့် ဟင်းထမင်းများ ထည့်နယ်ပြီး အားရပါးရ စားလေ့ရှိသည့် မိမိတို့ဆရာကြီး (ယခု ဘုန်းကြီး)သည် ယခုအခါ သက်သတ်လွတ်ဆွမ်းဟင်းကို ပန်းကန်ပြား လေးနှင့်သာ ဘုဉ်းပေးတော့၏။

ရေသောက်လျှင် မောင်းထောင်ချိုင့်နှင့် မော့သောက်လေ့ရှိသူကြီး သည် သောက်ရေကိုပင် တစ်ငုံမျှသာ ဘုဉ်းပေးတော်မူ၏။

ပြောင်းလဲခြင်းကိုသည် အံ့ဘနန်းပါကလား။

သည့်နောက် ဘုရားစင်ရှေ့မှာ ထိုင်၍ တရားမှတ်တော့၏။

ကျွန်တော်တို့သုံးဦးလည်း တိတ်ဆိတ်စွာဖြင့် နံနက်စာကို စားကြ ၏။ ဝါးကွပ်ပျစ်စင်ပေါ်မှာ ထမင်းဟင်းများကား အများကြီး။

၎င်းထမင်းဟင်းများအနက်မှ အချို့ကို ညနေစာအတွက် ချန်ပြီး အဘဆံရှည်က ခွေးနက်ကြီးများကို ကျွေးလိုက်သည်။

ဖျာကြမ်းပေါ်မှာ ဟင်းထမင်းများကို ခွဲဝေ၍ ပုံလိုက်သည်။ မကြာမီ ခွေးနက်ကြီးများ ရောက်လာပြီး ဟင်းထမင်းများကို စားကြ၏။

စားကြသည်မှာ လုယက်တွန်းတိုး၍ စားကြသည်မဟုတ်။ ငြိမ်သက် စွာ အသံမထွက်ဘဲ ခေါင်းချင်းဆိုင်၍ ညင်ညင်သာသာ စားနေကြသည်ကို မြင်လိုက်ရသောအခါ ဤအရပ်၊ ဤဒေသ၊ ဤနေရာဝန်းကျင်သည် အလွန် ကို ဂမ္ဘီရဆန်သော နယ်မြေဒေသပါလားဟု နားလည်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'အဘ'

'ဘာလဲ မောင်မိုးကြိုး'

'အဘကို မသိလို့ မေးပါရစေ အဘရာ'

'ဘာလဲကွဲ့. . . မေး. . . မေး'

'ဟို. . . ဟို. . . မနက်တုန်းက ဆွမ်းအုပ်လာပို့တဲ့ အမျိုးသမီးတွေ က ဘယ်ရွာကများလဲဟင်'

'ဘာဖြစ်လို့လဲ မောင်မိုးကြိုးရဲ့'

'တော်တော့်ကို ချောတာပဲနော်'

'အဟဲ. . . ဟဲ. . . ဟဲ. . . ငါ့လူ သဘောကျလို့လားကွဲ့. . . အဘ'

'ဒီလိုသဘောနဲ့ မေးတာ မဟုတ်ပါဘူး ဘရာ၊ ဒီလောက် နတ်သမီး တစ်မျှ လှပလွန်းလှတဲ့ ရွာသူတောသူများ ဒီအရပ်ဝန်းကျင်မှာ ရှိနေတာကို အံ့ဩလို့ပါ၊ ပြီး. . . သူတို့ စကားပြောတာ အသံလည်း မထွက်ကြဘူး အဲဒါ သိချင်လို့ပါ'

'အိမ်း. . . ဒီလိုရှိသကွဲ့ မောင်မိုးကြိုးရဲ့၊ ဒီနားဝန်းကျင်မှာ ရေသာချိုး ချောင်းကုန်း၊ ပြုကလို့၊ လက်ပံကုန်း၊ ရွာသာအေး၊ မင်းကြီးရွာ ဆိုပြီး ရွာ အတော်များများ ရှိကြသကွဲ၊ အလျင်က ငါလည်း မင်းလိုပဲ ဘဆရာဘုန်း ကြီးနဲ့အတူ နေတော့ ဒီလိုရွာနဲ့ အလွန်ဝေးတဲ့ တောထဲကို ဆွမ်းအုပ်များနဲ့ အမျိုးသမီးများ ဆွမ်းအုပ် နေ့စဉ် လာပို့ကြတာ အရမ်းအံ့ဩခဲ့တယ်. . .

သူတို့ စကား မပြောကြဘူး၊ ပြောရင် အသံမကြားရဘူး၊ ဆွမ်း အုပ်များကို သူတို့ဘာသာ သူတို့ စီစဉ်လဲလှယ်ပြီး ဘုန်းကြီးကို ဝတ်ဖြည့်ပြီး ပြန်ကြတာပဲ. . . တစ်နေ့ ငါက သူတို့ကို ဘယ်ရွာကလဲ မေးရော. . .'

'ဘာပြောလဲ အဘရဲ့'

'ဘာမှ ပြန်မပြောကြဘူး. . . ငါ့ကို အားလုံးက ဝိုင်းရယ်ပြုံးပြီး အရိပ်အသေပေးလို့ ပြန်သွားကြရောဗျာ'

'ဟင်. . . တစ်မျိုးပဲနော်၊ တိုင်းရင်းသားတွေနဲ့လည်း တူတယ်နော် အဘ'

'အေး. . . လူမျိုးစုံလို့ပဲကွ၊ ဒါနဲ့ ငါက နောက်ပိုင်းမှာ သူတို့ ဘယ် ရွာ၊ ဘယ်အရပ်ကလည်း သိချင်လို့ စောစောက ရွာများဝန်းကျင်မှာ သွားစုံ စမ်းတော့ မသိဘူးတဲ့. . . ဗျာ'





'ဟင်'

'အခြားရွာတွေ သွားမစုံစမ်းဘူးလား အဘရဲ့'

'ရွာက ဒီဝန်းကျင်မှာ များတယ်၊ တောတောင်တွေများတော့ သားရဲ အန္တရာယ် စိုးရိမ်ပြီး လိုက်မစုံစမ်းတော့ပါဘူးကွာ၊ နောင်တော့ သူတို့ ဆွမ်း အုပ်များ လာပို့ရင် ငါလည်း ပြုံးပြပြီး ဖာသိဖာသာ နေလိုက်တော့တာပဲ'

ဒီမှာ ကျွန်တော်က မေးလိုက်သည်။

'သူတို့ကိုယ်က အမွှေးရနံ့ ရလားဟင် အဘ'

'ဟာကွာ. . . ဒါက နမ်းကြည့်မှ သိရမှာ ဥစ္စာကြီး. . . မင်းကလည်း'

'မဟုတ်ဘူးလေ. . . ထူးထူးခြားခြား ရနံ့များ ရသလားလို့'

'ပန်းမျိုးစုံ ပန်ထားကြတာဆိုတော့ ပန်းမျိုးစုံရနံ့တော့ ရတာပေါ့ မောင်ဆိုင်းရာ၊ ဒါနဲ့ မကြာပါဘူးကွာ၊ အဲဒီ ခွေးနက်ကြီးတွေ ရောက်လာကြ ပါရော. . . ဗျာ'

'ဒီခွေးနက်ကြီးတွေက ဘယ်က ခွေးကြီးတွေလဲ အဘရဲ့ ကြောက် ရောကောင်းလိုက်တဲ့ အကောင်ကြီးတွေဗျာ၊ ရွာထဲကပဲလား'

'မဟုတ်ဘူး. . . ရွာတွေထဲမှာ ဒီလိုကြီးမားတဲ့ ခွေးနက်ကြီးတွေ မရှိဘူး၊ ချင်းခွေးပုတွေ၊ အမဲလိုက်ခွေးတွေပဲ ရှိတာရယ်၊ ဒီခွေးနက်ကြီးတွေ ဘယ်ကလာလဲ ငါ မသိဘူး. . . ကျောင်းကို နေ့နေ့ညည စောင့်ရှောက်နေတာ ပဲကွ၊ အဲ. . . အတိအကျသိချင်ရင် မင်းသွားမေးကြည့်'

'ဟာဗျာ. . . အဘကလည်း'

'ဟား. . . ဟား. . . ဟား. . . ဟား'

'ဟား. . . ဟား. . . ဟား. . . ဟား'

ညဘက်သို့ရောက်သောအခါ ပို၍ ထူးဆန်းဖွယ်ရာ တစ်ချက်ကို ကျွန်တော်တို့ နှစ်ဦး ကြုံလိုက်ရလေသည်။ အိပ်ရေးတစ်နိုးမှာ ကျွန်တော်နှင့် မိုးကြိုး အပေါ့ထသွားကြ၏။

'ဟာ'

'ဟယ်'

'ဟေ့ကောင် မိုးကြိုး. . . ကျောင်း. . . ကျောင်းပေါ်ကို ကြည့်လိုက် စမ်း'

'ဟာ. . . အေး. . . ဟာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြင်လိုက်ရသည်ကာ ဘဘုန်းကြီး ဝါးကျောင်းခေါင်ပေါ်မှာ ဖြာထိန်နေသော အလင်းရောင်များ ဖြစ်၏။ လရောင်မဟုတ်။ ထူး စစ်မီးရောင်စုံ ဆလိုက်လင်းသလို အရောင်စုံ ဝါးကျောင်းခေါင်မိုးပေါ်မှာ လင်းထိန်ဖြာနေခြင်း ဖြစ်၏။

၎င်း အလင်းရောင်များသည် ဝန်းကျင်ကိုပါ လင်းထိန်စေ၏။

အံ့သြလွန်း၍ ဘဆံရှည်ကို နှိုးလိုက်သည်။

'ဘဆံရှည် . . . ဘ . . . ဘ . . . ထ . . . ပါဦးဗျ'

'ဘာဖြစ်ပြန်ပြီလဲကွာ . . . အိပ်နေတဲ့ဟာကို'

'ထကြည့်စမ်းပါဦး ဘရဲ့၊ ထ . . . ကြည့်စမ်းပါဦး'

'ဘာလဲ . . . ဘာလဲ . . . ပြော . . . ချီးမှပဲ'

'ဟို . . . ဟို . . . ဘုန်းကြီးကျောင်း ခေါင်ပေါ်မှာ အလင်းရောင်တွေ ဖြာပြီး အပေါ်ကို ပျံတက်နေလို့ဗျ'

ဒီမှာ ဘဆံရှည်က ထ၍ ကြည့်လိုက်၏။ ၎င်းအဖြစ်ကို မြင်လိုက်ရသောအခါ ဘဆံရှည်သည် မြေပြင်မှာထိုင်၍ ဝါးကျောင်းရှိရာကို လက်အုပ်ချီ၍ ကန်တော့လိုက်၏။ သူ သို့ကလို ကန်တော့တော့ ကျွန်တော်တို့ နှစ်ဦးကလည်း ထိုင်ပြီး ကန်တော့လိုက်ကြသည်။

'ဘ . . . အဲ . . . ဒါ . . . ဘာလဲဟင် . . . ဟင်'

'ဒါ လပြည့်နေ့ညရောက်တိုင်း ထူးဆန်းစွာ ဖြာထွက်နေတဲ့ အလင်းရောင်ဆန်းတွေပဲ'

'အဲဒါ ဘာလဲလို့ မေးတာပါဗျ'

'သစ္စာ သမာဓိ သီလ ဘာဝနာနဲ့ စင်ကြယ်နေတဲ့ တို့ဆရာဘုန်းကြီးကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ တောပိုင်တောင်စောင့်များနဲ့ ရုက္ခစိုးကြီးများက အလင်းရောင်နဲ့ ပူဇော်ကြသနဲ့ တူပါရဲ့ကွာ'

'ဗျာ'

'ဗျာ'

❦ ❦ ❦

# မြေကြီးကျွံသည့်လူမိုက်မင်းကြည်လှိုင်

ဘဘုန်းကြီး၏ တောင်ချိုင့်ဝှမ်း မဟာမြိုင်ကလေးမှ မိမိနှင့် မိုးကြီးတို့ နဂိုနေထိုင်မှီခိုရာ( . . . )အရပ်သို့ ပြန်ရောက်ခဲ့ကြ၏။

တစ်နေ့ . . .

မြေကြီးပတ်ကြားအက်ထဲ ကိုယ်တစ်ပိုင်းကျွံပြီး ပြန်တက်၍မရသော မြေမျိုသလို ဖြစ်နေသည့် လူတစ်ဦးကို ကယ်တင်ကူညီပါရန် လာရောက်အကူအညီတောင်း၍ ကျွန်တော်နှင့် မိုးကြီးတို့ ဝါးခြောက်သောင်းရွာ ကွင်းထဲသို့ ရောက်သွားကြ၏။

ကွင်းထဲမှာ လူများ ဖွေးနေသည်။

ကျွန်တော်တို့ ရောက်သွားသောအခါ လူများက ဝမ်းသာအားရဖြစ်သွားပြီး နေရာဖယ်ပေးလိုက်ကြ၏။

ကြည့်လိုက်တော့ အသက်(၃၀)ခန့် လူရွယ်တစ်ဦး။ အသားကသပိတ်ရောင် ထနေ၏။ သူသည် ပါးပြင်ပေါ်မှ မျက်ရည်များကျပြီး ခြေနှစ်ချောင်းက ဒူးဆစ်အထိ ပတ်ကြားအက်ထဲမှာ နစ်မြုပ်နေ၏။ သူသည် မြေကြီးကို လက်နှင့်ထောက်၍ ရုန်းပါသော်လည်း ချွေးဒီးဒီးကျပြီး ကယ်ကြပါ၊ ချကြပါနှင့် အော်ဟစ်နေ၏။

တစ်ခုတော့ ကံကောင်း၏။

သူ့အနီးသို့ လူကပ်၍ ရ၏။ ဆွေမျိုးသားချင်းများနှင့် သူငယ်ချင်းများ

www.burmeseclassic.com



က သူ့လက်ကိုဆွဲ၍ တင်ကြ၏။ သို့သော် ခြေထောက်က မြေကြီးပတ်ကြား အက်ထဲမှာ နစ်စုပ်ညှပ်နေ၍ ဘယ်လိုမှ ထုတ်လို့မရ။

မိခင်ဖြစ်ဟန်တူသူက အနီးမှာ လှိမ့်၍ ငိုနေ၏။

'သူ့နာမည် ဘယ်သူလဲဗျ'

'မင်းကြည်လှိုင်တဲ့ဆရာ၊ (. . .)သားပါ၊ အရင်က ဇာတ်အငြိမ့်ထဲမှာ ပြဇာတ်မင်းသား လုပ်ခဲ့သူပါ'

'ခု ဘယ်လိုဖြစ်ရတာလဲဗျာ၊ ကြောက်စရာ ကောင်းလိုက်တာရယ်'

'အရက်သောက် မူးလွန်းလို့ ဇာတ်က နှင်လိုက်တာနဲ့ သူ့အမေရှိရာ ဒီရွာကို ပြန်ရောက်လာတာပဲ ခင်ဗျ၊ လူက အရက်မသောက်ရရင် မနေနိုင်ဘူး။ မိခင်က ဆင်းရဲတော့လည်း အရက်ဖိုးကို နေ့တိုင်း မပေးနိုင်ဘူး။ အဲဒါ. . .အိမ်က အိုးခွက်တွေ ယူရောင်းပြီး အရက်သောက်တယ်။ မူးလာတော့ ရွာထဲလိုက်ရန်လုပ်ဆဲရေးတယ်. . .

ပြီး. . .မူးမူးနဲ့ ရွာရှေ့က မထိတတ်ရုပ်ပွားတော်ကြီး ခြေထောက်ကို လက်သီးနဲ့ထုထိုးပြီး ကြိမ်းဝါးပြီး အပြန် ခုလို မြေကြီးထဲ ခြေနှုတ်မရသလို ထူးထူးဆန်းဆန်း ဖြစ်သွားတာပဲဗျ'

'ဖြစ်ရလေဗျာ'

'ဒီကောင်မျိုးက သေမှကောင်းတယ်ဗျ. . .ဆရာတို့ရ'

လူတစ်ဦးက မင်းကြည်လှိုင်ဆိုသူ အသားမည်းကို မြေကျွံနေသူကြီးကို ကြည့်၍ ပြစ်ပြစ်နှစ်နှစ် ပြောလိုက်၏။ လူအချို့ကလည်း ဆဲနေကြ၏။

'လူက ပိုက်ဆံသာ လက်ထဲ တစ်ပြားမရှိ မရှာနိုင်တာ၊ ပြောလိုက်ရင် လေကြီးမိုးကြီး ဆရာရဲ့'

'မိန်းမလည်း လိုချင်လို့ ပိုးလိုက်တာ ကမ်းကုန်ရော'

'အား. . .အ. . .အ. . .ကယ်. . .ကြ. . .ပါ. . .ဗျာ'

'ကယ်ကြပါဗျ. . .အမေ. . .အမေ. . .ကျုပ်ကို ကယ်ပါဦး အမေရဲ. . .ဟီး. . .ဟီး. . .ဟီး'

'သေ. . .သေ. . .သေ'

ရွာသူအချို့က အမြင်ကပ်၍ အော်ကြ၏။

ကျွန်တော်တို့ ရောက်သွားတော့ သူက ငိုကြီးချက်မနှင့် အော်ရှာ၏။





'ကျွန်တော့်ကို ကယ်ပါ ဆရာတို့ရယ်၊ ကျွန်တော် မှားပါပြီ ခင်ဗျာ၊ အမေ. . .အမေ့ကို သား တောင်းပန်ပါတယ်၊ ကျွန်တော့် မှားပါပြီ အမေရဲ့ ဟီး. . .ဟီး. . .ဟီး'

ဒီမှာ မိုးကြိုးက မင်းကြည်လှိုင်ဆိုသူ မည်းကြီးကို ကြည့်၍ မေးလိုက်၏။

'ကိုမင်းကြည်လှိုင်'

'ခင်. . .ဗျာ. . .ဗျာ'

'ခင်ဗျား တကယ်ရော နောင်တရရဲ့လားဗျ'

'ရ. . .ရ. . .ပါပြီ. . .ဆရာတို့ရယ်၊ ရပါပြီဗျ. . .ဟီး'

'ခင်ဗျား ဘာလုပ်ခဲ့တာလဲဆိုတာရော မှတ်မိရဲ့လား'

'မှတ်မိပါတယ် ဆရာရဲ့၊ အမေ. . .အမေ. . .အမလေး အမေရဲ့'

'မှတ်မိရင် ပြောစမ်းဗျာ၊ ဘာလုပ်ခဲ့သလဲ'

'ကျွန်တော် မူးလာရင် အမေ့ကို စိတ်ဆင်းရဲအောင် လုပ်ပါတယ်၊ ရပ်သူရွာသားများကို ရန်ပြုပါတယ်'

'ပြီးတော့ရော'

'မ. . .မ. . .နက်က ရပ်တော်မူ ဘုရားကြီးရဲ့ ခြေထောက်ကို မူးမူးနဲ့ လက်သီးနဲ့ထု ထိုးပြီး အားလုံးကို စိန်ခေါ်မိရာကနေ. . .ဟီး. . .ဟီး. . .ဟီး. . .မှားပါပြီ ဆရာရဲ့၊ ဟီး. . .ကျွန်တော်ကို ကယ်ပါ ဆရာရယ်၊ ကယ်ကြပါ ခင်ဗျာ. . .ဟီး'

'ခင်ဗျား သစ္စာဆိုရဲမလား. . .ပြော'

'ဆို. . .ဆို. . .ပါ့မယ် ဆရာ၊ ဆိုပါ့မယ် ဆရာရယ်'

ဒီမှာ မိုးကြိုးက လူတစ်ယောက်ကို ခေါ်လိုက်ပြီး. . .

'သွားဗျာ. . .အဲဒီဘုန်းကြီးကျောင်းက ဗုဒ္ဓဆင်းတုတော်တစ်ဆူ သွားပင့်ခဲ့ပါ. . .မြန်မြန်လုပ်ပါ'

မကြာခင် ရွာသား ပြန်ရောက်လာသည်။ လက်ထဲမှာလည်း တစ်တောင်ခန့်ရှိသော ဗုဒ္ဓကျောက်ဆင်းတုတစ်ဆူ ပါလာသည်။ မိုးကြိုးက ကျောက်ဆင်းတုကို လက်အုပ်ချီ၍ ကန်တော့ပြီး ယူလိုက်ကာ ခြေနှုတ်မရဖြစ်နေသည့် မင်းကြည်လှိုင် ဦးခေါင်းပေါ်သို့ တင်ပြီး လက်အစုံနှင့် ရွက်ထားကိုင်ထား စေ၏။



www.burmeseclassic.com

www.burmeseclassic.com



'လိုက်ဆိုပါ ကိုမင်းကြည်လှိုင်'

'ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အပေါင်းတို့ ခင်ဗျား'

'ဘုရား၊ သံဃာ၊ တရား'

'မှားနေတယ်ကွ၊ ငရဲသားရဲ့ . . . တောက်'

လူအချို့က သွေးရူးသွေးတန်းနှင့် ရွတ်နေသည့် သင်းကို ဒေါ်
၍ ငေါက်လိုက်ကြ၏။

'ဟင် . . . ဟင် . . . ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အပေါင်း
တို့ ခင်ဗျား'

'ဘုရားတပည့်တော်သည်'

'ဘုရားတပည့်တော်သည်'

'မိုက်မဲ မူးယစ်၍'

'မိုက်မဲ မူးယစ်၍'

'ဘုရားကို လည်းကောင်း'

'ဘုရားကို လည်းကောင်း'

'မိခင်ကို လည်းကောင်း'

'မိခင်ကို လည်းကောင်း'

'သမ္မာဒေဝ နတ်မြတ် နတ်ကောင်းများကို လည်းကောင်း'

'သမ္မာဒေဝ နတ်မြတ် နတ်ကောင်းများကို လည်းကောင်း'

'ရဟန်းသံဃာ အရှင်သူမြတ်များနှင့် အရပ်ကို လည်းကောင်း'

'ရဟန်းသံဃာ အရှင်သူမြတ်များနှင့် အရပ်ကို လည်းကောင်း'

'ကာယကံ ဝစီကံ မနောကံ ကံသုံးပါးတို့ဖြင့်'

'ကာယကံ ဝစီကံ မနောကံ ကံသုံးပါးတို့ဖြင့်'

'ပြစ်မှား စော်ကား ရိုင်းပျခဲ့ပါသည် ဘုရား'

'ပြစ်မှား စော်ကား ရိုင်းပျခဲ့ပါသည် ဘုရား'

'အနန္တော အနန္တ စိမ်ရေများ သင့်ခဲ့ပါသည် ဘုရား'

'အနန္တော အနန္တ စိမ်ရေများ သင့်ခဲ့ပါသည် ဘုရား'

'ဘုရားတပည့်တော်သည် နောင်တကြီးစွာ ရရှိ၍'

'ဘုရားတပည့်တော်သည် နောင်တကြီးစွာ ရရှိ၍'

'ရှိခိုးဦးတင် တောင်းပန်ပါ၏'





'ရှိခိုးဦးတင် တောင်းပန်ပါ၏'

'နောင်ကိုလည်း အနန္တော အနန္တငါးပါးနှင့် အရပ်ကိုလည်းကောင်း'

'နောင်ကိုလည်း အနန္တော အနန္တငါးပါးနှင့် အရပ်ကိုလည်းကောင်း'

'နတ်များကိုလည်းကောင်း'

'နတ်များကိုလည်းကောင်း'

'ကံသုံးပါးနှင့် မပြစ်မှားတော့ပါ ဘုရား'

'ကံသုံးပါးနှင့် မပြစ်မှားတော့ပါ ဘုရား'

'မှန်သော သစ္စာကတိ ပြုပါသည် ဘုရား'

'မှန်သော သစ္စာကတိ ပြုပါသည် ဘုရား'

'ဤမှန်သော သစ္စာစကား နောင်တတရားကြောင့်'

'ဤမှန်သော သစ္စာစကား နောင်တတရားကြောင့်'

'အနန္တစိမ်ရေသင့်ခြင်းမှ လွတ်မြောက်၍'

'အနန္တစိမ်ရေသင့်ခြင်းမှ လွတ်မြောက်၍'

'လူကောင်းသူကောင်း ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး'

'လူကောင်းသူကောင်း ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး'

'ရိုသေကိုးကွယ်သူ ဖြစ်ရပါလို၏ အရှင်မြတ်ဘုရား'

'ရိုသေကိုးကွယ်သူ ဖြစ်ရပါလို၏ အရှင်မြတ်ဘုရား'

'ဘုရားနဲ့တကွ ပြစ်မှားမိသူများကို ခွင့်လွှတ်ဖို့ တောင်းပန်လိုက်ပါ မင်းကြည်လှိုင်'

ဒီမှာ မင်းကြည်လှိုင်က ဘုရားရုပ်ပွားတော်ကို ရှက်ထားရင်းမှ

'အနန္တော အနန္တ ငါးပါးအားလည်း တောင်းပန်ပါ၏။ အမေ့ကိုလည်း တောင်းပန်ပါ၏၊ နတ်အပေါင်းကိုလည်း တောင်းပန်ပါ၏။ အရပ်ကိုလည်း တောင်းပန်ပါ၏၊ ဤနေ့ဤရက်မှစ၍ သေရှည်သေရက်လည်း လုံးဝ ရှောင်ကြဉ်ပါ၏၊ ဤမှန်သော သစ္စာစကားကြောင့် ဆိုးဝါးလှသော အပြစ်မှ ချမ်းသာခွင့် ရရပါစေ ဘုရား'

ဒီအချိန်မှာပဲ ကောင်းကင်မှာ ညှိမည်းနေသော ကြောက်စရာ မိုးသားသည် လေပြင်းများနှင့်အတူ လွင့်သွားပြီး နေရောင်ခြည် ပေါ်လာ၏။

ဒါနှင့်အတူ ဘုရားစေတီဘက်မှ ကြေးစည်ရိုက်သံများလည်း ကြားလိုက်ရ၏။ လူအားလုံးသည် စိုးရိမ်ကြီးစွာနှင့် မင်းကြည်လှိုင်ကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်မှာ အစ်ကျသံ ကြားရလုနီးပါး ရှိ၏။

မိုးကြိုးကလည်း လက်အုပ်ချီပြီး ဘုရားစာများ၊ ဂါထာမန္တန် ကို ရွတ်၏။ မေတ္တာပို့၏။ ဒီမှာပဲ မင်းကြည်လှိုင် လှုပ်ရှားလာသည်။ သူ သာသွားသည်။

မကြာခင် ညာခြေကြွ၍ ရလာပြီး ကုန်းပေါ်သို့ တင်လိုက်၏။ ဆက်တို ပဲ ဘယ်ခြေကို ကြွ၍ ကုန်းပေါ်သို့ တက်လိုက်သောအခါ နစ်နေ ခြေနှစ်ချောင်း မြေကြီးအက်ကြားမှ လုံးဝ လွတ်သွားလေသည်။

'ဟာ'

'ဟယ်'

'အလိုလေး. . . အံ့ဩစရာပါကလားဟေ့'

'အမေ'

'သား. . . လူ. . . လေး. . . မင်း. . . ကြည်. . . လှိုင်'

မိခင်အိုကြီးသည် ဝမ်းသာအားရ မျက်ရည်လည်ရွဲနှင့် သား သူ့ကို ပြေးဖက်၍ ငိုချလိုက်၏။ မင်းကြည်လှိုင်ကလည်း ညာလက်က ဆင် တော် ထိန်းကိုင်ရင်း ဘယ်လက်နှင့် မိခင်ကို ဖက်၍ ဝမ်းသာအားရ ငို လိုက်၏။

ဒီမှာ မိုးကြိုးက ဆင်းတုတော်ကို လှမ်းယူလိုက်သည်။ လူပေါ် စွာတို့သည် မကြုံစဖူး အံ့ဖွယ်ဖြစ်ရပ်ဆန်းကို မြင်လိုက်ရပြီး အော်ဟစ် ဆို ဝေဖန်ကာ သူတို့အနီးသို့ ဝိုင်းအုံလာကြ၏။

မင်းကြည်လှိုင်က မိခင်အိုကြီးရဲ့ ခြေအစုံကို မျက်ရည်နှင့် ဦးခိုက် ၍ ကန်တော့၏။ ပြီးနောက် မိုးကြိုးရဲ့ ခြေအစုံကို မျက်ရည်စို ပါးပြင် ပွတ်ပြီး စကားမျှမပြောနိုင်ဘဲ ကန်တော့၏။ ဘုရားစေတီများ ရှိရာ လှည့်၍ ကန်တော့၏။

အကြိမ်ကြိမ်ကို ကန်တော့လိုက်တော့၏။

ကျွန်တော်ကား မိုးကြိုးရဲ့ တတ်သိနားလည်နေသော ပညာ အစွမ်းနှင့် ဂမ္ဘီရအစွမ်းများကို ကြည့်၍ လူမိုက်တစ်ယောက်ကို လူကောင်း တစ်ယောက်ဖြစ်အောင် မေတ္တာ၊ သစ္စာနှင့် ဘုရားကု ကူ၍ ကယ်လိုက်ပြီ ပြီကောဟု နှစ်ထောင်းအားရ ဖြစ်နေမိလေသည်။

♛ ♛ ♛

# ဇော်ဂျီဖိုဝင်သားတဲ့လားဟေ့

ကျွန်တော်နှင့် မိုးကြိုးတို့သည် လူမိုက်တစ်ယောက်ကို အမြင်မှန် သိတရားနှင့် ရတနာသုံးပါး၊ သစ္စာကတိတရား တန်ဖိုး နားလည်သိရှိ အောင် ကူညီဆောင်ရွက်ပြီးနောက် ရွာလယ် လက်ဖက်ရည်ဆိုင်ဘက်သို့ က်ဖက်ရည်သောက်ရန် လျှောက်ကြစဉ် သီချင်းတစ်ပုဒ် အော်ဟစ်သီဆို နေသည့် အရူးလို လူကြီးတစ်ဦးကို လမ်းခရီးမှာ တွေ့လိုက်ရ၏။ ကလေး၊ လူကြီး၊ မိန်းမများ ဝိုင်းကြည့်ရယ်မောနေကြ၏။

'ကောက်ကလိန်၊ ကောက်ကလိန်၊ ကောက်တဲ့ကောက်ကလိန်၊

ကောက်ကလိန်၊ ကလိန်ကျစ်၊

ချင်းတွင်း ချင်းတွင်း မြစ်ကယ်နှင့်လေး. . .။

ချင်းတွင်းမြစ်ကယ်နှင့်. . . မြောင်းတူရွာ သာလွန်းလှ. . . လေး'

အသက်(၆၀)ခန့် ရှိရော့မည်။ မြင်ဖူးပါတယ်လို့ ကြည့်လိုက်တော့ ဘုံရွှေမော်ဓောဘုရားပေါ်မှာ ကျွန်တော့်ထံမှ ငွေတစ်ကျပ် မရမနေ တောင်း သည့် အရူးကြီးတည်း။

ခုလည်းကြည့် ဆံပင်ရှည်များကို ခေါင်းပေါ်မှာ သျှောင်ငါးထုံး



www.burmeseclassic.com

www.burmeseclassic.com



ထုံးထား၏။ မျက်နှာပေါ်မှာ ထုံးများနှင့် အင်းကွက်စမ ထည့်၍ ဆွဲထားလိုက်သေး၏။ ညာနားတစ်ဖက် ကျောက်နားတောင်းပန်ထားပြီး ဘယ်နားပေါက်မှာတော့ ခေါင်ရမ်းပန်းအပွင့် အာအာကြီးကို ပန်၍ အရက်ပုလင်းတစ်ဝက်အပြည်းတစ်ဖက်နှင့် ပုဆိုးကွဲကြီး ကားကားပြီး၊ သီချင်းပျှား ဟစ်၍ နတ်ဝင်သည်လို ကနေ၏။

ကလေးများက သဘောကျ၍ ရယ်ကြ၏။

အမူးသမားများက လက်ခုပ်ဝိုင်းတီးပြီး ရောက,အော်ဟစ်နေကြ၏။

'လုပ်ပါအုံး ဘကြီးမင်းသားရဲ့ နောက်တစ်ပုဒ်'

'နားဆင်ချင်ကြသပေါ့'

'ဟုတ်ပ့ါ ဇာတ်ဆရာရေ ဘာတဲ့တုံး စိန်သျှောင်ကြီးဖွေရေ'

'. . . မြောင်တူကို လျှောက်ပါလို့ ××× ပိတောက်တဲ့ ရွှေဂူနီသင်းပြန့်ခဲ့ပြီ ×××

ညနေ ××× ညနေဆီ နွယ်နီသောင်စွန်း ×××

ကိုကြီးကျော် ပလီလွန်းတယ် ×××

အသံကလည်း ကောင်းမှကောင်း။ ရုပ်သေးမင်းသားကြီး အသံရယ်။

'ကောင်းလှချည်လား ××× ဒေါင်းမြစည်ရဲ့ ××× အဟဲ့ ဟဲ ဟဲ'

'ကိုကြီးကျော် သျှောင်ကြီးဖွေလားကွဲ့ ××× သားရဲ့'

'မောင်မောင်ကျော် ×× ပလီလွန်းတယ် ×××'

ဒီမှာ အမူးသမား ငါးယောက်ကလည်း သံပြိုင်လိုက်ပေးကြရဲ့။

'မောင်မောင်ကျော် ××× ပလီလွန်းတယ် ×××'

'ကိုကိုကျော် ပလီလွန်းတယ်'

'ကိုကိုကျော် ပလီလွန်းတယ်. . . လားဗျ'

'ဆေးစိုက်တဲ့ ××× ကျွန်း ××× ကျွန်း ××× ကျွန်း'

'မင်းသားကြီးရေ ကောင်းလိုက်ပ့ါ ကလေးရယ် ဘာတဲ့'

'ဆေးစိုက်တဲ့ ××× ကျွန်း ×× ကျွန်း ×× ကျွန်း ×× ဟွန်း ×× ဟွန်း'

'ငါးလား ×× လား ×× လား'

'မောင်ရှိလေ ×××'





'က,လိုက်ကြပါအုံး မင်းသားကြီးရဲ့'

ဒီမှာ အရှုးလိုလူကြီးက ပုလင်းမြှောက်ပြီး ကလိုက်တာ ကွေးလို့။ အမူးသမားများလည်း ရောယောင်ဝင်ကပြီး ဘာကြာလဲ၊ မှူးပြီး မြေပြင်ပေါ်မှာ ပဲကျ မထနိုင်ကြ။

အရူးကြီးကတော့. . . ဆိုကောင်း. . . ကကောင်း. . . ပြောကောင်းဆဲ. . .

'မနိုင်တဲ့ ×× မနိုင် ××× ကိုကြီးကျော်ငယ်ကချစ် ×××

ကွမ်းအစ်တော်ကိုင် ××× မနိုင်လို့ကျကွဲ

'ကိုကြီးကျော် ငယ်ကချစ် ××× ဆိုဖြစ်နိုင်ဘဲ ×××'

'သောက်လိုက်လျှင်ဆူ ××× သည်းအူကဆွေး ×××'

'ဦးစွန်းဖုတ်ကယ်နှင့် ×× တလုပ်ငွေကြုက ×××'

'ပေါင်းယူတဲ့ ××× ချွေး ×× ချွေး ×× ပေား ×× ပေား ×× ပေား ××× ပေား'

သီချင်းဆုံးသည်နှင့် အရူးကြီးသည် အရက်ပုလင်းကို မော့၏။ အရက်များက သူ့ရင်ဘတ်ပေါ်သို့ စီးကျကုန်၏။ သည့်နောက် ထွက်သွားပြန်၏။ အရက်နံ့များကား တထောင်းထောင်း။

သူသည် ဒယီးဒယိုင်နှင့် ကျွန်တော်နှင့် မိုးကြိုး ရှေ့မှ ပိတ်၍ ရပ်ပြီး လက်ကားယား၊ ခြေကားယား လုပ်၍ ရပ်နေ၏။

'ဟာ. . . ဟား. . . ဟား. . . ဟား. . . ဟား'

'ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး အေ့. . . အေ့'

'မိုး. . . ကြိုး. . . ဆို. . . တာ. . . မင်း. . . လား. . . ကွ၊ ဟေအေ့'

ဇာတ်တော့ ရှုပ်တော့မယ်နဲ့တူပါရဲ့။ သူက မေးရင်းမှ အရက်ပုလင်းကို မော့ပြန်၏။

'ပြော့လေကွာ. . . မိုး. . . ကြိုး. . . က. . . မင်း. . . လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ဟာ. . . ဟား. . . ဟား. . . ဟား. . . မိုးကြိုး မိုးကြိုး. . . စက်ကြီးတစ်ဆယ့်သုံးပါး မှာ လောင်မီးကျလျှက် မိုးကြိုး. . . စက်တဲ့၊ ပြင်းထန်ပါ့ဗျာ၊ အေ့. . . ထွီ. . . မင်းက. . . ရော. . . ပစ်ရင် လောင်မီးကျလား၊ ရေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလား. . . ပြော. . . စမ်း. . . အေ့'

'ဘာမှမဖြစ်ပါဘူး ခင်ဗျာ'

'ဒီလိုလား. . . ရော့. . . ဟော့ကောင် မိုးကြိုး. . . မင်းကို ငါလိုက်ရှာ နေတာကွ. . . မင်း ငါ့ကို မှတ်မိရဲ့လား. . . မှတ်မိရဲ့လား'

'မှတ်မိပါတယ် ခင်ဗျ'

'ရမ်းမကြိုတ်နဲ့နော်. . . ဘယ်. . . မှာ. . . သိ. . . တာလဲ. . . ပြော ပြော'

'ပဲခူးရွှေမော်ဓောဘုရားပေါ်မှာပါ ခင်ဗျ'

'ဟာ. . . ဟား. . . ဟား. . . ဟား. . . မှတ်ဉာဏ်ကောင်းသားပဲ အဲဒီတုန်းက ဟိုခွေးမသားဆီက ငါ ငွေတစ်ကျပ် တောင်းခဲ့တာလေ၊ ရော့ ရော့. . . ဟော့ကောင် မင်းအကြွေး. . . ငါ ပြန်ဆပ်တယ်၊ အတိုးနဲ့ တစ် ဆယ်ယူ'

အရှုးငမူးကြီးဟာ သူ့တိုက်ပုံအင်္ကျီအစုတ်ထဲက ဆယ်တန်တစ်ရွက် ကို ထုတ်ပြီး ကျွန်တော်ထံ ထိုးပေးပါရော။ မယူပါရစေနဲ့လို့ ပြောလည်း မရဘူး။ အင်္ကျီအိတ်ထဲ အတင်းထိုးထည့်ပေးတာနဲ့ နောက်ဆုံး ယူထားလိုက် ရတော့၏။

'တစ်နေ့. . . မင်း. . . ဒီဆယ်တန် ဘယ်လောက် အဖိုးတန်တယ် ဆိုတာ ငါ့လူ သိရလိမ့်မယ်ကွာ၊ ဟား ဟား ဟား. . . ရော့ ဟော့ကောင် မိုးကြိုး တစ်ငုံလောက် မော့လိုက်စမ်း'

အရှုးငမူးကြီးက အရက်ပုလင်းကို မိုးကြိုးရဲ့ ပါးစပ်နားသို့ တေ့ ပေး၏။ မိုးကြိုးက အကြောက်အကန်ငြင်း၏။

'နေပါဦး. . . ဘာဖြစ်လို့ ငါ့လူက ငြင်းရတာလဲကွ. . . ဟေ'

'သုရာမေရယကံ မကျူးလွန်ချင်လို့ပါ အဘ'

'ဟား ဟား ဟား ဟား. . . သုရာမေရယကံ မကျူးလွန်ချင်လို့ ဟုတ်လိုက်လေကွာ. . . မင်းက လူလိမ္မာကြီးပေါ့၊ ဘုရားကြိုက် နတ်ကြိုက် ကြီးပေါ့၊ ငါက ဖွတ်ကျား ငရဲလားကြီးပေါ့၊ အသက်ကြီး အချိန်မစီးကြီးပေါ့ ဟုတ်လား. . . ဟုတ်. . . လား'

မိုးကြိုးက ဘာမှမပြော ပြုံး၍သာကြည့်ပြီး နားထောင်နေ၏။

'နေပါဦး. . . ကိုယ့်လူရဲ့. . . သုရာမေရယ ဆိုတာ ဘာကိုခေါ်တာလဲ





'ပြောပါဦးဗျ ဘာကို ပြောတာတဲ့တုန်း. . . စိန်မိုးကြိုးရ အဟုတ်'

'သေရည် သေရက်ကို ပြောတာပါ ခင်ဗျ'

'အသေးစိတ် ရှင်းပါအုံးဗျာ၊ ကိုယ့်ရှူကာလေးရာ'

'အသေးစိတ်တော့ မသိပါဘူး အဘ'

'ဟား ဟား ဟား ဟား၊ မသိဘဲနဲ့များ ကြားဖူးနားဝနဲ့ ခပ်တည်တည် ဖြီးလို့ကွာ၊ အေ့ ဝေ့'

သူက အရက်ပုလင်းကို မော့လိုက်ပြီးနောက် ဆက်ကြည့်၏။

'မှတ်ထားကွ. . . အေ့. . . 'သုရာ'ဆိုတာ မီးနဲ့ချက်ပြီး ပေါင်းခွေး ခံယူတာမျိုးကွ၊ 'သုရာ'မှာတောင် ငါးမျိုးရှိတယ် ကိုယ့်လူရဲ့၊

တစ်. . . မုန့်ညက်ကို အိုးခွံထည့်၍ပြုသော သေရည်ကို 'ပိဋ္ဌသုရာ'ခေါ်တယ်၊

နှစ်. . . မုန့်ညှင်းမုန့်ခဲတို့ဖြင့် ပြုလုပ်တဲ့ သေရည်ကို အေ့. . . 'ပူဝသုရာ'လို့ ခေါ်သကွ၊ သုံး. . . ထမင်းနဲ့ပြုလုပ်တဲ့ သုရာကို 'ဩဒနသုရာ'လို့ ခေါ်ပြန်ရောကွ၊ လေး. . . 'တဆေး'ခပ်လို့ ပြုလုပ်တဲ့ သေရည်ကို 'ကိဏ္ဏပက္ခိတ္တသုရာ'လို့ ခေါ်သေးသဟ၊

နောက်ဆုံး ငါ အထူးထူးသော အဆောက်အအုံတို့နဲ့ ယှဉ် ၍ပြုလုပ်ရတဲ့ သေရည်ကို 'သမ္ဘာရသံယုတ္တသုရာ'လို့ ခေါ်တယ်ဗျာ၊ နားလည် ပီလား. . . နား. . . လည်. . . ပီ. . . လား'

'ဟုတ်ကဲ့. . . ဟုတ်. . . ကဲ့'

အလိုလေး. . .။ အရှုးကား သာမည အရှုးအမူး မဟုတ်ပါကလား။ ပညာရှိ အရှုးငမူးကြီးပါကလား။ သူသည် ကျွန်တော်တို့ မကြားဖူးသည်များကို ပါဠိများနှင့် ရွတ်နေ၏။

'အေး. . . ကြားဖူးပြီဆိုရင်. . . နဂါးရဲသွန်'

ဟော. . . အကောင်းပြောရင်းက ဖောက်ချိုင်ပြီး ဟစ်ပြန်ပါပြီ ခင်ဗျာ။

'နဂါးရဲသွန်×××ရသာမွန်×××ဂဠုန်စို့ပါတဲ့×××

ပင်နို့ရည်×××ထူး×××

သောက်လိုက်ရင်×××ချို××မျိုလိုက်ရင်××ပင်ပေါ်ပေါက်ကယ်××

ကျွမ်းထောက်အောင်မူ×××မူး×××မူး×××ဟူး×××ဟူး၊ ဒီမှာ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟေ့ကောင် နှစ်ကောင် 'သုရာ'တို့ သိကြပြီ. . .'မေရယ'ရော သိလား'

'ဟင့်အင်း'

'မသိဘူးဗျာ'

ကျွန်တော်တို့နှစ်ဦးက လူထူးဆန်း မှုးရှေးကြီးကို စိတ်ဝင်စားသော ရှိုးသားစွာ ပြောလိုက်၏။

'တယ်တုံးတဲ့ ကောင်တွေပဲကွာ၊ အရင်က အရက်သောက်ဖူးတယ် မဟုတ်လား'

'သောက်ဖူးပါတယ် ခင်ဗျာ'

'ဘာလို့ သောက်တာလဲ'

'သောက်ချင်လို့ သောက်တာပါခင်ဗျ'

ကျွန်တော်က စိတ်ပေါက်ပေါက်နဲ့ ဘုတောပစ်လိုက်သည်။ ဒီမှာ သူက. . .။

'ဟို မိုးကြိုးလား. . .မြေကြီးလား၊ မင်းကရော'

'ပျော်ချင်လို့ သောက်ခဲ့တာပါ ခင်ဗျ'

'အေး. . .သေရည်သေရက်အကြောင်း မသိဘဲနဲ့ သောက်နေတဲ့ ကောင်တွေ၊ ဟောဒီ လူပြည်မှာ အများကြီးကွ၊ 'သုရာမေရယ'ဆိုတဲ့ အဓိပ္ပါယ် ကို သိပြီးမှ သောက်ရင် ပညာရှိသောက်နည်း ခေါ်သကွ၊ အဟုတ် အဟုတ် ဒီမှာ မှတ်ထားဦးကွ'

'သုရာ'မှာ ငါးပါးရှိသလို 'မေရယ'မှာလည်း ငါးပါးရှိတယ်ကွ ဖွတ်ကျား နှစ်ကောင်ရ၊ 'မေရယ'ရဲ့ အဓိပ္ပါယ်က နှစ်ကြာလကြာ စိမ်ထား သော အရက်မျိုးလို့ ခေါ်သကွ၊ အဲဒီမှာ တစ်. . .ကြာမြင့်စွာ စိမ်ပြီးထား သော သစ်မည်းစည် ထန်း၊ အုန်း အရည်တို့ကို 'ပုပ္ပါသဝ'လို့ ခေါ်တယ်ကွ နှစ်. . .ကြာမြင့်စွာ စိမ်ထားသော သရက်ပိန္နဲအရည်ကို 'ဖလာသဝ'လို့ခေါ် သကွ၊ သုံး. . .ကြာမြင့်စွာ ထုံပြီးသော 'မုဒရက်' အစရှိသော အရည်ကို 'မဓုသဝ'၊ လေး. . .ကြာမြင့်စွာ ထုံပြီးသော တင်လဲ အစရှိသော အရည်ကို 'ဂုဠာသဝ'ခေါ်ပြန်ရောကွ၊ ငါး. . .ကြစု၊ သျှိသျှား၊သဖန်းခါးတို့နဲ့ ရောပြီး ကြာမြင့်စွာ ထုံသော အရည်ကို 'သမ္ဘာရသံယုတ္တ'လို့ ခေါ်တယ်ကွ၊ ကိုင်း. . . 'သုရာမေရယ'ရဲ့ အဓိပ္ပါယ်ကို နားလည်ပြီလား'

'နားလည်ပါပြီ ခင်ဗျ'





'ဟိုကောင် မောင်တစ်ကျပ်ရော'

'မှတ်မိ နားလည်ပါပြီ ခင်ဗျာ'

'နားလည်ရင် သာဓုခေါ်လေကွာ'

'ဗျာ'

'အင်. . .အင်'

'ဟား ဟား ဟား၊ ကောင်းလေစွ၊ ကောင်းလေစွလို့ ပြောလေကွာ နို့'

'သာဓု. . .သာဓု. . .သာဓု'

'မှတ်သားလောက်ပါပေစွ၊ ကောင်းလေစွ'

ကျွန်တော်တို့နှစ်ဦးသည် ရှုးသော်မူးသော်လည်း ပညာသည်ဆန်၍ မှတ်သားဖွယ်အသိများပါသော စကားဆန်းများကို ကြားသိရ၍ သူ့ကျေးနပ်ရန် သာဓု ခေါ်လိုက်လေသည်။

'ဟေ့ကောင် မိုးကြိုး'

'ဗျာ. . .အဘ'

'ရော့. . .သောက်လိုက်'

'ဟာ. . .မ. . .မ. . .သောက် ပါ. . .ရစေနဲ့ဗျာ'

'သောက်စမ်းပါကွာ၊ ချစ်လွန်းလို့ တိုက်တာပါ၊ သောက်စမ်းပါ၊ ဒီမှာ ကြည့်စမ်း'

'ဂွပ်. . .ဂွပ်. . .ဂွပ်'

'ပြွတ်. . .ပျတ်. . .ပလပ်. . .ပလပ်. . .ဟူး. . .အေ့. . .ရော့'

'ဟင့်အင်း အဘ. . .မသောက်ပါရစေနဲ့'

'အေး. . .အရက်မသောက်ချင်ရင် တစ်ခုတော့ စားကွာ'

'ဘာစားရမှာလဲ အဘ'

'ဇော်ဂျီဖိုဝင်. . .မီးကင်သား'

'ဗျာ. . .ဇော်ဂျီဖိုဝင်သား'

'အိမ်း. . .ရော့'

ဒီမှာပဲ သူက လွယ်အိတ်ထဲမှာ ပစ္စည်းတစ်ခုကို နှိုက်နေ၏။ 'ဇော်ဂျီဖိုဝင်သား'ဆိုပါလား။ ဇော်ဂျီဖိုဝင်သားသည် နှယ်နှယ်ရရ မဟုတ်။ သထုံပြည်မှာ 'ဗားမဲ့'ဆရာတော် ဆေးမြစ်ဆေးပင် ရှာရင်း 'ဇော်ဂျီဖိုဝင်သား'



www.burmeseclassic.com

www.burmeseclassic.com



ကို ကံကောင်းစွာ ရခဲ့၏။

တပည့်များဖြစ်သော ကုလားညီနောင်၊ ဖျတ်ဝိနှင့် ဖုတ္တကို ကောင်း
စွာ သိမ်းထား မစားနဲ့ဟု ပြော၍ ပေးအပ်သိမ်းခိုင်းစဉ်...

'ဇော်ဂျီဖိုဝင်သား'အနံ့က မွှေးကြိုင်လွန်း၍ မနေနိုင်ဘဲ တစ်ခုလုံး
ကို စားမိရာ ကြီးစွာသော ကာယသဒ္ဓိမြောက်ပြီး အကြီးအကျယ် ကျော်စော
ထင်ရှားခဲ့သည်။ သည့်နောက်ပိုင်းက စ၍ ဘယ်သူမှ ဇော်ဂျီဖိုဝင်သားကို
မရခဲ့၊ မကြုံခဲ့ကြ။

အခု အရှုးငမူးကြီး လူထူးဆန်းကြီးက ဇော်ဂျီဖိုဝင်သား ကျွေးမည်
ဆို၍ ကျွန်တော်တို့နှစ်ယောက် မယုံရဲ ယုံရဲနှင့် တစ်ယောက်မျက်နှာ တစ်
ယောက် ကြည့်ပြီး မျက်စပြစ်ပြလိုက်ကြသည်။

ဒီမှာပဲ ထူးဆန်းသော အရှုးငမူးကြီးက လွယ်အိတ်စုတ်ထဲမှ ထမင်း
ကင်နှင့် ပစ္စည်းတစ်ခုကို ထုတ်၍ ပြလိုက်သောအခါ...

'အမလေး'

'အေ...အေ...ဝေါ့...ဝေါ့'

'ဝေါ့...အဟွတ်...အဟွတ်...အော့...ဝေါ့...ဝေါ့...
အမလေး'

မျက်စိရှေ့မှောက် မြင်လိုက်ရသည်ကား ဖျတ်ဝိဖုတ္တတို့ စားခွင့်ရ
သည့် မွှေးကြိုင်သော ဇော်ဂျီဖိုဝင်သားမျိုး မဟုတ်။

'ဖားကင်ကြီးတည်း'

ဖားကင်တောင် ရိုးရိုးစားဖားကင် မဟုတ်။ ဖူးရောင်နေသည့် ဖား
ဂုံညှင်းကွက်ကျား ဝဝပွပွ ခြေကားလက်ကားကြီး ဖြစ်၏။ ၎င်းဖားဂုံညှင်း
ပုပ်ပွကြီးကို ဝါးညှပ်နှင့် ညှပ်၍ ထားရကား အရည်များ စီးကျပြီး ပုပ်
ဟောင်နံ့နေ၏။

'ဂေ့...ဝါး...ဝေါ့'

'အော့...ဝေါ့...ဝေါ့'

'ဟ...ဟ...မင်းတို့ဘာဖြစ်လို့လဲဟ'

'ဇော်...ဂျီ...ဖို...ဝင်...သား ဟုတ်...ဟုတ်လား'

'အေးလေ...မွှေးနေတာ ဥစ္စာ'

'အမေရေ...ကယ်တော်မူပါဗျာ၊ အမေရေ ဒုက္ခပါပဲဗျာ၊ ဘယ်





ဆိုလူစားနဲ့ရှုား လာကြုံနေရသလဲ မသိပါဘူးဗျာ...ဒီမှာဗျ ဘကြီးရ'

'ဘာတုံးလကွ'

'ခင်ဗျားဟာ ဇော်ဂျီဖိုဝင်သား မဟုတ်ဘူးဗျ၊ မဟုတ်ဘူး'

'ဟေ...ဒါဖြင့် ဒါ ဘာတုံး'

'ဒါ...ဒါ...ဖားဂုံညှင်း ဖုတ်...ဝင်သား...ဗျ ဟီးဟီး'

'ဘာ...ဖားဂုံညှင်းဖုတ်ဝင်သား။ ဟား ဟား ဟား ဟား...ကြ
ကြဖန်ဖန်ကွာ၊ ဖားဂုံညှင်း ဖုတ်ဝင်သားတဲ့...ဟား ဟား ဟား ဟား...
ပြောရက်ပါ့ကွာ၊ ဟော့ မောင်မိုးကြိုး ဒါ မင်းနဲ့ ထိုက်လို့ မင်းစားရတာ ဖုံလူ
စား အကုန်စားလိုက်'

'အဲ...အဲ...ဆိုင်း မင်း...မင်း စားလိုက်ကွာ'

'အမလေး...ငွေတစ်သိန်းပေးတောင် မစားဘူး၊ နံလိုက်တာဗျာ၊
လာ...မိုးကြိုး သွားစို့ကွာ...လာ...ဟော့...ဝေါ့...ဝေါ့'

ဒီမှာ မိုးကြိုးနှင့် ကျွန်တော် နှာခေါင်းကို လက်နှင့်ပိတ်ပြီး လှည့်
ထွက်ရော အရှူးအမူး လူထူးဆန်းလူနောက်ကြီးက မိုးကြိုးလက်ကို လှမ်း
ဆွဲပြီး...

'လူကလေး မိုးကြိုး'

'ဗျာ...ဗျာ'

လူကြီးမျက်နှာသည် စောစောကလို အပြောင်အပျက် မဟုတ်တော့။
ခပ်တည်တည် ခန့်ခန့်ပုံစံ ဖြစ်နေ၏။

'ဒီမှာ လူကလေး...မောင်မိုးကြိုး၊ ဒီ ဇော်ဂျီဖိုဝင်သားကို လူ
ကလေး ထိုက်လို့စားရတာ၊ မယုံရင် တစ်ကိုက်ပဲ စားကြည့်...မင်း အံ့ဩ
သွားရစေ့မယ်၊ ရော့...စားစမ်းပါ ငါ့လူရာ၊ လူတစ်သန်းမှာ တစ်ယောက်
မစားရဲတဲ့ပစ္စည်းပါကွာ၊ ရော့...စားစမ်းပါ'

လူကြီးက ဖားပြုတ်ကားကား ပုပ်ပွကြီးကို အတင်းထိုးပေးနေ၏။
မိုးကြိုးရဲ့မျက်လုံး အစုံကိုလည်း လူကြီးက ကြင်နာစွာ စိုက်ကြည့်နေ၏။
မိုးကြိုးသည် လူကြီးရဲ့ ဥပဓိနှင့် အပြုအမူဆန်းများကို ကြည့်ပြီး စဉ်းစားနေ
၏။ ဒီမှာ လူကြီးက မေးဆတ်၍ စားလိုက်ဟု ပြော၏။

မိုးကြိုး ဘဆရာကြီး ဘဘုန်း ဘကျွန်းရဲ့ အမှာစကားများကို
ပြန်ကြားယောင်နေမိ၏။ လမ်းခရီးမှာ ထူးဆန်းသော ဖြစ်ရပ်များနှင့် ကြုံရ



www.burmeseclassic.com

www.burmeseclassic.com



မည့်တဲ့။

ဦးစွာ ခြေထောက်နုတ်မရသည့် လူဆန်းနှင့် ကြုံခဲ့ရ၏။

အခု . . . အရှုးအမူး လူထူးဆန်းနှင့် ကြုံနေရပြန်၏။ လူကြီးသည် မိမိအား စိတ်ဆန္ဒပြင်းပြစွာ ဖားဖုတ်ဝါးညှပ်ကို အတင်းအဓမ္မ ခွတ်ကြီးကျွေး နေ၏။

လူတစ်သန်းမှာ တစ်ယောက် မစားရသည့် ပစ္စည်းဟု ထူးဆန်း သော စကားကိုလည်း ပြောနေ၏။

'စားလိုက် . . . စား . . . လိုက်'

လူကြီးက မိုးကြိုးရဲ့မျက်လုံးကို စိုက်ကြည့်ပြီး ညင်သာစွာ အမိန့် ပေးသလို ပြောလိုက်၏။ ဒီမှာ မိုးကြိုးက ဖြစ်ချင်ရာဖြစ် မိုးကြိုးက ဖားဖုတ် ဝါးညှပ်ကို လှမ်းယူလိုက်၏။

'မိုးကြိုး . . . မ . . . မ . . . စား . . . မစားနဲ့'

ကျွန်တော်က အတင်းလှမ်း၍ အော်လိုက်သည်။ မရတော့၊ မိုးကြိုး သည် မျက်စေ့ကို မှိတ်ပြီး ဖူးပွကားနေသည့် ဖားကြီးကို ကိုက်ချလိုက်သည်။

'ဟင်'

မိုးကြိုး . . . ဖားပြုတ်ကြီးကို ကိုက်ရင်း လွန်စွာ အံ့အားသင့်သွား သည်။ ၎င်းနောက် ဝါး၍ မျိုချလိုက်၏။ အဘိုးကြီးက ပြုံးပြုံးကြီး စိုက်ကြည့်နေ ၏။ ကျွန်ုပ်မှာကား ရွံလွန်း၍ မျက်စေ့ကို စုံမှိတ်ပြီး လှဲထားရ၏။

အတန်ကြာ၍ လှည့်ကြည့်လိုက်သောအခါ . . .

မိုးကြိုးသည် ဖားပြုတ်ပွကြီးကို အားရပါးရစားပြီး အဘိုးကြီးကို ပြုံးပြုံးကြီး ကြည့်နေ၏။ အဘိုးကြီးကလည်း လက်မကို ထောင်ပြ၍ အားရ ဝမ်းသာ ရှိနေ၏။ အဘိုးကြီးက ပုလင်းကို ထိုးပေးပြန်၏။ သူ ယူ၍ မော့ သောက်ချလိုက်၏။ အံ့ဩလွန်း၍ ကြည့်နေဆဲမှာပင် ဖားကြီးတစ်ကောင် လုံးလုံး အရိုးအသား ရှာမရဘဲ ပြောင်သွားသည်ကို မြင်လိုက်ရတော့၏။ အံ့ဖွယ်ပါလား။

'ကောင်းလား . . . လူကလေး မိုးကြိုး'

'ကောင်းတယ် အဘ'

'ခု ဘယ်နှဲ့နေလဲကွ'

'ခုန်ချင်တယ် အဘရဲ့'

စိတ်ကူးသစ်စာပေ



'ဒါဆို . . . ခုန်လိုက်စမ်းကွာ'

'ကျား'

'ဟာ'

'ဟင်'

'ဖတ်'

'အမလေး'

ဘုရားရေ . . . မိုးကြိုးသည် ဇော်ဂျီဖိုဝင်သား အမည်ရ(ဖားပြုတ် ကြီး)ကို အားရပါးရ စားပြီးသောအခိုက် ကျားဟု ပါးစပ်မှ အော်ပြီး မိုးပေါ် သို့ ခုန်လိုက်ရာ ခန့်မှန်း ဝါးတစ်ပြန်ခန့် ကောင်းကင်သို့ မြောက်တက်သွား ပြီး မြေပြင်သို့ ကြောင်တစ်ကောင်လို ပြန်ကျလာခဲ့သည်ကို အံ့ဖွယ်မြင်လိုက် ရတော့၏။

'သိပြီလားကွ မိုးကြိုးရ'

'သိ . . . သိ . . . ပါပြီ အဘရေ'

'ဟော့ကောင် . . . ဟို . . . ကျောက်တုံးကြီးကို ကန်ထည့်လိုက်စမ်း'

ဒီမှာ အဘိုးကြီးက အနီးရှိ စဉ့်အိုးကြီးခန့်ရှိသော ကျောက်တုံးကြီး ကို လက်ညှိုးထိုးပြလိုက်ရာ မိုးကြိုးကလည်း မဆိုင်းမတွဘဲ ၎င်းကျောက်တုံး ကို ညာခြေနှင့် ပတ်၍ ကန်ထည့်လိုက်၏။

'ဖြောင်း'

'ခွမ်း'

'ဟာ'

'ဘုရားရေ'

'ဟား . . . ဟား . . . ဟား . . . ဟား . . . အောင်ပြီဟေ့၊ အောင်ပြီ အောင်ပြီကွ'

အရူးလို မူးလို လူထူးဆန်းကြီးသည် လက်ပန်းပေါက်ခတ်ရင်း အော်ဟစ်လိုက်၏။ မိုးကြိုး ကန်ထည့်လိုက်သည့် ကျောက်တုံးကြီးကား အစိပ်စိပ် အမြွှာမြွှာကွဲသည့်ဘဝသို့ ချက်ချင်း ရောက်သွား၏။

မိုးကြိုးကို ကြည့်လိုက်သောအခါ သူ့ခြေထောက် ဘာဆိုဘာမှ မဖြစ်။ မိုးကြိုးကား အံ့ဩဝမ်းသာနှင့် ရပ်၍ အရူးကြီးကို ကြည့်ပြီး လက် အုပ်ချီလျှက် ရှိနေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟော့. . . ငါ့သား လူလေး. . . မောင်မိုးကြိုး'

'ဗျာ. . . အဘ'

'ဒီမှာ ငါ့သားရဲ့. . . ငါ့အကြံအစည် အောင်ပြီကွ၊ အောင်ပြီ ဒီနေ့က ငါ့သား. . . လိုတိုင်းရ၊ တတိုင်းဖြစ်၊ ကြံစည်တိုင်းအောင်ပြီ. . . သမ္မာသမ္ဗုဒ္ဓ အလုံးစုံ အောင်ပြီကွ၊ ဘာသာ၊ သာသနာ၊ ရပ်ရွာအကျိုး (၃၁)ဘုံအကျိုး သည်ပိုးတော့. . . အဘသွားပြီဟေ့'

သို့ကလို ပြောပြီး အရူးလို လူကြီးသည် လက်ထဲမှ အရက်ပုလင်း ကြီးကို ရိုက်ခွဲကာ တစ်ဟုန်ထိုး ထွက်ပြေးသွားတော့၏။

'အဘ. . . အဘ'

'အဘရေ. . . နေ. . . ပါအုံး. . . အဘ'

မိုးကြိုးက အသံကုန် အော်ဟစ်ရင်း ခေါ်၏။ သို့သော် အဘိုးကြီး က လုံးဝ လှည့်မကြည့်။ ဒီမှာ မိုးကြိုးက လွှားခနဲ ခုန်၍ ပြေးလိုက် လိုက် သောအခါ အရူးလို လူထူးဆန်းကြီးသည် ညောင်ပင်အကွယ်မှာ ပျောက်၍ သွားခဲ့လေသည်။

မိုးကြိုးနှင့် ကျွန်တော် လူထူးဆန်းကြီးကို ကွယ်သွားသည့် ညောင် ပင်အောက်မှာ လိုက်ရှာပါသော်လည်း လုံးဝ ရှာမတွေ့တော့။

'မိုးကြိုး. . . သူငယ်ချင်း'

'ဘာလဲ. . . မောင်ဆိုင်း'

'သူ. . . သူ. . . ဘယ်လို လူကြီးလဲဟင်'

'ကြည့်ရတာ ဆေးဝိဇ္ဇာပဲ နေမှာပဲ'

'ဆေးဝိဇ္ဇာ. . . ဆေးဝိဇ္ဇာဆိုတာ. . . ဘာ. . . ဘာလဲဟင်'

'ဆေးဝိဇ္ဇာဆိုတာ. . . ထူးဆန်းသော ဂမ္ဘီရဆေးအစီအရင် အတတ် ပညာများ တတ်မြောက်သူပဲပေါ့. . . ကွာ'

'ဟင်. . . ဆန်းလိုက်ပါဘိ မိုးကြိုးရာ. . . ဒီမှာ သူငယ်ချင်း'

'ပြော. . . မောင်ဆိုင်း'

'မင်း. . . မင်း ဖားကြီးကို စားတာ မနံဘူးလားကွာ. . . ဟင်'

'ဟင့်အင်း မနံဘူး'

'မနံဘူး. . . ဘယ်လိုနေလဲဟင်. . . ဟင်'

'မွှေးကြိုင်ပြီး အနံ့အရသာနဲ့ ပြည့်နေတာပဲ၊ ဟိုဟာလည်း အရက်





မဟုတ်ဘူးကွ. . . ရေ. . . ရေ. . . အစစ်ဗျ၊ အဲဒါလည်း စားပြီးသောက်ပြီး ရော အားတွေအင်တွေ ချက်ချင်း ပြည့်လာတာပဲ၊ ထူးဆန်းလိုက်တာကွာ၊ အဘရေ. . . အဘ. . . အဘကို ကျွန်တော် ကန်တော့လိုက်ပါရဲ့ အဘ ကျေးဇူးရှင်ကြီးခင်ဗျား. . .'

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## မောင်သန်လျှင်နဲ့ဖျာဝိတို့ ဝင်စားပြန်ရောသလား

မိုးကြိုးနှင့် ကျွန်တော်တို့ ထူးဆန်းသော အရှုးကြီး (ဆေးဝိဇ္ဇာဟု ခေါ်ဆိုအပ်သော လူထူးကြီး)နှင့် ဆုံပြီး တည်းခိုနေထိုင်ရာ ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့ကြသည်။ ဒီမှာ ထူးဆန်းနေသည်ကား မိုးကြိုးပဲ ဖြစ်သည်။ သူသည် ယခင် မိုးကြိုးနှင့် လုံးဝ မတူ။

သူ့သဏ္ဌာန်သည် ငှက်တစ်ကောင်လို ပေါ့ပါးနေ၏။

ငှက်တောင် စွန်တစ်ကောင်၊ သိမ်းငှက်တစ်ကောင်လို လျှင်မြန်သွက်လက် စူးရှပေါ့ပါး ဖျတ်လတ်နေ၏။ လမ်းလျှောက်ပုံကလည်း လေထဲ ပျံနေသကဲ့သို့ ရှိ၏။

လမ်းဆုံတစ်နေရာသို့ ရောက်လာသောအခါ အော်ဟစ်သံများနှင့် လူအုပ်တစ်စု ပြေးလွှားနေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ နှစ်ယောက်သား ပြေး၍ ကြည့်လိုက်သောအခါ သစ်ပင်ကြီးတစ်ပင် ရုတ်ချည်းလဲ၍ ကားပေါ်ပိနေလို့တဲ့။

'လာကြပါအုံးဗျို့. . . သစ်ပင်ကြီး ကားပေါ်ပိနေလို့ဗျ'





'အထဲကလူတွေကို ဆွဲထုတ်ကြပါဟ'

'တံခါးဖွင့်လို့ မရဘူး'

'ဟာ. . . အဲဒါ ဒုက္ခပဲ'

'ဝိုင်း. . . တွန်းကြဟေ့. . . ဝိုင်းတွန်းကြ'

လူယောကျ်ား (၁၀)ယောက်ခန့်သည် ပျာယီးပျာယာနှင့် ပြေးလွှား ...ဝန်းပြီး ကားပေါ်ပိနေသည့် သစ်ပင်ကို ဝိုင်းတွန်းကြသော်လည်း အမြစ် ... မြေမှ လုံးဝ မကျွတ်သေး၍ တွန်းလို့မရ။

'မားသွားယူကြ. . . အကိုင်းတွေ အမြန်ခုတ်မှ ဖြစ်မယ်ဟေ့'

'ဟုတ်တယ်. . . ကြာရင် ကားပေါ်ပိပြီး အထဲကလူတွေ သေကုန် ...ယ်'

ကားက ဂျစ်ကားဖြစ်၏။ ကြည့်လိုက်တော့ တံခါးက ဖွင့်လို့မရ။ ...ထဲမှာ ကားမောင်းသူ၊ သူ့မိန်းမနှင့် ကလေးတစ်ယောက်။ ဒဏ်ရာနှင့် ...န်နေသူကုန်း၊ ဝပ်နေသူဝပ်၊ ငိုသူကငို။ ဒီမှာပဲ မိုးကြိုးက. . .

'ဟေ့ လူတွေ. . . ဘေးကို ဖယ်ကြစမ်းဗျာ'

'ဘာလုပ်မလို့လဲဗျ'

သစ်ကိုင်းခုတ်နေသူ လူတစ်ဦးက မိုးကြိုးကို ကြည့်လို့မေးလိုက် ...ည်။

'ကျုပ် တွန်းချမလို့'

'ဘာ. . . ကိုယ့်လူက တွန်းချမလို့'

'ဟုတ်တယ်'

'ဝေးဝေးသာ သွားနေ ကိုယ့်လူ၊ လူ(၁၀)ယောက် တွန်းတာတောင် ...ုပ်ဘူး၊ အမြင်မတော်ရင် သစ်ကိုင်းတွေဝိုင်းခုတ်'

'ဖယ်စမ်းပါဗျာ'

'ဟေ့လူ. . . ခင်ဗျား ရူးနေသလား'

ထိုလူက မိုးကြိုးကို မားကြီးကိုင်ရင်းမှ မေးလိုက်ပြန်၏။ ကျန်လူ ...ကလည်း စိတ်မနှံ့သူမှတ်၍ အဖက်မလုပ်ချင်သလို ကြည့်ပြီး သစ်ကိုင်း ...ကိုသာ ခုတ်သယ်၍ စောင်းငန်း စောင်းငန်း လုပ်နေကြ၏။

'ဒီမှာ ကျုပ် မရူးဘူး၊ ခင်ဗျားတို့ ခဏလေး ဖယ်'

'ဒီလောက် ရှိလှတာ၊ ဖယ်ပေးလိုက်စမ်းကွာ. . . မိုးတုတ်၊ ...



www.burmeseclassic.com

www.burmeseclassic.com



ရင်ဟုတ်၊ မဟုတ်ရင်တော့ ပွေးဆင့်တဲ့ကွ၊ ဟောဒီ ဓားမကိုသာ ကြည့်...
ကိုင်း. . . မ,စမ်း'

ဒီမှာပဲ မိုးကြိုးသည် ခါးတောင်းမြှောင်အောင် ကျိုက်ပြီး အ...
ကို ချွတ်လိုက်သည်။ အင်္ကျီကို ကျွန်တော်ထံ ပစ်ပေးလိုက်သည်။ ကျွန်...
မှာလည်း ကိုယ့်လူတော့ စိတ်မရှည်တော့ဘူး. . . ထင်ပါရဲ့ဟု စိတ်အို...
အခြေအနေမဟန်ပါက ပြေးရန် ပြေးပေါက်ကိုလည်း ကြည့်ထားလိုက်ရ...
သည်။

ဒီမှာပဲ မိုးကြိုးသည် ကားပေါ်ပိနေသည့် သစ်ပင်၏ ခါးလည်...
ဝင်၍ လုံးပတ် လူကြီးတစ်ဖက်သာသာခန့်ရှိသော သစ်ပင်၏ ပင်စည်...
အလေးမသလို လက်နှစ်ဖက်နှင့် ဝင်၍ မ,လိုက်၏၊

'ဟား. . . ဟား. . . ဟား. . . အရှုံးပါကွာ'

'မ,လေ မ. . . သေအောင်မ. . . ကြွားရ'

'အီးထွက်ပြီး သေရင် ရှာနာဦးမယ်ဟေ့၊ မောင်းထုတ်လိုက်'

ဒီအချိန်မှာပဲ ကားပေါ်သစ်ပင်ဒိသည် ဆို၍ လူအများကလည်...
ဝိုင်းအုံလာကြည့်နေကြ၏။

'ကျား'

'အီ. . . အီ. . . အီ. . . အီး'

'သစ်ပင်တော့ မကြွဘူး. . . ဒီကောင်တော့ မြေကြီးထဲ ဝင်သွ...
ပြီကွ'

'ဟား. . . ဟား. . . ဟား. . . ဟား'

'ကြွားကြီး. . . ကြွားကြီး'

'ဖွတ်ကျားကြီး. . . ဖြေးကြီး'

ကျွန်ုပ်ကား ရက်လွန်း၍ နူးမှာ ချွေးများ ပြန်စို့လာချေပြီ။

'ကျား'

'ကျား'

'အီ. . . အီ. . . ကျား'

'ဟာ'

'ဟ. . . ဟ. . . ကြွ. . . ကြွလာပြီဟ'

'အလိုလေး. . . သစ်ပင်ကြီး ကြွလာပြီဟေ့၊ ရှောင်ကြ ရှောင်ကြ





'ဟင်'

အလိုလေးဗျာ မကြုံစဖူးပါကလား။ သစ်ပင်တုံးလုံးကြီးသည် မိုးကြိုး
...လက်ပေါ်မှာ ပင့်ကြွ၍ မြောက်လာ၏။ ဝိုင်းကြည့်နေသူများသည် အံ့ဩ
...ဆန်းလွန်း၍ မဆုံး။

'ကျား'

'မ. . . မ. . . ဟေး. . . ကြွလာပြီကွ'

'မ. . . ထား. . . ဆရာကြီး. . . မ,ထားဗျို့'

'မောင်သန်လျှင်ကွ. . . မ,ထား. . . မ,ထား'

'ဖျတ်ဝိကွ. . . ယောကျ်ား'

လူအုပ်ကြီးက ဝိုင်း၍ အားပေးအော်ဟစ်ကြ၏။ အချို့က လက်
...များတီး၍ အားပေးကြ၏။ မိုးကြိုးရဲ့ လက်မောင်းအစုံနှင့် ပခုံးကြွက်သား
...များ အဖုအထစ် အမြှောင်း ထနေသည်။ ကြည့်နေဆဲမှာပင် သစ်ပင်ကြီး
...သည် အံ့ဖွယ်မြောက်ကြွပြီး ကားပေါ်မှ လွတ်သွား၏။ ကျွတ်သွားသည်နှင့်
...မြစ်ပါအောင် ဖယ်ရမ်းပြီး လွတ်ကင်းရာမှာ ရွေ့၍ ပစ်ချလိုက်သည်။

'ဝုန်း'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

'ဒါမှ. . . လူသန်ကြီးကွ'

'မောင်သန်လျှင်ကွ'

လူတွေက မိုးကြိုးအနီးသို့ ဝိုင်းအုံလာကြ၏။ မိုးကြိုးက ချွေးသီး
...များကို လက်ညှိုးနှင့် သပ်ချပြီး ကားအနီးသို့ သွားကာ ဖွင့်မရသည့် တံခါး
...ကို ညာလက်နှင့် ဆွဲ၍ ဆောင့်ဖွင့်လိုက်သည်။ တံခါးပြုတ်၍ ပွင့်သွား၏။
...င်းနောက် အထဲမှ လူများကို ဆွဲထုတ်လိုက်သည်။

လူအုပ်ကြီးသည် သူ့ကို အံ့ဩထူးဆန်းစွာ ဝိုင်းကြည့်နေကြ၏။
အချို့က နာမည်ကို ဝိုင်းမေးကြ၏။ အချို့က နေရပ်ကို ဝိုင်းမေးကြ၏။

စောစောက အထင်သေးစွာ ရှုတ်ချပေဖန်သူများသည် သူ့ကို
...လေးစားအံ့ဩသော အကြည့်များဖြင့် မယုံနိုင်သလို ဝိုင်းကြည့်တွတ်ထိုးကာ
...သူ့ကို ဝိုင်းတောင်းပန်ကြသည်။ ဒီမှာ ကားဒရိုင်ဘာမိသားစုက ဝမ်းသာမျက်
...ရည်လည်ရွဲနှင့် မြေပြင်မှာ ထိုင်၍ ကန်တော့ကြ၏။ မိုးကြိုး မည်သူ့ကိုမှ
...ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ထဲမှ သူ့အင်္ကျီကို လုပ်းယူဝတ်ပြီး ရှေ့မှ ဘု... သုတ် ထွက်ခွာသွားလေသည်။ ကျွန်တော်သည် သန်လျင် ရာဇဝင်... သစ်ပင်ကြီးထမ်းလာသည့် လူသန်ကြီး မောင်သန်လျင်ကို လည်းကော... သထုံရာဇဝင်ထဲမှ လူစွမ်းကောင်း လူသန် ဖျတ်ဝိနှင့် ဖျတ္တကို လည်းကော... ပြေးသတိရလိုက်သည်။

မဟုတ်မှလွဲရော။

ဒါ. . . ဟို ဆေးဝိဇ္ဇာ လူထွားဆန်းကြီးရဲ့ ဗိုဝင်သား(သို့မဟုတ်... ဆေးစီရင် အာဟာရ သိဒ္ဓိနှင့် ဆင်ပြောင်ဆယ်စီး အားမာန်ကြီးရှေ... သလား။

♛ ♛ ♛

# လွမ်းမှုံ့နယ်လမ်းဆုံမှာဟစ်ချင်ရဲ့

'အစ်ကို မိုးကြိုး. . . အစ်ကို မိုးကြိုး'

ကျွန်တော်တို့ ဘုန်းကြီးကျောင်းဝိုင်းထဲ ခြေချလိုက်သည်နှင့် ဘုန်းကြီးကျောင်းသား သုံးဦးက အပြေးအလွှား ရောက်ကာ အမည်အော်ခေါ်ကြသည်။

'အစ်ကို မိုးကြိုး'

'ဘာလဲ မောင်ကျောက်ကာ'

'ကျောင်းပေါ်မှာ ဧည့်သည်တွေ ရောက်နေတယ်ဗျ'

'ဘယ်က ဧည့်သည်လဲကွဲ့'

'ရန်ကုန်ကလို့ ပြောတာပဲ'

'ရန်ကုန်က ဘယ်သူများပါလိမ့်'

သို့နှင့် ဘုန်းကြီးကျောင်းပေါ်သို့ တက်လာလိုက်ကြသည်။ ဒီမှာ ဘုန်းတော်ကြီး ဦးကေသရနှင့် စကားပြောနေသည့် အသက်ကြီးကြီး လူကြီးနှစ်ဦးကို ကျောနောက်မှ မြင်လိုက်ရ၏။

'ဟော့. . . မောင်မိုးကြိုး. . . ဒီမှာ မင်းကို တွေ့ချင်လို့ ရန်ကုန်က ဧည့်သည်များ ရောက်နေတာ ကြာပြီကွဲ့'

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဘုန်းတော်ကြီးက မိုးကြိုးကို မြင်သည်နှင့် ဝမ်းသာအားရ လှမ်းပြောလိုက်သည်။

'ဒကာ. . .အဲဒါ မောင်မိုးကြိုးပဲ'

ဒီမှာ သားသားနားနား သန့်သန့်ပြန့်ပြန့် ဝတ်စားထားသည့် လူကြီးနှစ်ဦးက နောက်ပြန်လှည့်ကြည့်လိုက်သောအခါ. . .

'ဟင်'

'ဟာ'

ကျွန်တော်နှင့် မိုးကြိုးတို့နှစ်ဦး သူတို့ မျက်နှာကို မြင်လိုက်ရသည်နှင့် ခြေလှမ်းများ တုံ့ပြီး ပါးစပ်ဟောင်းလောင်း ပွင့်သွားခဲ့ကြ၏။

ကျွန်တော်တို့ မြင်လိုက်ရသည့် လူကြီးနှစ်ဦးကား။

ကျွန်တော်တို့ အမုန်းဆုံး ရန်သူကြီး နှစ်ဦး။

ကျွန်တော်တို့ နှစ်ဦးကို ထောင်ထဲ မရောက်ရောက်အောင် ပို့သည့် မိုးကြိုးရဲ့ ချစ်ရသူ ခင်မြနှစ်ရဲ့ အဖေနှင့် သူမရဲ့ဘကြီး သူကြီး ဦးတသန်လျှင်းကျိတ်။ နောက်တစ်ကြိမ် မိုးကြိုးကို အသေအကြေ လုပ်ကြံခဲ့သည့် သူကြီး ဦးတသန်လျှင်းကျိတ်။

ထိုရန်သူနှစ်ဦးကို ကမ္ဘာမကြေစတမ်း လိုက်ရှာခဲ့ပါသော်လည်း နောက်ဆုံး ခွေးရူးပြန်သလို အပမှီနေသော ရောဂါနှင့် လူ့ဘဝဆုံးရှုံးနေသည့် မိုးကြိုးက မေတ္တာနှင့် ခွင့်လွှတ်ပြီး သူတို့နှစ်ဦးအသက်ကို ကယ်ခဲ့ကာ အမုန်းနှင့် အငြိုးကို လုံးဝ ဥပေက္ခာပြု၍ ကျော်နိုင်ခဲ့သည်။

အခု သူတို့နှစ်ဦး မိမိတို့ မျက်စိရှေ့မှောက်မှာ ရောက်နေပြီ။

လူကြီးနှစ်ဦးသည် ကျွန်တော်တို့နှစ်ဦးကို အားနာသော၊ လေးစားသော၊ တုန်လှုပ်သော မျက်ဝန်းအမျိုးမျိုးနှင့် ငေးစိုက်၍ ကြည့်နေရာမှ. . .

'မောင်. . .မိုး. . .ကြိုး'

သူကြီး ဦးတသန်လျှင်းကျိတ်က စ၍ တုန်လှုပ်သော အသံနှင့် စတင်နှုတ်ဆက်လိုက်သည်။

'မောင်. . .မိုး. . .ကြိုး. . .နော်'

ခင်မြနှစ်ရဲ့အဖေ သူကြီးရဲ့ညီကလည်း နှိပ်ချသော မျက်လုံးအစုံနှင့် လှမ်းမေးပြီး နှုတ်ဆက်စကား ဆိုလိုက်သည်။

'မောင်မိုးကြိုး'





'ခင်ဗျာ'

'ဦးတို့ကို မှတ်. . .မှတ်. . .မိ. . .ရဲ့. . .လား ငါ့တူရယ်'

ဦးတသန်လျှင်းကျိတ်က အသံတုန်တုန်နှင့် ပြောလိုက်ပြန်၏။

'မှတ်မိပါတယ် ဦး ခင်ဗျာ'

'ဦးတို့ မောင်မိုးကြိုးတို့နှစ်ဦးကို ဝန်ချတောင်းပန်ဖို့ ရောက်ရှိလာတာပါ မောင်မိုးကြိုး'

'ဗျာ. . .ဝန်ချတောင်းပန်ဖို့'

'ဟုတ်ပါတယ်. . .ငါ့တူရယ်၊ ဦးရော ဦးရဲ့ညီ ယောဒီ ခင်မြနှစ်ရဲ့ အဖေရော မှားခဲ့ပါတယ်၊ မှန်ရာ ဝန်ခံရရင် မောင်မိုးကြိုးတို့ ထောင်ထဲ ရောက်ရတဲ့ စနက်ဟာ ဦးရဲ့ညီရဲ့ စနက်ကြောင့် မဟုတ်ပါဘူး။ ဦးရဲ့စနက်ကြောင့် လုပ်ကြံမှုကြောင့်ပါ၊ တူမကို ချစ်တဲ့ဇောနဲ့ ငါ့တူကို ချောင်းစောင့်ဖမ်းပြီး ပစ္စည်းထုပ်ချ လုပ်ကြံခဲ့မိတာပါ. . .

နောက်တစ်ကြိမ် ငါ့တူမောင်က လွတ်ခဲ့ပြန်တော့ ဦးတို့အသက်ကို လုပ်ကြံသတ်ဖြတ်မှာ စိုးရိမ်လွန်းကဲပြီး မင်းကို အသေအကြေ ဝိုင်းဝန်းလုပ်ကြံခဲ့မိပါတယ်၊ ဒါပေမယ့် ငါ့တူကြီးဟာ ဦးတို့နှစ်ဦး မိုက်မိုက်မူးမူးနဲ့ သချိုင်းမှာ လုပ်ချင်ရာလုပ်ပြီး အပအမှောင့်ပယောဂမှီပြီး ခွေးရူးပြန်သလို ရူးသွပ်နေချိန်မှာ ငါ့တူကိုယ်တိုင် ပညာရှင်ထူးတစ်ဦးအနေနဲ့ တကူးတကနဲ့ လာရောက်ကုသပေးလို့ ရောဂါ ပျောက်ကင်းခဲ့ရတယ်. . .

အဲဒီမှာ ဦးတို့နှစ်ဦးကို ကလဲ့စား ချေခွင့် ကြုံရဲ့သားနဲ့ မေတ္တာကရုဏာ ရှေ့ထားပြီး ကယ်တင်ခွင့်လွှတ်ခဲ့တဲ့ ကျေးဇူးကို ဆပ်ချင်လွန်း၊ တောင်းပန်ဝန်ချချင်လွန်းလို့ ငါ့တူကြီး ရှိရာကို အရောက်လာခဲ့ရတာပါ၊ ဦးတို့ ရှိနိုးဦးတင် တောင်းပန်ပါတယ် ငါ့တူရယ်၊ ဦးတို့ကို ခွင့်လွှတ်ပါ လူကလေးရယ်'

သူကြီး ဦးတသန်လျှင်းကျိတ်တို့ ညီအစ်ကိုသည် စကားဆုံးသည်နှင့် လက်အုပ်ချီ၍ မိုးကြိုးကို ကန်တော့ရန် ပြင်လိုက်သည်။

မိုးကြိုးက ကပျာကယာ ပြေးသွားလိုက်ပြီး လူကြီးနှစ်ဦးကို တွဲထူထား၍ ခေါင်းရမ်း မေတ္တာရပ်ခံလိုက်၏။

'အို. . .ဦးတို့ရယ်. . .မ. . .မ. . .လုပ်ပါနဲ့ ခင်ဗျာ၊ မလုပ်ကြပါနဲ့၊ ကျွန်တော် ငရဲကြီးနေပါ့မယ်၊ ထိုင်ပါ. . .ထိုင်ကြပါ'



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ခင်မြနှစ်ရဲ့ ဖခင်က. . .

'ဦးတို့ ဒီလိုမှ ကျေးဇူးရှင်ကို ကန်တော့မတောင်းပန်ရရင်'

'မလိုပါဘူး ဦးရယ်၊ ဒီလို အကန်တော့ခံချင်. . . ကျေးဇူးတင်ခံချင်လို့ ကယ်တင်ကူညီခဲ့တာ လုံးဝ မဟုတ်ပါဘူး ခင်ဗျား ကျွန်တော့်ရဲ့ သဘောသခင်များရဲ့ မိန့်မှာချက်အရ ဒုက္ခရောက်သူမှန်ရင် ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကယ်တင်ရမယ်ဆိုတဲ့ အမိန့်ရှိလို့ပါ. . .

တစ်ချိန်တစ်ခါက ဦးတို့အပေါ် ရန်သူလို သတ်မှတ်ခဲ့ပေမယ့် အဲဒီနေ့ အဲဒီရက်ကစပြီး ကျွန်တော် အမုန်းနဲ့ အငြိုးကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီးပါပြီ ခင်ဗျား. . .

ဦးတို့ကို ကျွန်တော်တို့ ထာဝစဉ် ခွင့်လွှတ်ပြီးပါပြီ ဦးတို့ရယ်'

ဒီမှာပဲ သူတို့ လူကြီးနှစ်ဦးရဲ့ မျက်နှာများဟာ ဝင်းထိန်လင်းလက်သွားပြီး နှစ်ဦးစလုံး ပြိုင်တူ ထရပ်လို့ မိုးကြိုးကို သွေးရင်းသားရင်းပမာ ပြေးပွေ့ဖက်ထားလိုက်ကြပြီး ပျော်ရွှင်ကြည်နူး နေကြ၏။

မိုးကြိုးကလည်း ကျေနပ်စွာ ပြုံး၍ ဝမ်းသာနေ၏။

ကျွန်တော့်ရင်ထဲမှာတော့ ပြောစရာမလိုတော့။ ဒီအတိုင်းဆို အားလုံး ပြန်ပေါင်းထုပ်၍ ဇာတ်ပေါင်းကြမည်ကို တွေးမြင်ပြီး ပျော်နေမိ၏။

'မောင်မိုးကြိုး'

'ခင်ဗျာ ဦးကြီး'

'ဟောဒါ မောင်မိုးကြိုးအတွက် လက်ဆောင်ပစ္စည်းများပဲ၊ ဒါတော့ လက်ခံပါ ငါ့တူရာ'

လူကြီးနှစ်ဦးသည် စားစရာ သောက်စရာများ၊ အဝတ်အစား အသစ်များကို ထုတ်၍ ဖွင့်၍ ပေးအပ်တော့၏။

'ကျေးဇူးတင်ပါတယ် ဦးရယ်၊ ဒီပစ္စည်းတွေထဲက စားစရာ သောက်စရာများ အားလုံးကို ဟောဒီ ကျေးဇူးရှင် ဆရာတော်ကို ပေးလှူကြပါ ခင်ဗျာ'

လူကြီးနှစ်ဦးလည်း လောဘမရှိသော၊ ပစ္စည်းဥစ္စာ မမက်တော့သော မိုးကြိုးရဲ့ အပြစ်ကင်းစင်သည့် မျက်နှာကို ငေးမောကြည့်၊ ခေါင်းတညိတ်ညိတ် ဖြစ်နေကြရင်းက. . .

'သာဓု. . . သာဓု. . . သာဓု. . . မောင်မိုးကြိုးရယ် မင်းလို သဘော





ထား ကြီးမားမြင့်မြတ်တဲ့လူမျိုး ဦးတို့ မတွေ့ဖူးပါဘူးကွယ်'

'မောင်မိုးကြိုး'

ဒီမှာ ဦးတာသန်လျှင်းဂျိတ်က ခေါ်လိုက်သည်။

'ခင်ဗျာ ဦးကြီး'

'ငါ့တူကို ဦးတို့ နားနဲ့မနာ ဖဝါးနဲ့နာ ပြောစရာ ရှိတယ်ကွယ့်'

'ဘာများပါလို့မ် ဦးကြီးရယ်'

'ဟို. . . ဟို. . . အောက်ထပ်မှာ. . . အောက်. . . ထပ်. . . မှာ ဟို ဟို. . . ခင်မြနှစ် စောင့်နေတယ်'

'ဗျာ. . . ဗျာ. . . ခင်. . . ခင်. . . မြ. . . နှစ်. . . စောင့်. . . စောင့်နေတယ်. . . သူ. . . သူ. . . ပါ. . . ပါ. . . လာတယ် ဟုတ်လား'

ခင်မြနှစ်ဆိုသည့် အမည်ကို ကြားလိုက်ရသည်နှင့် သူ့ရဲ့မျက်နှာ တစ်ပြင်လုံးသည် ဝင်းလက်သွား၏။ ငယ်ရုပ်လည်း ဘွားခနဲ ပေါ်လာပြီး ရွှင်လန်းအံ့ဩသော မျက်ဝန်းနှင့် ရှက်ရွံ့ဟန်များ ရောထွေးသမသွားခဲ့၏။

'ဟုတ်ပါတယ်. . . သမီး. . . ခင်မြနှစ်က. . . မင်းကို တွေ့ချင်လွန်းလို့ အောက်ထပ်မှာ စောင့်နေပါတယ်၊ သွားတွေ့လိုက်ပါ လူကလေး'

မိုးကြိုး ဝမ်းသာလွန်း၍ ကြွနေသည်။ သူ ချက်ချင်းကြီး သွားတွေ့ရမှာလည်း လူကြီးနှစ်ဦးကို အားနာနေ၏။

'သွားလိုက်ပါ. . . သူ မင်းကို မျှော်နေတာ'

'ဟုတ်. . . ဟုတ်. . . ကဲ. . . ခင်ဗျာ'

မိုးကြိုး ကျောင်းပေါ်မှ ချာခနဲ လှည့်၍ အောက်ထပ်သို့ ဝမ်းသာအားရ ပြေးဆင်းခဲ့သည်။ ကျောင်းအောက်ထပ်၌ သူ့အသက်တမျှ ချစ်ခဲ့ရသော ခင်မြနှစ်သည် တိုင်တစ်လုံးကို မှီ၍ ခေါင်းငုံ့ထိုင်နေ၏။

'ခင်. . . မြ. . . နှစ်'

မိုးကြိုးရဲ့ ရင်ခေါင်းသံနှင့် ခေါ်လိုက်သံကြောင့် ခင်မြနှစ် ခေါင်းမော့ကြည့်ရင်း ဝမ်းသာအံ့ဩနေ၏။

'ခင်. . . မြ. . . နှစ်'

'အစ်. . . ကို. . . အစ်ကို မိုးကြိုး'

မိုးကြိုး ချစ်ရသူရဲ့ လှပစိုရွှန်းသည့် မျက်နှာနုနုလေးကို ကြည့်၍ ရင်မှာ သိမ့်သိမ့်ခါနေ၏။ ခင်မြနှစ်ရဲ့ ရင်ထဲမှာလည်း တုန်ခါသော မေတ္တာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတံပိုးများ လူးကြွနေ၏။ သူ ခင်မြနှစ် အနီးသို့ တရွေ့ရွေ့ တိုးကပ်လိုက်၏။

ခင်မြနှစ်သည် သူ့ကို တုန်ရီသော နှုတ်ခမ်းနှစ်လွှာနှင့် မြတ်နိုးစွာ ငေးမော၍ ကြည့်နေရှာ၏။

'ခင်မြနှစ်'

'အစ်ကို'

သူ ခင်မြနှစ်ရဲ့ ပခုံးကို ညင်သာသော လက်အစုံနှင့် ညှစ်ကိုင်ဖက်လိုက်ရင်းမှ တစ်စုံတစ်ခုကို သတိရသည့်အလား လက်ကို လွှတ်ကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေ၏။

'အစ်ကို. . . ခင်မြနှစ်ကို ခွင့်. . . ခွင့်လွှတ်နိုင်ရဲ့လား ဟင်. . . ဟင် အစ်ကို'

'အစ်ကို ညီမကို ခွင့်လွှတ်ပြီးသားပါ ခင်မြနှစ်ရယ်၊ ဖြစ်ရပ်ကြောင်းရင်း အမှန်တွေကိုလည်း ဦးကြီးတို့ နှစ်ယောက်စလုံး ရှင်းပြပြီးပါပြီကွယ်'

'အစ်ကို'

'ဟင်. . . ဟင်'

'ကျွန်မကို မုန်းသွားပြီလားဟင်'

'ဘယ်တော့မှ အစ်ကို ညီမကို မမုန်းဘူး။ ညီမကို ချစ်လွန်းလို့ ဘဝကို အပျက်အနာခံပြီး ချစ်ခဲ့ရ စွန့်စားခဲ့ရသူပါ ညီမရယ်၊ ဟောဒီလောကမှာ အစ်ကို့ရဲ့ အသည်းနှလုံးကိုယ်ပွားတစ်ခုကို ပြပါဆိုရင် ဟောဒီ ခင်မြနှစ်ဟာ အစ်ကို့ရဲ့ ကိုယ်ပွားပဲ'

'အို. . . အစ်ကိုရယ်'

ခင်မြနှစ်သည် ဝမ်းသာလွန်း၍ မိုးကြိုးရဲ့ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်၏။ မိုးကြိုး၊ ချစ်သူရဲ့ ကိုယ်လုံးလေးကို နှင်းဆီပန်းပွင့်ချပ်၊ စံပယ်ပွင့်ချပ်ကို ကိုင်သကဲ့သို့ ညင်သာနူးညံ့စွာ ကိုင်၍ ကြည်နူးရိပ်များ ဖိတ်လျှံနေ၏။

ဒီအချိန်မှာပဲ. . .

ကျောင်းဝိုင်းထဲသို့ လူကြီးနှစ်ဦး ဝင်လာသဖြင့် မိုးကြိုးနှင့် ခင်မြနှစ်တို့ ပြိုင်တူလှည့်ကြည့်ပြီး လှမ်းနှုတ်ဆက်လိုက်၏။

ကျောင်းဝိုင်းထဲ ဝင်လာသူ နှစ်ဦးကို ကြည့်၍ မိုးကြိုးရော ကျွန်တော်ရော အံ့ဩဝမ်းသာသွားရပြန်၏။

---

စိတ်ကူးသစ်စာပေ



ထိုနှစ်ဦးကား. . .

ဘဆံရှည်နှင့် လူထူးဆန်းကြီး ဗိုဝင်ဖားကင်ကြီး။

'ဟေ့. . . မိုးကြိုး. . . မိုးကြိုး. . . ရှိလားကွ'

'ရှိ. . . ရှိပါတယ် အဘ'

ဆရာသခင် လူထူးဆန်းကြီး နှစ်ဦးသည် အသံကြားရာ ကျောင်းဆောက်ထဲသို့ ဝင်လာကြပြီးသောအခါ မိုးကြိုးအနီးမှ အလွန်ချောမော်လှပသော အမျိုးသမီးတစ်ဦးကို မြင်သွားကြပြီး နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်၍ ပြုံးလိုက်ကြ၏။

'မင်းက ကောင်းစားနေတာပေါ့. . . ဟုတ်လား'

'အဟဲ. . . ဟဲဟဲ. . . အဲ. . . အဲ. . . အဘကလည်း'

'အရမ်းကို ဂုဏ်ယူပါတယ်ကွာ အဟုတ်'

ဘဆံရှည်ရဲ့ စကားကို လူထူးဆန်း ဗိုဝင်ဖားကင်ကြီးက ဝင်၍ ပြောရင်း ရယ်လိုက်ကြ၏။

'ဒို့လူ အဲဒီလို လမ်းကြောင်းမှာ ချောမွေ့နေမှန်းသိရင် မလာပါဘူးကွာ'

'ကျုပ်တို့ အလှိုက်တသိ ရှောင်ပေးလိုက်ရင် ကောင်းမယ်နဲ့တူရဲ့ ဗိုးဆံရှည်'

'ဟုတ်ပါ့ဗျာ. . . ကိုမင်းဝံတောင်ရာ. . . လာဗျာ ပြန်ကြစို့'

'အို. . . အဘ. . . အဘတို့. . . နေ. . . နေပါဦး ခင်ဗျ'

မိုးကြိုးရဲ့ ခေါ်သံကြောင့် ဘဆံရှည်နှင့် ဦးမင်းဝံတောင်ဆိုသူ လူထူးဆန်းဆရာသခင် နှစ်ဦးတို့ ခြေလှမ်း တုန့်သွားကြ၏။

'ဘတို့ကို မိတ်ဆက်ပေးပါရစေ ခင်ဗျာ'

'အဟဲ. . . အဟီး. . . လုပ်. . . လုပ်. . . လေ. . . လုပ်'

'အဟုတ်. . . အဟုတ်'

'အဘ. . . ဒါ. . . ဒါ. . . ကျွန်တော့်ရဲ့. . . ဟို. . . ဟို အဲ. . . အဲ'

'ဘာလဲကွ. . . ဟိုဟဲ. . . ဟိုဟဲဆိုတာ 'ဟဲဟိုး' မြို့လားကွ'

'မဟုတ်ဘူးဗျ သူ့နာမည်က မခင်မြနှစ်တဲ့'

'ဒီ့ိတဲ့မှပဲ ခင်မြနှစ်ဆို ခင်မြနှစ် လုပ်မှပေါ့ကွ၊ ဟိုဟဲဆိုတော့ 'ဟဲဟိုး' မှတ်လို့'

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား...ဟား'

'အဟီး...ဟီး...ဟီး...ဟီး'

ခင်မြနှစ်ကား ပွင့်လင်းလွန်းလှသည့် အဘိုးကြီးနှစ်ဦးကို ကြည့်၍ ရယ်လိုက်သည်။

'ခင်မြနှစ်'

'ရှင် အစ်ကို'

'ဒါ...အစ်ကို့ရဲ့ ဆရာသခင် ကျေးဇူးရှင်များကွဲ့၊ ဒီဘက်က ဘဆံရှည်တဲ့၊ ဒီဘက်ကတော့ ဦး...မင်း...ဝက်...ဝံ'

'ဟာ...ဒုက္ခပါပဲကွာ၊ လူစင်စစ်က တိရစ္ဆာန် ဖြစ်ရပါပြီကွား ချီးမှုပဲ၊ ဦးမင်းဝံတောင်ကွ၊ မင်းဝံတောင်...တောက်...ဆံရှည် မင်း ကောင် ကြည့်လုပ်ကွာ'

'ကန်တော့ ကန်တော့...ဘရာ ကန်တော့ပါ ခင်ဗျာ၊ ဒါ ဦးမင်းဝံတောင်တဲ့ကွ'

'လေးစားပါတယ် ဘတို့ရှင်'

ခင်မြနှစ်က လက်အုပ်လေးချီ၍ ဂါရဝပြုလိုက်၏။ ဒါကို ဘတို့က ကြည့်ပြီး...

'ကောင်မလေးကတော့ လိမ်မာရေးခြားရှိတယ်ကွဲ့ ဆံရှည်ရဲ့'

'အေးဗျ...ကျုပ်တို့ကောင်က အူကြောင်ကြောင်ဗျ'

'ဟုတ်ပ...မှဆိုးဖိုကြီး မောင်မှိုင်းညိုလို အူတူတူဗျ'

'ဟား...ဟား...ဟား...ဟား...အေး အေး...ဘတို့က လည်း တွေ့ရတာ ဝမ်းသာပါသဗျ...သမီးရဲ့ ငါတို့လူမှာ ရောဂါတော့ရှိသကွဲ့'

'ဟင်...ကိုမိုးကြိုးမှာ ရောဂါရှိတယ်၊ ဘာရောဂါများပါလိမ့် ဘရယ်'

'ဟာ...အဘ မလုပ်ပါနဲ့ဗျာ'

'အင်း...ရောဂါက သူငယ်နာခေါ်မလား၊ သူငယ်ပြန်ခေါ်မလား မသိဘူး၊ ခြေတုန်လက်တုန် ရောဂါကွဲ့'

'ဘတို့ကတော့ လုပ်ပါပြီဗျာ၊ ဒါနဲ့ နေပါဦး ဘတို့ရာ၊ ခုကိစ္စက အလည်သက်သက်ပဲလားဟင်'

ဒီမှာ ဘဆံရှည်က...

စိတ်ကူးသစ်စာပေ



'ကိစ္စကတော့ ငါရယ်၊ ကိုမင်းဝံရယ်၊ မင်းရယ်(...)တောင်မှာ ...ရက် အစိဋ္ဌာန်ဝင်ရမယ်လို့ ဘဆရာ ဘုန်းကြီးက အမိန့်ချလို့ မင်းကို ...ခေါ်တာ...ခုတော့ မင်းက...အဲ...အဲ...မင်းက'

ဘဆံရှည်က ခင်မြနှစ်ရဲ့ မျက်နှာကို ကြည့်ပြီးနောက်...

'မင်း...နေချင်နေခဲ့ပါတော့ကွာ၊ ဒါက လမ်းခွဲဆုံမှတ်ပဲ၊ ကိုင်း ...တို့ သွားမယ်'

သို့ကလို ပြောပြီး နှစ်ဦးသား လွယ်အိတ်ကိုယ်စီနှင့် ကျောင်းပေါ် ...ဆင်းရန် ပြင်လိုက်သည်။

'အဘ...အဘ...နေ..နေ...ပါဦး...ဗျာ..နေပါဦးဗျာ'

'ဘာတုံးကွ...လကိုရေနဲ့ မျှောချရဲ့ အချိန်ကြီးကိုဗျာ'

'ခဏလေး စောင့်ကြပါ အဘရာ'

'ဘာလုပ်မလို့တုံး...လကို ပန်းပေး ချော့မလို့လား၊ လုပ်ကွာ ...ပ်...လုပ်၊ မင်းကြိုက်သလိုလုပ်...ဟေ့ မင်းဝံတောင်'

'ဘာတုံး...ဆံရှည်'

'လာ...လာ...အားကျမနေနဲ့၊ ရှာန်လျှောနေဦးမယ်၊ ဟိုသစ် ...ရိပ်မှာ စောင့်ရင်း တရားမှတ်စို့ရဲ့လား၊ အရေးထဲ ကိုယ့်လူကပါ သူငယ် ...နဲ့ချင်နေပြီနဲ့တူရဲ့...လာ...အလိုက်သိ'

အဘိုးကြီးနှစ်ဦးသည် ပျော်ရွှင်စရာ စကားများ ပြောပြီး ကျောင်း ...သရက်ပင်အောက်သို့ သွားထိုင်နေကြ၏။

'ခင်မြနှစ်'

'အစ်ကို'

'ခင်မြနှစ်ကို အစ်ကို ပြော...ပြောစရာရှိတယ် ညီမရယ်'

'ပြောလေ အစ်ကို...ပြော...ပြောပါ'

'အစ်ကို...ညီမကို အသည်းနှင့်အောင် ချစ်ခဲ့ရပါတယ် ညီမရယ်'

'ညီမ အကြွင်းမဲ့ ယုံပြီးသားပါ အစ်ကို'

'ဒါ...ဒါ...ပေမယ့်...ဒါ...ပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲဟင်...ဟင် ဘာဖြစ်လဲ အစ်ကိုရဲ့ဟင်လို့'

'ညီမနဲ့အစ်ကို ခွဲရတော့မယ်'

'ရှင်...ညီမ...နဲ့...အစ်ကို...ခွဲ...ရ...တော့...မယ်'

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'အို...အစ်ကို...အင့်...ဟင်...ဟီး'

ဒီမှာ သူ က ကြိတ်ရှိုက်နေရာမှ ငိုချလိုက်သည်။ မျက်ရည်ပေါက်များသည် ပါးပြင်ပေါ်မှာ စီးလိမ့်၍ ကျလာသည်။

'အစ်ကို့ဘဝကို နားလည်ပါတော့ ညီမရယ်၊ အစ်ကိုမှာ လူသား အသည်းနှလုံး ရှိပါတယ်၊ ရှိလို့လည်း အချစ်ကို အငမ်းမရ တမ်းတခဲ့တယ် အချစ်ကြောင့်လည်း ဘဝကို စတေးခဲ့ရတယ်...

ခုချိန်မှာတော့ အချစ်နဲ့ သံယောဇဉ်များကို သမုဒယ တဏှာ အဝိဇ္ဇာကို မြင်ခဲ့ပြီ၊ အချစ်နဲ့ ဝေးရာအရပ်မှာ ဘဝသစ်ကို မြှုပ်နှံမိခဲ့ပါတယ် အစ်ကို့ကို အဝိဇ္ဇာမဲ့ ဘဝသစ်မှာ ထာဝစဉ် အရိုးထုတ်ခွင့်ပြုပါတော့ ညီမရယ်'

'ဟင်'

ရှိုက်သံက ပို၍ ကျယ်လောင်လာ၏။ ဒီမှာပဲ ကျွန်တော်တို့နှင့် သူမရဲ့ မိဘများ သူတို့အနီးသို့ ရောက်လာခဲ့ကြ၏။

'ညီမ'

'အစ်ကို'

'မော့လိုက်ပါဦး ညီမလေးရယ်'

သူ ချစ်နေရသူကို 'ညီမလေးရယ်'ဟု ကြင်နာမြတ်နိုးစွာ ခေါ်လိုက်၏။ သူ့ရဲ့ရင်ထဲမှာလည်း အလွမ်းနှင့် အလွမ်းရင့် ဝေဒနာလှိုင်းတံပိုးများ လူးကြွမို့မောက်နေပါသည်။

ဒီလှိုင်းတံပိုးရဲ့ ပြင်းအားကို ချစ်ရသူ ခင်မြနှစ် ရိပ်စားမိပါ့မလား မသိ။

သူမမျက်နှာကို မော့လိုက်သည်။ ပုလဲ မျက်ရည်ဥများလည်း ပါးပြင် နှင့် နှုတ်ခမ်းပေါ်မှာ တွဲလွဲခိုနေကြသည်။

'ညီမ အစ်ကို့ကို ချစ်တယ်နော်'

'ပြော..ပြောဖို့...လို...သေးလို့လား အစ်ကို...အင့်...ဟီး'

'အစ်ကို့ကိုချစ်ရင် အစ်ကို့စကား နားထောင်ပါ ညီမ'

'ဘယ်လို နားထောင်ရမှာလဲ...အစ်ကိုရယ်...ဟီး'

'အစ်ကို့ကို ဘဝသစ်ရှိရာကို သွားခွင့်ပြုပါ...မောင်ဆိုင်း'

ဒီမှာ မိုးကြိုးက ကျွန်တော့်အမည်ကို ခေါ်လိုက်၍ သူ့အနီးသို့





ကျွန်တော် သွားလိုက်သည်။

'သူငယ်ချင်း မောင်ဆိုင်း'

'ဘာလဲ မိုးကြိုး'

'မင်းကို ငါ့အချစ်ဆုံး၊ အယုံကြည်ရဆုံး၊ အားအကိုးရဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောစရာရှိလို့ပါ သူငယ်ချင်းရာ'

'ပြောပါ သူငယ်ချင်း...ပြောပါ'

'ဟောဒီက ငါ့နှမလေးကို...ငါ့ညီမလေး...ခင်မြနှစ်ကို မင်း မင်း ထာဝစဉ် အသက်နဲ့လဲပြီး စောင့်ရှောက်လိုက်ပါ သူငယ်ချင်း၊ ငါ သွားတော့မယ်နော်၊ ညီမလေး အစ်ကို သွားပြီ၊ ဦးကြီးတို့ ကျွန်တော် သွား ပြီ'

'အစ်...ကို...အစ်...ကို'

'မိုးကြိုး...မိုး...ကြိုး...သူငယ်ချင်း'

ခင်မြနှစ်က မျက်ရည်များ စီးကျရင်းမှ ရင်လိုက်သံနှင့် အော်၍ ခေါ်လိုက်သည်။ ရှိုက်သံများသည် မျက်ရည်နှင့် လုံးဆို့သွား၏။

မိုးကြိုးကား လုံးဝ လှည့်မကြည့်တော့။

ကျွန်တော်နှင့် ခင်မြနှစ် အပြေးထွက်လိုက်ကြည့်သောအခါ မိုးကြိုး ဘဆံရှည်နှင့် ဘမင်းဝံတောင်တို့သည် လွယ်အိတ်ကိုယ်စီနှင့် ထွက်သွားခဲ့ ကြပြီ။

ခင်မြနှစ်က မျက်နှာကို လက်ဝါးအုပ်၍ ရှိုက်လိုက်သည်။

ကျွန်တော် ခင်မြနှစ်ကို ကြည့်ရင်း ကျွန်တော့်ပါးပြင်ပေါ်မှာလည်း မျက်ရည်ဥများ စီးကျနေသည်ကို သိလိုက်ရသည်။

မျက်ရည်ဥများသည် နှုတ်ခမ်းကို ဖြတ်စီး၍ မြေဖမိုးပေါ်သို့ ပြုတ်ကျ သွားခဲ့သည်။

ဤမျက်ရည်စက်များသည်...

သမုဒယ သံယောဇဉ်ရဲ့ သက်သေများပေလား...

အလွမ်းရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း ပုံဆောင်ခဲ ဖြစ်သွားမည့် အချစ်ရဲ့ နောက်ဆုံးလက်ကျန် သင်္ကေတများ ဖြစ်လေမလား...။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး

များမကြာမီနှစ်အတွင်း ခင်မြနှစ်ရဲ့ မိဘများနှင့် ဘကြီး ဦးတာသန် လျှင်းဂျိတ်တို့ရဲ့ စီစဉ်မှုဖြင့် ကျွန်တော်နှင့် ခင်မြနှစ်တို့ အတူလက်ထပ်ပေါင်း သင်းနေထိုင်ခဲ့ကြ၏။

ကျွန်တော်သည် ခင်မြနှစ်ကို ညီမလေးလို စောင့်ရှောက်ခဲ့ပါ၏။

ကြာတော့လည်း သံယောဇဉ်များက နွယ်ရစ်ခဲ့ကြ၏။ ဤသံယော ဇဉ် နွယ်ပင်များမှ ကြင်နာသော အသီးအပွင့်တို့ ဖူးပွင့်ခဲ့ရ၏။

ကျွန်တော်တို့နှစ်ဦးမှာ မကြာခင် သားဦးလေး တစ်ဦး မွေးဖွားခဲ့ ၏။ သားလေးရဲ့အမည်ကို ကျွန်တော်တို့ ဇနီးမောင်နှံက 'မောင်မိုးကြိုး'ဟု အမည်ပေးခဲ့ကြ၏။

သား မောင်မိုးကြိုးလေး လမ်းလျှောက်တတ်လို့ အရွယ်ရောက်သည် အထိ...

ချစ်သူငယ်ချင်း မိုးကြိုးတို့ လည်းကောင်း...

ဘဆံရှည်ကို လည်းကောင်း...

ဘဖိုးမင်းဝံတောင်ကို လည်းကောင်း လုံးဝ မတွေ့ရခဲ့။





သို့သော် ကျေးဇူးရှင်များကို ညစဉ် ဦးခိုက်ကန်တော့ခဲ့ကြသည်။ ရည်မှန်း၍ ကုသိုလ်ကောင်းမှုများ ပြုခဲ့ကြသည်။

တစ်နေ့သောအခါ ကျွန်တော့်တို့ဇနီးမောင်နှံ တိုင်ပင်ခဲ့ကြ၏။

မိုးကြိုးတို့ တောင်ငါးလုံး ချိုင့်ဝှမ်း မဟာမြိုင်(တောကလေး)မှာ ရှိနိုင်သည်။ ဒီနေရာမှာ ကျွန်တော့်ငယ်ဆရာ ကျောက်ဘီလူး ကျွန်းပြန်ကြီး ဘကျွန်းခေါ် ဘုန်းတော်ကြီး ဘကျွန်း ရှိသည်။

ထိုအရပ်သို့ အဖူးမျှော်သွားကြမည်။

ခင်မြနှစ်ကလည်း သဘောတူသည်။ ဒီကိစ္စကို ပေါက်ချွန်းတို့ လှဖုံး မယ်တို့ကိုပါ တိုင်ပင်တော့ သူတို့လည်း လိုက်မည်ဟု ဆိုကြ၏။

သို့နှင့်...အားလုံး ပစ္စည်း ပစ္စယများ ထုပ်ပိုးပြင်ဆင်ပြီး မဟာ မြိုင်ကလေးရှိရာသို့ ထွက်ခဲ့ကြသည်။

ခရီးပန်းသော်လည်း ကျွန်တော်တို့အားလုံး ပျော်ရွှင်ကြည်နူးနေကြ ၏။ သားလေး မောင်မိုးကြိုးနှင့် ဇနီး ခင်မြနှစ်ကား တောတောင်သဘာဝ အလှများကို ကြည့်ပြီး ကြည်နူး၍ မဆုံး။

ဒီမှာ ကျွန်တော်က ဘဘုန်းဘုရားကြီး ဦးဘကျွန်း တောရကျောင်း ရဲ့ ထူးခြားဆန်းကြယ် ဖြစ်ရပ်များနှင့် မိုးကြိုး၊ ဘဆံရှည်နှင့် ဖိုးမင်းဝံတောင် တို့ရဲ့ ထူးခြားဆန်းကြယ် အံ့ဖွယ်ဘဝများကို ပြောပြတော့ အားလုံး ရင်သပ် အံ့သြခြင်းဖြစ်၍ သဘောပေါက်သွား၏။

ဒီမှာ ကျွန်တော်က ဖိုးမင်းဝံတောင် ပေးခဲ့သည့် ကိုယ်နှင့်မကွာ ဆောင်ထားသော (၁၀)တန် ပိုက်ဆံအကြောင်းကို ပြောပြပြီး အဲဒါကြောင့် ခင်မြနှစ်နှင့် ဆုံပြီး သူဌေးသမက်၊ သူကြီးရဲ့တူ ဖြစ်ရတာဟု ပြောလိုက် တော့ ခင်မြနှစ်က ကျွန်တော့်ပေါင်ကို ဆွဲလိမ်၍ အဲဒီပိုက်ဆံ သူ့ကို ပေးပါဟု ပြော၏။

'ဘာလုပ်ဖို့လည်း မိန်းမရဲ့'ဟု မေးသောအခါ အဲဒီပိုက်ဆံရှိနေ ရင် နောက်မိန်းမ ရနေမှာစိုးလို့ဟု ဆိုလေ၏။ ခက်ကရောလေ...

သို့နှင့်...ကျွန်တော်တို့အားလုံး မဟာမြိုင်ကလေး ရှိရာ ဝါးကျောင်း သို့ ရောက်သောအခါ ထူးခြားသော မြင်ကွင်းများကို မြင်လိုက်ရတော့၏။

ဘဘုန်းဘုရား ဝါးကျောင်းသည် အိုမင်း၍ ယိုင်လဲနေ၏။

ဘဘုန်းဘုရား(ဆရာကြီး)ရဲ့ အမည်ကို တကြော်ကြော် အော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လုံးဝ အသံမကြားရ။ ခွေးနက်ကြီး အကောင်တစ်ရာလည်း တစ်ကောင်မှ မတွေ့ရတော့။

အလွန်ချောမောလှပသည့် ဘွမ်းအလှူရှင် မိန်းမချောများကိုလည်း တစ်ဦးတစ်ယောက်မှ မတွေ့ရတော့။

ဒီမှာ မုဆိုးကြီးတစ်ဦးနှင့် ကျွန်တော်တို့ ဆုံခဲ့ရ၏။ မုဆိုးကြီး အမည်က ဦးတောင်ဇာကလုံတဲ့၊ ကျွန်တော်တို့က မုဆိုးကြီးအား ဘဘုန်းနှင့် လူထူးဆန်း သုံးယောက်အကြောင်း မေးမြန်းစုံစမ်းသောအခါ. . . မုဆိုးကြီး က. . .။

'ဩော်. . . ငါးကျောင်းက အလင်းပျံထွက်တဲ့ ဝါးကျောင်းဘုန်းကြီး ကို မေးတာလား. . . မရှိတော့ဘူး'

'ဘုန်းဘုန်းကြီး ဘယ်ကို ပြောင်းကြွသွားပါသလဲ ဖထီးရယ်ဟင်'

'တစ်နေ့ ဝါးကျောင်းဘုန်းကြီးရှိရာကို ဆံရှည်အဘိုးကြီးနှစ်ယောက် နဲ့ လူရွယ်တစ်ယောက် ရောက်လာတယ် ဝေ၊ နေပါဦး သူတို့နာမည်က ဘာတဲ့ဟယ်'

'ဘဆံရှည်'

'အဲ. . . အဲ. . . ဟုတ်တယ်၊ ဘဆံရှည်တဲ့၊ နောက်တစ်ယောက်က ဝက်ဝံတောင်ဆိုလား'

'ဖိုးမင်းဝံတောင်ပါ ခင်ဗျ'

'ဝေး. . . ဝေး. . . ဒွေး. . . အေး၊ အဲဒီ အဘိုးကြီးနဲ့ လူရွယ်က မိုးကြိုးတဲ့ ရောက်လာတာ၊ သူတို့ နေ့တိုင်း ညတိုင်း ဟောဟို သစ်ပင်များ အောက်မှာ တရားထိုင်ကြတာ ကျောက်ရုပ်ကြီးတွေလိုပဲ၊ ခွေးနက်ကြီးများ ကလည်း နိုင်းလို့ဝေ့၊ အများကြီးပါဗျာ. . .

နောက် မကြာဘူး၊ သူတို့ လေးယောက်စလုံး ဒီဝါးကျောင်း ဒီ မဟာမြိုင်ပလေးကနေ ပျောက်သွားကြရောဝေ့. . . ဒီနေ့အထိ လုံးဝ ပြန်မလာ ကြဘူး၊ ငါတို့ ရွာနီးဝန်းကျင်က ဆွမ်းအုပ်ပို့သူများကတော့ နေ့တိုင်း မျှော် မျှော်ပြီး ငိုကြွေးပွဲမ်းကြသပေါ့. . . ဖိုးခွားပြယ်'တဲ့။

ကျွန်တော်တို့ အားလုံး လွမ်းလဟာဘျုန် မျက်ရည်များကို သိမ်းဆည်း ၍ ကျေးရွာရှင် ဘဘုန်းတို့ တရားကျင့် စံပျော်မှီတင်းရာ ဝါးကျောင်းအိုလေး ကို ရှိသေစွာ သက်အုပ်ချီမိုး ရှိခိုးပြီး. . .

---

စိတ်ကူးသမ်စာပေ



မဟာမြိုင်တော ဝါးကျောင်းလေးကို. . .

မျက်ရည်ဖြင့် ကျော့ခိုင်းခဲ့ကြလေသတည်း. . .။

ဩော်. . . သူတို့ မြတ်နိဗ္ဗာန် ရွှေပြည်ကြီးရှိရာသို့ အောင်စည်တီး ၍ ဝင်သွားကြလေရော့သလား. . . လေ။

စာဖတ်သူများ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ

လေးစားလျှက်

**မောင်ညိုမှိုင်း(သန်လျင်)**

www.burmeseclassic.com